မြန်မာ နိုင်ငံတွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး

MYANMAR MEITI Extractive Industries Transparency Initiative




# ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် တတိယအကြိမ်
# မြန်မာနိုင်ငံ EITI
# အစီရင်ခံစာ


info@myanmareiti.org

www.myanmareiti.org


MOORE STEPHENS

# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၃ |
| | တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး EITI | ၃ |
| | မြန်မာနိုင်ငံ EITI | ၃ |
| | ရည်ရွယ်ချက် | ၄ |
| | မိမိတို့လုပ်ငန်းသဘာဝ နှင့် အတိုင်းအတာ | ၄ |
| ၁။ | အနှစ်ချုပ်တင်ပြချက် | ၆ |
| ၁.၁။ | တွင်းထွက်သယံဇာတကဏ္ဍမှ ရသောဝင်ငွေ | ၆ |
| ၁.၂။ | ထုတ်လုပ်မှု နှင့် တင်ပို့မှု | ၁၃ |
| ၁.၃။ | အချက်အလက်ကောက်ယူခြင်း နှင့် စာရင်းတိုက်ဆိုင်ညှိနှိုင်းခြင်း | ၁၈ |
| ၁.၄။ | အချက်အလက်များ ပြီးပြည့်စုံမှု နှင့် ယုံကြည်စိတ်ချရမှု | ၁၉ |
| ၁.၅။ | စာရင်းတိုက်ဆိုင်ညှိနှိုင်းခြင်းဆိုင်ရာ ရလဒ်များအကျဉ်းချုပ် | ၂၃ |
| ၁.၆။ | တွေ့ရှိချက်များ နှင့် အကြံပြုသုံးသပ်ချက်များ | ၃၆ |
| ၂။ | ချဉ်းကပ်ပုံ နှင့် သုတေသနနည်းလမ်း | ၃၇ |
| ၂.၁။ | နယ်ပယ်လေ့လာမှု | ၃၇ |
| ၂.၂။ | ကိန်းဂဏန်းအချက်အလက်ကောက်ယူမှု | ၃၇ |
| ၂.၃။ | တိုက်ဆိုင်စစ်ဆေးခြင်း နှင့် ကွာဟချက်များ စုံစမ်းဖော်ထုတ်ခြင်း | ၃၈ |
| ၂.၄။ | မှီခိုအားထားနိုင်မှု (Reliability) နှင့် ယုံကြည်ကိုးစားနိုင်မှု (Credibility) | ၃၉ |
| ၂.၅။ | အစီရင်ခံမှု အခြေခံ နှင့် ကာလ | ၄၂ |
| ၂.၆။ | ကောက်ယူထားသော ကိန်းဂဏန်းအချက်အလက်များကို စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် အကာအကွယ်ပေးမှု | ၄၂ |
| ၃။ | တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အကြောင်းအရာအချက်အလက်များ | ၄၄ |
| ၃.၁။ | မြန်မာနိုင်ငံအတွင်းရှိ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍ | ၄၄ |
| ၃.၂။ | ရေနံ နှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ | ၄၆ |
| ၃.၃။ | သတ္တုတွင်းကဏ္ဍ | ၇၇ |
| ၃.၄။ | ဘက်ဂျက်လုပ်ငန်းစဉ် နှင့် ပြည်သူ့ဘဏ္ဍာငွေများစီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ | ၁၁၇ |

| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃.၅။ | ဘဏ္ဍာရေးအာဏာခွဲဝေပေးခြင်း (Fiscal devolution) | ၁၃၃ |
| ၃.၆။ | အခွန်ကောက်ခြင်း၊ ခွဲတမ်းချပေးခြင်း နှင့် စိုက်ထုတ်ပေးခြင်း | ၁၃၄ |
| ၃.၇။ | အကျိုးခံစားခွင့်ရှိသူ | ၁၄၆ |
| ၃.၈။ | စာရင်းစစ်နှင့် အာမခံလုပ်ငန်းဆောင်ရွက်မှုများ | ၁၅၀ |
| ၃.၉။ | စီးပွားရေးသို့ထည့်ဝင်မှု | ၁၅၃ |
| ၄။ | တိုက်ဆိုင်စစ်ဆေးမှုနယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း | ၁၅၇ |
| ၄.၁။ | ပေးချေစီးဆင်းမှုများကို ရွေးချယ်ခြင်း | ၁၅၇ |
| ၄.၂။ | အစီရင်ခံတင်ပြရမည့် အဖွဲ့အစည်းများအား ရွေးချယ်ခြင်း | ၁၆၁ |
| ၅။ | ကိုက်ညှိစစ်ဆေးခြင်းရလဒ်များ | ၁၆၈ |
| ၅.၁။ | ရေနံ နှင့် ဓါတ်ငွေ့ကုမ္ပဏီများ၏ ပေးဆောင်ငွေများ | ၁၆၈ |
| ၅.၂။ | ကျောက်မျက် နှင့် ကျောက်စိမ်းကုမ္ပဏီများ၏ ပေးဆောင်ငွေများ | ၁၇၈ |
| ၅.၃။ | အခြားဓါတ်သတ္တုကုမ္ပဏီများ၏ ပေးဆောင်ငွေများ | ၁၈၉ |
| ၅.၄။ | ရေနံ နှင့် ဓါတ်ငွေ့သယ်ယူပို့ဆောင်ရေးကုမ္ပဏီများ၏ ပေးဆောင်ငွေများ | ၂၀၂ |
| ၅.၅။ | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးမှုများ | ၂၀၅ |
| ၅.၆။ | ထုတ်လုပ်ခြင်း နှင့် ပြည်ပသို့တင်ပို့ခြင်း | ၂၀၇ |
| ၅.၇။ | EITI အချက်အလက်များ နှင့် အခြားသတင်းအချက်အလက်ရင်းမြစ်များအကြား တိုက်ဆိုင်စစ်ဆေးမှု ပြုလုပ်ခြင်း | ၂၂၂ |
| ၅.၈။ | ကိုယ်တိုင်သွားရောက်စီစစ်အတည်ပြုခြင်း | ၂၂၄ |
| ၆။ | အခြားအချက်အလက်များ | ၂၂၆ |
| ၆.၁။ | SOEs များမှ ထုတ်ပြန်သော ထုတ်လုပ်မှု နှင့် ပြည်ပတင်ပို့မှု (သို့) ရောင်းချမှုစာရင်း | ၂၂၆ |
| ၆.၂။ | ကိန်းဂဏန်း တိုက်ဆိုင်စစ်ဆေးမှုတွင် မပါဝင်သော ကုမ္ပဏီများမှ ရရှိသော နိုင်ငံတော်၏ ရငွေပမာဏ | ၂၂၇ |
| ၆.၃။ | ရေနံ နှင့် သဘာဝဓါတ်ငွေ့သယ်ယူပို့ဆောင်သော ပမာဏ နှင့် အခကြေးရငွေ | ၂၂၉ |
| ၆.၄။ | နိုင်ငံတော်၏ ထုတ်လုပ်မှုဝေစု ရောင်းချမှုရငွေများ | ၂၂၉ |
| ၆.၅။ | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ အစိုးရဌာနများသို့ ပေးသွင်းငွေ | ၂၃၂ |
| ၆.၆။ | လူမှုရေးကိစ္စရပ်များအတွက် ကုန်ကျစရိတ်နှင့် အခြေခံအဆောက်အဦးများ ထောက်ပံ့ပေးမှု | ၂၃၄ |

| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၆.၇။ | ဘဏ္ဍာရေးတစ်ပိုင်းကုန်ကျစရိတ်များ (Quasi-fiscal expenditures) | ၂၃၅ |
| ၆.၈။ | ကြွေးမြီနှင့် ကြွေးမြီအာမခံများ | ၂၃၈ |
| ၆.၉။ | အခြေခံအဆောက်အဦးများ တည်ဆောက်ပေးမှုများ နှင့် ကုန်ပစ္စည်းဖလှယ်မှုအစီအစဉ်များ | ၂၄၀ |
| ၇။ | အကြံပြုချက်များ | ၂၄၁ |
| ၇.၁။ | သယံဇာတတူးဖော်ထုတ်လုပ်ခြင်း မှ ရရှိသော အခွန်ဘဏ္ဍာငွေများကို စီမံအုပ်ချုပ်ခြင်း | ၂၄၁ |
| ၇.၂။ | ကျောက်မျက် နှင့် ကျောက်စိမ်းကဏ္ဍစီမံခန့်ခွဲမှု | ၂၄၉ |
| ၇.၃။ | EITI implementation လုပ်ငန်းစဉ်အကောင်အထည်ဖော်ရေး | ၂၅၂ |

# နိဒါန်း

## တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး EITI

EITI လုပ်ငန်းသည် သဘာဝသယံဇာတအရင်းအမြစ်များအား ပွင့်လင်းပြီး တာဝန်ခံမှုရှိစွာ စီမံခန့်ခွဲနိုင်ရေး အားပေးအား မြှောက်ပြုလုပ်ရန်အတွက် ကမ္ဘာ့စံသတ်မှတ်ချက်တစ်ခု ဖြစ်ပါသည်။ ဤလုပ်ငန်းအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှုနှင့် စီမံခန့်ခွဲမှုစနစ်များ အားကောင်း လာစေရေး၊ လူထုဆွေးနွေးပွဲများအတွက် သတင်းအချက်အလက်များ မျှဝေပေးနိုင်ရေးနှင့် ယုံကြည်မှု တိုးမြှင့်နိုင် ရေးတို့ အတွက် ရည်ရွယ်လုပ်ဆောင်ပေးခြင်းဖြစ်သည်။ ထိုသို့ဖြစ်လာစေရန် အကောင်အထည်ဖော်နေသော နိုင်ငံတိုင်းတွင် အစိုးရများ၊ ကုမ္ပဏီများနှင့် အရပ်ဖက်အဖွဲ့အစည်းများပါဝင်သော ညှိနှိုင်း ပေါင်းအဖွဲ့မှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါသည်။

တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) လိုအပ်ကြောင်းကို ၂၀၀၂ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန်းနက် (စ်) ဘတ် (သ်) (Johannesburg) မြို့တွင် ကျင်းပသော စဉ်ဆက်မပြတ်ဖွံ့ ဖြိုးတိုးတက်ရေး ကမ္ဘာ့ထိပ်သီးညီလာခံ (၂၀၀၂ ကမ္ဘာ့မြေ ထိပ်သီးညီလာခံ)တွင် စတင်နှိုးဆော်ခဲ့ပြီး ၂၀၀၃ ခုနှစ် လန်ဒန်မြို့တွင် တရားဝင်သဘောတူညီခဲ့ကြောင်း ကြေညာခဲ့သည်။ လက်ရှိကာလ တွင် အာဖရိက၊ အာရှ၊ ဥရောပနှင့် အမေရိက တိုက်တို့မှ နိုင်ငံပေါင်း (၅၁) နိုင်ငံ၌ ဤ စံနှုန်းနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေပြီဖြစ်ပါသည်။

EITI စံနှုန်းသတ်မှတ်ချက်တွင် နိုင်ငံများအလိုက် EITI အဖွဲ့ဝင်လောင်း (candidate) ဖြစ်ရန်နှင့် တင်းပြည့် အဖွဲ့ဝင် (Compliant) နိုင်ငံဖြစ်လာစေရန် ဖြည့်ဆည်းပေးရသည့် လိုအပ်ချက်များကို ပြဌာန်းထားသည်။ ဤစံ နှုန်းသတ်မှတ်ချက်မီ /မမီကို အစိုးရများ၊ ကုမ္ပဏီများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများပါဝင်သော နိုင်ငံတကာ EITI ဘုတ်အဖွဲ့မှ စောင့်-ကြည့်အကဲဖြတ်ပေးပါသည်။

## မြန်မာနိုင်ငံ EITI

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် EITI အဖွဲ့ဝင်နိုင်ငံဖြစ်ရန် စတင်လုပ်ဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်၊ မေလတွင် မြန်မာနိုင်ငံ-အနေဖြင့် EITI အဖွဲ့ ဝင်လောင်းနိုင်ငံဖြစ်လာစေရန် EITI ဘုတ်အဖွဲ့သို့ လျှောက်လွှာတင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် မက္ကဆီကိုနိုင်ငံ၌ ကျင်းပသော EITI ဘုတ်အဖွဲ့၏ (၂၇) ကြိမ်မြောက်အစည်းအဝေးမှ မြန်မာနိုင်ငံအဖွဲ့ဝင်လောင်း လျှောက်ထားမှုကို လက်ခံအတည်ပြုခဲ့ပြီး ပထမဆုံးအကြိမ် EITI အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလထက် နောက်မကျဘဲ ထုတ်ပြန်ရန် သတ်မှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ် ဧပြီလ မှ ၂၀၁၄ ခုနှစ် မတ်လ အထိ ပါဝင်သော ပထမအကြိမ် EITI အစီရင်ခံစာကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံ အစိုးရသည် မြန်မာနိုင်ငံ EITI ဦးဆောင်ကော်မတီကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးအား ဥက္ကဋ္ဌအဖြစ် ခန့်အပ်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးများမှ အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဒုတိယဝန်ကြီးမှ အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းခဲ့ပါသည်။ Renaissance Institute(RI) ကိုလည်း မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ရန် ခန့်အပ် ခဲ့ပါသည်။

မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အသစ်ကိုလည်း ၂၀၁၇ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် အစိုးရကိုယ်စားလှယ် (၇) ဦး၊ ပုဂ္ဂလိကကိုယ်စားလှယ် (၇)ဦးနှင့် အရပ်ဖက်ကိုယ်စား

လှယ် (၉) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂၀၁၇ ခုနှစ် မတ်လ ၇ ရက်နေ့တွင် မြန်မာနိုင်ငံ EITI ၏ ဒုတိယ အကြိမ် EITI အစီရင်ခံစာထုတ်ပြန်သည့် နောက်ဆုံးရက် အား ၂၀၁၈ ခုနှစ် မတ်လ (၃၁) ရက်နေ့အဖြစ်ထားရှိပေးရန် တောင်းဆိုမှုကို နိုင်ငံတကာ EITI ဘုတ်အဖွဲ့မှ အတည်ပြုပေးခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် (၁) ရက်နေ့အား အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်ရန် ပထမဆုံးနေ့ရက်အဖြစ် သတ်မှတ်အတည်ပြုခဲ့ပါသည်။

## ရည်ရွယ်ချက်

ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ တွင်းထွက်လုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများ (အစီရင်ခံစာတွင် ကုမ္ပဏီ များ ဟုခေါ်မည်) မှ ပေးပို့သော အစိုးရသို့ပေးဆောင်ထားသော အခွန်၊ အခဆိုင်ရာကိန်းဂဏန်း၊ အချက်အလက်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အစိုးရဝန်ကြီးဌာနများ၊ အစိုးရဌာန များ (အစိုးရအဖွဲ့အစည်းများ ဟု ခေါ်မည်) မှ ကုမ္ပဏီများထံမှ ကောက်ခံရရှိသော အခွန်အခများ၊ အစိုးရဝန်ကြီးဌာနများ၊ ဌာန ဆိုင်ရာအဖွဲ့အစည်းများအကြား လွှဲပြောင်းပေးထားမှုများနှင့် သက်ဆိုင်သော ကိန်းဂဏန်းအချက်အလက်များကိုတိုက်ဆိုင် စစ်ဆေးရန်ဖြစ်ပါသည်။

တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း၏ အန္တိမရည်ရွယ်ချက်များ အနေဖြင့် စီးပွားရေးနှင့် လူမှု ရေးဆိုင်ရာဖွံ့ဖြိုးမှုကို ပေးစွမ်းနိုင်သော တွင်းထွက်ကဏ္ဍအား အပြုသဘောဆောင်အထောက် အပံ့ပေးခြင်းအားဖြင့် မြန်မာနိုင်ငံအစိုးရအား အထောက်အကူ ဖြစ်စေရန်နှင့် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး EITI စံနှုန်းများ နှင့် မူဘောင်များကို အပြည့်အဝအကောင်အထည်ဖော်ခြင်း၊ လွှမ်းခြုံပါဝင်အောင် ဆောင်ရွက်ခြင်းဖြင့် သယံဇာတစီမံအုပ် ချုပ်မှုကိုတိုးတက်အားကောင်းစေကာနိုင်ငံတော်၏တွင်းထွက် သယံဇာတကဏ္ဍ အတိုင်းအတာကို သဘောပေါက်သိရှိစေ ရန်ဖြစ်ပါသည်။

မြန်မာနိုင်ငံ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ဆုံးဖြတ်ချက်အရ တွင်းထွက်ကဏ္ဍများဖြစ်သည့် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ၊ ကျောက်မျက်နှင့်ကျောက်စိမ်းကဏ္ဍ၊ အခြားသတ္တုများနှင့်ပုလဲ ကဏ္ဍဟူ၍ ဤအစီရင်ခံစာတွင် လွှမ်းခြုံပါဝင်ပါသည်။

## မိမိတို့လုပ်ငန်းသဘာဝနှင့် အတိုင်းအတာ

မိမိတို့အနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အသုံးပြုသည့် နိုင်ငံတကာ စာရင်းစစ်ခြင်းစံနှုန်းများနှင့်အညီ တိုက်ဆိုင် စစ်ဆေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါသည်။ သုံးပွင့် ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ အဆိုပြုသဘောတူညီမှုအရ ရေးဆွဲထား သော လုပ်ငန်းတာဝန်မူဘောင် (terms of reference -TOR) တိုက်ဆိုင်စစ်ဆေးခြင်း နည်းလမ်းများကို အသုံးပြုပါ သည်။

တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ရာတွင် မိမိတို့စာရင်း တိုက်ဆိုင်စစ်ဆေးသူ (Independent Administrator -IA) အနေဖြင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ နိုင်ငံတကာ စံနှုန်း များ သို့မဟုတ် ပြန်လည်ပြင်ဆင်စစ်ဆေးခြင်းဆိုင်ရာ နိုင်ငံ တကာ စံနှုန်းများအရ စာရင်းစစ်ခြင်း (သို့မဟုတ်) ပြန်လည် ပြင်ဆင်စစ်ဆေးခြင်း ပြုလုပ်ရန်အလို့ငှာ ပုံဖော်ထားခြင်း မဟုတ်ပေ။ ထို့ကြောင့် မိမိတို့အနေဖြင့် ဤအစီရင်ခံစာတွင် ဖော်ပြထားသော ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားသော တိုက်ဆိုင်စစ်ဆေးပြီး သောစာရင်းများအား မည်သည့် ထောက်ခံချက်မှ ပေးမည်မဟုတ်ပေ။ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြမည့် အခြားအကြောင်း အရာများအတွက် အသုံးပြုထားသည့် နောက်ထပ် နည်းလမ်းများကိုလည်း အသုံးပြုခဲ့ပါ သည်။

အစီရင်ခံစာတွင် အခန်း (၈) ခန်းပါဝင်ပြီး အောက်ပါအတိုင်း ဖြစ်ပါသည်။

- အနှစ်ချုပ်တင်ပြချက်
- တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်အား ချဉ်းကပ်ပုံ နှင့် နည်းဥပဒေသ
- တွင်းထွက် လုပ်ငန်းဆိုင်ရာဆက်စပ်ပတ်သော သတင်း အချက် အလက်များအား ဖော်ပြခြင်း
- တိုက်ဆိုင်စစ်ဆေးခြင်းနယ်ပယ် စဉ်းစားသတ်မှတ်ခြင်း
- အစီရင်ခံပေးပို့ထားသည့် အချက်အလက်များအား တိုက်ဆိုင် စစ်ဆေးခြင်း ရလဒ်များ
- အခြားဖော်ပြထားသော သတင်းအချက်အလက်များ နှင့်
- တွေ့ရှိချက်များ၊ အနာဂတ်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း စဉ် တိုးတက်ရန်အတွက် အကြံပြုသုံးသပ်ချက်များ

ကုမ္ပဏီများ၊ အစိုးရဌာနအဖွဲ့အစည်းများ နှင့် ဘဏ္ဍာရေးဆိုင်ရာ လမ်းကြောင်းများဖြင့် အစီရင်ခံအချက်အလက်များကို

ပင်မအစီရင်ခံစာ၏ နောက်ဆက်တွဲများတွင် သီးခြားဆီ ဖော်ပြထားပါသည်။ အစီရင်ခံစာပါ ကိန်းဂဏန်း အချက်အလက်များကို မြန်မာကျပ် ငွေဖြင့်သာ ဖော်ပြထားပါသည်။

ဤအစီရင်ခံစာတွင်ပါရှိသော သတင်း အချက်အလက်များသည် ၂၀၁၈ ဇန်နဝါရီလ ၁၉ ရက်နေ့အထိ လက်ခံရရှိသည့် အချက်အလက်များသာ ပါဝင်ပါသည်။ ထိုရက်စွဲနောက်ပိုင်းတွင် လက်ခံရရှိသည့် မည်သည့်သတင်းအချက်အလက်မျှ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

# ၁။ အနှစ်ချုပ်တင်ပြချက်

တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) စံနှုန်း အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်၏ အဓိကလုပ်ငန်းစဉ်အဆင့်ဖြစ်သော၊ မြန်မာနိုင်ငံတွင်းထွက်လုပ်ငန်းကဏ္ဍမှ ထွက်ပေါ်လာသည့်အခွန်ဘဏ္ဍာငွေ (fiscal revenues) နှင့် အခွန်မဟုတ်သော အခကြေးငွေများ (non-fiscal revenues) ကို တိုက်ဆိုင်စစ်ဆေးရာမှ ထွက်ပေါ်လာသည့် သတင်းအချက်အလက်များကို ဤအစီရင်ခံစာတွင် အကျဉ်းချုပ်တင်ပြထားသည်။ ထို့အပြင် တွင်းထွက်သယံဇာတတူးဖော်သည့် ကုမ္ပဏီများအပေါ် အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOE) က ကောက်ခံရရှိထားသော အခွန်ဘဏ္ဍာဝင်ငွေများနှင့် တဖန်၄င်းနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ နိုင်ငံတော်ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)သို့ ထည့်ဝင်ပေးသော ငွေစီးဆင်းမှုများအပေါ် တိုက်ဆိုင်စစ်ဆေးခြင်းကိုလည်း ဤအစီရင်ခံစာတွင် ထည့်သွင်းထားသည်။

၂၀၁၇ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့ တွင် ကျင်းပသော သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ လက်ရှိတိုက်ဆိုင်စစ်ဆေးခြင်းတွင် ပါဝင်ရန်သတ်မှတ်ထားသော တွင်းထွက်လုပ်ငန်းများ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ၊ ကျောက်မျက်နှင့် ကျောက်စိမ်း၊ အခြားသတ္တုလုပ်ငန်းနှင့် ပုလဲကဏ္ဍဟူ၍ ကဏ္ဍ (၃)ခုပါဝင်သည်။

## (၁-၁) တွင်းထွက်သယံဇာတကဏ္ဍမှ ရသောဝင်ငွေ


၂၀၁၅ ခုနှစ် ဧပြီလ (၁)ရက်နေ့ မှ ၂၀၁၆ ခုနှစ် မတ်လ (၃၁) ရက်နေ့အထိကာလအတွင်း အစိုးရဌာနများမှ အစီရင်ခံထားသော ငွေလက်ခံဖြတ်ပိုင်းများကို တိုက်ဆိုင်စစ်ဆေးအပြီး အောက်ပါအတိုင်း အနှစ်ချုပ်ဖော်ပြထားသည်။

### တွင်းထွက်လုပ်ငန်းများမှ ကောက်ခံရရှိသော ဝင်ငွေ များ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် တွင်းထွက်လုပ်ငန်းများမှ ကောက်ခံရရှိသော ဝင်ငွေစုစုပေါင်းမှာ မြန်မာကျပ်ငွေ သန်းပေါင်း ၃,၄၀၄,၄၆၉၄ ဖြစ်သည်။ တွင်းထွက်ကဏ္ဍမှ ရရှိသောဝင်ငွေများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ(ရေနံနှင့်သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေးအပါအဝင်) ဝင်ငွေမှ ၇၆%၊ ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍဝင်ငွေမှ ၂၁% နှင့် အခြားသတ္တုကဏ္ဍမှ ၃% ပါဝင်သည်။ ဤဝင်ငွေအသေးစိတ်များကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

ဇယား(၁)ကဏ္ဍအလိုက် မြန်မာတွင်းထွက်လုပ်ငန်းမှ အခွန်ဘဏ္ဍာဝင်ငွေများ

| ကဏ္ဍခွဲများ | အခွန်ဘဏ္ဍာများ | အခွန်မဟုတ်သည့် ဘဏ္ဍာများ | လူမှုရေးဆိုင်ရာ ပေးချေမှုများ | စုစုပေါင်း ဘဏ္ဍာငွေ | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ရေနံနှင့်သဘာဝဓါတ်ငွေ့ | ၇၂၇၇၁ | ၂၀၉၁၉၃၄ | ၆၆၀၆ | ၂၁၇၁၃၁၀ | ၆၄% |
| ရေနံနှင့်သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ရေး | ၂၃၅၁၄၉ | ၁၆၈၆၆၅ | ၄၇၉၃ | ၄၀၈၆၀၇ | ၁၂% |
| ကျောက်မျက်နှင့်ကျောက်စိမ်း | ၃၄၅၆၉၅ | ၃၆၂၀၄၁ | ၇၂ | ၇၀၇၈၀၈ | ၂၁% |
| အခြားသတ္တုများ | ၃၁၅၃၈ | ၆၃၈၉၆ | ၃၁၄၉ | ၉၈၅၈၃ | ၃% |
| ပုလဲ | - | ၁၈၁၆၁ | - | ၁၈၁၆၁ | ၁% |
| စုစုပေါင်း | ၆၈၅၁၅၃ | ၂၇၀၄၆၉၆ | ၁၄၆၂၀ | ၃၄၀၄၄၆၉ | ၁၀၀% |




တွင်းထွက်ကုမ္ပဏီများမှ လက်ခံရရှိသောဝင်ငွေများမှာ မြန်မာကျပ်ငွေသန်းပေါင်း ၂,၆၈၈,၆၃၄ (တွက်ချက်ပြင်ဆင်အတည်ပြုပြီး) ဖြစ်ပြီး၊ ကောက်ခံရရှိသောရေနံနှင့် သဘာဝဓာတ်ငွေ့နှင့် သတ္တုလုပ်ငန်းဆိုင်ရာနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် တွင်းထွက်လုပ်ငန်းဆိုင်ရာစုစုပေါင်း အခွန်ဘဏ္ဍာဝင်ငွေ၏ ၇၉% နှင့်ညီမျှပြီး အများဆုံးပမာဏအနေဖြင့် ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) တစ်ခုတည်းပင်လျှင် တွင်းထွက်ကဏ္ဍဘဏ္ဍာငွေများ၏ ၆၆% အထိ ကောက်ခံရရှိထားပါသည်။

အစိုးရဌာနအဖွဲ့အစည်းများနှင့် ဝင်ငွေအရင်းအမြစ်ဆိုင်ရာ (Details of revenues by Government Agency and by source of revenues) အသေးစိတ်အချက်အလက်များကို အောက်ပါဇယားတွင်ဖော်ပြထားသည်။

ဇယား(၂)တွင်းထွက်လုပ်ငန်းဆိုင်ရာအခွန်ဘဏ္ဍာငွေများ ကောက်ယူမှု

| | တွင်းထွက်ကဏ္ဍဘဏ္ဍာငွေများ | | | | | |
|---|---|---|---|---|---|---|
| | နိုင်ငံပိုင်စီးပွား | သတ္တုတွင်းဦးစီးဌာန | သစ်တောဦးစီးဌာန | ပြည်တွင်းအခွန်များဦးစီးဌာန (အကောက်ခွန်) | လူမှုရေးဆိုင်ရာ ပေးချေမှုများ | စုစုပေါင်း |
| ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ | ၂၂၆၀၅၉၈ | – | – | ၃၀၇၉၂၀ | ၁၁၃၉၉ | ၂၅၇၉၉၁၇ |
| နိုင်ငံတော်ထုတ်လုပ်မှုခွဲတမ်းအရောင်းများ –ထုတ်လုပ်မှုခွဲတမ်း | ၁၁၄၉၆၉၃ | – | – | – | – | ၁၁၄၉၆၉၃ |
| ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများ | ၉၄၂၂၄၀ | – | – | ၇၂၇၇၃ | ၆၆၀၆ | ၁၀၂၁၆၁၇ |
| ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍသယ်ယူပို့ဆောင်ရေးကုမ္ပဏီများ | ၁၆၈၆၆၅ | – | – | ၂၃၅၁၄၉ | ၄၇၉၃ | ၄၀၈၆၀၇ |
| ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍ | ၃၆၂၀၄၁ | – | – | ၃၄၅၆၉၅ | ၇၂ | ၇၀၇၈၀၈ |
| နိုင်ငံတော်ထုတ်လုပ်မှုခွဲတမ်းအရောင်းများ–အရောင်းခွဲတမ်း | ၇၄၉၁၉ | – | – | – | – | ၇၄၉၁၉ |
| ကျောက်မျက်နှင့်ကျောက်စိမ်းကုမ္ပဏီများ | ၂၈၇၁၂၂ | – | – | ၃၄၅၆၉၅ | ၇၂ | ၆၃၂၈၈၉ |
| အခြားသတ္တုကဏ္ဍ | ၄၇၈၃၃ | ၃၁၄၆ | ၁၁၉၁၈ | ၃၂၅၃၆ | ၃၁၄၉ | ၉၈၅၈၂ |
| အမှတ်(၁) သတ္တုတွင်းလုပ်ငန်း | ၁၀၈၁၃ | ၅၉ | ၅၅၅ | ၁၇၆၅ | – | ၁၃၁၉၂ |
| နိုင်ငံတော်ထုတ်လုပ်မှုခွဲတမ်းအရောင်းများ–အရောင်းခွဲတမ်း | ၃၆၉၉ | – | – | – | – | ၃၆၉၉ |
| အမှတ်(၁) သတ္တုလုပ်ငန်း လက်အောက်ရှိကုမ္ပဏီများ | ၇၁၁၄ | ၅၉ | ၅၅၅ | ၁၇၆၅ | – | ၉၄၉၃ |
| အမှတ်(၂) သတ္တုတွင်းလုပ်ငန်း | ၃၀၀၇၆ | ၁၁ | ၁၀၄၃ | ၂၁၀၃ | ၃၀၆၀ | ၃၆၂၉၂ |
| နိုင်ငံတော်ထုတ်လုပ်မှုခွဲတမ်းအရောင်းများ–အရောင်းခွဲတမ်း | ၂၈၃၁၅ | – | – | – | – | ၂၈၃၁၅ |
| အမှတ်(၂) သတ္တုလုပ်ငန်း လက်အောက်ရှိကုမ္ပဏီများ | ၁၇၆၀ | ၁၁ | ၁၀၄၃ | ၂၁၀၃ | ၃၀၆၀ | ၇၉၇၇ |

| | | | | | | |
|---|---|---|---|---|---|---|
| အမှတ်(၃) သတ္တုတွင်းလုပ်ငန်း | ၆၉၄၄ | ၈၃ | ၉၅၇၁ | ၃၇၂၅ | ၈၉ | ၂၀၄၁၁ |
| နိုင်ငံတော်ထုတ်လုပ်မှုခွဲတမ်းအရောင်းများ–အရောင်းခွဲတမ်း | ၃၇၅၃ | – | – | – | – | ၃၇၅၃ |
| အမှတ်(၃) သတ္တုလုပ်ငန်း လက်အောက်ရှိကုမ္ပဏီများ | ၃၁၉၁ | ၈၃ | ၉၅၇၁ | ၃၇၂၅ | ၈၉ | ၁၆၆၅၈ |
| သီးသန့်ထုတ်ပြန်မှု | – | ၂၉၉၃ | ၇၅၀ | ၂၄၉၄၄ | – | ၂၈၆၈၆ |
| ပုလဲကဏ္ဍ | ၁၈၁၆၁ | – | – | – | – | ၁၈၁၆၁ |
| နိုင်ငံတော်ထုတ်လုပ်မှုခွဲတမ်း အရောင်းများ | ၁၈၁၁၉ | – | – | – | – | ၁၈၁၁၉ |
| ပုလဲကုမ္ပဏီများ | ၄၂ | – | – | – | – | ၄၂ |
| စုစုပေါင်း | ၂၆၈၈၆၃၄ | ၃၁၄၆ | ၁၁၉၁၈ | ၆၈၆၁၅၁ | ၁၄၆၂၀ | ၃၄၀၄၄၆၉ |

တွင်းထွက်ကုမ္ပဏီများမှ သက်ဆိုင်ရာနိုင်ငံပိုင်လုပ်ငန်းများသို့ ပေးချေမှုများတွင် အခွန်မဟုတ်သည့် ဘဏ္ဍာငွေများ (လက်မှတ်ထိုးကြေးနှင့် ထုတ်လုပ်မှုအပိုစုကြေးများ၊ ရောင်းချပေးမှုအတွက် အခကြေးငွေများ၊ ထုတ်လုပ်မှု၊ လက်ခွဲထုတ်လုပ်မှု၊ လက်ခွဲရောင်းချခြင်း၊ လိုင်စင်ကြေးများ၊ စာရင်းအချက်အလက်များပေါ်တွင် အခအကြေးငွေများ) ပါဝင်ပါသည်။

တွင်းထွက်ကုမ္ပဏီများမှ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးချေမှုများတွင် ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ ကန့်သတ်ခွန်နှင့် တံဆိပ်ခေါင်းလုပ်ငန်းနှင့်ပတ်သက်သော ပေးချေမှုများပါဝင်ပြီး အခွန်ဌာနသို့ ပေးချေမှုများတွင် အခွန်လုပ်ငန်းနှင့်ပတ်သက်သော ပေးချေမှုများ ပါဝင်ပါသည်။

သတ္တုတွင်းဦးစီးဌာနသို့ ပေးချေမှုများတွင် အခကြေးငွေများ၊ လက်မှတ်ထိုးကြေး သို့မဟုတ် လျှောက်လွှာကြေးများ၊ dead rent fee ၊ လိုင်စင်ကြေးများပါဝင်ပြီး သစ်တောဦးစီးဌာနသို့ ပေးချေမှုများတွင် မြေယာငှားရမ်းခများ၊ ပတ်ဝန်းကျင်ဆိုင်ရာ သို့မဟုတ် စိုက်ခင်းအခကြေးငွေများပါဝင်ပါသည်။

တွင်းထွက်ကဏ္ဍမှ ကောက်ခံရရှိသည့် ဘဏ္ဍာငွေများကို ဘဏ္ဍာငွေပေးချေမှုကဏ္ဍများ ၊ ကုမ္ပဏီအလိုက် ပေးချေမှုများကို ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ (၁၆)၊ (၁၇) တို့တွင် ဖော်ပြထားပါသည်။ ကုမ္ပဏီများဖြင့် တိုက်ဆိုင်စစ်ဆေးမှု ရလဒ်များကို နောက်ဆက်တွဲ (၁၈) တွင် ဖော်ပြထားပါသည်။

## နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOEs) မှ လွှဲပေးမှုများ

အထက်ပါကာလအပိုင်းအခြား (ဘဏ္ဍာရေးနှစ် ၂၀၁၅–၁၆) အတွက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုလုပ်ငန်းများမှ ကောက်ခံရရှိပြီး လွှဲပေးမှုများမှာ မြန်မာကျပ်ငွေသန်းပေါင်း ၂,၆၈၈,၆၃၄ဖြစ်ပြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဌာန (ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်နှင့် ငွေကိုင်ဌာန)သို့ မြန်မာကျပ်ငွေ သန်းပေါင်း ၈၄၇,၁၂၈ အားလွှဲပြောင်းခြင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံခန့်ခွဲရေးဌာန (OGPD) ယခင် စွမ်းအင်စီမံဌာန (EPD) သို့ မြန်မာကျပ်ငွေ သန်းပေါင်း ၃၄၃,၀၇၂ လွှဲပြောင်းခြင်း၊ ဗဟိုဘဏ်မတော်သို့ မြန်မာကျပ်ငွေသန်းပေါင်း ၄,၃၄၃ လွှဲပြောင်းခြင်း၊ သတ္တုဦးစီးဌာန (DoM) သို့ မြန်မာကျပ်ငွေသန်းပေါင်း ၂၀,၆၄၃ လွှဲပြောင်းခြင်းများရှိခဲ့ပါသည်။ ဘဏ္ဍာနှစ်တစ်နှစ်တည်းမှာပင် အဓိက နိုင်ငံပိုင်တွင်းထွက်လုပ်ငန်း ၆ခုမှ အခြားစာရင်းရှင် (Other Accounts) များထဲသို့ လွှဲပြောင်းခဲ့ပါသည်။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတစ်ခုတည်းမှ အခြားစာရင်းရှင် (Other Accounts)များသို့ မြန်မာကျပ်ငွေသန်းပေါင်း ၇၈၈,၈၈၁ ရှိကြောင်း အစီရင်ခံထားပါသည်။

ဇယား(၃) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက ကောက်ခံထားသည့်အခွန်ဘဏ္ဍာငွေများကိုလွှဲပေးမှုများ(မြန်မာ့ကျပ်ငွေသန်း)

| နိုင်ငံပိုင်စီးပွားရေး လုပ်ငန်း(SOE) | နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများမှ ရရှိသည့် ပမာဏ | ၂၀၁၄–၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများမှ အစိုးရအဖွဲ့အစည်းဌာနများသို့ လွှဲပြောင်းပေးမှုများ | | | | ဗဟိုကော်မတီ (central commit-tee) | နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းအခြား စာရင်းရှင်များ (SOE Other accounts) သို့လွှဲပြောင်းပေးမှု | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | ပြည်တွင်းအခွန်များဦး စီးဌာန | ရေနံနှင့်သဘာဝဓါတ် ငွေ့စီမံခန့်ခွဲရေးဌာန (ဥက္ကာ)(ယခင် စွမ်းအင်စီမံဌာန –နကာ) | သတ္တုဦးစီးဌာန | အစိုးရမှအထောက် အပံ့ပေးခြင်း | | | |
| မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း | ၂၂၆၀၅၉၈ | ၄၉၃၁၆၃ | ၃၄၃၀၇၂ | – | | ၂၁၇၃၅၄ | ၇၈၈၈၈၁ | ၁၈၄၂၄၇၀ |
| မြန်မာ့ ကျောက်မျက် လုပ်ငန်း | ၃၆၂၀၄၁ | ၅၃၈၀၃ | – | ၄၃၄၃ | ၁၇၂၄၉ | ၄၆၈၁၃ | ၁၀၅၁၅၅ | ၂၂၇၃၈၃ |
| အမှတ်(၁) သတ္တုတွင်း လုပ်ငန်း | ၁၀၈၁၃ | ၂၀၁၅ | – | | – | ၁၆၂၈ | ၇၉၁၄ | ၁၁၅၉၇ |
| အမှတ်(၂) သတ္တုတွင်း လုပ်ငန်း | ၃၀၀၇၆ | ၄၉၄၈ | – | | ၃၃၉၄ | ၁၅၉၆ | ၂၃၈၈၂ | ၁၅၈၂၀ |
| အမှတ်(၃) သတ္တုတွင်း လုပ်ငန်း | ၆၉၄၄ | ၇၁၅၉ | – | | – | ၅၈၉၁ | ၁၃၂၆၇ | ၂၆၅၁၇ |
| မြန်မာ့ပုလဲ လုပ်ငန်း | ၁၈၁၆၁ | ၅၉၄၉ | – | | – | ၄၅၆၉ | ၁၄၄၇၂ | ၂၄၉၉၀ |
| စုစုပေါင်း | ၂၆၈၈၆၃၄ | ၅၆၇၂၅၇ | ၃၄၃၀၇၂ | ၄၃၄၃ | ၂၀၆၄၃ | ၂၇၉၈၇၁ | ၉၅၁၅၉၁ | ၂၁၆၈၇၇၇ |

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းမှ ကောက်ခံရရှိသည့် စုစုပေါင်းပမာဏနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (MoPF)၊ သတ္တုဦးစီးဌာန (DoM) နှင့် အခြားစာရင်းရှင်များ (Other Accounts) သို့ စုစုပေါင်းလွှဲပြောင်းပမာဏများအကြား ကွာဟချက်ကို အောက်ပါအတိုင်းရှင်းလင်းနိုင်ခဲ့ပါသည်။

- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းလည်ပတ်စရိတ်၊ စီမံခန့်ခွဲမှုစရိတ်နှင့် ရင်းနှီးမြှုပ်နှံမှုစရိတ်များကဲ့သို့သော ကုန်ကျစရိတ်များကို အခြားစာရင်းရှင်များ (Other Accounts) များသို့ လွှဲပြောင်းထားသည့် ပမာဏမှ နုတ်ယူသုံးစွဲထားခြင်း၊

- ၂၀၁၅-၁၆ ခုနှစ်အတွင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးချေရသည့် ဝင်ငွေခွန်နှင့် အစိုးရမှ ထောက်ပံ့မှုများကို ၂၀၁၄-၁၅ ခုနှစ်အတွက် တွက်ချက်ထားသည့် အသားတင်အမြတ် (net profit) မှ ပေးဆောင်ထားခြင်း တို့ကြောင့် ဖြစ်သည်။


နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ လွှဲပြောင်းမှုများကို တိုက်ဆိုင်စစ်ဆေးခြင်းအသေးစိတ်အား ပင်မအစီရင်ခံစာ၏ နောက်ဆက်တွဲ (၈) နှင့် အခန်းခွဲများ (၃.၂.၁၁ နှင့် ၃.၃.၁၁) တွင် ဖော်ပြထားပါသည်။

## တွင်းထွက်ကဏ္ဍမှ အစိုးရငွေလက်ခံရရှိမှုများ

၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွက် တွင်းထွက်လုပ်ငန်းကဏ္ဍ ဝင်ငွေများကို မြန်မာငွေစာရင်းရှင်းတမ်းများတွင် မှတ်တမ်းတင်ရာ၌ မြန်မာကျပ်ငွေသန်းပေါင်း ၂,၈၆၉,၉၉၂ ရှိပါသည်။ ဤဝင်ငွေများကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက ကုမ္ပဏီကိုယ်ပိုင်ရန်ပုံငွေအဖြစ်သော်လည်းကောင်း၊ လုပ်ငန်းသုံးမတည်ရင်းနှီးငွေနှင့် ထဲထဲဝင်ဝင်လုပ်ငန်း လည်ပတ်ရန် ရည်ရွယ်၍သော်လည်းကောင်း၊ “နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၏ အခြားစာရင်းရှင် (Other Accounts) သို့ အဓိက မှတ်တမ်းတင်ထိန်းသိမ်းထားသည်။ ၂၀၁၃-၁၄ ခုနှစ်အတွက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အသားတင်လက်ခံရရှိငွေမှာ ကျပ်သန်းပေါင်း ၉၅၃,၅၉၁ အထိရှိပြီး၊ တွင်းထွက်ကဏ္ဍမှ စုစုပေါင်းလက်ခံရရှိမှု၏ ၃၃% ကို ကိုယ်စားပြုပါသည်။

ဇယား(၃) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက ကောက်ခံထားသည့် အခွန်ဘဏ္ဍာငွေများကို လွှဲပေးမှုများ

| အမှတ်(၃) သတ္တုတွင်းလုပ်ငန်း | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ကျောက်မျက်နှင့်ကျောက်စိမ်း | အခြားသတ္တုများ | ပုလဲ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း အခြားစာရင်းရှင်(other accounts-OA) | ၇၈၈၈၈၁ | ၁၀၅၁၅၅ | ၄၅၀၈၃ | ၁၄၄၇၂ | ၉၅၃၅၉၁ | ၃၃% |
| အခွန်ဘဏ္ဍာငွေများ | ၃၀၇၉၂၀ | ၃၄၅၆၉၅ | ၃၂၅၃၆ | – | ၆၈၆၁၅၁ | ၂၄% |
| နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ အစိုးရအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးမှုများ | ၁၀၅၃၅၈၉ | ၁၂၂၂၂၈ | ၂၈၈၅၁ | ၁၀၅၁၈ | ၁၂၁၅၁၈၆ | ၄၂% |
| အခွန်မဟုတ်သော ဘဏ္ဍာငွေများ | – | – | ၁၅၀၆၄ | | ၁၅၀၆၄ | ၁% |
| စုစုပေါင်း | ၂၁၅၀၃၉၀ | ၅၇၃၀၇၈ | ၁၂၁၅၃၄ | ၂၄၉၉၀ | ၂၈၆၉၉၉၂ | ၁၀၀% |



## မြန်မာ့စီးပွားရေးအတွက်အရေးပါမှု

ဗဟိုစာရင်းအင်းအဖွဲ့အစည်း၏အဆိုအရ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တွင်းထွက်တူးဖော်ထုတ်လုပ်မှု ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီသည် ခန့်မှန်းခြေအားဖြင့် မြန်မာကျပ်ငွေသန်းပေါင်း ၄,၄၄၇,၄၉၈၁၁ (သို့မဟုတ်) တစ်နိုင်ငံလုံးဂျီဒီပီ၏ ၆% ရှိသည်။


၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တွင်းထွက်ကဏ္ဍမှ နိုင်ငံတော်ဝင်ငွေအတွက် ဖြည့်ဆည်းပေးမှုမှာ မြန်မာကျပ်ငွေသန်းပေါင်း ၃,၄၀၄,၄၆၉၁၂ ဖြစ်ပြီး၊ အစိုးရ၏စုစုပေါင်းဝင်ငွေ မြန်မာကျပ်ဘီလီယံစုစုပေါင်း ၁၇,၀၀၀,၀၅၁ ရှိသော ၂၀% ကို ကိုယ်စားပြုပါသည်။[၁၃]

ဗဟိုစာရင်းအင်းအဖွဲ့အစည်း ထုတ်ပြန်ချက်အရ တွင်းထွက်ကဏ္ဍမှ နိုင်ငံခြားသို့ တင်ပို့ရောင်းချမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်းပေါင်း ၅,၃၀၄.၀၃ ဖြစ်ပြီး၊ တစ်နိုင်ငံလုံးစုစုပေါင်းတင်ပို့မှု၏ ၄၇.၆% ရှိသည်။ [၁၄]

ဤတွင်းထွက်ကဏ္ဍတခုလုံးသည် အလုပ်အကိုင်ပေးထားမှုအထောက်အထားအချက်အလက်များကို ကောက်ခံနိုင်ခဲ့ခြင်းမရှိပါ။ ဤအလုပ်အကိုင်နှင့်ပတ်သက်သော အချက်အလက်များကို နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့နှင့် သတ္တုဌာနများအဆင့်တွင် မရရှိနိုင်ကြောင်းသိရှိခဲ့ရပါသည်။ ၎င်းတို့၏အချက်အလက်ထုတ်ပြန်သည့်မှုဘောင် (reporting templates) တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်ထားသောလုပ်ငန်းနယ်ပယ်ပါ ကုမ္ပဏီနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် အလုပ်သမားပေါင်း ၃၅,၆၀၃ ကို တိုက်ရိုက်အလုပ်ပေးနိုင်ခဲ့ပြီး၊ ဤပမာဏသည် ၂၀၁၅-၁၆ ခုနှစ်တွင်တနိုင်ငံလုံးစုစုပေါင်း အလုပ်သမားအရေအတွက်သန်းပေါင်း ၂၁.၇၉ ဦး၏၀.၂% အား ကိုယ်စားပြုပါသည်။[၁၅]

အောက်ဖော်ပြပါပုံများတွင် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်၌ တွင်းထွက်ကဏ္ဍမှ ဂျီဒီပီအတွက်ဖြည့်ဆည်းပေးမှု၊ နိုင်ငံတော်ဝင်ငွေနှင့်နိုင်ငံခြားတင်ပို့မှုအချက်အလက်များကိုဖော်ပြထားသည်။ နောက်ထပ်အသေးစိတ် အချက်အလက်များကိုလည်း ပင်မအစီရင်ခံစာ၏အခန်း (၃.၉) တွင် ဆက်လက်ဖော်ပြထားသည်။

ပုံ(၃) တွင်းထွက်ကဏ္ဍအတွက် မက်ခရိုစီးပွားရေး အညွှန်းကိန်းများ (၂၀၁၅-၂၀၁၆ ခုနှစ်)




တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၅.၉၂ နှင့် သဘာဝဓာတ်ငွေ့ကုဗပေ တစ်သန်းအတွက် အမေရိကန်ဒေါ်လာ ၆,၉၈၉.၂၈ သန်း (MMscf) ဖြစ်ပါသည်။

အမေရိကန်ဒေါ်လာ ၅၂၇ သန်းနှင့် ညီမျှသော သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၁၀၂,၅၉၉ (MMscf)ကို ပြည်တွင်းဈေးကွက်(DMO) သို့ဖြန့်ဝေခဲ့သည်။

အောက်ဖော်ပြပါပုံများတွင် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်၌ တွင်းထွက်ကဏ္ဍမှ ဂျီဒီပီအတွက်ဖြည့်ဆည်းပေးမှု၊ နိုင်ငံတော် ဝင်ငွေနှင့်နိုင်ငံခြားတင်ပို့မှုအချက်အလက်များကိုဖော်ပြထားသည်။ နောက်ထပ်အသေးစိတ် အချက်အလက်များကိုလည်း ပင်မ အစီရင်ခံစာ၏အခန်း (၃.၉) တွင် ဆက်လက်ဖော်ပြထားသည်။

ဇယား (၅) ရေနံနှင့်သဘာဝဓါတ်ငွေ့ထုတ်လုပ်မှုနှင့်တင်ပို့မှု (ထုထည်နှင့်တန်ဖိုး)

| | ကဏ္ဍများ | ထုတ်လုပ်မှု | | | တင်ပို့ခြင်း | | |
|---|---|---|---|---|---|---|---|
| | | ထုထည် | ယူနစ် | တန်ဖိုး (ကျပ်သန်း) | ထုထည် | ယူနစ် | တန်ဖိုး (ကျပ်သန်း) |
| ကမ်းလွန်လုပ်ကွက်များ | ရေနံစိမ်း | ၂၀၀၃၄၁၉ | စည် | ၁၁၂၅၇၉ | ၁၀၈၄၆၀၆ | စည် | ၆၀၉၄၈ |
| | သဘာဝဓါတ်ငွေ့ | ၆၇၆၉၅၄ | ကုဗပေသန်းပေါင်း | ၅၇၉၅၂၅၆ | ၅၄၁၇၈၀ | ကုဗပေသန်းပေါင်း | ၄၆၃၃၂၉၀ |
| ကုန်းတွင်းလုပ်ကွက်များ | ရေနံ | ၁၅၀၆၃၄၅ | စည် | ၉၆၅၀၆ | – | | – |
| | သဘာဝဓာတ်ငွေ့ | ၇၁၃ | ကုဗပေ သန်းပေါင်း | ၆၁၀၀ | – | | – |
| စုစုပေါင်း | | | | ၆၀၀၄၄၄၁ | | | ၄၆၉၄၂၃၇ |




ပုံ(၄)ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနှင့် တင်ပို့မှု (မြန်မာကျပ်ငွေသန်းပေါင်း)

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အချက်အလက်များအရ အစိုးရ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း ခွဲတမ်း ချဝေထားမှုကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

ဇယား (၆) ၂၀၁၅ - ၁၆ ဘဏ္ဍာနှစ်အတွင်း အစိုးရ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း ခွဲတမ်းချဝေထားမှု

| ကဏ္ဍ | အမျိုးအစားများ | ကမ်းလွန်လုပ်ကွက်များ ထုထည်(စည်) | ရာခိုင်နှုန်း | ကုန်းတွင်းလုပ်ကွက်များ ထုထည်(စည်) | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ရေနံစိမ်း(သို့) ရေနံဆီ | ထုတ်လုပ်မှု | ၂၀၀၃၄၁၉ | ၁၀၀% | ၁၅၀၆၃၄၅ | ၁၀၀% |
| | နိုင်ငံတော်ဝေစု | ၃၃၄၉၄၆ | ၁၇% | ၁၆၀၉၁၉ | ၁၁% |
| | အခွန်တော်များ | ၁၈၁၉၄၉ | ၉% | ၅၈၅၁၆ | ၄% |
| | ပင်မပေးချေမှု | – | – | ၅၆၆၈၄၄ | ၃၈% |
| | အရေးပေါ်အစားထိုးပေးချေမှု | – | – | ၃၅၄၃၄၂ | ၂၄% |
| **ကဏ္ဍ** | **အမျိုးအစားများ** | **ထုထည် (ကုဗပေသန်းပေါင်း)** | **ရာခိုင်နှုန်း** | **ထုထည် (ကုဗပေသန်းပေါင်း)** | **ရာခိုင်နှုန်း** |
| ရေနံစိမ်း(သို့) ရေနံဆီ | ထုတ်လုပ်မှု | ၆၇၆၉၅၄ | ၁၀၀% | ၇၁၃ | ၁၀၀% |
| | နိုင်ငံတော်ဝေစု | ၈၁၇၀၂ | ၁၂% | – | – |
| | အခွန်တော်များ | ၅၅၇၂၂ | ၈% | – | – |
| | ပင်မပေးချေမှု | – | – | ၆၁၉ | ၈၇% |
| | အရေးပေါ်အစားထိုးပေးချေမှု | – | – | ၉၅ | ၁၃% |

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ အချက်အလက် ထုတ်ပြန်သည့်မူဘောင်(reporting templates) အရ

- ကမ်းလွန်လုပ်ကွက်များမှ အစိုးရ၏ ထုတ်လုပ်မှုခွဲတမ်း အရောင်းများမှ ဘဏ္ဍာငွေအားဖြင့် မြန်မာကျပ်ငွေသန်းပေါင်း ၁,၁၃၃,၆၂၄ ရရှိပြီး ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ဘဏ္ဍာငွေအားလုံး၏ ၅၂% ကို ကိုယ်စားပြုပါသည်။

- ကုန်းတွင်းလုပ်ကွက်များမှ အစိုးရ၏ ထုတ်လုပ်မှုခွဲတမ်း အရောင်းများမှ ဘဏ္ဍာငွေအားဖြင့် မြန်မာကျပ်ငွေသန်းပေါင်း ၁၆,၀၆၉ ရရှိပြီး ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ဘဏ္ဍာငွေအားလုံး၏ ၀.၇% ကို ကိုယ်စားပြု ပါသည်။

- အခကြေးငွေအဖြစ် ပစ္စည်းဖြင့် ပေးချေမှုများအား ရောင်းချမှုများမှ ဘဏ္ဍာငွေအားဖြင့် မြန်မာကျပ်ငွေသန်းပေါင်း ၄၂၅,၅၉၃ ရရှိပြီး ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ဘဏ္ဍာငွေအားလုံး၏ ၁၉% ကို ကိုယ်စားပြုပါသည်။

## ကျောက်မျက်နှင့်ကျောက်စိမ်း

မြန်မာ့ကျောက်မျက်လုပ်ငန်းမှ အစီရင်ခံအချက်အလက်များအရ ၂၀၁၅-၁၆ ခုနှစ်အတွင်း ကျောက်မျက် ၁၃၄၈၃၈၃ ကာရက် (၂၃.၆ တန်) နှင့် ကျောက်စိမ်း ၃၆၀၅၉ တန် ထုတ်လုပ်ခဲ့ပါသည်။ အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ဇယား (၇) ၂၀၁၅ - ၁၆ ဘဏ္ဍာနှစ်အတွင်း ကျောက်မျက်နှင့် ကျောက်စိမ်းထုတ်လုပ်မှု

| | ဒေသ | ရှယ်ယာ/ပုဂ္ဂလိက | ကျောက်မျက်အမျိုးအစား | ထုတ်လုပ်မှု | ယူနစ် | တန်ဖိုး(မြန်မာကျပ်ငွေသန်း) |
|---|---|---|---|---|---|---|
| ကျောက်မျက် | မိုးကုတ် | ဖက်စပ် | ပတ္တမြားနှင့်နီလာ | ၇၆၅၂၅၉ | ကာရက် | ၁၄၄.၉၅ |
| | | | အရောင်စုံကျောက်မျက် | ၇၁ | ကီလိုဂရမ် | ၀.၆၀ |
| | | ပုဂ္ဂလိက | ပတ္တမြားနှင့်နီလာ | ၁၀၈၁၀၇၈၁ | ကာရက် | ၈၇၀.၈၆ |
| | | | အရောင်စုံကျောက်မျက် | ၂၃၅၀၁ | ကီလိုဂရမ် | ၂၁၃.၇၉ |
| | မိုင်းရှူး | ဖက်စပ် | ပတ္တမြားနှင့်နီလာ | ၅၈၃၀၀ | ကာရက် | ၂.၉၁ |
| | | ပုဂ္ဂလိက | ပတ္တမြားနှင့်နီလာ | ၁၈၄၉၀၄၂ | ကာရက် | ၉၆.၉၀ |
| စုစုပေါင်း ကျောက်မျက် ထုတ်လုပ်မှုတန်ဖိုး ၉၈၆.၁၃ | | | | | | ၁၃၃၀.၀၀ |
| ကျောက်စိမ်း | ကချင်ပြည်နယ် | ဖက်စပ် | ကျောက်စိမ်း | ၁၇၂၅၈၇၇၂ | ကီလိုဂရမ် | ၄၀၈၃၁.၈၇ |
| | | | Quartzite နှင့်ပယင်း | ၈၀၃၁၉ | ကီလိုဂရမ် | |
| | | ပုဂ္ဂလိက | ကျောက်စိမ်း | ၁၇၄၂၅၁၆၆ | ကီလိုဂရမ် | ၄၄၁၉၀.၆၉ |
| | | | Quartzite နှင့်ပယင်း | ၃၄၃၉၀၅ | ကီလိုဂရမ် | |
| | စစ်ကိုင်းတိုင်းဒေသကြီး | ပုဂ္ဂလိက | ကျောက်စိမ်း | ၉၄၄၃၄၃ | ကီလိုဂရမ် | |
| | | | Quartzite နှင့်ပယင်း | ၆၆၈၂ | ကီလိုဂရမ် | |
| စုစုပေါင်း ကျောက်စိမ်းထုတ်လုပ်မှုတန်ဖိုး | | | | | | ၈၅၀၂၂.၅၆ |
| စုစုပေါင်း | | | | | | ၈၆၃၅၂.၅၆ |

၂၀၁၅ - ၁၆ ဘဏ္ဍာနှစ်အတွင်း ကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲ (၂)ခုတွင် ကျောက်မျက်အလေးချိန် ၁၉၀၃၄၃၇ ကာရက်(၄၂၀.၇၁ ကီလိုဂရမ်) နှင့် ကျောက်စိမ်း ၆,၅၇၃ တန်ကို ရောင်းချခဲ့သည်။ ဤကျောက် မျက်ပြပွဲ(၂)ခုတွင် ရောင်းချ ခဲ့သော ကျောက် မျက်နှင့်ကျောက်စိမ်းတန်ဖိုးပမာဏမှာ မြန်မာကျပ်ငွေသန်းပေါင်း ၈၄၄၀၅၉ (အမေရိကန်ဒေါ်လာသန်းပေါင်း ၈၄၈.၀၈) ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အစီရင် ခံထားသည့်အလေးချိန်ပမာဏနှင့် တန်ဖိုးများသည် ကျောက်မျက် ပြပွဲတွင် တင်ပြရောင်းချသော အချက်အလက်များကိုသာ အခြေခံထားခြင်းဖြစ်သည်။

ဇယား(၈)ကျောက်မျက်ပြပွဲတွင် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချမှု

| ဖက်စပ်/ပုဂ္ဂလိက | | ထုထည် | | အရောင်းဈေးနှုန်း | ထုထည် | | အရောင်းဈေးနှုန်း | စုစုပေါင်း (မြန်မာကျပ် ငွေသန်း) |
|---|---|---|---|---|---|---|---|---|
| | | ကာရက် | ကီလိုဂရမ် | ယူရို | ကာရက် | ကီလိုဂရမ် | (မြန်မာကျပ်ငွေသန်း) | |
| ကျောက်မျက် | ဖက်စပ် | ၈၆၄၂၂၅ | ၂၂.၆၂ | ၃၃၆၁၁၃၈ | ၅၂၈၆၀ | ၃၀.၀၀ | ၉၇.၃၁ | ၄၆၄၃.၇၈ |
| | ပုဂ္ဂလိက | ၄၁၉၃၁၉ | ၂၄၇.၈၆ | ၁၉၉၀၄၀၀ | ၅၆၇၀၁၄ | ၁၂၀.၂၃ | ၁၅၉၃.၀၂ | ၄၂၈၅.၁၅ |
| ကျောက်စိမ်း | ဖက်စပ် | – | ၉၅၀၀၁၂ | ၂၈၁၂၀၅၅၇၃ | – | ၁၇၈၀၅၂၆ | ၂၁၂၉၈.၅၉ | ၄၀၁၆၇၂.၈၉ |
| | ပုဂ္ဂလိက | | ၁၂၃၃၈၆၀ | ၂၈၅၅၅၇၄၁၅ | | ၂၆၀၈၂၀၂ | ၄၇၁၉၇.၀၅ | ၄၃၃၄၅၇.၈၉ |

ဗဟိုစာရင်းအင်းအဖွဲ့အစည်း (CSO) မှ အစီရင်ခံသည့် ကိန်းဂဏန်းများအရ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားသို့ တင်ပို့ခဲ့သော ကျောက်မျက်နှင့်ကျောက်စိမ်းတင်ပို့မှုစုစုပေါင်း ပမာဏမှာ အမေရိကန်ဒေါ်လာ ၅၈၆.၃၄ သန်းဖြစ်သည်။

ကျောက်မျက်နှင့်ကျောက်စိမ်းထုတ်လုပ်မှု၊ ပြပွဲရောင်းချမှုများကို ပင်မအစီရင်ခံစာ၏နောက်ဆက်တွဲ (၆) တွင် ဖော်ပြထားပါသည်။

မြန်မာ့ကျောက်မျက်လုပ်ငန်းသည် ငွေသားဖြင့် ပြပွဲဖက်စပ် ရောင်းချခြင်းမှ ရှယ်ယာများရရှိသည်။ မြန်မာ့ကျောက်မျက်လုပ်ငန်း (MGE) ၏ အစီရင်ခံစာပုံစံ (reporting templates) များအရ မြန်မာ့ကျောက်မျက်လုပ်ငန်း၏ ဖက်စပ်ရှယ်ယာများ(အရောင်းခွဲတမ်း)မှ ကောက်ခံရရှိသည့် ဘဏ္ဍာငွေသည် မြန်မာကျပ်ငွေသန်းပေါင်း ၇၄,၉၁၉ ဖြစ် ပြီး ၂၀၁၅-၁၆ ခုနှစ်အတွင်း ကျောက်မျက်နှင့်ကျောက်စိမ်းဘဏ္ဍာငွေ စုစုပေါင်း၏ ၁၀.၆% ကို ကိုယ်စားပြုပါသည်။

မြန်မာကျောက်မျက်လုပ်ငန်း၏ စာရင်းဇယားများအရ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း ကျောက်မျက်နှင့် ကျောက်စိမ်း ကုမ္ပဏီများမှ ကျောက်စိမ်း ၄၉၀၃ ကီလိုဂရမ် ကောက်ခံရရှိပါသည်။ ထိုကဲ့သို့သော In kind ပစ္စည်းကို မြန်မာ့ ကျောက်မျက်လုပ်ငန်း(MGE)မှ ကောက်ခံရရှိမှုကို ပြတိုက်တွင်ထိန်းသိမ်းထားပြီး မရောင်းချရသေးဘူးလို့ သိရပါသည်။ ထို့ကြောင့် မြန်မာ့ကျောက်မျက်လုပ်ငန်း(MGE)အနေဖြင့် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း ထိုကျောက်စိမ်း အရောင်းများမှ ဘဏ္ဍာငွေ မရရှိသေးပါ။

## အခြားသတ္တုများ

သတ္တုတွင်းဝန်ကြီးဌာန၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ကြေညာထားသည့် အခြားဓာတ်သတ္တုများ ထုတ်လုပ်မှုတန်ဖိုးမှာ မြန်မာကျပ်ငွေသန်းပေါင်း ၄၁၇,၁၇၅ ရှိပြီး၊ ၄င်းတို့ကိုတင်ပို့/ရောင်းချခဲ့မှုတန်ဖိုးမှာ မြန်မာ ကျပ်ငွေသန်းပေါင်း ၁၂,၉၂၃ ရှိသည်။ အောက်ပါဇယားတွင် ဤအခြားသတ္တုများကဏ္ဍမှ စုစုပေါင်းထုတ်လုပ်မှုနှင့် တင်ပို့မှုအတွက် ဓာတ်သတ္တုအမျိုးအစားများအုပ်စု အလိုက်ပါဝင်မှုတန်ဖိုးကို ဖော်ပြထားသည်။

ဇယား(၉) အခြားဓာတ်သတ္တုများ ထုတ်လုပ်မှုနှင့် တင်ပို့မှု/ရောင်းချမှု

| သတ္တုများ | ထုတ်လုပ်မှုတန်ဖိုး(ကျပ်သန်း) | ရာခိုင်နှုန်း | တင်ပို့မှု(ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|---|
| ခဲသတ္တု၊ဇင့်၊ကြေးနီ၊သံ၊ခရိုမီယမ်နှင့်ခနောက်စိမ်း (အမှတ်(၁) သတ္တုတွင်းလုပ်ငန်းမှ အစီရင်ခံထား) | ၇၁၁၁ | ၂% | ၇၀၂၃ | ၅၄% |
| ရွှေ၊သံဖြူနှင့်သန့်စင်ထားသောသံ(အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ အစီရင်ခံထား) | ၈၅၄၄၅ | ၂၀% | ၃၃၉၈ | ၂၆% |
| ကျောက်မီးသွေး၊မဂ္ဂနီ၊နီကယ်၊ တရိုက်၊ ထုံးကျောက်၊ ဂျစ်(ပ)ဆမ် (အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ အစီရင်–ခံထား) | ၃၂၄၆၁၉ | ၇၈% | ၂၅၀၂ | ၁၉% |
| စုစုပေါင်း | ၄၁၇၁၇၅ | ၁၀၀% | ၁၂၉၂၃ | ၁၀၀% |

ထုတ်လုပ်မှုနှင့် တင်ပို့မှု/ရောင်းချမှုအလေးချိန်နှင့်တန်ဖိုးများကို သတ္တုအမျိုးအစားအလိုက် သီးခြားစာရင်း များအား အစီရင်ခံစာ၏ နောက်ဆက်တွဲ (၆) တွင် ဖော်ပြထားပါသည်။

အခြားသတ္တုများ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အစီရင်ခံစာပုံစံ(reporting templates) များအရ အစိုးရ၏ ထုတ်လုပ်မှုခွဲတမ်း (လက်ခွဲထုတ်လုပ်မှု)များမှ In kind ရရှိသည့် ဘဏ္ဍာငွေများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ဇယား (၁၀) ၂၀၁၅ – ၁၆ ခုနှစ်အတွင်း အစိုးရ၏ထုတ်လုပ်မှုခွဲတမ်းများမှ In kind ရရှိသည့်ဘဏ္ဍာငွေများ

| ကုန်ပစ္စည်း | ပမာဏ | ယူနစ် | တန်ဖိုး(မြန်မာကျပ်သန်း) |
|---|---|---|---|
| သံဖြူ | ၁၇၂.၂၉ | မီလီယံတန် | ၁၁၇၃.၀၇ |
| အဖြိုက်နက် | ၃.၆၄ | မီလီယံတန် | ၅၀.၃၃ |
| သံဖြူ၊ရောနှောပါဝင်ထားသော အဖြိုက်နက်သတ္တု | ၁၂၆.၉၄ | မီလီယံတန် | ၉၁၈.၄၂ |
| သံဖြူ၊ အဖြိုက်နက်သတ္တု၊ Scheelite Mixed | ၇၉.၇၉ | မီလီယံတန် | ၅၈၈.၇၀ |
| ရွှေ | ၁၄၅၉၅.၉၈ | ToZ | ၂၀၈၃၇.၂၃ |
| စုစုပေါင်း | | | |

အခြားသတ္တုများ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုခွဲတမ်းများမှ ကောက်ခံရရှိသည့် ဘဏ္ဍာငွေသည် ကျပ်သန်းပေါင်း ၃၅၇၆၈ ရှိပြီး ၂၀၁၅ – ၁၆ ဘဏ္ဍာနှစ်အတွင်း အခြားသတ္တုများဘဏ္ဍာငွေစုစုပေါင်း၏ ၃၆.၃% ကို ကိုယ်စားပြုပါ သည်။

## ပုလဲ

မြန်မာ့ပုလဲလုပ်ငန်း(MPE)မှ အခြေခံပြပွဲစာရင်းအချက် အလက်များဖြင့် အရောင်းတန်ဖိုးများနှင့် အလေးချိန်များကို အောက်ပါဇယားဖြင့်ဖော်ပြထားပါသည်။

ဇယား (၁၁) ပုလဲပြပွဲတွင် ရောင်းချရမှု

| စဉ် | ပြပွဲအမည် | အစုံ | ပုလဲအရေအတွက် | အလေးချိန် (မိုမီ) | ရောင်းဈေး | | | စုစုပေါင်း (ကျပ်သန်း) |
|---|---|---|---|---|---|---|---|---|
| | | | | | ယူရိုငွေ | (အမေရိကန် ဒေါ်လာ) | မြန်မာကျပ်ငွေ | |
| ၁ | MPA(July) | ၃၁၁ | ၁၂၀၈၃၉ | ၇၁၉၂၆ | ၃၁၁၂၈၆၀ | - | - | ၃၉၂၁.၆ |
| ၂ | 4th MPA (HK) | ၃၂၁ | ၁၂၂၆၃၆ | ၈၀၁၃၃ | - | ၁၂၅၂၇၈၇၆ | - | ၁၂၄၆၈.၄ |
| ၃ | 34th Local | ၁၂၃ | ၁၅၀၄၃၈ | ၈၆၄၉၆ | - | - | ၁၇၂၈၈၈၀၀၉၆ | ၁၇၂၈.၈ |
| စုစုပေါင်း | | ၇၅၅ | ၃၉၃၉၁၃ | ၂၃၉၄၅၅ | ၃၁၁၂၈၆၀ | ၁၂၅၂၇၈၇၆ | ၁၇၂၈၈၈၀၀၉၆ | ၁၈၁၁၉.၁ |

### (၁.၃) ကိန်းဂဏန်းကောက်ယူခြင်းနှင့် တိုက်ဆိုင်စစ်ဆေး မှုနယ်ပယ်

ငွေပေးချေခြင်းစီးဆင်းမှုနှင့် အစီရင်ခံမည့်အချက်အလက်များ

ပထမအကြိမ်ထုတ်ပြန်သည့် မြန်မာ EITI အစီရင်ခံစာတွင် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွက် တွင်းထွက်ကဏ္ဍဝင်ငွေများကို အစီရင်ခံ ရာ၌ အောက်ပါကဏ္ဍများထည့်သွင်းရန် မြန်မာနိုင်ငံ သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ (MEITI-MSG) ကသဘောတူညီ ထားသည်။

- ရေနံနှင့်သဘာဝဓာတ်ငွေ့ (ပိုက်လိုင်းဖြတ်သန်းခများအပါ အဝင်)
- သတ္တုကဏ္ဍ (ကျောက်စိမ်းနှင့်ကျောက်မျက်၊ အခြား သတ္တု များနှင့် ပုလဲကဏ္ဍများအပါအဝင်)

တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာ သတ်မှတ်နယ်ပယ်တွင် ဝင်ငွေ စီးဆင်းမှုများ၌ အောက်ပါတို့ပါဝင်သည်။

- အစီရင်ခံရန်သတ်မှတ်ထားသည့် MEITI နယ်ပယ်အတွင်းရှိ ကုမ္ပဏီများမှ ပေးဆောင်သော အခွန်ပေးဆောင်မှု (tax payments) အားလုံးနှင့် အခွန်မဟုတ်သော အခပေးချေမှု (non-tax payments) များနှင့်၊ In kind ပေးချေမှုများပြု လုပ်ခြင်းများ၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်းအစိုးရဌာန အဖွဲ့အစည်းများမှ လက်ခံရရှိသော (သို့မဟုတ်)အခြားအစိုးရ ဌာနအဖွဲ့အစည်းများထံသို့ လက်ခံရရှိကြောင်းအစီရင်ခံထား သော ဝင်ငွေ/လွှဲငွေများ။
- ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း များမှ အစီရင်ခံထားသော လွှဲငွေများအားလုံးနှင့်၊ အစိုးရဌာန အဖွဲ့အစည်းများမှ လက်ခံရရှိသော (သို့မဟုတ်) ၎င်းအဖွဲ့ အစည်းများသို့ အစီရင်ခံထားသောဝင်ငွေများ။

သတ်မှတ်ထားသည့် MEITI နယ်ပယ်၌မပါဝင်သည့် ကုမ္ပဏီ များ၏ပေးချေမှုများ၊ နိုင်ငံတော်မှပါဝင်မှုကြောင့် ရရှိသော ရှယ်ယာများ (State Share) ၊ လူမှုရေးဆိုင်ရာပေးချေမှုများ (Social payments) ကို ဤအစီရင်ခံစာတွင် ထုတ်ပြန်ထား သော်လည်း ၎င်းပေးချေမှုအပေါ် တိုက်ဆိုင်စစ်ဆေးထားခြင်း မရှိပါ။

## တွင်းထွက်ထုတ်လုပ်သည့်ကုမ္ပဏီများ

တတိယအကြိမ်မြန်မာနိုင်ငံ EITI အစီရင်ခံစာအတွက် တိုက် ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်များတွင် သတ္တုကဏ္ဍမှ ကုမ္ပဏီ

(၇၉)ခုကိုထည့်သွင်းရန် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ သတ်မှတ်ခဲ့သည်။ ကျောက်မျက်နှင့်ကျောက်စိမ်းကဏ္ဍအတွက် မြန်မာကျပ်ငွေသန်းပေါင်း ၁ ဘီလီယံနှင့် အခြားသတ္တုကဏ္ဍအတွက် ကျပ်ငွေသန်းပေါင်း ၀.၂၅ ဘီလီယံကျပ် စံနှုန်းပြည့်မီသည့်ကုမ္ပဏီများကို ရွေးချယ်ထားပြီး ထိုကုမ္ပဏီများ၏ အမည်စာရင်းများ ကိုပင်မအစီရင်ခံစာ အခန်း(၄.၂.၂)တွင် ဖော်ပြထားသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့အတွက်မူ ယုတ္တိတန်ခြင်းသတ်မှတ်ချက် (Materiality Threshold)ကို ထားရှိခြင်းမရှိဘဲ လုပ်ကွက်များတွင် တူးဖော်နေသောရေနံနှင့်သဘာဝဓာတ်ငွေ့ ကုမ္ပဏီများနှင့် စမ်းသပ်စူးစမ်း ရှာဖွေနေသော ကုမ္ပဏီများအားလုံးအား MEITI နယ်ပယ်တွင် ထည့်သွင်းရန် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ (MSG) မှ သဘောတူထားသည်။ ဤသတ်မှတ်ချက်ကြောင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ရန်ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီ(၃၆)ခု နှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေး ကုမ္ပဏီ(၅) ခုကို ရွေးချယ်နိုင်ခဲ့သည်။ ၄င်းကုမ္ပဏီများကို ပင်မအစီရင်ခံစာ၏ အခန်း (၄.၂.၁) တွင် ဖော်ပြထားပါသည်။

အောက်ပါဇယားတွင် ၂၀၁၅-၁၆ ခုနှစ်အတွင်း တိုက်ဆိုင်စစ်ဆေးမှုနယ်ပယ်တွင် ပါဝင်သည့် ကုမ္ပဏီများ၏ ကဏ္ဍအလိုက်ကိုယ်စားပြုမှုပမာဏ (coverage) နှင့် အစိုးရဌာန / ကုမ္ပဏီအရေအတွက် အသေးစိတ် ကိုဖော်ပြထားသည်။

ဇယား(၁၂)တိုက်ဆိုင်စစ်ဆေးမှုတွင် ကဏ္ဍအလိုက်ကိုယ်စားပြုမှုပမာဏများ

| အီးအိုင်တီအိုင်နယ်ပယ် | လွှမ်းခြုံမှု | | |
|---|---|---|---|
| ကဏ္ဍ | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ကျောက်မျက်နှင့်ကျောက်စိမ်း | သတ္တုလုပ်ငန်း |
| ရွေးချယ်ထားသော ကုမ္ပဏီအရေအတွက် | ၄၁ | ၅၁ | ၂၈ |
| ယုတ္တိတန်မှု | ကုမ္ပဏီအားလုံး | မြန်မာကျပ်ငွေ ၀.၇၄ ဘီလီယံကျပ် | မြန်မာကျပ်ငွေ ၀.၂၅ ဘီလီယံကျပ် |
| ကဏ္ဍအလိုက်အမှန်တကယ်လွှမ်းခြုံမှု | ၁၀၀% | ၃၂% | ၄၀% |
| အမှန်တကယ်တိုက်ဆိုင်စစ်ဆေးခြင်းတွင် အလုံးစုံလွှမ်းခြုံပါဝင်မှု | ၈၄% | | |

## အစိုးရဌာနအဖွဲ့အစည်းများ

MEITI နယ်ပယ်ပါတွင်းထွက်လုပ်ငန်းနှင့် ပတ်သက်သည့် အခွန်ဘဏ္ဍာငွေများ ပေးဆောင်ထားသည့်ကုမ္ပဏီများမှ ဝင်ငွေလက်ခံ ရရှိနေသည့်အစိုးရဌာနအဖွဲ့အစည်းများအားလုံးကို EITI လုပ်ငန်းနယ်ပယ်တွင် ထည့်သွင်းထားပြီး၊ EITI စံနှုန်းအရ အချက်အလက်ထုတ်ပြန်သည့်မူဘောင် (MEITI Template) တင်သွင်းခြင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းတွင် ပါဝင်ရန် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ ( MSG) မှ ဆုံးဖြတ်ထားသည်။ ဤသတ်မှတ်ချက်များအပေါ်မူတည်ပြီး၊ အစိုးရဌာနအဖွဲ့အစည်း (၁၅)ခုကိုမြန်မာနိုင်ငံ EITI ၏တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းနယ်ပယ်တွင် ထည့်သွင်းရန်သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ ဆုံးဖြတ်ထားသည်။ ၄င်းလုပ်ငန်းဌာနများ ကို ပင်မအစီရင်ခံစာ၏ အခန်း(၄.၂.၃)တွင် ဖော်ပြထားသည်။

(၁-၄)ကိန်းဂဏန်းပြည့်စုံမှုနှင့် ခိုင်မာမှု

## ကိန်းဂဏန်းအချက်အလက်တင်ပြခြင်း

တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းနယ်ပယ်တွင် ပါဝင်သည့် ကုမ္ပဏီများအားလုံးအနေဖြင့် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ သတ်မှတ်ထားသည့်လမ်းညွှန်ချက်နှင့်အညီ အစီရင်ခံစာများကိုတင်သွင်းခဲ့ကြသော်လည်း အောက်ပါကုမ္ပဏီများ၏ EITI စံနှုန်းအရအချက်အလက်ထုတ်ပြန်သည့်မူဘောင် (MEITI template) အားလွတ်လပ်သော တိုက်ဆိုင်စစ်ဆေးသူထံ သို့ တင်သွင်းရန်ပျက်ကွက် ခဲ့သည်။

- ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီ (၈) ခု ( Nippon Oil Jubilant Oil and Gas Pte.Ltd? Asia Orient Interna-

tional Ltd? Petrovietnam Exploration Corporation? Oil India Ltd? CFG Energy Pte.Ltd? Reliance Industries Ltd ESifh Tap Energy Pte.Ltd)၊ အစိုးရဌာနအဖွဲ့အစည်းများ၏ ကြေညာချက်များအရ အောက်ပါကုမ္ပဏီများမှလွဲ၍ အဆိုပါကုမ္ပဏီများသည် အစိုးရထံသို့ ပေးချေရန်ပျက်ကွက်ခဲ့သည်။

-Nippon Oil ကုမ္ပဏီမှ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးချေခဲ့မှုမှာ ၈၂၂၆၉၆၉၇၄၁ ကျပ်ရှိကြောင်း ဤအစီရင်ခံစာတွင် ထည့်သွင်းထားသည်။

-စာရင်းအချက်အလက်အခကြေးငွေအဖြစ် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ Oil India Ltd မှ ကျပ်သန်းပေါင်း ၂၅၅၁၄၂၄၀၊ CFG Energy Pte.Ltd မှ ကျပ်သန်းပေါင်း ၄၄၆၉၆၄၁၃၈၊ Reliance Industries Ltd မှ ကျပ်သန်းပေါင်း ၁၂၉၄၀၉၅၉၉၇ နှင့် Tap Energy Pte.Ltd မှ ကျပ်သန်းပေါင်း ၄၄၈၄၄၁၂၁၉ စသည် အသီးသီးပေးချေခဲ့ကြောင်း အစီရင်ခံထားပါသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေး ကုမ္ပဏီတစ်ခု (South East Asia Crude Oil Pipeline Co Ltd-SEACOP)၊ အစိုးရဌာနအဖွဲ့အစည်းများ၏ ထုတ်ပြန်သည့်အချက်အလက်များအရ ဤကုမ္ပဏီမှ ပေးချေမှုများမရှိခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE) မှ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း ဤကုမ္ပဏီများထံမှ အခြားပေးချေမှုများအဖြစ် မည်သည့်ပေးချေမှုမှ မရရှိခဲ့ကြောင်း တရားဝင်စာတစ်ခုလက်ခံရရှိခဲ့ပါသည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း(MOGE) ၏ တရားဝင်စာတွင် ရှင်းလင်းထားသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

-SEACOP သည် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလည်ပတ်မှုမရှိသောကြောင့် ဤကုမ္ပဏီမှ ပေးချေမှုများလည်း မရှိခဲ့ကြောင်း၊

-ရေနံနှင့်သဘာဝဓါတ်ငွေ့ကုမ္ပဏီ (၈) ခု ( Nippon Oil? Jubilant Oil and Gas Pte.Ltd? Asia Orient International Ltd? Petrovietnam Exploration Corporation? Oil India Ltd? CFG Energy Pte.Ltd? Reliance Industries Ltd ESifh Tap Energy Pte.Ltd) တွင် စူးစမ်းရှာဖွေရေးသာပြုလုပ်ခဲ့သည့် Jubilant Oil and Gas Pte.Ltd မှလွဲ၍ ၂၀၁၅-၁၆ ဘဏ္ဍာနှစ် အတွင်း ကျန်ကုမ္ပဏီများသည် လေ့လာသည့်ကာလ (Study period) ဖြစ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဆက်လက်လုပ်ငန်းလည်ပတ်ခြင်းမရှိခဲ့ပါ။ ဤကုမ္ပဏီများသည် ၎င်းတို့၏လုပ်ငန်းစဉ်များ စွန့်လွှတ်ပြီးသားသို့မဟုတ် လုပ်ငန်းစဉ်ပြီးဆုံးပြီးသား ကုမ္ပဏီများဖြစ်ကြပါသည်။ ထို့ကြောင့် ဤကုမ္ပဏီများမှ အချက်အလက် ထုတ်ပြန်သည့်မူဘောင် (Reporting Template)များမရရှိခဲ့ပါ။ အချက်အလက် ထုတ်ပြန်သည့်မူဘောင် (Reporting Template)များ မရရှိခဲ့သော်လည်း မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE) တရားဝင်ထုတ်ပြန်သည့်စာအရ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ (၈)ခု၏ အခြေအနေကို နောက်ဆက်တွဲ (၁၉) တွင် ဖော်ပြထားပါသည်။

တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းနယ်ပယ်တွင်ပါဝင်သည့် အစိုးရဌာနအဖွဲ့အစည်းများအားလုံးသည် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ (MSG) ၏ သဘောတူထားသည့်လမ်းညွှန်ချက်နှင့်အညီ ၎င်းတို့၏ အချက်အလက်ထုတ်ပြန်သည့်မူဘောင် (Reporting Template)များကို လွတ်လပ်သော တိုက်ဆိုင်စစ်ဆေးသူထံသို့ တင်သွင်းခဲ့ကြပါသည်။

## ကိန်းဂဏန်းအချက်အလက်များခိုင်မာမှု MEITI နယ်ပယ်ပါ ရွေးချယ်သတ်မှတ်ထားသော ကုမ္ပဏီများ

သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဆုံးဖြတ်ချက်နှင့်အညီ EITI စံနှုန်းအရအချက်အလက် ထုတ်ပြန်သည့်မူဘောင် (Reporting template) များကို ကုမ္ပဏီ၏တရားဝင်တာဝန်ပေးထားသော တာဝန်ခံအရာရှိတစ်ဦးမှ လက်မှတ်ထိုးအတည်ပြုပေးရမည်။

တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်အတွင်း သတင်းအချက်အလက် ကောက်ယူမှုများအရ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့၏ တောင်းဆိုချက် အတိုင်း (Gail JJ India Ltd rS Nil-declaration wpfck wifjycJhonfrSvGJí) ကုမ္ပဏီအားလုံးမှ တရားဝင်တာဝန်ပေးထားသော တာဝန်ခံအရာရှိလက်မှတ်များနှင့်အတူ အစီရင်ခံစာများ တင် သွင်း ခဲ့သည်။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE)မှ ရရှိခဲ့ သည့်တရားဝင်-စာအရ Gail JJ India Ltd သည် we project ၏ ပါတနာ

ဖြစ်ပြီး မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင် (MIC) ဥပဒေအရ ချွင်းချက်အဖြစ် ၅ နှစ် အခွန်ကင်းလွတ်ခွင့်ရရှိနေပါသည်။

## အစိုးရလုပ်ငန်းအဖွဲ့အစည်းများ

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SOEs) များအပါအဝင် အစိုးရလုပ်ငန်းဌာနများ၏ အစီရင်ခံစာများကို အစိုးရအဖွဲ့အစည်းအလိုက် တရားဝင်တာဝန်ပေးထားသော တာဝန်ခံအရာရှိတစ်ဦးမှ လက်မှတ်ထိုးပေးပြီး၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ သဘောတူထားသည့်အတိုင်း ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၏ အချက်အလက် ထုတ်ပြန်သည့်မူဘောင် (Reporting template) မှလွဲ၍ ကျန်ဌာနများ၏အချက်အလက်ထုတ်ပြန် သည့်မူဘောင်အား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ မှန်ကန်ကြောင်း ထပ်ဆင့်ထောက်ခံအတည်ပြုပေးရပါသည်။

တိုက်ဆိုင်စစ်ဆေးခြင်းနယ်ပယ်အတွင်းပါဝင်သည့် အစိုးရဌာနအဖွဲ့အစည်းများနှင့် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ အားလုံးက အချက်အလက် ထုတ်ပြန်သည့်မူဘောင် (Reporting template)များကို စုစည်းတင်ပြရပါသည်။

၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အတွက် အချက်အလက် ထုတ်ပြန်သည့်မူဘောင် (Reporting template)များနှင့် စာရင်းစစ်အစီရင်ခံစာများအားလုံးကို ပင်မအစီရင်ခံစာ၏ နောက်ဆက်တွဲ (၁၄) တွင် ဖော်ပြထားပါသည်။

# အနှစ်ချုပ်

လွတ်လပ်သော စာရင်းတိုက်ဆိုင်စစ်ဆေးသူ (Independence Administrator-IA)သည် အစီရင်ခံထားခဲ့သည့် စာရင်းဇယားအချက်အလက်များကို စာရင်းစစ်ခြင်းပြုလုပ်ထားခြင်းမရှိဘဲ အစီရင်ခံခဲ့သည့် ကုမ္ပဏီများ၏ အာမခံချက်များကိုသာ လေ့လာခဲ့ခြင်းဖြစ်ပါသည်။

အချက်အလက် ထုတ်ပြန်သည့်မူဘောင် (Reporting template) များတင်ပြခဲ့သော အရေအတွက်အားဖြင့် ၈၆% ရှိသော ကုမ္ပဏီများမှ ပေးခဲ့သော စီမံခန့်ခွဲမှုထောက်ခံချက်စာများ (သို့မဟုတ်) ၂၀၁၅ – ၁၆ ဘဏ္ဍာနှစ်အတွက် လချုပ်စာရင်းများအား အတည်ပြုထောက်ခံချက်များကိုသာ စစ်ဆေးခဲ့ပါသည်။ ဤကုမ္ပဏီများအတွက် အစိုးရဌာနအဖွဲ့အစည်းများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SOEs) များမှ အစီရင်ခံထား သည့် ပေးချေမှုများသည် တိုက်ဆိုင်စစ်ဆေးမှုနယ်ပယ်အတွင်းပါဝင်သည့် ကုမ္ပဏီများမှ စုစုပေါင်းပေးချေမှု၏ ၉၈% ကို ကိုယ်စားပြုပါသည်။

သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ (MSG)၏ သဘောတူထားသည့် အာမခံချက်ရှိသည့် လုပ်ထုံးလုပ်နည်းများအပေါ် အခြေခံ၍ ငွေစာရင်းအချက်အလက်များကို တိုက်ဆိုင်စစ်ဆေးပြီးနောက် နောက်ဆုံး ငွေရေးကြေးရေးဆိုင်ရာ အာမခံချက်များကို ဆန်းစစ်ခြင်းပြုလုပ်ခဲ့ပါသည်။ ကုမ္ပဏီများအတွက် တိုက်ဆိုင်စစ်ဆေးခြင်းပြုလုပ်ရာတွင် စုစုပေါင်းဘဏ္ဍာ ငွေ၏ ၉၉.၈% အား အမြင့်ဆုံးအတိုင်းအတာ (high range) ဖြင့်ဆန်းစစ်ခဲ့ပြီး စုစုပေါင်းဘဏ္ဍာငွေ၏ ၀.၂% အား အလယ်အလတ်အတိုင်းအတာ (median range) ဖြင့် ဆန်းစစ်ခဲ့ပါသည်။

အစိုးရဌာနအဖွဲ့အစည်းများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SOEs) များအား တိုက်ဆိုင်စစ်ဆေးရာတွင် အနိမ့်ဆုံးနှင့် အလယ်အလတ်အတိုင်းအတာဖြင့် အဓိကကျသောလုပ်ငန်းများကို ဆန်းစစ်သော်လည်း နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SOEs) နှင့် ကုမ္ပဏီများမှ ပေးချေမှုပမာဏများနှင့် အစိုးရဌာနအဖွဲ့အစည်းများမှ လက်ခံရရှိသည့်ပမာဏများအကြား တိုက်ဆိုင်စစ်ဆေးသည့်လုပ်ငန်းစဉ်ကြောင့် ဥပဒေသအရ ကုမ္ပဏီများနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း (SOEs)များမှ စာရင်းအချက်အလက်များခိုင်မာမှုတိုးမြင့်လာလေလေ အစိုးရဌာနအဖွဲ့အစည်းများ၏ စာရင်းအချက်အလက်များခိုင်မာမှုတိုးမြင့်လာလေလေဖြစ်ပါသည်။ ထို့ကြောင့်လွတ်လပ်သော တိုက်ဆိုင်စစ်ဆေးသူ (Independence Administrator-IA) ကုမ္ပဏီများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SOEs) နှင့် အစိုးရဌာနအဖွဲ့အစည်းများမှ ငွေစာရင်းအချက်အလက်များ တိုက်ဆိုင်စစ်ဆေးမှု၏ ကိန်းဂဏန်းပြည့်စုံမှုနှင့် ခိုင်မာမှုဆန်းစစ်ခြင်းကို ကျေနပ်စရာကောင်းသည်ဟု ခြုံငုံ၍ကောက်ချက်ချ ထားပါသည်။

သို့သော်လည်း နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း (SOEs)များ၏ အချက်အလက်များ အာမခံနိုင်မှုအဆင့်တိုးတက်လာရန် အချို့သောကဏ္ဍများမှ သိသိသာသာတိုးတက်မှုများရှိရန် လိုအပ်နေသေးခြင်းနှင့် လက်ရှိအစီရင်ခံစာအရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SOEs) စာရင်းအကောင့်များ(SOE Accounts) မှ အချက်အလက်များနှင့် EITI မှ အချက်အလက်များသည် ကွာဟချက်အချို့ရှိနေသေးကြောင်းတွေ့ရှိရပါသည်။ (အစီရင်ခံစာ၏ အခန်း ၁.၅ နှင့် ၅.၇.၁ များတွင် ကြည့်ပါ)

ကမ္ပဏီများ၏ အချက်အလက်များအာမခံနိုင်မှုအဆင့်တိုးတက်လာရန် အချို့သောကဏ္ဍများမှ သိသိသာသာ တိုးတက်မှုများရှိရန်လိုအပ်နေသေးခြင်းနှင့် လက်ရှိအစီရင်ခံစာအရတွင်းထွက်ကမ္ပဏီများ၏ အာမခံနိုင်သော အချက်အလက်များတွင် ကွာဟချက်အချို့ရှိနေပါသေးသည်။

ဤအစီရင်ခံစာတွင် သတ်မှတ်ဖော်ပြခဲ့သောကာဘဏ္ဍာရေး ခုနှစ် ၂၀၁၅-၂၀၁၆ အတွက် တွင်းထွက်ကုမ္ပဏီများမှ လက်ခံရရှိသော စုစုပေါင်းဘဏ္ဍာငွေမှာ အစိုးရဌာနအဖွဲ့အစည်းများက ကြေညာခဲ့သည်မှာ မြန်မာကျပ်ငွေသန်းပေါင်း ၃,၃၇၀,၂၈၀ ဖြစ်သည်။ အောက်ဖော်ပြပါဇယားနှင့်ပုံများတွင် တိုက်ဆိုင်စစ်ဆေးထားသော ဘဏ္ဍာဝင်ငွေများနှင့် အစိုးရဘက်မှ တိုက်ဆိုင်စစ်ဆေးခြင်းနယ်ပယ်နှင့်အညီထုတ်ပြန်ပေးသော ဘဏ္ဍာဝင်ငွေများကို အကျဉ်းချုံး ဖော်ပြထားသည်။

ဇယား(၁၃)တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းတွင် ပါဝင်သည့်တွင်းထွက်လုပ်ငန်းများမှ စုစုပေါင်းပေးချေမှုများ

| ကဏ္ဍခွဲများ | တိုက်ဆိုင်စစ်ဆေးထားသော | တဖက်သတ် ထုတ်ဖော်မှု | နိုင်ငံတော်ထုတ်လုပ်မှုဝေစုမှ အရောင်းများ | လူမှုရေးဆိုင်ရာပေးချေမှုများ | စုစုပေါင်းဘဏ္ဍာငွေများ |
|---|---|---|---|---|---|
| ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၂၁၄၈၆၃၄.၅၀ | – | ၁၆၀၇၀ | ၆၆၀၆ | ၂၁၇၁၃၁၀ |
| ရေနံနှင့်သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေး | ၄၀၃၈၁၄ | – | – | ၄၇၉၃ | ၄၀၈၆၀၇ |
| ကျောက်မျက်နှင့် ကျောက်စိမ်း | ၂၂၈၁၀၀ | ၄၇၉၆၁၇ | – | ၇၂ | ၇၀၇၈၀၈ |
| အခြားသတ္တုများ | ၂၆၆၄၆ | ၄၀၄၇၂ | ၂၈၁၁၅ | ၁၁၄၉ | ၉၈၅၈၁ |
| ပုလဲ | – | ၄၁.၇၂ | ၁၈၁၁၉ | – | ၁၈၁၆၁ |
| စုစုပေါင်း | ၂၈၀၇၁၉၅ | ၅၂၀၁၅၀ | ၆၂၅၀၄ | ၁၄၆၂၀ | ၃၄၀၄၄၆၉ |
| % | ၈၂.၄၆% | ၁၅.၂၈% | ၁.၈၄% | ၀.၄၃% | ၁၀၀% |

## ကုမ္ပဏီများမှ အစိုးရဌာနအဖွဲ့အစည်းများသို့ ပေးချေငွေများကို တိုက်ဆိုင်စစ်ဆေးခြင်း

ဤအစီရင်ခံစာတွင် ကုမ္ပဏီများမှ အစိုးရဌာနအဖွဲ့အစည်းများသို့ ပေးချေမှုများနှင့် အစိုးရဌာနများမှ လက်ခံရရှိသော အခွန်ဘဏ္ဍာငွေများအကြားတွင် ဖြစ်နိုင်ချေရှိသော ကွာဟချက်များကို သိရှိနိုင်ရန်နှင့် သေချာနိုင်စေရန်အတွက် လွတ်လပ်သော တိုက်ဆိုင်စစ် ဆေးသူ (IA)အဖြစ် Moore Stephen နှင့် စာချုပ်ချုပ်၍ဆောင်ရွက်ခဲ့ပြီး တွင်းထွက်ကုမ္ပဏီများနှင့် အစိုးရဌာနအဖွဲ့အစည်းများမှ တင်ပြလာသော အခွန်အခငွေများကို တိုက်ဆိုင်စစ်ဆေးခဲ့သည်။ တိုက်ဆိုင်စစ်ဆေးတွက်ချက်မှု အစီရင်ခံခြင်းကို ပင်မအစီရင်ခံစာ၏ အခန်း(၅)တွင် အသေးစိတ်ဖော်ပြထားပါသည်။

၎င်းတိုက်ဆိုင်စစ်ဆေးမှု (တွက်ချက်ပြင်ဆင်အတည်ပြုပြီး) တွင် မြန်မာကျပ်ငွေသန်းပေါင်း ၅၂,၇၃၀ (အမေရိကန်ဒေါ်လာ ၄၃.၀၉၅ သန်း)သည် ကွာဟမှုအဖြစ်တည်ရှိပြီး ထိုကွာဟချက်သည် စုစုပေါင်းတိုက်ဆိုင်မှုပမာဏ (အစိုးရအချက်အလက်ထုတ်ပြန်သည့် မှုဘောင်အပေါ်တွင်အခြေခံ၍) ၏ ၁.၈၈% ကို ကိုယ်စားပြုသည်။ ၎င်းကွာဟချက်သည် အပေါင်းကွာဟချက်ဖြစ်သည့် မြန်မာကျပ်ငွေသန်းပေါင်း ၁၃,၄၇၃ နှင့် အနှုတ်ကွာဟချက် မြန်မာကျပ်ငွေသန်းပေါင်း ၆၆,၂၀၃ ၏ ပေါင်းခြင်းခြားနားချက်ဖြစ်ပါသည်။

ဇယား(၁၄) တိုက်ဆိုင်စစ်ဆေးတွက်ချက်မှု၏ နောက်ဆုံးကွာဟချက်အချုပ်

| | တွင်းထွက် ကုမ္ပဏီများ | အစိုးရ | အပေါင်းကွာဟချက် | | အနှုတ်ကွာဟချက် | | ထပ်ပေါင်းကွာဟချက် | | အသားတင်ကွာဟချက် | |
|---|---|---|---|---|---|---|---|---|---|---|
| ရေနံနှင့်သဘာဝ ဓာတ်ငွေ့ | ၂၁၁၀၁၂၀ | ၂၁၄၈၆၃၄ | ၂၂၀၃၃ | ၀.၁% | (၄၀၅၄၈) | (၁.၉%) | ၄၂၅၈၁ | ၂.၀% | (၃၈၅၁၅) | (၁.၈%) |
| ကျောက်မျက်နှင့် ကျောက်စိမ်း | ၂၁၈၃၆၇ | ၂၂၈၁၀၀ | ၅၀၂၂ | ၂.၂% | (၁၄၇၅၅) | (၆.၅%) | ၁၉၇၇၇ | ၈.၇% | (၉၇၃၃) | (၄.၃%) |
| အခြားသတ္တု | ၂၈၁၁၉ | ၂၆၆၄၆ | ၃၃၈၅၀ | ၁၄.၄% | (၂၃၇၈) | (၈.၉%) | ၆၂၂၈ | ၂၃.၄% | ၁၄၇၂ | ၅.၅% |
| ရေနံနှင့်သဘာဝ ဓာတ်ငွေ့သယ်ယူ ပို့ဆောင်ရေး | ၃၉၇၈၆၀ | ၄၀၃၈၁၄ | ၂၅၆၈ | ၀.၆% | (၈၅၂၂) | (၂.၁%) | ၁၁၀၉၀ | ၂.၇% | (၅၉၅၄) | (၁.၅%) |
| စုစုပေါင်း | ၂၇၅၄၄၆၄ | ၂၈၀၇၁၉၅ | ၁၃၄၇၃ | ၀.၅% | (၆၆၂၀၃) | (၂.၄%) | ၇၉၆၇၆ | ၂.၈% | (၅၂၇၃၀) | (၁.၉%) |

EITI သို့အစီအရင်မခံသည့် ကုမ္ပဏီများ၏ အချက်အလက်များမပါဝင်ပါ။

စုစုပေါင်းတိုက်ဆိုင်မှုမရှိသည့် ကွဲလွဲချက်ပမာဏသည် (၁.၉%) သည် MSGမှအတည်ပြုထားပြီး အစိုးရဌာနဌာနအဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ကြေညာထားသည့် စုစုပေါင်းအခွန်ဘဏ္ဍာငွေပမာဏ၏ နောက်ဆုံးလက်ခံနိုင်သည့် ကွဲပြားခြားနားချက်စံနှုန်း (၂%) အောက်သာဖြစ်ပါသည်။

ကဏ္ဍအလိုက် တိုက်ဆိုင်မှုမရှိသည့် ကွဲလွဲချက်ပမာဏ ဆန်းစစ်ချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

## ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ

အစိုးရဌာနများမှ အစီရင်ခံထားသည့် ပေးချေမှုပမာဏတွင် စုစုပေါင်းတိုက်ဆိုင်မှုမရှိသည့် ကွဲလွဲချက်ပမာဏသည် မြန်မာကျပ်ငွေသန်းပေါင်း(၃၈၅၁၄.၉)၊ ရာခိုင်နှုန်းအားဖြင့် ၁.၈% ဖြစ်ပြီး နောက်ဆုံးလက်ခံနိုင်သည့် ကွဲပြားခြားနား ချက်စံနှုန်း(၂%) အောက်သာရှိပါသည်။ ထိုပမာဏသည် အပေါင်းကွာခြားချက် မြန်မာကျပ်ငွေသန်းပေါင်း (၂၀၃၃.၀) နှင့် အနှုန်ကွာခြားချက် မြန်မာကျပ်ငွေသန်းပေါင်း (၄၀၅၄၈.၀) ပမာဏများ၏ ပေါင်းခြင်းဖြစ်ပါသည်။ မတိုက်ဆိုင်သည့် ကွဲပြားချက်ချက်များကို အောက်ပါအတိုင်း အကျဉ်းချုပ်ပြသထားပါသည်။

| ကွဲလွဲရသည့်အကြောင်းအရင်းများ | ပမာဏ (မြန်မာကျပ်ငွေသန်းပေါင်း) |
|---|---|
| Cut-off error(က) | (၃၀,၂၁၁.၀၁) |
| တွင်းထွက်ကုမ္ပဏီများမှမတင်ပြသေးသည့် အချက်အလက်ထုတ်ပြန်သည့်မှုဘောင်(ခ) | (၁၀,၄၄၁.၉) |
| တွင်းထွက်ကုမ္ပဏီမှ အစီရင်ခံခြင်းမပြုသည့်အခွန်များ(ဂ) | (၁၁၆.၄) |
| အစိုးရဌာနအဖွဲ့အစည်းများမှ အတည်မပြုရသေးသည့်အခွန် များ(ဃ) | ၂,၂၄၇.၁ |
| စုစုပေါင်းကွဲလွဲချက်များ | (၃၈,၅၁၄.၉) |

## (က) Cut-off errors

ဤကွဲလွဲချက်သည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများမှ အခွန်ကို မတ်လမကုန်ခင်ပေးထားပြီး ငွေလွှဲရက်စွဲနှင့် ငွေလက်ခံရက်စွဲကြား ကြာရှည်သည့် လုပ်ငန်းစဉ်များကြောင့် ဧပြီလအတွင်း ရက်စွဲဖြင့် တရားဝင်လက်ခံဖြတ်ပိုင်းကို ထုတ်ပြန်ထားသောကြောင့် ဖြစ်ပါသည်။ ကုမ္ပဏီများမှ မြန်မာ့စီးပွားရေးဘဏ်သို့ ဒေါ်လာငွေဖြင့်ငွေလွှဲထားပြီး မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်းမှ မြန်မာကျပ်ငွေဖြင့် ကိုယ်ပိုင်အကောင့်စာရင်းထဲသို့ လက်ခံထားပါသည်။ ဒါကြောင့် ရေနံနှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီများသည် ၂၀၁၅ ခုနှစ်၊ မတ်လတွင် ပေးချေထားသော အခွန်ပေးချေမှုများကို ၂၀၁၄ - ၁၅ ခုနှစ်အတွက် အခွန်ပေးချေမှုများအဖြစ် အစီရင်ခံထားပါသည်။ သို့သော်လည်း မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်းသည် မြန်မာ့စီးပွားရေးဘဏ်မှ လွှဲပေးသည့် လက်ခံ ရရှိသည့် ရက်စွဲအရ ၂၀၁၅ - ၁၆ ခုနှစ်၏ နောက်ဆုံးအခွန်ပေးချေမှုစာရင်းဟု အစီရင်ခံထားပါသည်။

ကုမ္ပဏီများမှ ပေးချေသည့်အခွန်နှင့် ထုတ်ပြန်ထားသည့် အခွန်ကွဲလွဲချက်များကို အစီရင်ခံစာ၏ အခန်း (၅.၁.၃) တွင် တင်ပြထားပါသည်။

## (ခ) တွင်းထွက်ကုမ္ပဏီမှ အစီရင်မခံသည့် အချက်အလက်ထုတ်ပြန်သည့်မှုဘောင်

အစိုးရဌာနများမှ အစီရင်ခံထားသည့် အခွန်များဖြင့် သက်ဆိုင်သည့် ကွဲလွဲချက်ဖြစ်ပါသည်။ အစိုးရဌာနများမှ အစီရင်ခံထားသော်လည်း ကုမ္ပဏီများမှ အစီရင်ခံစာပုံစံ(reporting templates)တွင် ဤပေးချေမှုများကို ထည့်သွင်းအစီရင်ခံထားခြင်းမရှိပေ။

ကုမ္ပဏီများမှ ပေးချေသည့်အခွန်နှင့် ထုတ်ပြန်ထားသည့် အခွန်ကွဲလွဲချက်များကို အစီရင်ခံစာ၏ အခန်း (၅.၁.၃) တွင် တင်ပြ ထားပါသည်။

## (ဂ) တွင်းထွက်ကုမ္ပဏီမှ အစီရင်မခံသည့် အခွန်များ

ဤကွဲလွဲချက်အကြောင်းအရင်းသည် တွင်းထွက်ကုမ္ပဏီများမှ အစီရင်မခံထားသော်လည်း ပြည်တွင်းအခွန်ဌာနမှ ကန့်သတ်အခွန်များနှင့် သက်ဆိုင်နေပါသည်။ ပြည်တွင်းအခွန်ဦးစီးဌာနမှ အစီရင်ခံထားသည့် ကန့်သတ်အခွန်ကို လေ့လာမှုတွင် မပါဝင်သည့် အခွန်ကိုယ်စားလှယ်တော်များမှ ပေးချေထားပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများကိုယ်စား ကန့်သတ်အခွန်ကို ပြည်တွင်းအခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးခြင်းဖြစ်ပါသည်။ ထိုပမာဏသည် ပြည်တွင်းအခွန်ဦးစီးဌာနသို့ ကုမ္ပဏီများမှ တိုက်ရိုက်ပေးချေခြင်းမဟုတ်သောကြောင့် ကုမ္ပဏီများအနေဖြင့် အစီရင်ခံစာပုံစံတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။

ကုမ္ပဏီများမှ ပေးချေသည့်အခွန်နှင့် ထုတ်ပြန်ထားသည့် အခွန်ကွဲလွဲချက်များကို အစီရင်ခံစာ၏ အခန်း (၅.၁.၃)တွင် တင်ပြထားပါသည်။

## (ဃ) အစိုးရဌာနမှ အတည်မပြုသည့်အခွန်များ

ကန့်သတ်အခွန်နှင့်ပတ်သက်သည့် ကွဲလွဲချက်သည် ကုမ္ပဏီများမှ ကုန်ပစ္စည်းပံ့ပိုးသူများနှင့် တဆင့်ခံကန်ထရိုက်တာများကိုယ်စား အခွန်ကိုယ်စားလှယ်အဖြစ်ပေးချေထားသည့် ကန့်သတ်အခွန်ဖြစ်ပါသည်။ ပြည်တွင်းအခွန်ဦးစီးဌာနသည်လည်း ကန့်သတ် အခွန်ပေးဆောင်သည့် ကုမ္ပဏီ၏ အမည်ကို မှတ်တမ်းထားခြင်းမရှိသောကြောင့် ထိုကန့်သတ်အခွန် ပေးဆောင်သည့် ကုမ္ပဏီများ သည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများမှ ပေးချေခြင်းဟုတ်မဟုတ်ဆိုသည်ကို အတည်ပြုနိုင်ခြင်းမရှိပေ။ ပေးချေမှုဖြတ်ပိုင်းတွင် ကုန်ပစ္စည်းပံ့ပိုးသူများနှင့် တဆင့်ခံကန်ထရိုက်တာများ၏ အမည်သာလျှင် ဖော်ပြထားပြီး ပြည်တွင်းအခွန်ဦးစီးဌာနသို့ ကန့်သတ်အခွန်ပေးချေသည့် ကုမ္ပဏီ၏ အမည်ကို ဖော်ပြထားခြင်းမရှိပေ။

ကုမ္ပဏီများမှ ပေးချေသည့်အခွန်နှင့် ထုတ်ပြန်ထားသည့် အခွန်ကွဲလွဲချက်များကို အစီရင်ခံစာ၏ အခန်း (၅.၁.၃) တွင် တင်ပြထားပါသည်။

## ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍ

စုစုပေါင်းတိုက်ဆိုင်မှုမရှိသည့် ကွဲလွဲချက်ပမာဏသည် မြန်မာကျပ်ငွေသန်းပေါင်း (၉,၇၃၃.၀) ဖြစ်၍ အစိုးရမှ အစီရင်ခံထားသည့် စုစုပေါင်းပေးချေမှုပမာဏ၏ ၄.၃ % ဖြစ်သောကြောင့် နောက်ဆုံးလက်ခံနိုင်သည့် ကွဲလွဲချက်စံနှုန်း ၂% အထက်တွင် ရှိနေသည်။ ထိုပမာဏ သည် အပေါင်းကွဲလွဲချက် မြန်မာကျပ်ငွေသန်းပေါင်း (၅,၀၂၂.၁) နှင့် အနှုတ်ကွဲလွဲချက် မြန်မာကျပ်ငွေသန်းပေါင်း (၁၄၇၅၅.၂) တို့၏ ပေါင်းခြင်းဖြစ်သည်။ ဤတိုက်ဆိုင်မှုမရှိသည့် ကွဲလွဲချက်များကို အောက်ပါအတိုင်း အနှစ်ချုပ်ဖော်ပြထားပါသည်။

| ကွဲလွဲရသည့်အကြောင်းအရင်းများ | ပမာဏ (မြန်မာကျပ်ငွေသန်းပေါင်း) |
|---|---|
| တွင်းထွက်ကုမ္ပဏီမှ အစီရင်မခံသည့် အခွန် (က) | (၁၇,၆၇၅.၈) |
| အစိုးရဌာနအဖွဲ့အစည်းများမှ အစီရင်မခံသည့်အခွန် (ခ) | ၈,၀၀၁.၉ |
| ယုတ္တိမတန်သည့်ကွဲလွဲချက်များပေါင်းခြင်း | (၅၉.၁) |
| စုစုပေါင်းကွဲလွဲချက်များ | (၉,၇၃၃.၀) |

## (က) တွင်းထွက်ကုမ္ပဏီမှ အစီရင်မခံသည့်အခွန်

ဤကွဲလွဲချက်သည် ကျောက်စိမ်းနှင့် ကျောက်မျက်ကုမ္ပဏီများမှ ပေးချေမှုအဖြစ် အစိုးရကိုယ်စားလှယ်များမှ ကြေညာထားသည့် အခွန်ပမာဏများနှင့်သက်ဆိုင်နေပါသည်။ သို့သော်လည်း ကျောက်စိမ်းနှင့် ကျောက်မျက်ကုမ္ပဏီများသည် အချက်အလက်ထုတ်ပြန်သည့်မူဘောင် (Reporting templates) ဤပေးချေမှုများကို ထည့်သွင်းအစီရင်ခံခြင်းမရှိပေ။ ဤကွဲလွဲချက်သည် တိုက်ဆိုင်စစ်ဆေးမှုပြုခြင်းနှင့် ညှိနှိုင်းအတည်ပြုမှုများပြုလုပ်ပြီးနောက် နောက်ဆုံးမရှင်းလင်းသည့် ကွဲလွဲချက်အဖြစ် ဖော်ပြထားပါသည်။

ကုမ္ပဏီများမှ ပေးချေသည့်အခွန်နှင့် ထုတ်ပြန်ထားသည့်

အခွန်ကွဲလွဲချက်များကို အစီရင်ခံစာ၏ အခန်း (၅.၂.၄) တွင် တင်ပြထားပါသည်။

## (ခ) အစိုးရကိုယ်စားလှယ်မှ အစီရင်မခံသည့် အခွန်

ဤကွဲလွဲမှုသည် ကျောက်စိမ်းနှင့် ကျောက်မျက်ကုမ္ပဏီများမှ အစိုးရကိုယ်စားလှယ်များသို့ ပေးချေမှုအဖြစ် ကြေညာထားသည့် အခွန်များနှင့် သက်ဆိုင်ပါသည်။ သို့သော် အစိုးရကိုယ်စားလှယ်များသည် ဤပေးချေမှုများကို အချက်အလက်ထုတ်ပြန်သည့်မူဘောင် (reporting templates) တွင် ထည့်သွင်းဖော်ပြထား ခြင်းမရှိပေ။ ဤကွဲလွဲချက်သည် တိုက်ဆိုင်စစ်ဆေးမှုပြုခြင်းနှင့် ညှိနှိုင်း အတည်ပြုမှုများပြုလုပ်ပြီးနောက် နောက်ဆုံး မရှင်းလင်းသည့် ကွဲလွဲချက်အဖြစ် ဖော်ပြထားပါသည်။

ကုမ္ပဏီများမှ ပေးချေသည့်အခွန်နှင့် ထုတ်ပြန်ထားသည့် အခွန်ကွဲလွဲချက်များကို အစီရင်ခံစာ၏ အခန်း (၅.၂.၄) တွင် တင်ပြထားပါသည်။

## အခြားသတ္တုများ

စုစုပေါင်း တိုက်ဆိုင်မှုမရှိသည့် ကွာဟချက်ပမာဏသည် မြန်မာကျပ်ငွေသန်းပေါင်း (၁,၄၇၂.၁) ဖြစ်ပြီး အစိုးရဌာနအဖွဲ့အစည်းများမှ အစီရင်ခံထားသည့် စုစုပေါင်းပေးချေမှု၏ ၅.၅ % ဖြစ်သောကြောင့် နောက်ဆုံးလက်ခံနိုင်သည့် ကွဲဟချက် စံနှုန်း ၂% အထက်ရှိပါသည်။ ထိုပ မာဏသည် အပေါင်းကွဲလွဲချက် မြန်မာကျပ်ငွေသန်းပေါင်း (၃,၈၄၈.၉) နှင့် အနုတ်ကွာဟချက် မြန်မာကျပ်ငွေသန်းပေါင်း (၂,၃၇၇.၇) တို့၏ ပေါင်းလဒ်ဖြစ်ပါသည်။ ဤမတိုက်ဆိုင်သည့်ကွဲလွဲချက်များကို အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြထားပါသည်။

| ကွဲလွဲရသည့်အကြောင်းအရင်းများ | ပမာဏ (မြန်မာကျပ်ငွေသန်းပေါင်း) |
|---|---|
| အစိုးရဌာနအဖွဲ့အစည်းများမှ အစီရင်မခံသည့်အခွန် (က) | ၄,၂၆၅.၆ |
| တွင်းထွက်ကုမ္ပဏီမှ အစီရင်မခံသည့် အခွန် (ခ) | (၃,၀၄၇.၆) |
| လက်ခံပြေစာတစ်ခုချင်းအလိုက်အသေးစိတ်တွင်းထွက်ကုမ္ပဏီ၏အသေးစိတ်အချက်အလက်မပါရှိခြင်း (ဂ) | ၂၈၈.၂ |
| ငွေလဲနှုန်းမတူညီမှု (ဃ) | (၄၁.၃) |
| ပစ္စည်းမဟုတ်သည့်ကွဲလွဲချက်များပေါင်းခြင်း | ၇.၂ |
| စုစုပေါင်းကွဲလွဲချက်များ | ၁,၄၇၂.၁ |

## (က) အစိုးရ ဌာနအဖွဲ့အစည်းများမှ အစီရင်မခံသည့် အခွန်

ဤကွဲလွဲချက်သည် အခြားသတ္တုကုမ္ပဏီများမှ အစိုးရကိုယ်စားလှယ်များသို့ ပေးချေမှုအဖြစ်ကြေညာထားသည့်အခွန်များနှင့် သက်ဆိုင်ပါသည်။ သို့သော် အစိုးရ ဌာနအဖွဲ့အစည်းများသည် အချက်အလက်ထုတ်ပြည်သည့် မူဘောင် (reporting templates) တွင် ဤပေးချေမှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။ ဤကွဲလွဲချက်သည် တိုက်ဆိုင်စစ်ဆေးမှုပြုခြင်းနှင့် ညှိနှိုင်းအတည်ပြုမှုများပြုလုပ်ပြီးနောက် နောက်ဆုံးမရှင်းလင်းသည့် ကွဲလွဲချက်အဖြစ် ဖော်ပြထားပါသည်။

ကုမ္ပဏီများမှ ပေးချေသည့်အခွန်နှင့် ထုတ်ပြန်ထားသည့် အခွန်ကွဲလွဲချက်များကို အစီရင်ခံစာ၏ အခန်း (၅.၃.၃) တွင် တင်ပြထားပါသည်။

## (ခ) တွင်းထွက်ကုမ္ပဏီမှ အစီရင်မခံသည့် အခွန်

ဤကွဲလွဲချက်သည် အစိုးရ ဌာနအဖွဲ့အစည်းများမှ အခြားသတ္တုကုမ္ပဏီများ၏ ပေးချေမှုအဖြစ်ကြေညာထားသည့် အခွန်များနှင့် သက်ဆိုင်ပါသည်။ သို့သော် ကုမ္ပဏီများသည် ဤပေးချေမှုများကို အချက်အလက်ထုတ်ပြန်သည့် မူဘောင် (reporting templates)တွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။ ဤကွဲလွဲချက်သည် တိုက်ဆိုင်စစ်ဆေးမှုပြုခြင်းနှင့် ညှိနှိုင်းအတည်ပြုမှုများပြုလုပ်ပြီးနောက် နောက်ဆုံး မရှင်းလင်းသည့် ကွဲလွဲချက်အဖြစ် ဖော်ပြထားပါသည်။

ကုမ္ပဏီများမှ ပေးချေသည့်အခွန်နှင့် ထုတ်ပြန်ထားသည့် အခွန်ကွဲလွဲချက်များကို အစီရင်ခံစာ၏ အခန်း (၅.၃.၃) တွင် တင်ပြထားပါသည်။

## (ဂ) လက်ခံပြေစာတစ်ခုချင်းအလိုက် တွင်းထွက်ကုမ္ပဏီ၏ အသေးစိတ်အချက်အလက်မပါရှိခြင်း

၎င်းကွဲလွဲချက်သည် အခြားသတ္တုကုမ္ပဏီများမှ အစိုးရဌာနအဖွဲ့အစည်းများသို့ ပေးချေမှုအဖြစ် ကြေညာထားသည့် အခွန်များနှင့် သက်ဆိုင်ပါသည်။ သို့သော် ကုမ္ပဏီများမှ ပေးချေမှုပမာဏ အသေးစိတ်လက်ခံဖြတ်ပိုင်းအချက်အလက်များကို တင်ပြထားခြင်းမရှိပေ။ ထို့ကြောင့် အစိုးရကိုယ်စားလှယ်များနှင့် ထိုပမာဏကို တိုက်ဆိုင်စစ်ဆေးမှုမပြုလုပ်နိုင်ခဲ့ပေ။

ကုမ္ပဏီများမှ ပေးချေသည့်အခွန်နှင့် ထုတ်ပြန်ထားသည့် အခွန်ကွဲလွဲချက်များကို အစီရင်ခံစာ၏ အခန်း (၅.၃.၃) တွင် တင်ပြထားပါသည်။

## (ဃ) ငွေလဲနှုန်းမတူညီမှု

၎င်းကွဲလွဲချက်သည် အခြားသတ္တုကုမ္ပဏီများမှ မြန်မာကျပ်ငွေဖြင့် ပေးချေမှုကြေညာ ထားသည့်အခွန်နှင့် အစိုးရဌာနအဖွဲ့အစည်းများမှ ဒေါ်လာဖြင့်အစီရင်ခံထားသည့် အခွန်များ၏ မတူညီခြင်းကြောင့်ဖြစ်ပါသည်။ အစိုးရဌာနအဖွဲ့အစည်းများမှ ကြေညာထားသည့် ပမာဏသည် နှစ်စဉ်ပျမ်းမျှငွေလွှဲနှုန်းပမာဏ မြန်မာငွေ (သို့မဟုတ်) ဒေါ်လာ ကို အသုံးပြုပြောင်းလဲထားခြင်းဖြစ်ပါသည်။

ကုမ္ပဏီများမှ ပေးချေသည့်အခွန်နှင့် ထုတ်ပြန်ထားသည့် အခွန်ကွဲလွဲချက်များကို ပင်မအစီရင်ခံစာ၏ အခန်း (၅.၃.၃) တွင် တင်ပြထားပါသည်။

## ရေနံနှင့်သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ခြင်း

စုစုပေါင်း တိုက်ဆိုင်မှုမရှိသည့် ကွာဟချက်ပမာသည် မြန်မာကျပ်ငွေသန်းပေါင်း (၅၉၅၄.၄) ဖြစ်ပြီး အစိုးရကိုယ်စားလှယ်များမှ အစီရင်ခံထားသည့် စုစုပေါင်းပေးချေမှု၏ ၁.၅% ဖြစ်သောကြောင့် နောက်ဆုံးလက်ခံနိုင်သည့်ကွာဟချက်စံနှုန်း ၂% အောက်ဖြစ်ပါသည်။ ထိုပ မာဏသည် အပေါင်းကွဲလွဲချက်ပမာဏ မြန်မာကျပ်ငွေသန်းပေါင်း (၂၅၆၇.၇) သန်းနှင့် အနှုတ်ကွဲလွဲချက်ပမာဏ မြန်မာကျပ်ငွေသန်း ပေါင်း (၈၅၂၂.၁) တို့၏ ပေါင်းခြင်းဖြစ်ပါသည်။ ၎င်းတိုက်ဆိုင်မှုမရှိသည့် ကွဲလွဲချက်များကို အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြထားပါသည်။

| ကွဲလွဲရသည့်အကြောင်းအရင်းများ | ပမာဏ (မြန်မာကျပ်ငွေသန်းပေါင်း) |
|---|---|
| တွင်းထွက်ကုမ္ပဏီမှ အစီရင်မခံသည့် အခွန် (က) | (၁၃,၆၆၆.၈) |
| အစိုးရဌာနအဖွဲ့အစည်းများမှ အစီရင်မခံသည့်အခွန် (ခ) | ၇,၇၁၂.၄ |
| စုစုပေါင်း ကွဲလွဲချက်များ | (၅,၉၅၄.၄) |

## (က) တွင်းထွက်ကုမ္ပဏီမှ အစီရင်မခံသည့် အခွန်

၎င်းကွဲလွဲချက်သည် တွင်းထွက်ကုမ္ပဏီများမှ အစီရင်မခံထားသော်လည်း ပြည်တွင်း အခွန်များဦးစီးဌာနမှအစီရင်ခံထားသည့် ကန့်သတ်အခွန်များများနှင့် သက်ဆိုင်ပါသည်။ ပြည်တွင်းအခွန်ဦးစီးဌာနမှ အစီရင်ခံထားသည့် ကန့်သတ်အခွန်ကို အခြားကုမ္ပဏီများမှ အခွန်ကိုယ်စားလှယ်တော်များအဖြစ် ရေနံနှင့်သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေးကုမ္ပဏီများ ကိုယ်စား ကန့်သတ်အခွန်ကို ပြည်တွင်းအခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးခြင်းဖြစ်ပါသည်။ ထိုပမာဏသည် ပြည်တွင်း အခွန်ဦးစီးဌာနသို့ ကုမ္ပဏီများမှ တိုက်ရိုက်ပေးချေခြင်းမဟုတ်သောကြောင့် ကုမ္ပဏီများအနေဖြင့် အစီရင်ခံစာပုံစံ (reporting templates)တွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။

ကုမ္ပဏီများမှ ပေးချေသည့်အခွန်နှင့် ထုတ်ပြန်ထားသည့် အခွန်ကွဲလွဲချက်များကို အစီရင်ခံစာ၏ အခန်း (၅.၃.၃) တွင် တင်ပြထားပါသည်။

## (ခ) အစိုးရ ဌာနအဖွဲ့အစည်းများမှ အစီရင်မခံသည့် အခွန်

၎င်းကွဲလွဲချက်သည် ကုမ္ပဏီများမှ ကုန်ပစ္စည်းပံ့ပိုးသူများနှင့် တဆင့်ခံကန်ထရိုက်တာများ ကိုယ်စား အခွန်ကိုယ်စားလှယ်အဖြစ်ပေးချေထားသည့် ပင်ရင်းမှနှုတ်ယူပေးသွင်းသောအခွန်

(withholding tax) ဖြစ်ပါသည်။ ပြည်တွင်းအခွန်ဦးစီးဌာန သည်လည်း ကန့်သတ်အခွန်ပေးဆောင်သည့် ကုမ္ပဏီ၏ အမည်ကို မှတ်တမ်းထားခြင်းမရှိသောကြောင့် ထိုပင်ရင်းမှနုတ်ယူပေးသွင်းသောအခွန်(withholding tax) ပေးဆောင်သည့် ကုမ္ပဏီများသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများမှ ပေးချေခြင်းဟုတ်မဟုတ်ဆိုသည်ကို အတည်ပြုနိုင်ခြင်းမရှိပေ။ ပေးချေမှုဖြတ်ပိုင်းတွင် ကုန်ပစ္စည်းပံ့ပိုးသူများနှင့် တဆင့်ခံ ကန်ထရိုက်တာများ၏ အမည်သာလျှင်ဖော်ပြထားပြီး ပြည်တွင်းအခွန်ဦးစီးဌာနသို့ ကန့်သတ်အခွန်ပေးချေသည့် ကုမ္ပဏီ၏အမည်ကို ဖော်ပြထားခြင်းမရှိပေ။

ကုမ္ပဏီများမှ ပေးချေသည့်အခွန်နှင့် ထုတ်ပြန်ထားသည့် အခွန်ကွဲလွဲချက်များကို အစီရင်ခံစာ၏ အခန်း (၅.၃.၃) တွင် တင်ပြထားပါသည်။

ကုမ္ပဏီများနှင့် တိုက်ဆိုင်စစ်ဆေးမှုစာရင်းဇယားများကို အစီရင်ခံစာပါ နောက်ဆက်တွဲ (၁၈) တွင် ဖော်ပြထားပါသည်။

ကုမ္ပဏီများမှ ပြန်လည်တိုက်စစ်ဆေးခြင်း၊ စာရင်းညှိနှိုင်းမှု အသေးစိတ်များနှင့် ထုတ်ပြန်ထားသည့်အခွန်ဘဏ္ဍာများကို ဤအစီရင်ခံစာပါ အခန်း (၅) တွင် ဖော်ပြထားပါသည်။

## အစိုးရဌာနအဖွဲ့အစည်းများသို့ ကုမ္ပဏီများမှ In-kind ပေးချေမှုများ

တွင်းထွက်ကုမ္ပဏီများမှ ပေးချေထားသည့် ကုန်ပစ္စည်းအလိုက် In-kind ပမာဏများကို အစိုးရဌာနအဖွဲ့အစည်းများမှ လက်ခံရရှိထားပါသည်။ ထိုပမာဏများတွင် ကွဲလွဲမှုများရှိပြီး အောက်ပါဇယားတွင် အသေးစိတ်ဖော်ပြထားပါသည်။

ဇယား (၁၅) ပစ္စည်းဖြင့် (In-Kind) ပေးချေမှု နောက်ဆုံးကွာဟချက်များ

| In Kind ပေးချေမှု | အစိုးရအဖွဲ့အစည်း | တွင်းထွက်ကုမ္ပဏီများ | အစိုးရ | ကွဲလွဲချက်များ |
|---|---|---|---|---|
| ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ | | | | |
| In Kind ပေးချေမှု (စည်များ) | မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | ၁၁၄၃၉၁၂ | ၁၁၄၃၉၁၂ | ၁၃၆၃၅၃ |
| In Kind ပေးချေမှု (ကုဗပေသန်းပေါင်း) | မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | ၁၃၇၀၆၆ | ၇၁၃ | ၄၂၆၅၅၄ |
| ကျောက်မျက်နှင့်ကျောက်စိမ်း | | | | |
| In Kind ပေးချေမှု (ကီလိုဂရမ်) | မြန်မာ့ကျောက်မျက်လုပ်ငန်း | ၄၃၁၄၅၇ | ၄၉၀၃ | ၄၂၆၅၅၄ |
| သတ္တုကဏ္ဍ | | | | |
| ရွှေ (Troy Ounce-ToZ) | အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | ၈၇၅၁ | ၉၁၂၅ | (၃၇၄) |
| သံဖြူ (မီလီယံတန်) | အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | ၃၄၁ | ၃၂၃ | ၁၇ |
| ကြေးနီ (မီလီယံတန်) | သတ္တုတွင်းဦးစီးဌာန | ၁၈၈၇ | ၁၈၈၇ | - |
| ထုံးကျောက် (မီလီယံတန်) | အမှတ်(၁)သတ္တုတွင်းလုပ်ငန်း | ၂၆၉၂၂၆ | - | ၂၆၉၂၂၆ |

ကုမ္ပဏီများမှပြန်လည်တိုက်စစ်ဆေးခြင်း၊စာရင်းညှိနှိုင်းမှု အသေးစိတ်များနှင့်ထုတ်ပြန်ထားသည့်အခွန်ဘဏ္ဍာများကို ဤအစီရင်ခံစာပါ အခန်း (၅) တွင် ဖော်ပြထားပါသည်။

## ထုတ်လုပ်မှုနှင့် တင်ပို့မှုများကို တိုက်ဆိုင်စစ်ဆေးခြင်း

အစိုးရဌာနအဖွဲ့အစည်းများမှ ရွေးချယ်ပေးထားသည့် တွင်းထွက်ကုမ္ပဏီများမှ ထုတ်လုပ်မှုနှင့် တင်ပို့မှုများကို တိုက်ဆိုင်စစ်ဆေး မှုများပြုလုပ်ခဲ့ပါသည်။ တိုက်ဆိုင်စစ်ဆေးမှုရလဒ်အရ ကွဲလွဲချက်များကို အောက်ပါအတိုင်း အသေးစိတ်ပြသထားပါသည်။

ဇယား (၁၆) ထုတ်လုပ်မှုနှင့် တင်ပို့မှုများကို တိုက်ဆိုင်စစ်ဆေးခြင်း
ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း

| ထုတ်လုပ်မှု | ကုမ္ပဏီ | | မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | | ကွဲလွဲချက် | |
|---|---|---|---|---|---|---|
| | ရေနံ (စည်) | သဘာဝဓာတ်ငွေ့ (ကုပဗေသန်း) | ရေနံ (စည်) | သဘာဝဓာတ်ငွေ့ (ကုပဗေသန်း) | ရေနံ (စည်) | သဘာဝဓာတ်ငွေ့ (ကုပဗေသန်း) |
| ကမ်းဝေးထုတ်လုပ်မှု | ၂၀၀၃၄၁၉ | ၆၇၃၉၇၄ | ၂၀၀၃၄၁၉ | ၆၇၆၉၅၄ | - | (၂၉၈၀) |
| ကုန်းတွင်းထုတ်လုပ်မှု | ၁၅၀၆၃၄၅ | ၇၁၃၂၉၆ | ၁၅၀၆၃၄၅ | ၇၁၃၂၉၆ | - | - |
| စုစုပေါင်း | ၃၅၀၉၇၆၄ | ၁၃၈၇၂၇၀ | ၃၅၀၉၇၆၄ | ၁၃၉၀၂၅၀ | - | (၂၉၈၀) |

ရေနံနှင့်သဘာဝဓာတ်ငွေ့တင်ပို့ခြင်း

| တင်ပို့ခြင်း | ကုမ္ပဏီ | | | မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | | | ကွဲလွဲချက် | | |
|---|---|---|---|---|---|---|---|---|---|
| | ထုထည် | | တန်ဖိုး(ဒေါ်လာ) | ထုထည် | | တန်ဖိုး(ဒေါ်လာ) | ထုထည် | | တန်ဖိုး(ဒေါ်လာ) |
| | ရေနံ (စည်) | သဘာဝဓာတ်ငွေ့ (ကုဗပေသန်း) | | ရေနံ (စည်) | သဘာဝဓာတ်ငွေ့ (ကုဗပေသန်း) | | ရေနံ (စည်) | သဘာဝဓာတ်ငွေ့ (ကုဗပေသန်း) | |
| ကမ်းဝေးထုတ်လုပ်မှုမှတင်ပို့ခြင်း | ၁၄၃၄၅၄၁ | ၅၄၃၀၁၆ | ၃၉၁၄၀၈၈၅၂၈ | ၁၀၈၄၆၀၆ | ၅၄၁၇၈၄ | ၃၈၃၆၄၉၂၅၀၄ | ၃၄၉၉၃၅ | ၁၂၃၃ | ၇၇၅၉၆၀၂၄ |

ကျောက်မျက်နှင့် ကျောက်စိမ်းထုတ်လုပ်ခြင်း

| ထုတ်လုပ်မှု | ကုမ္ပဏီ | | မြန်မာ့ကျောက်မျက်လုပ်ငန်း | | ကွဲလွဲချက် | |
|---|---|---|---|---|---|---|
| | ထုထည် | ယူနစ် | ထုထည် | ယူနစ် | ထုထည် | ယူနစ် |
| ကျောက်မျက် | ၉၅၆၅၀ | ကာရက် | ၁၈၇၇၀၀ | ကာရက် | (၉၂၀၅၀) | ကာရက် |
| ကျောက်စိမ်း | ၁၂၈၀၅ | ကီလိုဂရမ် | ၂၃၀၂၉၄၃၄ | ကီလိုဂရမ် | (၁၀၂၂၄၀၄၅) | ကီလိုဂရမ် |

ကျောက်မျက်နှင့် ကျောက်စိမ်းပြပွဲအရောင်းများ

| | အရောင်း(ယူရို) | | အရောင်း(မြန်မာ) | | အရောင်း(ယူရို) | | အရောင်း(မြန်မာ) | | အရောင်း(ယူရို) | | အရောင်း(မြန်မာ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ထုထည် | တန်ဖိုး(ယူရို) | ထုထည် | တန်ဖိုး(ယူရို) | ထုထည် | တန်ဖိုး(ယူရို) | ထုထည် | တန်ဖိုး(ယူရို) | ထုထည် | တန်ဖိုး(ယူရို) | ထုထည် | တန်ဖိုး(ယူရို) |
| ကျောက်မျက် | ၁၅၅၈၆၀ | ၂၁၈၄၀၆ | – | – | ၁၅၅၈၅၀ | ၂၁၃၉၉၈ | – | – | ၁၀ | ၄၄၀၈ | – | – |
| ကျောက်စိမ်း | ၈၈၄၅၀၆ | ၂၅၄၃၈၆၂၉၄ | ၄၇၁၅၈၄၉ | ၂၀၇၀၁၉၂၅၂၇၆ | ၈၉၃၈၆၀ | ၃၂၀၅၃၅၅၆၇ | ၁၈၀၅၄၉၇ | ၂၈၀၄၉၀၆၄၈၅၁ | (၉၃၅၄) | (၆၆၁၄၉၂၇၃) | ၂၉၁၀၃၅၂ | (၇၃၄၇၁၃၉၅၇၅) |

အခြားသတ္တုများထုတ်လုပ်ခြင်း

| ထုတ်လုပ်သည့် သတ္တုအမျိုးအစား | ကုမ္ပဏီ | | ကုမ္ပဏီ | | ကုမ္ပဏီ | |
|---|---|---|---|---|---|---|
| | ထုထည် | ယူနစ် | ထုထည် | ယူနစ် | ထုထည် | ယူနစ် |
| သံဓာတ်ပါရှိသောနိကယ် | ၂၃၄၁၈ | မီလီယံတန် | ၆၅၄၆၅ | မီလီယံတန် | (၄၂၀၄၈) | မီလီယံတန် |
| ဂျစ်ပဆန် | ၃၀၀၀ | မီလီယံတန် | ၉၉၃၃ | မီလီယံတန် | (၆၉၃၃) | မီလီယံတန် |
| ရွှေ | ၁၇၀၄ | TOZ | – | – | ၁၇၀၄ | TOZ |
| ခနောက်စိမ်း | ၂၉၆၈ | မီလီယံတန် | ၂၉၀၅ | မီလီယံတန် | ၆၃ | မီလီယံတန် |
| ကျောက်မီးသွေး | ၀ | မီလီယံတန် | ၈၇၅၂၃ | မီလီယံတန် | (၈၇၅၂၃) | မီလီယံတန် |
| ထုံးကျောက် | ၈၃၈၇၀၉ | မီလီယံတန် | ၁၃၈၄၄၈၃ | မီလီယံတန် | (၅၄၅၇၇၄) | မီလီယံတန် |
| ဘောက်ဆိုက်သတ္တု | ၀ | မီလီယံတန် | ၂၄၁၃ | မီလီယံတန် | (၂၄၁၃) | မီလီယံတန် |
| ခဲ | ၁၈၁၉ | မီလီယံတန် | ၂၄၁၉ | မီလီယံတန် | (၃၂၀) | မီလီယံတန် |
| ခနောက်စိမ်းအရိုင်း | ၀ | မီလီယံတန် | ၁၆၅၃ | မီလီယံတန် | (၁၆၅၃) | မီလီယံတန် |
| ဇင့် | ၃၃၅၄၉ | မီလီယံတန် | ၂၉၂၅၈ | မီလီယံတန် | ၄၂၉၁ | မီလီယံတန် |
| ခဲသတ္တုအရိုင်း | ၂၀၀၀၀ | မီလီယံတန် | ၀ | | ၂၀၀၀၀ | မီလီယံတန် |
| လျှပ်စစ်သုံးကြေးနီ | ၄၇၁၆၄ | မီလီယံတန် | ၄၅၄၀၈ | မီလီယံတန် | ၁၇၅၆ | မီလီယံတန် |
| သံဖြူနှင့်အဖြိုက်နက် | ၆၅၀ | မီလီယံတန် | – | | ၆၅၀ | မီလီယံတန် |
| သံသတ္တုရိုင်း | ၀ | မီလီယံတန် | ၂၄၇.၆ | မီလီယံတန် | (၂၄၇.၆) | မီလီယံတန် |

## အခြားသတ္တုများတင်ပို့ခြင်း

| | ကုမ္ပဏီ | | | | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | | | | ကွဲလွဲချက်များ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| သတ္တုအမျိုးအစား | ထုထည် | ယူနစ် | တန်ဖိုး | ငွေကြေး | ထုထည် | ယူနစ် | တန်ဖိုး | ငွေကြေး | ထုထည် | တန်ဖိုး | ငွေကြေး |
| နီကယ် | ၉၂၁၂ | မီလီယံတန် | ၈၄၆၀၁၇၆၁ | ဒေါ်လာ | ၃၃၇၄၄ | မီလီယံတန် | ၂၀၄၄၉၆၉ | ဒေါ်လာ | (၂၄၅၃၂) | ၈၂၅၅၆၇၉၂ | ဒေါ်လာ |
| ခနောက်စိမ်း | ၉၀၀ | မီလီယံတန် | ၁၄၀၆၉၀၀ | ဒေါ်လာ | ၉၀၀ | မီလီယံတန် | ၁၃၀၂၃၀၀ | ဒေါ်လာ | – | ၁၀၄၆၀၀ | ဒေါ်လာ |
| ခဲ | ၁၂၈၈၆ | မီလီယံတန် | ၃၂၈၈၂၅၃ | ဒေါ်လာ | ၂၀၇၅၀ | မီလီယံတန် | ၄၇၉၁၇၅၀ | ဒေါ်လာ | (၇၈၆၄) | (၁၅၀၃၄၉၇) | ဒေါ်လာ |
| ဇင့် | ၂၂၄ | မီလီယံတန် | ၈၇၉၅၉ | ဒေါ်လာ | – | – | – | – | ၂၂၄ | ၈၇၉၅၉ | ဒေါ်လာ |
| ခနောက်စိမ်းရိုင်း | ၀ | မီလီယံတန် | ၀ | ဒေါ်လာ | ၁၀ | မီလီယံတန် | ၂၂၀၀ | ဒေါ်လာ | (၁၀) | (၂၂၀၀) | ဒေါ်လာ |
| ခဲသတ္တုသန့် | ၀ | မီလီယံတန် | ၀ | ဒေါ်လာ | ၂၁၃၆ | မီလီယံတန် | ၁၁၀၁၂၆ | ဒေါ်လာ | (၂၁၃၆) | (၁၁၀၁၃၆) | ဒေါ်လာ |
| လျှပ်စစ်သုံးကြေးနီ | ၄၃၉၀၈ | မီလီယံတန် | ၂၄၂၇၆၃၈၉၃ | ဒေါ်လာ | ၄၃၉၀၈ | မီလီယံတန် | ၂၄၂၇၆၄၀၀၀ | ဒေါ်လာ | – | (၁၀၇) | ဒေါ်လာ |
| သံဖြူနှင့်အဖြိုက်နက် | ၂၄၉ | မီလီယံတန် | ၁၇၅၈၈၉၃ | ဒေါ်လာ | | | | | ၂၄၉ | ၁၇၅၈၈၉၃ | ဒေါ်လာ |

## နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOE) မှ ဘဏ္ဍာ ရေးဝန်ကြီးဌာနသို့ လွှဲငွေများကို တိုက်ဆိုင်စစ်ဆေးခြင်း

သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဆုံးဖြတ်ချက်အရ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ (SOE) မှ နိုင်ငံတော်ဘတ်ဂျတ်အတွက် ဘဏ္ဍာ ရေးဝန်ကြီးဌာန နှင့် အခြားအစိုးရအဖွဲ့အစည်းများ (ဥပမာ – သတ္တုတွင်းဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန အစရှိသည့်) သို့ လွှဲငွေများကိုလည်း တိုက်ဆိုင်စစ်ဆေးခဲ့သည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ကြေညာထားသော လွှဲငွေများ နှင့် အစိုးရဌာနအဖွဲ့အစည်းများမှ လက်ခံရရှိသော ဘဏ္ဍာဝင် ငွေ များအကြား ကွာဟချက်သည် ကျပ်သန်းပေါင်း ၁၇,၂၄၉ နှင့် ကျပ်သန်းပေါင်း ၂,၅၅၀ အသီးသီး ကွာပြားမှုရှိခဲ့ပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ အသေးစိတ်အချက်အလက် များကို အောက်ပါဇယားတွင် ဖော်ပြ ထားသည်။

ဇယား(၁၇) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ လွှဲငွေများကို တိုက်ဆိုင်စစ်ဆေးခြင်း ရလဒ်များ

| နိုင်ငံပိုင်စီးပွားရေး လုပ်ငန်း | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း | | အစိုးရအဖွဲ့အစည်းများ | | နောက်ဆုံးကွဲလွဲချက် | |
|---|---|---|---|---|---|---|
| | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန နှင့် သတ္တုဦးစီးဌာန သို့လွှဲပြောင်းငွေများ | အခြားစာရင်းရှင် (နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းကိုယ်ပိုင်စာရင်းရှင်များ) | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန နှင့် သတ္တုဦးစီးဌာန သို့လွှဲပြောင်းငွေများ | အခြားစာရင်းရှင် (နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းကိုယ်ပိုင်စာရင်းရှင်များ) | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန နှင့် သတ္တုဦးစီးဌာန သို့လွှဲပြောင်းငွေများ | အခြားစာရင်းရှင် (နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းကိုယ်ပိုင်စာရင်းရှင်များ) |
| မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | ၇၁၀၅၁၇ | ၇၈၈၈၈၁ | ၇၁၀၅၁၇ | ၇၈၈၈၈၁ | – | – |
| မြန်မာ့ကျောက်မျက်လုပ်ငန်း | ၁၁၇၈၈၆ | ၁၀၅၁၅၅ | ၁၀၀၆၁၇ | ၁၀၇၇၀၅ | ၇,၂၄၉ | (၂၅၅၀) |
| အမှတ်(၁)သတ္တုတွင်းလုပ်ငန်း | ၃၆၆၄ | ၇၉၃၄ | ၃၃၆၆၄ | ၇၉၃၄ | – | – |
| အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | ၁၁၉၃၈ | ၂၃၈၈၂ | ၁၁၁၉၃၈ | ၂၃၈၈၂ | – | – |
| အမှတ်(၃)သတ္တုတွင်းလုပ်ငန်း | ၁၃၂၅၁ | (၇၃၃၃) | ၁၃၂၅၁ | (၇၃၃၃) | – | – |
| စုစုပေါင်း | ၈၅၇၂၄၆ | ၉၁၈၅၁၉ | ၈၈၄၀၀၀၇ | ၉၂၁၀၆၉ | ၇,၂၄၉ | (၂၅၅၀) |

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အခွန်အခတင်ပြချက်များ တွင် ပြသထားသော တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို ပင်မအစီရင်ခံစာ နောက်ဆက်တွဲ (၈)တွင် ဖော်ပြထားသည်။

## (၁.၆) တွေ့ရှိချက်များနှင့် အကြံပြုသုံးသပ်ချက်များ

တွင်းထွက်ကဏ္ဍစီမံအုပ်ချုပ်မှု၊ ဘဏ္ဍာငွေစီမံခန့်ခွဲမှု၊ မြန်မာနိုင်ငံ ၏ EITI လုပ်ငန်းစဉ်တိုးတက်မှုရှိလာရန် ရှုထောင့်တစ်ခုမှ အကြံပြု သုံးသပ်ချက်များပေးထားပြီးများစွာသော တွေ့ရှိချက်များလည်း ဖော်ထုတ်ထားပါသည်။ တွေ့ရှိချက်များကို အောက်ပါအတိုင်းအနှစ် ချုပ် ဖော်ပြထားပါသည်။

တွေ့ရှိချက်များ

| တွေ့ရှိချက်များ | |
|---|---|
| တွင်းထွက်ဘဏ္ဍာများ စီမံအုပ်ချုပ်မှု | |
| ၁ | ပြည်တွင်းအခွန်များဦးစီးဌာန၏ဖွဲ့စည်းမှုဆိုင်ရာစွမ်းဆောင်ရည်များမြှင့်တင်ပေးခြင်း |
| ၂ | တွင်းထွက်ကုမ္ပဏီများ အတည်ပြုသတ်မှတ်နိုင်ရန်အတွက် အစိုးရကိုယ်စားလှယ်များအားလုံး တသမတ်တည်းအခွန် ပေးဆောင်သည့် အတည်ပြုနံပါတ်မရှိခြင်း |
| ၃ | တွင်းထွက်ဘဏ္ဍာငွေများအတွက် သယံဇာတဘဏ္ဍာငွေမျှဝေသည့်စနစ်တစ်ခု ထည့်သွင်းစဉ်းစားသတ်မှတ်ခြင်း |
| ၄ | အစိုးရပိုင်လုပ်ငန်းများပွင့်လင်းမြင်သာမှုမရှိခြင်း |
| ကျောက်စိမ်းနှင့်ကျောက်မျက်ကဏ္ဍစီမံခန့်ခွဲမှု | |
| ၅ | ကျောက်မျက်အရိုင်းများ တန်ဖိုးဖြတ်ခြင်း၊ အထောက်အထားပြုလုပ်ခြင်း၊ ခြေရာခံနောက်ကြောင်းလိုက်နိုင်ခြင်းမရှိခြင်း |
| ၆ | ကျောက်မျက်အရိုင်းကဏ္ဍဖွဲ့စည်းမှုပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း |
| EITI အကောင်အထည်ဖော်ခြင်း | |
| ၇ | လိုင်စင်မှတ်ပုံတင်ခြင်းပြုရာတွင် အစီရင်ခံသည့် စာရင်းဇယားမပြည့်စုံခြင်း |
| ၈ | လိုင်စင်ချထားပေးသည့်လုပ်ငန်းစဉ်မရှင်းလင်းခြင်း |
| ၉ | သတင်းအချက်အလက်အလွယ်တကူရရှိမှုမရှိခြင်း(ပြည်တွင်းအခွန်များဦးစီးဌာန) |
| ၁၀ | အစီရင်ခံသည့်ပုံစံများ(templates) အစီရင်ခံရာတွင် နောက်ကျခြင်း |
| ၁၁ | ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များအတွက် လေလံချထားပေးခြင်း လုပ်ငန်းစဉ် တိုးတက်မှု |
| ၁၂ | ကျောက်မျက်အရိုင်းခွင့်ပြုမိန့်များအတွက် လေလံချထားပေးခြင်း လုပ်ငန်းစဉ်တိုးတက်မှု |
| ၁၃ | အလုပ်အကိုင်ခန့်ထားမှုစာရင်းအတွက် အစီရင်ခံသည့်စနစ်တစ်ခုဖန်တီးခြင်း |
| ၁၄ | ထုတ်လုပ်မှုစာရင်းများ မမှန်ကန်ခြင်း |
| ၁၅ | လူမှုရေးနှင့်ပတ်ဝန်းကျင်ရေးရာခိုင်မာမှုအတွက် ကုမ္ပဏီများ၏သတင်းအချက်အလက်များ အလွယ်တကူမရရှိခြင်း |
| ၁၆ | တွင်းထွက်ကုမ္ပဏီများမှ လျှော့ဒါန်းခြင်းဖြင့် စီမံကိန်းအကောင်အထည်ဖော်ခြင်းများ တိုးတက်လာခြင်း |
| ၁၇ | စီမံကိန်းအဆင့်တွင် အစီရင်ခံမှုမရှိခြင်း |
| ၁၈ | တွင်းထွက်စာရင်းဇယားနှင့် သတင်းအချက်အလက် |
| ၁၉ | သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အနေဖြင့် ပူးပေါင်းပါဝင်သည့်ကုမ္ပဏီများ ပိုမိုပါဝင်လာအောင် ကြိုးပမ်းခြင်း |
| ၂၀ | နိုင်ငံပိုင်ထုတ်လုပ်မှုရှယ်ယာများရောင်းချခြင်း |
| ၂၁ | ပထမအကြိမ် MEITI အစီရင်ခံစာမှ အကြံပြုသုံးသပ်ချက်များ အကောင်အထည်ဖော်ခြင်း |

ဤတွေ့ရှိချက်များနှင့် သက်ဆိုင်ရာအကြံပြုချက်များကို ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ (၇)တွင် အသေးစိတ်ဖော်ပြထားပါသည်။

Tim Woodward
Partner
Moore Stephens LLP
Date

150 Aldersgate Street
London EC1A 4AB

# ၂။ ချဉ်းကပ်ပုံနှင့် သုတေသနနည်းလမ်း

တွင်းထွက်သယံဇာတကဏ္ဍများမှ အခွန်ဘဏ္ဍာဝင်ငွေများကို တိုက်ဆိုင်စစ်ဆေးရာတွင် အောက်ပါလုပ်ငန်းစဉ် အဆင့်များ ပါဝင်သည်။

- တိုက်ဆိုင်စစ်ဆေးခြင်းပြုလုပ်မည့် လုပ်ငန်းနယ်ပယ် သတ် မှတ်ရန်နှင့် အစီရင်ခံခြင်းဆိုင်ရာ ဒီဇိုင်းရေးဆွဲရန် အတွက် နယ် ပယ်လေ့လာမှုတစ်ခုပြုလုပ်ခြင်း။
- အစီရင်ခံစာအချက်အလက်ထုတ်ပြန်သည့်မူဘောင် (Reporting Template) နှင့် အစီရင်ခံစာဖြည့်သွင်း ရာတွင် လိုက်နာရမည့်လမ်းညွှန်ချက်များကို ပြင်ဆင်ခြင်း။
- တိုက်ဆိုင်စစ်ဆေးရန် လိုအပ်သော အခြေခံအချက် အလက်များကို ထုတ်ပြန်ပေးသည့် အစိုးရလုပ်ငန်းဌာနများနှင့် တွင်းထွက်သယံဇာတကုမ္ပဏီများထံမှ ပေးချေမှုများနှင့် အခြား ကိန်းဂဏန်းအချက်အလက်များ ကို ကောက်ယူခြင်း။
- အစိုးရတာဝန်ရှိသူများမှ အစီရင်ခံထားသော လက်ခံ ရရှိမှုများနှင့် အခွန်ပေးဆောင်ထားသူများမှ အစီရင်ခံလာသော အခွန်ပေးထားမှုများအကြား ကွာဟချက်များကို သိရှိနိုင်ရန် အစိုးရဌာနအဖွဲ့အစည်းများနှင့်တွင်းထွက်ကုမ္ပဏီများမှ ထုတ် ပြန်တင်ပြသော ပေးချေမှုများနှင့် အခြားသတင်းအချက် အလက်များကို နှိုင်းယှဉ်ခြင်း။
- တွေ့ရှိလာသော ကွာဟချက်များကို ဖြေရှင်းနိုင်ရန် အစိုးရဌာနအဖွဲ့အစည်းများနှင့် တွင်းထွက်သယံဇာတ ကုမ္ပဏီ များကို ဆက်သွယ်ခြင်း။

## (၂.၁) နယ်ပယ်လေ့လာမှု

၂တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်တွင် ထည့်သွင်းရမည့် ဘဏ္ဍာရေးစီးဆင်းမှုများနှင့် အစီရင်ခံစာတင်ရမည့် အစိုးရဌာန အဖွဲ့အစည်းများနှင့် ကုမ္ပဏီများကို သတ်မှတ်ရာတွင် Moore Stephens အဖွဲ့၏နယ်ပယ်လေ့လာမှုအပေါ်တွင် အခြေခံပြီး သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ အဆုံးအဖြတ်ပေးပါသည်။

တတိယအကြိမ် EITI အစီရင်ခံစာတွင် ပါဝင်မည့်နယ်ပယ် အဆုံးအဖြတ်ပေးရာတွင် ထည့်သွင်းစဉ်းစားသင့်သော နယ် ပယ်လေ့လာမှုကို Moore Stephens အဖွဲ့မှ ဆောင်ရွက် ပေးရန် လုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားများ (ToRs) အောက် တွင် တာဝန်ပေးထားသည်။ ၎င်းလေ့လာမှုတွင် အောက်ပါတို့ ကို အကြံပြုရန်လည်း ပါဝင်သည်။

- EITI တွင်ပါဝင်ရန် ကဏ္ဍအလိုက် လက်ခံရရှိမှုနှင့် ပေးချေမှု ဆိုင်ရာ အခွန်ဘဏ္ဍာငွေရှုထောင့်မှ ယုတ္တိတန်ခြင်းကို သတ် မှတ်ချက် (Materiality Threshold)
- ထည့်သွင်းဖော်ပြရမည့် အခွန်အခနှင့် အခွန်ဘဏ္ဍာဝင်ငွေ များ
- အစီရင်ခံစာတွင် ထည့်သွင်းရမည့် ကုမ္ပဏီများနှင့် အစိုးရ ဌာန အဖွဲ့အစည်းများ
- ကိန်းဂဏန်း အချက်အလက် ခိုင်မာအားကောင်းမှုရှိစေရန် အစီရင်ခံသည့် အဖွဲ့များ၏ အာမခံချက်များ ပေးပို့မှု

## (၂.၂) ကိန်းဂဏန်းအချက်အလက်ကောက်ယူမှု

အစီရင်ခံစာပို့ရမည့်အဖွဲ့များ၏ လုပ်ငန်းစဉ် ချောမွေ့စေရန်အ တွက် အများအသုံးပြုရမည့် အစီရင်ခံစာဆိုင်ရာ အချက်အ လက်ထုတ်ပြန်သည့်မူဘောင်ပုံစံ (Reporting Template) နှင့် ညွှန်ကြားချက်များကို ပြင်ဆင်ပေးထား ပါသည်။ ၎င်းအ ချက်အလက်ထုတ်ပြန်ရမည့်မူဘောင်ပုံစံတွင် အစိုးရဌာနတစ် ခုချင်းစီသို့ ပေးချေထားသော ဘဏ္ဍာငွေ စီးဆင်းမှုကို ထည့် သွင်းနိုင်ရန် စီစဉ်ပေးထားပြီး၊ ကုမ္ပဏီများအတွက်လည်းထုတ် ပြန်ကြေညာမည့် သင့်တော်သော ပမာဏကို အလွယ်တကူ ရှာဖွေ၊ တွက်ချက်နိုင်ရန် ပုံစံခွက်ချပေးထားသည်။ အချက် အလက်များ ထုတ်ပြန်အစီရင်ခံ ရမည့်အဖွဲ့များသို့ ဤအစီရင် ခံစာဆိုင်ရာအချက်အလက် ထုတ်ပြန်ရမည့် မူဘောင်ပုံစံများ ကို အင်တာနက်မှ ပေးပို့ခဲ့ပါသည်။
ကုမ္ပဏီများနှင့်အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့်တိုက် ဆိုင်စစ်ဆေးသူ (Moore Stephens) ထံသို့ အစီရင်ခံစာ

တိုက်ရိုက်ပေးပို့ရမည် ဖြစ်ပြီး၊ ဤအစီရင်ခံစာဆိုင်ရာ အချက်အလက်ထုတ်ပြန်ရမည့် မူဘောင်ပုံစံနှင့်ပတ်သက်ပြီး မည်သည့်မေးမြန်းချက်ကိုမဆို ပေးပို့ရန်လည်း တောင်းဆိုခဲ့သည်။ ပေးချေမှုများကို ရက်စွဲနှင့် ငွေလက်ခံဖြတ်ပိုင်းအလိုက် အသေးစိတ် ခေါင်းစဉ်ငယ်များခွဲပြီး အထောက်အကူပြု လုပ်ငန်းစဉ်အောက်တွင် တင်ပြပေးရန် ၎င်းကုမ္ပဏီများနှင့် အစိုးရဌာနအဖွဲ့အစည်းများအား တောင်းဆိုခဲ့သည်။

ဤအစီရင်ခံစာဆိုင်ရာ အချက်အလက်ထုတ်ပြန်ရမည့် မူဘောင်ပုံစံများ ကွန်ပြူတာဖိုင် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပေးပို့ရန် နှင့် လက်မှတ်ရေးထိုးထားသော စာရွက်များကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် နောက်ဆုံးထားပေးပို့ရန် ပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ သဘောတူဆုံးဖြတ်ပေးခဲ့သည်။

## (၂.၃) တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကွာဟချက်များ စုံစမ်းဖော်ထုတ်ခြင်း

ကိန်းဂဏန်းအချက်အလက်များကို တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကွာဟချက်များ စုံစမ်းဖော်ထုတ်ခြင်း လုပ်ငန်းစဉ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ (၆) ရက်နေ့မှ ဒီဇင်ဘာလ (၂၂) ရက်နေ့အထိ လုပ်ဆောင်ခဲ့သည်။ ဤသို့တိုက်ဆိုင် စစ်ဆေးရာ တွင် အောက်ပါလုပ်ငန်းစဉ်များကို ဖော်ဆောင်ခဲ့သည်။

**ကနဦး တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်များ** – တွင်းထွက်ကုမ္ပဏီများမှ ပေးပို့လာသော အချက်အလက်များကို အစိုးရဌာန အဖွဲ့အစည်းများမှ ထုတ်ပြန်တင်ပြသည့် အချက်အလက်များနှင့် ခေါင်းစဉ်တစ်ခုချင်းအလိုက် စုစည်းခဲ့သည်။ ရလဒ်အနေဖြင့် ရှာဖွေဖော်ထုတ်နိုင်ခဲ့သော ကွာဟချက်များကို အစိုးရဌာနနှင့် ကုမ္ပဏီတစ်ခုချင်းစီအတွက် ခေါင်းစဉ်အလိုက် ဖော်ပြနိုင်ခဲ့သည်။

အစိုးရဌာနအဖွဲ့အစည်းများမှ တင်ပြလာသော ဘဏ္ဍာဝင်ငွေအချက်အလက်များနှင့် ကုမ္ပဏီဘက်မှ အစီရင်ခံထားသော ငွေပေးချေမှု ကိန်းဂဏန်းများ ကိုက်ညီနေသော အခြေအနေရှိပြီး ကွဲလွဲမှုများသည် အောက်ပါ အခန်းတွင် ရှင်းပြထားသည့် အတိုင်း ခွင့်ပြုနိုင်သော ကွာဟချက်ပမာဏအတွင်း ရှိနေလျှင် အစိုးရ၏ကိန်းဂဏန်း အချက်အလက်များကို အတည်ယူပြီး၊ နောက်ဆက်တွဲ လုပ်ဆောင်စရာမရှိဟုမှတ်ယူခဲ့သည်။

အစိုးရဌာနအဖွဲ့အစည်းများမှ တင်ပြလာသော အခွန်ဝင်ငွေအချက်အလက်များသည် ကုမ္ပဏီဘက်မှ ပေးပို့လာသော ငွေပေးချေမှု ကိန်းဂဏန်းများနှင့် မကိုက်ညီဘဲ ဤကွဲလွဲမှုများသည် ခွင့်ပြုနိုင်သော ကွာဟချက် ပမာဏအတွင်း မရှိလျှင် ကုမ္ပဏီနှင့် အစိုးရအစီရင်ခံစာပို့သည့် ဌာနတစ်ခုချင်းအတွက် ဤကွာဟချက်များကို အသေးစိတ်ဖော် ပြထားသည်။ ထို့အပြင် ကနဦး တိုက်ဆိုင်စစ်ဆေးခြင်း အစီရင်ခံစာအပြီးမသတ်မီ ဤကွာဟချက်များအပေါ် နောက်ထပ် အကဲဖြတ်ဆန်းစစ်ချက်ကိုလုပ်ခဲ့ပါသည်။

**တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာ ကွာဟချက်နှင့် ကြိုးပမ်းမှုအဆင့်** – EITI စံနှုန်းအရ အချက်အလက် ထုတ်ပြန်သည့် မူဘောင် (Reporting Templates) အတွက် နောက်ဆုံးအချောသတ်သည့်လုပ်ငန်းစဉ်တစိတ်တပိုင်းအနေဖြင့် ကွာဟချက်များအပေါ် ကြိုးပမ်းဖြေရှင်းရာတွင် လက်ခံနိုင်သောအားထုတ်မှုအဆင့်ကို သတ်မှတ်နိုင်ရေး အထောက် အကူပြုစေရန် လက်ခံနိုင်သောကွာဟချက်အမြင့်ဆုံးအဆင့်ကို ကျပ်ငွေ (၅) သန်းအဖြစ် သတ်မှတ်ခဲ့သည်။

အစိုးရဌာနအဖွဲ့အစည်းများမှ ထုတ်ပြန်တင်ပြထားသော အခွန်ဝင်ငွေ ပမာဏသည် ကုမ္ပဏီမှ ပေးပို့လာ သော ငွေပေးချေမှုပမာဏနှင့် မကိုက်ညီဘဲ ၎င်းကွာဟချက်များသည်သုံးပွင့်ဆိုင်အဖွဲ့မှ သတ်မှတ်ထားသည့် လက်ခံနိုင်သောကွာဟချက်အမြင့်ဆုံးအဆင့်တွင် (သို့မဟုတ်) ၎င်းအဆင့်အောက်တွင် ရှိနေလျှင် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင် ထည့်သွင်းရန်မလိုဟု EITI ဆိုင်ရာ တိုက်ဆိုင်စစ်ဆေးသူအနေဖြင့် သတ်မှတ်မည်ဖြစ်သည်။

**ကွာဟချက်များကို စစ်ဆေးဖော်ထုတ်ရန် နောက်ဆက်တွဲလုပ်ငန်းစဉ်များ** – အစိုးရဌာနအဖွဲ့အစည်းများမှ ထုတ်ပြန်သော ဘဏ္ဍာဝင်ငွေပမာဏသည် ကုမ္ပဏီများမှ ပေးပို့လာသော ငွေပေးချေမှု ကိန်းဂဏန်းများနှင့် မကိုက်ညီသော အခြေအနေနှင့် ၎င်းကွာခြားမှုများသည် သုံးပွင့်ဆိုင်အဖွဲ့မှ သတ်မှတ်ထားသည့် ကွာခြားချက် အမြင့်ဆုံးအဆင့် ကို ကျော်သွားလျှင် သီးသန့်လွတ်လပ်သော တိုက်ဆိုင်စစ်ဆေးရေးအဖွဲ့ (Moore Stephens) အနေဖြင့် အစီရင်ခံစာတွင် ထည့်သွင်းနိုင်သည်ဟုသတ်မှတ်ပြီး၊ နောက်ထပ်အကဲဖြတ်ဆန်းစစ်ချက်ကို ပြုလုပ်သွားမည်ဖြစ်သည်။ ဤအခြေအနေတွင် အစိုးရဌာနအဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ လိုအပ်သော အထောက်အထား

များပြရန် နှင့်/သို့မဟုတ် မူရင်းကိန်းဂဏန်း အချက်အလက် ထုတ်ပြန်သည့် မူဘောင် (Template)ပါ သတင်းအချက်အလက်များအပေါ် တွက်ချက်ပြင်ဆင်မှုများကို အတည်ပြုပေးရန် ၎င်းတို့အား တောင်းဆိုရမည်။

စာရင်းတိုက်ဆိုင်စစ်ဆေးရေးအဖွဲ့အနေဖြင့် အချက်အလက်များ ထုတ်ပြန်ပေးသောအဖွဲ့များကို ဆက်သွယ်၍ ဆွေးနွေးပွဲများ စီစဉ်ပြုလုပ်ခဲ့ပြီး၊ ထုတ်ပြန်ထားသည့် ပေးချေမှုများအတွက် ခိုင်လုံစေမည့် နောက်ထပ်တင်ပြလာသောအထောက်အထားများကို ပြန်လည်သုံးသပ်ခဲ့သည်။ နောက်ထပ်အထောက်အထားများကို ပြန်လည်သုံးသပ်မှုနှင့် အချက်အလက်ထုတ်ပြန်ပေးသောအဖွဲ့များနှင့် ဆက်သွယ် ဆွေးနွေးမှုများ ပြုလုပ်အပြီးတွင် တိုက်ဆိုင်စစ်ဆေးမှုမှထွက်လာသော ကွာဟချက်များအတွက် အကြောင်းပြချက် မထုတ်ဖော်နိုင်သော အခြေအနေဖြစ်ပါက ၎င်းကွာဟချက်များအတွက် "ဆုံးဖြတ်ချက်ချမရ/ အကြောင်းပြချက် ထုတ်မရ" ဟု သတ်မှတ်ပေးသည်။ တိုက်ဆိုင်စစ်ဆေးရေးအဖွဲ့ လုပ်ဆောင်မှု ရလဒ်များကို ဤအစီရင်ခံစာအခန်း (၅) တွင် ဖော်ပြထားသည်။ EITI စံနှုန်းအရ အချက်အလက်ထုတ်ပြန်ရမည့် မူဘောင်များတွင် တွက်ချက်ပြင်ဆင်ခဲ့မှုများကို နောက်ဆက်တွဲ (၃) မှ (၅) အထိတွင် ဖော်ပြထားသည်။

## (၂.၄) မှီခိုအားထားနိုင်မှု (Reliability) နှင့် ယုံကြည်ကိုးစားနိုင်မှု (Credibility)

### ယုံကြည်စိတ်ချရမှုလုပ်ထုံးလုပ်နည်းအား ကနဦးအကဲဖြတ်ဆန်းစစ်ခြင်း

EITI စံနှုန်းအရ နိုင်ငံတကာစံနှုန်းများကိုလိုက်နာထားသော ယုံကြည်စိတ်ချရသည့် အာမခံချက်ရှိသည့် လုပ်ငန်းစဉ်တစ်ခု အဆင်သင့်ဖြစ်နေရန်လိုအပ်ပါသည်။ ၂၀၁၅-၂၀၁၆ မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင် အသုံးပြုထားသောချဉ်းကပ်မှုပုံစံသည် မြန်မာနိုင်ငံတွင်လက်ရှိရှိနေသော အခက်အခဲများနှင့် ပြီးခဲ့သောစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းကာလအတွင်း မလုံလောက်မှုများနှင့် ပေါင်းစပ်နေပါသည်။

Moore Stephens အဖွဲ့အနေဖြင့် ကုမ္ပဏီများ၊ နိုင်ငံပိုင်လုပ်ငန်းများနှင့် အစိုးရအဖွဲ့အစည်းများ၏ လက်ရှိထိန်းချုပ်ခြင်းများနှင့် စာရင်းစစ်ခြင်းမူဘောင် (Existing Controls and Audit Framework-ECAF) အရ ယုံကြည်စိတ်ချရမှု မည်မျှထားရှိနိုင်မည်ကိုဆန်းစစ်နိုင်ရန်အတွက် ပညာရှင်ပီသသော ဝေဖန်ပိုင်းခြားမှု (professional judgement) ကို အသုံးပြုခဲ့ပါသည်။ ယင်းအဆင့်သည် အစီရင်ခံမှုတစ်ခုချင်းစီအတွက် ယုံကြည်စိတ်ချရမှုအပေါ်ကနဦးအကဲဖြတ်ဆန်းစစ်မှု (Initial Assessment of Assurance-IAA) ကိုဆုံးဖြတ်ရန်အတွက်အကူအညီပေးပါသည်။ အတိုချုပ်ပြောရလျှင် စာရင်းစစ်ခြင်းမူဘောင် (AF) နိမ့်လျှင် ယုံကြည်စိတ်ချရမှုအပေါ်ကနဦးအကဲဖြတ် ဆန်းစစ်မှု (IAA) လည်းနိမ့်မည်ဖြစ်ပါသည်။ (ဆိုလိုသည်မှာ ယုံကြည်စိတ်ချရမှုနည်းပါးခြင်း)

အကဲဖြတ်ဆန်းစစ်ခြင်းသည် အဓိကအချက်များဖြစ်သည့် စာရင်းကိုင်စံနှုန်းများ (နိုင်ငံတစ်ကာစံနှုန်းများ၊ ပြည်တွင်း ယုံကြည်စိတ်ချရသောစံနှုန်းများ၊ အခြားသောစံနှုန်းများ)၊ လက်ရှိစီမံအုပ်ချုပ်မှုနှင့် အဖွဲ့အတွင်းထိန်းချုပ်မှုများ၊ အဖွဲ့များကို စာရင်းစစ်ဆေးရာတွင် အသုံးပြုခဲ့သော စာရင်းစစ်စံနှုန်းများနှင့် စာရင်းစစ်ရှိပါက စာရင်းစစ်၏ ယုံကြည်စိတ်ချရမှုများအပေါ်တွင် မူတည်ပါသည်။

၂၀၁၅-၁၆ ခုနှစ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ ပြင်ဆင်ရာတွင် အစီရင်ခံစာအချက်အလက် ထုတ်ပြန်ပေးသည့် အဖွဲ့များ၏ ကိန်းဂဏန်းအချက်အလက်များခိုင်မာမှု အာမခံရှိစေရန် လုပ်ဆောင်ပေးရမည့် EITI ၂၀၁၆ စံနှုန်းပါ EITI လိုအပ်ချက် (၄.၉) နှင့် ကိုက်ညီစေရေးအတွက် အောက်ပါလုပ်ငန်းစဉ်များကို လုပ်ဆောင်ရန် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်း အဖွဲ့မှ သဘောတူဆုံးဖြတ်ခဲ့သည်။

### သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများ

ကုမ္ပဏီများကို စာရင်းစစ်ဆေးထားရာတွင် အသုံးပြုထားသော စာရင်းစစ်စံနှုန်းများ၊ စာရင်းကိုင်စံနှုန်းများ (အခန်း ၃.၈.၁ တွင် ကြည့်ပါ) အပေါ်မူတည်၍ အတန်းအစားခွဲခြားခြင်းကို ပြုလုပ်ပါသည်။ သယံဇာတတူးဖော်ထုတ်လုပ်မှု ကဏ္ဍရှိကုမ္ပဏီများအတွက် အသုံးပြုထားသော ECAF နှင့် IAA စနစ်သည် သတ္တုကုမ္ပဏီများအတွက် နိမ့်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများအတွက် အလယ်အလတ်အဆင့်ရှိပါသည်။

တိုက်ဆိုင်စစ်ဆေးခြင်း နယ်ပယ်တွင် ပါဝင်ရန်သတ်မှတ်ထားသည့် တွင်းထွက်သယံဇာတ ကုမ္ပဏီများ၏ EITI စံနှုန်းအရ အချက်အလက်ထုတ်ပြန်မည့် မူဘောင်တွင်

- တွင်းထွက်ကုမ္ပဏီအတွက် ကိုယ်စားပြုရန် တာဝန်ပေးထား

သူ၏လက်မှတ်(ဘဏ္ဍာရေးအရာရှိချုပ် သို့မဟုတ် အမှုဆောင်အရာရှိချုပ်/ ညွှန်ကြားရေးမှူး) နှင့်
- ထုတ်ပြန်ထားသော အသေးစိတ် ပေးချေမှုများအတွက် အထောက်အထားများ ပါဝင်ရမည်။

ကုမ္ပဏီများအနေဖြင့် ၄င်းတို့၏ စာရင်းစစ်ထားပြီး ဘဏ္ဍာရေး ထုတ်ပြန်ကြေညာချက် မိတ္တူများကို ပို့ပေးရန်လည်း တောင်းခံခဲ့သည်။

စာရင်းတိုက်ဆိုင်စစ်ဆေးသူအနေဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း နယ်ပယ်တွင်ပါဝင်သော ကုမ္ပဏီများအနေဖြင့် ပေးပို့လာသော ကိန်းဂဏန်းအချက်အလက်များကို ပြင်ပစာရင်းစစ်ဆေးသူ (External Auditor) မှလက်မှတ်ရေးထိုးပေးမှုလည်းပြုလုပ်နိုင်ကြောင်း အဆိုပြုခဲ့ပါသည်။ ယင်းကဲ့သို့အစီရင်ခံစာ ပေးပို့မှုများကို မှန်ကန်ကြောင်းထောက်ခံပေးရန်အတွက် ငွေပေးချေရန်ဘက်ဂျက်မရှိကြောင်းနှင့် ယုံကြည်စိတ်ချရသော စာရင်းစစ်အဖွဲ့များအနေဖြင့်လည်း လိုအပ်သော ယုံကြည်စိတ်ချရမှု လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရန် အတွက် အချိန်အခက်အခဲရှိလိမ့်မည်ဖြစ်ကြောင်း ကုမ္ပဏီများ မှ ရှင်းလင်းပြောကြားခဲ့ပါသည်။

## အစိုးရဌာနအဖွဲ့အစည်းများနှင့် နိုင်ငံပိုင်လုပ်ငန်းများ

**ပုံမှန်အားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဗဟိုအစိုးရအေဂျင်စီများ နှင့် နိုင်ငံပိုင်လုပ်ငန်းများသည် ECAF နှင့် IAA အဆင့်နိမ့်ပါးပါသည်။ Moore Stephens နှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင် များသည် ပထမအကြိမ် EITI အစီရင်ခံစာတွင်ဖြစ်ပေါ်ခဲ့သော တိုက်ဆိုင်စစ်ဆေးခြင်းတွေ့ရှိချက်များနှင့် နိုင်ငံပိုင်လုပ်ငန်းများ ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ အားနည်းချက်များကို ထည့်သွင်း စဉ်းစားခဲ့ပြီးနောက် ၎င်းတို့သည် အဆင့်နိမ့်သော ECAF စနစ်နှင့် ကိုက်ညီရမည်ဟု ကောက်ချက်ချခဲ့ပါသည်။**

**ယင်းအပေါ်မူတည်၍ Moore Stephens အဖွဲ့နှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များသည် ၂၀၁၅-၂၀၁၆ အစီရင်ခံစာ၌ တိုက်ဆိုင်စစ်ဆေးခြင်းနယ်ပယ်တွင် ပါဝင်သော အစိုးရဌာန အဖွဲ့အစည်းများနှင့် နိုင်ငံပိုင်လုပ်ငန်းများမှ တင်ပြလာသော အစီရင်ခံစာဆိုင်ရာ အချက်အလက်ထုတ်ပြန်ရမည့် မူဘောင် များတွင်**

- အစိုးရဌာနကို ကိုယ်စားပြုရန် တာဝန်ပေးထားသူ၏ လက်မှတ်
- ထုတ်ပြန်ထားသော ပေးချေမှု အသေးစိတ်များ
- ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ထောက်ခံချက်ပေးမှုများ ပါဝင်ရမည်။

## ယုံကြည်စိတ်ချရမှုလုပ်ထုံးလုပ်နည်းအား နောက်ဆုံး အကဲဖြတ်ဆန်းစစ်ခြင်း

**Moore Stephens အဖွဲ့အနေဖြင့် အစိုးရအေဂျင်စီများနှင့် ကုမ္ပဏီများထံမှ လက်ခံရရှိသော ကိန်းဂဏန်းအချက်အလက် များကိုဆန်းစစ်ရာတွင် အထက်တွင်ဖော်ပြခဲ့သည့်နည်းလမ်း များအတိုင်းဆောင်ရွက်သလို ယုံကြည်စိတ်ချရမှုအတွက် အောက်တွင် ဖော်ပြထားသောစံနှုန်းများကိုလည်း အသုံးပြုခဲ့ပါသည်။**

- အစိုးရအေဂျင်စီများ၊ နိုင်ငံပိုင်လုပ်ငန်းများနှင့် ကုမ္ပဏီများ ကိုယ်စားပြုတာဝန်ပေးထားသူ၏ လက်မှတ်ရေးထိုးထားသော အချက်အလက်ထုတ်ပြန်သည့်မူဘောင် (Reporting template) မပေးပို့ခြင်းသည် ယုံကြည်စိတ်ချရမှုအဆင့်ကို လျော့ကျစေခြင်း၊
- ထုတ်ပြန်ထားသော ပေးချေမှုအသေးစိတ်များကို မပေးပို့ခြင်းသည် ယုံကြည်စိတ်ချရမှုအဆင့်ကို လျော့ကျစေခြင်းနှင့်
- စာရင်းစစ်အစီရင်ခံစာ (သို့) အစီရင်ခံမှုမရှိခြင်းသည် ယုံကြည်စိတ်ချရမှုအဆင့်ကို လျော့ကျစေပါသည်။

ထို့ကြောင့် ရွေးချယ်ထားသော အဖွဲ့အစည်းတစ်ခုချင်းစီ အတွက် ယုံကြည်စိတ်ချရမှုအဆင့်ကို အောက်ပါအတိုင်း အဆင့်ခွဲခြားထားပါသည်။

- ယုံကြည်စိတ်ချရမှုအဆင့်နိမ့်ခြင်း
  - အဖွဲ့အစည်းများသည် စာရင်းစစ်ထားခြင်းမရှိသလို လက်မှတ်ရေးထိုးထားသော မိတ္တူအစီရင်ခံစာတစ်စုံကို မပေးပို့ခြင်း၊
- ယုံကြည်စိတ်ချရမှုအဆင့်အလယ်အလတ်ရှိခြင်း
  - အဖွဲ့အစည်းများသည် စာရင်းစစ်ထားခြင်းမရှိသလို လက်မှတ်ရေးထိုးထားသော စာရင်းစစ်အစီရင်ခံစာကိုမပေးပို့ခြင်း (သို့) ကုမ္ပဏီများသည် စာရင်းစစ်အစီရင်ခံစာကိုပေးပို့ သောလည်း လက်မှတ်ရေးထိုးထားသော မိတ္တူအစီရင်ခံစာ တစ်စောင် ပေးပို့မှုမရှိခြင်း။

- ယုံကြည်စိတ်ချရမှုမြင့်မားခြင်း

- အဖွဲ့အစည်းများသည် သက်ဆိုင်ရာကိုယ်စားလှယ်များမှ အထက်တွင် ဖော်ပြထားသည့် လက်မှတ်ရေးထိုးထားသော မိတ္တူအစီရင်ခံစာကို ပေးပို့သလို စာရင်းစစ်အစီရင်ခံစာကိုလည်း ပေးပို့ခြင်း။

ယုံကြည်စိတ်ချရမှုအပေါ်အကဲဖြတ်ဆန်းစစ်ခြင်းကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်။

| Companies | Number of companies | Total payments (in million MMK) | % based on revenue stream | Assess-ment |
|---|---|---|---|---|
| No audit report and no signed hard copy of RT | - | - | 0% | Low |
| Provided signed hard copy of RT, but no audit report | 15 | 6,046 | 0.2% | Medium |
| Provided signed hard copy of RT and audit report | 96 | 2,736,620 | 99.8% | High |
| Total | 111 | 2,754,464 | 100% | |

| Gov Agencies and SOEs | Number of entities | Total revenues | % based on revenue stream | Assess-ment |
|---|---|---|---|---|
| No audit report and hard copy of RT | - | - | - | Low |
| Provided hard copy of RT, but no audit report | - | - | - | Medium |
| Provided hard copy of RT and audit report | 13 | 3,327,345 | 100% | High |

## အဆုံးသတ်ခြင်း – တိုက်ဆိုင်စစ်ဆေးခြင်း ကိန်းဂဏန်းအချက်အလက်၏ အလုံးစုံပြီးပြည့်စုံမှုနှင့် ယုံကြည်စိတ်ချရမှုကို အကဲဖြတ်ဆန်းစစ်ခြင်း

သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဝင်များမှ သဘောတူထားသော ယုံကြည်စိတ်ချရမှုလုပ်ထုံးလုပ်နည်းများအပေါ်မူတည်ပြီး ဘဏ္ဍာရေးဆိုင်ရာကိန်းဂဏန်းအချက်အလက်များကို စာရင်းတိုက်ဆိုင်စစ်ဆေးပြီးနောက် ကျွန်ုပ်တို့သည် ယုံကြည်စိတ်ချရမှုအတွက် နောက်ဆုံးအကဲဖြတ်ဆန်းစစ်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ကုမ္ပဏီများသည် အခွန်အခများအားလုံး၏ ၉၉.၈ ရာခိုင်နှုန်းသည် မြင့်မားသောအပိုင်းအခြားတွင်ပါဝင်ပြီး အခွန်အခများအားလုံး၏ ၀.၂ ရာခိုင်နှုန်းသည် အလယ်အလတ်အပိုင်းအခြားတွင်ပါဝင်သလို ဇီးရိုးရာခိုင်နှုန်းသည်သာ စာရင်းတိုက်ဆိုင်စစ်ဆေးထားသော အခွန်အခများအားလုံး၏ နိမ့်သောအပိုင်းအခြားတွင်ပါဝင်ကြောင်း အကဲဖြတ်ရရှိပါသည်။

အစိုးရအေဂျင်စီများနှင့် နိုင်ငံပိုင်လုပ်ငန်းများအတွက်မူ အများစုသည် နိမ့်သောအပိုင်းအခြားနှင့် အလယ်အလတ်အပိုင်းအခြားတွင်ပါဝင်သော်လည်း ကုမ္ပဏီများနှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ ငွေပေးချေမှုပမာဏ နှင့် အစိုးရအဖွဲ့များ၏ ငွေရရှိမှုပမာဏတို့ကို တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်ကြောင့် ကုမ္ပဏီများနှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ ကိန်းဂဏန်းယုံကြည်စိတ်ချရမှု တိုးလာသောအခါမှုအားဖြင့် အစိုးရ၏ ကိန်းဂဏန်းအချက်အလက်ယုံကြည်စိတ်ချရမှုလည်း တိုးခဲ့ပါသည်။ ထို့ကြောင့် စာရင်းတိုက်ဆိုင်စစ်ဆေးသည့်အဖွဲ့မှ ကုမ္ပဏီများ၊ နိုင်ငံပိုင်

လုပ်ငန်းများနှင့် အစိုးရအဖွဲ့များထံမှ တိုက်ဆိုင်စစ်ဆေးထားသော ဘဏ္ဍာရေးအချက်အလက်များ၏ ယုံကြည်စိတ်ချရမှုနှင့် အလုံးစုံပြီးပြည့်စုံမှုတို့ကို နောက်ဆုံးဆန်းစစ်သည့်အခါ စိတ်ကျေနပ်ဖွယ်ရှိ/အသင့်အတင့်ရှိသည်ဟု ကောက်ချက်ချခဲ့ပါသည်။ သို့သော်လည်း နိုင်ငံပိုင်လုပ်ငန်းများ၏ အချက်အလက်များ၏ ယုံကြည်စိတ်ချရမှုအဆင့် တိုးတက်လာစေမည့် သိသာထင်ရှားသည့်တိုးတက်မှု အတွက်လစ်ဟာမှုရှိနေပါသည်။ ယခုအစီရင်ခံစာအတွက်မှ EITI မှကိန်းဂဏန်းအချက်အလက်များနှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ သီးခြားအကောင့်အချက်အလက်များတို့တွင် အချို့သောကွာဟချက်များရှိနေပါသည်။ (အပိုင်း ၁.၅ နှင့် ၅.၇.၁ တို့ကိုကြည့်ပါ။)

## (၂.၅) အစီရင်ခံမှုအခြေခံနှင့်ကာလ

EITIစံသတ်မှတ်ချက်၏ လိုအပ်ချက်အမှတ်(၂)ကို လိုက်နာနိုင်ရန် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အနေဖြင့် ၂၀၁၅-၁၆ မြန်မာနိုင်ငံEITIအစီရင်ခံစာတွင် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွက် ကိန်းဂဏန်း အချက်အလက်များကို အခြေခံတင်ပြရန် သဘောတူဆုံးဖြတ်ခဲ့သည်။

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် အစီရင်ခံစာကာလကို ဘဏ္ဍာရေးနှစ်နှင့် ထပ်တူ သတ်မှတ်ထားသည်။ ၂၀၁၃-၁၄ မြန်မာနိုင်ငံEITIအစီရင်ခံစာအတွက် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ဆောင်ရာတွင် ၂၀၁၅ ခုနှစ် ဧပြီလ (၁)ရက်နေ့မှ ၂၀၁၆ ခုနှစ် မတ်လ (၃၁)ရက်နေ့အထိ ကိန်းဂဏန်းအချက်အလက်များအပေါ်အခြေခံတွက်ချက်ခဲ့ခြင်းဖြစ်သည်။

စာရင်းတိုက်ဆိုင်စစ်ဆေးခြင်း နယ်ပယ်အတွက် ဘဏ္ဍာငွေစီးဆင်းမှုတွင် ၂၀၁၅-၁၆ ဘဏ္ဍာနှစ် အတွက် ကုမ္ပဏီများ ပေးပို့ခဲ့သော (သို့မဟုတ်) ထုတ်ပြန်ခဲ့သော ပေးချေမှုများနှင့် အစိုးရဌာန အဖွဲ့အစည်းများဘက်မှ လက်ခံရရှိသော (သို့မဟုတ်) ထုတ်ပြန်ထားသော အခွန်ဘဏ္ဍာဝင်ငွေများ ကိုသာ ထည့်သွင်းခဲ့သည်။ ကုမ္ပဏီများမှ ကျခံခဲ့သော်လည်း အစီရင်ခံစာကာလကျော်သွားသော ပေးချေမှုများကို ထည့်မတွက်ဘဲ၊ ကုမ္ပဏီများမှ ပေးဆောင်ခဲ့သည့်အပြင် အစီရင်ခံခဲ့ပြီးသောကာလအတွင်း ပေးချေမှုများကိုသာ ထည့်သွင်း တွက်ချက်ခဲ့ခြင်း ဖြစ်သည်။

အစီရင်ခံစာတွင် အသုံးပြုထားသည့် ငွေကြေးအမျိုးအစားမှာ မြန်မာကျပ်ငွေ ဖြစ်ပါသည်။ နိုင်ငံခြားငွေဖြင့်ပေးချေခဲ့ရမှုများအတွက် အစီရင်ခံစာထုတ်ပြန်ရသော အဖွဲ့များအနေဖြင့် ပေးချေခဲ့သော ငွေအမျိုးအစားဖြင့် တင်ပြရန်လိုအပ်သည်။ ၎င်းနိုင်ငံခြားဝင်ငွေဖြင့် ပေးချေခဲ့မှုများ (အမေရိကန်ဒေါ်လာနှင့် ဥရောပယူရိုငွေ)အတွက် အစိုးရဌာနအဖွဲ့အစည်းများမှ လက်ခံရရှိမှုများကို မှတ်တမ်းတင်ရာတွင် အမှန်တကယ် အသုံးပြုခဲ့သော ငွေလဲနှုန်းကိုအသုံးပြု၍ မြန်မာကျပ်ငွေသို့ ပြောင်းယူခဲ့သည်။

အမှန်တကယ်သုံးခဲ့သော ငွေလဲနှုန်းများကို မရရှိနိုင်လျှင် (သို့မဟုတ်) အစီရင်ခံစာထုတ်ပြန်သော အဖွဲ့များမှ မထုတ်ပြန်ပေးလျှင် တိုက်ဆိုင်စစ်ဆေးရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံဗဟိုဘဏ်မှ ၎င်းကာလအတွက် ထုတ်ပြန် သောပျမ်းမျှငွေလဲနှုန်းကို အသုံးပြုခဲ့ပါသည်။ ၎င်းပျမ်းမျှငွေလဲနှုန်းမှာအောက်ပါအတိုင်းဖြစ်သည်။

- အမေရိကန် ၁ ဒေါ်လာ = ၁၂၂၃.၅၈ ကျပ်
- ဥရောပငွေကြေး ၁ ယူရို = ၁၃၅၂.၆၆ ကျပ်

## (၂.၆) ကောက်ယူထားသော ကိန်းဂဏန်းအချက်အလက်များကို စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကာအကွယ်ပေးမှု

အစီရင်ခံစာတွင်ဖြည့်သွင်းရသောအဖွဲ့များထံမှ ကောက်ယူထားသော ကိန်းဂဏန်းအချက်အလက်များလျှို့ဝှက်ချက်ကို အကာအကွယ်ပေးရန်အတွက် အောက်ပါအချက်များကို ဆောင်ရွက်ထားပါသည်။

- EITI စံနှုန်းလိုအပ်ချက်၊ လုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားများ (ToRs)နှင့် စာရင်းတိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများအရလိုအပ်သော ကိန်းဂဏန်းအချက်အလက်များကိုသာ တောင်းခံခဲ့ပါသည်။ မတော်တဆပါလာသောမသက်ဆိုင်သည့် သတင်းအချက်အလက်များကို ပယ်ဖျက်ခြင်းနှင့်/သို့မဟုတ် ဖျောက်ဖျက်ခြင်း တို့လုပ်ဆောင်ပါသည်။
- ကိန်းဂဏန်းအချက်အလက်များကို ကောက်ယူရာတွင်လည်း လျှို့ဝှက်နံပါတ်ခံထားသော လက်ပ်တော့နှင့် အီးမေးလ်နှင့်အပြန်အလှန်ဆက်သွယ်ရာတွင်လည်း စိတ်ချရသောပရိဂရမ်ဖြင့်ချိန်ဆက်ကာ ဆောင်ရွက် ပါသည်။
- အစီရင်ခံစာဖြည့်သွင်းရသောအဖွဲ့များအား ပြီးပြည့်စုံစွာ

ဖြည့်ပြီးသော အစီရင်ခံစာဆိုင်ရာ အချက်အလက် ထုတ်ပြန်သည့်မူဘောင်ပုံစံ (Reporting Template) နှင့် လျှို့ဝှက်ထားရမည့် (သို့) ထိရှလွယ်သောသတင်း အချက်အလက်များကို ပေးပို့ရာတွင် စာရင်းတိုက်ဆိုင်စစ်ဆေးသူ၏ အီးမေးလ်ဖြစ်သော meiti@moorestephens.com ကိုတို့ရိုက်ပေးပို့ရန် တောင်းဆိုထားပါသည်။

- စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းရည်ရွယ်ချက်အတွက် အခြားလိုအပ်သောသတင်းအချက်အလက်များအား အစိုးရအေဂျင်စီများ နှင့် သယံဇာတတူးဖော်ထုတ်လုပ်သည့်ကုမ္ပဏီများထံမှ တောင်းခံရာတွင်လည်း အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်တို့အတိုင်း ဆောင်ရွက်ပါသည်။

[25] ရင်းမြစ်: website export.gov: https:^^www.export.gov^article¿id=Burma-energy-oil-and-gas

[26] ရင်းမြစ်: NRGI – Country Strategy Note – June 2016

## ၃.၁ မြန်မာနိုင်ငံအတွင်းရှိ တွင်းထွက်သယံဇာတ တူးဖော် ထုတ်လုပ်ရေး ကဏ္ဍ

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများတွင် ရေနံနှင့် သဘာဝ ဓာတ်ငွေ့၊ သတ္တုများနှင့် ကျောက်မျက်ရတနာများ ပါဝင်သည်။ တူးဖော်ထုတ်လုပ်ရေးကဏ္ဍသည် GDP ၏ ၄%၊ နိုင်ငံတော်ဝင်ငွေ၏ ၂၀.၈% နှင့် ၂၀၁၅–၂၀၁၆ ခုနှစ်တွင် ပြည်ပပို့ကုန်၏ ၅၃.၁% ရှိသည်။[၂၄] ရှာဖွေတွေ့ရှိထားသော ရေနံသိုက်အား ဖြင့် စည်ပေါင်း သန်း ၅၀နှင့် သဘာဝဓာတ်ငွေ့သိုက် ကုဗပေ ၁၀ ထရီလျံရှိပြီး ကမ္ဘာ့ပေါ်တွင် ကျောက်စိမ်းကျောက်မျက်အား အကြီးမားဆုံးသော ထုတ်လုပ်သူနှင့် ပြည်ပတင်ပို့သူဖြစ် သည်။

တူးဖော်ထုတ်လုပ်ရေးကဏ္ဍသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု၏ ဒုတိယ အကြီးမားဆုံးသောရင်းမြစ်ဖြစ်ပြီး နိုင်ငံ၏ ပြည်ပပို့ကုန်များ၏ ၄၀% နီးပါးဖြစ်၍ သဘာဝဓာတ်ငွေ့နှင့် ကျောက်မျက်ရတနာများသည် ဝင်ငွေအဓိက ရှာပေးနေသည့် အဓိက ကုန်စည် နှစ်ခုဖြစ်ကြသည်။

၂၀၁၅–၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် တူးဖော်ထုတ်လုပ် ရေး ကုန်စည် အမျိုးမျိုးကို ထုတ်လုပ်ခဲ့ရာ သဘာဝဓာတ်ငွေ့၊ ရေနံ၊ ကျောက်မီးသွေး၊ ကြေးနီ၊ တန်ဖိုးရှိမြင့် နှင့် တန်ဖိုးနည်း ကျောက်များ၊ သံဖြူ၊ တတ်စတင်နှင့် သွပ် တို့ပါဝင်သည်။


ဗဟိုစာရင်းအဖွဲ့၏ အချက်အလက်များအရ ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် သဘာဝဓာတ်ငွေ့သည် ပြည်ပပို့ကုန်များ၏ ၃၉% ဖြစ်ပြီး၊ ကျောက်မျက်နှင့် ကျောက်စိမ်းတို့သည် ၅%၊ အခြားသတ္တုများသည့် ၃% အဖြစ် အသီးသီးတွေ့ရသည်။ ဗဟို စာရင်းအဖွဲ့မှ နေ၍ ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် သဘာဝဓာတ်ငွေ့ရောင်းချမှု စုစုပေါင်းသည် အမေရိကန် ဒေါ်လာ ၄.၃ ဘီလီယံ ရှိခဲ့ပြီး၊ ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်မှ အမေရိကန်ဒေါ်လာ ၅.၁ ဘီလီယံထက် လျော့သွားကြောင်း ဖော်ပြထားပါသည်။

ဤအစီရင်ခံစာတွင် ပါဝင်သောကဏ္ဍများမှာ

- ရေနံနှင့် သဘာဝဓာတ်ငွေ့ စမ်းသပ်ရှာဖွေတူးဖော်ခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ ရောင်းချခြင်း၊
- ရေနံနှင့် သဘာဝဓာတ်ငွေ့အား တဆင့်ခံ၍ သယ်ယူပို့ဆောင်သည့် ပိုက်လိုင်းများ၊
- ကျောက်မျက်ကဏ္ဍ
- ပုလဲ ကဏ္ဍနှင့်
- သတ္တုမာများနှင့် သတ္တု တူးဖော်ရေး ကဏ္ဍတို့ဖြစ်ပါ သည်။

[24] Source: Myanmar EITI Report 2013-2014

ဂရပ်ပုံ (၅)။ မြန်မာနိုင်ငံတွင် အဓိကကျသော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေး စီမံကိန်းများကို ခြုံငုံတင်ပြခြင်း၊



## ၃.၂ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ကဏ္ဍ

### ၃.၂.၁ ဟိုက်ဒရိုကာဗွန်ကဏ္ဍ၏ ယေဘုယျ အခြေအနေ

မြန်မာနိုင်ငံသည် ပထမဆုံးသော ရေနံတင်ပို့မှုမှာ ၁၈၅၃ခုနှစ်မှ ဖြစ်ပြီး ကမ္ဘာ့ပေါ်တွင် သက်တမ်းအရင့်ဆုံးသော ရေနံတင်ပို့သူများထဲမှ တစ်ဦးဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဒုတိယအကြီးဆုံးသော သဘာဝဓာတ်ငွေ့ထုတ်လုပ်သူဖြစ်၍ လွန်ခဲ့သောဆယ်စုနှစ်အတွင်း ထုတ်လုပ်မှုသည့် သိသိသာသာတိုးမြင့်လာခဲ့ပါသည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အချက်အလက်များအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ဓာတ်ငွေ့ထုတ်လုပ်မှုသည် ကုဗပေ သန်းပေါင်း ၆၇၇၆၆၈ ရှိခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဓာတ်ငွေ့ငွေ့ရည်နှင့် ရေနံထုတ်လုပ်မှုသည် စည်ပေါင်သန်းပေါင်း၂.၀နှင့် ၁.၅ သန်း အသီးသီးရှိခဲ့သည်။

ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများမှတ်ပုံတင်ရေး (DICA) ၏ အချက်အလက်များအရ မြန်မာနိုင်ငံသည် ၂၀၁၇ခုနှစ် ဇန်နဝါရီလအထိ စုစုပေါင်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန် ဒေါ်လာ ၆၉ ဘီလီယံကျော်ရရှိခဲ့သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုတွင် အမေရိကန် ဒေါ်လာ ၂၂.၄ သန်းကို စွဲဆောင်နိုင်ခဲ့ပြီး နိုင်ငံခြား ကုမ္ပဏီပေါင်း ၁၅၄ခုမှစုစုပေါင်း နိုင်ငံတကာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ၃၂% ခန့်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအတွက် ထိပ်ဆုံးကဏ္ဍများထဲမှ တစ်ခုဖြစ်သည်။ သူ့နောက်တွင် လျှပ်စစ်ဓာတ်အားထုတ် လုပ်ရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးတို့ ပါလာကြသည်[25]။

မြန်မာနိုင်ငံသည် နိုင်ငံတကာမှ စူးစမ်းရှာဖွေရေးကို တံခါးဖွင့်ပေးထားပြီး အကြီးစားနိုင်ငံတကာ ရေနံကုမ္ပဏီများအနေဖြင့် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများကို ခေတ်မီနောက်ဆုံးပေါ် နည်းပညာများကို အသုံးပြု၍ သယံဇာတရင်းမြစ်သစ်များကို ရှာဖွေရန် ရင်းနှီးမြှုပ်နှံမှုများစွာကို ပြုလုပ်နေကြသည်။ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံတကာစီးပွားရေး ပိတ်ဆို့မှုများကို ဖြေလျှော့ခြင်းများကြောင့် မြန်မာနိုင်ငံတော်အစိုးရသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ စူးစမ်းရှာဖွေခြင်းကို ပို၍ မြန်ဆန်စေပြီး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ(O&G)အတွင်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကိုပါ မြှင့်တင်ထားပါသည်။ မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း၏ အချက်အလက်များအရ မြန်မာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့အလားအလာ အမြင့်မားဆုံးကို မရောက်သေးဟုဆိုသည်။ သိရှိပြီးသား သဘာဝဓာတ်ငွေ့သိုက်များသည် ၉ TCF ခန့်ရှိပြီး၊ သိပြီးသား ရေနံသိုက်များသည်လည်း ကုန်းတွင်းတွင် စည်ပေါင်း ၁၃၈ သန်းနှင့် ကမ်းလွန်တွင် မြန်မာနိုင်ငံသည် သဘာဝဓာတ်ငွေ့သိုက်များ ၁၈ TCF နှင့် ရေနံသိုက်များ ၃၂ ဘီလီယံရှိသည်ဟု IHS Global Insights မှခန့်မှန်းပါသည်[26]။

တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းအများစုသည် ကမ်းလွန်တွင်ရှိသော်လည်း ကုန်းတွင်းလုပ်ကွက်အနည်းဆုံး ၄၉ခုသည် လေ့လာပစ်ခြင်း၊ စူးစမ်းရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း အဆင့်အမျိုးမျိုးတွင် ရှိနေပါသည်။ ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများသည် ပြည်နယ်တိုင်းနီးပါးတွင် လုပ်ငန်းလည်ပတ်လုပ်ဆောင်နေကြပြီး အထူးသဖြင့် ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းတို့တွင် ဖြစ်ပါသည်။ ၎င်းတို့သည် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် လှုပ်ရှားမှုသိပ်မရှိသည်ကိုတွေ့ရသည်။

၂၀၁၆ခုနှစ် မတ်လ ၃၁ရက်နေ့အထိဆိုလျှင် ကုန်းတွင်းလုပ်ကွက် ၂၉ခုနှင့် ကမ်းလွန်လုပ်ကွက် ၃၈ ခုတို့သည် စူးစမ်းရှာဖွေခြင်းနှင့် ထုတ်လုပ်မှုများရှိနေကြသည်။ ကမ်းလွန် ရတနာ (Total, Chevron နှင့် PTTEP) နှင့် ရဲတံခွန် (Petronas၊ PTTEP) သဘာဝဓာတ်ငွေ့စီမံကိန်းများသည် ၁၉၉၈ခုနှစ်နှင့် ၂၀၀၀ ခုနှစ်များတွင် အသီးသီး စတင်ထုတ်လုပ်ခဲ့ကြပြီး၊ ထိုင်းနိုင်ငံပိုင်ရေနံကုမ္ပဏီ PTT သို့ ဓာတ်ငွေ့ရောင်းချရေး စာချုပ်များ ချုပ်ဆိုထားကြသည်။ Daewoo (Daewoo နှင့် မိတ်ဖက် ၃ဦး) သဘာဝဓာတ်ငွေ့ စီမံကိန်း ("ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်း" ဟုလည်းခေါ်သည်။) သည် ၂၀၁၃ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့သည်။ ထုတ်လုပ်သော သဘာဝဓာတ်ငွေ့များကို China National Petroleum Corporation သို့ ရောင်းချသည်။ ကမ်းလွန် ဇောတိက (PTTEP) သဘာဝဓာတ်ငွေ့စီမံကိန်းသည် ၂၀၁၄ခုနှစ် မတ်လတွင် စတင်ထုတ်လုပ်ပြီး ကီလိုမီတာ ၃၀၀ ရှည်သော ပိုက်လိုင်းအသစ်တစ်ခုပါပါဝင်သည်။ (ထိုအထဲမှ ၂၇၀ ကီလိုမီတာသည် ကမ်းလွန်တွင်

[25] ရင်းမြစ်: website export.gov: https:^^www.export.gov^article¿id=Burma-energy-oil-and-gas
[26] ရင်းမြစ်: NRGI – Country Strategy Note – June 2016

ဖြစ်ပြီး ကုန်းတွင်းပေါ်တွင် ကီလိုမီတာ ၃၀ သာရှိသည်။)

ရတနာ သဘာဝဓာတ်ငွေ့စီမံကိန်း၏ နေ့စဉ်ထုတ်လုပ်မှု နှုန်းထားသည် ကုဗပေသန်းပေါင်း ၉၁၀ ဖြစ်သည်။ ရွှေ စီမံကိန်းသည် ကုဗပေသန်းပေါင်း ၅၀၀ခန့်၊ ဇော်တိကစီမံကိန်းသည် ကုဗပေ သန်းပေါင်း ၃၆၀ နှင့် ရဲတံခွန်စီမံကိန်းသည် ကုဗပေ သန်းပေါင်း ၂၅၀ကျော် နေ့စဉ်ထုတ်လုပ်သည်။ ပင်လယ်ရေနက်ပိုင်းတွင် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်စင်၆ခု၊ သာမန်ရေနက်ပိုင်းတွင် စင်၉ခုနှင့် ရေတိမ်ပိုင်းတွင် ၁၁ခုရှိသည်။ မြန်မာနိုင်ငံအတွင်းရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၏ စုစုပေါင်းအရှည်သည် မိုင်ပေါင်း ၂၂၀၀ခန့်ရှိသည်[26]။

စုစုပေါင်း ပြည်တွင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းကွန်ယက်သည် အချင်း ၄လက်မမှ ၂၀ လက်မ အထိရှိ၍ အရှည်စုစုပေါင်း ၂၈၇၄ ကီလိုမီတာရှိသည်။ ရတနာမှ ရန်ကုန်သို့ ပြည်တွင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် အချင်း ၂၄လက်မရှိ၍ ၄၃၆ ကီလိုမီတာရှည်သည်။ သဘာဝဓာတ်ငွေ့လုပ်ကွက်တိုင်းမှ ပြည်ပပို့သည့် ပိုက်လိုင်းများသည် အရှည်နှင့် အချင်း ကွာခြားကြသည် ရတနာပိုက်လိုင်း (၃၆ လက်မ၊ ၄၁၀ ကီလိုမီတာ)၊ ရဲတံခွန် ပိုက်လိုင်း (၂၄ လက်မ၊ ၂၇၄ ကီလိုမီတာ)၊ မြန်မာ -တရုတ် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း (လက်မ ၄၀၊ မြန်မာနိုင်ငံအတွင်း၌ ၇၈၂ ကီလိုမီတာ)၊ နှင့် ဇော်တိကပိုက်လိုင်း (၂၈ လက်မ၊ ၃၀၀ ကီလိုမီတာ) တို့ဖြစ်သည်။ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများကို အသုံးပြုနိုင်ရေးအတွက် မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့နှင့် စာချုပ်ချုပ်ဆိုရန်လိုအပ်သည်။

## ၃.၂.၂ဥပဒေမူဘောင်

ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍအတွင်း ရေဆန်ပိုင်းလုပ်ငန်းများ (စူးစမ်းရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း)သည် အောက်ပါ ဥပဒေများမှ စီမံအုပ်ချုပ်သည်။

- ၁၉၁၈ ရေနံမြေဥပဒေ၂၇၊
- ၁၉၃၆ ရေနံမြေ နည်းဥပဒေများ၊
- ၁၉၃၄ ရေနံ ဥပဒေ၂၈၊
- ၁၉၃၇ ရေနံနည်းဥပဒေများ၂၉၊
- ၂၀၁၂ မရှိမဖြစ် အရေးကြီးသော ကုန်စည်များနှင့် ဝန်ဆောင်မှုများ ဥပဒေ၃၀၊
- ၁၉၅၁ ရေနံမြေ အလုပ်သမားနှင့် သက်သာချောင်ချိရေး ဥပဒေ၊
- ၁၉၅၇ ရေနံရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ဥပဒေ၊
- ၁၉၆၉ ရေနံရင်းမြစ်များ ဖွံ့ ဖြိုးတိုးတက်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများဥပဒေကိုပြင်ဆင်သောဥပဒေ၊
- ၁၉၆၂မြန်မာ့ရေနံ လုပ်ကွက်ဆိုင်ရာ နည်းဥပဒေများ၊
- ၂၀၁၅ သဘာဝပတ်ဝန်းကျင် အရည်အသွေး ထိန်းချုပ်မှု လမ်းညွှန်၃၁ နှင့်
- ၂၀၁၅ သဘာဝပန်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု ဆန်းစစ်ချက် စည်းမျဉ်းစည်းကမ်းများ[32]။

ထုတ်လုပ်မှုခွဲဝေယူသည့် စာချုပ်များ၏ စည်းကမ်းချက်များသည် စူးစမ်းရှာဖွေရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများကို အဓိကအားဖြင့် စီမံအုပ်ချုပ်သော်လည်း အထက်တွင်ဖော်ပြထားသည် ၁၉၅၁ ရေနံမြေအလုပ်သမားနှင့် သက်သာချောင်ချိရေးဥပဒေသည် ယခုအချိန်အထိ ကန်ထရိုက်တာများနှင့် ၎င်းတို့၏ ဝန်ဆောင်မှုကုမ္ပဏီများအတွက် ဆက်လက်၍ အရေးကြီးနေဆဲဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများသည်လည်း ရေနံလုပ်ငန်းများကို ကြီးကြပ်ထိမ်းကြောင်းပေးနေသည့် ဥပဒေမူဘောင်၏ တစိတ်တဒေသ ဖြစ်လာခဲ့ပြီဖြစ်ပါသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် တန်းတူ အရေးကြီးသည်မှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေ(ထိုဥပဒေအောက်တွင် စူးစမ်းရှာဖွေရေးနှင့် တူးဖော်ရေးကဏ္ဍအတွက် ပုဂ္ဂလိကကုမ္ပဏီများနှင့် ထုတ်လုပ်မှုဝေစုခွဲဝေယူသည့်စာချုပ်များနှင့် ပတ်သက်၍ တာဝန်ယူရန် အပ်နှင်းခံထားရသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း MOGE ရှိပါသည်။)၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ (MIL) (ယခင်က ၂၀၁၂ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (FIL) ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (MIL) နှင့် အစားထိုးထားခြင်းဖြစ်သည်။) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အမိန့်ကြော်ငြာစာ (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC)သည် ဤစည်းမျဉ်းစည်းကမ်းမူဘောင်များ အောက်တွင် ပါမစ်များကိုချပေးပြီး ထုတ်လုပ်မှုအပေါ်ခွဲဝေရေး စာချုပ်မူကြမ်း၏ စည်းကမ်းချက်များကို အတည်ပြုပေးသည်။) တို့ဖြစ်ပါသည်။

[26] ရင်းမြစ်: NRGI – Country Strategy Note – June 2016


ရေနံဥပဒေဟောင်းသည် အဓိကအားဖြင့် လုပ်ခွင့်ပေးသည်ဟု ဖော်ပြထားသည့် အခွင့်အရေးများကိုသာ ရည်ညွှန်းသည်။ အထက်တွင်ဖော်ပြထားသည့် ရေနံနှင့် စပ်လျဉ်းသည့် ဥပဒေများသည် ယခုအချိန်အထိ လိုက်နာရမည်ဖြစ်သော်လည်း လက်တွေ့တွင်မူ ရင်းနှီးမြှုပ်နှံသူများသည် များသောအားဖြင့် ထုတ်လုပ်မှု ဝေစုခွဲဝေယူသည့် စာချုပ်များ၊ ထုတ်လုပ်မှု အထွက်တိုးမှုအပေါ် အကျိုးအမြတ်ခွဲဝေယူရေးစာချုပ်များ (performance compensation contracts (PCCs)၊ တွင်းထွက်ဆိုင်ရာ ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်းမှ အကျိုးအမြတ်ခွဲဝေယူရေးစာချုပ်များ (improvement of marginal recovery agreements - IPRs)နှင့်ပြန်လည် လုပ်ငန်းဆောင်ရွက်ခြင်း သဘောတူညီချက်များကိုသာ ချုပ်ဆိုကြသည်။ ဤစာချုပ်များ၏ စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များသည် လုပ်ငန်းစဉ်ကို တည်ဆဲဥပဒေများနှင့် မဆန့်ကျင်သ၍ စီမံအုပ်ချုပ်ကြောင်း သိရှိနားလည်ရပါသည်။

## ၃.၂.၃ ဌာနဆိုင်ရာမူဘောင်

၂၀၁၅ – ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စွမ်းအင်ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံဇယားမှာအောက်ပါအတိုင်းဖြစ်ပါသည်။

Graphic 6: Ministry of Energy Organisation Chart

ဂရပ်ပုံ ၆။ စွမ်းအင်ဝန်ကြီးဌာန ဖွဲ့စည်းပုံ



# စွမ်းအင်ဝန်ကြီးဌာန

**စွမ်းအင် စီမံကိန်း ဦးစီးဌာန**


**မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း**

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

**မြန်မာ့ ရေနံထွက်စွည်းရောင်းဝယ်ရေးလုပ်ငန်း**

၂၀၁၆ခုနှစ် မတ်လတွင်ကြေညာခဲ့သည့် အစိုးရဝန်ကြီးဌာနများ၏ ပြန်လည်ဖွဲ့စည်းပုံအရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန (MOEP) နှင့် စွမ်းအင်ဝန်ကြီးဌာန (MOE) တို့ကို ပူးပေါင်းလိုက်ပြီး ပို၍အားကောင်းပြီး စီးပွားရေးဝန်ကြီးဌာနများအပေါ် လွှမ်းမိုးနိုင်သည့် ဝန်ကြီးဌာနတစ်ခုအဖြစ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (MoEE)ကို ပေါင်းစည်း၍ ပေါ်ပေါက်လာခဲ့ပါသည်။ ယခင်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့သည် စီမံကိန်းများတွင် အတူတွဲ၍ အလုပ်လုပ်ရသောအခါ၌ စိန်ခေါ်မှုများကို တွေ့ကြုံခဲ့ရသည်။ ဥပမာလျှပ်စစ်ဓာတ်အားပေး စက်ရုံအသစ်များသို့ သဘာဝဓာတ်ငွေ့ ပံ့ပိုးမပေးခြင်းဖြစ်သည့် သာဓကဖြစ်သည်။ ပေါင်းလိုက်သော ဝန်ကြီးဌာနအနေဖြင့် ဤလုပ်ငန်းစဉ်များကို သိသိသာသာကိုချောမွေ့သွားအောင် လုပ်နိုင်သည့် အလားအလာရှိသည်။

ဂရပ်ပုံ ၇။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံပြဇယား



**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန**
**လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း**
**လျှပ်စစ်စွမ်းအား စီမံရေးဦးစီးဌာန**
**လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်း**
**ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပရေးရှင်း**
**မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပရေးရှင်း**

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး**
**ဒုဝန်ကြီး**
**အမြဲတမ်း အတွင်းဝန်**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍအတွက်တာဝန်ရှိသည့် ပင်မအစိုးရဌာနတစ်ခုဖြစ်သည်။ စွမ်းအင်နှင့် လျှပ်စစ် ဝန်ကြီးဌာနထဲမှ အချို့သောအချက်များသည်

- ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေး ဦးစီးဌာန (OGPD) သည် (ယခင်က စွမ်းအင် စီမံရေး ဦးစီးဌာန) သည် စွမ်းအင်မူဝါဒရေးဆွဲခြင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းနှင့် စွမ်းအင်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအတွက် ဆွေးနွေးခြင်းများတွင် တာဝန်ရှိသည်။ OGPDသည် ထိုနည်းတူစွာပင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များ(ကုန်းတွင်း၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့် ကမ်းလွန်ရေနက်ပိုင်း)ကို တင်ဒါခေါ်ယူရန် အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အတူ တာဝန်ရှိသည်။ ထိုမှုမက လုပ်ကွက်ချပေးသည့် စာချုပ်များကို စီမံခန့်ခွဲခြင်း၊ စူးစမ်းရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရောင်းချခြင်း စသည့်တို့တွင်လည်း တာဝန်ရှိသည်။

- မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) သည် ၁၀၀% နိုင်ငံပိုင် လုပ်ငန်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ရေနံစူးစမ်းရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းတို့အတွက် တာဝန်ရှိသူလည်းဖြစ်သည့်အပြင် ပုဂ္ဂလိကကန်ထရိုက်တာများနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများအားလုံးကို လုပ်ဆောင်ရန် တစ်ခုတည်းသော နိုင်ငံပိုင်လုပ်ငန်းများရှိသည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့်လည်း နိုင်ငံခြားကုမ္ပဏီများသို့ တင်ဒါများချထားပေးရေးနှင့် ပတ်သက်သည့် တာဝန်များကိုလည်း ယူရပါသည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် စည်းကြပ်သူလည်း ဖြစ်သကဲ့သို့ လုပ်ငန်းဆောင်ရွက်သူတစ်ဦးလည်းဖြစ်သည်။

အခြားသောနိုင်ငံပိုင် လုပ်ငန်းများတွင် ကြီးကြပ်ကွတ်ကဲမှုကို လည်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတွင်ရှိ သည်။

- မြန်မာ့ရေနံ ဓာတုဗေဒ လုပ်ငန်း (MPE)သည် ရေနံချက်စက်ရုံ၃ရုံ၊ ယူရီးယားဓာတ်မြေသြဇာစက်ရုံ ၅ရုံနှင့် အခြားသော ကုန်ချောထုတ်လုပ်သည့် စက်ရုံများကို ကြီးကြပ်ကွတ်ကဲရန် တာဝန်ရှိသည်။

## EITI Myanmar

- မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း (MPPE) သည် ရေနံထွက်ပစ္စည်းများအား လက်လီနှင့် လက်ကား ဖြန့်ဖြူးမှုကို စီမံခန့်ခွဲသည်။

- လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (ESE) သည် မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရေးအပါအဝင် လျှပ်စစ်စွမ်းအင်ကို ဖြန့်ဖြူးပေးပြီး အသေးစား ရေအားလျှပ်စစ်နှင့် ဒီဇယ်စက်များကို တပ်ဆင်ခြင်းနှင့် လည်ပတ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

- လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း (EPGE) သည် လျှပ်စစ်ဓာအားများကိုဝယ်ယူ၍ မြန်မာနိုင်ငံရှိ သုံးစွဲသူများထံသို့ ဖြန့်ဝေပေးသည်။

- ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပရေးရှင်း (YESC) သည် ရန်ကုန်မြို့တွင် လျှပ်စစ်စွမ်းအင်ဖြန့်ဖြူးရေးကို စီမံခန့်ခွဲသည်။

- Mandalay Electricity Supply Corporation (MESC): manages the supply of Energy in Mandalay.

- မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပရေးရှင်း (MESC) သည် မန္တလေးမြို့တွင် လျှပ်စစ်စွမ်းအင်ဖြန့်ဖြူးရေးကို စီမံခန့်ခွဲသည်။

စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုကို စီမံကြီးကြပ်ရန် အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီကို ၂၀၁၃ခုနှစ် ဇန်နဝါရီလတွင် သမ္မတရုံး အမိန့်ကြေညာစာအမှတ် (၁၂/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီကို စွမ်းအင်ဝန်ကြီး

ဌာနမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေသည့် အခြားသော အစိုးရဌာန ၁၀ခုပါဝင်ပြီး နိုင်ငံ၏အမျိုးသားစွမ်းအင်မူဝါဒကို တသက်မတ်တည်း ဖော်ဆောင်နိုင်ရန် ရည်ရွယ်သည်။

## ၃.၂.၄ အဓိကရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများ

### ပတ္တမြားသဘာဝဓာတ်ငွေ့စီမံကိန်း

Total SA ကုမ္ပဏီသည် ၂၀၁၇ခုနှစ် မေလတွင် ကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်းမှ ထုတ်လုပ်မှုကို စတင်ခဲ့သည်။ ၎င်းသည် မြန်မာနိုင်ငံအတွင်း ရန်ကုန်မြို့၏ တောင်ဖက်ကီလိုမီတာ ၂၂၀ အကွာတွင်ရှိသည်။ ဤစီမံကိန်းသည် ၂၀၂၀ခုနှစ်ကျော်လျှင် ရပ်တန့်သွားမည့် ရတနာသဘာဝဓာတ်ငွေ့လုပ်ကွက်၏ ကုဗပေသန်းပေါင်း ၈ဘီလီယံကျော်ကို တိုးချဲ့ပေးနိုင်မည်ဖြစ်သည်။

ပတ္တမြား စီမံကိန်းသည် ရတနာထုတ်လုပ်မှုစက်ရုံများနှင့် ချိတ်ဆက်နေမည့် ရေနံတွင်းတူးစင်မြင့် အသစ်တစ်ခုတည်ဆောက်ခြင်းနှင့် ရတနာဓာတ်ငွေ့လုပ်ကွက်ကို တည်ဆောက်ရန်အတွက် အလျားလိုက်တွင်း ၄တွင်းကိုတူးရန်လိုအပ်သည်။ ဤသည်မှာ ရတနာလုပ်ကွက်၏ အနီးအနားတစ်ခုတွင်သာ ပါဝင်ခြင်းဖြစ်သည်။ ဤစီမံကိန်းတွင် compression platform အသစ်တစ်ခုပါဝင်သည်။

Total စီမံကိန်းလုပ်ငန်းဆောင်ရွက်သူဖြစ်၍ အကျိုးအမြတ်ရရှိမှု ၃၁.၂% ရှိသည်။ ၎င်း၏မိတ်ဖက်များမှာ Chevron-Unocal ၂၈.၃%၊ PTTEP ၂၅.၅% နှင့် MOGE ၁၅% တို့ဖြစ်သည်[33]။

## Yadana project

### ရတနာ စီမံကိန်း၃၄

Totalသည် ရတနာ ထုတ်လုပ်မှု မျှဝေယူသည့် စာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ၁၉၉၂ခုနှစ် ဇူလိုင်လတွင် ချုပ်ဆိုခဲ့ပြီး နိုင်ငံပိုင်လုပ်ငန်းဖြစ်သည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ၁၅% အကျိုးအမြတ်ရရှိပြီး Total မှ ၃၁.၂% တို့ဖြင့် ဓာတ်ငွေ့ထုတ်လုပ်ခြင်းကို ဆောင်ရွက်နေသည်။

ရတနာသဘာဝဓာတ်ငွေ့လုပ်ငန်းသည် ကပ္ပလီပင်လယ်အော်အတွင်းတည်ရှိပြီး မြန်မာနိုင်ငံ၏ အနီးဆုံးမြေမှ ကီလိုမီတာ ၆၀ခန့်ဝေးသည့် ကမ်းလွန်ဒေသတွင်ရှိသည်။ ဤကြီးမားသော စွမ်းအင်ရင်းမြစ်တွင် သဘာဝဓာတ်ငွေ့ ကုဗပေ ထရီလီယံပေါင်း ၅.၃ (ကုဗမီတာ ၁၅၀ ဘီလီယံ) ထက်ပို၍ရှိပြီး လုပ်ကွက်အားဖြင့် နှစ်ပေါင်း ၃၀ခန့်လုပ်နိုင်သည်ဟု ခန့်မှန်းထားကြသည်။ စီးပွားဖြစ်ထုတ်လုပ်မှုကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ခဲ့ပြီး ထုတ်လုပ်မှုသည် ၂၀၀၇ခုနှစ်အတွင်း တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ကုဗပေ ၂၁.၅ သန်းကျော် ထွက်နေသည်။

သဘာဝဓာတ်ငွေ့ကို ထိုင်းနိုင်ငံရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ပို့ပေးပြီး မြန်မာနိုင်ငံ ပြည်တွင်းဈေးကွက်တွင်လည်း ရောင်းချသည်။ သဘာဝဓာတ်ငွေ့ကို ကုန်းတွင်းသို့ ၃၄၆ ကီလိုမီတာရှိသည့် ပင်လယ်အောက်ပိုက်လိုင်းဖြင့် သယ်ဆောင်သွားသည်။ ကုန်းပေါ်တွင် ၆၃ ကီလိုမီတာရှိသည့် ပိုက်လိုင်းမှ တဆင့် ထိုင်းနယ်စပ်သို့ ရောက်ရှိသွားသည်။

ရတနာသဘာဝဓာတ်ငွေ့လုပ်ကွက်တွင် မတူကွဲပြားခြားနားသော စာချုပ် သဘောတူညီချက် ၅မျိုးရှိကြောင်း တွေ့ရသည်။

- ထုတ်လုပ်မှု ဝေစု ခွဲဝေယူခြင်း (PSC)၊ အောက်ပါပါဝင်ဆောင်ရွက်သူများနှင့် ရေနံဖက်စပ် ထုတ်လုပ်မှု-Total သည် လုပ်ငန်းလည်ပတ်သူအဖြစ် ၃၁.၂၄%၊ Unocalသည် ၂၈.၂၆%၊ PTT စူးစမ်းရှာဖွေရေးနှင့် ထုတ်လုပ်ရေး (PTTEP) မှ ၂၅.၅၀% နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ၁၅% အသီးသီး ပါဝင်ကြသည်။
- သဘာဝဓာတ်ငွေ့ရောင်းဝယ်ရေးသဘောတူညီချက် (Export Gas Sales Agreement - EGSA) အထက်ပါ ထုတ်လုပ်မှုအပေါ် ခွဲဝေယူသည့် စာချုပ် PSC နှင့် ထိုင်းနိုင်ငံမှ ဓာတ်ငွေ့ဝယ်ယူသူ PTTEP (ထိုင်းနိုင်ငံ လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံများတွင် အသုံးပြုရန်)



## ရဲတံခွန်စီမံကိန်း


ရဲတံခွန် ဓာတ်ငွေ့သိုက်သည် ကပ္ပလီပင်လယ်အော် (Andaman Sea)အတွင်း စတုရန်းကီလိုမီတာ ၂၄,၁၃၀ အကျယ်အဝန်းရှိသော ကမ်းလွန်ဓာတ်ငွေ့သိုက်ဖြစ်သည်။ ရတနာစီမံကိန်းပြီးလျှင် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရင်းနှီးမြှုပ်နှံထားသော ရဲတံခွန် စီမံကိန်းသည် မြန်မာနိုင်ငံတွင် ဒုတိယ ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းဖြစ်ခဲ့သည်။

ဤဓာတ်ငွေ့သိုက်တွင် ခန့်မှန်းချေအားဖြင့် ဓာတ်ငွေ့ ကုဗပေ ၃ ထရီလီယံနှင့် လေဆီ (Condensate) စည်သန်းပေါင်း ၈၀ ခန့် ထိန်းသိမ်းထားသည်။

Patronas ကုမ္ပဏီအနေဖြင့် အစုရှယ်ယာ ၄၀.၉၁% ပိုင်ဆိုင်ထားပြီး၊ စီမံကိန်းကို ဦးဆောင်လုပ်ကိုင်လည်ပတ်နေသည်။ ၎င်းနှင့်အတူ တွဲဖက်လုပ်ကိုင်သော ကုမ္ပဏီများမှာ ရှယ်ယာ ၂၀.၄၅% ပါသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ၁၉.၃၂% ပါသည့် PTTEP နိုင်ငံတကာကုမ္ပဏီနှင့် ၁၉.၃၂% ပါသည့် Nippon Oil Exploration Myanmar တို့ဖြစ်သည်။

ရဲတံခွန်ဓာတ်ငွေ့သိုက်ကို ၁၉၉၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်တွေ့ရှိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ဤဓာတ်ငွေ့သိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ခဲ့ပြီး၊ ၁၉၉၈နှင့် ၁၉၉၉ ခုနှစ်များတွင် ပိုက်လိုင်းနှင့်အခြားဆက်စပ် အဆောက်အအုံ တည်ဆောက်ခြင်းများစတင်ခဲ့ကာ စီးပွားဖြစ်ထုတ်လုပ်မှုကို ၂၀၀၀ ခုနှစ် မေလတွင် စတင်ခဲ့သည်။ ၎င်းဓာတ်ငွေ့တွင်း ထုတ်လုပ်မှုမှာ ၂၀၃၀ ခုနှစ်အထိ ဆက်ရှိနေနိုင်သည်။

၎င်းဓာတ်ငွေ့သိုက်မှ ထုတ်လုပ်သော သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံရေနံဓာတုအုပ်ချုပ်ရေးအဖွဲ့ (Petroleum Authority of Thailand - PTT) သို့ တနင်္သာရီ ပိုက်လိုင်းကုမ္ပဏီမှ လုပ်ကိုင်လည်ပတ်နေသော တနင်္သာရီပိုက်လိုင်းမှ တဆင့်ပေးပို့ပါသည်။ ဤတွင်းမှထွက်သော လေဆီကိုမူ ရဲတံခွန် ရေပေါ်ဆီ သိုလှောင် သင်္ဘော(FSO vessel)တွင် သိုလှောင်ထားပြီး ပြည်တွင်းနှင့်ပြည်ပမှ ဝယ်ယူသူများကို ရောင်းချပါသည်။



## ဇောတိက စီမံကိန်း[1]

ဇောတိက စီမံကိန်းတွင် ဇောတိက၊ Kakonna နှင့် Gawthaka လုပ်ကွက်များပါဝင်သည်။ မြန်မာ့ကမ်းလွန် ပင်လယ် မုတ္တမပင်လယ်ကွေ့၊ လုပ်ကွက် M9 M11 တို့တွင် တည်ရှိသည်။ စီမံကိန်းဧရိယာမှာ ၁၁၇၄၆ စတုရန်း ကီလိုမီတာ ရှိသည်။

The Petroleum Authority of Thailand Exploration and Production International (PTTEP International) သည် စီမံကိန်းအကောင်အထည် ဖော်သူ (သစနမအေသမ) ဖြစ်သည်။ PTTEPသည် စီမံကိန်း ၈၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ပြီး မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့ လုပ်ငန်း Myanmar Oil and Gas Enterprise (MOGE) က ၂၀ ရာခိုင်နှုန်းပိုင်ဆိုင်သည်။

အမေရိကန်ဒေါ်လာ ၂ ဘီလီယံ တန်ကြေးရှိသည့်စီမံကိန်းဖြစ်သည်။၂၀၁၄ မတ်လတွင် မြန်မာနိုင်ငံပြည်တွင်းသုံး သဘာဝ ဓာတ်ငွေ ့များကို တရက်လျှင် ကုဗပေသန်း ၆၀ နီးပါး (MMscf^d) ထုတ်လုပ်ခြင်းဖြင့်အစပြုခဲ့သည်။ ၂၀၁၅ ဩဂုတ်တွင် ထိုင်းနိုင်ငံသို့ တရက်လျှင် 240MMscf^d နှုန်း ဖြင့်စတင် တင်ပို့ခဲ့ သည်။

၂၀၁၂ ဇန်နဝါရီ PTTEP Offshore Investment Limited (PTTEPO) နှင့် Myanmar Oil and Gas Enterprise (MOGE) တို့သည် ဇောတိကဓာတ်ငွေ့သယ်ယူပို့ဆောင်ရေး စီမံကိန်းတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် Andaman Transportation Limited (ATL) နှင့် သဘောတူညီချက် ရယူခဲ့သည်။ MOGE(နိုင်ငံတော်ကိုယ်စား) ရင်းနှီးမြှုပ်နှံမှုသည် Andaman Transportation Limited ၏ ရပိုင်ခွင့်များနှင့် ပေးရန်တာဝန် သတ်မှတ်ချက်အတိုင်းပါဝင်ရမည်ဖြစ်သည်။ ယင်းသတ်မှတ်ချက်အရ MOGE အနေဖြင့် Production Sharing Contract (ထုတ်လုပ်မှုပေါ် ခွဲဝေ ခံစားခွင့်စာချုပ်) တွင်ဖော်ပြထားသည့်အတိုင်း ကုန်ကျစရိတ် ၂၀ ရာခိုင်နှုန်းအပြည့်အဝထည့်ဝင်ရင်းနှီးသည်ဆိုပါက ATL ၏ ပုံမှန်စတော့ (common stock)တွင်လည်း ယင်းအချိုးအစား အတိုင်းရင်းနှီးမြှုပ်နှံခွင့်ရရှိမည်ဖြစ်သည်။ [2]ကမ်းလွန် ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်း (PTTEP)သည် ၂၀၁၄ မတ်လတွင် ထုတ်လုပ်မှုစတင်ခဲ့သည်။

## ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း [3]

ရွှေ သဘာဝဓာတ်ငွေ့စီမံကိန်းတွင် ရွှေ၊ ရွှေဖြူ၊ မြ ကမ်းလွန် လုပ်ကွက်များပါဝင်သည်။ ဘင်္ဂလားပင်လယ်အော်အတွင်း လုပ်ကွက် A1 A3 တွင်တည်ရှိသည်။ စီမံကိန်းကို ကုမ္ပဏီ ၆ ခု မှ စုပေါင်းအကောင် အထည်ဖော်သည်။

Daewoo International ကုမ္ပဏီ၏ လက်အောက်ခံ POSCOမှ ဦးဆောင်သည်။ ၄င်းသည်စီမံကိန်း အကောင် အထည်ဖော်သူလည်းဖြစ်သည်။

၂၀၁၃ ဇူလိုင်တွင် ရွှေ စီမံကိန်းမှ သဘာဝဓာတ်ငွေ့ပထမဆုံး ထုတ်လုပ်ခဲ့သည်။ မြလုပ်ကွက်မှ ထွက်ရှိခြင်းဖြစ်ပြီး စီးပွားဖြစ် ထုတ်ယူမှုကို ၄င်းနှစ် ဩဂုတ်လတွင် စတင်ခဲ့သည်။

၂၀၁၄ ဇန်နဝါရီလတွင် ရွှေ လုပ်ကွက်မှ ဓာတ်ငွေ့များစတင် ထုတ်လုပ်ခဲ့သည်ဖြစ်သောကြောင့် ၂၀၁၄ အကုန်တွင် တရက်လျှင် ဓာတ်ငွေ့ကုဗပေ သန်း ၅၀၀ ခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။ ယင်းနှုန်း အတိုင်း ၂၀၂၀ ထိထွက်မည်ဟု မှန်းထားသည်။

ဓာတ်ငွေ့များကို China National United Oil Corporation (CNUOC) သို့ ၂၅ နှစ်မှ နှစ် ၃၀ စာချုပ်ဖြင့် ရောင်းချ၊ သို့မဟုတ် မြန်မာပြည်အတွင်းရောင်းချရန်ဖြစ်သည်။ ၂၀၁၀ ဇွန်လတွင် MOGE နှင့် CNPC တို့ပူးပေါင်းပြီး South East Asia Gas Pipeline Co ကို တည်ထောင်ခဲ့သည်။ ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းကို SEAGP က စီမံမည်ဖြစ်သည်။


သုံးနှစ်ကြာတည်ဆောက်မှုအပြီးတွင် မြန်မာတရုတ် သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းကို ၂၀၁၃ ဇူလိုင်၂၈ရက်နေ့တွင် စတင် အသုံးပြုခဲ့သည်။ ရခိုင်ကမ်းလွန် ဘင်္ဂလားပင်လယ်အော်တွင် တည်ရှိသည့် ရွှေလုပ်ကွက်မှ တရုတ်နိုင်ငံ အနောက်တောင် ပိုင်း ယူနန်ပြည်နယ်သို့ ဓာတ်ငွေ့ များ ပို့လွှတ်ခဲ့သည်။

[1]http:^^www.offshore-technology.com^projects^zawtika-gulf-martaban-myanmar-burma^
[2]www.pttep.com
[3]http:^^www.offshore-technology.com^projects^shwe-natural-gas-project^

သဘာဝဓာတ်ငွေ့များကို A1 မှ ရွှေ နှင့် ရွှေဖြူလုပ်ကွက်၊ A3 မှ မြလုပ်ကွက်များမှ ထုတ်လုပ်လျက်ရှိသည်။ ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရန်အတွက် ကုန်ကျငွေသည် အမေရိကန်ဒေါ်လာ USကျပ်၂.၁၅ ဘီလီယံရှိကြောင်း MOGE က ၂၀၁၃ ဖေဖော်ဝါရီတွင် ထုတ်ပြန်ခဲ့သည်။

## ချောက်နှင့် ရေနံချောင်း ရေနံမြေ [4]

အကြီးဆုံးကုန်းတွင်း ရေနံမြေ ၂ ခုဖြစ်သော ချောက်နှင့် ရေနံချောင်းမှ ရပိုင်ခွင့်၊ အကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းကို Interraresources ကုမ္ပဏီက Improved Petroleum Recovery Contracts (IPRCs) စာချုပ်ဖြင့် ရယူထားသည်။ ၁၉၉၆ အောက်တိုဘာ ၄ ရက်နေ့တွင် (MOGE) နှင့် သက်တမ်း ၂၀ နှစ်၊ ၆ လရှိသည့် IPRC စာချုပ်ချုပ်ဆိုထားသည်။ ရေနံမြေ ၂ ခုလုံးကို Goldpetrol Joint Operating Company Inc က စီမံသည်။ ရေနံမြေ၂ခုပေါင်းဧရိယာသည် ၁၈၀၀ စတုရန်းကီလိုမီတာနီးပါးရှိပြီး ဧရာဝတီ မြစ်ကြောင်း တောက်လျှောက်၊ ရန်ကုန်မြို့မှ မြောက်ဘက် ၅၈၀ ကီလိုမီတာအကွာတွင်တည်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် ရေနံမြေ၂ခုမှ ရေနံစည်ပေါင်း ၁,၁၉၂,၅၂၃ ထွက်ရှိခဲ့သည်။




[4]http:^^www.interraresources.com^operations_myanmar.asp

## မန်းရေနံမြေ [5]

မြန်မာနိုင်ငံ အလယ်ပိုင်း မြစ်ဝှမ်းဒေသ ရေနံထုတ်လုပ်ရာ မန်း - မင်းဘူး မိုင် ၃၀ လမ်းမြောက် ဘက်တွင် ရှိသည်။ ၁၉၇၀ ဇပြီ တွင် မန်းရေနံမြေကို MOGE က ရှာဖွေတွေ့ရှိခဲ့ပြီး၊ ယင်းတွေ့ ရှိမှု နောက်ဆက်တွဲအနေဖြင့် ပုံတောင်ကျောက်ဖြစ်ရုပ်ကြွင်း များကို ဆက်လက်တွေ့ရှိခဲ့သည်။

၂၀၁၆ ဧပြီ ၁ ရက်နေ့ စာရင်းအရ တွင်းပေါင်း ၆၆၇ တွင်းတူးထား ပြီး ရေနံစည်သန်းပေါင်း ၁၂၀ နီးပါးနှင့် ဓာတ်ငွေ့ ၁၂၁ Bcf ထုတ် လုပ်ထားပြီးဖြစ်သည်။ ထပ်မံတူးဖော်နိုင်သည့် ရေနံပမာဏမှာ ၂၅ MMbbls ရှိသည်။ လက်ရှိတွင် တွင်းပေါင်း ၃၅၁ တွင်းမှ တရက်လျှင် ရေနံစည်ပေါင်း ၁၄၅၀ ခန့်ထုတ်လုပ်လျက်ရှိ သည်။ ယခင် Myanmar Petroleum Resources Ltd မှ MPRL E&P သို့ အမည်ပြောင်းထားသည့် ကုမ္ပဏီက အထွက် တိုးမှုပေါ် ခွဲဝေခံစားသည့် စာချုပ် Performance Compensation Contract ဖြင့်ဆောင်ရွက်နေသည်။ ယခင်က Baker Hughes Singapore နှင့် MOGE ကြားချုပ်ဆိုထားသည့် စာချုပ်ဖြစ်သည်။

## မြန်မာ – တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်း

မြန်မာ - တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံ ကိန်းကို ၂၀၀၈ခုနှစ်တွင် ပုံစံထုတ်ခဲ့ပြီး စုစုပေါင်းအရှည် ၁၄၀၁.၅ ကီလိုမီတာရှိသည်။ မြန်မာနိုင်ငံ အနောက်ဘက် ကမ်းရိုးတန်းဒေသမဒေးကျွန်းမှ စတင်သည့် ရေနံစိမ်းပိုက်လိုင်း သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် ရွှေလီကို ဖြတ်ကာ ချုံကင်း (Chongquing) သို့ဆက်သွယ်ထားသည်။ မြန်မာနိုင်ငံတွင်းရှိ စုစုပေါင်းပိုက်လိုင်းအရှည်သည် ၇၇၀.၅ ကီလိုမီတာဖြစ်သည်။ တရုတ် ပြည်တွင်းတွင် ပိုက်လိုင်းအရှည် ၁၆၃၁ ကီလိုမီတာရှိသည်။ ၂၃ million tons/a နေ့စဉ်ဖြတ် သန်း နိုင်အောင်စီစဉ်ထားသည်။

သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းများသည် မြန်မာနိုင်ငံ အနောက် ဘက် ကမ်းရိုးတမ်း ကျောက်ဖြူမှစတင်ပြီး မဒေးကျွန်းမှ ရေနံ စိမ်းပိုက်လိုင်းများနှင့် အပြိုင်ယူနန်ပြည်နယ် ရွှေလီမှတဆင့် အနောက် မှ အရှေ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း အမှတ် ၂ ဆုံရာ နန်နင်းတွင်အဆုံးသတ်သည်။ မြန်မာနိုင်ငံတွင်း ပိုက်လိုင်း အရှည် ၇၉၃ ကီလိုမီတာရှိသည်။ တရုတ်ပြည်တွင်းတွင် ပိုက် လိုင်းအရှည် ၁၇၂၇ ကီလိုမီတာရှိသည်။ ၁၂ ဘီလီယံ m3/a ဖြတ်သန်းနိုင်အောင် စီစဉ်ထားသည်။

ယင်းစီမံကိန်း တရုတ်နိုင်ငံ၏ အမျိုးသားစွမ်းအင်စီမံကိန်းများ အနက်တခုအပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ကို ၂၀၁၃ ဇွန်လ ၁၂ ရက်နေ့တွင် အပြီးသတ်ပြီး ၂၀၁၃ အောက် တိုဘာ ၂၁တွင် တရုတ်သို့ စတင်ပို့လွှတ်ခဲ့သည်။ ရေနံပိုက် လိုင်းကို ၂၀၁၄ ဩဂုတ်တွင် အပြီးသတ်နိုင်ခဲ့သည်။ China National Petroleum Corporation (CNPC) နှင့် Myanma Oil and Gas Enterprise (MOGE) တို့က ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းဖြစ်သည်။ CNPC သည် ရှယ်ယာ ၅၀.၉ ရာခိုင်နှုန်းပိုင်ပြီး စီမံကိန်းကိုအုပ်ချုပ်သည်။ ကျန်ရှိသည်များကို MOGE က ပိုင်ဆိုင်သည်။

## ရေနံနှင့် ဓာတ်ငွေ့ ပိုက်လိုင်း

### ပြည်တွင်းပိုက်လိုင်း

နိုင်ငံအနှံ့ ပိုက်လိုင်းကွန်ယက်များကို MOGE မှ ချဲ့ထွင်လျက် ရှိသည်။ ၆ လက်မမှ ၂၄လက်မထိ အရွယ်အစားအမျိုးမျိုး တည်ဆောက်လျက်ရှိသည်။ စုစုပေါင်း ပိုက်လိုင်းအရှည် ၂၁၀၀ မိုင်ရှိသည်။

[5] http:^^www.mprlexp.com^

ပြည်ပပို့ပိုက်လိုင်း

| စီမံကိန်း | ကမ်းလွန် (မိုင်) | ကုန်းတွင်း (မိုင်) |
|---|---|---|
| ရတနာ | ၂၁၆ | ၃၉ |
| ရဲတံခွန် | ၁၂၆ | ၄၃ |
| ဇောတိက | ၁၄၃ | ၁၄၃ |
| ရွှေ | ၆၅ | ၃ |
| မြန်မာ – တရုတ် | | ၄၉၅ |
| မြန်မာ – တရုတ် | | ၄၈၁ |

ရေနံ နှင့် ဓာတ်ငွေ့တွင်းများ၊ ဓာတ်ငွေ့ပိုက်လိုင်း၊ သန့်စင်စက်ရုံ၊ ရေနံဓာတုစက်ရုံများပြ မြေပုံ




– မြန်မာ – တရုတ် ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်း



## ၃.၂.၅။ လိုင်စင်မှတ်ပုံတင်ခြင်း

အောက်ဖော်ပြပါ အချက်အလက်များနှင့်တကွ လိုင်စင်များ ကို MOGE တွင် ထိန်းသိမ်းထားသည်။

■ လုပ်ကွက်အမှတ် (Block reference)
■ လိုင်စင်ပေါက်သူ အမည်
■ လုပ်ငန်းဆောင်ရွက်မှု (လေ့လာ ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊)
- မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ခွင့်ပြုမိန့် အထောက်အထား
- လိုင်စင်သက်တမ်း ( နှစ် မှ နှစ် အထိ)
- ကုမ္ပဏီအခြေအနေ (လုပ်ငန်းဆောင်ရွက်နေ/ဆိုင်းငံ့)(Active/ Pending)
- တည်နေရာ

စာရင်းကို MOGE ဝက်ဘ်ဆိုက်တွင် ဖော်ပြထားခြင်းမရှိပါ။[6] သို့သော်လည်း ဖော်ပြပါ စာရင်းအချက်အလက်များကို ချုပ်ချုပ်မှု၊ ငွေကြေးကုန်ကျမှု တစုံတရာမရှိပဲ MOGE မှ တိုက်ရိုက်တောင်းယူနိုင်ပါသည်။ MOGE မှ ထုတ်ပြန်သည့် စာရင်းတွင် လျှောက်လွှာတင်သည့်နေ့၊ လိုင်စင်ချပေးသည့်နေ့၊ သက်တမ်းကုန်သည့်နေ့၊ ထုတ်လုပ်သည့် အသုံးပြုသည့် ကုန်စည်များနှင့် ဆိုင်သည့် အချက်အလက်များ ပါဝင်ခြင်းမရှိပါ။ ပထမအကြိမ် ထုတ်ဝေသည့် Myanmar-EITI အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း စာရင်းများကို ကွန်ပြူတာစနစ်ဖြင့် ပြောင်းလဲပြီး၊ နောက်ဆုံးစာရင်းထိ ပြုစုထားရန် MOGE သို့ တိုက်တွန်းလိုပါသည်။ ထပ်တိုးအချက်အလက်များဖြည့်စွက်ပြီး ကြေးတိုင်မြေစာရင်းအချက်အလက်များကို MOGE ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသင့်ပါသည်။ လိုင်စင်မှတ်ပုံတင်နှင့်ဆိုင်သည့် အသေးစိတ်အချက်အလက်များကို အစီရင်ခံစာ၏ နောက်ဆက်တွဲ ၁၀ တွင်ဖော်ပြထားပါသည်။

## ၃.၂.၆။ ရေနံနှင့် ဓာတ်ငွေ့လုပ်ကွက်ချထားပေးခြင်း လုပ်ထုံးလုပ်နည်းများ

လိုင်စင်လွှဲပြောင်းပေးခြင်း သို့မဟုတ် ချထားပေးခြင်း လုပ်ထုံးလုပ်နည်း

လက်ရှိကျင့်သုံးနေသည့် ဥပဒေများတွင် ရေနံနှင့် ဓာတ်ငွေ့ လုပ်ကွက်များလျှောက်ထားရာတွင် ပါဝင်ရမည့် သတ်မှတ်ချက်များဖော်ပြထားခြင်းမရှိပါ။ မြန်မာနိုင်ငံ အစိုးရသည် ရေနံနှင့် ဓာတ်ငွေ့စာချုပ်များ၊ လျှောက်လွှာများကို ၄င်းစိတ်ကြိုက် လွတ်လပ်စွာ ဆုံးဖြတ်၍ချထားပေးသည်။

၂၀၁၁ မတိုင်ခင်တွင် ရေနံနှင့်ဓာတ်ငွေ့လုပ်ကွက် လေလံဟူ၍ မရှိပဲ အဆင့်မြင့် အာဏာပိုင်များက ကုမ္ပဏီများနှင့် တိုက်ရိုက် ညှိနှိုင်းကာချထားပေးသည်။ ၂၀၁၀မှစပြီး ထုတ်လုပ်မှုပေါ်ခွဲဝေခံစားမှုစာချုပ်များ (Production Sharing Contracts) ကို လုပ်ငန်းလုပ်ပိုင်ခွင့် လိုင်စင်ချထားပေးခြင်းမှတဆင့် အသုံးပြုမှု တိုးတက်လာခဲ့သည်။ လေလံလုပ်ငန်းစဉ်၊ လေလံသုံးသပ်ခြင်း လုပ်ထုံးလုပ်နည်းများကို လိုင်စင်ချထားပေးရန်အတွက် အသုံးပြုလာကြ သည်။

စာချုပ်များချထားပေးခြင်း၊ မြန်မာနိုင်ငံကိုယ်စား ထုတ်လုပ်မှုအပေါ်ခွဲဝေသည့် စာချုပ်များညှိနှိုင်းရာတွင် MOGE သည် အရေးအကြီးဆုံးဖြစ်သည်။ MOGE တွင် လုပ်ကွက်ချထားပေးနိုင်ခွင့် “concessionaire’s right” ရှိသည်။ ဆိုလိုသည်မှာ လက်တွေ့တည်လည်းကောင်း၊ စာချုပ်စာတမ်းအားဖြင့်သော် လည်းကောင်း ၄င်းသည် မြန်မာနိုင်ငံအတွင်းရှိ လုပ်ငန်းများအားလုံးကို တစ်ဦးတည်းဆောင်ရွက်ခွင့်ရှိသည်။[7] စီမံကိန်းများအကောင်အထည်ဖော်ရန် ကုမ္ပဏီများ ရွေးချယ်ရမည့် တာဝန်လည်းရှိသည်။

၂၀၁၀ ရှေ့ပိုင်းတွင် ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍတွင် အပြိုင်အဆိုင် လေလံဆိုသည်မှာ မြင်ရန်ခက်ခဲသည်။ ၂၀၁၃ - ၁၄ တွင်မူ ကြိုတင်ပြင်ဆင်ထားရမည့် အရည်အသွေးသတ်မှတ်ချက်၊ PSC နမူနာဖြန့်ဝေခြင်း၊ လေလံပွဲများအတွက် သတ်မှတ်ချက်များနှင့် အခြေအနေများ၊ အနိုင်ရရှိသည့်ကုမ္ပဏီကို အများပြည်သူထံသို့ ထုတ်ပြန်ခြင်းများရှိလာသည်။ မကြာသေးမီက ပြုလုပ်ခဲ့သည့် ကုန်းတွင်း၊ ကမ်းလွန် လုပ်ကွက် လေလံတွင် MOGE သည် ပွဲစီစဉ်သူ၊ ကြီးကြပ်သူအဖြစ် တာဝန်ယူခဲ့သည်။ လျှောက်လွှာများ သုံးသပ်ခြင်း၊ ရွေးချယ်ခြင်း၊ လေလံအောင်သူနှင့် စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းခြင်းများကို တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

လက်ရှိနမူနာအဖြစ် ကျင့်သုံးနေသည့် PSC စာချုပ်အရ

[6] http:^^www.mogemm.com^
[7] Preamble of the model PSC

ဓာတ်ငွေ့တူးဖော်နိုင်ရန်အတွက် မိခင်ကုမ္ပဏီ၏ အာမခံနှင့်၊ သတ်မှတ်ထားသည့် ဘဏ်မှအာမခံ (performance bank guarantee) တို့လိုအပ်သည်။ ဘဏ်အာမခံကို လုပ်ငန်းစတင်မည့်နေ့ သတ်မှတ်အပြီး ရက်ပေါင်း၃၀ အတွင်းတင်ပြရမည်ဖြစ်သည်။ ဘဏ်အာမခံကို မြန်မာနိုင်ငံခြား ကုန်သွယ်ရေးဘဏ်က ကန်ထရိုက်တာ၏ အနိမ့်ဆုံးသုံးစွဲမည့်ပမာဏနှင့်အညီထုတ်ပေးမည်။ အောက်ဖော်ပြပါပုံတွင် ရေနံနှင့်ဓာတ်ငွေ့လုပ်ကွက်များ ချထားပေးရာတွင် မြန်မာအစိုးရအသုံးပြုသည့် လုပ်ငန်းစဉ်ကို ပြသထားသည်။ [8]

ပုံ ၈။ ရေနံနှင့် ဓာတ်ငွေ့ လုပ်ကွက်များအတွက် စာချုပ်ချုပ်ဆိုခြင်း၊ လေလံတင်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်

| | | | |
|---|---|---|---|
| ၁။ လုပ်ငန်းဆောင်ရွက် လိုကြောင်း လျှောက် ထားလွှာ ( letter of expression of interest) ကို နားလည်မှု စာချွန်လွှာ၊ ကုမ္ပဏီ ဖွဲ့စည်းခြင်း အသိအမှတ်ပြုလွှာ၊ နှစ်ပတ်လည် အစီရင်ခံလွှာ၊ အသေးစိတ် အစီရင်ခံစာ ပေးပို့ခြင်း | ၂။ အထောက် အထား စာရွက် စာတမ်းများ စစ်မှန်ကြောင်း လျှောက်ထားသည့် ကုမ္ပဏီတည်ရှိရာ နိုင်ငံရှိမြန်မာ သံရုံး ထောက်ခံချက် ရယူခြင်း | ၃။ လေလံ လျှောက်ထားသူ များသည် ကနဦးအရည်အချင်း (prequalification) သတ်မှတ်ချက်များ ပြည့်မီရမည်။ ရေနံနှင့် တူးဖော်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်းကို သက်သေပြရမည်။ ဘဏ္ဍာရေး၊ နည်းပညာ၊ လူစွမ်းအား၊ အတွေ့အကြုံရှိကြောင်း သက်သေပြနိုင်ရမည်။ | ၄။ တင်ဒါ လျှောက်လွှာများ စစ်ဆေးခြင်း |
| ၅။ Standard Terms and Conditions(TAC) များကို အလားအလာရှိသည့် လေလံ လျှောက်ထားသူများအား ရှင်းပြပြီးနောက် လျှောက်ထားသူမှ စီမံကိန်းလျှောက်လွှာ ၃ ခုကို TAC နှင့် တကွ ပြန်တင်ပြခြင်း။ | ၆။ လေလံအောင် သူကို လုပ်ကွက် အနေအထား လေ့လာခွင့်ပြုခြင်း | ၇။ MOGE မှ အတည်ပြုထားသည့် ပြည်တွင်း ကုမ္ပဏီနှင့် ပူးပေါင်းရမည်။ | ၈။ စွမ်းအင်ဝန်ကြီးဌာန နှင့် TAC အပြီးသပ် ညှိနှိုင်းခြင်း |
| ၉။ ထုတ်လုပ်မှုပေါ် ခွဲဝေခံစားမှု စာချုပ် အတည်ပြုခြင်း | ၁၀။ MOGE နှင့် MIC သို့ ပါမစ်လျှောက်ထားခြင်း | ၁၁။ ESIA နှင့် ESMP တို့ ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ခွင့်ပြုချက်ရယူခြင်း | ၁၂။ ကုမ္ပဏီခွဲ ဖွဲ့စည်းခြင်း သို့မဟုတ် အကောင်အထည် ဖော်သူ လုပ်ငန်းခွဲကို မှတ်ပုံတင်ခြင်း |

[8]The Oil and Gas Sector in Myanmar PP Presentation. Ministry of Energy, Myanma Oil and Gas Enterprise.2013

## လိုင်စင်ရသူများ၊ လွှဲပြောင်းလက်ခံရသူများနှင့် ဆိုင်သည့် အချက်အလက်များ

### လုပ်ကွက်ရရှိသူများ

ပထမ အကြိမ် ကုန်းတွင်းလုပ်ကွက် ၁၈ ကွက်အတွက် လေလံကို ၂၀၁၁ ခုနှစ်တွင်ပြုလုပ်ခဲ့ပြီး လုပ်ကွက် ၉ကွက်ကို နိုင်ငံတကာ ကုမ္ပဏီများသို့ ချထားပေးခဲ့သည်။ ၂၀၁၃ ဇန်နဝါရီ ၁၇ တွင် ကုန်းတွင်းလုပ်ကွက် ၁၈ကွက်အတွက် ဒုတိယအကြိမ် လေလံကြေညာခဲ့ပြီး IPR စာချုပ် ၃ ခု၊ PSC စာချုပ် ၃ခုကို ချုပ်ဆိုနိုင်ခဲ့ သည်။

၂၀၁၃ မတ် ၁၆ ကို Expressions of interest နောက်ဆုံးတင်သွင်းရမည့်နေ့ အဖြစ်သတ်မှတ်
ဒုတိယအကြိမ်လေလံအတွက် ဇကာတင် ၅၉ ဦးရွေးချယ်ခဲ့သည်။

ဇကာတင် ၂၆ ဦးသည် လုပ်ကွက် ၁၆ ကွက်အတွက် လျှောက်လွှာ ၅၃ ခုတင်ခဲ့သည်။

၂၀၁၃ အောက်တိုဘာ ၁၀ တွင် လေလံအောင်သူ ၁၁ ဦးကို ကုန်းတွင်းလုပ်ကွက် ၁၆ ကွက် ချထားပေးခဲ့သည်။

| ကုန်းတွင်းလုပ်ကွက်လေလံအောင်သူများ | | |
|---|---|---|
| ကုမ္ပဏီအမည် | နိုင်ငံ | လုပ်ကွက်အရေအတွက် |
| Production Sharing Contracts(ထုတ်လုပ်မှုပေါ်ခွဲဝေခံစားခွင့်စာချုပ်) | | |
| ONGC Videsh | အိန္ဒိယ | ၂ |
| Eni | အီတလီ | ၂ |
| Petroleum exploration | ပါကစ္စတန် | ၂ |
| Beunei National Petroleum | ဘရူနိုင်း | ၁ |
| Petronas | မလေးရှား | ၁ |
| Pacific Hunt Energy | ကနေဒါ | ၂ |
| CAOG sarl | လူဇင်ဘတ် | ၁ |
| JSOC Bashneft | ရုရှား | ၁ |
| PTTEP south asia and palang | ထိုင်း | ၁ |
| Sophon Offshore | ထိုင်း | ၁ |
| Petroleum Recovery Contracts (စရိတ်နှုတ်ယူခွင့်ရှိသော သဘောတူညီချက်များ) | | |
| MPRL E&P Pte | British Virgin Islands | ၁ |

ဖော်ပြခဲ့ပါ လေလံနှင့်ပတ်သက်၍ ၂၀၁၃ အောက်တိုဘာ ၁၀ ရက်စွဲနှင့် ထုတ်ပြန်သည့်သတင်းထုတ်ပြန်ချက်အရ လုပ်ကွက်လုပ်ကိုင်ခွင့်လျှောက်လွှာ (letters of Expression of Interest) ၇၈ စောင်ကို နိုင်ငံတကာ ကုမ္ပဏီ ၇၈ခုမှ ၂၀၁၃ မတ်လ ၁၆ ရက်တွင် လက်ခံရရှိခဲ့သည်။ ကုမ္ပဏီ ၇၈ ခုမှ ၅၉ ခုကို ဇကာတင်အဖြစ်ရွေးချယ်ခဲ့သည်။ စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်ပြီး ပညာရှင်များပါဝင်သည့် ကော်မတီက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ သက်ဆိုင်ရာမြန်မာသံရုံးများမှ ထောက်ခံချက်၊ ရေနံနှင့်ဓာတ်ငွေ့တူးဖော်မှုအတွေ့အကြုံ၊ နည်းပညာနှင့် ဘဏ္ဍာရေးအခြေအနေတို့ကို ကုမ္ပဏီဖွဲ့စည်းမှုလက်မှတ်၊ ကုမ္ပဏီဖွဲ့စည်းပုံ (Articles of Association)၊ ရှယ်ယာစုဖွဲ့ မှု (Memorandum of Association)၊ နောက်ဆုံးထုတ် နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေးထုတ်ပြန်ချက်တို့ကို တပါတည်းတင်ပြရသည်။ လေလံ သတ်မှတ်ချက် အသေးစိတ်ကို အစီရင်ခံစာနောက်ဆက်တွဲ တင်ပြချက် ၂၀ တွင်ဖော်ပြထားပါသည်။

ဝန်ကြီးဌာနမှ အချက်အလက်များ သုံးသပ်မှုအပြီးတွင် ဇကာတင် အဆင့်ဝင်ကုမ္ပဏီများအနေဖြင့် စွမ်းအင်ဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီ အနည်းဆုံးတခုနှင့် MOU/MOA ထိုးထားသော ပူးပေါင်းဆောင်ရွက်မှု အထောက်အထားပါဝင်သည့် နောက်ဆုံးအစီရင်ခံစာတင်ပြနိုင်ကြောင်း၊ ကုမ္ပဏီတခုသည် လုပ်ကွက် ၃ကွက်ထက်ပို၍ လျှောက်ထားနိုင်ခြင်းမရှိကြောင်းရှင်းပြခဲ့ကာ PSC နမူနာစာချုပ်၊ သတ်မှတ်ချက်များ အခြေအနေများနှင့် မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီများ စာရင်းကို ထုတ်ပြန်ပေးခဲ့သည်။

လုပ်ကွက် ၁၆ခုအတွက် ကုမ္ပဏီ ၂၆ခုမှ နောက်ဆုံးအဆင့် လျှောက်လွှာ ၅၄ခုကိုတင်ပြခဲ့သည်။ သတင်း ထုတ်ပြန်ချက် အရစွမ်းအင်ဝန်ကြီးဌာန ဝက်ဆိုက်တွင် ကုမ္ပဏီ ၂၆ခု၏ အမည်ကို ထုတ်ပြန်ခဲ့သည်ဟု သိရသည်။ သို့သော်လည်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ယင်းစာရင်းကို ရှာ၍ မရခဲ့ပါ။

တူးဖော်မည့်ကာလ၊ လုပ်ငန်းစဉ်များ၊ အသုံးစရိတ်များ၊ အကျိုးအမြတ်ခွဲဝေမှုအမျိုးအစား၊ အတွေ့အကြုံ၊ ဘဏ္ဍာရေးအခြေအနေ အစရှိသောသတ်မှတ်ထားချက်များပေါ်တွင် အခြေခံပြီး နောက်ဆုံးအဆင့် တင်ပြချက်များကို ဆန်းစစ်ခဲ့သည်ဟု သတင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ သတင်းထုတ်ပြန်ချက်အရ စွမ်းအင်ဝန်ကြီးဌာန ဝက်ဆိုက်တွင် လုပ်ကွက် ၁၆ ကွက်ရရှိသည့် ကုမ္ပဏီ ၁၁ ခု၏ အမည်ကို ထုတ်ပြန်ခဲ့သည်ဟု သိရသည်။ သို့သော်လည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ယင်းစာရင်းကို ရှာ၍မရခဲ့ပါ။

၂၀၁၃ ဧပြီ ၁၁ တွင် MOGE မှ ရေတိမ်လုပ်ကွက်များ (၁၁ PSC) နှင့် ရေနက်လုပ်ကွက် (၁၉ PSC) အတွက် လေလံခေါ်ယူခဲ့သည်။

၂၀၁၃ ဇွန် ၁၄ တွင် Expressions of interest နောက်ဆုံးထားလျှောက်ရန်
ဒုတိယအကြိမ်လေလံအတွက် ဇကာတင် ၆၁ ဦးရွေးချယ်ခဲ့သည်။

ဇကာတင် ၃၀ ဦးသည် ၂၀၁၃ နိုဝင်ဘာ ၁၅ တွင် လျှောက်လွှာ ပြန်တင်ခဲ့သည်။

၂၀၁၃ အောက်တိုဘာတွင် ရေတိမ်လုပ်ကွက် ၁၀ ကွက်၊ ရေနက် လုပ်ကွက်၁၀အတွက် လေလံအောင်သူ ၁၃ ဦးကို ပါမစ်ချထားပေးခဲ့သည်။

| ကုန်းတွင်းလုပ်ကွက်လေလံအောင်သူများ | | |
|---|---|---|
| ကုမ္ပဏီအမည် | နိုင်ငံ | လုပ်ကွက်အရေအတွက် |
| ကမ်းလွန်ရေတိမ်လုပ်ကွက်များ | | |
| BC Asia Pacific and woodside energy (Myanmar) | ယူကေနှင့်ဩစတေးလျ | ၂ |
| Chevron (Unocal Myanmar Offshore Co, Ltd) | အမေရိကန် | ၁ |
| Oil India Ltd, Mercator Petroleum Ltd and Oilmax Energy | အိန္ဒိယ | ၂ |
| ROC Oil and Tap Oil | ဩစတေးလျ | ၁ |
| Berlanga Holding | နယ်သာလန် | ၁ |
| Transcontinental Group | ဩစတေးလျ | ၂ |
| Reliance Industries | အိန္ဒိယ | ၁ |

| ကမ်းလွန်ရေနက်လုပ်ကွက်များ | | |
|---|---|---|
| BC Asia Pacific and woodside energy (Myanmar) | ယူကေနှင့်ဩစတေးလျ | ၂ |
| Ophir Energy Plc | ယူကေ | ၁ |
| Shell Myanmar Energy and MOECO | နယ်သာလန် | ၃ |
| Statoil and Conoco Philips | နော်ဝေးနှင့်အမေရိကန် | ၁ |
| Eni Myanmar | အီတလီ | ၂ |
| Total E&P | ပြင်သစ် | ၁ |

အထက်ဖော်ပြပါ လုပ်ကွက်များ ရွေးချယ်ရာတွင် သက်ဆိုင်ရာ မြန်မာသံရုံးများမှ ထောက်ခံချက်၊ ရေနံနှင့် ဓာတ်ငွေ့တူးဖော်မှု အတွေ့အကြုံ၊ နည်းပညာ နှင့် ဘဏ္ဍာရေး ခိုင်မာမှုအခြေအနေကို ကုမ္ပဏီဖွဲ့စည်းမှု လက်မှတ်၊ ကုမ္ပဏီဖွဲ့စည်းပုံ (Articles of Association) ၊ ရှယ်ယာစုဖွဲ့မှု (Memorandum of Association)၊ နောက်ဆုံးထုတ် နှစ်ပတ်လည် အစီရင်ခံစာ နှင့် ဘဏ္ဍာရေးထုတ်ပြန်ချက် တို့ကို တပါတည်းတင်ပြရသည်။ အသေးစိတ်လေလံသတ်မှတ်ချက်များကို အစီရင်ခံစာနောက်ဆက်တွဲ တင်ပြချက် ၂၀ တွင်ဖော်ပြထားပါသည်။

၂၀၁၆ မတိုင်မီထိ နောက်ထပ်လေလံများပြုလုပ်မည်မဟုတ်ဟု MOGE က ၂၀၁၅ မေ ၇ ရက်နေ့တွင် ကြေညာခဲ့သည်။ သို့သော်လည်း ကုန်းတွင်း၊ ကမ်းလွန်လုပ်ကွက် မည်မျှလစ်လပ်နေသည်ကို ထုတ်ပြန် ခဲ့ခြင်း မရှိပါ။ ၂၀၁၃ လေလံနောက်ပိုင်းတွင် ရေနံနှင့်ဓာတ်ငွေ့ပါမစ်များ ထပ်မံချထားပေးခြင်းမရှိသည်ကို သိရပါသည်။ ဖော်ပြပါလုပ်ကွက်များနှင့်ဆိုင်သည့် စာချုပ်စာတမ်းများကို ၂၀၁၄ နှင့် ၂၀၁၅ အတွင်း လက်မှတ်ထိုးချုပ်ဆိုခဲ့ကြောင်း MOGE က ထုတ်ပြန်သည့် လိုင်စင်မှတ်တမ်းအရ သိရသည်။

| စဉ် | လုပ်ကွက် | ကုမ္ပဏီ | လုပ်ငန်းအမျိုးအစား (စမ်းသပ်တိုင်းတာ၊ တူးဖော်၊ ထုတ်လုပ်) |
|---|---|---|---|
| ၁ | M-4 | Oil India Ltd | စမ်းသပ်တိုင်းတာ |
| ၂ | YEB | Oil India Ltd | စမ်းသပ်တိုင်းတာ |
| ၃ | AD - 3 | Ophir Myanmar | စမ်းသပ်တိုင်းတာ |
| ၄ | M - 8 | Barlanga Myanmar Pte.Ltd | စမ်းသပ်တိုင်းတာ |
| ၅ | MD - 5 | Shell Myanmar Energy Pte.Ltd | စမ်းသပ်တိုင်းတာ |
| ၆ | A - 5 | Unocal Myanmar offshore Co.,Ltd | စမ်းသပ်တိုင်းတာ |
| ၇ | A - 4 | BG Exploration&Production Myanmar Pte. Ltd / Woodside Energy (Myanmar )Pte.Ltd | စမ်းသပ်တိုင်းတာ |
| ၈ | AD - 2 | BG Exploration&Production Myanmar Pte. Ltd / Woodside Energy (Myanmar )Pte.Ltd | စမ်းသပ်တိုင်းတာ |
| ၉ | A-7 | Woodside Energy (Myanmar ) Pte. Ltd./BG Exploration&Production Myanmar Pte. Ltd | စမ်းသပ်တိုင်းတာ |
| ၁၀ | AD - 5 | Woodside Energy (Myanmar ) Pte. Ltd. | စမ်းသပ်တိုင်းတာ |
| ၁၁ | YWB | Total E&P Myanmar | စမ်းသပ်တိုင်းတာ |
| ၁၂ | M - 15 | CFG Energy Pte.Ltd | စမ်းသပ်တိုင်းတာ |

| | | | |
|---|---|---|---|
| ၁၃ | MD - 2 | Eni Myanmar B.V/Total E&P Myanmar | စမ်းသပ်တိုင်းတာ |
| ၁၄ | MD - 4 | Eni Myanmar B.V/Total E&P Myanmar | စမ်းသပ်တိုင်းတာ |
| ၁၅ | M - 17 | Reliance Industries Ltd | စမ်းသပ်တိုင်းတာ |
| ၁၆ | M - 18 | Reliance Industries Ltd | စမ်းသပ်တိုင်းတာ |
| ၁၇ | AD - 10 | Statoil Myanmar Pte. Ltd | စမ်းသပ်တိုင်းတာ |
| ၁၈ | M - 7 | Tap Energy(M-7) Pte Ltd | စမ်းသပ်တိုင်းတာ |
| ၁၉ | PSC - K | Eni Myanmar B.V | တူးဖော် |
| ၂၀ | RSF - 5 | Eni Myanmar B.V | တူးဖော် |
| ၂၁ | IOR - 4 | MPRL E&P Pte. Ltd | စမ်းသပ်တိုင်းတာ |
| ၂၂ | IOR - 6 | MPRL E&P Pte. Ltd | စမ်းသပ်တိုင်းတာ |
| ၂၃ | MOGE - 3 | PTTEP South Asia LtD | တူးဖော် |
| ၂၄ | B - 2 | ONGC Videsh Ltd | တူးဖော် |
| ၂၅ | EP - 3 | ONGC Videsh Ltd | တူးဖော် |
| ၂၆ | EP - 4 | Bashneft International B.V | တူးဖော် |
| ၂၇ | PSC C - 1 | Pacific Hunt Energy Corporation | ထုတ်လုပ် |
| ၂၈ | PSC - H | Pacific Hunt Energy Corporation | ထုတ်လုပ် |
| ၂၉ | IOR - 5 | Petronas Carigali Myanmar Inc | တူးဖော် |
| ၃၀ | IOR - 7 | Petronas Carigali Myanmar Inc | တူးဖော် |
| ၃၁ | EP - 1 | Brunei National Petroleum Co., Sdn.Bhd. (PB Myanmar Co., Ltd. / Petronas Carigali Myanmar Inc | တူးဖော် |
| ၃၂ | MOGE - 4 | CAOG Pte. Ltd | တူးဖော် |

ဖော်ပြပါ လိုင်စင်များအတွက် လေလံ ဝင်ရောက်လျှောက်ထားသူများ၏ စာရင်းကို MOGE က ထုတ်ပြန်ခြင်း မရှိပါ။

## ပါမစ်လွှဲပြောင်းခြင်း (Permits transfers)

ကုမ္ပဏီတခုအနေဖြင့် PSC[9] စာချုပ်ဖြင့်ရရှိထားသည့် ၎င်း၏ ပါမစ်များကို လွှဲပြောင်းပေးရန်အတွက် MOGE ခွင့်ပြုချက်လိုသည်။ ခွင့်ပြုချက်ရရန် ရက်ပေါင်း ၉၀ စောင့်ရန်လိုသည်။ အစိုးရတွင် လက်ဦးဝယ်ယူခွင့် (Pre - emptive right) မရှိပါ။ ၂၀၁၆ မတ်လ ၃၁ ထိစာရင်းအရ လွှဲပြောင်းပေးခဲ့သည့် လုပ်ပိုင်ခွင့်များ မရှိခဲ့ပါ။[10]

## လေလံသုံးသပ်ရာတွင် အသုံးပြုသည့်နည်းပညာနှင့် ဘဏ္ဍာရေးသတ်မှတ်ချက်များ

လုပ်ငန်းစဉ်အသစ်ဖြင့်ဆောင်ရွက်သည့် လေလံများ (၂၀၁၃ လေလံပွဲများ) တွင် MOGE သည် လေလံလျှောက်လွှာများ ဆန်းစစ်ရာတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် တိုက်ဆိုင် စစ်ဆေးခဲ့သည်။

နည်းပညာပိုင်း

- ဘဏ္ဍာရေးပိုင်း
-မြန်မာနိုင်ငံတွင်း လုပ်ငန်းဆောင်ရွက်ဖူးသည့် အတွေ့အကြုံ
-လုပ်ကွက်အတွက် ဘဏ္ဍာရေးသတ်မှတ်ချက် (Financial

[9]Clause 17.2 of the Model PSC

[10] MOGE မှ တာဝန်ရှိသူများနှင့် မေးမြန်းချက် ၂၀၁၇။

Terms)

- လုပ်ကွက်နှင့် သက်ဆိုင်သည့် လုပ်ငန်းအတွေ့အကြုံ (ဥပမာ - ကမ်းလွန်ရေနက် အတွေ့အကြုံ)

MOGE ၏ PSC စာချုပ်ဖြင့် ချထားပေးမည့် ကမ်းလွန်ရေတိမ်/ရေနက် လုပ်ကွက်များအတွက် အမှတ်ပေးမှုပုံစံမှာ အောက်ပါအတိုင်းဖြစ်သည်။

| စဉ် | အကြောင်းအရာ | ရာခိုင်နှုန်း |
|---|---|---|
| ၁ | လုပ်ငန်းအစီအစဉ်နှင့် အသုံးစရိတ် | ၆၀ |
| ၂ | ထုတ်လုပ်မှုအပေါ်ခွဲဝေမှု အချိုးအစား | ၂၀ |
| ၃ | လက်မှတ်ထိုးအပိုဆုကြေးနှင့် လုပ်ငန်းအတွေ့အကြုံ | ၁၀ |
| ၄ | ဘဏ္ဍာရေးအခြေအနေ | ၁၀ |
| | စုစုပေါင်း | ၁၀၀ |

လေလံလျှောက်လွှာသုံးသပ်ရာတွင်အသုံးပြုခဲ့သည့် သတ်မှတ်ချက်များကို ယခုအစီရင်ခံစာ၏ နောက်ဆက်တွဲ ၂၀ တွင် ဖော်ပြထားပါသည်။

ကမ်းလွန် ရေတိမ်/ရေနက် လုပ်ကွက်များအတွက် လေလံအောင်ရန် အလားအလာရှိသည့် လေလံလျှောက်ထားသူများသည် အနည်းဆုံး အနေဖြင့် စွမ်းအင်စီမံကိန်းဌာနတွင် မှတ်ပုံတင်ထားသည့် နိုင်ငံသား ပိုင်ကုမ္ပဏီတခုနှင့် ဖက်စပ်လုပ်ကိုင်ရန်လိုအပ်သည်။ ရေနက် လုပ်ကွက်အတွက် လေလံလျှောက်ထားသူများသည် နိုင်ငံသားပိုင်ကုမ္ပဏီနှင့် ဖက်စပ်လုပ်ရန် မလိုအပ်ပါ။ ၂၀၁၁ ခုနှစ် ကုန်းတွင်းလုပ်ကွက်လေလံတွင် ဒေသခံဖက်စပ် လုပ်ငန်းများသည် စီမံကိန်းအသစ်များတွင် ၅ ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းထိပါဝင်နိုင်ကြသည်။[11] ၂၀၁၃ လေလံတွင်လည်း ပြည်တွင်းကုမ္ပဏီများသည် ဖက်စပ် လုပ်ငန်း၊ PSC များတွင် ရှယ်ယာ အများအပြားပါဝင်နိုင်လာကြသည်။Global Witness က ပြုလုပ်ခဲ့သည့် လေ့လာမှုအရ ၂၀၁၃ - ၁၄ ခုနှစ် MOGE ချထားပေးသည့် လုပ်ကွက် ၃၆ ခုအနက် ၂၉ ခုတွင် မြန်မာကုမ္ပဏီများသည် လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက် ချခွင့်မရှိသည့် အစုစပ် (minority partner) အဖြစ်ပါဝင်ခွင့်ရခဲ့သည်။[12]

MOEE နှင့် ရွေးချယ်ခံ ကုမ္ပဏီများကြား သဘောတူညီချက်ရရှိပြီးပါက၊ စွမ်းအင်ဝန်ကြီးဌာနသည် လုပ်ငန်းဆက်စပ်နေသည့် ဌာနများဖြစ်သော ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်သို့ စာချုပ်မူကြမ်းပေးပို့ကာ သဘောထားတောင်းခံသည်။

သက်ဆိုင်ရာဝန်ကြီးဌာနများမှ သဘောထားမှတ်ချက်များရရှိသည့်အခါတွင် စာချုပ်မူကြမ်းကို စီးပွားရေးကော်မတီ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုချက်ချပေးနိုင်ရန် ပေးပို့သည်။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အတည်ပြုပြီး ခွင့်ပြုချက်ကျပါက လေလံအောင်သူသည် PSC စာချုပ်ကို အကောင်အထည်ဖော်နိုင်ပြီဖြစ်သည်။

ရွေးချယ်ခံရသည့် စာရင်းများကို စွမ်းအင်ဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင်ကြေညာသည်။ ၂၀၁၄ မတ်လ ၂၆ ရက်နေ့တွင် လေလံအောင်သူများကြေညာချက်ကို သတင်းထုတ်ပြန်ချက်နှင့်အတူထုတ်ပြန်သည်။ ယင်းစာရင်းကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ရှာ၍မရပါ။

## စနစ်များ၏ထိရောက်မှု၊ အသုံးတည့်မှု

၂၀၁၃ - ၁၄ တွင် ပြုလုပ်ခဲ့သည့် အပြိုင်အဆိုင်လေလံပွဲများသည် ရေနံစာချုပ်များ ချထားပေးခြင်းတွင် ပွင့်လင်းမြင်သာမှုများကို တိုးတက်လာစေခဲ့သည်။ ရေနံနှင့်ဓာတ်ငွေ့လိုင်စင် ချထားပေးရာတွင် MOGE သည် အဓိကကျသည်။ ကန်ထရိုက်တာများ စုစည်းရွေးချယ်ခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်းများကိုတာဝန်ယူထားသည်။ နောက်ဆုံးရလဒ်မှလွဲ၍ လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ထုတ်ပြန်မှုမှာ မရှိသလောက်ဖြစ်သည်။ ထို့ပြင်ရွေးချယ်မှုများပြုလုပ်ရာတွင်လည်း ဥပဒေ

[11] Chandler and Khin Cho Kyi, 2014.

[12] Global Witness, Who Are the Real Winners of Myanmar’s Latest Oil and Gas Block Sales (2014), http://www.globalwitness.org/sites/default/files/Myanmar/MBriefingUpdated.pdf, pp. 8 – 11

အရလစ်ဟာမှုများ ရှိနေသည်။

ထို့ကြောင့် လေလံလျှောက်ထားသူများ၏ အသေးစိတ်အချက်အလက်များကို ဖွင့်ပြရန်တိုက်တွန်းလိုပါသည်။ MOGE ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သုံးသပ်ပြီး၊ လက်ရှိ တာဝန်ယူထားသည့် စည်းကမ်း ထိန်းသိမ်းမှု တာဝန်ကိုလည်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အခြားဌာနတစ်ခုသို့ လွှဲပြောင်းပေးရန် တိုက်တွန်းလိုပါသည်။ ကိုယ်ကျိုးရှာ ခြင်းများကိုရှောင်ရှားနိုင်ရန်ဖြစ်ပါသည်။

## (၃.၂.၇) စာချုပ်အမျိုးအစား

မြန်မာနိုင်ငံမှ ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍကို စာချုပ်ပုံစံ ၃မျိုးဖြင့် စီမံပါသည်။

ထုတ်ဝေမှုပေါ်ခွဲဝေခံစားခွင့်စာချုပ် (Production Sharing Contracts (PSCs) ကမ်းလွန်နှင့် ကုန်းတွင်းစီမံကိန်းများ အထွက်တိုးမှုပေါ်ခွဲဝေခံစားသည့် စာချုပ် Performance Compensation Contracts (PCC) ကုန်းတွင်းစီမံကိန်းများ ရေနံတိုးတက်ထုတ်ယူရရှိရေးစာချုပ် Improved Petroleum Recovery Contracts (IPRs) ကုန်းတွင်းစီမံကိန်း

MOEE ဝက်ဘ်ဆိုက်တွင် PSC စာချုပ်ပါ သတ်မှတ်ချက်များကိုသာ ဖော်ပြထားပါသည်။ [13]မြန်မာနိုင်ငံမှ PSC စာချုပ်များတွင် အောက်ဖော်ပြပါသတ်မှတ်ချက်များ ပါဝင်ပါသည်။

| ကုန်းတွင်း PSC | | ကမ်းလွန်ရေတိမ် PSC | ကမ်းလွန်ရေနက် PSC |
|---|---|---|---|
| စီမံမှု (Management) | လုပ်ငန်းအကောင်အထည်မှု (operation) စီမံမှုကို MOGE က တာဝန်ယူသည်။ ကန်ထရိုက်တာသည် လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ဆက်စပ်ကုန်ကျစရိတ်များအတွက် MOGE ကိုတင်ပြရသည်။ | လုပ်ငန်းအကောင်အထည်မှု (operation) စီမံမှုကို MOGE က တာဝန်ယူသည်။ ကန်ထရိုက်တာသည် လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ဆက်စပ်ကုန်ကျစရိတ်များအတွက် MOGE ကိုတင်ပြရသည်။ | လုပ်ငန်းအကောင်အထည်မှု (operation) စီမံမှုကို MOGE က တာဝန်ယူသည်။ ကန်ထရိုက်တာသည် လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ဆက်စပ်ကုန်ကျစရိတ်များအတွက် MOGE ကိုတင်ပြရသည်။ |
| ပြင်ဆင်ကာလ (preparatory period) | ခြောက်လ (စာချုပ်လက်မှတ်ထိုးပြီး) သက်တမ်းထပ်မံတိုးနိုင်သည်။ | ခြောက်လသတ်မှတ်သည်။ သက်တမ်းထပ်မံတိုးနိုင်သည်။ | ခြောက်လသတ်မှတ်သည်။ သက်တမ်းထပ်မံတိုးနိုင်သည်။ |
| တူးဖော်သည့်ကာလ (Exploration Period) | ကနဦးသက်တမ်း ၃ နှစ်၊ ပထမတကြိမ် ၂ နှစ်၊ ဒုတိယအကြိမ် ၁ နှစ် (မြေလွှာတိုင်းတာခြင်း၊ တူးဖော်မည့်တွင်းအရေအတွက်ကိုညှိနှိုင်းနိုင်သည်) | ကနဦးသက်တမ်း ၃ နှစ်၊ ပထမအကြိမ် ၂ နှစ်၊ ဒုတိယအကြိမ် ၃ နှစ် | ကနဦးသက်တမ်း ၃ နှစ်၊ ပထမအကြိမ် ၂ နှစ်၊ ဒုတိယအကြိမ် ၃ နှစ် |
| ထုတ်လုပ်သည့်ကာလ (Production Period) | တူးဖော်မှုပြီးဆုံးချိန်မှစပြီး နှစ် ၂၀ သို့မဟုတ် အရောင်းစာချုပ်ပါ သတ်မှတ်ချက်အတိုင်း၊ သက်တမ်းပိုများသည့် သတ်မှတ်ချက်အတိုင်း ထုတ်လုပ်ရန် | တူးဖော်မှုပြီးဆုံးချိန်မှစပြီး နှစ် ၂၀ သို့မဟုတ် အရောင်းစာချုပ်ပါ သတ်မှတ်ချက်အတိုင်း၊ သက်တမ်းပိုများသည့် သတ်မှတ်ချက်အတိုင်း ထုတ်လုပ်ရန် | တူးဖော်မှုပြီးဆုံးချိန်မှစပြီး နှစ် ၂၀ သို့မဟုတ် အရောင်းစာချုပ်ပါ သတ်မှတ်ချက်အတိုင်း၊ သက်တမ်းပိုများသည့် သတ်မှတ်ချက်အတိုင်း ထုတ်လုပ်ရန် |

[13] http:^^www.energy.gov.mm^

| | | | |
|---|---|---|---|
| လက်မှတ်ထိုး အပိုဆုကြေး (signature bonus) | စာချုပ်တွင် သဘောတူ ထားသည့် ပမာဏ အတိုင်းပေးရန်၊ MIC မှ EIA/SIA အတည်ပြုချက်ရပြီး ရက်ပေါင်း ၃၀ အတွင်း | စာချုပ်တွင် သဘောတူ ထားသည့် ပမာဏအတိုင်းပေးရန်၊ တူးဖော်သည့် ကာလ စတင်ပြီး ရက်ပေါင်း ၃၀ အတွင်းပေးရန်။ | စာချုပ်တွင် သဘောတူ ထားသည့် ပမာဏ အတိုင်းပေးရန်၊ PSC စာချုပ်လက်မှတ် ထိုးပြီး ရက်ပေါင်း ၃၀ အတွင်းပေးရန်။(တူးဖော်သည့် ကာလ စတင်ပြီး ရက်ပေါင်း ၃၀ အတွင်းပေးရန် ပြင်ဆင် သတ်မှတ်) |
| လုပ်ကွက်ပြန်လည် အပ်နှံခြင်း (Relinquishment) | တူးဖော်မှုကာလ ပြီးဆုံးသည့် အချိန်တွင် ၁၀၀ ရာခိုင်နှုန်းပြန်အပ်ရန်၊ အပြည့်အဝ ရှာဖွေခြင်း မရှိသေးသည့် နေရာများ၊ အဆောက် အဦ နှင့် ထုတ်လုပ်မှုနေရာများ | တူးဖော်မှုကာလ ပြီးဆုံးသည့် အချိန်တွင် ၁၀၀ ရာခိုင်နှုန်းပြန်အပ်ရန်၊ အပြည့်အဝ ရှာဖွေခြင်း မရှိသေးသည့် နေရာများ၊ အဆောက် အဦ နှင့် ထုတ်လုပ်မှုနေရာများ | တူးဖော်မှုကာလ ပြီးဆုံးသည့် အချိန်တွင် ၁၀၀ ရာခိုင်နှုန်းပြန်အပ်ရန်၊ အပြည့်အဝ ရှာဖွေခြင်း မရှိသေးသည့် နေရာများ၊ အဆောက် အဦ နှင့် ထုတ်လုပ်မှုနေရာများ |
| တွင်းဝခွန် (royalties) | တူးဖော်ရရှိသည့် ရေနံ၏ ၁၂.၅ ရာခိုင်နှုန်း၊( PSC စာချုပ်များတွင် ၁၀ ရာခိုင်နှုန်း ၂၀၁၂ ထိ) | တူးဖော်ရရှိသည့် ရေနံ၏ ၁၂.၅ ရာခိုင်နှုန်း၊( PSC စာချုပ်များတွင် ၁၀ ရာခိုင်နှုန်း ၂၀၁၂ ထိ) | တူးဖော်ရရှိသည့် ရေနံ၏ ၁၂.၅ ရာခိုင်နှုန်း၊( PSC စာချုပ်များတွင် ၁၀ ရာခိုင်နှုန်း ၂၀၁၂ ထိ) |
| ခုနှိမ်ခြင်း (Cost Recovery) | ၅၀ ရာခိုင်နှုန်းထိ ကန့်သတ် | ပေ ၆၀၀ နှင့် အောက် အနက် အတွက် ၅၀ ရာခိုင်နှုန်းထိ။ ပေ ၆၀၀ အထက် အတွက် ၆၀ ရာခိုင်နှုန်း | ပေ ၂၀၀၀ နှင့် အောက် အနက် အတွက် ၆၀ ရာခိုင်နှုန်း၊ ပေ ၂၀၀၀ အထက် အတွက် ၇၀ ရာခိုင်နှုန်း |
| ထုတ်ဝေမှုခွဲဝေခြင်း (Production Split) | ထုတ်လုပ်မှုပေါ်အခြေခံ ပြီး အချိုးအစား မြင့်တင် သတ်မှတ်သည်။ ရေနံ စိမ်းနှင့် သဘာဝ ဓာတ်ငွေ့အတွက် ၆၀ မှ ၉၀ ရာခိုင်နှုန်းထိ အမျိုး မျိုးဖြစ်သည်။ | ထုတ်လုပ်မှုအပေါ် အခြေခံပြီး အချိုးအစား မြင့်တင်သတ်မှတ်သည်။ ရေနံစိမ်း အတွက် ၆၀ မှ ၉၀/ ၈၅ ရာခိုင်နှုန်း၊ သဘာဝ ဓာတ်ငွေ့ အတွက် ၆၅/ ၆၀ မှ ၉၀ ရာခိုင်နှုန်း။ | ထုတ်လုပ်မှုအပေါ် အခြေခံပြီး အချိုးအစား မြင့်တင် သတ်မှတ်သည်။ ရေနံစိမ်း အတွက် ၆၀/၅၅ မှ ၈၅/၈၀ ရာခိုင်နှုန်း၊ သဘာဝ ဓာတ်ငွေ့ အတွက် ၆၀/၅၅မှ ၉၀/၈၀ ရာခိုင်နှုန်း။ |
| ထုတ်လုပ်မှု အပိုဆုကြေး (Production Bonus) | ထုတ်လုပ်မှုပေါ်မူတည်ပြီး နှုန်းထား တိုးမြင့်သည်။ အမေရိကန်ဒေါ်လာ ၀.၅ သန်းမှ ၆ သန်းကြား ရှိသည်။ | ထုတ်လုပ်မှုပေါ်မူတည်ပြီး နှုန်းထား တိုးမြင့်သည်။ အမေရိကန်ဒေါ်လာ ၁ သန်းမှ ၁၀ သန်းကြား ရှိသည်။ | ထုတ်လုပ်မှုပေါ်မူတည်ပြီး နှုန်း ထားတိုးမြင့်သည်။ အမေရိကန်ဒေါ်လာ ၁ သန်းမှ ၁၀ သန်းကြား ရှိသည်။ |
| ပြည်တွင်း ရောင်းချမှု (Domestic requirements) | ကန်ထရိုက်တာ၏ ဝေစုမှ ရေနံစိမ်း ၂၀ ရာခိုင်နှုန်း၊ သဘာဝ ဓာတ်ငွေ့ ၂၅ ရာခိုင်နှုန်းကို ပြည်တွင်း ဈေးကွက်သို့ ပေါက်ဈေး၏ ၉၀ ရာခိုင်နှုန်းဖြင့် ရောင်းချပေးရမည်။ | ကန်ထရိုက်တာ၏ ဝေစုမှ ရေနံစိမ်း ၂၀ ရာခိုင်နှုန်း၊ သဘာဝ ဓာတ်ငွေ့ ၂၅ ရာခိုင်နှုန်းကို ပြည်တွင်း ဈေးကွက်သို့ ပေါက်ဈေး၏ ၉၀ ရာခိုင်နှုန်းဖြင့် ရောင်းချပေးရမည်။ | ကန်ထရိုက်တာ၏ ဝေစုမှ ရေနံစိမ်း ၂၀ ရာခိုင်နှုန်း၊ သဘာဝ ဓာတ်ငွေ့ ၂၅ ရာခိုင်နှုန်းကို ပြည်တွင်း ဈေးကွက်သို့ ပေါက်ဈေး၏ ၉၀ ရာခိုင်နှုန်းဖြင့် ရောင်းချပေးရမည်။ |
| လေ့ကျင့်ရေးစရိတ် (Training Fund) | တူးဖော်စဉ်ကာလ အမေရိကန်ဒေါ်လာ ၂၅၀၀၀၊ ထုတ်လုပ်ကာလအတွင်း အမေရိကန်ဒေါ်လာ ၅၀၀၀၀ | တူးဖော်စဉ်ကာလ အမေရိကန်ဒေါ်လာ ၂၅၀၀၀၊ ထုတ်လုပ်ကာလအတွင်း အမေရိကန်ဒေါ်လာ ၅၀၀၀၀ | တူးဖော်စဉ်ကာလ အမေရိကန်ဒေါ်လာ ၅၀၀၀၀၊ ထုတ်လုပ် ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ |
| နိုင်ငံတော်ဝေစု (state participation) | MOGE သို့ ၁၅ ရာခိုင်နှုန်း သတ်မှတ်ထားသည်။ ၂၅ ရာခိုင်နှုန်း ထိတိုးမြင့်နိုင်သည်။ | MOGE သို့ ၂၀ ရာခိုင်နှုန်း သတ်မှတ်ထားသည်။ ၂၅ ရာခိုင်နှုန်း ထိတိုးမြင့်နိုင်သည်။ | MOGE သို့ ၂၀ ရာခိုင်နှုန်း သတ်မှတ်ထားသည်။ ၂၅ ရာခိုင်နှုန်း ထိတိုးမြင့်နိုင်သည်။ |

| | | | |
|---|---|---|---|
| အခြား | EITI အကောင်အထည်ဖော်ခြင်း၊ ကန်ထရိုက်တာသည်မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့်ကုမ္ပဏီတခုကို မဖြစ်မနေထည့်သွင်းရမည်။ | EITI အကောင်အထည်ဖော်ခြင်း၊ CSRဝတ္တရားများဖြည့်ဆည်းခြင်း၊ ကန်ထရိုက်တာသည်မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့်ကုမ္ပဏီတခုကို မဖြစ်မနေထည့်သွင်းရမည်။ | EITI အကောင်အထည်ဖော်ခြင်း၊ CSRဝတ္တရားများဖြည့်ဆည်းခြင်း၊ ကန်ထရိုက်တာသည်မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့်ကုမ္ပဏီတခုကို မဖြစ်မနေထည့်သွင်းရမည်။ |

ပုံ ၉။ ရေနံစာချုပ်များတွင်ပါဝင်သည့် ထုတ်လုပ်မှုပေါ်ခွဲဝေခံစားခြင်းပုံစံ [14]

ထုတ်လုပ်မှုပေါ်ခွဲဝေခံစားမှုစာချုပ် (Product Sharing Contract)

<table>
<tr><td colspan="5">ဝင်ငွေ(revenues)<br>၁၀၀ရာခိုင်နှုန်း</td></tr>
<tr><td colspan="5">တွင်းဝခွန်(နိုင်ငံတော်မှယူ)<br>၁၂.၅ရာခိုင်နှုန်း</td></tr>
<tr><td colspan="2">ခုနှိမ်ခြင်း(Cost Recovery)<br>၅၀ရာခိုင်နှုန်း</td><td colspan="3">အမြတ်ခွဲဝေခြင်း(Profit split)<br>၃၇.၅ရာခိုင်နှုန်း</td></tr>
<tr><td>၇၅ရာခိုင်နှုန်း</td><td>၂၅ရာခိုင်နှုန်း</td><td>၆၀ရာခိုင်နှုန်း</td><td colspan="2">၄၀ရာခိုင်နှုန်း</td></tr>
<tr><td>ကန်ထရိုက်တာ<br>၃၇.၅ရာခိုင်နှုန်း</td><td>MOGE<br>၁၂.၅ရာခိုင်နှုန်း</td><td>MOGE(နိုင်ငံတော်)<br>၂၂.၅ရာခိုင်နှုန်း</td><td colspan="2">ကန်ထရိုက်တာ<br>၁၅ရာခိုင်နှုန်း</td></tr>
<tr><td></td><td></td><td></td><td colspan="2">၂၅ ရာခိုင်နှုန်း မှ ၁၀ရာခိုင်နှုန်း</td></tr>
<tr><td></td><td>အစိုးရဝေစု<br>၅၄.၂၇၄ ရာခိုင်နှုန်း</td><td></td><td colspan="2">ပြည်တွင်းလျှော့ဈေး<br>(Domestic Discount)<br>၀.၃၇၅ရာခိုင်နှုန်း(နိုင်ငံတော်)</td></tr>
<tr><td></td><td></td><td></td><td>၂၅ရာခိုင်နှုန်း</td><td>၇၅ရာခိုင်နှုန်း</td></tr>
<tr><td></td><td></td><td></td><td>MOGE<br>၃.၆၅၆ ရာခိုင်နှုန်း</td><td>ကန်ထရိုက်တာ<br>၁၀.၉၆၉ ရာခိုင်နှုန်း</td></tr>
<tr><td></td><td></td><td></td><td colspan="2">ဝင်ငွေခွန် ၂၅ရာခိုင်နှုန်း</td></tr>
<tr><td></td><td></td><td></td><td>MOGE<br>အသားတင်ဝင်ငွေ<br>၂.၇၄၂ရာခိုင်နှုန်း</td><td>ကန်ထရိုက်တာ<br>အသားတင်ဝင်ငွေ<br>၈.၂၂၇ရာခိုင်နှုန်း</td></tr>
</table>

[14] ၂၀၁၂အရေးပိုင်းတွင် ထွက်ရှိသမျှ၁၀ ရာခိုင်နှုန်းထိကို တွင်းဝခွန်အဖြစ် ကောက်ယူသည်။

Performance Compensation Contracts (PCC) (ထွက်ရှိမှုအလိုက် ခွဲဝေသည့်စာချုပ်)

<table>
<tr><td colspan="5">၁၀၀ ရာခိုင်နှုန်း</td></tr>
<tr><td colspan="5">မူလအခြေခံထုတ်လုပ်မှု(existing petroleum)<br>၇၀ ရာခိုင်နှုန်း</td></tr>
<tr><td colspan="5">အထွက်တိုးထုတ်လုပ်မှု(incremental petroleum)<br>၃၀ ရာခိုင်နှုန်း</td></tr>
<tr><td colspan="2">ခုနှိမ်ခြင်း (Cost Recovery)<br>၂၅ ရာခိုင်နှုန်း</td><td colspan="3">အမြတ်ခွဲဝေခြင်း(Profit split)<br>၅ ရာခိုင်နှုန်း</td></tr>
<tr><td>၆၀ ရာခိုင်နှုန်း</td><td>၄၀ ရာခိုင်နှုန်း</td><td>၆၅ ရာခိုင်နှုန်း</td><td colspan="2">၃၅ ရာခိုင်နှုန်း</td></tr>
<tr><td>ကန်ထရိုက်တာ ၁၅ ရာခိုင်နှုန်း</td><td>MOGE<br>၁၀ ရာခိုင်နှုန်း</td><td>MOGE(နိုင်ငံတော်)<br>၃.၂၅ ရာခိုင်နှုန်း</td><td colspan="2">ကန်ထရိုက်တာ<br>၁.၇၅ ရာခိုင်နှုန်း</td></tr>
<tr><td></td><td></td><td></td><td colspan="2">၂၅ ရာခိုင်နှုန်း မှ ၁၀ ရာခိုင်နှုန်း</td></tr>
<tr><td></td><td>အစိုးရဝေစု ၈၃.၃၆၈ ရာခိုင်နှုန်း</td><td></td><td colspan="2">ဝင်ငွေခွန် (income tax)<br>၂၅ ရာခိုင်နှုန်း</td></tr>
<tr><td></td><td></td><td></td><td colspan="2">ဝင်ငွေခွန် ၂၅ ရာခိုင်နှုန်း</td></tr>
<tr><td></td><td></td><td></td><td>MOGE<br>အသားတင်ဝင်ငွေ<br>၂.၄၃၇၅ ရာခိုင်နှုန်း</td><td>ကန်ထရိုက်တာ<br>အသားတင်ဝင်ငွေ<br>၁.၃၁၂ ရာခိုင်နှုန်း</td></tr>
</table>

ရေနံတိုးတက်ထုတ်ယူရရှိရေးစာချုပ် (Improved Petroleum Recovery Contracts (IPRs)

<table>
<tr><td colspan="5">ဝင်ငွေ(revenues)<br>၁၀၀ရာခိုင်နှုန်း</td></tr>
<tr><td colspan="5">မူလအခြေခံထုတ်လုပ်မှု(existing petroleum)<br>၈၀ရာခိုင်နှုန်း</td></tr>
<tr><td colspan="5">အထွက်တိုးထုတ်လုပ်မှု(incremental petroleum)<br>၂၀ ရာခိုင်နှုန်း</td></tr>
<tr><td colspan="5">တွင်းဝခွန် (နိုင်ငံတော်)<br>၁၂.၅ရာခိုင်နှုန်း</td></tr>
<tr><td colspan="2">ခုနှိမ်ခြင်း (Cost Recovery)<br>၈ရာခိုင်နှုန်း</td><td colspan="3">အမြတ်ခွဲဝေခြင်း(Profit split)<br>၉.၅ ရာခိုင်နှုန်း</td></tr>
<tr><td>၇၅ ရာခိုင်နှုန်း</td><td>၂၅ရာခိုင်နှုန်း</td><td>၆၀ရာခိုင်နှုန်း</td><td colspan="2">၄၀ရာခိုင်နှုန်း</td></tr>
<tr><td>ကန်ထရိုက်တာ၆ရာခိုင်နှုန်း</td><td>MOGE<br>၂ရာခိုင်နှုန်း</td><td>MOGE(နိုင်ငံတော်)<br>၅.၇ရာခိုင်နှုန်း</td><td colspan="2">ကန်ထရိုက်တာ<br>၃.၈ရာခိုင်နှုန်း</td></tr>
<tr><td></td><td></td><td></td><td colspan="2">၂၅ ရာခိုင်နှုန်း မှ ၁၀ရာခိုင်နှုန်း</td></tr>
<tr><td rowspan="2"></td><td rowspan="2">အစိုးရဝေစု ၈၉.၄၁၅ရာခိုင်နှုန်း</td><td rowspan="2"></td><td colspan="2">ပြည်တွင်းရောင်းချမှု(Domestic Discount) ၀.၀၉၅ရာခိုင်နှုန်း</td></tr>
<tr><td>၂၅ရာခိုင်နှုန်း</td><td>၇၅ရာခိုင်နှုန်း</td></tr>
<tr><td></td><td></td><td></td><td>MOGE<br>အသားတင်ဝင်ငွေ<br>၀.၉၂၆ ရာခိုင်နှုန်း</td><td>ကန်ထရိုက်တာ<br>အသားတင်ဝင်ငွေ<br>၂.၇၇၈ရာခိုင်နှုန်း</td></tr>
<tr><td></td><td></td><td></td><td>ဝင်ငွေခွန် ၂၅ ရာခိုင်နှုန်း</td><td></td></tr>
<tr><td></td><td></td><td></td><td>MOGE<br>အသားတင်ဝင်ငွေ<br>၀.၆၉၄ ရာခိုင်နှုန်း</td><td>ကန်ထရိုက်တာ<br>အသားတင်ဝင်ငွေ<br>၂.၀၈၄ရာခိုင်နှုန်း</td></tr>
</table>

## ၃.၂.၈။ ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီများပေါ်သို့ ကောက်ယူသည့် အခွန်များ

ဝင်ငွေခွန်ဥပဒေအရ ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်သည့် ကုမ္ပဏီများသည် အမြတ်၏ ၂၅ ရာခိုင်နှုန်းကို အခွန်အဖြစ်ပေးသွင်းရန်ဖြစ်သည်။ ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်ကင်းလွတ်ခွင့် ၅ နှစ်ရှိသည်။ စီးပွားဖြစ်ထုတ်လုပ် နိုင်သည့် ကာလမှစတင်ကာ ၅ နှစ်အတွင်း အခွန်ကင်းလွတ်ခွင့်ရှိသည်ဟု ၂၀၁၂ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအောက်တွင် ချုပ်ဆိုထားသည့် PSC များတွင်ဖော်ပြထားသည်။ ကုမ္ပဏီ၏ဝင်ငွေခွန်ပေးရန် တာဝန်တွက်ချက်ရာတွင် ပြန်နိုးတီးမှုအတွက် တန်ဖိုးလျော့မှု (Depreciation) များကို အောက်ဖော်ပြပါ နှုန်းသတ်မှတ်ချက်အတိုင်း နုတ်ယူနိုင်သည်။

| အမျိုးအစား | Depreciation rate(နှုန်းထား) |
|---|---|
| စက်ရုံ၊စက်ပစ္စည်း၊ပိုက်လိုင်း | ၅ရာခိုင်နှုန်း |
| ရေနံစင်၊စမ်းသပ်ပစ္စည်းများ | ၁၀ရာခိုင်နှုန်း |
| တွင်းတူးသည့်ပစ္စည်းကိရိယာများ | ၂၀ရာခိုင်နှုန်း |

၂၀၁၂ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ၂၀၁၆ မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေဖြင့် အစားထိုးခဲ့သည်။ ၂၀၁၆ မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေအတွက် နည်းဥပဒေများ ထွက်ပေါ်လာခြင်းမရှိသေးပါ။ ၂၀၁၆ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် အခွန်ကင်းလွတ်ခွင့်ကာလ မည်မျှသတ်မှတ်မည်ကို အတိအကျမသိရှိရသေးပါ။ မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြေညာစာ ၁၀/၂၀၁၇ အရ ဆိုလျှင် ဖွံ့ ဖြိုးမှုအားနည်းသည့် ဒေသ၊ အသင့်အတင့်ဖွံ့ ဖြိုးသည့်ဒေသနှင့် ဖွံ့ဖြိုးပြီးဒေသများသတ်မှတ်ထားပြီး အခွန်ကင်းလွတ်ခွင့်ကာလကိုလည်း ဒေသအလိုက် သတ်မှတ်မည်ဖြစ်သည်။

၂၀၁၇ ပြည်ထောင်စု အခွန်ဥပဒေအရ ပြည်ပပို့သည့် ရေနံစိမ်းအတွက် ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း၊ ပြည်ပပို့သည့် သဘာဝဓာတ်ငွေ့များအတွက် အထူးကုန်စည်ခွန်အနေဖြင့် ၈ ရာခိုင်နှုန်း ကောက်မည်ဖြစ်သည်။ ကုန်ပစ္စည်းအမျိုးအစားလိုက်ပြီး အကောက်ခွန်နှုန်းများ ကွဲပြားသည်။ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေဖြင့် အတည်ပြုခဲ့သော စီမံကိန်းများတွင်ဝင်ရောက်လုပ်ကိုင် သည့် ကုမ္ပဏီများသည် အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ခံစားနိုင်သည်။

## ၃.၂.၉။ စာချုပ်ဖွင့်ပြထုတ်ပြန်ခြင်းမူဝါဒ

မြန်မာနိုင်ငံ၏ ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍတွင် လုပ်ငန်းများကို မြန်မာ့ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်း (MOGE) (၁၀၀ ရာခိုင်နှုန်း နိုင်ငံပိုင်လုပ်ငန်း)နှင့် ပုဂ္ဂလိက အော်ပရေတာများကြား ချုပ်ဆိုသည့် စာချုပ်များဖြင့် ထိန်းသိမ်းစီမံသည်။ လက်ရှိ ရေနံနှင့် ဓာတ်ငွေ့စာချုပ်အများစုသည် MOGE နှင့် ပုဂ္ဂလိက အော်ပရေတာ တို့ကြားချုပ်ဆိုသည့် PSC ပုံစံစာချုပ်အများစု ဖြစ်သည်။ PSC သည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ နှစ်ပေါင်းများစွာ အသုံးပြုလာသည့် စာချုပ်ပုံစံတခုဖြစ်သည်။

ရေနံနှင့် ဓာတ်ငွေ့အော်ပရေတာများ နှင့် MOGE တို့ကြား ချုပ်ဆိုသည့် PSC များတွင် လျှို့ဝှက်ထားရမည့် စာပိုဒ် (confidentiality clause) ပါဝင်သည်။ ၎င်းစာပိုဒ်အရ စာချုပ်တွင်ပါဝင်သည့် အစုအဖွဲ့များသည် ဝယ်ယူခြင်း သို့မဟုတ် လျှော့က်ထားရယူခြင်းနှင့်ဆိုင်သည့် အချက်အလက်၊ သတင်းအကြောင်းအရာများ၊ သို့မဟုတ် လုပ်ငန်းဆောင်ရွက်စဉ်အတွင်း ရရှိလာသည်များကို ထုတ်ပြန်ခြင်းမပြုရန် သဘောတူကြသည်။ သို့သော်လည်း စာချုပ်ထုတ်ပြန်ခြင်းမပြုရဟု တိတိကျကျတားမြစ်ထားခြင်းမျိုးကို ဖော်ပြထားခြင်းမရှိပါ။ ထို့ပြင် ရေနံနှင့် ဓာတ်ငွေ့ဥပဒေတွင် အစိုးရက ကချပေးသည့် စာချုပ်နှင့် လိုင်စင်များကို အများပြည်သူထံ ထုတ်ပြန်ခြင်းမပြုရဟုတားမြစ်သည့် ရည်ညွှန်းချက် တစုံတရာ ပါဝင်ခြင်းမရှိပါ။

လက်တွေ့တွင်စာချုပ်များကို လျှို့ဝှက်ထားသည်။ သို့သော်လည်း PSC များအတွက် သတ်မှတ်ချက် နှင့် အခြေအနေများ

အတိုချုပ်ဖော်ပြချက် [15](ခွဲဝေမှုဆိုင်ရာ သတ်မှတ်ချက်များ၊ ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များကို ဖော်ပြထားသည့်) ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ထားသည်။ သို့သော်လည်း စာချုပ်ပါ သတ်မှတ်ချက်များကို အပြည့်အစုံဖော်ပြထားခြင်းမရှိပါ။

ကုန်းတွင်း နှင့် ကမ်းလွန် လုပ်ကွက်များ၏ PSC ၊ PCC ၊ IPR စာချုပ်ပါ သတ်မှတ်ချက်များနှင့် အခြေအနေများကို ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းဌာနမှ လက်ခံရရှိထားပါသည်။ စံအဖြစ် သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့် အခြေအနေများကို အစီရင်ခံစာ၏ နောက်ဆက်တွဲ ၁၂ တွင်ဖော်ပြထားပါသည်။

MOGE နှင့် Total E&P ၏ ရတနာစီမံကိန်းအတွက် ၁၉ ၉ ၂ ဇူလိုင် ၉ တွင်ချုပ်သည့် PSC မိတ္တူကို လည်း MOEE ဝက်ဘ်ဆိုက်တွင်ဖော်ပြထားပါသည်။ [16]သို့သော်လည်း အခြား PSC အပြည့်အစုံကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ထားခြင်းမရှိပါ။ ယင်းစာချုပ်တွင် တူးဖော်ရေးကာလ၊ လုပ်ငန်းအစီအစဉ်နှင့် အသုံးစရိတ်၊ ထုတ်လုပ်သည့်ကာလ၊ တွင်းဝခွန်များ၊ ထုတ်လုပ်မှု ရှယ်ယာ၊ Data fees ၊ ရေနံစိမ်း နှင့် ဓာတ်ငွေ့ အတွက် ထုတ်လုပ်မှုအပိုဆုကြေး၊ ပြည်တွင်းအရောင်းသတ်မှတ်ချက်၊ ခုနှိမ်မှုဆိုင်ရာ သတ်မှတ်ချက်များ၊ သင်တန်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေ၊ နိုင်ငံတော်ဝေစု၊ ဝင်ငွေခွန်၊ အခွန်ကင်းလွတ်ကာလ၊ အမြတ်ခွဲဝေခြင်းနှင့် အငြင်းအခုန်ဖြေရှင်းခြင်း၊ စည်းနှောင်မှုရှိသည့် ဥပဒေများနှင့် ဆိုင်သည်များကို ဖော်ပြထားသည်။ Total လက်မှတ်ထိုးဆုကြေးအနေဖြင့်ပေးခဲ့ သည့် ပမာဏကို စာချုပ်တွင် ဖော်ပြထားခြင်းမရှိပါ။

MEITI ဦးဆောင်ကောင်မတီသည် ၂၀၁၆ EITI စံနှုန်းပါ တိုက်တွန်းချက်များအတိုင်း ဆောင်ရွက်သင့် မဆောင်ရွက်သင့်ကို ဆွေးနွေးလျက်ရှိကြောင်း၊ ရေနံနှင့်ဓာတ်ငွေ့စာချုပ်များကိုလည်း MEITI လုပ်ငန်းစဉ်တခုအနေဖြင့် ဖွင့်ပြသင့်မသင့်ကို စဉ်းစားနေကြောင်း နားလည်ထားပါသည်။

## ၃.၂.၁၀။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် နိုင်ငံတော်၏ဝေစု

ပြည်ထောင်စု မြန်မာနိုင်ငံတော် ၂၀၀၈ အခြေခံဥပဒေအရ နိုင်ငံတော်သည် ရေနံနှင့် သဘာဝဓာတ်ငွေ့အပါအဝင် သယံဇာတအားလုံး၏ ပိုင်ရှင်ဖြစ်သည်။ နိုင်ငံတော်သည် ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍကို MOGE မှတဆင့်စီမံသည်။ ကန်ထရိုက်တာများနှင့် PSC စာချုပ်များချုပ်ဆိုခြင်းဖြင့် စီမံသည်။

### MOGE – နိုင်ငံတော်မှ ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သည့် နိုင်ငံပိုင်လုပ်ငန်း (SOE)

၁၉၈၉ တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဥပဒေကိုပြဌာန်းပြီး၊ နိုင်ငံပိုင်လုပ်ငန်းများမှတဆင့် ထိန်းချုပ်မည့် အဓိကစီးပွားရေးအကွက်အကွင်းများကို ဖော်ထုတ်ခဲ့သည်။ ယင်းဥပဒေသည် ယနေ့တိုင် သက်ရောက်မှုရှိနေသေးသော်လည်း လက်တွေ့တွင်မူ မြန်မာနိုင်ငံအစိုးရသည် တူးဖော်ရေးလုပ်ငန်းများကို စီမံရာတွင် နိုင်ငံခြားရင်းနှီးမြုပ်နှံမှု ဥပဒေကအဓိကဖြစ်သည်။ ဥပမာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဥပဒေပြဌာန်းချက်နှင့် ကွဲပြားချက်အနေဖြင့် မြန်မာနိုင်ငံအစိုးရသည် သယံဇာတတူးဖော်ခွင့်ကို တစ်ဦးတည်းလက်ဝါးကြီးအုပ်ထားခြင်း မရှိတော့ပါ။

မြန်မာနိုင်ငံရှိ စက်သုံးဆီလုပ်ငန်းများကို နိုင်ငံပိုင်ပြုလုပ်ပြီးနောက်ပိုင်း ၁၉ ၆၃ တွင် မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း MOGE ကိုစတင်ခဲ့သည်။ MOGE သည် ရာနှုန်းပြည့်နိုင်ငံတော်ကပိုင်သည့် စီးပွားရေးလုပ်ငန်း SOE ဖြစ်ပြီး MOEE လက်အောက်တွင်ရှိသည်။

နိုင်ငံတော်၏ ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍ စီမံမှုကိစ္စအဝဝများဖြစ်သော မူဝါဒချမှတ်ခြင်း၊ စည်းမျဉ်းချမှတ်ခြင်းနှင့် စောင့်ကြည့်ခြင်း၊ စီးပွားရေးအရပါဝင်ခြင်း နှင့် အခွန် ကောက်ခြင်း၊ ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍ မြေပုံထုတ်ခြင်းကိုကြီးကြပ်ခြင်း၊ ရေနံနှင့်ဓာတ်ငွေ့လုပ်ကွက်များ၏ အသေးစိတ်မြေပုံကိုပြုစုပြီး၊ လေလံနှင့် လိုင်စင်ချထားပေးခြင်း လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ခြင်း ကိစ္စများတွင် MOGE သည် အဓိကနေရာမှ ပါဝင်နေသည်

[15]https:^^www.google.tn^url¿sa=t&rct=j&q=&esrc=s&source=web&cd=2&cad=rja&uact=8&ved=0ahUKEwjgnZbP-8rYAhXMDuwKHVdwBNUQFgguMAE&url=http%3A%2F%2Fcharltonsmyanmar.com%2Fwpcontent%2Fuploads%2F2013%2F10%2FModel-Production-Sharing-Contract-Onshore.docx&usg=AOvVaw0X90Y78zuuIE4-E7ubta31

[16]http:^^archive.resourcegovernance.org^sites^default^files^Total%20PSC.pdf

ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင်းမှ ရေနံ၊ လောင်စာများရှာဖွေခြင်း နှင့် ထုတ်လုပ်ခြင်းအတွက်တာဝန်ယူထားပြီး၊ ပုဂ္ဂလိက ကန်ထရိုက်တာများနှင့် ရေနံ၊ ဓာတ်ငွေ့ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သီးသန့်အခွင့်အရေးရရှိထားသည်။

MOGE ၏ အဓိက စီးပွားရေးတာဝန်မှာ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် ရှယ်ယာပါဝင်ခြင်းဖြစ်သည်။ ယင်းသို့ပါဝင်ခြင်းမှ MOGE ၏ဝင်ငွေအများစုကို ရရှိသည်။ ကုမ္ပဏီ အသုံးစရိတ် အများစုကိုလည်း ထိုသို့ပါဝင်ခြင်းမှရရှိသည်။

၁၉၈၉ ခုနှစ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဥပဒေ၏ လုပ်ပိုင်ခွင့်များပေါ်တွင် ပုံတူပွားရေးဆွဲထားသည့် ၂၀၁၂ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရေနံ သို့မဟုတ် သဘာဝဓာတ်ငွေ့ထုတ်ယူလိုသည့် မည်သည့်ကုမ္ပဏီမဆို MOGE သို့မဟုတ် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီတခုနှင့် ဖက်စပ်ဆောင်ရွက်ရန်လိုသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို လက်ရှိတွင် ပြန်လည်သုံးသပ်မှုများပြုလုပ်နေသည်။

သဘာဝဓာတ်ငွေ့ကဏ္ဍသည်လည်း MOGE ၏ စီမံမှုအောက်တွင်ရှိသည်။ MOGEသည် လောင်စာ ကုန်ကြမ်းထုတ်ယူခြင်း ကဏ္ဍကို တာဝန်ယူစီမံရသည်။ ၎င်း၏အဓိကတာဝန်ကြီး ၄ ရပ်မှာ

- ကိုယ်ပိုင်အရင်းအနှီးအသုံးပြုပြီး ရေနံနှင့် ဓာတ်ငွေ့ရှာဖွေရန်၊ ထုတ်ယူရန်
- ကိုယ်ပိုင်ပိုက်လိုင်းတည်ဆောက်ပြီး ပြည်တွင်းဓာတ်ငွေ့လိုအပ်ချက်ဖြည့်ဆည်းရန်
- မော်တော်ယဉ်များအတွက် CNG ဖန်တီးပေးရန်
- နိုင်ငံခြား ရေနံကုမ္ပဏီများနှင့် ပူးပေါင်းပြီး PSC များတွင်ပါဝင်ရန်၊ စာချုပ်ပါစည်းကမ်းများချိုးဖောက်မှုရှိမရှိ စောင့်ကြည့်ရန်။

## MOGE ၏ စီးပွားရေးတာဝန်

ရေနံနှင့် ဓာတ်ငွေ့စီမံကိန်းများတွင် MOGE ၏ အဓိကစီးပွားရေးတာဝန်များမှာ

- ရှယ်ယာရှင်အဖြစ်ပါဝင်ခြင်း။ ရေနံစီမံကိန်းများတွင် ဝင်ရောက် စီမံနိုင်ရန်အတွက် ဖက်စပ်လုပ်ငန်းကို ၁၅ မှ ၂၅ ရာခိုင်နှုန်းထိပိုင်ဆိုင်သည်။ [17] ၂၀၁၅ - ၁၆ MOGE ၏ရှယ်ယာ ပါဝင်မှု အသေးစိတ်ကို ဇယားအမှတ် ၁၇တွင် အသေးစိတ် ဖော်ပြထားပါသည်။ ဖက်စပ်လုပ်ငန်းများရှိနိုင်ငံ၏ ရှယ်ယာဝေစုနှင့်ပတ်သက်ပြီး ဥပဒေအရ သတ်မှတ်ထားချက်မရှိကြောင်း နားလည်ထားပါသည်။ ရေနံနှင့် ဓာတ်ငွေ့ အော်ပရေတာများ၏ မတည်ငွေရင်းတွင် MOGE အနေဖြင့် ပါဝင်မှု တစ်စုံတရာမရှိကြောင်း နားလည်ထားပါသည်။

- ထုတ်လုပ်မှုပေါ် ခွဲဝေခံစားသည့် သဘောတူညီချက်များအရ ရရှိလာသည့် နိုင်ငံတော်ဝေစုများကို လက်ခံခြင်း ( ခွင့်ပြုထားသည့် ခုနှိမ်မှုများ ထုတ်ယူပြီးသည့်နောက်ပိုင်း ၆၀ မှ ၉၀ ရာခိုင်နှုန်းထိ အမြတ် ဝေစု အနေဖြင့် ရရှိပါသည်) [18]

- ကန်ထရိုက်တာများပါဝင်လျက် ဖွဲ့ စည်းသည့် စီမံကိန်း စီမံမှု ကော်မတီတွင် အဖွဲ့ဝင်အများစုဖြစ်ခြင်း၊ ဥက္ကဌ ဖြစ်နေခြင်းတို့ကြောင့် ရေနံဆိုင်ရာလုပ်ငန်းများစီမံမှုအတွက် တရားဝင်အာဏာရရှိထားသည်။ လေ့လာခဲ့ရသည့် နမူနာစာချုပ်များအရ စီမံမှုကော်မတီ၏ ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်အားလုံးသဘောတူလျက် ချထားရန်ဖြစ်သောကြောင့် MOGEနှင့် ကန်ထရိုက်တာပါ အဓိကဆုံးဖြတ်ချက်များတွင် ဗီတိုကျင့်သုံးနိုင်ကြသည်။ [19]

## အခွန်ကောက်ယူရာတွင် MOGE ၏ပါဝင်မှု

ဝင်ငွေရှာဖွေရေးတာဝန်များအပြင် ရေနံနှင့်ဓာတ်ငွေ့စာချုပ်များ၏ သတ်မှတ်ချက်များအရ ရရှိလာသည့်ဝင်ငွေများကို လက်ခံရာတွင်လည်း MOGE သည် အဓိကနေရာမှ ပါဝင်သည်။

နမူနာ PSC အရ ပေးသွင်းမှုအမျိုးမျိုးကိုလက်ခံခြင်း၊ စောင့်ကြည့်ခြင်း ကိစ္စများတွင် MOGE သည် အဓိက နေရာမှ ပါဝင်နေသည်။ နမူနာ PSC များတွင်ဖော်ပြချက်အရ MOGE သည် နိုင်ငံတော်၏ ဝေစုအဖြစ်ရရှိသည့် အမြတ်အစွန်းရေနံများ လက်ခံခြင်း နှင့် ရောင်းချခြင်းအတွက် လုပ်ပိုင်ခွင့်ရထားသည်။ လက်မှတ်ထိုး ဆုကြေး၊ ထုတ်လုပ်မှု ဆုကြေးများ၊ data fees၊

[17] နမူနာ PSC စာချုပ် အပိုဒ် ၁၉.၁
[18] နမူနာ PSC စာချုပ် အပိုဒ်၉.၇
[19] နမူနာ PSC စာချုပ် နောက်ဆက်တွဲ င

ကန်ထရိုက်တာမှ ငွေသားဖြင့်ပေးသည့် လေ့ကျင့်ရေးစရိတ်များကိုလည်း လက်ခံရသည်။ ၃.၆.၂တွင် ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍ အခွန်စုစည်းမှုလုပ်ငန်းစဉ် အသေးစိတ်၊ MOGEနှင့် အခြားအစိုးရဌာနများကြားမှ လွှဲပြောင်းမှုများကိုပါ ဖော်ပြထားပါသည်။

### ကန်ထရိုက်တာများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဥပဒေစိုးမိုးမှုကြီးကြပ်ရေးတွင် MOGE ၏အခန်းကဏ္ဍ

နမူနာ PSC အရ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများနှင့် ပတ်သက်ပြီး ကြီးကြပ်ရန်လုပ်ပိုင်ခွင့်အာဏာအများစုကို MOGE ကချုပ်ကိုင်ထားသည်။

- ကန်ထရိုက်တာ၏ အကဲဖြတ်လုပ်ငန်းအစီအစဉ်၊ ပြင်ဆင်မှုအစီအစဉ်များ၊ လုပ်ငန်းအစီအစဉ်နှင့် နှစ်ပတ်လည် အသုံးစရိတ်များ အတည်ပြုပေးခြင်း (နမူနာ PSC အပိုဒ် ၆ - ၈)

- တူးဖော်မှုကာလအတွင်း သဘောတူထားသည့် သတ်မှတ်ချက်အတိုင်း ကန်ထရိုက်တာမှ လိုက်နာမှုရှိမရှိ စောင့်ကြည့်ခြင်း (နမူနာ PSC အပိုဒ် ၄ - ၅)

- ကန်ထရိုက်တာ၏ ရေနံစိမ်း တန်ဖိုးဖြတ်မှုကို ဆန်းစစ်ခြင်း (နမူနာ PSC အပိုဒ် ၁၂)

- ကန်ထရိုက်တာ၏ လေ့ကျင့်ရေး အစီအစဉ်များ ကြီးကြပ်ခြင်း (နမူနာ PSC အပိုဒ် ၁၅)

## MOGE မှအဓိကပါဝင်နေသည့်ကိစ္စများ

ထောက်ပံ့ရေး လုပ်ငန်းစဉ်များအား အကူအညီပေးခြင်း၊ ဆပ်ကန်ထရိုက်တာများ နှင့် service provider များ ရှာဖွေပေးခြင်း၊ ဗီဇာ၊ work permits၊ ခွင့်ပြုချက်၊ သယ်ယူပို့ဆောင်ရေးနှင့် လုံခြုံရေး ကိစ္စများ ကူညီပေးခြင်း

- စီးပွားဖြစ်လုပ်ငန်းများ အားကောင်းလာစေရန် ပုဂ္ဂလိကကုမ္ပဏီများနှင့်ပူးပေါင်းပြီး အထောက်အကူပြု လုပ်ငန်းများ (support services) ဆောင်ရွက်ခြင်း။ အတိအကျဆိုရလျှင် မြေလွှာဆန်းစစ်ခြင်း (seismic surveys)၊ စမ်းသပ်တွင်းများတူးခြင်း နှင့် ပိုက်လိုင်းတည်ဆောက်ခြင်း တို့လုပ်ကိုင်ခြင်း
- လိုင်စင်ချထားပေးခြင်း၊ နိုင်ငံ၏ ဥပဒေ အကောင်အထည်ဖော်မှုစောင့်ကြည့်ခြင်း၊ ဝင်ငွေတိုးတက်ရှာဖွေနိုင်ရန် ဆောင်ရွက်ခြင်း (အစီရင်ခံစာ ၃.၂.၅ ကိုကြည့်ပါ)

## MOGE၏ပိုင်ဆိုင်မှု၊ ဖက်စပ်လုပ်ငန်း အတိုင်းအတာ

မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများတွင် ပါဝင်ထားသည့် MOGE၏အကျိုးခံစားခွင့်ပမာဏကို ထုတ်ပြန်သင့်သည်ဟု သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က သဘောတူထားသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းခွဲများ၊ ဖက်စပ်လုပ်ငန်းများအပါအဝင် အစီရင်ခံနေသည့် ကာလအတွင်း ပိုင်ဆိုင်မှုအပြောင်းအလဲများကိုလည်း တင်ပြသင့်သည်ဟု သဘောတူထားသည်။ MOGEက ထုတ်ပြန်သည့် ပိုင်ဆိုင်မှုအသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

ဇယား ၁၈။ ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းတွင် နိုင်ငံတော်၏ ပါဝင်မှု (၂၀၁၆ မတ်လ ၃၀)

| | စီမံကိန်း | အော်ပရေတာ | ရာခိုင်နှုန်း | ရှယ်ယာပါဝင်နှုန်း(ရာခိုင်နှုန်း) | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ကမ်းလွန် စီမံကိန်း | ရတနာ | Total | ၃၁.၂ | MOGE | ၁၅.၀ | UNOCAL | ၂၈.၃ | PTTEP | ၂၅.၅ | | |
| | ရဲတံခွန် | Patronas | ၄၀.၉ | MOGE | ၂၀.၅ | Nippon Oil | ၁၉.၃ | PTTEP | ၁၉.၃ | | |
| | ရွှေ | Daewoo | ၅၁.၀ | MOGE | ၁၅.၀ | ONGC Videsh Ltd | ၁၇.၀ | Gail JJ India | ၈.၅ | Korea Gas Corpora-tion | ၈.၅ |
| | ဇော်တိက | PTTEP | ၈၀.၀ | MOGE | ၂၀.၀ | | | | | | |
| ကုန်းတွင်း စီမံကိန်း | ချောက် ရေနံမြေ | Gold petrol | ၄၅.၀ | MOGE | ၅၅.၀ | | | | | | |
| | YNG ရေနံမြေ | Gold petrol | ၄၅.၀ | MOGE | ၅၅.၀ | | | | | | |
| | မန်း ရေနံမြေ | MOGE | ၆၅.၀ | MPRL | ၃၅.၀ | | | | | | |

ထို့ပြင် MOGE သည် SEAGP နှင့် SEAOP စီမံကိန်းများတွင် လုပ်ငန်း များ (၇.၃ ရာခိုင်နှုန်းနှင့် ၄၉ ရာခိုင်နှုန်း) ပိုင်ဆိုင်ထား သေးသည်။ MOGE မှထုတ်ပြန်သည့် အချက်အလက်များအရ ၂၀၁၆ မတ်လ ၃၁ ရက်နေ့ထိ စာရင်းများအရ ရေနံနှင့် ဓာတ်ငွေ့ ကုမ္ပဏီများတွင် နိုင်ငံတော်မှ ရှယ်ယာပါဝင်ထားခြင်းမရှိ သည်ကို တွေ့ရ သည်။ ထို့ပြင် ဖက်စပ်လုပ်ငန်းများတွင် ပါဝင် သည့် ရာခိုင်နှုန်းအချိုးအစားမှာလည်း ၂၀၁၅ မတ် ၃၀ မှ ၂၀၁၆ မတ် ၃၀ ထိ အပြောင်းအလဲမရှိပါ။

## ၃.၂.၁၁။ MOGE နှင့် နိုင်ငံတော်ကြား ဘဏ္ဍာရေးဆက်နွယ်မှု

MOGE မှ ရရှိငွေသည် နိုင်ငံတော်ဝင်ငွေ၏ အဓိကအစိတ် အပိုင်းဖြစ်သည်။ ၂၀၀၉ - ၁၀ ဘဏ္ဍာရေးနှစ်တွင် ၆၇ ရာခိုင် နှုန်းမှ ၂၀၁၅ - ၁၆ ဘဏ္ဍာရေးနှစ်တွင် [20]၁၃.၂ ရာခိုင်နှုန်းထိ အတိုးအလျော့ရှိသည်။

၂၀၁၂ နှစ်စပိုင်းတွင် မြန်မာအစိုးရသည် အမြတ်အစွန်းရ သည့် နိုင်ငံပိုင်လုပ်ငန်းများမှ နိုင်ငံတော်သို့ပေးသွင်းရမည့် ပမာဏကို လျှော့ချရန်၊ ယင်းလုပ်ငန်းများအနေဖြင့် ထိန်းသိမ်းထားနိုင် သည့် အမြတ်အစွန်းပမာဏကို မြှင့်တင်ပေးရန် အပြောင်းအလဲ များ ဆက်တိုက်ပြုလုပ်ခဲ့သည်။ ၂၀၁၂ - ၁၃ ဘဏ္ဍာရေးနှစ် မတိုင်မီ နိုင်ငံပိုင်လုပ်ငန်းများသည် အသားတင်အမြတ် အားလုံးကို နိုင်ငံတော်ရန်ပုံငွေစာရင်း -State Fund Account (SFA) သို့ပေးသွင်းရန်သတ်မှတ်ထားသည်။ ၃၀ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ်၊ ၇၀ ရာခိုင်နှုန်းကို SOE ထည့်ဝင် မှုအဖြစ် ပေးသွင်းရသည်။[21]

၂၀၁၂/၁၃ တွင်ပြုလုပ်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများသည် ယင်းပေးရန်တာဝန်များကို သိသိသာသာ လျှော့ချ ခဲ့သည်။ SOEများသည် နိုင်ငံတော်ရသုံးစရိတ်မှ ခွဲတမ်းဆက်လက် လက်ခံနေကြဆဲဖြစ်သည်။ ကုန်ကြမ်းပစ္စည်း ဝယ်ယူခြင်းမှ လွဲပြီး လုပ်ငန်းစရိတ်အားလုံးကို ခွဲတမ်းမှရရှိသည့် စရိတ်ဖြင့် ဖြေရှင်းသည်။ (လုပ်ငန်းအကောင်အထည်ဖော် အသုံးစရိတ်၊ အရင်းအနှီး အစရှိသဖြင့်) ကုန်ကြမ်းပစ္စည်းများကို SOE၏ စာရင်းမှ ပေးချေရသည်။ နှစ်ဟောင်းမှစာရင်းများကို နှစ်သစ်

[20]EITI အချက်အလက်

[21]ငွေတိုက်ဦးစီးဌာန၊ ၂၀၁၄

သို့ထပ်ပေါင်းနိုင်သည့် စာရင်းဖြစ်သည်။ [22]တူးဖော်ရေးလုပ်ငန်းဆောင်ရွက်သည့် SOE များအတွက် ကုန်ကြမ်းစရိတ်ဆိုသည်မှာ အလွန်နည်းပါးသည့် ပမာဏဖြစ်သည်ဟု အစိုးရအရာရှိများကဆိုသည်။ ဆိုလိုသည်မှာ SOE အသုံးစရိတ်အများစုကို နှစ်စဉ်ရရှိသည့် ရသုံးစရိတ်ခွဲတမ်းဖြင့် ဖြေရှင်းနိုင်သည့် သဘောဖြစ်သည်။ MOGEသည် ၂၀၁၅ - ၁၆ ဘဏ္ဍာရေးနှစ်တွင် ရသုံးစရိတ်ခွဲတမ်းမရရှိခဲ့ကြောင်း သိရသည်။ အမြတ်အစွန်းများလှသဖြင့် ယင်းကာလအတွင်းကုန်ကျစရိတ်ကို ကာမိသည့်အတွက် ခွဲတမ်းမလိုအပ်သောကြောင့်ဟု နားလည်နိုင်သည်။ SOE များအနေဖြင့် ကုန်ကျ စရိတ်များနုတ်ပြီး အသားတင်အမြတ် ၄၅ ရာခိုင်နှုန်းကို SFA သို့ပေးသွင်းရသည်။ ( ဝင်ငွေခွန် ၂၅ ရာခိုင်နှုန်း၊ နိုင်ငံတော်သို့ပါဝင်မှု ၂၀ ရာခိုင်နှုန်း) [23]SOE များကို အမြတ်ငွေရှာဖွေနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုကဲ့သို့ ရပ်တည်နိုင်စေရန်ဟူသော အစိုးရ၏ ရည်မှန်းချက်နှင့်အညီ မူဝါဒရေးရာအပြောင်းအလဲများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အမြတ်အစွန်းရရှိသည့် SOEများသည် Other Accounts (ကိုယ်ပိုင်သီးသန့်စာရင်းများ) တွင် အမြတ်အစွန်းများကို ထိန်းသိမ်းထားနိုင်ကြသည်။ ထိန်းသိမ်းထားသည့် အမြတ်အစွန်းများ အသုံးပြုခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းသည့် ကန့်သတ်ချက်များမရှိ သေးပါ။ အစိုးရ၏ ရည်ရွယ်ချက်မှာ အမြတ်အစွန်းရသည့် နိုင်ငံပိုင်လုပ်ငန်းများအနေဖြင့် ဘဏ္ဍာရေးအရ အမှီအခိုကင်းစွာ ရပ်တည်နိုင်ရန်အတွက် အပြောင်းအလဲပြုလုပ်ခြင်းဖြစ်သည်။ နိုင်ငံပိုင်လုပ်ငန်းများ၏ ဝင်ငွေရှာဖွေရေး လုပ်ပိုင်ခွင့်များချဲ့ထွင်နိုင်ရန်

(က)ကုမ္ပဏီဦးဆောင်လုပ်ကိုင်သည့် အမြတ်အစွန်းများပေါ်တွင် စီမံနိုင်မှုအာဏာတိုးမြှင့်ပေးခြင်းဖြင့် လုပ်ငန်းထိရောက်မှုကိုမြင့်တင်နိုင်ရန်၊ စီးပွားရေး အမြင်ကျယ်လာစေရန်အတွက် တွန်းအားပေးခြင်း

(ခ) ပို၍အမြတ်အစွန်းများသည့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်စေရန် ကုမ္ပဏီများကို လုပ်ပိုင်ခွင့်တိုးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။
ကျန်ရှိသည့်ဝင်ငွေများ (SEE များအနေဖြင့်အခွန်များ၊ ထည့်ဝင်ငွေများ နုတ်ပြီးကျန်ငွေ) ကို SEEများ၏ ကိုယ်ပိုင်သီးသန့်စာရင်းတွင် လုပ်ငန်းချဲ့ထွင်နိုင်ရန် ကိုယ်ပိုင်ရန်ပုံငွေအဖြစ် သိမ်းဆည်းထားနိုင်သည်။ သီးသန့်စာရင်းမှငွေများကို အစိုးရဌာနများသို့လွှဲပြောင်းခြင်းမရှိပါ။

၂၀၁၅/၂၀၁၆ တွင် ပြည်ထောင်စုအစိုးရသို့လွှဲပြောင်းပြီးနောက် MOGE မှထိန်းသိမ်းထားသည့်ပမာဏသည် ရေနံနှင့် ဓာတ်ငွေ့ဝင်ငွေ၏ ၃၇ ရာခိုင်နှုန်း၊ ပြည်သူ့အသုံးစရိတ်၏ ၄ ရာခိုင်နှုန်းနှင့်ညီမျှသည်။ ၄င်းနှစ်တွင်MOGEသီးသန့်စာရင်းတွင် အမေရိကန်ဒေါ်လာ ၆၄၄.၇ သန်းနီးပါး (ကျပ်ငွေ ၇၈၈.၈ ဘီလီယံ) ချန်ထားသိမ်းဆည်းခဲ့သည်။ ၄င်းနှစ်တွင်ပင် ကုန်ကြမ်းထုတ်လုပ်သည့် SOE ၆ခုသည်လည်း စုစုပေါင်း အမေရိကန် ဒေါ်လာ ၇၆၂ သန်း (ကျပ်ငွေ ၉၃၂.၉ ဘီလီယံ) ကို ၄င်းတို့ကိုယ်ပိုင်စာရင်းတွင် ချန်ထား သိမ်းဆည်းခဲ့ကြသည်။

၂၀၁၅ - ၁၆ ဘဏ္ဍာရေးနှစ်အတွင်း MOGEသီးသန့်စာရင်းရှိ လက်ကျန်ငွေ၊ လက်ခံနှင့်အသုံးစရိတ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

[22] ကုန်ကြမ်းကုန်ကျစရိတ်များကို လုပ်ငန်းထဲမှ ကျခံရန်အတွက် လုပ်ပိုင်ခွင့်များ တဖြည်းဖြည်း တိုးတက်လွှဲပြောင်းပေးခဲ့သည်။ ၂၀၁၂/၁၃ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် ကုန်ကြမ်းကုန်ကျစရိတ် ၇၈ ရာခိုင်နှုန်းကို ၄င်းတို့စာရင်းမှ ပေးချေရန်သတ်မှတ်ခဲ့သည်။ ၂၀၁၃/၁၄ အစပိုင်းတွင် အမြတ်အစွန်းရရှိသည့် နိုင်ငံပိုင်လုပ်ငန်းများသည် ကုန်ကြမ်းကုန်ကျစရိတ် ၁၀၀ ရာခိုင်နှုန်းကို ပေးချေရန်၊ အရှုံးပေါ်သည့် လုပ်ငန်းများသည် ၈၀ ရာခိုင်နှုန်းပေးချေရန် သတ်မှတ်ခဲ့သည်။ ၂၀၁၅/၁၆ နှစ်စပိုင်းတွင် အမြတ်ရသည့်လုပ်ငန်းကော၊ အရှုံးပေါ်သည့်လုပ်ငန်းပါ ကုန်ကြမ်းကုန်ကျစရိတ် ၁၀၀ ရာခိုင်နှုန်း ကျခံရန် သတ်မှတ်ခဲ့သည်။ ကိုးကား - ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဆွေးနွေးချက်၊ ၂၀၁၅ ပြည်ထောင် စုရသုံး မှန်းချေ ငွေစာရင်း ဥပဒေ ၂၀၁၅ ဧပြီ ၉ ရက်၊ အပိုင်း ၂

[23] ရသုံးမှန်းချေငွေစာရင်းဦးစီးဌာန၊ ဘဏ္ဍာရေး ဝန်ကြီးဌာန

| | မြန်မာကျပ်ငွေသန်းပေါင်း |
|---|---|
| စာရင်းဖွင့်ပမာဏ၊ ၂၀၁၅ ဧပြီ ၁ ရက် | ၄,၀၆၂,၆၃၂ |
| စုစုပေါင်းလက်ခံရရှိသည့်ပမာဏ | ၁,၉၁၀,၂၅၀ |
| ရေနံစိမ်း | ၁၈၂,၃၆၅ |
| ဓာတ်ငွေ့ | ၆၇၃,၈၉၉ |
| အခြား (CNG ၊ဆားဗစ် နှင့်အခြား) | ၁,၀၅၃,၉၈၇ |
| စုစုပေါင်းအသုံးစရိတ် | (၁,၁၂၁,၃၆၉) |
| ကုန်ကြမ်းပစ္စည်း | (၈၂,၈၀၁) |
| ဝင်ငွေခွန် | (၂၁၁,၈၄၁) |
| နိုင်ငံတော်သို့ထည့်ဝင်မှု | (၂၁၇,၃၅၄) |
| လုပ်ငန်းခွန် | (၂၆၆,၆၂၄) |
| ငွေသားရင်းနှီးမြှုပ်နှံမှု(Cash Call) | (၃၃၈,၇၉၃) |
| CSR | (၃,၉၅၅) |
| ၂၀၁၆ မတ်လ ၃၁ စာရင်းပိတ်ကျန်ငွေ | (၄,၈၅၁,၅၁၃) |

### အရင်းအမြစ် – MOGE

MOGE ရန်ပုံငွေအသုံးပြုပုံနှင့် ပတ်သက်ပြီး MoEEက ထိန်းချုပ်မှုအချို့ပြုလုပ်သည်ဟု နားလည်ထားပါသည်။ သို့သော်လည်း MOGEအသုံးစရိတ်နှင့် သီးသန့်စာရင်းမှ အမြတ်ငွေများနှင့်ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းစွာလမ်းညွှန်ထားချက်မရှိပါ။ ထို့သို့သော အခြေအနေများကြောင့် သီးသန့်ချန်ထားသည့် အမြတ်အစွန်းများနှင့်၊ SOE၏ စီမံကိန်း၊ လုပ်ငန်းကုန်ကျစရိတ်များအတွက် လိုအပ်ငွေများကြား မျှမျှတတဖြစ်ရန် ဆောင်ရွက်ရာတွင် အခက်အခဲများဖြစ်စေသည်။ ပိုလျှံသည့် သီးသန့်ချန်ထားသည့် အမြတ်အစွန်းများကို အများပြည်သူအတွက် အရေးပါသည့် အစီအစဉ်များအတွက် လိုအပ်သည့် နေရာများတွင် အသုံးပြုနိုင်သည်။

### MOGE စာရင်းများထိန်းချုပ်ခြင်း

သီးသန့်စာရင်းများတွင် စုစည်းထားသည့်ပမာဏကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေး၊ အတည်ပြုထားပြီးဖြစ်သည်ဟု နားလည်ထားပါသည်။

၁၉၈၉ တွင်ထုတ်ပြန်ခဲ့သည့် နိုင်ငံ့ရန်ပုံငွေစာရင်းများ နှင့်ဆိုင်သည့် ညွှန်ကြားချက်အရ နိုင်ငံပိုင်လုပ်ငန်းများ (MOGE အပါအဝင်)သည် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဝင်ငွေ၊ ထွက်ငွေ အကျဉ်းချုပ်ကို တင်ပြရမည်ဟု သတ်မှတ်ထားသည်။ သို့သော်လည်း တူးဖော်ရေးကဏ္ဍမှ နိုင်ငံပိုင်လုပ်ငန်းများ (MOGE အပါအဝင်)၏ ဝင်ငွေ၊ လွှဲပြောင်းပေးမှု သို့မဟုတ် အသုံးစရိတ်များနှင့်ဆိုင်သည့် အချက်အလက်များကို စနစ်တကျ ထုတ်ပြန်ခြင်းမရှိပါ။ ထုတ်ပြန်သည့် အနည်းငယ်သော အချက်အလက်များမှာလည်း အသေးစိတ်လေ့လာရန် ခက်ခဲသည်အထိ စုပေါင်းထားပြီးသော အချက်အလက်များဖြစ်နေသည်။ ၂၀၁၅ – ၂၀၁၆ အတွက် MOGE၏ ဝင်ငွေနှင့် အသုံးစရိတ် ထုတ်ပြန်ချက် အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

ဇယား ၂၀။ ၂၀၁၅ – ၁၆ ဘဏ္ဍာရေးနှစ်အတွက် MOGE ဝင်ငွေ နှင့် အသုံးစရိတ်စုစုပေါင်း

| | နှစ်အတွင်းငွေ(current) | ရင်းနှီးမတည်ငွေ(capital) | ဘဏ္ဍာငွေ(financial) | စုစုပေါင်း |
|---|---|---|---|---|
| အခွန်ဘဏ္ဍာဝင်ငွေ | ၁၉၅၁၆၆၅ | ၃၇ | ၃၉၃၃၅ | ၁၉၉၁၀၃၆ |
| အသုံးစရိတ် | ၁၂၇၉၃၇၂ | ၃၂၇၃၆ | ၈၅၂၀၆ | ၁၃၉၇၃၁၅ |
| စုစုပေါင်း | ၆၇၂၂၉၃ | ၃၂၇၀၀ | ၄၅၈၇၂ | ၅၉၃၇၂၁ |

အရင်းအမြစ် – စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၂၀၁၅ – ၁၆ ဘဏ္ဍာရေးနှစ်  MOGE မှ လက်ခံရရှိခဲ့သည်များနှင့် လွှဲပြောင်းခဲ့သည်များကို အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

| စာချုပ်စာတမ်းများ၊ ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ | MOGE |
|---|---|
| အစိုးရသို့ပေးသွင်းငွေစုစုပေါင်း | ၁,၀၅၃,၅၈၉ |
| ပြည်တွင်းအခွန်နှင့် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးမှု | ၄၉၃,၁၆၁ |
| နိုင်ငံတော်ဝေစုမှရရှိမှု | ၂၁၇,၁၅၄ |
| ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံခန့်ခွဲရေးဌာန (ယခင် လျှပ်စစ်စွမ်းအား စီမံရေးဌာန) သို့ လွှဲပြောင်းငွေများ | ၃၄၃,၀၂၇ |
| ငွေလွှဲပြောင်းပေးမှု၊ ဝင်ငွေများ(earnings)၊ ပြန်လည်ရင်းနှီးမြုပ်နှံခြင်း၊ ကြားခံအဖွဲ့မှ ပေးချေခြင်း | နိုင်ငံတော်သို့ ပေးသွင်းမှုကို လွှဲပြောင်းပေးခြင်းမှလွဲပြီး အစိုးရနှင့် သို့မဟုတ် ကြားခံအဖွဲ့ဖြင့် ငွေကြေး အလွှဲအပြောင်း အစီအမံများမရှိပါ။ |
| လူမှုရေးလုပ်ငန်းများကို ထောက်ပံ့ရန်/ငွေကြေး စိုက်ထုတ် ပေးရန်၊ အများပြည်သူသုံး အခြေခံအဆောက်အဦဖော်ဆောင်ရန်၊ လောင်စာဆီ စိုက်ထုတ်ပေးခြင်း၊ နိုင်ငံကြွေးမြီဆပ်ရန်အတွက် ပေးသွင်းမှုများကို အသုံးပြုသည် (ဘတ်ဂျတ်ပြင်ပ အသုံးစရိတ်) (Quasifiscal expenditures)[24] | CSR အသုံးစရိတ် ၃၉၅၅<br>လောင်စာစိုက်ထုတ်ပေးမှု – မရှိ<br>(၂၀၁၄ – ၁၅ တွင် ပြည်တွင်းဓာတ်ငွေ့ကုန်ကျစရိတ်စိုက်ထုတ်ပေးရန် ကျပ်ငွေ သန်းပေါင်း ၁၈၁ ၁၇၆ ကို သုံးစွဲခဲ့သည်။ |
| အစိုးရမှ သို့မဟုတ် ဌာနများမှ ကာလတို/ကာလရှည် ချေးယူမှုများ | အခန်း ၆.၈ တွင်ကြည့်ပါ။ |
| နိုင်ငံတွင်းလုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများ | အခန်း ၆.၈ တွင်ကြည့်ပါ။ |

ကိုးကား – EITI ကြေညာချက်

## ၃.၂.၁၂။ ဒေသဖွံ့ဖြိုးရေး (Local contents) နှင့် (လူမှုရေးအကျိုးပြုစရိတ်များ) social payments

PSC သတ်မှတ်ချက်အရ ကန်ထရိုက်တာများသည် ၎င်းတို့ရရှိသည့် ရေနံစိမ်း ၂၀ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၂၅ ရာခိုင်နှုန်းကို ပြည်တွင်းဈေးကွက်သို့ ဈေးကွက်ပေါက်ဈေး၏ ၉၀ ရာခိုင်နှုန်းဖြင့် ရောင်းချပေးရမည်ဖြစ်သည်။ ၂၀၁၃ လေလံဖြင့်ချုပ်ဆိုသည့် PSC များတွင် မြန်မာနိုင်ငံသားများအား ဝန်ထမ်းခန့်ထားခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းဆိုင်ရာ တာဝန်သတ်မှတ်ချက်များကို တိတိကျကျဖော်ပြထားသည်။ MOGE မှ ရွေးချယ်သည့် မြန်မာနိုင်ငံသားများကို လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းပေးခြင်း၊ ပညာသင်ကြားပေးခြင်း၊ မြန်မာပြည်တွင်းမှ ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးရန် အချက်များပါဝင်သည်။ [25]အသစ်ချုပ်ဆိုသည့် PSC များ

[24]ဘတ်ဂျတ်ပြင်ပ အသုံးစရိတ်နှင့်ပတ်သက်ပြီး အသေးစိတ်ကို အခန်း ၆.၇ တွင် တင်ပြထားပါသည်။
[25]PCS စာချုပ် အပိုဒ် ၁၅

အရကန်ထရိုက်တာများသည် အောက်ဖော်ပြပါ ထည့်ဝင်မှုများ ပြုလုပ်ရမည်ဖြစ်သည်။

- လေ့ကျင့်ရေး စရိတ် (Training Fund) - တူးဖော်မှုကာလ အတွင်း တစ်နှစ်လျှင် ဒေါ်လာ ၂၅၀၀၀၊ ထုတ်လုပ်မှု ကာလ အတွင်း တနှစ်လျင် ဒေါ်လာ ၅၀၀၀၀

- သုတေသနနှင့် ဖွံ့ဖြိုးရေးစရိတ် (Research and Development Fund) - ကန်ထရိုက်တာ၏ ရေနံဝေစု၏ ၀.၅ ရာခိုင်နှုန်း

နမူနာဖော်ပြထားသည့် PSCစာချုပ်တွင် လူမှုရေးအသုံးစရိတ် များနှင့်ပတ်သက်ပြီး သတ်မှတ်ထားချက်များမပါဝင်ပါ။ သို့ သော်လည်း ရင်းနှီးမြုပ်နှံသူများအနေဖြင့် အခွန်မဆောင်မီ အမြတ်၏ ၁ - ၃ ရာခိုင်နှုန်းကို CSR လုပ်ငန်းများအတွက် ဘတ်ဂျက်ချထားရန် MICက တိုက်တွန်းထားသည်။ ဒေသခံ ရပ်ရွာများ အာဏာပိုင်များနှင့် တိုင်ပင်ဆုံးဖြတ်ကာ အသုံးပြုရန် လည်း လမ်းညွှန်ထားသည်။

လက်ရှိ PSC များအရ MOGEနှင့် လက်မှတ်ထိုးထားသည့် ကုမ္ပဏီများသည် လုပ်ငန်းဆောင်ရွက်ရာ နေရာများတွင် ကုမ္ပဏီ၏ မူဝါဒနှင့်အညီ CSR ပြုလုပ်ရန်သတ်မှတ်ထားသည်။ [26]ကုမ္ပဏီတခုစီတိုင်းသည် မိမိစိတ်ကြိုက် နည်းလမ်းဖြင့် အကောင်အထည်ဖော်နိုင်ကြသည်။ ယင်းသတ်မှတ်ချက်အရ လုပ်ငန်းများစီစဉ်ရေးဆွဲရာတွင် တင်းကျပ်မှုမရှိပဲ ကုမ္ပဏီသည် အမှန်တကယ် အကျိုးရှိသည့် CSR/ လူမှုရေးအကျိုးပြု လုပ်ငန်းများကို စီစဉ်နိုင်သည့် အတွေ့အကြုံရှိသည်ဟူသော အခြေခံဖြင့် ခွင့်ပြုခြင်းဖြစ်သည်။ ကုမ္ပဏီများအနေဖြင့် ပဋိပက္ခရှိသည့်နေရာ၊ မြေအသုံးချမှု အငြင်းအခုန်ရှိသည့် နေရာ၊ပြည်သူများသို့မဟုတ် စီးပွားရေးလုပ်ငန်းများ ပြောင်း ရွှေ့ရမည့် အခြေအနေမျိုးတွင် လုပ်ငန်းလုပ်ကိုင်နိုင်ရန် ရပ်ရွာ ခွင့်ပြုချက် (social licence to operate) ရရှိစေရန်ဖြစ် သည်။[27]

## ၃.၂.၁၃။ ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍပြုပြင် ပြောင်းလဲမှုများ

### ဘတ်ဂျက်ပြင်ပ အသုံးစရိတ်များ (Quasi-fiscal expenditures)

၂၀၁၅ - ၁၆ ဘဏ္ဍာရေးနှစ်မှစပြီး MOGE သည် CSR ရန်ပုံငွေ ထူထောင်ခဲ့သည်။ MOGE ၏အသားတင်အမြတ် ၂ ရာခိုင်နှုန်း ကို ယင်းရန်ပုံငွေသို့ နှစ်စဉ်ထည့်သွင်းသွားမည်ဖြစ်သည်။ MOGEထုတ်ပြန်ချက်အရ ၂၀၁၅ - ၂၀၁၆တွင် အသားတင် အမြတ်၏ ၂ရာခိုင်နှုန်းဖြစ်သော ကျပ်ငွေသန်းပေါင်း ၁၀,၄၉၆. ၉၈ကို CSR ရန်ပုံငွေအဖြစ်သတ်မှတ်ခဲ့သည်။ စုစုပေါင်း CSR အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၃,၉၉၅ ရှိသည်။ CSR အသုံး စရိတ် အသေးစိတ်နှင့်ပတ်သက်ပြီး အခန်း ၆.၇တွင်ဖော်ပြထား ပါသည်။

### သဘာဝ ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်များ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန က အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး ထုတ်လွှတ် မှု လမ်းညွှန်ချက်များ National Environmental Quality Emission Guideline (EQEG) ကို ၂၀၁၅ ဒီဇင်ဘာ ၂၉ ရက်နေ့တွင် အမိန့်ကြေညာစာ ၆၁၅/၂၀၁၅ဖြင့် ထုတ်ပြန်ခဲ့ သည်။ လူသားနှင့် ဂေဟစနစ်က ညစ်ညမ်းမှုများမှ တားဆီးနိုင် ရန်အတွက် အရင်းအမြစ်အမျိုးမျိုးမှ ဆူညံမှု၊ တုန်ခါမှု၊ လေထု ထဲသို့ ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်ခြင်းများနှင့်ဆိုင်သည့် အခြေခံစည်းမျဉ်းများနှင့် ထိန်းချုပ်ရမည့် ကိစ္စများကို EQEG တွင်ဖော်ပြထားသည်။ EQEGသည် ကမ်းလွန်၊ ကုန်းတွင်းရေနံ နှင့် ဓာတ်ငွေ့စီမံကိန်းအားလုံးအတွက် အကျုံးဝင်သည်။ မြေလွှာစမ်းသပ်တိုင်းထွာခြင်း၊ တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းများ၊ ကမ်းလွန်ပိုက်လိုင်း လုပ်ငန်း၊ ကမ်းလွန်ပို့ဆောင်ရေး၊ လောင်ကန်တွင် သိုလှောင် ခြင်း၊ ထုတ်ယူခြင်း၊ ဆက်စပ်ကိစ္စများနှင့် အထောက်အကူပြု လုပ်ငန်းများ၊ လုပ်ငန်းဖျက်သိမ်းခြင်းကိစ္စထိ အကျုံးဝင်သည်။

## ၃.၃။ သတ္တုတွင်းကဏ္ဍ

### ၃.၃.၁။ သတ္တုတွင်းကဏ္ဍ နောက်ခံအခြေအနေ

မြန်မာနိုင်ငံတွင် ရှာဖွေတူးဖော်ခြင်းမပြုရသေးသည့် မြေ အောက်သယံဇာတအမျိုးမျိုး အများအပြားရှိသည်။ ၎င်းတို့ သည် လာမည့်ဆယ်စုနှစ်များတွင် သတ္တုကဏ္ဍကို နိုင်ငံ၏

[26]အပိုဒ် ၁၇.၂

[27] ဆန္ဒအလျောက် ရပ်ရွာတိုးတက်ရေးဆောင်ရွက်ပေးမှု ဥပမာကို MPRL E&P ၏ CSR လုပ်ငန်းတွင်လေ့လာနိုင်ပါသည်။

စီးပွားရေးအတွက် အဓိကကျသည့်ကဏ္ဍ ဖြစ်လာအောင် တွန်းပို့မည့် အရင်းအမြစ်များဖြစ်သည်။ မြန်မာ့သတ္တုတွင်းကဏ္ဍသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍကဲ့သို့ ဖွံ့ဖြိုးမှုစနစ်တကျမရှိပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာလည်း များစွာနိမ့်ကျနေသည်။ မည်သို့ဖြစ်နေစေကာမူ ပမာဏများပြားစွာတည်ရှိနေသည့် တွင်းထွက်အရင်းအမြစ်များသည် နိုင်ငံတကာ တွင်းထွက်တူးဖော်ရေးကုမ္ပဏီများ၏ စိတ်ဝင်စားမှုကို အကြီးအကျယ်ဆွဲဆောင်လျက်ရှိသည်။

တွင်းထွက်သိုက်များ အမျိုးမျိုးစုံလင်စွာရှိသည်။ အခြေခံသတ္တုအမျိုးအစား (base metals)များဖြစ်သော ရွှေ၊ ကြေးနီ၊ ငွေ၊ ခဲ၊ သွပ်၊ သံဖြူ၊ မဂ္ဂနိစ်၊ ခနောက်စိမ်း၊ စက်မှုကုန်ကြမ်းဖြစ်သော (ဘိလပ်မြေ၊ ရွှံ့စေး၊ ဂျစ်ပဆင်၊ မြေသြဇာကုန်ကြမ်း၊ ဒိုလိုမိုက် (dolomite)၊ ထုံးကျောက်၊ ဆား၊ ဘာရိုက် (barite)၊ စွမ်းအင်အရင်းအမြစ်ဖြစ်သော ကျောက်မီးသွေး၊ ယူရေနီယံနှင့် ကျောက်မျက်ရတနာ (ကျောက်စိမ်း၊ ပတ္တမြား၊ အညံ့ပန်း၊ ပြောင်ခေါင်းစိမ်း၊ နီလာ၊ ကျိုက်နိုက် (Kyanite) အပါအဝင် ကဏ္ဍစုံအတွက် တွင်းထွက်အစုံရှိသည်။[28]

မြန်မာ့သတ္တုတွင်းကဏ္ဍတွင် အကြီးစားတူးဖော်ခြင်း၊ အသေးစားနှင့် တနိုင်တပိုင်တူးဖော်ခြင်း၊ အလွတ်သဘောတူ တရားမဝင်တူးဖော်နေသည်များရှိနေသည်။ တူးဖော်ရေးကဏ္ဍကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများအား လုပ်ကွက်ချထားပေးခြင်း၊ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန လက်အောက်ခံနိုင်ငံပိုင် သတ္တုတွင်းလုပ်ငန်းများမှတဆင့် ဆောင်ရွက်ခြင်း နည်းလမ်း ၂ခုလုံးဖြင့် ဆောင်ရွက်နေသည်။

ကျောက်မျက်ကဏ္ဍတွင်လည်း ကမ္ဘာ့ပတ္တမြားထုတ်လုပ်မှု ၉၀ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံမှဖြစ်ပြီး၊ ကျောက်စိမ်းအများအပြားထွက်ရှိရာ တစ်ခုတည်းသော နိုင်ငံလည်းဖြစ်သည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဖိုးတန်ကျောက်မျက်များ တူးဖော်ခြင်းကို အစိုးရကပိတ်ပင်ထားသည်။

သတ္တုတွင်းကဏ္ဍ ပြည်ပတင်ပို့မှုအများဆုံးမှာ ကြေးနီဖြစ်သည်။ ငွေ၊ ခဲ၊ သံဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်းများကို နိုင်ငံအနှံ့အပြားတွင် တူးဖော်ရရှိသည်။

## ၃.၃.၂။ တွင်းထွက်သယံဇာတ

(က) ကျောက်မျက်ရတနာများ နှင့် ကျောက်စိမ်း

နိုင်ငံတကာဈေးကွက်တွင် မြန်မာပတ္တမြားနှင့် ဂျေဒိုက်ကျောက်စိမ်းတို့သည် အမြင့်ဆုံးဈေးရရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့တဝှမ်းမှ ဂျေဒိုက် (ကျောက်စိမ်း) ၏ ၉၀ ရာခိုင်နှုန်းခန့်ထွက်ရှိရာ တစ်ခုတည်းသော အကြီးဆုံးအရင်းအမြစ်လည်းဖြစ်သည်။[29]

ကမ္ဘာ့နိုင်ငံပေါင်း ၅၀ နီးပါးတွင် ကျောက်မျက်များတူးဖော်ကြသည်။ ယင်းအနက် မြန်မာသည်အရည်အသွေးမြင့် ကျောက်မျက်အများအပြားထွက်ရှိခြင်းကြောင့် လူသိများသည်။ ကမ္ဘာ့အဆင့် ပတ္တမြား၊ နီလာ (ပတ္တမြားနှင့် နီလာသည် ကိုရန်ဒမ် (corundum) မျိုးကွဲများဖြစ်ပါသည်) နှင့် ဂျေဒိုက်တို့အပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် တူးဖော်တွေ့ရှိရသည့် ကျောက်မျက်များမှာ အညံ့ပန်း၊ စိန်၊ ဖရဲအူ (Tourmaline)၊ ပြောင်ဂေါ်င်းစိမ်း၊ ဥဿဖယား၊ ဥဒေါင်းကျောက် (garnet)၊ မြော (moonstone)၊ ပါလဒုတ္တာ (Lapis lazuli) သီလဂုတ်ကြောင် (chrysoberyl)၊ ပယင်း၊ သလင်းနှင့် အခြားကျောက်မျက်များဖြစ်သည်။ ကမ္ဘာ့ပေါ်တွင်တခါမှ တွေ့ရှိခြင်းမရှိသေးသည့် အလွန်တရာရှားပါးသည့် ကျောက်မျက်အမျိုးအစား အချို့ကိုလည်း မြန်မာနိုင်ငံတွင်တွေ့ရှိနိုင်သည်။

မြန်မာနိုင်ငံမှ ရတနာအဓိကထုတ်လုပ်ရာဒေသမှာ အရှေ့မြောက်တောင်တန်းများ တလျောက်တွင်ရှိသည်။ ဂျေဒိုက်များကို ကချင်ပြည်နယ်၊ စစ်ကိုင်းတွင်သာတွေ့ရှိနိုင်သည်။ အခြားကျောက်မျက်များကို ရှမ်း၊ မန္တလေး၊ ကချင်၊ ကရင်နှင့် တနင်္သာရီတို့တွင်တွေ့ရှိနိုင်သည်။ ကျောက်မျက် လုပ်ကွက် အများစုသည် ပဋိပက္ခဖြစ်ပွားနေသည့်နေရာ သို့မဟုတ် နယ်နိမိတ် ထိစပ်နေသည့် နေရာများတွင် ရှိနေကြသည်။ မြန်မာနိုင်ငံရှိ ကျောက်မျက်အဓိကထွက်ရှိသည့် နေရာများမှာ

- ဖားကန့် (ကချင်ပြည်နယ်) နှင့် ခန္တီး (စစ်ကိုင်း) ရှိ ဂျေဒိုက်ကျောက်စိမ်း လုပ်ကွက်များ
- မန္တလေးတိုင်းမှ မိုးကုတ်ကျောက်လုပ်ကွက်များသည် ပတ္တမြားနှင့် နီလာထွက်ရှိမှုကြောင့် နာမည်ကျော်သည်။ မြန်မာ

[28] 2012 Minerals Yearbook, Burma, U.S.Geological Survey

[29] Source: Gemstone Sector Review, Emma Irwin – July 2016

နိုင်ငံ၏ ကျောက်မျက်များနှင့် ဂျေဒိုက်များကို တနှစ်တကြိမ် နေပြည်တော်တွင် ကျင်းပသည့် ကျောက်မျက်ပြပွဲ၊ နိုင်ငံအနှံ့ရှိ ဈေးဆိုင်နှင့် ဈေးကွက်များမှတဆင့် နိုင်ငံတကာဝယ်လက်များ သို့ရောင်းချသည်။ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများ ကျောက်မျက်တူးဖော်ခြင်းကို ဥပဒေဖြင့် တားမြစ်ထားသည်။ မြန်မာ နိုင်ငံသားလုပ်ငန်းရှင်နှင့် ဖက်စပ်ဆောင်ရွက်ခြင်းကိုလည်း တားမြစ်ထားသည်။ နိုင်ငံသားများသာ ကျောက်မျက်ပါမစ်ရရှိနိုင်သည်။

မြန်မာနိုင်ငံမှ ကျောက်မျက်ထုတ်လုပ်သည့်နေရာများ၏ ဘူမိအခြေအနေဆန်းစစ်မှုကို ကျန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ဆောင်ရွက်ခဲ့သည်များရှိသော်လည်း အချက်အလက်များ၏ အရည်အသွေးနှင့် စိတ်ချရမှုကိုမသိရပါ။ အများပြည်သူ သိရှိစေရန်ထုတ်ပြန်ထားသည့် အချက်အလက်မှာလည်း အနည်းငယ်သာရှိသည်။ ရှင်းလင်းပြီး အချိန်နှင့်တပြေးညီပြုစုထားသည့် ဘူမိဗေဒဆိုင်ရာ အချက်အလက်များမရှိခြင်းကြောင့် ကျောက်မျက်ထွက်ရှိရာဒေသများနှင့်ဆိုင်သည့် ကောလဟာလများ၊ အချက်အလက်မှားယွင်းမှုများ အကြီးအကျယ်ဖြစ်ပေါ်စေပြီး၊ ကျောက်မျက်ထုတ်လုပ်မှု ပါမစ်ချထားပေးခြင်းကိုလည်း အခက်အခဲများဖြစ်စေသည်။ ရင်းနှီးမြှုပ်နှံသူများအဖို့လည်း အတားအဆီးများဖြစ်စေသည်။ အလေးပေးအားစိုက် ဆောင်ရွက်ရန်လိုအပ်နေသည့် နေရာဖြစ်ပါသည်။

## ၃.၃.၃။ တနိုင်တပိုင်တူးဖော်သူများ (Context of the Artisanal Mining sector in Myanmar )

### တနိုင်တပိုင်ပတ္တမြားတူးဖော်သူများ

တနိုင်တပိုင်တူးဖော်သူများ အထူးသဖြင့် ရွှေတူးဖော်ခြင်းသည် မြေကြီးထဲရွှေပါဝင်မှုရှိသည့် ဒေသများမှ ပြည်သူများ၏ ရိုးရာအသက်မွေးမှုလုပ်ငန်းဖြစ်သည်။ အသုံးပြုသည့် ကိရိယာများမှာ အလွန်ရိုးရှင်းသည်။ ဝါးဖြစ်ပြုလုပ်သည့် ရွှေစစ်သည့် စင်၊ သစ်သား ဇန်း၊ တူးဖော်ရေး ကိရိယာများသာ လိုအပ်သည်။ ၁၉၉၀ နှစ်များတွင် ပြင်ပကမ္ဘာမှ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားများ ဝင်ရောက်လာစေရန်ဖိတ်ခေါ်ခဲ့သည်။ ကျောက်မျက်နှင့် ကျောက်စိမ်းတူးဖော်ခြင်းကိုလည်း အနည်းငယ်လျော့ချ ခဲ့သည်။ ပတ္တမြား အဓိကတူးဖော်နေသည့်နေရာများမှာ မိုးကုတ်မှ လုပ်ကွက်များနှင့် ရှမ်းပြည်နယ်မှ မိုင်းရှူးလုပ်ကွက်များဖြစ်သည်။ ကျောက်စိမ်းနှင့် ဂျေဒိုက်ကို ကချင်ပြည်နယ် ဖားကန့် တပိုက်မှ တဓိကတူးဖော်ရရှိသည်။

မိုးကုတ်မှ ကျောက်တွင်းများနှင့် အနီးအနားမှ လုပ်ကွက်များမှ ကမ္ဘာ့အဆင့်ပတ္တမြားအများအပြား ထွက်ရှိသည်။ ပတ္တမြား အပြင် နီလာ၊ အည့ံပန်း၊ ပြောင်ခေါင်းစိမ်း၊ မြပြာနှင့် အခြားအဖိုးနည်း ကျောက်မျက်များကိုလည်း ယင်းကျောက်တွင်းများမှ တူးဖော်ရရှိသည်။

ပတ္တမြားတူးဖော်သည့် လုပ်ကွက်အသေးများသည် ၁၉၉၀ တွင် တရားဝင် လုပ်ကွက်များဖြစ်လာသည်။ ရှမ်းပြည်နယ်မှ နဝရတ်(ပြင်လွန်)နှင့် နမ့်ဆာ၊ ရောဝတီဖြစ်အနောက်ဘက် မိုးကုတ်အနီးမှ သပိတ်ကျင်းနှင့် ကသည်း၊ ဖားကန့်မှ မိုင်အနည်းငယ်အကွာ၊ တရုတ်ပြည်နယ်စပ်အနီးမှ နမ်ယာနှင့် အခြားလက်လုပ်တွင်းများမှာ တရားဝင်လုပ်ကွက်များဖြစ်လာသည်။

### တနိုင်တပိုင် ရွှေတူးဖော်မှု

ဒေသခံများသာ အဓိကလုပ်ကိုင်သည့် တနိုင်တပိုင် ရွှေတူးဖော်မှုများတွင် ၁၉၉၀နှစ်များမှစပြီး စက်နှင့်တူးဖော်ခြင်းများ တဖြည်းဖြည်းအစားထိုးဝင်ရောက်လာသည်။ မြစ်ကြမ်းပြင်ကို သဲစုပ်စက်များဖြင့် တူးဖော်ခြင်း၊ ကမ်းပါးများတွင် ရေတိုက်စားစနစ်ဖြင့် တူးဖ်ခြင်း၊ အဖွင့်တွင်းကြီးများ၊ တွင်းနက်ကြီးများ တူးခြင်းစသည့် နည်းပေါင်းစုံဖြင့်တူးဖော်ကြသည်။ သတ္တုထုတ်ရန်နှင့် အခြားလိုအပ်သည့်အဆောက်အဦများ ဆောက်လုပ်ရန်အတွက် တောရှင်းကြသဖြင့် သစ်တောပြုန်းတီးသည့် ဧရိယာမှာ များသထက်များလာသည်။ တူးဖော်ခြင်းလုပ်ငန်းများအပြင် မာကျူရီ (ပြဒါး) အသုံးပြုမှုမှာလည်းမြင့်တက်လာသည်။ ဆိုင်ယာနိုက်သုံး၍ သန့်စင်ခြင်းအပါအဝင် ရွှေတူးဖော်ခြင်းနည်းစနစ်များကြောင့် ပျက်ဆီးရသည့် မြေနေရာများမှာလည်း ကျယ်သထက် ကျယ်လာသည်။ မြေထုအပေါ်ယံလွှာရှိ ရွှေများကုန်လာခြင်း၊ မြေအောက်နှင့် ကျောက်မာများမှ ရွှေများကို နည်းလမ်းပေါင်းစုံနှင့် ထုတ်ယူခြင်းတို့ကြောင့် မြေသားများပျက်ဆီးရသည်။

တနိုင်တပိုင် ကျောက်စိမ်း သို့မဟုတ် ကျောက်မျက်တူးဖော်ခြင်းနှင့်ပတ်သက်ပြီး ရရှိသည့်အချက်အလက် အနည်းငယ်သာရှိသည်။ တနိုင်တပိုင်ရွှေတူးခြင်းသည် မြန်မာနိုင်ငံတွင် ထူးခြားမှုမရှိသည့် ကိစ္စဖြစ်ပြီး နိုင်ငံတဝှမ်းတွင် ရာနှင့် ထောင်နှင့်ချီ၍ တူးဖော်မှုများပြုလုပ်ကြသည်။ တနိုင်တပိုင် ရတနာတူးဖော်ခြင်းသည်လည်း ပုံမှန်ကိစ္စတခုဖြစ်ပြီး ကျယ်ကျယ်ပြန့်

ပြန်လုပ်ကိုင်နေကြသည်။ မည်သို့ပင်ဆိုစေကာမူ စက်ကိရိယာဖြင့် အကြီးစားတူးဖော်မှုများ မြင့်တက်လာခြင်း၊ ကျောက်မျက်ထုတ်လုပ်သည့်နေရာဝန်းကျင်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းမှု တင်းတင်းကျပ်ကျပ်ဆောင်ရွက်ခြင်းတို့ကြောင့် လိုင်စင်မရှိသည့် တနိုင်တပိုင်သမားများအတွက် လုပ်ကွက်ရှားပါးလာသည်။ [30]

၂၀၁၆ မေလတွင်ရရှိသည့်သတင်းများအရ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအသစ်မှ လုပ်ကွက်များသို့လေ့လာကွင်းဆင်းအပြီးတွင် ဖားကန့်မှ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများအား စောင့်ကြည့်မှုများကို တင်းကျပ်ရန်ဆုံးဖြတ်ခဲ့သည်။ မြေစာပုံများကို တွင်းပေါင်းများတွင် စွန့်ပစ်ရန် ဝန်ကြီးဌာနကညွှန်ကြားခဲ့သည်။ ယခုစာတမ်းပြုစုနေစဉ်တွင် ယင်းကိစ္စနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ [31]

[30]Source : Gemstone Sector Review, Emma Irwin – July 2016

[31] Source: Gemstone Sector Review, Emma Irwin – July 2016

## ၃.၃.၄။ အဓိက စီမံကိန်းကြီးများ

မြန်မာနိုင်ငံရှိ အဓိကတူးဖော်ရေး စီမံကိန်းကြီးများကို အောက်ပါအတိုင်း အကျဉ်းချုပ်နိုင်သည်။

| စီမံကိန်းအမည် | လုပ်ငန်းအဆင့် (စတင်သည့်နှစ်) | တည်နေရာ | ထွက်ရှိမှုပမာဏ |
| --- | --- | --- | --- |
| မိုးထိမိုးမိ | တူးဖော် | ရမည်းသင်းမြို့နယ် | လုပ်ကွက် စမ်းသပ်ခန့်မှန်းချက်အရ ရွှေအောင်စ ၂.၃ သန်းရှိသည်။ ၂၀၁၁ စက်တင်ဘာ မှ ၂၀၁၅ မတ်လအတွင်း သန့်စင်ပြီးရွှေ ၅၂၆၀၀ အောင်စ ထုတ်လုပ်ခဲ့သည်။ |
| လောင်ကျိုင် သွပ်လုပ်ကွက် | တူးဖော် | လားရှိုးမြို့နယ် | လောင်ကျိုင် သွပ်လုပ်ကွက်သည် ၈ စတုရန်း ကီလိုမီတာ ကျယ်ပြန့်သည့် ထွက်ရှိနှုန်း အလားအလာကောင်းမွန်သည့် လုပ်ကွက်ဖြစ်သည်။ အပြင်လွှာ ၂ထပ်တွင် အရည်အသွေးမြင့် smithsonite(သွပ်ရိုင်း) များရှိသည်။ အပေါ်ယံ ခန့်မှန်းချက် အရ သတ္တုရိုင်း တန်ချိန် ၁၇၀ ၀၀၀ ရှိပြီး ပျမ်းမျှအားဖြင့် သွပ် ၃၇ ရာခိုင်နှုန်းပါဝင်သည့် သတ္တုရိုင်း တန်ချိန် ၆၃၀၀၀ ရှိသည်။ လားရှိုးသွပ် သန့်စင် စက်ရုံတွင် သတ္တုရိုင်းများကို သန့်စင်သည်။ |
| မုံရွာကြေးနီစီမံကိန်း | တူးဖော် | လက်ပံတောင်း၊ ဆားလင်းကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး | လက်ပံတောင်း သတ္တုသိုက်တွင် ပါဝင်မှုနှုန်း ၀.၁ ရာခိုင်နှုန်း၊ အခြား သတ္တုသိုက် ၃ ခုတွင် ပါဝင်မှုနှုန်း ၀.၁၅ (cut-off grades) အစောပိုင်း ခန့်မှန်းမှုတွင် 0.43 g/t Au နှင့် 6 g/t Ag ရှိသည်။ porphyry copper ကြေးနီးသိုက်မဟုတ်ပဲ High-sulfidation Cu(Au) ဖြစ်နိုင်သည်။ porphyry copper ကြေးနီများအောက်လွှာတွင်ရှိနိုင်သည်။ |
| တကောင်းတောင် နီကယ်တူးဖော်ရေး | တူးဖော် | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် | lateritic nickel သတ္တုရိုင်းများ တန်ချိန် သန်း ၄၀ ရှိမည်ဟုတ် ခန့်မှန်းထားသည်။ ပုမ်းမျှပါဝင်မှု ၁.၄၀ ရာခိုင်နှုန်းတွင် Ni ပါဝင်မှု ၂.၀၂ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။ နီကယ်နှင့်ဆက်စပ်ပြီး ခရိုမိုက်များကိုလည်း တွေ့ရှိရသည်။ |
| ကလေး၀ကျောက်မီးသွေးတွင်း | တူးဖော် | စစ်ကိုင်းတိုင်း ဒေသကြီး၊ ကလေး၀မြို့နယ်၊ ချင်းတွင်းမြစ် ၏ အနောက်ဘက်ကမ်း၊ သစ်ခြောက်ကျေးရွာ | ဂျပန်နိုင်ငံမှ New Energy and Industrial Technology Development Institute (NEDO) သည်ကန့်သတ်နယ်မြေများတွင် စမ်းသပ်ရှာဖွေမှုများပြုလုပ်သည်။ ၁၉၉၉ မှ ၂၀၀၀ ခုနှစ် အတွင်း ခန့်မှန်းချေ ၅.၅ စတုရန်းကီလို မီတာ (၃.၆ ကီလိုမီတာ ထ ၁.၅ ကီလိုမီတာ) ရှိပြီး၊ ၉ ပေ၊ ၆ ပေ နှင့် ၄ ပေ ကျောက်မီးသွေးကြောမှ ကျောက်မီးသွေးတန်ချိန်ပေါင်း ၁၅.၃ သန်းရှိမည်ဟု ခန့်မှန်းထားသည်။ မြောက်ဘက်တိုးချဲ့နေရာများတွင် စမ်းသပ်တွင်းများ ထပ်မံတူးဖော်ပါက ခန့်မှန်းပမာဏ မြင့်တက်လာနိုင်သည်။<br>NIDO Mission မှ ဆောင်ရွက်ခဲ့သည့် ဖြစ်တန်စွမ်း လေ့လာမှုတွင် ဖော်ပြထားချက်အရ တူးဖော်မှုနည်းလမ်းများတွင် မြေအောက်တွင်းတူးခြင်း၊ ဥမင်တူးခြင်းနှင့်အဖွင့် တွင်းတူးခြင်းများကို ပေါင်းစပ်အသုံးချမည်ဖြစ်သည်။ တနှစ်လျှင် တွင်း ၂တွင်းမှ တတွင်းလျင် တန်ချိန်ပေါင်း ၁၄၀၀၀၀ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။ |

| | | | |
|---|---|---|---|
| ဘိုဗီဘွန်း ခရိုက်မိုက် သတ္တုသိုက် | ၂၀၁၃–၂၀၁၅ တူးဖော် | တီးတိန်မြို့နယ် ချင်းပြည်နယ် | DGSE နှင့် Korea Institute of Geoscience and Mineral<br>Resources (KIGAM) တို့၏ ပူးပေါင်း သုတေသနစီမံကိန်း Irregular, Lenticular, Lenses, pockets.<br>ခရိုမိုက်လုံး သတ္တုသိုက်အမျိုးအစား (Podiform type) ပျံ့နှံ့ (disseminates) leopard textured ၊ nodular ၊ massive.<br>၁၂ စတုရန်းကီလိုမီတာကို လုပ်ကွက်အဖြစ်သတ်မှတ်ထား၊ တွင်း ၆ တွင်း၊ စုစုပေါင်း အနက် ၆၀၀ မီတာ<br>ပင်မ ခရိုမိုက် ကျောက်အပေါ်လွှာ ၁၅ ခု နှင့် ခရိုမိုက်အပေါ်လွှာ ၂၉ နေရာကို တွေ့ရှိရသည်။<br>(15 primary chromite outcrops and 29 chromite float occurrences were observed)<br>–တိုင်းတာမှုပမာဏ Measured reserve - 7780 tons<br>–တွေ့ရှိပမာဏ Indicated reserve - 12080 tons<br>–ပျမ်းမျှပါဝင်မှု (Average grade) – Cr- 12.61 %,<br>Ni- 0.41 % |
| တောင်ငယ်တောင် ထုံးကျောက်ရှာဖွေရေး | ၂၀၁၃ မေမှ ၂၀၁၃ အောက်တိုဘာ | ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ် | DGSE ၏ရှာဖွေရေးစီမံကိန်း<br>အစမ်းတွင်း ၆ တွင်း<br>တိုင်းတာမှု ပမာဏ Measured reserve 31.43 million ton with CaO- 45.26 %,<br>MgO-1.68 %, SiO2-13.53 %<br>တွေ့ရှိမှုပမာဏ 2.01 million ton with<br>CaO- 46.71%, MgO- 0.83%, SiO2-9.9 % |
| လယ်တွန် ကျောက်မီးသွေးရှာဖွေရေး | ၂၀၁၃ ဖေဖော်ဝါရီမှ ၂၀၁၄ မတ် | တနင်္သာရီတိုင်းဒေသကြီး၊ ... | DGSE ၏ ရှာဖွေရေးစီမံကိန်း<br>အစမ်းတွင်း ၁၀ တွင်း (စုစုပေါင်း အနက် ၆၁၀ မီတာ)<br>တိုင်းတာမှု ပမာဏ Measured reserve 0.07 million ton<br>တွေ့ရှိမှုပမာဏ 0.0056 million ton<br>ကျောက်မီးသွေးအမျိုးအစား - Lignite<br>ကျောက်မီးသွေး အရည်အသွေး - F.C 4.48 % to 40.56 %, C.V 6690<br>- 10950 Btu/lb |
| မော်လိုက်ကြီး ချောင်း ကျောက်မီးသွေးရှာဖွေရေး | ၂၀၁၃ နိုဝင်ဘာမှ ၂၀၁၄ မတ် | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ် | DGSE ၏ ရှာဖွေရေးစီမံကိန်း<br>လက်တွင်း ၄၂ တွင်း၊ စုစုပေါင်း အနက် ၄၄၀ မီတာ)<br>တိုင်းတာမှု ပမာဏ Measured reserve 0.37 million tons<br>တွေ့ရှိမှု ပမာဏ Indicated reserve 1.5 million tons |

| | | | |
|---|---|---|---|
| | | | ကျောက်မီးသွေး အမျိုးအစား Coal rank - Lignite to Subbituminus<br>ကျောက်မီးသွေး အရည်အသွေး - F.C 23.77% -52.92%, C.V<br>6710 - 12520 Btu/Lb |
| ယက်တန်းစင် တောင် Graphite ရှာဖွေရေး | ၂၀၁၃ဖွန်မှ ၂၀၁၄မတ် | စဉ့်ကူး၊မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | DGSE ရှာဖွေရေး စီမံကိန်း<br>၄ တွင်း (စုစုပေါင်း အနက် ၂၁၀ မီတာ)<br>တိုင်းတာမှုပမာဏ Measured reserve 0.249 million tons,<br>တွေ့ရှိမှုပမာဏ Indicated reserve 0.019 million tons<br>ပျမ်းမျှကာဗွန်ပါဝင်မှု ၂၀ ရာခိုင်နှုန်း<br>Average carbon content of graphite is 20 % |

## ၃.၃.၅။ ဥပဒေမူဘောင်

သတ္တုတွင်းကဏ္ဍ ဥပဒေများမှာ

- မြန်မာနိုင်ငံသတ္တုတွင်း ဥပဒေ ၁၉ ၉ ၄ နှင့် မြန်မာနိုင်ငံသတ္တုတွင်းဥပဒေကို ပြင်ဆင်သော ဥပဒေ (၂၀၁၅)
- မြန်မာနိုင်ငံသတ္တုတွင်း နည်းဥပဒေများ
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ၂၀၁၆
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၂၀၁၇
- မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ညွှန်ကြားချက်များ
- အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၇ ဖွံ့ဖြိုးတိုးတက်မှု ဇုန် အမျိုးအစား သတ်မှတ်ခြင်း
- အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၇ တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများမှ အတည်ပြု အမိန့်ထုတ်ပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် မတည်ငွေရင်း ပမာဏသတ်မှတ်ခြင်း
- အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ သတ်မှတ်ခြင်း
- အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သတ်မှတ်ခြင်း
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ
- ကျောက်မျက်ဥပဒေ ၁၉၉၅၊ ကျောက်မျက်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ ၂၀၁၆
- မြန်မာ့ပုလဲဥပဒေ ၁၉၉၅
- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ၂၀၁၂
- မြန်မာ့ပုလဲဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၄

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONERC) မှ သတ္တုတူးဖော်ခြင်းကို အဓိကကြီးကြပ်သည်။ MIC သည် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေအတိုင်းလိုက်နာမှုရှိမရှိ စောင့်ကြည့်သည်။

၂၀၁၅ ဒီဇင်ဘာ ၂၄တွင် ပြည်ထောင်စုလွှတ်တော်သည် ဥပဒေ အမှတ် ၇၂ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅ မြန်မာ့သတ္တုတွင်းဥပဒေ)ကို အတည်ပြုခဲ့သည်။ ခေတ်နောက်ကျနေသည့် ၁၉၉၄ မြန်မာ့သတ္တုတွင်းဥပဒေကို ၂၀၁၅သတ္တုတွင်းဥပဒေဖြင့်ပြင်ဆင်သည်။ ပြင်ဆင်ချက်တွင် ပါဝင်သည့် အဓိကအပြောင်းအလဲများကို ၃.၃.၁၁ တွင်ဖော်ပြထားပါသည်။

၂၀၁၆ ဇန်နဝါရီ ၂၉ တွင် ပြည်ထောင်စုလွှတ်တော်မှ မြန်မာ့ကျောက်မျက်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ (၂၃/၂၀၁၆) ကိုအတည်ပြုခဲ့သည်။ ပြင်ဆင်ချက်တွင် ပါဝင်သည့် အဓိကအပြောင်းအလဲများကို ၃.၃.၁၁ တွင်ဖော်ပြထားပါသည်။

မြန်မာအစိုးရ၏ စွမ်းအင်မူဝါဒနှင့်အလားတူ တွင်းထွက်မူဝါဒကို လက်ရှိတွင်တရားဝင်ရေးသားထားခြင်း မရှိပါ။ သို့သော်

လည်း MONREC တွင် မူဝါဒလမ်းညွှန်ချက်ပြဌာန်းထားသည်။ [32]မူဝါဒတွင် အစိုးရ၏ ပုဂ္ဂလိကလွှဲပြောင်းပေးမှုရည်ရွယ်ချက်များကိုဖော်ပြထားသည်။ သတ္တုတွင်းကဏ္ဍတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ကိုအားပေးရန်၊ ပြည်သူ့ဘဏ္ဍာများပေါ်တွင် မှီခိုနေခြင်းကိုလျှော့ချရန် ရည်ရွယ်ချက်များကို ဖော်ပြထားသည်။ သတ္တုတွင်းဝန်ကြီးဌာနကိုယ်တိုင် ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ရန် မူဝါဒချမှတ်ထားသည်။ နိုင်ငံခြားနှင့် ရင်းနှီးမြှုပ်နှံမှုများ သတ္တုတွင်းကဏ္ဍသို့ဝင်ရောက်လာရန် မူဝါဒတွင် အားပေးထားသည်။

တူးဖော်ခွင့်လျှောက်ထားသည်များကို MONRECက ထုတ်ဝေမှုပေါ်ခွဲဝေခံစားခြင်း သို့မဟုတ် အမြတ်ခွဲဝေခံစားခြင်း သဘောတူညီချက် ဆောင်ရွက်ရန်ဆုံးဖြတ်သည်။ ယေဘုယအားဖြင့် နှစ်ဖက်၏ ရှယ်ယာထည့်ဝင်မှု အနေအထားပေါ်မူတည်ပြီး ထုတ်လုပ်မှုပေါ်ခွဲဝေခံစားခြင်း သို့မဟုတ် အမြတ်ခွဲဝေခြင်း ပုံစံဖြင့်သွားလေ့ရှိသည်။ ထုတ်လုပ်မှုခွဲဝေသည့် ပုံစံတွင် စုစုပေါင်းထုတ်လုပ်မှုပေါ်တွင် ခွဲဝေခြင်းသို့မဟုတ် ကုန်ကျစရိတ်နုတ်ပြီး နောက်ခွဲဝေခြင်း နည်းလမ်းဖြင့် လုပ်ငန်းဆောင်ရွက်ကြသည်။ သတ္တုတွင်းဝန်ကြီးဌာနသည် စီမံကိန်းတခုခြင်းစီအလိုက် အများစု၊ အနည်းစု သို့မဟုတ် တန်းတူရှယ်ယာစနစ်ဖြင့် ပါဝင်ဆောင်ရွက်သည်။

MONREC သည်လည်းထုတ်လုပ်မှုပေါ်ခွဲဝေ ခံစားသည့် ပုံစံဖြင့် သတ္တုတူးဖော်ရေးလုပ်ငန်းရှင်များနှင့် အကျိုးတူဖက်စပ်လုပ်ငန်းများတွင် နိုင်ငံပိုင်လုပ်ငန်းများမှတဆင့်ပါဝင်နိုင်သည်။ (သတ္တုတွင်းလုပ်ငန်း ၁၊ ၂၊ ၃ အစရှိသဖြင့်) ပါဝင်နိုင်သည်။ သို့သော်လည်း အကျိုးတူဖက်စပ်လုပ်ပိုင်ခြင်းကို အကြီးစားစီမံကိန်းများတွင်သာ တွေ့ရလေ့ရှိသည်။

## ၃.၃.၆။ ဌာနဆိုင်ရာများ

သတ္တုတွင်းကဏ္ဍ

မြန်မာသတ္တုတွင်းဥပဒေအရ နိုင်ငံတွင်းမှ သဘာဝအလျောက်ဖြစ်ပေါ်သည့် မြေပေါ်မြေအောက်တွင်းထွက်များအားလုံးသည် နိုင်ငံတော်ပိုင်ဖြစ်သည်။

MONREC (ယခင်သတ္တုတွင်းဝန်ကြီးဌာန) သည် သတ္တုတွင်းကဏ္ဍကိုကြီးကြပ်သည်။ ၂၀၁၆ မတ်လ ၃၀ ရက်နေ့ထိ တာဝန်ယူခဲ့သည့် ယခင်အစိုးရလက်ထက်တွင် သတ္တုတွင်းဝန်ကြီးဌာနတွင် လုပ်ငန်း ၆ ခုနှင့် ဦးစီး ဌာန ၂ ခုရှိသည်။

| | |
|---|---|
| ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုစမ်းသပ်ရှာဖွေရေး ဦးစီးဌာန | Department of Geological Survey and Mineral Exploration(DGSE) သည် ဘူမိဗေဒဆာ၊ ဘူမိဓာတု၊ ဘူမိရူပ၊ ပညာရပ်များ စမ်းသပ်တွင်းများ တူးဖော်ခြင်း နည်းလမ်းများ အသုံးပြုပြီး ဘူမိဗေဒမြေပုံထုတ်ခြင်း၊ တွင်းထွက် စမ်းသပ်ခြင်း၊ ရှာဖွေခြင်းတို့ကို နိုင်ငံအနှံ့တွင်ဆောင်ရွက်သည်။ |
| သတ္တုတွင်းဦးစီးဌာန | တွင်းထွက်မူဝါဒများ နှင့် တွင်းထွက်ဥပဒေများကို အကောင်အထည်ဖော်သည်။ လုပ်ကွက်များ စစ်ဆေးခြင်း နှင့် ဘေးကင်းရေး၊ သဘာဝ ဝန်းကျင် ထိန်းသိမ်းရေး နှင့် တွင်းထွက် ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်သည်။ ၁၉၉၄ သတ္တုတွင်းဥပဒေတွင် တူးဖော်ခြင်း နှင့် ပါမစ်များစောင့်ကြည့်ခြင်းတာဝန်အားလုံးကို သတ္တုတွင်းဝန်ကြီးဌာနသို့အပ်နှင်းထားသည်။ မြန်မာ့သတ္တုတွင်းဥပဒေအရညွှန်ကြားရေးမှူးချုပ် သည် လုပ်ကွက်စစ်ဆေးရေးမှူးချုပ်ဖြစ်ပြီး၊ ပါမစ်များ စစ်ဆေးခြင်းနှင့် ချထားပေးခြင်း ကိုလည်း တာဝန်ယူရသည်။ |
| သတ္တုတွင်းလုပ်ငန်းများ[33] | |
| အမှတ် ၁ သတ္တုတွင်းလုပ်ငန်း | ၁၀၀ ရာခိုင်နှုန်း နိုင်ငံပိုင်လုပ်ငန်းဖြစ်သည်။ ခနောက်စိမ်း၊ သွပ်၊ ခဲ၊ ငွေ၊ သံ၊ နီကယ် နှင့် ကြေးနီသတ္တုရိုင်းများ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း တို့ကိုဆောင်ရွက်သည်။ |
| အမှတ် ၂ သတ္တုတွင်းလုပ်ငန်း | ၁၀၀ ရာခိုင်နှုန်း နိုင်ငံပိုင်လုပ်ငန်းဖြစ်သည်။ ရွှေ၊ ပလက်တီနမ်၊ သံဖြူ၊ ခဲမဖြူ၊ molybdenum၊ niobium၊ columbium၊ heavy minerals သတ္တုရိုင်းများ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း တို့ကိုဆောင်ရွက်သည်။ |

[32]http://www.mining.gov.mm/Minister_Office/3.Minister_Office/details.asp?submenuID=4&sid=59

[33] ၁၉၉၄ သတ္တုတွင်းဥပဒေ

| | |
|---|---|
| အမှတ် ၃ သတ္တုတွင်းလုပ်ငန်း | ၁၀၀ ရာခိုင်နှုန်း နိုင်ငံပိုင်လုပ်ငန်းဖြစ်သည်။ စက်မှုကုန်ကြမ်းများဖြစ်သော bauxite ၊ bentonite ၊ ဂျပ်ဆင်၊ထုံးကျောက်၊ dolomite၊ရွှံ့စေး၊မဂ္ဂနိစ်နှင့် ကျောက်မီးသွေးများထုတ်လုပ်ရောင်းချသည်။ |
| မြန်မာ့ကျောက်မျက်လုပ်ငန်း<br>Myanmar Gem Enterprise (MGE) | ၁၀၀ ရာခိုင်နှုန်း နိုင်ငံပိုင်လုပ်ငန်းဖြစ်သည်။ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအမျိုးမျိုးတူးဖော်ခြင်း တူးဖော်ခြင်းနှင့် ဈေးကွက်တင်ခြင်းကိုတာဝန်ယူထားသည်။ |
| မြန်မာ့ပုလဲလုပ်ငန်း<br>Myanmar Pearl Enterprise | ကမာကောင်များ မွေးမြူပြုစုခြင်း၊ ပုလဲထုတ်လုပ်ခြင်းကိုတာဝန်ယူထားသည့် ၁၀၀ ရာခိုင်နှုန်း နိုင်ငံပိုင်လုပ်ငန်းဖြစ်သည်။ |
| မြန်မာ့ ဆားနှင့် အဏ္ဏဝါဓာတုလုပ်ငန်း<br>Myanmar Salt and Marine Chemical Enterprise (MSMCE) | ၁၀၀ ရာခိုင်နှုန်း နိုင်ငံပိုင်လုပ်ငန်းဖြစ်ပြီး အိမ်သုံးဆား၊ အဏ္ဏဝါဓာတုပစ္စည်း နှင့် soda ash ထုတ်လုပ်ရောင်းချသည်။ |

ပုံ ၉။ သတ္တုတွင်းဦးစီးဌာန လုပ်ငန်းဌာနဖွဲ့စည်းပုံ (ယခု MONREC)

ပြည်ထောင်စုဝန်ကြီး
အမှတ် ၁ သတ္တုတွင်း လုပ်ငန်း
အမှတ် ၂ သတ္တုတွင်းလုပ်ငန်း
အမှတ် ၃ သတ္တုတွင်း လုပ်ငန်း
မြန်မာ့ကျောက်မျက်လုပ်ငန်း Myanmar Gem Enterprise (MGE)
မြန်မာ့ပုလဲလုပ်ငန်း Myanmar Pearl Enterprise
မြန်မာ့ ဆားနှင့် အဏ္ဏဝါဓာတုလုပ်ငန်း Myanmar Salt and Marine Chemical Enterprise (MSMCE)
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုစမ်းသပ်ရှာဖွေရေး ဦးစီးဌာန
သတ္တုတွင်းဦးစီးဌာန
သတ္တုတွင်းလုပ်ငန်းများ

၂၀၁၆ မတ်လတွင် သတ္တုတွင်းဝန်ကြီးဌာနနှင့် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာန Ministry of Environmental Conservation and Forestry (MOECAF)ကို ဝန်ကြီးဌာနတခုတည်းအဖြစ် ပေါင်းမည်ဟု ကြေညာခဲ့သည်။ စုစည်းထားသည့် ဝန်ကြီးဌာနကို သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန Ministry of Natural Resources and Environmental Conservation (MONREC)ဟု သတ်မှတ်ခဲ့သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(MONREC) တွင် ဦးစီးဌာန ၃ခုနှင့် နိုင်ငံပိုင်လုပ်ငန်း ၄ ခုရှိသည်။ ပြည်ထောင်စုဝန်ကြီးရုံး၊ သတ္တုတွင်းဦးစီးဌာနနှင့် ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုစမ်းသပ်ရှာဖွေရေးဦးစီးဌာန၊ အမှတ် ၁ သတ္တုတွင်းလုပ်ငန်း အမှတ် ၂ သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ကျောက်မျက်လုပ်ငန်း Myanmar Gem Enterprise (MGE)

မြန်မာ့ပုလဲလုပ်ငန်း Myanmar Pearl Enterprise တို့ဖြစ်သည်။

ဝန်ကြီးဌာနသည် ၁၉၉၄ သတ္တုတွင်းဥပဒေနှင့်အညီ တွင်းထွက်ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်းနှင့်ဆိုင်သည့် လိုင်စင်လျှောက်လွှာအားလုံးကို ဆန်းစစ်သုံးသပ်သည်။ ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းစောင့်ကြည့်ပြီး တွင်းထွက်ကဏ္ဍတွင် ရင်းနှီးမြုပ်နှံမှုများ တိုးတက်လာစေရန်ဆောင်ရွက်သည်။

နိုင်ငံပိုင်လုပ်ငန်းများသည် ပုဂ္ဂလိကကုမ္ပဏီများနှင့် ထုတ်လုပ်မှုပေါ်မျှဝေခံစားသည့်စာချုပ် production sharing contract (PSC) စနစ်ဖြင့် အဓိကလုပ်ငန်းဆောင်ရွက်ကြသည်။ ယင်းစနစ်အရ ရင်းနှီးမြုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းကို ပုဂ္ဂလိကမှ ကျခံရပြီး ရရှိသည့်အမြတ်ကို နှစ်ဖက်ခွဲဝေယူသည်။

မြန်မာအစိုးရ အာဏာပိုင်များအဆိုအရ လုပ်ကွက်များအားလုံးသည် အကျိုးတူဖက်စပ် သို့မဟုတ် ပုဂ္ဂလိကပိုင်ဖြစ်ပြီး၊ နိုင်ငံပိုင်လုပ်ငန်းများသည် တူးဖော်မှုလုပ်ငန်းများတွင် ပါဝင်မှုမရှိတော့ကြောင်းသိရသည်။

### ကျောက်မျက်ကဏ္ဍ

သတ္တုတွင်းဝန်ကြီးဌာနအပြင် (လက်ရှိ MONREC လက်အောက်ခံ) ကျောက်မျက်ကဏ္ဍတွင် ပါဝင်နေသည့် အဓိကအစိုးရလုပ်ငန်းဌာနများမှာ

- မြန်မာ့ကျောက်မျက်လုပ်ငန်း
 (Myanmar Gems Enterprise)
- မြန်မာ့ကျောက်မျက်ကဏ္ဍဖွံ့ဖြိုးရေး ဦးဆောင်ကော်မတီ
- ရာဖြတ်ကော်မတီ
- ဗဟိုကျောက်မျက်ရတနာကြီးကြပ်ကော်မတီ
 (ဗဟိုကော်မတီ)
- မြန်မာ့ကျောက်မျက်နှင့် ရတနာလုပ်ငန်းရှင်များအသင်း
 Myanmar Gems and Jewellery Entrepreneurs Association (MGJEA)
- ကျောက်မျက်ရောင်းဝယ်ရေးစင်တာ
 Gems Trading Centre/One Stop Shop; and
- မြန်မာ့ကျောက်မျက်နှင့် တွင်းထွက်ဖွံ့ဖြိုးရေးဘဏ်
 Myanmar Gems and Minerals Development Bank.

တို့ဖြစ်သည်။

### မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (Myanmar Gems Enterprise-MGE)

MGE သည် ကျောက်မျက်နှင့် ဆိုင်သမျှလုပ်ငန်းများကို တာဝန်ယူထားသည်။ ပါမစ်ချထားပေးခြင်း၊ လိုင်စင်ချထားပေးခြင်း၊ စည်းကမ်းစောင့်ကြည့်ခြင်း၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်းပြီး ထုတ်လုပ်မှု/ပူးတွဲထုတ်လုပ်ခြင်း၊ တွင်းဝခွန်ကောက်ခံခြင်း၊ ထုတ်လုပ်မှုစောင့်ကြည့်ခြင်း၊ ကြီးကြပ်ခြင်း၊ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချခြင်းတို့ကိုဆောင်ရွက်သည်။ ကျောက်မျက်ပြပွဲများကိုလည်း စီစဉ်သည်။ ၂၀၁၅ခုနှစ်တွင် နိုင်ငံတကာအဆင့် ကျောက်မျက်ပြပွဲကြီးတခုနှင့်၊ နိုင်ငံအဆင့် ကျောက်မျက်ပြပွဲတခုကို နေပြည်တော်တွင်ဆောင်ရွက်ခဲ့သည်။

MGE ၏ အဓိက တာဝန်များမှာ

- နိုင်ငံကိုယ်စား အကျိုးတူဖက်စပ်လုပ်ငန်းများတွင်ပါဝင်ခြင်း
- လုပ်ကွက်များနှင့် လုပ်ကွက်နေရာများ ချထားသတ်မှတ်ခြင်း
- နိုင်ငံသားလုပ်ငန်းရှင်များ နှင့် လုပ်ငန်းများကို ထုတ်လုပ်ခွင့်ပါမစ်များချထားပေးခြင်း
- သတ္တုတွင်းဥပဒေနှင့် ကျောက်မျက်ဥပဒေ သတ်မှတ်ချက်အတိုင်း ကျောက်စိမ်းနှင့် ကျောက်မျက်အရိုင်း သို့မဟုတ် ကုန်ချောထုတ်လုပ်ခြင်း သို့မဟုတ်ရောင်းချခြင်းတွင် အခွန်စည်းကြပ်ခြင်း

- MONREC ကြီးကြပ်မှုအောက်တွင် ကျောက်မျက်ပြပွဲစီစဉ်ခြင်း

MGE ရုံးချုပ်သည် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်တွင်ရှိပြီး ရန်ကုန်၊ မိုးကုတ် နှင့် ဖားကန့်တို့တွင်လည်း ရုံးများရှိသည်။ ညွှန်ကြားရေးမှူး ၄ဦးက ဖော်ပြထားသည့် ဖွဲ့စည်းပုံအတိုင်းတာဝန်ယူစီမံသည်။

ပုံ ၁၀။ မြန်မာ့ကျောက်မျက် လုပ်ငန်းဖွဲ့စည်းပုံ

ဦးဆောင်ညွှန်ကြားရေးမှူး

| ညွှန်ကြားရေးမှူး<br>ရန်ကုန် | | ညွှန်ကြားရေးမှူး<br>နေပြည်တော် | ညွှန်ကြားရေးမှူး<br>လုံးခင်း/ဖားကန့် | ညွှန်ကြားရေးမှူး |
|---|---|---|---|---|
| ကျောက်စိမ်း | ကျောက်မျက် | စီမံ | ဖားကန့် / လုံးခင်း | မိုးကုတ် |
| | ကုန်သွယ်လိုင်စင် | စာရင်း | မြစ်ကြီးနား | မန္တလေး |
| | | ပါမစ် နှင့် မှတ်တမ်း | မိုးညှင်း | မိုင်းရှူး |
| | | ကျောက်မျက်ပြပွဲ | ခန္တီး | |
| | | ကျောက်မျက်ပြတိုက် | | |

မြန်မာ့ကျောက်မျက်ကဏ္ဍဖွံ့ဖြိုးရေး ဦးဆောင်ကော်မတီ

အစိုးရ၏ ကျောက်မျက်ကဏ္ဍနှင့်ပတ်သက်ပြီး မြန်မာ့ကျောက်မျက်ကဏ္ဍဖွံ့ဖြိုးရေး ဦးဆောင်ကော်မတီသည် အဆင့်အမြင့်ဆုံးဖြစ်ပြီး ဆုံးဖြတ်ခွင့်အာဏာအမြင့်ဆုံးဖြစ်သည်။ မြန်မာနိုင်ငံ၏ ကျောက်မျက်နှင့် ဆက်စပ်ကိစ္စအားလုံးကို စောင့်ကြည့်နိုင်သည့် လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက်ချခွင့်ရှိသည်။ ကျောက်မျက်ထုတ်လုပ်မှုပါမစ်မှ ကျောက်မျက်တန်ဖိုးဖြတ်ခြင်းထိ လုပ်ပိုင်ခွင့်ရှိသည်။ ကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းထားသည်။

- သတ္တုတွင်းဝန်ကြီးဌာန (ဥက္ကဋ္ဌ)
- သတ္တုတွင်းဝန်ကြီးဌာန ဒုဝန်ကြီး
- ပြည်ထဲရေး ဝန်ကြီးဌာန ဒုဝန်ကြီး
- ဘဏ္ဍာရေးဝန်ကြီးဌာန ဒုဝန်ကြီး
- အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုဝန်ကြီး
- ဒုစာရင်းစစ်ချုပ်
- ရေအရင်းအမြစ်နှင့် ဆည်မြောင်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်
- သစ်တောရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်
- သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်

တန်ဖိုးဖြတ်ကော်မတီ (ရာဖြတ်ကော်မတီ)

ဒေသခံရာဖြတ်ကော်မတီသည် စာရင်းတင်ပြလာသည့် ထွက်ရှိမှုများကို တန်ဖိုးဖြတ်သည်။ ယင်းကော်မတီသည် ဒေသတွင်း MGE ရုံးတွင် အပတ်စဉ် အစည်းအဝေးထိုင်သည်။ ထွက်ရှိမှုကို ဆန်းစစ်သည် တန်ဖိုးဖြတ်သည်။ တွင်းဝခွန်ကို ဒေသရာဖြတ်ကော်မတီ သုံးသပ်ချက်အတိုင်း သတ်မှတ်သည်။

ဒေသခံ ရာဖြတ်ကော်မတီတွင် MGE ၊ ကျောက်မျက်နှင့် ကျောက်စိမ်းကုမ္ပဏီများ၊ ပြင်ပကျောက်မျက်ကျွမ်းကျင်သူ၊ အခြား သက်ဆိုင်ရာအစိုးရဌာနများ (ပြည်တွင်းအခွန်၊ အကောက်ခွန်)မှ ကိုယ်စားလှယ်များပါဝသည်။ ကော်မတီ ဥက္ကဋ္ဌသည် MGE မှ တာဝန်ရှိသူဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (Myanmar Gems and Jewellery Entrepreneurs Association (MGJEA)

မြန်မာ့ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (Myanmar Gems and Jewellery Entrepreneurs Association (MGJEA) သည် ကျောက်မျက်ကဏ္ဍတွင် အဓိကကျသည့် အသင်းကြီးဖြစ်သည်။ အသင်းဝင် ၁၀၀၀၀ ရှိပြီး ကျောက်စိမ်းကဏ္ဍခွဲမှ ၆၅ ရာခိုင်နှုန်း၊ ကျောက်မျက်မှ ၃၅ ရာခိုင်နှုန်းပါဝင်သည်။ ကျောက်မျက်ပါမစ်နှင့်လိုင်စင်ရထားသူများဖြစ်ကြသည်။ MGE နှင့်အနီးကပ်လုပ်ငန်းဆောင်ရွက်သည်။ နှစ်စဉ်ကျင်းပသည့် ကျောက်မျက်ပြပွဲနှင့် အခြားကုန်သွယ်မှုဖိုရမ်များကျင်းပရာတွင် အဓိကကျသည်။ [36]

ကျောက်မျက်ပြပွဲများတွင် MGJEA သည် အလွန်အရေးပါသည့် နေရာမှပါဝင်သည်။ အစိုးရကို ပံ့ပိုးပေးခြင်း၊ ကျောက်မျက်ပြပွဲ စောင့်ကြည့်ထိန်းကျောင်းခြင်းတို့ကိုပြုလုပ်သည်။ ကျောက်မျက်ပြပွဲဗဟိုကော်မတီဝင်ကို MGJEA အသင်းသားအများစုဖြင့်ဖွဲ့စည်းထားပြီး အချို့သောအစိုးရအဖွဲ့ဝင်များလည်း ပါဝင်သည်။ ကျောက်မျက်ပြပွဲဖိတ်စာပို့ခြင်း၊ အစိုးရကိုယ်စားလှယ်များကို ဖိတ်ကြားခြင်းတာဝန်ယူသည်။

MGJEAသည် ကျောက်မျက်ပြပွဲအတွင်း ရာဖြတ်ခြင်းတွင်လည်း အဓိကကျသည်။ ဗဟိုကျောက်မျက်ကြီးကြပ်ရေးကော်မတီ၏ (အဓိက ရာဖြတ်အဖွဲ့လည်း ဖြစ်သည်) အစိတ်အပိုင်း တခုလည်းဖြစ်သည်။ ကျောက်မျက်ပြပွဲအတွင်း ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကိုလည်း ဖြေရှင်းပေးသည်။ ကျောက်မျက်ပြပွဲမပြုလုပ်မီ တရက်အလို လေလံကြမ်းခင်းဈေးသတ်မှတ်ပြီးနောက်တွင် နောက်ဆုံးအကြိမ်အဖြစ် ဈေးနှုန်းကိုပြန်လည်စစ်ဆေးပြီး၊ ရာဖြတ်တန်ဖိုးမှန်ကန်စေရန်ဆောင်ရွက်သည်။

ကျောက်မျက်ရောင်းဝယ်ရေး စင်တာ/One Stop Shop

MGE သည် ၂၀၁၆ အစောပိုင်းတွင် မန္တလေး၊ မြစ်ကြီးနားနှင့် စစ်ကိုင်းတို့တွင် ကျောက်မျက်ရောင်းဝယ်ရေးစင်တာများကို ဖွင့်လှစ်ခဲ့သည်။ နေပြည်တော်တွင်လည်း တနေရာဖွင့်လှစ်ခဲ့သည်။ စင်တာများတွင် ကျောက်အရိုင်းတုံးများကို တရားဝင်ရောင်းချနိုင်သည်။ ယင်းစင်တာများကို MGE နှင့် MGJEA တို့ ပူးပေါင်းပြီး စီမံသည်။

[36]Gemstone Sector Review – July 2016

စင်တာတွင် ရောင်းချသည့်ဈေးနှုန်းများကို တခါတည်း သတ်မှတ်ရောင်းချသည် ဖြစ်သောကြောင့် ကုန်သည်၊ ဝယ်လက်နှင့် တူးဖော်သူများအတွက်ဆွဲဆောင်မှုရှိစေသည်။ . MGE ၊ MGJEA ၊ အကောက်ခွန်၊ တူးဖော်ရေး ကုမ္ပဏီများ၊ ကုန်သည်များသည် တမိုးအောက်တွင် ရှိနေသည်ဖြစ်သောကြောင့် သဘောတရားအားဖြင့် ရောင်းဝယ်ရေးစင်တာများသည် ကျောက်ဈေးကွက်တရားဝင်ဖြစ်ရေးကို အထောက်အပံ့ဖြစ်စေသည်။ ပါဝင်ရောင်းချသူများ၏ ရုံးပိုင်းဆိုင်ရာဆောင်ရွက်မှု မှန်ကန်စေရန်၊ သဘောတူထားသည့် လုပ်ထုံးလုပ်နည်းများဖြစ်ပေါ်စေပြီး ပါဝင်သူအားလုံး၏ လုပ်ငန်းအကျိုးစီးပွားများအတွက် အကူအညီဖြစ်စေသည်။

### မြန်မာ့ကျောက်မျက်နှင့်တွင်းထွက်ဖွံ့ဖြိုးရေးဘဏ် (Myanmar Gems and Minerals Development Bank)

၂၀၁၆ ဖေဖော်ဝါရီလတွင် တရားဝင်ဘဏ်လုပ်ငန်းလိုင်စင်ကို ရရှိခဲ့သည်။ ကျောက်မျက်လုပ်ငန်းရှိ အသေးစားနှင့် အကြီးစားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးနိုင်ရန်၊ လုပ်ငန်းရှင်များကို စီးပွားရေး ဖွံ့ဖြိုးရေး စီမံကိန်းများနှင့်ပတ်သက်ပြီး အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်လျက် MGJEA အသင်းသားများက စုပေါင်းတည်ထောင်ထားခြင်းဖြစ်သည်။ ရန်ကုန်တွင်ရုံးချုပ်အခြေစိုက်ပြီး မန္တလေး၊ မိုးကုတ်၊ စစ်ကိုင်း၊ ဖားကန့်၊ မြစ်ကြီးနားတွင် ဘဏ်ခွဲများရှိသည်။

## ၃.၃.၈။ တူးဖော်ခွင့် ပါမစ်အမျိုးအစားများ

ကျောက်မျက်၊ သတ္တုတွင်းထွက်၊ စက်မှုတွင်းထွက် သို့မဟုတ် ကျောက်ထုတ်လုပ်ခြင်းနှင့် ဆက်စပ်သည့် စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ အကြီးစားသို့မဟုတ် အသေးစား ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လို သည့် အသင်းအဖွဲ့များသည် ခွင့်ပြုမိန့် (ပါမစ်) လျှောက်ထားရန်လိုသည်။

လုပ်ငန်းအမျိုးအစားပေါ်မူတည်ပြီး သို့မဟုတ် နိုင်ငံခြားသား ပါဝင်မှုရှိခြင်း၊ မရှိခြင်းပေါ်မူတည်ပြီး MONREC က ပါမစ်များ ချထားပေးသည်။ ပါမစ်တခုခြင်းစီတွင် လျှောက်ထားသူအနေဖြင့် လိုက်နာရမည့် ကန့်သတ်ချက်များ၊ အခြေအနေများကို ဖော်ပြထားသည်။

၁၉၉၆ သတ္တုတွင်းနည်းဥပဒေများ၊ သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၅တို့တွင် စမ်းသပ်ရှာဖွေပါမစ်၊ တူးဖော်ရေးပါမစ်၊ အသေးစား၊ အလတ်စားနှင့် အကြီးစားတွင်းထွက်ထုတ်လုပ်ခွင့်ပါမစ်၊ တနိုင်တပိုင် ထုတ်ယူခွင့်ပါမစ်၊ စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းများအတွက် တပေါင်းတည်းချထားပေးသည့် ဆက်စပ်လုပ်ကိုင်ခွင့် ပါမစ်နှင့် ဆိုင်သည်များကို ပြဋ္ဌာန်းထားသည်။

သတ္တုတွင်းဥပဒေအရ ပါမစ်အမျိုးအစား ၆မျိုးရှိသည်။ (စမ်းသပ်ရှာဖွေပါမစ်၊ တူးဖော်ခွင့်ပါမစ်၊ အကြီးစားထုတ်လုပ်မှုပါမစ်၊ အသေးစားထုတ်လုပ်မှုပါမစ်၊ တနိုင်တပိုင်ထုတ်လုပ်မှုပါမစ်နှင့် ဆက်စပ် လုပ်ကိုင်ခွင့်ပါမစ်)

| ပါမစ်အမျိုးအစား | အဓိပ္ပါယ်ဖွင့်ဆိုချက် | သက်တမ်း |
|---|---|---|
| စမ်းသပ်ရှာဖွေခွင့် ပါမစ် (Prospecting permit) | သတ္တုတွင်းထွက်၊ စက်မှုတွင်းထွက် သို့မဟုတ် ကျောက်စမ်းသပ်ရှာဖွေလိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ထုတ်ပေး သည်။ အကျယ်အဝန်း စတုရန်းကီလိုမီတာ ၄၂၀၀ ထက်မပိုပဲ ခွင့်ပြုသည်။ | ၁ နှစ်ထက် မပိုဘဲ ခွင့်ပြုသည်။ |
| တွင်းထွက်တူးဖော် ခွင့် ပါမစ် (Mineral Exploration Permit) | သတ္တုတွင်းထွက်၊ စက်မှုတွင်းထွက် သို့မဟုတ် ကျောက် တူးဖော်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ထုတ်ပေးသည်။ အကျယ်အဝန်း စတုရန်းကီလိုမီတာ ၃၁၅၀ ထက်မပိုပဲ ခွင့်ပြုသည်။ | ၃ နှစ်ထက်မပိုဘဲ ခွင့်ပြုသည်။ |
| အကြီးစား တွင်းထွက် ထုတ်လုပ်ခွင့် ပါမစ် (Large Scale | သတ္တုတွင်းထွက်၊ စက်မှုတွင်းထွက် သို့မဟုတ် ကျောက်များအကြီးစား ထုတ်လုပ်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ထုတ်ပေးသည်။ | ၂၅ နှစ်ထက်မပိုဘဲ ခွင့်ပြုသည်။ |

| | | |
|---|---|---|
| အသေးစား တွင်းထွက် ထုတ်လုပ်ခွင့်ပါမစ်(small scale mineral production permit) | သတ္တုတွင်းထွက်၊ စက်မှုတွင်းထွက် သို့မဟုတ် ကျောက် များအသေးစား ထုတ်လုပ်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ထုတ်ပေး သည်။ အကျယ်အဝန်း ၁ စတုရန်းကီလိုမီတာထက်မပိုပဲ ခွင့်ပြုသည်။ | ၂၅ နှစ်ထက် မပိုပဲ ခွင့်ပြုသည်။ (၁ နှစ် သက်တမ်း တိုးနိုင်သည်) |
| တနိုင်တပိုင် တွင်းထွက် ထုတ်ယူခွင့်ပါမစ်(Subsistence Mineral Production Permit) | သတ္တုတွင်းထွက်၊ စက်မှုတွင်းထွက် သို့မဟုတ် ကျောက် စမ်းသပ် ရှာဖွေလိုသည့် ပုဂ္ဂိုလ် ကိုထုတ်ပေး သည်။ | ၁ နှစ်ထက် မပိုပဲ ခွင့်ပြုသည်။ |
| ဆက်စပ်လုပ်ပိုင်ခွင့် ပါမစ် (Integrated Permit) | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအဖြစ် သတ္တုတွင်း ထွက်၊ စက်မှုတွင်းထွက် သို့မဟုတ် ကျောက်စမ်းသပ်ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် အကြီးစား သို့မဟုတ် အငယ်စားထုတ်လုပ်ခြင်းတို့အနက်မှ တခုထက်ပို၍ ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ထုတ်ပေးသည်။ | |

မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် ဖြစ်နိုင်စွမ်းလေ့လာမှု (feasibility study) ၊ ကုန်ချော ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းပါမစ်များကိုလည်း ထုတ်ပေးရန် ထပ်မံထည့်သွင်းထားသည်။

ကျောက်မျက်ကဏ္ဍ

မြန်မာ့ကျောက်မျက်ဥပဒေအရ ထုတ်ပေးသည့် ကျောက်မျက်လိုင်စင် ၂ မျိုးရှိသည်။

- ကျောက်မျက်ထုတ်လုပ်ခွင့်ပါမစ် (တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ကုန်ချောထုတ်လုပ်ခြင်း၊ လက်လီ ရောင်းချခြင်း)
- ကျောက်မျက်ကုန်သွယ်ခွင့်လိုင်စင် (ကုန်သွယ်ခြင်း၊ ကုန်ချောထုတ်လုပ်ခြင်း၊ လက်လီရောင်းချခြင်း)

၁၉၉၅ ကျောက်မျက်ဥပဒေကိုပြင်ဆင်သည့် ၂၀၁၆ ဥပဒေဖြင့် ပါမစ် ၄ မျိုးထုတ်ပေးသည်။

- အကြီးစား တူးဖော်ခြင်း နှင့် ထုတ်လုပ်ခွင့်ပါမစ် – ၁၀ နှစ်
- အလတ်စား တူးဖော်ခြင်း နှင့် ထုတ်လုပ်ခွင့်ပါမစ် – ၅ နှစ်
- အငယ်စား တူးဖော်ခြင်း နှင့် ထုတ်လုပ်ခွင့်ပါမစ် – ၃ နှစ်
- လက်လုပ်လက်စား (သို့မဟုတ် တနိုင်တပိုင်) တူးဖော်ခွင့် နှင့် ထုတ်လုပ်ခွင့်ပါမစ် – ၁ နှစ်

## ၃.၃.၈။ စာချုပ်အမျိုးအစား

သတ္တုတွင်းနည်းဥပဒေများအရ သတ္တုတွင်းဝန်ကြီးဌာနသည် သတ္တုတွင်းလုပ်ငန်းဆောင်ရွက်သူများနှင့် စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းများကို လုပ်ငန်းရှင်များနှင့်အတူ ဆောင်ရွက်နိုင်သည်။ နိုင်ငံပိုင်သတ္တုတွင်းလုပ်ငန်းများနှင့် လုပ်ငန်းရှင်များကြား အကျိုးတူဖက်စပ်ဆောင်ရွက်လုပ်ငန်းများ ကို ဆောင်ရွက်နိုင်သည်။ (နည်းဥပဒေ ၈၃နှင့် ၈၄) သတ္တုတွင်းဝန်ကြီးဌာနသည် ထုတ်လုပ်မှုပေါ်ခွဲဝေခံစားခြင်း သို့မဟုတ် အမြတ်ခွဲဝေခံစားခြင်း အထက်ပါကိစ္စများကို စာချုပ်ချုပ်ဆို ဆောင်ရွက်နိုင်သည်။ (နည်းဥပဒေ ၈၅)

လိုင်စင်လျှောက်ထားမှုကို အတည်ပြုလက်ခံသည်ဆိုပါက ရင်းနှီးမြှုပ်နှံသူသည် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန (စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ဖြစ်နိုင်စွမ်းလေ့လာမှုပါမစ်များအတွက်) သို့မဟုတ် သက်ဆိုင်ရာသတ္တုတွင်း လုပ်ငန်းများ (နိုင်ငံပိုင်) (ထုတ်လုပ်မှုပါမစ်အတွက်)နှင့်ညှိနှိုင်းကာ သဘောတူလက်မှတ်ရေးထိုးရမည်။

အားကောင်းသည့်ဥပဒေ၊ စည်းမျဉ်းများမရှိသည်ဖြစ်သောကြောင့် ကုမ္ပဏီ၏ ဆောင်ရွက်မှုများကို စာချုပ်များဖြင့် အဓိကထိန်းချုပ်သည်။ လက်တွေ့တွင် ၁၉၉၆ တွင်း နည်းဥပဒေတွင် ဖော်ပြထားခြင်းမရှိသည့် သတ္တုတူးဖော်မှုများကို ထုတ်လုပ်မှုပေါ်ခွဲဝေခံစားသည့် စာချုပ်များဖြင့်ဆောင်ရွက်ကြလေ့ရှိသည်။ အမြတ်အစွန်းခွဲဝေသည့်ပုံစံကို တူးဖော်မှုများ၊ သန့်စင်စက်ရုံများပါဝင်သော လက်ရှိစီမံကိန်းများအတွက် အဓိကအသုံးပြုသည်။ အပြိုင်အဆိုင်တင်ဒါမှ သို့မဟုတ် နှစ်ဖက် သဘောတူညှိနှိုင်းချက်ပေါ်အခြေခံသည့် စာချုပ်ဖြင့် အကျိုးတူဖက်စပ်လုပ်ငန်းများတွင်ပါဝင်နိုင်သည်။

လက်ရှိနမူနာထုတ်ပြန်ထားသည့် PSC အရ စမ်းသပ်ရှာဖွေခွင့်ကို MoNREC က ၂ နှစ်ခွင့်ပြုထားသည်။ တူးဖော်ခွင့်ပါမစ်သက်တမ်းမှာ ၃ နှစ်ထက်မပိုပဲ၊ သက်တမ်းတိုးခွင့်လျှောက်ထားမှုအပေါ်တွင် ၁နှစ် သက်တမ်းတိုးပေးသည်။ ထုတ်လုပ်မှုပါမစ်သက်တမ်းမှာ ၂၅နှစ်ဖြစ်ပြီး ၅နှစ်သက်တမ်းတခုချင်းစီတွင် လေးကြိမ် သက်တမ်းတိုးနိုင်သည်။ ပါမစ်များချထားပေးရာတွင် အချိန်ကြာမြင့်စွာစောင့်စားရသည်။ မြေယာသိမ်းဆည်းခြင်း ပြဿနာများ၏ ရှုပ်ထွေးမှုများကလည်း ရှိသေးသည်။

ထုတ်လုပ်မှုစရိတ် ခွဲဝေကျခံခြင်းကို စာချုပ်တွင်ပုံသေသတ်မှတ်ထားခြင်း သို့မဟုတ် ထုတ်လုပ်မှုအဆင့်ပေါ် မူတည်ပြီး ခွဲဝေ ကျခံခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ အစိုးရ၏ ထုတ်လုပ်မှုဆိုင်ရာဝေစုတွင် တွင်းဝခွန်များပါဝင်နိုင်သည်။ ထွက်ရှိလာသည်များကို နှစ်ဖက်သဘောတူသည့် ဈေးနှုန်းတခုသတ်မှတ်ပြီး ရင်းနှီးမြှုပ်နှံသူထံသို့ ပြန်လည်ရောင်းချပေးသည်။

လက်ရှိတွင် MONRECသည် အကျိုးတူဖက်စပ်လုပ်ငန်းများအစား PSC များကိုပို၍အသုံးပြုသည်။ PSC သည် စုစုပေါင်းထုတ်လုပ်မှုကို တိုက်ရိုက်ခွဲဝေကြခြင်းဖြစ်သည်။ နောက်ပုံစံတခုအနေဖြင့် ကုန်ကျစရိတ် ပြန်လည်ခုနှိမ်နိုင်သည့် ထုတ်လုပ်မှုပေါ်ခွဲဝေခံစားသည့် ပုံစံလည်းရှိသည်။ ထုတ်လုပ်မှုစရိတ်အဖြစ် စုစုပေါင်းရရှိလာသည့် ဝင်ငွေအနက်မှ ရာခိုင်နှုန်းတခုကို သတ်မှတ်ဖယ်ထားသည့်ပုံစံဖြစ်သည်။ ထွက်ရှိမှုများပြား၊ ဈေးနည်း၍ ထုတ်လုပ်မှုစရိတ်နည်းသည့်၊ အလှဆင်ကျောက်၊ ကျောက်မီးသွေးနှင့် အခြားသော စက်မှု တွင်းထွက်များကဲ့သို့သော တန်ဖိုးနည်းတွင်းထွက်များတွင် စုစုပေါင်းထုတ်လုပ်မှုကို ခွဲဝေကြသည့်ပုံစံအသုံးများသည်။ ရွှေ၊ ကြေးနီကဲ့သို့သော အဖိုးတန်သတ္တုများ၏ ထုတ်လုပ်မှုပေါ်ခွဲဝေခံစားရာတွင် ကုန်ကျစရိတ် ခုနှိမ်နိုင်သည့် ပုံစံကိုအသုံးများသည်။

### ကျောက်မျက်ကဏ္ဍ

၁၉၉၅ ကျောက်မျက်ဥပဒေတွင် အကျိုးတူဖက်စပ်များနှင့် အမြတ်ခွဲဝေဆောင်ရွက်ခြင်းကို ဖော်ပြထားခြင်းမရှိပဲ ၂၀၁၆ ပြင်ဆင်မှုတွင်မှ ထည့်သွင်းထားသည်။ လက်တွေ့တွင်မူ အကျိုးတူဖက်စပ်လုပ်ငန်းများ ဆောင်ရွက်မှုများ ဖြစ်ပေါ်ခဲ့သည်မှာ နှစ်အချို့ကြာမြင့်ခဲ့ပြီဖြစ်သည်။ ၂၀၁၅ မတိုင်မီ အကျိုးတူဖက်စပ်စနစ် ခွဲဝေမှုမှာ MGEက ၄၀ ရာခိုင်နှုန်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်က ၆၀ ရာခိုင်နှုန်းဖြစ်သည်။ ထုတ်လုပ် သည့်ကျောက်မျက်၏ အမှန်တကယ်ရောင်းချရသည့် တန်ဖိုးပေါ်တွင်ခွဲဝေယူကြခြင်းဖြစ်သည်။

၂၀၁၅ ဇွန်၊ နေပြည်တော်တွင်ပြုလုပ်သည့် ၅၂ ကြိမ်မြောက်ကျောက်မျက်ပြပွဲတွင် ၄၀/၆၀ မှ ၂၅/၇၅ သို့ ပြောင်းလဲမည်ဟု သဘောတူခဲ့ကြသည်။ ဆောင်ရွက်နေဆဲ အကျိုးတူဖက်စပ်လုပ်ငန်းများအားလုံးကို ကျောက်မျက်ပြပွဲအတွင်း ပြုပြင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ အကျိုးတူဖက်စပ်ပါမစ်များ၏ ခွဲဝေမှုမှာ ထုတ်လုပ်ရောင်းချရသည့် ကျောက်တန်ဖိုးကို MGE က ၂၅ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိက ကုမ္ပဏီက ၇၅ ရာခိုင်နှုန်းခွဲဝေကြသည်။ ၁၉၉၅ ကျောက်မျက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၆ အရ အကြီးစား သို့မဟုတ် အလတ်စားပါမစ်များကို MGEနှင့် အကျိုးတူဖက်စပ်ထုတ်လုပ်မှုခွဲဝေခံစားသည့် ပုံစံဖြင့် ထုတ်ပေးတော့မည်ဖြစ်သည်။

## ၃.၃.၉ ။ တူးဖော်ရေးကုမ္ပဏီများမှ ကောက်ခံရရှိသည့် အခွန်များနှင့် အခကြေးများ

တူးဖော်ရေးကုမ္ပဏီများမှ ကောက်ယူရရှိသည့် အခွန်အခများ၊ အခကြေးငွေများ အသေးစိတ်ကို အောက်တွင်ဖော်ပြထား ပါသည်။

### တွင်းဝခွန် (Royalty)

တွင်းထွက်ထုတ်လုပ်ရေးပါမစ်ရထားသူသည် မြန်မာသတ္တုတွင်း ဥပဒေအရအစိုးရသို့ တွင်းဝခွန်များ ပေးသွင်းရမည်ဖြစ်သည်။ နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ရွှေ၊ ပလက်တီနမ်၊ ယူရေနီယံနှင့် အခြားအဖိုးတန် သတ္တုတွင်းထွက်များအတွက် ဝန်ကြီးဌာနသည် အစိုးရ၏ ခွင့်ပြုချက်နှင့်အညီ၊ ၅ ရာခိုင်နှုန်းကို အခါအားလျော်စွာ သတ်မှတ်ကောက်ယူမည်။
- ငွေ၊ ကြေးနီ၊ သံဖြူ၊ ခနောက်စိမ်း၊ နီကယ်၊ heavy - earth၊ molybdenum ၊ iridium ၊ osmium ၊ palladium ၊ ruthernium၊ rhodium၊ tantalum၊ columbium ၊ niobium ၊ thorium ၊ cadmium ၊ rare earth element ၊ beryllium၊ တိုက်တေနီယံနှင့် အခြားသော အဖိုးတန် သတ္တုတွင်းထွက်များအတွက် ဝန်ကြီးဌာနသည် အစိုးရ၏ ခွင့်ပြုချက်နှင့်အညီ၊ ၄ ရာခိုင်နှုန်း ကိုအခါအားလျော်စွာ သတ်မှတ်ကောက်ယူမည်။
- သံ၊ သွပ်၊ ခဲ၊ ခဲမဖြူ၊ အလူမီနီယမ်၊ အာဆင်းနစ်၊ bismuth ၊ chromium၊ ကိုဘော့၊ မဂ္ဂနိမ်စ်၊ မဂ္ဂနီစီယမ်နှင့် အခြားသော

အဖိုးတန်သတ္တုတွင်းထွက်များအတွက် ဝန်ကြီးဌာနသည် အစိုးရ၏ ခွင့်ပြုချက်နှင့်အညီ ၃ ရာခိုင်နှုန်း ကိုအခါအားလျော်စွာ သတ်မှတ်ကောက်ယူမည်။

– စက်မှုတွင်းထွက် သို့မဟုတ် ကျောက်စရစ်များကို ၂ ရာခိုင်နှုန်းဖြင့် ကောက်ယူမည်။

### နှုန်းသေမြေငှားရမ်းခ (Dead rent)

ပါမစ်နှင့်ဆက်စပ်နေသည့် မြေအတွက် ပါမစ်ကိုင်ဆောင်ထားသူသည် သတ်မှတ်ထားသည့်နှုန်းနှင့်အညီ နှုန်းသေမြေငှားရမ်းခကိုပေးသွင်းရမည်။ နှစ်စဉ် ၂ ကြိမ်ပေးသွင်းရမည်ဖြစ်ပြီး သတ္တုတွင်းဥပဒေတွင် ဖော်ပြထားသည့် နှုန်းထားအတိုင်း ကောက်ယူမည်ဖြစ်သည်။ လုပ်ငန်းအမျိုးအစားနှင့် တွင်းထွက်အမျိုးအစား ကိုလိုက်ပြီး နှုန်းထားသတ်မှတ်သည်။

### ဝင်ငွေခွန် (Income Tax)

ဖက်စပ်လုပ်ငန်းကုမ္ပဏီသည် နိုင်ငံသားပိုင် (မြန်မာဥပဒေအောက်တွင်ဖွဲ့စည်းထား) သို့မဟုတ် မြန်မာနိုင်ငံ ဥပဒေဖြင့်မဟုတ်ပဲ အခြားဥပဒေဖြင့် ဖွဲ့စည်းထားသည့် ကုမ္ပဏီ၊ လုပ်ငန်းခွဲပေါ် မူတည်ပြီး ဝင်ငွေခွန်နှုန်းထား ကွဲပြားသည်။ နိုင်ငံသားပိုင်ကုမ္ပဏီများအတွက် အမြတ်၏ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ်ကောက်ခံသည်။ နိုင်ငံခြားသားပိုင်ကုမ္ပဏီများအတွက် ဝင်ငွေခွန်ကို ၂၅ ရာခိုင်နှုန်းအဖြစ် ၂၀၁၅ ဧပြီတွင် သတ်မှတ်ခဲ့သည်။ MIL ခွင့်ပြုချက်ဖြင့် လုပ်ကိုင်နေသည့် ကုမ္ပဏီများ သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းများ၊ နိုင်ငံစီမံကိန်း၊ လုပ်ငန်း သို့မဟုတ် အကောင်အထည်ဖော်မှုတွင်ပါဝင်နေသည့် နိုင်ငံခြားအစုအဖွဲ့များအတွက် ဝင်ငွေခွန်ကို ၂၅ ရာခိုင်နှုန်းကောက်ယူသည်။

### ကုန်သွယ်ခွန် (Commercial Tax)

အမိန့်ကြော်ငြာစာ ၁၇/၂၀၁၂ ၏ ၂၀၁၅ ဧပြီပြင်ဆင်မှုတွင် ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစား အမျိုးမျိုးပေါ်မူတည်ပြီး ကုန်သွယ်ခွန်ကို ၅ မှ ၁၀၀ ရာခိုင်နှုန်းထိ သတ်မှတ်ခဲ့သည်။ သတ်မှတ်ထားသည့်လျှောက်လွှာတွင် လုပ်ငန်းစတင်ချင်းမပြုမီ တစ်လကြိုပြီး မှတ်ပုံတင်လျှောက်ထားရန်လိုအပ်သည်။

### တံဆိပ်ခေါင်းခွန် (Stamp Duties)

ရုံးခွန်အက်အဥပဒေအရ ပေးသွင်းရသည့် ရုံးခွန်တံဆိပ်ခေါင်း၊ တံဆိပ်ခေါင်းခွန်များဖြစ်သည်။ တံဆိပ်ခေါင်းခွန်များကို မြန်မာတံဆိပ်ခေါင်းခွန် အက်ဥပဒေအောက်တွင် သတ်မှတ်ထားသည့်အတိုင်း အမျိုးအစားအမျိုးမျိုးခွဲခြားကောက်ခံသည်။

မြန်မာနိုင်ငံတွင် အခွန်ညှိနှိုင်းလျော့ချပေးခြင်း သဘောတူညီချက်များမရှိသေးပါ။ MIL အရ မြန်မာ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် အောက်ပါအခွင့်အရေးများအပါအဝင် ဝင်ငွေခွန်လျော့ချထားပေးနိုင်သည်။

– တစ်နှစ်အတွင်းတွင် ယင်းလုပ်ငန်းတွင် သို့မဟုတ် အလားတူရင်းနှီးမြှုပ်နှံမှုများတွင် ပြန်လည် ရင်းနှီးမည်ဟူသော ထောက်ခံချက် သို့မဟုတ် ပါမစ်ရရှိထားသည့် ကုမ္ပဏီမှရရှိလာသည့် အမြတ်အစွန်းများအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်

– ဝင်ငွေခွန်တွက်ချက်ရာတွင် တန်ဖိုးလျော့မှုကို ခုနိမ်ခွင့်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ လုပ်ငန်းမတည်ရာတွင် အသုံးပြုသည့် ရပိုင်ခွင့်များသို့မဟုတ် စက်ပစ္စည်း၊ ကိရိယာ၊ အဆောက်အဦတို့၏ လုပ်ငန်းစတင်သည့် နှစ်မှစတင်ပြီး တန်ဖိုးလျော့မှုကို တွက်ချက်နှုတ်ယူခြင်း

– ပြည်ထောင်စုအတွင်းဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်ဆက်စပ်သည့် သုတေသနနှင့် ဖွံ့ဖြိုးရေးစရိတ်ခုနိမ်ခွင့်၊ တစ်နှစ်အတွင်း စုစုပေါင်းဝင်ငွေမှ မြန်မာနိုင်ငံစီးပွားဖွံ့ ဖြိုးတိုးတက်မှုအတွက် အမှန်တကယ် သုံးစွဲခဲ့သည့်စရိတ် ခုနိမ်ခွင့်

## ၃.၃.၁၀။ သတ္တုတွင်းကဏ္ဍ နိုင်ငံတော်ပါဝင်မှု

### နိုင်ငံပိုင်လုပ်ငန်းများ

နိုင်ငံတော်စီးပွားရေးလုပ်ငန်းများဥပဒေအရ အစိုးရသည် ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူဖက်စပ်လုပ်ငန်းဆောင်ရွက်နိုင်သည်။ သတ်မှတ်ထားချက်များအောက်တွင် ရင်းနှီးမြှုပ်နှံသူများအားခွင့်ပြုပေးနိုင်သည်။

သက်ဆိုင်ရာဝန်ကြီးဌာနက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်သင့်သည်ဟု ယူဆပါက ကုမ္ပဏီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေခွင့်ပြုချက်ရယူရန်လိုသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရအကျုံးဝင်ဆောင်ရွက်ရမည့် ကိစ္စအဖြစ် သတ်မှတ်ရာတွင် ဝန်ကြီးဌာနက နိုင်ငံပိုင်လုပ်ငန်းနှင့် အကျိုးတူဖက်စပ်လုပ်ငန်းအဖြစ် ဆောင်ရွက်သင့်သည်ဟု ယူဆချက်၊ တင်ပြလာသည့်လုပ်ငန်း၏ အရွယ် အစားများ ပေါ်တွင် မူတည်ပြီးဆုံးဖြတ်သည်။

နိုင်ငံတော် သို့မဟုတ် နိုင်ငံပိုင်လုပ်ငန်းနှင့် အကျိုးတူလုပ်ကိုင်သည့် ဖက်စပ်ကုမ္ပဏီများသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေခွင့်ပြုမိန့်၊ ကုမ္ပဏီများအက်ဥပဒေခွင့်ပြုမိန့်တို့ ရရှိရန်လိုအပ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေခွင့်ပြုမိန့်ကို မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က ထုတ်ပေးသည်။ အကျိုးတူလုပ်ငန်းများအတွက် ဖက်စပ်လုပ်ငန်းရှင်တဦးချင်းစီ၏ ရှယ်ယာ အနိမ့်ဆုံးပမာဏကို MIC က သတ်မှတ်ပေးခွင့်ရှိသည်။

၃.၂.၁၀ တွင် တင်ပြခဲ့သည့်အတိုင်း သတ္တုတွင်းကဏ္ဍမှ နိုင်ငံပိုင်လုပ်ငန်းများသည် လိုင်စင်ချထားပေးခြင်း၊ အခွန်ကောက်ခြင်း၊ ဒေသအကျိုးဆောင်ရွက်ခြင်းတို့တွင် အဓိကနေရာမှ ပါဝင်နေကြသည်။ ယင်းကိစ္စများ သည် တူးဖော်ခြင်းဖြင့် နိုင်ငံတော်က မည်မျှအကျိုးရရှိသွားသည်ကို ဆုံးဖြတ်သည့် ကိစ္စများဖြစ်သည်။ သို့တိုင်အောင် ယင်းလုပ်ငန်းများသည် အခွန်အသုံးစရိတ် သို့မဟုတ် ဆပ်ကန်ထရိုက်တာများနှင့် အချိတ်အဆက်များမဆိုထားနှင့် ၎င်းတို့ပါဝင်နေသည့် အကျိုးတူလုပ်ငန်းများ၏ စာရင်းကိုပင် အချိန်နှင့် တပြေးညီ ထုတ်ပြန်ပေးခြင်းမရှိပါ။

MOGE နှင့်မတူပဲ သတ္တုတွင်းကဏ္ဍ နိုင်ငံပိုင်လုပ်ငန်းများတွင် အကြီးစားနှင့် အသေးစားစီးပွားဖြစ် တူးဖော်ခွင့်ပါမစ်ချထားပိုင်ခွင့်တရားဝင်မရှိပါ။ ချထားပေးနိုင်ခွင့်မှာ MONREC တွင်သာရှိသည်။ ၁၉ ၉ ၄ ခုနှစ် သတ္တုတွင်းဥပဒေ အပိုဒ် ၆ အရ တွင်းထွက်များ တနိုင်တပိုင်ထုတ်လုပ်လိုသည့် (ကျောက်မျက်အပါအဝင်) ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်တဦးတယောက်သည် သက်ဆိုင်ရာ သတ္တုတွင်းလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနက အာဏာလွှဲအပ်ပေးထားသူထံသို့ ခွင့်ပြုမိန့်ကိုလျှောက်ထားရမည်ဟု ဆိုထားသည်။ အပိုဒ် ၁၀ တွင် သက်ဆိုင်ရာ သတ္တု-တွင်းလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနက ခွင်ပြုထားသည့် အရာရှိအနေဖြင့် ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်ဟု ဖော်ပြထားသည်။ တနိုင်တပိုင်ဆိုသည်မှာ လက်ဖြစ်ကိရိယာ အသုံးပြုပြီး ထုတ်လုပ်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။

နိုင်ငံ့ဥပဒေအရ သို့မဟုတ် ၎င်းတို့၏လုပ်ငန်းဆောင်ရွက်ပုံအရ သတ္တုတွင်းကဏ္ဍ နိုင်ငံပိုင်လုပ်ငန်းများတွင် စီးပွားဖြစ်ကုမ္ပဏီများ၏ဥပဒေလိုက်နာမှုကို စောင့်ကြည့်ရန် တရားဝင် အာဏာမရှိကြောင်းကို နားလည်ထားပါသည်။ သို့သော်လည်း စီမံကိန်းတခုခြင်းစီအတွက် ပူးတွဲစီမံမှုကော်မတီများတွင် ဥက္ကဋ္ဌအဖြစ်နေရာယူထားခြင်းမှတဆင့် နိုင်ငံပိုင်လုပ်ငန်းများသည် စီမံကိန်းဆောင်ရွက်မှုများတွင် လွှမ်းမိုးနိုင်ကြသည်။

ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍကဲ့သို့ပင် သတ္တုတွင်းကဏ္ဍ နိုင်ငံပိုင်လုပ်ငန်းများသည်လည်း သတ္တုတွင်းစာချုပ်များမှ ရရှိသည့် အခွန်ဝင်ငွေများကို အဓိကလက်ခံရရှိသူများဖြစ်သည်။ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေနှင့် ကျောက်မျက်ဥပဒေများသည် ရေနံနှင့် ဓာတ်ငွေ့ဥပဒေများကဲ့သို့ပင် နိုင်ငံပိုင်လုပ်ငန်းများဆောင်ရွက်မှုသို့မဟုတ် အစီရင်ခံညွှန်ကြားမှုအဆင့်ဆင့်၊ အစိုးရဌာနများနှင့် ဆက်နွယ်မှုများကို အသေးစိတ် သတ်မှတ်ထားပေးခြင်းမရှိပါ။ ဇယား ၂၁ တွင်ပြထားသည့်အတိုင်း ၂၀၁၅ – ၂၀၁၆ EITI စာရင်းများအရ MONREC လက်အောက်ခံကုန်ကြမ်းထုတ်လုပ်သည့် နိုင်ငံပိုင်လုပ်ငန်းများသည် ၎င်းတို့၏ သီးသန့်စာရင်းများထဲသို့ ဒေါ်လာ ၁၀၅.၉၅ သန်း နီးပါး (ကျပ်ငွေ ၁၂၉.၆ ဘီလီယံ) ထည့်သွင်းသိမ်းဆည်းခဲ့ကြသည်။

| | အခြားစားရင်းရှင်သို့လွှဲပြောင်းမှုပမာဏ ကျပ်ငွေ သန်းပေါင်း | အခြားစာရင်းရှင်သို့လွှဲပြောင်းမှုပမာဏ ဒေါ်လာသန်းပေါင်း |
|---|---|---|
| မြန်မာ့ကျောက်မျက်လုပ်ငန်း | ၁၀၅,၁၅၅ | ၈၅.၉၄ |
| အမှတ် ၁ သတ္တုတွင်းလုပ်ငန်း | ၇,၉၃၄ | ၆.၄၈ |
| အမှတ် ၂ သတ္တုတွင်းလုပ်ငန်း | ၂၃,၈၈၂ | ၁၉.၅၂ |
| အမှတ် ၃ သတ္တုတွင်းလုပ်ငန်း | ၇,၃၃၃ | ၅.၉၉ |
| စုစုပေါင်း | ၁၂၉,၆၃၈ | ၁၀၅.၉၅ |

## ကျောက်မျက်နှင့် ကျောက်စိမ်းအကျိုးတူလုပ်ငန်းများတွင် MGE ပါဝင်မှု

၂၀၁၅ – ၂၀၁၆ တွင် ကျောက်စိမ်းနှင့် ကျောက်မျက် အကျိုးတူလုပ်ငန်းများတွင် MGEပါဝင်မှု ၂၅ ရာခိုင်နှုန်းရှိသည်။ ကျောက်မျက်နှင့် ကျောက်စိမ်း အကျိုးတူ လုပ်ငန်းများစာရင်းကို အစီရင်ခံစာ နောက်ဆက်တွဲ ၁၀ တွင်ဖော်ပြထားပါသည်။ ၂၀၁၄ – ၂၀၁၅ တွင် MGE ပါဝင်မှုမှာ ၄၀ ရာခိုင်နှုန်းဖြစ်သည်။

၂၀၁၅ – ၂၀၁၆ ခုနှစ် သတ္တုတွင်းကုမ္ပဏီများတွင် ရှယ်ယာပါဝင်မှုတစုံတရာမရှိကြောင်း နားလည်ထား ပါသည်။ ၂၀၁၄ – ၂၀၁၅ နှင့် ၂၀၁၅ – ၂၀၁၆ တွင် လိုင်စင်ချထားပေးမှုမရှိကြောင်းကိုလည်း နားလည်ထားပါသည်။

## အကျိုးတူလုပ်ငန်းများတွင် အမှတ် ၁ နှင့် ၃ သတ္တုလုပ်ငန်းပါဝင်မှု

အမှတ် ၁ နှင့် အမှတ် ၃ သတ္တုလုပ်ငန်းများမှပေးသည့်အချက်အလက်များအရ အကျိုးတူတူးဖော်မှုများတွင် အောက်ဖော်ပြပါ နည်းဥပဒေများနှင့် အညီပါဝင်သည်။

သွပ်၊ ခဲ၊ ခနောက်စိမ်း၊ သံ၊ ခရိုမီယမ်၊ မဂ္ဂနိစ်ဒိုင်အောက်ဆိုဒ်တို့အတွက် တူးဖော်သည့်သတ္တုပေါ်တွင် တွင်းဝခွန် ၃ ရာခိုင်နှုန်းကောက်ခံသည်။ ကျန်ရှိသည့် တွင်းထွက်ကို အမှတ် ၁ သတ္တုလုပ်ငန်း (၃၀ ရာခိုင်နှုန်း) နှင့် ကန်ထရိုက်တာ (၇၀ ရာခိုင်နှုန်း) ခွဲဝေယူကြသည်။

| တူးဖော်ရရှိသည့်သတ္တု | တွင်းဝခွန်များ | ကျန်ရှိသည့်တွင်းထွက်များ |
|---|---|---|
| ၁၀၀ ရာခိုင်နှုန်း | ၃ ရာခိုင်နှုန်း | ၉၇ ရာခိုင်နှုန်း |
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၁ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၃၀ ရာခိုင်နှုန်း | ၇၀ ရာခိုင်နှုန်း |

ကြေးနီနှင့် နီကယ် – ထွက်ရှိသည့် တွင်းထွက် ၄ ရာခိုင်နှုန်းကို တွင်းဝခွန်အဖြစ်ကောက်သည်။ ကျန်ရှိသည့် တွင်းထွက်ကို အမှတ် ၁ သတ္တုလုပ်ငန်း (၃၀ ရာခိုင်နှုန်း) နှင့် ကန်ထရိုက်တာ (၇၀ ရာခိုင်နှုန်း) ခွဲဝေယူကြသည်။

| တူးဖော်ရရှိသည့်သတ္တု | တွင်းဝခွန်များ | ကျန်ရှိသည့်တွင်းထွက်များ |
|---|---|---|
| ၁၀၀ ရာခိုင်နှုန်း | ၄ ရာခိုင်နှုန်း | ၉၆ ရာခိုင်နှုန်း |
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၁ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၃၀ ရာခိုင်နှုန်း | ၇၀ ရာခိုင်နှုန်း |

| တူးဖော်ရရှိသည့်သတ္တု | တွင်းဝခွန်များ | ကျန်ရှိသည့်တွင်းထွက်များ |
| --- | --- | --- |
| ၁၀၀ ရာခိုင်နှုန်း | ၂ ရာခိုင်နှုန်း | ၉၈ ရာခိုင်နှုန်း |
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၁ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၃၀ ရာခိုင်နှုန်း | ၇၀ ရာခိုင်နှုန်း |

GPS Joint Venture Co.,Ltd(ခဲထုတ်လုပ်ခြင်း) ထွက်ရှိမှုပေါ်တွင် တွင်းဝခွန်များကောက်ခံသည်။ ကျန်ရှိသည်များကို အမှတ် ၁ သတ္တုလုပ်ငန်း နှင့် ကန်ထရိုက်တာ ခွဲဝေယူကြသည်။

သန့်စင်ပြီး ခဲ ၏ LME ပေါက်ဈေးသည် ၁ တန် ဒေါ်လာ ၃၀၀၀ အောက်ဖြစ်ပါက

| သန့်စင်ပြီး ခဲ ၏ LME ပေါက်ဈေးသည် ၁ တန် ဒေါ်လာ ၃၀၀၀ အောက်ဖြစ်ပါက | | |
| --- | --- | --- |
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၁ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၁၃.၅ ရာခိုင်နှုန်း | ၈၆.၅ ရာခိုင်နှုန်း |

| သန့်စင်ပြီး ခဲ ၏ LME ပေါက်ဈေးသည် ၁ တန် ဒေါ်လာ ၃၀၀၀ အထက်ဖြစ်ပြီး ၄၀၀၀ အောက်ဖြစ်ပါက | | |
| --- | --- | --- |
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၁ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၂၀ ရာခိုင်နှုန်း | ၈၀ ရာခိုင်နှုန်း |

| သန့်စင်ပြီး ခဲ ၏ LME ပေါက်ဈေးသည် ၁ တန် ဒေါ်လာ ၄၀၀၀ အထက်ဖြစ်ပါက | | |
| --- | --- | --- |
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၁ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၂၈ ရာခိုင်နှုန်း | ၇၂ ရာခိုင်နှုန်း |

Simco Song Da Joint Company (စကျင်ကျောက်ထုတ်လုပ်ခြင်း)ထွက်ရှိမှုပေါ်တွင် တွင်းဝခွန်များ ကောက်ခံသည်။ ကျန်ရှိသည်များကို အမှတ် ၃ သတ္တုလုပ်ငန်း နှင့် ကန်ထရိုက်တာ ခွဲဝေယူကြသည်။

| စကျင်ကျောက်ဈေးကွက်ဖြစ်ပေါက်ဈေး (FOB) တွင် ဒေါ်လာ ၆၄၉ အောက်ဖြစ်ပါက | | |
| --- | --- | --- |
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၃ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၂၀ ရာခိုင်နှုန်း | ၈၀ ရာခိုင်နှုန်း |

| စကျင်ကျောက်ဈေးကွက်ဖြစ်ပေါက်ဈေး (FOB) တွင် ဒေါ်လာ ၆၅၀ မှ ၇၄၉ အတွင်းဖြစ်ပါက | | |
| --- | --- | --- |
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၃ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၂၅ ရာခိုင်နှုန်း | ၇၅ ရာခိုင်နှုန်း |

| စကျင်ကျောက်ဈေးကုဗမီတာ (FOB) တွင် ဒေါ်လာ ၇၅၀ အထက်ဖြစ်ပါက | | |
|---|---|---|
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၃ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၃၀ ရာခိုင်နှုန်း | ၇၀ ရာခိုင်နှုန်း |

တကောင်းတောင် နီကယ်စီမံကိန်း(CNMC Nickel Company Ltd) (နီကယ်ထုတ်လုပ်ခြင်း)

| LME တွင် နီကယ် ပေါက်ဈေးသည် ဒေါ်လာ ၁၅၀၀၀ နှင့် အောက်ဖြစ်ပါက | | |
|---|---|---|
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၁ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၁ ရာခိုင်နှုန်း | ၉၉ ရာခိုင်နှုန်း |

| LME တွင် နီကယ် ပေါက်ဈေးသည် ဒေါ်လာ ၁၅၀၀၁ နှင့် ၂၀၀၀၀ ကြားဖြစ်ပါက | | |
|---|---|---|
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၁ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၅၀ ရာခိုင်နှုန်း | ၅၀ ရာခိုင်နှုန်း |

| LME တွင် နီကယ် ပေါက်ဈေးသည် ဒေါ်လာ ၂၀၀၀၁ နှင့် ၂၅၀၀၀ ကြားဖြစ်ပါက | | |
|---|---|---|
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၁ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၁၂ ရာခိုင်နှုန်း | ၈၈ ရာခိုင်နှုန်း |

| LME တွင် နီကယ် ပေါက်ဈေးသည် ဒေါ်လာ ၂၅၀၀၁ နှင့် ၂၉ ၀၀၀ ကြားဖြစ်ပါက | | |
|---|---|---|
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၁ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၁၅.၇၅ ရာခိုင်နှုန်း | ၈၄.၂၅ ရာခိုင်နှုန်း |

| LME တွင် နီကယ် ပေါက်ဈေးသည် ဒေါ်လာ ၂၉ ၀၀၁ နှင့် ၃၅၀၀၀ ကြားဖြစ်ပါက | | |
|---|---|---|
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၁ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၂၀ ရာခိုင်နှုန်း | ၈၀ ရာခိုင်နှုန်း |

| LME တွင် နီကယ် ပေါက်ဈေးသည် ဒေါ်လာ ၃၅၀၀၁ နှင့် ၄၂၀၀၀ ကြားဖြစ်ပါက | | |
|---|---|---|
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၁ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၂၃.၇၅ ရာခိုင်နှုန်း | ၇၆.၂၅ ရာခိုင်နှုန်း |

| LME တွင် နီကယ် ပေါက်ဈေးသည် ဒေါ်လာ ၄၂၀၀၁ နှင့် ၅၀၀၀၀ ကြားဖြစ်ပါက | | |
|---|---|---|
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၁ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၂၈ ရာခိုင်နှုန်း | ၇၂ ရာခိုင်နှုန်း |

| LME တွင် နီကယ် ပေါက်စျေးသည် ဒေါ်လာ ၅၀၀၀၀ နှင့် အထက်ဆိုပါက | | |
|---|---|---|
| ကျန်ရှိသည့် တွင်းထွက်များ | အမှတ် ၁ သတ္တုလုပ်ငန်း | ကန်ထရိုက်တာ |
| ၁၀၀ ရာခိုင်နှုန်း | ၃၂ ရာခိုင်နှုန်း | ၆၈ ရာခိုင်နှုန်း |

အကျိုးတူဖက်စပ်တူးဖော်သည့် လုပ်ငန်းများစာရင်းကို ယခု အစီရင်ခံစာ၏ နောက်ဆက်တွဲ ၁၀တွင် ဖော်ပြထားပါသည်။ ၂၀၁၅ - ၂၀၁၆ တွင် ME 1 နှင့် ME 3 သည် တူးဖော်ရေး ကုမ္ပဏီများတွင် ပါဝင်ထားမှုမရှိကြောင်းနားလည်ထားပါ သည်။

၂၀၁၄ - ၂၀၁၅ ၊ ၂၀၁၅ - ၂၀၁၆ ကာလအတွင်း ဖက်စပ် လုပ်ငန်းများတွင် ရာခိုင်နှုန်းအပြောင်းအလဲများ မရှိသကဲ့သို့ လိုင်စင်ချထားပေးခြင်းများလည်းမရှိကြောင်းကို နားလည်ထား ပါသည်။

### သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အမှတ် ၂ သတ္တုတွင်း လုပ်ငန်း (ME 2) ၏ပါဝင်မှု

ME 2 ၏အကျိုးတူဖက်စပ်လုပ်ငန်းများကို နောက်ဆက်တွဲ ၂၁ တွင်ဖော်ပြထားပါသည်။ ၂၀၁၅ - ၂၀၁၆ တွင် ME 2အနေ ဖြင့် တူးဖော်ရေးကုမ္ပဏီများတွင် ပါဝင်မှုမရှိတော့ကြောင်း နားလည်ထားပါသည်။ ၂၀၁၄ - ၂၀၁၅၊ ၂၀၁၅ - ၂၀၁၆ ကာလ အတွင်း ဖက်စပ်လုပ်ငန်းများတွင် ရာခိုင်နှုန်းအပြောင်းအလဲ များမရှိသကဲ့သို့ လိုင်စင်ချထားပေးခြင်းများလည်းမရှိကြောင်း ကို နားလည်ထားပါသည်။

### တပ်မတော်ကျောထောက်နောက်ခံကုမ္ပဏီများ

တပ်မတော်ပိုင်ကုမ္ပဏီကြီးနှစ်ခု ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လုပ်ငန်း (ဦးပိုင်)နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) တို့သည် မြန်မာ့စီးပွားရေး၏ အဓိကကျ သည့်နေရာများတွင် နေရာယူထားကြသည်။ စွမ်းအင်၊ သတ္တု တွင်း၊ ကျောက်မျက်ကဏ္ဍအပါအဝင် အဓိကနေရာများတွင် ဝင်ရောက်လုပ်ကိုင်နေသည်။ ယင်းကုမ္ပဏီ ၂ခုသည် ကာကွယ် ရေးဦးစီးနှင့်ကြားမှုရုံးသို့ အစီရင်ခံတင်ပြရသည်။ နိုင်ငံတော်အခြေ ပြုလုပ်ငန်းများအတွက် အခွင့်ထူး၊ အကာအကွယ်ပေးသည့် ဥပဒေများနှင့် လုပ်ငန်းကိုဖွဲ့စည်းသည်။

တပ်မတော်ကျောထောက်နောက်ခံ ကုမ္ပဏီ ၂ခု၏ လုပ်ငန်း ဆောင်ရွက်မှုများကို ရသုံးမှန်းခြေအချက်အလက်တွင် ထည့် သွင်းထားခြင်းမရှိကြောင်းနားလည်ထားပါသည်။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ ယင်းကုမ္ပဏီများကို နိုင်ငံပိုင်လုပ်ငန်း များဟု သတ်မှတ်မရပါ။ စစ်တပ်အရာရှိများနှင့် အခြားပြည်သူ့ ဝန်ထမ်းများက အများစုပိုင်ဆိုင်၊ စီမံထားသည်ဟု ယူဆရ သည့် ပုဂ္ဂလိက ကုမ္ပဏီများသာဖြစ်သည်။

တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားစစ်သားများနှင့် ၄င်းတို့ မိသားစုများဖူလုံရေး ရန်ပုံငွေရရှိရန်အတွက် ရည်ရွယ်လျက် တည်ထောင်သည့် ကုမ္ပဏီ ၂ ခုဖြစ်သည်။ စစ်တပ်မိသားစုများ နှင့် အငြိမ်းစားစစ်သားများကို အလုပ်ခန့်ထားခြင်း၊ အမြတ်ခွဲဝေ ပေးခြင်းဖြင့် ဖူလုံအောင်ဆောင်ရွက်လျက်ရှိသည်။

### မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် Myanmar Economic Holdings Limited (UMEHL)

ဦးပိုင်ကုမ္ပဏီကို ၁၉၉၀ တွင် အထူးကုမ္ပဏီများအက်ဥပဒေအရ ဗမာ့စစ်တပ်၏ စီးပွားရေးအနေဖြင့် ဆိုရှယ်လစ်စီးပွားရေး စနစ်မှ ပုဂ္ဂလိကလုပ်ငန်းများသို့ကူးပြောင်းသည့် အချိန်တွင်ဖွဲ့ စည်းခဲ့သည်။ မတည်ငွေ ၁.၆ ဘီလီယံဖြင့် စတင်ခဲ့သည်။ အပေါ့စားစက်ရုံများ၊ ကုန်စည်များ ရောင်းချခြင်းမှ အမြတ် အစွန်းရှာရန်ရည် ရွယ်ခဲ့သည်။

၂၀၀၀ နှစ်များတွင် ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်ရေးလုပ် ငန်းများသို့ချဲ့ထွင်ခဲ့သည်။ လက်ရှိ မြန်မာ့ စီးပွားရေး ကဏ္ဍစုံ တွင် ဦးပိုင်၏ လုပ်ငန်းများရှိနေပြီဖြစ်သည်။

ဦးပိုင်ကို တပ်မတော်မှ ဌာန ၂ ခုက ပူးတွဲပိုင်ဆိုသည်။ ရှယ်ယာ ၄၀ ရာခိုင်နှုန်းကို တပ်မတော်ပစ္စည်းဝယ်ယူရေး ညွှန်ကြား မှုရုံး ကပိုင်ဆိုင်ပြီး ၆၀ရာခိုင်နှုန်းကို ယခင်စစ်အုပ်ချုပ်ရေးမှ အဆင့်မြင့်စစ်အရာရှိများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် စစ်မှုထမ်းဟောင်းအဖွဲ့အစည်းများ အပါ အဝင် တာဝန်ထမ်းဆောင်ဆဲ၊ အငြိမ်းစားစစ်သားများက ပိုင် ဆိုင်သည်။ [37]

[37]Win Min, "Burmese Military Government: Crony Capitalism in Uniform," Virginia Review of Asian Studies 6 (2004): 27 -

နိုင်ငံ၏ ကျောက်မျက်ကဏ္ဍကို မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီမှ ဦးဆောင်နေသည်။ ဘဏ်လုပ်ငန်း၊ ခရီးသွား၊ အိမ်ခြံမြေ၊ သယ်ယူပို့ဆောင်ရေးနှင့် သတ္တုလုပ်ငန်းအမျိုးမျိုးတို့တွင်လည်း အကြီးအကျယ်ဝင်ရောက် လုပ်ကိုင်လျက်ရှိသည်။ [38]နိုင်ငံကို နှစ်ပေါင်း ၅၀ကျော်အုပ်စိုးခဲ့သည့် တပ်မတော်နောက်ခံရှိနေခြင်းကြောင့် နိုင်ငံခြားလုပ်ငန်းများနှင့် စာချုပ်များချုပ်ဆိုရာတွင် ဦးစားပေးခံရသည်။ [39]မြန်မာနိုင်ငံရှိ အကျိုးတူဖက်စပ် လုပ်ငန်းအများစုမှာ မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီမှ တဆင့်ဆောင်ရွက်ခြင်းဖြစ်သည်။

မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီတွင် လုပ်ငန်းအမျိုးအစား ၃ မျိုး ရှိသည်။ အပြည့်အဝ ပိုင်ဆိုင် အကောင်အထည်ဖော်၊ ကုမ္ပဏီခွဲများ နှင့် အကျိုးတူဖက်စပ်လုပ်ငန်းများ ဖြစ်သည်။ တူးဖော်ရေးလုပ်ငန်းတွင် ဦးပိုင်အပြည့်အဝ ပိုင်ဆိုင်သည့် ကုမ္ပဏီများသည် အဓိကနေရာမှပါဝင်သည်။ ဦးပိုင်ကုမ္ပဏီခွဲများတွင် မြန်မာ့အင်မီရီယယ်ဂျိတ် ကုမ္ပဏီ၊ မြန်မာ့ပတ္တမြားလုပ်ငန်းတို့လည်းပါဝင်သည်။ မိုးကုတ်၊ မိုင်းရှူး၊ နမ့်ယား၊ သပိတ်ကျင်းတို့တွင် တူးဖော်ရေးလုပ်ငန်းများဆောင်ရွက်နေသည်။ အချို့သောလုပ်ငန်းများကို ပြည်တွင်းကုမ္ပဏီများသို့ ဆပ်ကန်ထရိုက်ချထားပေးသည်။ တူးဖော်ရေးကဏ္ဍတခုလုံးတွင် အရေးပါသည့်နေရာအများစုကို ရယူဆောင်ရွက်နေသော်လည်း ဦးပိုင်နှင့်ပတ်သက်သည့် အခန်းကဏ္ဍ၊ ဆောင်ရွက်ပုံများ၊ ပိုင်ဆိုင်မှုသို့မဟုတ် ဝင်ငွေဆိုင်ရာ အချက်အလက် အနည်းငယ်ကိုသာ ထုတ်ပြန်ထားသည်။ တူးဖော်ရေးကဏ္ဍနှင့် ဆက်နွယ်နေ ကုမ္ပဏီများတွင် ရှယ်ယာပါဝင်မှုသို့မဟုတ် ထိန်းချုပ်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။

ဇယား ၂၂။ ဦးပိုင်၏ တူးဖော်ရေးလုပ်ငန်းများ (အပြည့်အစုံမဟုတ်ပါ)

| ကုမ္ပဏီများ [40] | ရှယ်ယာရာခိုင်နှုန်း [41] |
|---|---|
| Myanmar Ruby Enterprises | မသိ |
| Myanmar Imperial Jade Company Ltd | ၁၀၀ |
| Yadana Kadeikada Company Ltd | မသိ |
| Myanmar Jade International Ltd. | မသိ |
| Myanmar Rubber Wood Company | မသိ |
| MG Ruby Company Ltd. | မသိ |
| Myanmar Posko Steel Company Ltd. | မသိ |
| Myanmar Nouveau Steel Company Ltd. | မသိ |
| Myanmar Daewoo International Ltd | မသိ |
| Kayar Mine Production Co., Ltd | ၁၀၀ |

[38]Callahan, Mary P. (2005). Making Enemies: War And State Building in Burma. Cornell University Press.
[39]CFujita, Kōichi; Fumiharu Mieno; Ikuko Okamoto (2009). The Economic Transition in Myanmar After 1988: Market Economy Versus State Control. NUS Press
[40]Gilded Gatekeepers: Myanmar’s State-Owned Oil, Gas and Mining Enterprises, NRGI, 2016.
[41]EITI တွင်ဖော်ပြထားသည့် ရာခိုင်နှုန်း

### မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း
### The Myanmar Economic Corporation (MEC)

၁၉၉၇၊ အာရှ စီးပွားရေးပျက်ကပ်ချိန်တွင်စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာ့တပ်မတော်မှ ဆောင်ရွက်သည့် အဓိကကုမ္ပဏီကြီး ၂ ခုအနက်တခုဖြစ်သည်။ မြန်မာ့တပ်မတော်အတွက် အရေးပါသည့် ကုန်ပစ္စည်းများဝယ်ယူနိုင်ရန် အမြတ်ရသည့် အကြီးစား စက်ရုံလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ၁၉၉၇တွင် စတင်တည်ထောင်ခဲ့သည်။ (ဘီလပ်မြေ နှင့် ရာဘာ)

ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ပစ္စည်းဝယ်ယူရေးညွှန်ကြားရေးမှူးရုံးအောက်မှ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပြီး ရယ်ယာများကို တာဝန်ထမ်းဆောင်ဆဲ တပ်မတော်သားများက ပိုင်ဆိုင်သည်။ [42]၁၉၉၀နှစ်များတောက်လျှောက် နိုင်ငံပိုင်လုပ်ငန်းများလေလံရောင်းချခြင်းမှ ရရှိလာသည်ဝင်ငွေဖြင့် မတည်ရင်းနှီးထားခြင်းဖြစ်သည်။ နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီငယ်များနှင့် ပူးပေါင်းခြင်းတို့ဖြင့် MEC သည် မြန်မာနိုင်ငံတွင် အကြီးဆုံးလုပ်ငန်းတခုဖြစ်လာခဲ့သည်။

မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီကဲ့သို့ပင် မြန်မာ့တပ်မတော်အတွက် ဝင်ငွေအများဆုံးရှာပေးနိုင်ခဲ့သည်။ ၎င်းဝင်ငွေများ ကို လွှတ်တော်သို့ တင်ပြရန်မလိုပါ။ [43]မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီနှင့်စာလျှင် MEC အကြောင်း ပို၍လူသိနည်းသည်။

နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးသည် MECကို စာရင်းစစ်နိုင်သော်လည်း ဦးပိုင်ကို စာရင်းမစစ်နိုင်ပါ။

EITI တွင် MEC လည်းပါဝင်ခဲ့ပြီး မြန်မာပြည်အတွင်းတူးဖော်မှုပြုလုပ်နေသည့် သတ္တုတွင်းများတွင် ပိုင်ဆိုင်မှုအနေအထား၊ ဥပဒေကြောင်းအရ ပိုင်ဆိုင်သူ၊ အမှန်တကယ်အကျိုးခံစားခွင့်ရှိသူနှင့်ဆိုင်သည့် အချက်အလက်များကို ထုတ်ပြန်ပေးရန် တောင်းဆိုခဲ့သည်။ သို့သော်လည်း MEC မှ အထက်ပါ အချက်အလက်များ ပေးအပ်ခဲ့ခြင်းမရှိပါ။ MEC ဝက်ဘ်ဆိုက် တွင် ကုမ္ပဏီသည် စီးပွားရေးတိုးတက်စေရန်၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ ဆင်းရဲမွဲတေမှုပပျောက်ရန် ကူညီပေးလျက်ရှိသည်ဟု ဖော်ပြ ထားသည်။[44]MEC ဝက်ဘ်ဆိုက်တွင်ဖော်ပြထားချက်အရ ကုန်ထုတ်လုပ်ရေးမှ ဆက်သွယ်ရေးထိ မဟာဗျူဟာ မြောက်ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း သတ္တုတွင်းကဏ္ဍတွင် ဝင်ရောက် လုပ်ကိုင်သည့် အထောက်အထားမတွေ့ရပါ။

MEC ၏ EITI သို့ပေးသည့် အချက်အလက်အရ ၂၀၁၅ – ၁၆ ခုနှစ်တွင် အစိုးရသို့ စုစုပေါင်းအခွန်ပေးသွင်းမှုမှာ ကျပ်ငွေ ၁၃၀,၃၈၁,၁၂၀ ရှိသည်။

## ၃.၃.၁၁။ သတ္တုတွင်းကဏ္ဍ နိုင်ငံပိုင်လုပ်ငန်းများနှင့် အစိုးရ ဘဏ္ဍာရေးဆက်နွယ်မှု

သတ္တုတွင်းကဏ္ဍ နိုင်ငံပိုင်လုပ်ငန်းများနှင့် အစိုးရကြား ဘဏ္ဍာရေးအရ ဆက်နွယ်မှုမှာလည်း MOGE ပုံစံနှင့် အလားတူဖြစ်သည်။ ဆက်နွယ်ချိတ်ဆက်ပုံနှင့်ပတ်သက်သည့် လမ်းညွှန်ချက်များကို ၃.၂.၁၁ တွင်ဖော်ပြ ထားပါသည်။

၂၀၁၅ – ၁၆ တွင် သတ္တုတွင်းကဏ္ဍ နိုင်ငံပိုင်လုပ်ငန်းများမှ ဗဟိုအစိုးရသို့လွှဲပြောင်းမှုများပြုလုပ် ပြီးနောက် ၎င်းတို့ကိုယ်ပိုင်စာရင်းတွင် သိမ်းထားသည့်ပမာဏမှာ စုစုပေါင်းသတ္တုတွင်းဝင်ငွေ၏ ၇၀ ရာခိုင်နှုန်း နှင့် ပြည်သူ့အသုံးစရိတ်၏ ၃ ရာခိုင်နှုန်းခန့်အသီးသီးရှိသည်။ သတ္တုတွင်းကဏ္ဍ နိုင်ငံပိုင်လုပ်ငန်းများသည် ၎င်းတို့၏ သီးသန့်စာရင်းများသို့ ဒေါ်လာ သန်းပေါင်း ၅၆၀ (ကျပ်ငွေ ၅၅၇ ဘီလီယံ) နီးပါး သိမ်းဆည်းထားသည်။ သတ္တုတွင်းကဏ္ဍ နိုင်ငံပိုင်လုပ်ငန်းများရရှိသည့် ဝင်ငွေ၊ လွှဲပြောင်းပေးသည့်ဝင်ငွေ၊ သီးသန့်စာရင်းရှိငွေများကို အောက်တွင်ဖော်ပြထားပါသည်။

[42]Singh, Ravi Shekhar Narain (2005). Asian Strategic And Military Perspective. Lancer Publishers. p. 209.
[43]Junta stocking up on weapons for rainy day: observer". Mizzma. 24 December 2009. Retrieved 3 October 2012.
[44]http://www.mecwebsite.com/

ဇယား ၂၃။ EITI အစီရင်ခံစာတွင်ဖော်ပြထားသည့် နိုင်ငံပိုင်တူးဖော်ရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးရှင်းတမ်းသီးသန့်စာရင်းများ (၂၀၁၆ မတ် ၃၁)

| | ကျပ်ငွေသန်းပေါင်း |
|---|---|
| ၂၀၁၅ ဧပြီ ၁ ရက်နေ့အတွက် အဖွင့်စာရင်း | ၅၂၉ ၂၅၉ |
| အဝင်၊ စုစုပေါင်း ရရှိသည့် ပမာဏ | ၂၁၀ ၉ ၆၀ |
| ကုန်သွယ်ဝင်ငွေ | ၈၃၃၈၆ |
| မြန်မာ့ကျောက်မျက်ဥပဒေအရ ဝင်ငွေ | ၁၀၁,၄၅၇ |
| အရောင်းကော်မရှင် | ၁၀,၆၀၂ |
| အထွေထွေဝင်ငွေ | ၁၅,၅၁၄ |
| အထွက် စုစုပေါင်း အသုံးစရိတ် | ၁၀၅,၈၀၄ |
| ဝယ်ယူမှု | ၄၂၈ |
| ဝင်ငွေခွန် | ၅၃,၇၈၈ |
| နိုင်ငံတော်သို့ထည့်ဝင်မှု | ၄၆,၈၃၄ |
| ကုန်သွယ်ခွန် | ၁၅ |
| ပိုင်ရှင်သို့ထုတ်ပေးသည့် အရည်အသွေးနိမ့်ကျောက်မျက် အရောင်းဝင်ငွေ | ၄,၇၄၉ |
| စာရင်းပိတ် ၂၀၁၆ မတ် ၃၁ | ၆၃၄,၄၁၄ |

ကိုးကား – MGE

အမှတ် ၁ သတ္တုတွင်းလုပ်ငန်း

| | ကျပ်ငွေသန်းပေါင်း |
|---|---|
| ၂၀၁၅ ဧပြီ ၁ ရက်နေ့အတွက် အဖွင့်စာရင်း | ၁၇,၈၃၆ |
| အဝင်၊ စုစုပေါင်း ရရှိသည့် ပမာဏ | ၁၁,၇၁၇ |
| ထုတ်လုပ်မှုခွဲဝေခြင်း | ၄,၇၃၃ |
| လျှောက်လွှာကြေး | ၅,၆၀၀ |
| ရောင်းရငွေ | ၁၁၄၂ |
| အခြား | ၂၄၃ |
| အထွက် စုစုပေါင်း အသုံးစရိတ် | ၃၇၈၃ |
| ဝင်ငွေခွန် | ၂၀၃၆ |
| နိုင်ငံတော်သို့ထည့်ဝင်မှု | ၁၆၂၉ |
| အခြား | ၁၁၈ |
| စာရင်းပိတ် ၂၀၁၆ မတ် ၃၁(closing balance) | ၂၅၇၇၉ |

**ကိုးကား – အမှတ် ၁ သတ္တုတွင်းလုပ်ငန်း**

အမှတ် ၂ သတ္တုတွင်းလုပ်ငန်း

| | |
|---|---|
| | ကျပ်ငွေသန်းပေါင်း |
| ၂၀၁၅ ဧပြီ ၁ ရက်နေ့အတွက် အဖွင့်စာရင်း | ၇၂၃၇၄ |
| အဝင်၊ စုစုပေါင်း ရရှိသည့် ပမာဏ | ၃၂၆၂၈ |
| ရွှေနှင့်တွင်းထွက်ရောင်းရငွေ | ၂၈၃၁၅ |
| လက်မှတ်ထိုးကြေး (လျှောက်လွှာကြေး) | ၁၀၅၈ |
| အခြားဝင်ငွေ အကျိုးတူ | ၅၅၃ |
| လွှဲပြောင်းပေးမှု | ၃၇ |
| နိုင်ငံတော်သို့ မထည့်ဝင်မီ နှစ်ကုန်ပိုလျှံငွေ | ၂၆၆၄ |
| Arrest, Reagent of Sale | ၀ |
| အထွက်၊ စုစုပေါင်း အသုံးစရိတ် | ၈၇၄၅ |
| နိုင်ငံတော်သို့ထည့်ဝင်မှု | ၃၅၉၆ |
| ဝင်ငွေခွန် | ၄၄၉၅ |
| လွှဲပြောင်းပေးမှု | ၆၂ |
| ကုန်ကြမ်း | ၄၅ |
| ရေနံ၊ ဆီ နှင့် ချောဆီ | ၉၄ |
| ကုန်သွယ်ခွန် | ၄၅၃ |
| စာရင်းပိတ်ကျန်ငွေ ၂၀၁၆ မတ် ၃၁ | ၉၆၃၅၆ |

ကိုးကား - အမှတ် ၂ သတ္တုတွင်းလုပ်ငန်း

### အမှတ် ၃ သတ္တုတွင်းလုပ်ငန်း

| | ကျပ်ငွေသန်းပေါင်း |
|---|---|
| ၂၀၁၅ ဧပြီ ၁ ရက်နေ့အတွက် အဖွင့်စာရင်း | ၃၅၉၀၈ |
| အဝင်၊ စုစုပေါင်း ရရှိသည့် ပမာဏ | ၇၉၀၉ |
| ထုတ်လုပ်မှုခွဲဝေခြင်း | ၆၆၅၈ |
| လျှော်ကြေးငွေ | ၂၅၃ |
| ဌားရမ်းခ | ၃၉၆ |
| အခြား | ၆၀၄ |
| အထွက် စုစုပေါင်း အသုံးစရိတ် | ၁၅၂၄၃ |
| ဝင်ငွေခွန် | ၇၃၆၀ |
| နိုင်ငံတော်သို့ထည့်ဝင်မှု | ၅၈၉၂ |
| အခြား | ၁၉၉၂ |
| စာရင်းပိတ် ၂၀၁၆ မတ် ၃၁ | ၂၈၅၇၄ |

**ကိုးကား - အမှတ် ၃ သတ္တုတွင်းလုပ်ငန်း**

### မြန်မာ့ပုလဲလုပ်ငန်း

| | ကျပ်ငွေသန်းပေါင်း |
|---|---|
| ၂၀၁၅ ဧပြီ ၁ ရက်နေ့အတွက် အဖွင့်စာရင်း | ၃၅၉၀၈ |
| အဝင်၊ စုစုပေါင်း ရရှိသည့် ပမာဏ | ၇၉၀၉ |
| ထုတ်လုပ်မှုခွဲဝေခြင်း | ၆၆၅၈ |
| လျှော်ကြေးငွေ | ၂၅၃ |
| ဌားရမ်းခ | ၃၉၆ |
| အခြား | ၆၀၄ |
| အထွက် စုစုပေါင်း အသုံးစရိတ် | ၁၅၂၄၃ |
| ဝင်ငွေခွန် | ၇၃၆၀ |
| နိုင်ငံတော်သို့ထည့်ဝင်မှု | ၅၈၉၂ |
| အခြား | ၁၉၉၂ |
| စာရင်းပိတ် ၂၀၁၆ မတ် ၃၁ | ၂၈၅၇၄ |

**ကိုးကား - မြန်မာ့ပုလဲလုပ်ငန်း**

၂၀၁၅/ ၂၀၁၆ ခုနှစ်အတွက် သတ္တုတွင်း နိုင်ငံပိုင်လုပ်ငန်းများ၏ စုစုပေါင်း ဝင်ငွေနှင့် အသုံးစရိတ်များမှာ အောက်ပါအတိုင်းဖြစ်သည်။ ဇယား ၂၄။ ၂၀၁၅/ ၂၀၁၆ ဘဏ္ဍာရေးနှစ် စုစုပေါင်း အသုံးစရိတ် နှင့် ဝင်ငွေ

မြန်မာ့ကျောက်မျက်လုပ်ငန်း

| | | | | ကျပ်ငွေသန်းပေါင်း |
|---|---|---|---|---|
| | current | capital | financial | စုစုပေါင်း |
| ဝင်ငွေ | ၂၀၇၅၄၄ | - | - | ၂၀၇၅၄၄ |
| အသုံးစရိတ် | ၁၀၆၀၂၃ | ၃၁ | - | ၁၀၆၀၅၄ |
| စုစုပေါင်း | ၁၀၁၅၃၀ | - | - | ၁၀၁၄၉၉ |

အမှတ် ၁ သတ္တုတွင်းလုပ်ငန်း

| | | | | ကျပ်ငွေသန်းပေါင်း |
|---|---|---|---|---|
| | current | capital | financial | စုစုပေါင်း |
| ဝင်ငွေ | ၁၁၆၈၄ | ၀.၀၂ | - | ၁၁၆၈၄ |
| အသုံးစရိတ် | ၇၀၆၅ | - | - | ၇၀၆၅ |
| စုစုပေါင်း | ၄၆၁၉ | - | - | ၄၆၁၉ |

အမှတ် ၂ သတ္တုတွင်းလုပ်ငန်း

| | | | | ကျပ်ငွေသန်းပေါင်း |
|---|---|---|---|---|
| | current | capital | financial | စုစုပေါင်း |
| ဝင်ငွေ | ၃၃၁၆၆ | ၃၁ | - | ၃၃၁၉၆ |
| အသုံးစရိတ် | ၂၀၀၇၂ | ၁၅ | - | ၂၀၀၈၇ |
| စုစုပေါင်း | ၁၃၀၉၄ | ၁၆ | - | ၁၃၁၀၉ |

အမှတ် ၃ သတ္တုတွင်းလုပ်ငန်း

| | | | | ကျပ်ငွေသန်းပေါင်း |
|---|---|---|---|---|
| | current | capital | financial | စုစုပေါင်း |
| ဝင်ငွေ | ၇၇၆၇ | ၀.၃၀ | - | ၇၇၆၇ |
| အသုံးစရိတ် | ၁၅၂၇၇ | ၄ | ၁၄ | ၁၅၂၉၅ |
| စုစုပေါင်း | ၇၅၁၀ | ၄ | ၁၄ | ၇၅၂၈ |

**ကိုးကား – စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

၂၀၁၅/၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း သတ္တုတွင်းဆိုင်ရာ နိုင်ငံပိုင်လုပ်ငန်းများ ဝင်ငွေ၊ လွှဲပြောင်းပေးမှုများကို အောက်တွင်အကျဉ်းချုပ်ဖော်ပြထားပါသည်။

| စာချုပ်သတ်မှတ်ချက် နှင့် ဘဏ္ဍာရေး ဆိုင်ရာ အချက်အလက် | မြန်မာ့ကျောက်မျက်လုပ်ငန်း | အမှတ်၁ သတ္တုတွင်း လုပ်ငန်း | အမှတ် ၂ သတ္တုတွင်း လုပ်ငန်း | အမှတ် ၃ သတ္တုတွင်း လုပ်ငန်း |
|---|---|---|---|---|
| အစိုးရသို့ပေးသွင်းခဲ့သည့် စုစုပေါင်းပမာဏ | ၁၂၂၂၂၈ | ၃၆၆၃ | ၁၁၉၃၈ | ၁၃၂၅၀ |
| အစိုးရသို့လွှဲပြောင်းပေးမှု | ၇၅၃၉၅ | ၂၀၃၅ | ၈၃၄၂ | ၇၃၅၉ |
| နိုင်ငံတော်သို့ ထည့်ဝင်မှု | ၄၆၈၃၃ | ၁၆၂၈ | ၃၅၉၆ | ၅၈၉၁ |
| ရန်ပုံငွေ၊ ဝင်ငွေ၊ ပြန်လည် ရင်းနှီးမြှုပ်နှံငွေလွှဲပြောင်းပေးခြင်း၊ တတိယ အစုအဖွဲ့ များ၏ ပံ့ပိုးမှု | မရှိ | မရှိ | မရှိ | မရှိ |
| လူမှုရေးဝန်ဆောင်မှု၊ အများပြည်သူသုံး အခြေခံ အဆောက်အဦ၊ လောင်စာစိုက ထုတ်ပေးမှု၊ နိုင်ငံတော် ကြွေးမြီ ဆပ်ခြင်း သို့ ငွေကြေး/ရန်ပုံငွေ ထောက်ပံ့ပေးမှု၊ | မရှိ | မရှိ | မရှိ | မရှိ |
| နိုင်ငံအစိုးရ သို့မဟုတ် အစိုးရ ဌာနများမှ နှစ်တို/နှစ်ရှည် ချေးငွေ | မရှိ | မရှိ | မရှိ | ၆.၈ တွင်ကြည့်ပါ |
| နိုင်ငံတွင်းမှ သတ္တုရေနံ နှင့် ဓာတ်ငွေ့ကုမ္ပဏီများ သို့ ချေးငွေ သို့မဟုတ် ချေးငွေအာမခံ ပေးမှု | မရှိ | မရှိ | မရှိ | မရှိ |
| ဘတ်ဂျက်ပြင်ပ အသုံးစရိတ် | မရှိ | မရှိ | မရှိ | မရှိ |

**ကိုးကား - နိုင်ငံပိုင်လုပ်ငန်းများ**

## ၃.၃.၁၂။ စာချုပ်များနှင့် လိုင်စင်များ ဖွင့်ပြခြင်းမူဝါဒ

စာချုပ်ဖွင့်ပြမှုများ (Contracts disclosures)

သတ္တုတွင်းဆိုင်ရာ သဘောတူညီချက်စာချုပ်အများစုတွင် ပါဝင်သည့် လျှို့ဝှက်ချက်ဆိုင်ရာ စာပိုဒ်များကြောင့် သတ္တုတွင်းကဏ္ဍစာချုပ်သတ်မှတ်ချက်များနှင့် ပတ်သက်သည့် အချက်အလက် အများစုကိုမသိရပါ။ လက်ရှိစာချုပ်ပါ အချက်အလက်များအရ ၄င်းတို့အနေဖြင့်ဖွင့်ပြလိုသည့်တိုင်အောင် အစိုးရ၏ သဘောတူညီချက်မပါပဲနှင့် စာချုပ်များကို ဖွင့်ပြ၍မရပါဟု ကုမ္ပဏီများကဆိုသည်။

သတ္တုလုပ်ငန်းရှင်များ နှင့် သတ္တုကုမ္ပဏီများကြားချုပ်ဆိုသည့် စာချုပ်များတွင် ကြားအဖွဲ့အစည်းများသို့လုပ်ငန်းနှင့်ဆိုင် သည့် အချက်အလက်များကို ငွေကြေးကိစ္စအတွက် ငွေကြေးအဖွဲ့အစည်းများသို့ ထုတ်ပြန်ရန် ဥပဒေအရ သတ်မှတ်ထားသည်မှ လွှဲ၍ထုတ်ပြန်ခြင်းမပြုလုပ်ရန် တားမြစ်ထားသည့်လျှို့ဝှက်ချက်ဆိုင်ရာ စာပိုဒ်ပါဝင်သည်။ သို့သော်လည်း စာချုပ်များကို ထုတ်ပြန်ခြင်းမပြုရန် အတိအလင်းတားမြစ်ထားသည်ဟု ယင်းအပိုဒ်များတွင် ဖော်ပြထားခြင်းမရှိပါ။ ထို့ပြင် သတ္တုတွင်း ဥပဒေများတွင် အစိုးရကချပေးသည့်စာချုပ်များ၊ လိုင်စင်များကို အများပြည်သူသိစေရန် ထုတ်ပြန်ခြင်းကို အထူးတလည်တားမြစ်ထားသည့် ပြဌာန်းချက်များမရှိပါ။

ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဌာနသည်

စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ဖြစ်နိုင်စွမ်းလေ့လာခြင်း လုပ်ငန်းများ သဘောတူညီချက်နမူနာကို အများပြည်သူ သိစေရန် ထုတ်ပြန်မှုပြုလုပ်ခဲ့သည်။ [45]စာချုပ်တွင်ဘဏ္ဍာရေး ဆိုင်ရာ သတ်မှတ်ချက်များ၊ လုပ်ငန်းဆောင်ရွက်မှု ကတိကဝတ်များပါဝင်သည်။ တူးဖော်ရေးလုပ်ငန်းများ စောင့်ကြည့်ရန်အတွက် ပူးတွဲညှိနှိုင်းကော်မတီတခုဖွဲ့စည်းခြင်း၊ ကုမ္ပဏီများ၏ စီမံမှုဆိုင်ရာ၊ ဥပဒေဆိုင်ရာတာဝန်များကိုလည်း သဘောတူညီချက်တွင်ဖော်ပြထားသည်။

### စာချုပ်များချထားပေးခြင်း၊ လွှဲပြောင်းပေးခြင်း ဖွင့်ပြမှုများ

လုပ်ကွက်၊ သို့မဟုတ် တူးဖော်ရေးပါမစ်များလွှဲပြောင်းခြင်း သို့မဟုတ်၊ လိုင်စင်ချထားပေးရာတွင် ကျင့်သုံးသည့် သတ်မှတ်ချက်များဖွင့်ပြခြင်းကို သတ္တုတွင်းဥပဒေများတွင် ကန့်သတ်ထားခြင်းမရှိပါ။

လက်တွေ့တွင် MONRECသည် လုပ်ကွက်ချပေးခြင်း၊ တူးဖော်ခွင့်ပါမစ်လွှဲပြောင်းခြင်း နှင့်ပတ်သက်သည့် အချက်အလက်တခုကိုမျှ ထုတ်ပြန်ခြင်းမရှိပါ။ လုပ်ငန်းရှင်များနှင့်ချုပ်ဆိုသည့် တူးဖော်ရေးစာချုပ်ပါ အချက်အလက်များဖွင့်ပြမှုများကိုလည်း ကန့်သတ်ထားသည်။

## ၃.၃.၁၃။ သတ္တုတူးဖော်ခွင့်ပါမစ်မှတ်ပုံတင်ခြင်း

EITI စံသတ်မှတ်ချက်များအရ တူးဖော်ရေးကဏ္ဍ လိုင်စင်များ နှင့် လုပ်ကွက်များစာရင်းကို အများပြည်သူ သိရှိစေရန် ပြုစုထုတ်ပြန်ပေးရန် သတ်မှတ်ထားသည်။ (EITI သတ်မှတ်ချက် ၂.၃) သတ္တုတွင်းဥပဒေတွင်လည်း EITIသတ်မှတ်ချက်အရ ထုတ်ပြန်ပေးရမည့် လိုင်စင်အချက်အလက်များ ဖွင့်ပြခြင်းကို ကန့်သတ်ထားခြင်းမရှိပါ။

မြန်မာနိုင်ငံတွင် အများပြည်သူလေ့လာနိုင်သည့် သတ္တုတူးဖော်ရေးပါမစ်များ၊ လုပ်ကွက်များစာရင်းမရှိပါ။ သတ္တုတူးဖော်ခွင့်ပါမစ်ရရှိသူများ၊ ပါမစ်ဧရိယာ နှင့် ပါမစ်သက်တမ်းတို့နှင့်ပတ်သက်သည့် အချက်အလက်များကိုလည်း အကန့်အသတ်နှင့် သိရှိနိုင်သည်။ MONREC အောက်တွင်ဆောင်ရွက်သည့် သတ္တုတွင်းလုပ်ငန်းများတွင် အောက်ပါအချက်အလက်များပါဝင်သည့် တူးဖော်ခွင့်ပါမစ်များစာရင်းများရှိသည်။

- လုပ်ငန်းစာချုပ်အမှတ်
- လိုင်စင်ကိုင်ဆောင်သူအမည်
- လိုင်စင်အမျိုးအစား
- လျှောက်လွှာတင်သည့်နေ့စွဲ (အမှတ် ၁ သတ္တုတွင်းလုပ်ငန်း၊ အမှတ် ၂ သတ္တုတွင်းလုပ်ငန်း (အသေးစား)၊ အမှတ် ၃ သတ္တုတွင်းလုပ်ငန်း၊ နှင့် သတ္တုတွင်းဦးစီးဌာနမှ အပါ)
- ချထားပေးသည့်နေ့
- သက်တမ်းကုန်သည့်နေ့
- ထုတ်လုပ်သည့်ပစ္စည်း
- နေရာ
- ဧရိယာ (စတုရန်းကီလိုမီတာ)
- လိုင်စင်ဧရိယာ ကိုဩဒိနိတ် (အမှတ် ၃ သတ္တုတွင်းလုပ်ငန်း၊ နှင့် မြန်မာ့ကျောက်မျက်လုပ်ငန်းမှအပ)

ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍ လိုင်စင်စာရင်းကဲ့သို့ပင် အများပြည်သူကို ထုတ်ပြန်ခြင်းမရှိပဲ၊ သတ္တုတွင်းလုပ်ငန်းများမှ တိုက်ရိုက်တောင်းယူရန်လိုသည်။ လက်ရှိတွင် MONREC သည် နိုင်ငံတကာဖွံ့ ဖြိုးရေးမိတ်ဖက်များနှင့်အတူ သတ္တုတွင်း မြေပုံကိုပြုစုလျက်ရှိသည်။ အဓိကအချက်အလက်များကို အွန်လိုင်းမှ ရှာဖွေနိုင်ရန် ဆောင်ရွက်နေသည်။ [46]

MONREC မှပေးသည့် လက်ရှိလုပ်ကိုင်ဆဲလိုင်စင်များစာရင်းကို နောက်ဆက်တွဲ ၁၀ တွင်ဖော်ပြထားပါသည်။

## ၃.၃.၁၄။ တွင်းထွက်လုပ်ကွက်များနှင့် လိုင်စင်ချထားပေးခြင်းလုပ်ထုံးလုပ်နည်းများ

### လုပ်ကွက်ချထားပေးခြင်း လုပ်ထုံးလုပ်နည်း

၁၉၉၆ သတ္တုတွင်းနည်းဥပဒေဖြင့် သတ္တုတွင်းပါမစ်များနှင့် လိုင်စင်များချထားပေးခြင်းကို ဆောင်ရွက်သည်။ တူးဖော်ခွင့်ပါမစ် သို့မဟုတ် တွင်းထွက်လိုင်စင်မရှိပဲနှင့် တွင်းထွက်စမ်းသပ်ခြင်း သို့မဟုတ် တူးဖော်ခြင်း သို့မဟုတ် တွင်းထွက်

[45]ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန။ ... ဒေသ ... မြို့နယ် ... နေရာတွင် . . . နှင့် ဆက်စပ် တွင်းထွက်များ စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်း နှင့် ဖြစ်နိုင်စွမ်းလေ့လာမှု သဘောတူညီချက်စာချုပ်နမူနာ။ (၂၀၁၂)ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန။ ... ဒေသ ... မြို့နယ် ... နေရာတွင် . . . နှင့် ဆက်စပ် တွင်းထွက်များ စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်း နှင့် ဖြစ်နိုင်စွမ်းလေ့လာမှု သဘောတူညီချက်စာချုပ်နမူနာ။ (၂၀၁၆)

[46]https://eiti.org/sites/default/files/documents/cadastre_tor_phase_1.pdf

ထုတ်လုပ်ခြင်းများကို ဆောင်ရွက်ခြင်းမပြုရန် တင်းကျပ်စွာ တားမြစ်ချက်ပါရှိသည်။

မြန်မာ့သတ္တုတွင်းဥပဒေပြင်ဆင်ချက်များတွင်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဟု ဖော်ပြထားသော်လည်း [47]တွင်းထွက် လိုင်စင်များကို လက်ရှိတွင်ဦးရာလူစနစ်ဖြင့်ချထားပေးလျက် ရှိသည်။ (သတ္တုတွင်း ဥပဒေတွင် ဖော်ပြထားခြင်းမရှိသည့် တိုင်အောင်) စမ်းသပ်ရှာဖွေရေးပါမစ်ရထားသူမှ သတ္တုသိုက် များတွေ့ရှိသည့်အခါတွင် ထုတ်လုပ်ခွင့်ပါမစ်ချထားပေးသည်။ ၂၀၁၂ ဇူလိုင်တွင် သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် တွင်းထွက် စမ်းသပ်ရှာဖွေခြင်း၊ တူးဖော် ခြင်း သို့မဟုတ် ဖြစ်နိုင်စွမ်းလေ့လာမှုများပြုလုပ်လိုသည့် နိုင်ငံ ခြားရင်းနှီးမြုပ်နှံသူများအတွက် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသည်။

| အဆင့် | လုပ်ထုံးလုပ်နည်း |
|---|---|
| ကွင်းဆင်းလေ့လာခြင်း | သတ္တုတွင်းဝန်ကြီးဌာနနှင့်တွေ့ဆုံပြီး DGSMEမှပေးသည့် ဘူမိဗေဒအချက်အလက်များကိုလေ့လာ၊ ယင်းဧရိယာတွင် ယခင်ကဆောင်ရွက်ခဲ့သည့် လုပ်ငန်း မှတ်တမ်းများ လေ့လာခြင်း၊ တွင်းထွက်မြေပုံလေ့လာခြင်း၊ ရင်းနှီးမြုပ်နှံသူမှ ဒေသဆိုင်ရာအချက် အလက်များစုစည်းခြင်း။ |
| လျှောက်ထားခြင်း | သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်လွှာသို့မဟုတ် လုပ်ကိုင်ရန် စိတ်ဝင်စားကြောင်း လျှောက်လွှာကိုပေးပို့ရမည်။ DGSE သို့မိတ္တူပေးရမည်။ လျှောက်ထားရာတွင် လုပ် ငန်းဆောင်ရွက်ရန် စိတ်ဝင်စားသည့်နေရာကို ကိုဩဒိနိတ်များနှင့်တကွတင်ပြရမည်။ တွင်းထွက်အမျိုးအစား၊ ဆောင်ရွက်မည့် လုပ်ငန်းများ (စမ်းသပ်ရှာဖွေ၊ တူးဖော်၊ ဖြစ် နိုင်စွမ်းလေ့လာခြင်း) ငွေရင်းနှီးပမာဏ၊ နည်းပညာ၊ သိပ္ပံနည်းကျ ထုတ်လုပ်ရာတွင် အသုံးပြုသည့်နည်းလမ်း၊ သက်တမ်း၊ ကုမ္ပဏီမှလိုလားသည့် သတ်မှတ်ချက်များကိုပါ တင်ပြရမည်။ လျှောက်လွှာတင်ရာတွင် အောက်ပါစာရွက်စာတမ်းများကိုပါ ပူးတွဲ ဖော်ပြရမည်။<br>- ကုမ္ပဏီမှတ်ပုံတင်<br>- ကုမ္ပဏီဖွဲ့စည်းပုံ နှင့်ကုမ္ပဏီနှင့် ဆက်စပ်သည့် အခြားအချက်အလက်များ<br>- သက်ဆိုင်ရာ သံရုံးများမှ ထောက်ခံချက် နှင့် ခွင့်ပြုချက်<br>- ဘဏ္ဍာရေးအထောက်အထား<br>- နည်းပညာပြည့်စုံမှုအထောက်အထား<br>- ဒါရိုက်တာအဖွဲ့စာရင်း<br>- လွန်ခဲ့သည့် လေးနှစ်အတွင်း ရရှိထားဖူးသည့် တွင်းထွက်ပါမစ် အကြောင်း အသေး စိတ်ဖော်ပြချက်<br>- ကနဦးလုပ်ငန်းအစီအစဉ်<br>- လုပ်ငန်းလျာထားသည့်နေရာ မြေပုံ ကိုဩဒိနိတ်<br>- ရှာဖွေတူးဖော်ခြင်း နှင့် ထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျငွေ<br>- တွင်းထွက် / စီမံကိန်း အရွယ်အစားလိုက်ပြီး ပတ်ဝန်းကျင်၊ ကျန်းမာရေး နှင့် လူမှုရေး ထိခိုက်မှုလျော့ချရေး အစီအစဉ်များ၊ (ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် Environ-mental Impact Assessment (EIA) သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ် ချက် initial environmental examination (IEE) |
| သုံးသပ်ခြင်း | သတ္တုတွင်းဝန်ကြီးဌာနမှ သုံးသပ်ပြီး ခွင့်ပြုချက်ချပေးခြင်း |

[47]Myanmar Ministry of Mines, "Facts of JV Procedures," July 2012.

| အဆင့် | လုပ်ထုံးလုပ်နည်း |
|---|---|
| သဘောတူညီချက်မူကြမ်း | သဘောတူညီချက်မူကြမ်းပြင်ဆင်ခြင်း (တူးဖော်ရေးပါမစ်အတွက် နည်းပညာပိုင်းဆိုင်ရာသတ်မှတ်ချက်များ နှင့် အခြေအနေ၊ သို့မဟုတ် PSC) ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်ဆိုင်ရာ အချက်အလက်များ (လက်မှတ်ထိုး အပိုဆုကြေး၊ နှုန်းသေမြေဌားရမ်းခ၊ (performance bank guarantee) ဘဏ်အာမခံချက်၊ အနိမ့်ဆုံး အသုံးစရိတ်) ကိုလည်း တပါတည်းပြင်ဆင်သည်။ |
| အတည်ပြုခြင်း [48] | သုံးသပ်မှုများ ပြုလုပ်နိုင်ရန် MONREC၏ စိစစ်ရေးကော်မတီသို့ စာချုပ်မူကြမ်း ပေးပို့သည်။ စိစစ်ရေးကော်မတီ၏ ခွင့်ပြုချက်ရပါက အတည်ပြုချက် ရယူရန် ဝန်ကြီးဌာနသို့တင်ပြသည်။ MONERCက အတည်ပြုထားသည့် လျှောက်လွှာကို ရှေ့နေချုပ်ရုံးနှင့် စာရင်းစစ်ချုပ်ရုံးသို့ပေးပို့ကာ ဥပဒေထောက်ခံချက်ရယူသည်။ လိုင်စင်လုပ်ငန်းတလျှောက်တွင် ပြင်ပမှ အတည်ပြုချက် အများအပြားလိုအပ်သည်။ လျှောက်ထားသူသည် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးမှ ထော်ကခံချက်၊ မြို့နယ်အုပ်ချုပ်ရေးဌာန၊ မြို့နယ်သစ်တောရေးရာဌာနနှင့် မြို့နယ်မြေစာရင်းတို့မှ ထောက်ခံချက်များလိုအပ်သည်။ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် ဘဏ္ဍာရေးဝန်ကြီးဌာနကဲ့သို့သော အခြားဌာနများကလည်း စီမံကိန်းကို အတည်ပြုပေးရန်လိုသည်။ [49]၁၉၉၆ သတ္တုတွင်းနည်းဥပဒေများတွင် သတ္တုတူးဖော်ရေး စီမံကိန်းအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အတည်ပြုချက်ရယူရန်လိုအပ်သည်ဟု ဖော်ပြထားသည်။ နိုင်ငံတော် သို့မဟုတ် နိုင်ငံပိုင်လုပ်ငန်းနှင့် အကျိုးတူဆောင်ရွက်သည့် နိုင်ငံခြားကုမ္ပဏီများသည် ၂၀၁၂ နိုင်ငံခြားရင်းနှီးမြုပ်နှံမှု ဥပဒေတွင်ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်မှ အထူးခွင့်ပြုမိန့်ရရှိရန်လိုအပ်သည်။ အကျိုးတူလုပ်ငန်းသဘောတူညီချက်တွင်ပါဝင်သူများအတွက် အနိမ့်ဆုံးရှယ်ယာ သတ်မှတ်ချက်ကို MIC က ချထားပေးနိုင်သည်။ လက်တွေ့တွင် အတည်ပြုသည့်လုပ်ငန်းပြီးမြောက်ရန် ၆ လ သို့မဟုတ် ၄င်းထက်ပို၍ကြာလေ့ရှိသည်။ |
| MONREC လုပ်ငန်းများနှင့် နောက်ဆုံးအဆင့်ဆွေးနွေးညှိနှိုင်းခြင်း | နှစ်ဖက်မှ ခံစားရမည့် စီးပွားရေး၊ လူမှုရေးနှင့် အခြားအကျိုးအမြတ်များကို သက်ဆိုင်ရာ MON-REC လုပ်ငန်းနှင့်ညှိနှိုင်းခြင်း။ MONREC သည် စာချုပ်တခုခြင်းစီအတွက် သတ်မှတ်ချက်များကို အလိုက်အထိုက်ညှိနှိုင်းသည်။ ထုတ်လုပ်မှုစရိတ်မျှဝေကျခံခြင်းကို သတ်မှတ်ချက်တွင် ပုံသေထည့်သွင်းနိုင်သည်။ သို့မဟုတ် ထုတ်လုပ်မှုအဆင့်လိုက်ပြီး ခွဲဝေကျခံနိုင်သည်။ အစိုးရ၏ ထုတ်လုပ်မှုဝေစုတွင် တွင်းဝခွန်များပါဝင်ပြီး၊ နှစ်ဖက်သဘောတူညီသည့် ဈေးနှုန်းဖြင့် ရင်းနှီးမြုပ်နှံသူကို ပြန်လည်ရောင်းချပေးသည်။ |
| သတ္တုတူးဖော်ခွင့်ပါမစ်ချပေးခြင်း | |

[48] ၂၀၁၂ ဇူလိုင်၊ အကျိုးတူဖက်စပ်လုပ်ငန်းအချက်အလက်များ

[49] သတ္တုတွင်းဝန်ကြီးဌာန ၂၀၁၂ ဇူလိုင်၊ အကျိုးတူဖက်စပ်လုပ်ငန်းအချက်အလက်များ နှင့် ၂၀၁၆ ဇန်နဝါရီတွင် ဆောင်ရွက်ခဲ့သည့် စတိတ်ဟိုဒါ အင်တာဗျူးများ

၂၀၁၂ မှစပြီး ပါမစ်လုပ်ငန်းစဉ်ကို ပြုပြင်မှုရှိမရှိ၊ မည်သည့်အတိုင်းအတာထိ ပြင်ဆင်ထားသည်ကို ရှင်းလင်းစွာမသိရပါ။ သတ္တုတွင်းဝန်ကြီးဌာနသည် အခြားသောပါမစ်အမျိုးအစားများအတွက် လျှောက်ထားခြင်းလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခြင်းမရှိပါ။ နိုင်ငံသားများ၏ ရင်းနှီးမြုပ်နှံမှုနှင့် တွင်းထွက်ထုတ်လုပ်မှု အရွယ်အစားအမျိုးမျိုး၏ပါမစ်များ၊ စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်းနှင့် ဖြစ်နိုင်စွမ်းလေ့လာခြင်း လုပ်ငန်းများလျှောက်ထားခြင်း လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားခြင်းမရှိပါ။

၂၀၁၅ – ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် သတ္တုတူးဖော်ရေးပါမစ်ပေါင်း ၆၆၂ ခုချထားပေးခဲ့ပြီး ပါမစ်ဇရိယာစုစုပေါင်းမှာ ၁၂၄၃ စတုရန်းကီလိုမီတာရှိသည်။ ချထားပေးသည့် ပါမစ်အပြည့်အစုံ၊ EITI စံသတ်မှတ်ချက်အရ ထုတ်ပြန်သည့်အချက်အလက်များကို နောက်ဆက်တွဲ ၁၁ တွင်ဖော်ပြထားပါသည်။

### တွင်းထွက်လိုင်စင်များ သက်တမ်းတိုးခြင်း၊ လွှဲပြောင်းခြင်း

#### လိုင်စင်သက်တမ်းတိုးခြင်း

စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်းနှင့် ဖြစ်နိုင်စွမ်းလေ့လာခြင်း ပါမစ်များကို MONREC က သက်တမ်းတိုးပေးနိုင်သည်။ လိုင်စင်သက်တမ်း မကုန်မီ ၃လ ကြိုတင်ပြီး သက်တမ်းတိုးလျှောက်ထားရမည်။

#### ပါမစ်များလွှဲပြောင်းခြင်း

MONREC သဘောတူညီချက်၊ MIC အတည်ပြုချက်နှင့် ပါမစ်များလွှဲပြောင်းပေးနိုင်သည်။ ပါမစ်လွှဲပြောင်းရန်အတွက် ပါမစ်ရရှိထားသူသည် ပါမစ်လွှဲပြောင်းလျှောက်လွှာကို လွှဲပြောင်းမှု သဘောတူညီချက်မူကြမ်းမိတ္တူနှင့် လျှောက်ထားရမည်။ မြန်မာ့ကျောက်မျက်ဥပဒေတွင် ကျောက်မျက်ပါမစ်များကို ထပ်မံငှားရမ်းခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းကို တားမြစ် ထားသည်။ ပါမစ်အများအပြားရှိခြင်း၊ MONREC တွင် စွမ်းဆောင်ရည်အကန့်အသတ်ရှိခြင်းတို့ကြောင့် MON-REC ကိုအကြောင်းမကြားပဲ တွင်းထွက်နှင့် ကျောက်မျက်လိုင်စင်များ လွှဲပြောင်းနေကြကြောင်း နားလည်ထားပါသည်။

လိုင်စင်ကို ရင်းနှီးမတည်ပစ္စည်း (capital asset) အဖြစ်သတ်မှတ်ထားခြင်းမရှိသောကြောင့် မတည်ငွေတိုးပွားသည့်အခွန် (capital gains tax) ကောက်ခံခြင်းမရှိပါ။ သို့သော်လည်း ပါမစ်များရောင်းချခြင်းကို အခြားနေရာမှရရှိသည့် ဝင်ငွေအဖြစ်သတ်မှတ်နိုင်သည်။ ၂၀၁၇ အခွန်အကောက်ဥပဒေအရ ရရှိလာသည့် အသားတင်အမြတ်ကို ၂၅ ရာခိုင်နှုန်းကောက်ခံသည်။

### လိုင်စင်လျှောက်ထားမှု အတည်ပြုခြင်း၊ သုံးသပ်ခြင်းလုပ်ငန်းစဉ်

၁၉၉၄ မြန်မာ့သတ္တုတွင်းနည်းဥပဒေတွင် တနိုင်တပိုင်ထုတ်လုပ်ခွင့်ပါမစ်လျှောက်ထားခြင်းကို သက်ဆိုင်ရာ နိုင်ငံပိုင်သတ္တုတွင်းလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနမှ အာဏာလွှဲထားသူထံ လျှောက်ထားရမည်ဟု ဖော်ပြထားသည်။ သို့သော်လည်း ရရှိလာသည့် အချက်အလက်များအရ တနိုင်တပိုင်တွင်းထွက်ထုတ်လုပ်မှု လိုင်စင်ချထားပေးခြင်းနှင့် သက်ဆိုင်သည့် အခြားဌာနများရှိမရှိ ရှင်းလင်းစွာမသိရပါ။

ပြန်လည်ပြင်ဆင်ထားသည့် မြန်မာ့သတ္တုတွင်းဥပဒေနှင့် မြန်မာ့ကျောက်မျက်ဥပဒေအရ အသေးစား သတ္တုတူးဖော်ရေးပါမစ်များ သုံးသပ်နိုင်ခွင့်ကို ပြည်နယ်နှင့်တိုင်းဒေသကြီးသို့ ခွဲထားပေးလိုက်ကြောင်းကို နားလည်ထားပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး စိစစ်ရေးကော်မတီဝင်များကို ပြည်ထောင်စုသတ္တုတွင်းဝန်ကြီးဌာန သို့မဟုတ် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများမှ ရွေးချယ်ခန့်အပ်ကြောင်းကိုလည်း နားလည်ထားပါသည်။ ပြည်နယ်အဆင့် အစုအဖွဲ့များ အနေဖြင့် ၎င်းတို့၏ တာဝန်များကိုမလစ်ဟင်းအောင် ဆောင်ရွက်နိုင်ရန် စွမ်းရည်မြင့်တင်ပေးခြင်း၊ ဆွဲဆောင်ခြင်းများ မည်သို့ဆောင်ရွက်မည်ကို ရှင်းလင်းစွာမသိရသေးပါ။ သို့မဟုတ် ၎င်းတို့လုပ်ငန်းများနှင့် ပြည်ထောင်စုအဆင့်ကြား မည်သို့ချိတ်ဆက်ဆောင်ရွက်မည်ကို ရှင်းလင်းစွာမသိရသေးပါ။

လက်ရှိတွင် တွင်းထွက်နှင့် ကျောက်မျက်လိုင်စင်များကို သတ္တုတွင်းဝန်ကြီးဌာန ဦးဆောင်ကော်မတီမှ သုံးသပ်အတည်ပြုလျက်ရှိကြောင်းကိုနားလည်ထားပါသည်။ ဦးဆောင်ကော်မတီတွင် ဝန်ကြီး၊ ဒုဝန်ကြီးနှင့် ဌာနများနှင့် နိုင်ငံပိုင်လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများပါဝင်သည်။ သတ္တုတွင်းဝန်ကြီးဌာနသည် လျှောက်လွှာများ သုံးသပ်ရာတွင် သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ရှာဖွေရေးဦးစီးဌာနနှင့် သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်းများမှ အကြံပေးချက်များနှင့် ဆောင်ရွက်ကြောင်းကို နားလည်ထားပါသည်။ သို့သော်လည်း သတ္တုတွင်း ဌာနများနှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ တာဝန်များ ကို လက်ရှိဥပဒေများတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

တွင်းထွက်ပါမစ်များချထားပေးရာတွင် သုံးသပ်ရမည့် ဘဏ္ဍာရေး၊ နည်းပညာ သို့မဟုတ် အခြားသတ်မှတ်ချက်များကို မြန်မာ့သတ္တုတွင်းဥပဒေအဟောင်းတွင်ရော၊ ပြင်ဆင်ထားသည့် ဥပဒေတွင်ပါဖော်ပြထားခြင်းမရှိပါ။ လျှောက်လွှာများကို အထက်တွင်ဖော်ပြခဲ့သည့် ကော်မတီကသုံးသပ်သည်။ တွင်းထွက်လိုင်စင်လျှောက်လွှာများ စိစစ်ရာတွင် စစ်ဆေးသည့် အကြောင်းအရာများမှာ -

- တူးဖော်မှုဆိုင်ရာအချက်အလက်
- အနိမ့်ဆုံးရင်းနှီးမြှုပ်နှံမှု မတည်ငွေ
- အခြေခံ အဆောက်အဦ အစီအစဉ်များ
- တူးဖော်ခြင်း နှင့် ထုတ်လုပ်ခြင်းနည်းလမ်းများ
- ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များ
- ဘဏ်အာမခံတို့ကို စစ်ဆေးသည်။

ယင်းအချက်အလက်များ သုံးသပ်တိုင်းတာပုံမှာ ရှင်းလင်းမှုမရှိပါ။ ထို့ပြင် MONREC ကိုယ်စားလှယ်များနှင့် ဆွေးနွေးချက်အရ လိုင်စင်သစ်များအတွက် သုံးသပ်မှုများပြုလုပ်ရာတွင် ယခင်လုပ်ငန်းအတွေ့အကြုံ သို့မဟုတ် ဘဏ္ဍာရေးတောင့်တင်းမှုများကို စေ့စပ်စွာ စစ်ဆေးခြင်း မရှိကြောင်းသိရသည်။

### ကျောက်မျက်ကဏ္ဍ

မြန်မာကုမ္ပဏီများအက်အရ မြန်မာကုမ္ပဏီအဖြစ်နှင့် ဖွဲ့စည်းထားသည့် ကုမ္ပဏီ သို့မဟုတ် အထူးကုမ္ပဏီအက်ဥပဒေ ၁၉၅၀ အရ မြန်မာနိုင်ငံသားများလုံးဝပိုင်ဆိုင်သည့် ကုမ္ပဏီကိုသာ ကျောက်မျက်ထုတ်လုပ်ခွင့် ပါမစ်ချထားပေးမည်ဟု ကျောက်မျက်ဥပဒေတွင်ဖော်ပြထားသည်။ ထို့ပြင် ၁၉၁၄ မြန်မာကုမ္ပဏီများအက်တွင်လည်း မြန်မာနိုင်ငံသားများက အပြည့်အဝပိုင်ဆိုင်၊ ထိန်းချုပ်သည့်ကုမ္ပဏီများဖြစ်ရမည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ကျောက်မျက်တူးဖော်ခြင်းကို လုံးဝပိတ်ပင်ထားသည်။ ပါမစ်လျှောက်ထားခွင့်မရှိရုံသာမက ဒေသခံကုမ္ပဏီနှင့် အကျိုးတူဖက်စပ်လုပ်ငန်း ဆောင်ရွက်ခွင့်ပင်မရှိပါ။

မြန်မာ့ကျောက်မျက်ဥပဒေ ၁၉၉၅တွင် ကျောက်မျက်ထုတ်လုပ်မှုပါမစ်အမျိုးအစားတခုသာရှိပြီး လေလံစနစ်ဖြင့် ချထားပေးရမည်ဟုဖော်ပြထားသည်။ လက်တွေ့တွင် အကျိုးတူအမြတ်ခွဲဝေလုပ်ကိုင်ခွင့်ပါမစ်များကို ဦးရာလူစနစ်ဖြင့် အမြင့်ဆုံး ဧက ၁၆၀ထိအကျယ်အဝန်းရှိသည့် လုပ်ကွက်များကို ၂၀၁၆ မတ်လမတိုင်မီ (၁၉၉၀ နှစ်များမှစပြီး) ထိချထားပေးခဲ့သည်။ သို့သော်လည်း ၂၀၁၆ မတ်တွင် ၂၀၁၆ ကျောက်မျက်ဥပဒေပြင်ဆင်ချက်နှင့်အညီ အကျိုးတူဖက်စပ် လုပ်ငန်းအတွက် အမြင့်ဆုံးချထားပေးသည့် လုပ်ကွက်အရွယ်အစားသည် ဧက ၅၀သာဖြစ်ရမည်ဟု သတ်မှတ်ပေးခဲ့သည်။ သို့သော်လည်း ထွက်ရှိသည့် ကျောက်မျက်ပမာဏပေါ်မူတည်ပြီး အတိုးအလျှော့ဆောင်ရွက်နိုင်သည်။ [50]

၂၀၁၆ ကျောက်မျက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ အကြီးစားနှင့် အလတ်စားပါမစ်များကို လေလံစနစ်ဖြင့် ချထားပေးမည်ဖြစ်သည်။ [51] မြန်မာ့ကျောက်မျက်လုပ်ငန်း Myanmar Gems Enterprise (MGE) မှ တင်ဒါကြေညာ-၁များကို သတင်းစာတွင်ထည့်သွင်းကြေညာခဲ့သည်။ အလားအလာရှိ သည့် ရင်းနှီးမြှုပ်နှံသူများကိုလည်း လုပ်ကွက်လေ့လာရန် တလခွင့်ပြုပေးခဲ့သည်။

MGE မှထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ နိုင်ငံတော်နှင့် အကျိုးတူလုပ်ငန်းအတွက် လိုင်စင်ချထားပေး သည့် လုပ်ငန်းစဉ်နှင့် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ နိုင်ငံတော်နှင့် အကျိုးတူကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေး ဆောင်ရွက်လိုသည့် နိုင်ငံသားပိုင်ကုမ္ပဏီသည် ကွင်းဆင်းလေ့လာမှုများပြုလုပ်ကာ၊ ပါမစ်လျှောက်ထားလိုသည့်မြေကွက်ကို စစ်ဆေးရမည်။ ထို့နောက်မြေပုံထုတ်ပြီး MGE သို့လျှောက်လွှာတင်ရမည်။ ကုမ္ပဏီအမှတ်တံဆိပ်၊ အမှုဆောင်ဒါရိုက်တာ လက်မှတ်နှင့် အတူလျှောက်ထားရမည်။

၂။ ထိုသို့လျှောက်ထားရာတွင် လျှောက်ထားသူသည် နိုင်ငံတော်နှင့် အကျိုးတူလုပ်ငန်းဆောင်ရွက်လိုသူများအတွက် သတ်မှတ်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ လျှောက်ထားရမည်။

၃။ MGE သည်ကွင်းဆင်းလေ့လာရန်၊ ဒေသတွင်း သတ္တုဦးစီးဌာနသို့ လုပ်ကွက်လျှောက်ထားသည့်မြေသည် လုပ်ကွက်အဖြစ် သတ်မှတ်ရ မရဆုံးဖြတ်သည့် အချက် ၁၁ ချက်နှင့်

[50] Source: Gemstone Sector Review – July 2016

[51] Source: Gemstone Sector Review – July 2016

ကိုက်ညီမှုရှိမရှိကို ဆုံးဖြတ်နိုင်ရန် မြို့နယ်ထွေအုပ်၊ သစ်တောဦးစီးဌာန၊ မြေတိုင်းဦးစီးဌာန၊ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်ကော်မတီဝင်များ ပါဝင်သည့်အဖွဲ့ ဖွဲ့စည်းသွားမည်ဖြစ်သည်။

၄။ ကွင်းဆင်းလေ့လာမှု အစီရင်ခံစာကိုရရှိပါက သတ္တုတွင်းဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများပါဝင်သည့် ရတနာလုပ်ကွက်လိုင်စင်ချထားပေးခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်မှုကော်မတီသို့ တင်ပြသည်။ ကြီးကြပ်မှုကော်မတီသည် လျှောက်ထားလာသည့် လုပ်ကွက်ချထားပေးသင့် မသင့်ကိုဆုံးဖြတ်ပြီး အတွင်းဝန်ဦးဆောင်သည့် မြန်မာ့ကျောက်မျက်ဖွံ့ ဖြိုးရေးဦးဆောင်ကော်မတီ သို့ပြန်လည်တင်ပြသည်။

၅။ ဦးဆောင်ကော်မတီစည်းဝေးပွဲတွင် တင်ပြလာသည့် လျှောက်လွှာများကို ဆွေးနွေး၊ ညှိနှိုင်းသည်။ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် လုပ်ကွက်များကိုလိုင်စင်ချထားပေးသည်။

၆။ ခွင့်ပြုပေးသည့် အကျိုးတူလုပ်ကွက်များအတွက် တကြောလျှင် ကျပ်ငွေ ၁၀ သိန်းကို လုပ်ကွက်လျှောက်လွှာကြေးအဖြစ်ပေးသွင်းရသည်။ လုပ်ငန်းမစမီကြိုတင်ပေးသွင်းရမည်ဖြစ်သည်။

MGE မှ ရရှိထားသည့် အချက်အလက်များအရ သတ်မှတ်ထားသည့်/ဖော်ထုတ်ထားသည့် လုပ်ကွက်များ (designated/revealed)၊ လစ်လပ် (vacant) လုပ်ကွက်များအတွက် လိုင်စင်ချထားပေးသည့် လုပ်ငန်းစဉ်နှင့် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ကျောက်မျက်ဥပဒေနှင့်အညီ လုပ်ကွက်ဆောင်ရွက်နေသည့်၊ ထုတ်လုပ်နေသည့် နိုင်ငံသား တဦးချင်း၊ နိုင်ငံသားပိုင်ကုမ္ပဏီ နှင့် ကော်ပိုရေးရှင်းများများ၏ သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်ထားသည့် လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များသည် ၂၀၁၆ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လ တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး၊ ၄င်းတို့ကို မြန်မာ့ကျောက်မျက်ဥပဒေ (အပိုဒ် ၁၂၊ ၁၃၊ ၁၅) နှင့်အညီ ဈေးပြိုင်လေလံစနစ်ဖြင့် လိုင်စင်ချထားပေးမည်ဖြစ်သည်။

၂။ လုပ်ကွက်လျှောက်ထားသည့် ကုမ္ပဏီသည် ဘဏ္ဍာရေးအရ ခိုင်မာကြောင်း အထောက်အထားကို မြန်မာ့ စီးပွားရေးဘဏ် သို့မဟုတ် နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်မှ ဘဏ်ထောက်ခံချက် နှင့်အတူ လျှောက်ထားရမည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ လျှောက်လွှာရယူပြင်ဆင်ခြင်းနှင့် လျှောက်ထားခြင်းကို မြန်မာ့ကျောက်မျက်လုပ်ငန်းနှင့် ချိတ်ဆက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် လျှောက်လွှာရယူပြင်ဆင်ခြင်း - မြန်မာ့ကျောက်မျက်ဥပဒေအရ ၂၀၁၅ အောက်တိုဘာ ၁၄ မှစပြီး မှတ်ပုံတင်ကြေးကို မြန်မာ့ကျောက်မျက်ပြတိုက်၊ မြန်မာ့ကျောက်မျက်လုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင် ပေးသွင်းပြီး၊ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ လျှောက်လွှာထုတ်ယူပြီး၊ လုပ်ငန်းမြေပုံကို ကြည့်ရှု လေ့လာနိုင်သည်။

(ခ) လျှောက်လွှာတင်သွင်းခြင်း - လျှောက်လွှာလျှောက်ထားသည့် ပုဂ္ဂိုလ်သည် လျှောက်လွှာ (မကလ ၂)နှင့် တွဲဖက်လျှောက်လွှာ ( သမ ၁) တို့ဖြင့် သတ်မှတ်ထားသည့်လုပ်ကွက်ကိုလျှောက်ထားရမည်။ (မလက ၅) နှင့် တွဲဖက် (ဖထ ၁) တို့ဖြင့် ဖော်ထုတ်ထားသည့်လုပ်ကွက်ကိုလျှောက်ထားရမည်။ လျှောက်လွှာကို တခုချင်းစီခွဲပြီး၊ စာအိတ်တွင် အတွင်းအပြင် ချိတ်ပိတ်ကာ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ပြတိုက်၊ မြန်မာ့ကျောက်မျက်လုပ်ငန်း (ရုံးချုပ်) သို့ ၂၀၁၅ အောက်တိုဘာ ၁၄ မှ ၂၀၁၅ နိုဝင်ဘာ ၁၃ အတွင်း ပေးပို့ရမည်ဖြစ်သည်။

၄။ ကျောက်မျက်လုပ်ကွက်များဈေးပြိုင်စနစ်ဖြင့်လျှောက်ထားရာတွင် လုပ်ကွက်တခုအတွက် အာမခံကြေးကျပ်ငွေ ၁၀ သိန်းကို မြန်မာ့ကျောက်မျက်လုပ်ငန်းသို့ပေးပို့ရမည်။

၅။ ကျောက်မျက်လုပ်ကွက်တခုအတွက် ကြမ်းခင်းဈေးမှာ ကျပ်ငွေ ၁၀ သိန်းဖြစ်သည်။

၆။ နာမည်ပျက်စာရင်းတွင်ပါဝင်သည့် ကုမ္ပဏီများသည် ကျောက်စိမ်းနှင့် ကျောက်မျက်လုပ်ကွက်များ လျှောက်ထားခွင့်မရှိပါ။

၇။ မြန်မာ့ကျောက်မျက်လုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင် ကျောက်မျက်လုပ်ကွက်ကြေညာနှင့် လုပ်ကွက်မြေပုံများ ထုတ်

ပြန်သည်နှင့်တပြိုင်နက် မိုးကုတ်၊ မိုင်းရှူး၊ မှ ကျောက်မျက်ဌာန၊ ဖားကန့်၊ မိုးညှင်း၊ ခန္တီးမှ ကျောက်စိမ်းဌာနများတွင် ဖော်ထုတ် လုပ်ကွက်စာရင်း၊ လုပ်ကွက်မြေပုံတို့ကို တပြိုင်နက်တည်း ထုတ်ပြန်သည်။ အသေးစိတ်သိရှိလိုပါက ဌာနခွဲများတွင် ဆက်သွယ်မေးမြန်းနိုင်သည်။

MGE မှပေးသည့် အချက်အလက်များအရ သက်တမ်းလွန် လုပ်ကွက်နှင့် သတ်မှတ်ထားသည့် လုပ်ကွက်များလိုင်စင် ချထားပေးသည့် လုပ်ငန်းစဉ်၊ သတ်မှတ်အမျိုးအစားမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ သက်တမ်းလွန်လုပ်ကွက်နှင့် သတ်မှတ်လုပ်ကွက် (အသစ်) နေရာများကို နေ့စဉ်သတင်းစာတွင် ထုတ်ပြန်ကြေညာသည်။ လုပ်ငန်းရှင်အနေဖြင့် ကြေညာပါ လုပ်ကွက်ကိုလျှောက်ထား လိုသည်ဆိုပါက သတ်မှတ်ထားသည့် အချိန်အတွင်း ချိတ်ပိတ် တင်ဒါစနစ်ဖြင့် ပြင်ဆင်လျှောက်ထားရမည်။ သက်တမ်းကုန် သည့် လုပ်ကွက်များစာရင်းကို မြန်မာ့ကျောက်မျက်ပြတိုက်၊ မြန်မာ့ကျောက်မျက်လုပ်ငန်း (ရုံးချုပ်)နှင့် သက်ဆိုင်ရာ သတ္တု တွင်းဌာနများ ကြေညာသင်ပုန်းတွင် ချိတ်ဆွဲထားသည်။

၂။ ကြေညာထားသည့် လုပ်ကွက်များကိုသာ လျှောက်ထား ရမည်။ကြေညာတွင်မပါသည့် လုပ်ကွက်များကို လျှောက်ထား ရန်မလို။

၃။ သက်တမ်းကုန် လုပ်ကွက်များ သက်တမ်းတိုးရာတွင် လုပ် ကွက်တခုအတွက် လျှောက်လွှာတခုတင်ပြရမည်။ လုပ်ကွက် လျောက်လွှာဝယ်ယူရန်အတွက် အောက်ပါအထောက်အထား များပါဝင်ရမည်။

(ဂ) ကုမ္ပဏီမှတ်ပုံတင် (မူရင်း/မိတ္တူ)
(ဃ) ပုံစံ ၆/၂၆ (မူရင်း/မိတ္တူ)
(င)ကျောက်မျက်လုပ်ငန်းရှင်အသင်းဝင်လက်မှတ် (မူရင်း/ မိတ္တူ)
(စ) လုပ်ငန်းရှင်၏နိုင်ငံသားစိစစ်ရေးကဒ် (မိတ္တူ)
(ဆ) ကိုယ်စားဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ
(ဇ) ကိုယ်စားလှယ်၏နိုင်ငံသား စိစစ်ရေးကဒ် (မိတ္တူ)
(ဈ) ဘဏ်ချလံ (အာမခံ)

၄။ ကုမ္ပဏီသည် နာမည်ပျက်စာရင်းမပါကြောင်း၊ သက်တမ်း မကုန်ဆုံးသေးသည့် ကုမ္ပဏီဖြစ်ကြောင်းကို အထက်ဖော်ပြပါ အထောက်အထားများပြပြီး၊ ပေးသွင်းမှုများပြုလုပ်ရသည်။ လျှောက်လွှာကြေး ကျပ်ငွေ ၁၀၀၀ဖြစ်ပြီး၊ လျှောက်လွှာများ အားလုံးဝယ်ယူရသည်။ လုပ်ကွက်တခုအတွက်လျှောက်လွှာ ၁ စောင်ဖြစ်ပြီး၊ လျှောက်လွှာတစောင် လျှင် ကျပ်ငွေ ၃၀၀ ဖြစ် သည်။ လုပ်ကွက်အရေအတွက်ပေါ်မူတည်ပြီး လျှောက်လွှာ ဝယ်ယူရမည်ဖြစ်သည်။

၅။ လျှောက်လွှာဝယ်ယူပြီးပါက လျှောက်ထားသည့် လုပ်ကွက် တခုခြင်းစီအတွက် အာမခံကြေးကျပ်ငွေ ၁၀ သိန်းကို မြန်မာ့ စီးပွားရေးဘဏ်တွင်သွင်းပြီး ချလံရယူရမည်။

၆။ အာမခံကြေးသွင်းပြီးပါက ဘဏ်ချလံကို ပြေစာနှင့်လဲယူ ရမည်။

၇။ လျှောက်လွှာပါအကြောင်းအရာများ မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်ပြီးပါက လျှောက်လွှာကို ဘဏ်ချလံ (ထောက်ခံချက်) နှင့်တွဲပြီး မြန်မာ့ကျောက်မျက်လုပ်ကွက်လိုင်စင်ချထားပေး ရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌသို့လိပ်မူ၍ လျှောက်ထားသည့် ကုမ္ပဏီအမည်ကို စာအိပ်တွင်ရေးသား၊ ချိတ်ပိတ်ပြီး လျှောက်လွှာလက်ခံရေးအဖွဲ့သို့ပေးပို့ရမည်။

၈။ လျှောက်လွှာလက်ခံရေးအဖွဲ့သည် ချိတ်ပိတ်ထားသည့် စာအိပ်တွင် အာမခံဘောက်ချာအမှတ်နှင့် မှတ်ပုံတင် အမှတ် ရေးပြီး စာရင်းသွင်းသိမ်းဆည်းသည်။

၉။ စာရင်းသွင်းပြီး စာအိတ်များကို တာဝန်ရှိအရာရှိက စစ်ဆေးပြီးနောက်တွင်၊ လုပ်ငန်းရှင်အနေဖြင့် ဒေသ၊ လုပ် ကွက်၊ ကျောက်စိမ်းတွင်းအလိုက်ခွဲခြားထားသည့် တင်ဒါ သေတ္တာများတွင် ထည့်သွင်းပေးရမည်။

၁၀။ လျှောက်လွှာထည့်သည့် သေတ္တာများတွင် အဖုံး ၂ ခုရှိပြီး၊ သော့ ၂ ခုဖြင့်ခတ်ထားသည်။ အတွင်းဖက် အဖုံးကို သော့နှစ် ချောင်းခတ်ပြီး သော့များကိုချိတ်ပိတ်ကာ ညွှန်ကြားရေးမှူးက သိမ်းဆည်းထားသည်။ အပြင်ဘက်အဖုံး သော့ကို လျှောက်လွှာလက်ခံရေးအဖွဲ့က ကိုင်ထားပြီး၊ လျှောက်လွှာ ထည့်သည့်အခါတွင်ဖွင့်ပေးသည်။

၁၁။ လျှောက်လွှာလက်ခံသည့်ကာလမှာ ရက်ပေါင်း ၃၀ ဖြစ်

သည်။

၁၂။ လုပ်ကွက်လျှောက်လွှာများထည့်ထားသည့် တင်ဒါသတ္တာများကို မြန်မာ့ကျောက်မျက်ဖွံ့ ဖြိုးရေးဦးဆောင်ကော်မတီ၏ အစည်းအဝေးတွင် ဖွင့်ဖောက်၊ စစ်ဆေးမည်ဖြစ်သည်။ တူညီသည့် လုပ်ကွက်အလိုက်၊ ငွေကြေးပမာဏ အနည်းအများအလိုက် ဆန်းစစ်သွားမည်ဖြစ်သည်။

၁၃။ မြန်မာ့ကျောက်မျက်ဖွံ့ ဖြိုးရေးဦးဆောင်ကော်မတီသည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုင်စင်များချပေးသည်။

၁၄။ စျေးအမြင့်ဆုံးပေးနိုင်သည်ဆိုပါက မူလလုပ်ငန်းရှင်ကို ဦးစားပေး၍ချပေးသည်။ စျေးမပေးနိုင်ပါက ပြိုင်ဘက်လုပ်ငန်းရှင် (စျေးအမြင့်ဆုံးပေးသူ) ကို လိုင်စင်ချထားပေးသည်။

၁၅။ လုပ်ကွက်လိုင်စင်များနှင့် လိုင်စင်ရရှိသည့် လုပ်ငန်းရှင်များအမည်ကို ကြေညာဘုတ်တွင်ကြေညာပေးသည်။ လုပ်ငန်းရှင်များကို လုပ်ကွက်၊ လိုင်စင်ကဒ်အတွက် ကြိုတင်ငွေပေးသွင်းရန် အကြောင်းကြားသည်။

၁၆။ လုပ်ကွက်လိုင်စင်မရသည့် လျှောက်လွှာများ၏ အာမခံချက်များကို ပြန်အမ်းသည်။

၂၀၁၅ – ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အကျယ်အဝန်း ၄၃ ဟက်တာအတွက် ကျောက်မျက်လုပ်ကွက် ၄၃ ခုချထားပေးခဲ့သည်။ ချထားပေးသည့် ပါမစ်စာရင်းအပြည့်အစုံနှင့် EITI စံသတ်မှတ်ချက်အရ ထုတ်ပြန်ချက်များကို နောက်ဆက်တွဲ ၁၁ တွင်ဖော်ပြထားပါသည်။ MGE အဆိုအရ ဖော်ပြခဲ့ပါ လုပ်ထုံးလုပ်နည်းများနှင့် သတ်မှတ်ချက်များ အတိုင်းရွေးချယ်ခဲ့သည်ဟု သိရသည်။ နောက်ဆက်တွဲ ၁၁ တွင် တင်ဒါစနစ်ဖြင့် ချထားပေးသည့် ပါမစ်လျှောက်ထား သူများ၏ စာရင်းကိုဖော်ပြထား–ခြင်းမရှိပါ။

### စနစ်များ၏မြန်ဆန်ထိရောက်မှု

သဘာဝသယံဇာတ တူးဖော်ခွင့်ပြုရန် မပြုရန်ဆုံးဖြတ်ရာတွင် လိုင်စင်ရရှိထားသူ၏ နည်းပညာပိုင်း၊ ဘဏ္ဍာရေး တောင့်တင်းမှုပိုင်း၊ စီမံကိန်းမှ ရရှိလာမည့် ဝင်ငွေနှင့် အခြားအကျိုးအမြတ်များ၊ ပေါ်ပေါက်လာနိုင်သည့် လူမှုဝန်းကျင်နှင့် သဘာဝဝန်းကျင်ထိခိုက်မှုများအပါအဝင် ကိစ္စအမျိုးမျိုးကိုချင့်ချိန်ရန်လိုသည်။

ပါမစ်ချထားပေးခြင်း၊ သက်တမ်းတိုးခြင်း နှင့် လွှဲပြောင်းခြင်းတို့ကိုခွင့်ပြုရန်အတွက် သုံးသပ်မှုများပြုလုပ်ရာတွင် အသုံး–ပြုသည့် အချက်အလက်များကိုထုတ်ပြန်ခြင်းမရှိပါ။ တိုင်းတာသည့် စံနှုန်းများ နှင့် သုံးသပ်သည့် လုပ်ငန်းစဉ်မှာလည်း ရှင်းလင်းခြင်းမရှိပါ။

MONREC သို့ သတ္တုတွင်းပါမစ်နှင့် လိုင်စင်လျှောက်ထားမှုအများအပြားရှိသည်။ ၄င်းတို့ကို သတ်မှတ်ထားသည့် ကာလအတွင်း သုံးသပ်ရမည်ဖြစ်သည်။ အသစ်လျှောက်ထားခြင်းများအပြင် အယူခံဝင်လျှောက်လွှာများလည်း ပါဝင်သည်။ ဝန်ထမ်းအင်အားအကန့်အသတ်ရှိသည်ဖြစ်သောကြောင့် လျှောက်လွှာများသုံးသပ်သည့် လုပ်ငန်းစဉ်မှာ နှောင့်နှေးရသည်။ ထို့ကြောင့် စတိတ်ဟိုဒါအများအပြား၏ လျှောက်လွှာများမှာ စုပုံနေသည်။

**လက်ရှိ ဥပဒေနှင့် စည်းမျဉ်းမူဘောင်များသည် တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုတွင် နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီစေရန် ဆန်းစစ်သုံးသပ်မှုများဆောင်ရွက်ရန် အရေးကြီးသည်။ သုံးသပ်စိစစ်ခြင်း၊ လုပ်ကွက်ချထားပေးခြင်း လုပ်ငန်းစဉ်များကို ပို၍ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်သင့်သည်ဟု တိုက်တွန်းလိုပါသည်။ ရွေးချယ်ရာတွင် အသုံးပြုသည့် စံနှုန်းများကိုလည်း အများပြည်သူ သိရှိစေရန်၊ အသုံးချလေ့လာနိုင်ရန် ထုတ်ပြန်သင့်သည်ဟု တိုက်တွန်းလိုပါသည်။ နိုင်ငံပိုင် လုပ်ငန်းများအပါအဝင် အစိုးရဌာနများ၏ တာဝန်များကိုလည်း ရှင်းလင်းစွာသတ်မှတ်ပြီး သတ္တုတွင်းဆိုင်ရာ ဥပဒေတွင် ထည့်သွင်းထားစေလိုပါသည်။**

## ၃.၃.၁၅။ ဒေသအကျိုးဆောင်ရွက်ခြင်း၊ လူမှုရေးအတွက် ကုန်ကျခံပေးသွင်းမှုများ

သတ္တုတွင်းကုမ္ပဏီများအတွက် CSR သတ်မှတ်ချက်များ အသေးစိတ်ဖော်ပြထားသည့် ဥပဒေလက်ရှိတွင် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း နားလည်ထားပါသည်။ အချို့သော တူးဖော်ရေးကုမ္ပဏီများသည် CSR လုပ်ငန်းများကို ဆန္ဒအလျောက် ဆောင်ရွက်နေကြပါသည်။ ရပ်ရွာဖွံ့ဖြိုးရေးသဘောတူညီချက်

Community Development Agreement (CDA)၊ ကောင်းကျိုးဆိုးပြစ် သဘောတူညီချက် Impacts and Benefits Agreement (IBA) သို့မဟုတ် လူမှုရေးနှင့် အလုပ်သမားအစီအစဉ် Social and Labour Plan (SLP) ကဲ့သို့သော ရပ်ရွာဖွံ့ ဖြိုးရေးအတွက် ဥပဒေနှင့် သတ်မှတ် ဆောင်ရွက်ရန် ဥပဒေတွင် ဖော်ပြထားခြင်းမရှိပါ။ တူးဖော်ရေး လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှု များကို လျော့ချရန်သာ ဆောင်ရွက်ပေးရန် ဥပဒေအရ သတ် မှတ်ထားသည်။ (ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ အရ) ဆန္ဒအလျောက်ဆောင်ရွက်သည့် လူမှုရေးကုန်ကျ စရိတ်များနှင့် ပတ်သက်သည့် အချက်အလက်အနည်းငယ်ကို သာ စုံစမ်းရရှိပါသည်။ ပြည်သူ့ဘဏ္ဍာ သို့မဟုတ် စာရင်းစစ် အစီရင်ခံစာ များတွင်လည်း ဖော်ပြထားခြင်းမရှိပါ။

## ၃.၃.၁၆။ သတ္တုတွင်းကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ

မြန်မာ့သတ္တုတွင်းဥပဒေ

၁၉၉၄ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၁၅ ဒီဇင်ဘာ ၂၀၁၄ တွင် အမိန့်ကြေညာစာ ၇၂/၂၀၁၅ ဖြင့် အတည်ပြုခဲ့သည်။ (သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ) ရင်းနှီးမြုပ်နှံသူများနှင့်ဆိုင်သည့် သတ်မှတ်ချက်များ နှင့်ပတ်သက်ပြီး အချို့သော တိုးတက်မှုများပါဝင်သည်။

သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေတွင်ပါဝင်သည့် အပြောင်းအလဲများမှာ

- အကြီးစားထုတ်လုပ်မှုစီမံကိန်းများအတွက် အမြင့်ဆုံး ပါမစ်သက်တမ်းကို နှစ် ၅၀ အဖြစ်တိုးမြှင့်သတ်မှတ်ခြင်း
- တူးဖော်ရေးပါမစ်ရရှိထားသူများကို ထုတ်လုပ်ခွင့်ပါမစ် ရယူခွင့်ပေးခြင်း
- နိုင်ငံခြားသား ရင်းနှီးမြုပ်နှံသူနှင့် နိုင်ငံသားလုပ်ငန်းရှင်များ အကျိုးတူဖက်စပ်ဆောင်ရွက်နိုင်ခြင်း၊ အသေးစားနှင့် အလတ် စားထုတ်လုပ်မှုစီမံကိန်းများကို အကြီးစားထုတ်လုပ်မှု စီမံကိန်းအဖြစ် အဆင့်မြှင့်တင်နိုင်ခြင်း
- ထုတ်လုပ်မှုပါမစ်ဇရိယာတခုခြင်းစီ၏ အရွယ်အစားဆုံးဖြတ် သည့် စံနှုန်းများကို သတ်မှတ်ထားခြင်း
- စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်းနှင့် ဖြစ်နိုင်စွမ်းလေ့လာမှု ကို အောင်မြင်စွာလုပ်ကိုင်နိုင်သူများကို တူးဖော်ခွင့်နှင့် ထုတ်လုပ် ခွင့်ရရှိရန် အာမခံခြင်း

သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေတွင်ပါဝင်သည့် အကြီးစားပြင်ဆင်ချက်များကို အောက်တွင် စုစည်းဖော်ပြထား ပါသည်။

| စဉ် | အကြောင်းအရာ | ပြင်ဆင်ချက် |
|---|---|---|
| ၁ | အကြီးစား တူးဖော်မှု/ထုတ်လုပ်မှု ခွင့်ပြုမိန့် (ပုဒ်မခွဲ ၄) | ပါမစ်သက်တမ်းမှာ ၁၅ နှစ်မှ အများဆုံး နှစ် ၅၀ ထိ ဖြစ်သည်။ |
| ၂ | နိုင်ငံခြားရင်းနှီးမြုပ်နှံမှု (၄ က) | - ရှာဖွေခြင်း<br>- စမ်းသပ်တိုင်းတာခြင်း<br>-ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊<br>- အကြီးစား တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်း<br>- ဆင့်တက်ပြုပြင်ခြင်း၊<br>- ရောင်းချခြင်း နှင့် ဝယ်ယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ |
| ၃ | အကျိုးတူဖက်စပ် အပိုဒ် ၄ စ | - ဘူမိဗေဒလေ့လာမှုအစီရင်ခံစာ<br>- သတ္တုသိုက်အရည်အသွေးနှင့် ပမာဏပေါ်မူတည်၍ နိုင်ငံသားများပိုင်ဆိုင်သည့်အသေးစားနှင့် အလတ်စားစီမံကိန်းများကို နိုင်ငံခြားရင်းနှီးမြုပ်နှံမှုနှင့် ဆက်စပ်လုပ်ကိုင်သည့် အကြီးစားတူးဖော်ထုတ်လုပ်မှု အဖြစ် ပြောင်းလဲသို့မဟုတ် အဆင့်မြှင့်နိုင်သည်။ |

| | | |
|---|---|---|
| ၄ | ပါမစ်များ<br>ပုဒ်မ ၇ က နှင့် ၈ | ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနသည်<br>(က) နိုင်ငံခြားရင်းနှီးမြုပ်နှံမှုဖြင့်ဆောင်ရွက်သည့် စီမံကိန်းများ<br>(ခ) နိုင်ငံသားများပိုင်ဆိုင်သည့် အသေးစားနှင့် အလတ်စား စီမံကိန်းများကို နိုင်ငံခြားရင်းနှီးမြုပ်နှံမှုနှင့် ဆက်စပ်လုပ်ကိုင်သည့် အကြီးစား တူးဖော်ထုတ်လုပ်မှုအဖြစ် ပြောင်းလဲ သို့မဟုတ် အဆင့်မြှင့်တင်ရန် ပါမစ်များ ထုတ်ပေးနိုင်သည်။<br><br>နိုင်ငံခြားသားရင်းနှီးမြုပ်နှံမှုမပါဝင်သည့် ရင်းနှီးမြုပ်နှံမှု စီမံကိန်းများအတွက် ပါမစ်များကို အသစ်ဖွဲ့စည်းသည့် တိုင်းဒေသသို့မဟုတ် ပြည်နယ်ပါမစ်ဘုတ်အဖွဲ့များမှ ချထားပေးသွားရန် ပုဒ်မ ၁၁ ကတွင် ဖော်ပြထားသည်။ |
| ၅ | ထုတ်လုပ်မှုအဆင့်ခွဲခြားခြင်း<br>(ပုဒ်မ ၁၁) | - လုပ်ကွက်အကျယ်အဝန်း/လုပ်ငန်းအခြေအနေ<br>- အကွာအဝေး<br>- လိုအပ်သည့် အရင်းအနှီးပမာဏ<br>- အသုံးပြုသည့် ကိရိယာနှင့် ယန္တယားအသုံးပြုမှုပေါ်မူတည်ပြီး အဆင့်ခွဲခြားသွားမည်။ |
| ၆ | တူးဖော်/ထုတ်လုပ်ခွင့် ပါမစ်<br>ပုဒ်မ ၁၁ (က) | စမ်းသပ်တိုင်းတာခြင်း၊ ရှာဖွေခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းရှင်ကို တူးဖော်/ထုတ်လုပ်ခွင့်ချထားပေးမည်ဖြစ်သည်။ |
| ၇ | ရောင်းချခြင်း/ဝယ်ယူခြင်းပါမစ်များ<br>ပုဒ်မ ၁၁ (ခ) | ထုတ်လုပ်ခြင်းမရှိပဲ တွင်းထွက်များ ဝယ်ယူ/ကုန်ချော ထုတ်လုပ်လိုပါက ရောင်းချခြင်းနှင့် ဝယ်ယူခြင်းပါမစ်လျှောက်ထားရမည်။ |
| ၈ | ဓာတ်သတ္တုခွန်ပေးသွင်းရမည့် ငွေကြေး<br>ပုဒ်မ ၁၂ (ဆ) | နိုင်ငံခြားရင်းနှီးမြုပ်နှံသူများသည် ဓာတ်သတ္တုခွန်ကို<br>- မြန်မာကျပ်ငွေဖြင့်<br>-ဗဟိုဘဏ်က သတ်မှတ်သည့် ငွေလဲနှုန်းဖြင့်တွက်ချက်၍ ကျပ်ငွေ ပေးသွင်းရမည်။ |
| ၉ | ဓာတ်သတ္တုအခွန်နှုန်းထား<br>ပုဒ်မ ၁၈ (က) | (က) ရွှေ ပလက်တီနမ် ယူရေနီယမ်တို့ကို ၅ ရာခိုင်နှုန်း ယခင်က ၄ မှ ၅ ရာခိုင်နှုန်း<br>(ခ) ငွေ၊ ကြေးနီ၊ ခဲမဖြူ အစရှိသဖြင့် ၄ ရာခိုင်နှုန်း ယခင်က ၃ မှ ၄ ရာခိုင်နှုန်း<br>(ဂ) သံရိုင်း၊ သွပ်၊ ခဲ၊ အလျူမီနီယမ် နှင့် မဂ္ဂနိမ်စ် ၃ ရာခိုင်နှုန်း ယခင်က ၃ မှ ၄ ရာခိုင်နှုန်း<br>(ဃ) စက်မှုတွင်းထွက်များ နှင့် ကျောက် ၂ ရာခိုင်နှုန်း၊ ယခင်က ၁ မှ ၃ ရာခိုင်နှုန်း |
| ၁၀ | ဓာတ်သတ္တုအခွန်ပမာဏ တွက်ချက်ခြင်း<br>ပုဒ်မ ၁၉ (က) | - သတ္တုစင်ပါဝင်မှု ရာခိုင်နှုန်း<br>- နိုင်ငံတကာ ပေါက်ဈေးပေါ်တွင်အခြေခံကာတွက်ချက်မည်ဖြစ်သည်။ |
| ၁၁ | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်များ ပုဒ်မ ၁၃ (င)(၁) | - ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေထားရှိရန် |

| | | |
|---|---|---|
| ၁၂ | ပတ်ဝန်းကျင် ပြန်လည်ပြုပြင်ပေးရန် သတ်မှတ်ချက် ပုဒ်မ ၁၃ (င) (၂) | တူးဖော်မှုပြီးသည့်အခါတွင် လုပ်ကွက်ပိတ်သိမ်းခြင်း/ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရန် |
| ၁၃ | ကျောက်မျက်များပေါ်သက်ရောက်မှု မရှိခြင်း (ပုဒ်မ ၁ ခ၊ ၁၉၊ ၂၁) | ကျောက်မျက်နှင့် ကျောက်မျက်တူးဖော်ခြင်းကို သတ္တုတွင်းဥပဒေမှ ဖယ်ထုတ်လိုက်ပြီး၊ သီးခြားစီမံမည် ဖြစ်သည်။ |
| ၁၄ | ပြစ်မှုနှင့် ဒဏ်ကြေး<br>ပုဒ်မ ၁၀ က နှင့် ၃၂ က | သတ္တုတွင်းဥပဒေချိုးဖောက်မှုအတွက် ထောင်ဒဏ်နှင့် ဒဏ်ငွေပမာဏ ကို အများအပြားတိုးမြှင့်လိုက်သည်။ |
| ၁၅ | နိုင်ငံတော်၏ပါဝင်မှု<br>ပုဒ်မ ၃၅ က | သတ္တုတွင်းဝန်ကြီးဌာနသည် ပါမစ်ရရှိထားသူများနှင့် ဖက်စပ်သို့မဟုတ် အကျိုးတူလုပ်ငန်းများ ဆောင်ရွက်နိုင်သည်။ အကျိုးတူထုတ်လုပ်မှုများတွင် ဝန်ကြီးဌာနသည်<br>- ထုတ်လုပ်မှုပေါ်တွင် အချိုးသောစရိတ်များပါဝင်ကုန်ကျခံလျက်<br>- အကျိုးအမြတ်ခွဲဝေခြင်း<br>- နှစ်ဖက်ထည့်ဝင်မှုပေါ်အခြေခံသည့် အမြတ်ခွဲဝေမှုစနစ်တို့ဖြင့် ပါဝင်မည်ဖြစ်သည်။ |

### မြန်မာ့ကျောက်မျက်ဥပဒေ

မြန်မာ့ကျောက်မျက်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ (၂၃/၂၀၁၆) ကို ပြည်ထောင်စုလွှတ်တော်က ဇန်နဝါရီ ၂၉တွင် အတည်ပြုခဲ့သည်။ ပထမအကြိမ်ပြုပြင်မှုကို ၂၀၀၃ တွင်ပြုလုပ်ခဲ့ပြီး ထင်ရှားသည့် ပြုပြင်မှုမဟုတ်ခဲ့ပါ။ ဒုတိယအကြိမ်ပြုပြင်မှု (၂၀၁၆) သည် ၁၉၉၅ ဥပဒေ၏ ၇၅ ရာခိုင်နှုန်းနီးပါးကို ပြုပြင်ထားခြင်းဖြစ်သည်။ မြင်သာသည့်ပြုပြင်မှုများတွင်

၁။ ကျောက်မျက်ထုတ်လုပ်မှုအမျိုးအစားခွဲခြားခြင်းကို ရှင်းလင်းစွာသတ်မှတ်ခြင်း (ယခင်ကသတ်မှတ်ထားခြင်းမရှိပါ။)

(က) ကျောက်မျက်အရိုင်း

(ခ) အချောထည် - ဖြတ်တောက်၊ သွေး၊ အရောင်တင်၊ ပုံဖော်၊ ရုပ်တုထုထားပြီး လက်ဝတ်ရတနာအဖြစ် မပြုလုပ်ရသေးသည့်ကျောက်မျက်

(ဂ) လက်ဝတ်ရတနာ

(ဃ) ကျောက်မျက်ရတနာနှင့်ပြုလုပ်ထားသည့် ပစ္စည်းများပါဝင်သည်။

၂။ ကျောက်မျက်ထုတ်လုပ်မှုပါမစ် (ယခင်က ပါမစ်အမျိုးအစားတခုတည်းသာရှိခဲ့သည်။ ကျောက်မျက် ထုတ်လုပ်မှုပါမစ်)

(က) အကြီးစားတူးဖော်ထုတ်လုပ်ခြင်း - MONREC သတ်မှတ်ထားသည့် လုပ်ကွက်အရွယ်အစား ၊ နည်းပညာ၊ စက်များဖြင့် ၁၀ နှစ်တူးဖော်ခွင့်၊ ပါမစ်ကို လေလံစနစ်ဖြင့်ချပေးသည်။

(ခ) အလတ်စား တူးဖော်ထုတ်လုပ်ခြင်း - MONREC သတ်မှတ်ထားသည့် လုပ်ကွက်အရွယ်အစား၊ နည်းပညာ၊ စက်များဖြင့် ၅ နှစ်တူးဖော်ခွင့်၊ ပါမစ်ကို လေလံစနစ်ဖြင့်ချပေးသည်။

(ဂ) အသေးစားတူးဖော်ထုတ်လုပ်ခြင်း - ငွေရင်းနှီးများစွာမလိုသည့် လုပ်ငန်း၊ MONREC သတ်မှတ်ထားသည့် နည်းပညာ၊ စက်များဖြင့် ၃နှစ်တူးဖော်ခွင့်၊ ပါမစ်ကို ရိုးရိုးလျှောက်ထားရယူနိုင်သည်။

(ဃ) တနိုင်တပိုင် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း - MONREC က ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အစိုးရနှင့် ဆွေးနွေးမှုပြုလုပ်ပြီးနောက် သတ်မှတ်ထားသည့်အတိုင်း၊ လက်လုပ်ကိရိယာ သို့မဟုတ် မြင်းကောင်ရေ မများသည့် စက်၊ သက်တမ်း ၁ နှစ်။ ပါမစ်ကို ရိုးရိုးလျှောက်ထားရယူနိုင်သည်။

ပြင်ဆင်ထားသည့် ဥပဒေတွင် အောက်ဖော်ပြပါအမျိုးအစားအတွက် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း သို့မဟုတ် ရှင်းလင်းထားခြင်းမရှိပါ။

၃။ ယာယီအဆောက်အဦဆောက်လုပ်ခြင်း၊ ကုန်လှောင်ရုံ၊ ကျောက်မျက်တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်း၊ ယန္တယားနှင့် စက်ပစ္စည်းများ ရပ်နားရန်၊ ကျောက်အမျိုးအစားခွဲခြင်း၊ အချောသပ်ခြင်းနှင့် ဖြတ်တောက်ခြင်း၊ အညစ်အကြေးသန့်စင်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများအတွက်နေရာအတွက် ပါမစ်အမျိုးအစား အသစ်ဖြစ်သော မြေအသုံးပြုခွင့်ပါမစ် ကိုချထားပေးမည်။

၄။ ကျောက်မျက်လုပ်ကွက်ကြောနှင့် အကွက်များ ဖော်ထုတ်သတ်မှတ်ခြင်းအတွက် သတ်မှတ်ချက်များကို တင်းကြပ်ခဲ့သည်။ (အခန်း ၃ နှင့် ၄)

(က) အကြီးစားနှင့် အလတ်စား – MONREC သည် လုပ်ငန်းကြီးကြပ်ခြင်း ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊ လေလံစီစဉ်ခြင်း၊ အမြင့်ဆုံး လေလံသို့ လုပ်ကွက်ချထားပေးခြင်း၊ ပါမစ်ရရှိသူနှင့် အကျိုးအမြတ်ခွဲဝေခြင်းတို့ကို ဆောင်ရွက်မည်။

(ခ) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့် စိစစ်ရေးသို့မဟုတ် ခွင့်ပြုမိန့်ချထားပေးသည့် အဖွဲ့ဖွဲ့စည်းခြင်း – ၎င်းအဖွဲ့သည် အသေးစား သို့မဟုတ် လက်လုပ်လက်စားပါမစ် လျှောက်လွှာသုံးသပ်ချထားပေးခွင့်၊ ကြမ်းခင်းဈေးနှင့် လုပ်ကွက်သက်တမ်း ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

၅။ ရတနာခွန်အသစ်/ဝန်ဆောင်ခ ( ၃ ရာခိုင်နှုန်းကို MGE က ယူပြီး ၇ ရာခိုင်နှုန်းကို ပြည်တွင်းအခွန်သို့ ပေးပို့သည့် နိုင်ငံခြားငွေဖြင့်ရောင်းရမှုပေါ် ကောက်ယူသည့် ၁၀ ရာခိုင်နှုန်းကို အစားထိုးသည်)

(က) ကျောက်မျက်အရိုင်းရောင်းရတန်ဖိုး၏ ၃ ရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ကောက်ယူသည် (ကျောက် ကိုစာရင်းသွင်းပြီး၊ တွင်းဝခွန်ပေးပြီးနောက်)

(ခ) အချောသပ်ထားသည့်ကျောက်မျက်၊ လက်ဝတ်ရတနာ သို့မဟုတ် ကျောက်မျက်ဖြင့် ပြုလုပ်ထားသည့် ပစ္စည်းအတွက် ၁ ရာခိုင်နှုန်း

၆။ MGJEA ၏ လုပ်ပိုင်ခွင့်ကိုတိုးမြှင့်ပေးထားသည်။ (ဗဟိုကြီးကြပ်မှုကော်မတီ၊ ကျောက်မျက်ပြပွဲ)

၇။ စစ်ဆေးခြင်း – သတ္တုတွင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၏ စစ်ဆေးရေးမှူးချုပ်တာဝန်မှာ ယခင်အတိုင်းဖြစ်သည်။ စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးခံရသည့် သတ္တုတွင်းဝန်ကြီးဌာနမှ အရာရှိများ၊ MGE အရာရှိများ၏ တာဝန်ကို ရှင်းလင်းစွာပြဌာန်းထားသည်။

၈။ ပြစ်မှုနှင့် ပြစ်ဒဏ် – အချို့သော ပြစ်ဒဏ်များကိုလျော့ချခဲ့သည်။ ဥပမာ ထောင်ဒဏ်

၉။ သဘာဝဝန်းကျင်နှင့် လူမှုဝန်းကျင်ပိုင်းကို အနည်းငယ်တင်းကျပ်ခဲ့သည်။

၁၀။ ပါမစ်ရရှိထားသူ၏ အမြတ် ၂ ရာခိုင်နှုန်းကို လုပ်ငန်းဆောင်ရွက်နေသည့် ဒေသ၏ ကျန်းမာရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် အခြားလိုအပ်သည့်ကိစ္စများတွင် သုံးစွဲရန်အတွက် ရန်ပုံငွေအဖြစ်ပေးသွင်းရမည်။ ရန်ပုံငွေနှင့်ပတ်သက်ပြီး အသေးစိတ်ဖော်ပြထားချက်မရှိပါ။

## တွင်းထွက်နှင့် ကျောက်မျက် လုပ်ကွက်မှတ်တမ်း

၂၀၁၇ ခုနှစ်တွင် အင်တာနက်အခြေခံကွန်ပျူတာစနစ် (unified Mineral Cadaster System) တသတ်မတ်တည်းဖြစ်ရန် စီမံကိန်းကိုစတင်ခဲ့သည်။

– တွင်းထွက်နှင့် ကျောက်မျက်ဥပဒေများနှင့်အညီ တွင်းထွက်နှင့် ကျောက်မျက်လိုင်စင်များ စီမံနိုင်ရန်အတွက် ပွင့်လင်းမြင်သာမှုရှိ၊ လွယ်ကူလျင်မြန်သည့် စနစ်ဖြစ်ပေါ်ရန်

– ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များကို စနစ်တကျပြုစုထားသည့် အချက်အလက်၊ မြေပုံ၊ အစီရင်ခံစာများ ဖြင့်လမ်းညွှန်နိုင်ရန်

– လိုင်စင်စီမံသည့်လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် အချက်အလက်စိစစ်ခြင်းနှင့် အချက်အလက်များရယူနိုင်ရန်

– ဌာနတွင်းအသုံးပြုရန်နှင့် ပြင်ပသို့ဖြန့်ဝေရန် အစီရင်ခံစာများနှင့် စာရင်းများရယူနိုင်ရန်

– စည်းကမ်းချိုးဖောက်မှုများကိုင်တွယ်နိုင်ရန်၊ အသေးစား ချိုးဖောက်မှုအတွက် ကုမ္ပဏီများကို သတိပေး နိုင်ရန်

– လုပ်ငန်းရှင်များအတွက် အဓိကရည်ရွယ်ပြီး လွယ်ကူစွာ အသုံးပြုနိုင်သည့် စနစ်တခုဖြစ်ရန်၊ ရပ်ရွာအတွက်လည်း အကျိုးရှိစေရန် ရည်ရွယ်လျက် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

စီမံကိန်း ပထမအဆင့်တွင် ပဏာမစုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းနှင့် တွင်းထွက်မှတ်တမ်းစနစ်ကိုပုံဖော်နိုင်ရန် အချက်အလက်များစုစည်းခြင်း (သယံဇာတ ခန့်မှန်းခြင်း၊ ငွေကြေး၊ ချိန်သားကိုက်ခြင်း၊ ဝန်ထမ်းခန့်ထားခြင်း အစရှိသည်များလည်း ပါဝင်သည်) တို့ပါဝင်သည်။ ၂၀၁၇ နိုဝင်ဘာတွင် ပထမအဆင့် စုံစမ်းရေး အစီရင်ခံစာထုတ်ပြန်ခဲ့သည်။

ဝန်ကြီးဌာနများက အဆင့် ၁ ကို အတည်ပြုပြီးသည်နှင့် MONREC က ဌားရမ်းထားသည့် လုပ်ငန်းအဖွဲ့သည် အချက်အလက်များပေါင်းစုခြင်း၊ ဒီဇိုင်းထုတ်ခြင်း၊ ထည့်သွင်းခြင်း၊ ဒေသခံဝန်ထမ်းများအား တွင်းထွက်မှတ်တမ်းစနစ် အသုံးပြုနိုင်ရန် လေ့ကျင့်ပေးခြင်းတို့ကို ၂၄ လ နီးပါးအချိန်ယူ၍ ဆောင်ရွက်မည်ဖြစ်သည်။ စီမံကိန်းအဆင့် ၂ တွင် ယင်းလုပ်ငန်းများကို

ဆောင်ရွက်သွားမည်ဖြစ်သည်။

## ၃.၄ ဘက်ဂျက်လုပ်ငန်းစဉ်နှင့် ပြည်သူ့ ဘဏ္ဍာငွေများ စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများ


### ၃.၄.၁။ ဘက်ဂျက်လုပ်ငန်းစဉ်

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်သည် ဧပြီလ ၁ရက်နေ့မှ မတ်လ ၃၁ရက်နေ့အထိဖြစ်ပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အစိုးရဌာနများသို့ ဘက်ဂျက် ပြက္ခဒိန်ကို ထုတ်ပေးပါသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအပါအဝင်) များအနေဖြင့် ၎င်းတို့၏ ဘက်ဂျက် အဆိုပြုလွှာများကို ဘက်ဂျက်ဌာန (ရုံးချုပ်)သို့ ပေးပို့ပါသည်။ ဘက်ဂျက်ဌာနအနေဖြင့် သာမာန်အသုံးစရိတ်များကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းနှင့် စုပေါင်းရန်တာဝန်ရှိပြီး၊ စီမံကိန်းဌာန အနေဖြင့် ငွေလုံးငွေရင်း အသုံးစရိတ်များအတွက် တာဝန်ရှိပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုဝန်ကြီးသည် ဌာနတစ်ခုခြင်းစီမှ ကနဦး စစ်ဆေးချက်များလုပ်ပြီးသည့်အခါတွင် ဘက်ဂျက်ကို စစ်ဆေးပါသည်။ ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးမှနေ၍ ဘက်ဂျက်ကို စစ်ဆေးပြီး ဒုတိယသမ္မတများထံ စစ်ဆေးရန် ပေးပို့ပါသည်။ ဒုတိယသမ္မတများ စစ်ဆေးပြီးသည့်အခါတွင် စုပေါင်းထားသည့် ဘက်ဂျက်ကို ဘဏ္ဍာရေးကော်မရှင်သို့ ဆက်လက်၍ စစ်ရန်နှင့် ဆွေးနွေးရန်အတွက် ပေးပို့ရပါသည်။ ပြည်ထောင်စု အစိုးရ၏ကိုယ်စားစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုဘက်ဂျက်ဥပဒေနှင့် ဘက်ဂျက်အဆိုပြုချက်ကို ပြည်ထောင်စုလွှတ်တော်သို့ ဘဏ္ဍာရေးကော်မရှင်၏ အကြံပြုချက်များဖြင့် ပေးပို့ပါသည်။ ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးပြီးနောက် အတည်ပြုပြီးသည့်အခါတွင် သမ္မတသည် ပြည်ထောင်စု ဘက်ဂျက်ဥပဒေကို လက်မှတ်ရေးထိုးပြီး ပြဌာန်းပါသည်။ ဤဘက်ဂျက်ကို သတင်းစာများနှင့် ရုပ်သံလိုင်းများ အပါအဝင် အခြားမီးဒီယာများတွင် ပုံနှိပ်ထုတ်ဝေခြင်းနှင့် ထုတ်လွှင့်ခြင်းတို့ကို ဆောင်ရွက်ပါသည်။ ဘက်ဂျက်ဌာနသည် ပြည်ထောင်စုဘက်ဂျက်ဥပဒေအတိုင်း ဘက်ဂျက် အသုံးပြုခွင့်များကို အစိုးရဌာနများသို့ ထုတ်ပေးပါသည်။

ပြည်ထောင်စု ရသုံးမှန်းခြေငွေစာရင်း ဥပဒေတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ လိုအပ်သည်များကို ပြည်ထောင်စုမှ လွှဲပေးငွေများလည်း ပါဝင်သည်။ ဘက်ဂျက်နှင့် ပြည်ထောင်စု ဘက်ဂျက် ဥပဒေတို့နှင့်ပတ်သက်၍ လွှတ်တော်အတွင်း ဆွေးနွေးမှုများကို ရုပ်သံလိုင်းများနှင့် ဒေသတွင်း သတင်းစာများတွင် တွေ့နိုင်ပါသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အထူးညွှန်ကြားချက်များကို နှစ်စဉ်ပြည်ထောင်စု ရသုံးမှန်ခြေ ငွေစာရင်း ဥပဒေတွင် ထည့်သွင်းထားပါသည်။

ဘက်ဂျက်ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းစဉ်ကို အောက်ပါအတိုင်း တင်ပြနိုင်ပါသည်။





PAC- Public Account Committee

TD- Treasury Department

မြန်မာနိုင်ငံတွင် စာရင်းများကို ငွေသားအခြေခံ၍ လုပ်ဆောင်ပြီး၊ နှစ်ဖက်ထည့်သွင်းသည့် မှုဖြင့် လုပ်ဆောင်ပါသည်။ မြန်မာနိုင်ငံ၏ ရသုံးမှန်ခြေငွေစာရင်း (ဘဏ်ဂျက်) ကို ပင်မရင်းမြစ် ၄ခုမှနေ၍ပံ့ပိုးပေးသည်။ အခွန်၊ သဘာဝဓာတ်ငွေ့မှ ဝင်ငွေများ၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှ ပိုငွေများကို လွှဲပြောင်းပေးခြင်းနှင့် အခြားအခွန်မဟုတ်သော ဝင်ငွေများ (အမျိုးမျိုးသော အစိုးရအခကြေးငွေများနှင့် စရိတ်များ) ဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြန်မာနိုင်ငံအတွင်း နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို ငွေကြေး ပံ့ပိုးပေးခြင်းနှင့် ထိုနိုင်ငံပိုင် လုပ်ငန်းများမှနေ၍ ဘဏ်ဂျက်အတွင်းသို့ မည်သို့ ထည့်ဝင်နေသည် ဟူသော နည်းလမ်းများတွင် ပြောင်းလဲမှုများ အပါအဝင် အရေးကြီးသော ဘဏ်ဂျက်နှင့်ဆိုင်သည့် တိုးတက်ပြောင်းလဲမှုများစွာ ရှိခဲ့ပါသည်။ ဘဏ္ဍာရေးအရ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကို စတင်ခဲ့သော်လည်း အနည်းအငယ်မျှသာ လုပ်နိုင်သေးသည်။ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ အနေဖြင့် လည်း ၎င်းတို့၏ ကုန်ကြမ်းများ၊ လောင်စာနှင့် အခြားထုတ်လုပ်မှု တိုက်ရိုက်ကုန်ကျစရိတ်များအတွက် ကိုယ်ပိုင်ငွေကြေးများကို ရှာရန် သတ်မှတ်ထားပြီး ဤငွေများကို နိုင်ငံပိုင်ဘဏ်များမှ နေ၍ချေးယူခွင့်ပေးထားသည်။ ဤသည်မှာလည်း ခြုံငုံကြည့်လျှင် ဘဏ္ဍာရေး၏နေရာကို တိုးပွားလာစေရန်သာမက လူမှုကဏ္ဍ၏ ဘဏ္ဍာရေးနေရာကိုပါ တိုးလာစေရန် မျှော်မှန်းထားပါသည်။

နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ၏ ဘဏ်ဂျက်သည် နိုင်ငံတော်၏ ဘဏ်ဂျက်တွင် ထည့်သွင်းထားသော်လည်း ၎င်းတို့၏ ဘဏ်ဂျက်ကို ကိုယ်ပိုင်ငွေကြေးများဖြင့် လည်ပတ်ပါသည်။ နိုင်ငံပိုင်လုပ်ငန်းများ၏ဘဏ်ဂျက် လိုငွေပြမှုအား ငွေကြေးအား ဖြင့် ဖြည့်ဆီးခြင်းကို ပြည်ထောင်စုရန်ပုံငွေမှ ပေးအပ်ခြင်း (သို့မဟုတ်) ချေးခြင်းဖြင့် အလုပ်လုပ်ပြီး ပြည်ထောင်စုအစိုးရ အဖွဲ့မှ သဘောတူရပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကျွန်ုပ်တို့၏ တွေ့ဆုံမေးမြန်းမှုများအရ ပြည်ထောင်စုရန်ပုံငွေ၏ ဖွဲ့စည်းပုံကို အောက်ပါအတိုင်း တင်ပြထားပါသည်။




ပြည်ထောင်စု အစိုးရ၏ ငွေစာရင်းများနှင့်ဆိုင်သောအခါ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်း (Union Fund Accounts – UFA) ကိုမြန်မာ့ စီးပွားရေး ဘဏ်တွင် ဖွင့်လှစ်ထားရှိပြီး ပြည်ထောင်စု အစိုးရ၏ စာရင်းရှင်အပ်ငွေများ (Union Government Deposit Accounts – UGDA) ကို ဗဟိုဘဏ်တွင် ဖွင့်ထားပါသည်။

၂၀၁၅ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ အရ ပုဒ်မ ၁၆ (က)တွင် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့ အစည်းများသည် စီးပွားရေးဆန်ဆန် ဆောက်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေးမှုနှင့် အညီ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှု လုပ်ငန်းများ အတွက် လိုအပ်သည့် သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူခြင်း အသုံးစရိတ်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေနှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံးရင်းနှီးငွေကို မိမိတို့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါက မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ သတ်မှတ်ချက်နှင့်အညီ ငွေချေးယူ သုံးစွဲနိုင်သည်။

ဟု ပြဌာန်းထားပါသည်။

၂၀၁၅ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ အရ ပုဒ်မ ၁၆ (ခ)တွင် "နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် ပုဒ်မ ၁၆ (က) တွင်ပါရှိသည့် သာမာန်အသုံးစရိတ်များမှ အပ အခြားသာမန်အသုံးစရိတ်၊ ပြည်ပသို့ ကြွေးမြီး ပြန်လည်ပေးဆပ်ရန် အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။" ဟု ပြဌာန်းထားပါသည်။

***The Section 16 (b) of Union Budget Law 2015 stipulates that "For the purpose of compiling he debit and credit of the State-owned Economic Organizations, it shall be shown in the accounts of the Union Fund".***

ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ အထက်ပါ ပုဒ်မများနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (MoPF)မှ တာဝန်ရှိသူများနှင့် ကျွန်ုပ်တို့နှင့် တွေ့ဆုံမေးမြန်းချက်များအရ ၎င်းတို့၏ အခြားစာရင်းများ (ဥအ္ခနမ ဗခခသကညအျ) တွင် ထည့်သွင်းထားသည်များ အပါအဝင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေများနှင့် အသုံးစရိတ်များအားလုံးကို ပြည်ထောင်စု ဘက်ဂျက်အောက်တွင်ပေါင်းစည်းထားပါသည်။

[90] Source: http://www.mof.gov.mm/en/content/budget-department

[91] http://www.mof.gov.mm/en/content/laws-and-regulations


**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင် မောင်ဝင်း၏ လွှတ်တော်တွင် အစီရင်ခံသည့် Other Account Statement ထည့်ရန်**


မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်ခွဲများအားလုံးအနေဖြင့် အစိုးရ၏ ငွေစာရင်းများ အားလုံးကို စုစည်းပေါင်းချုပ်၍ တစ်ခုတည်းသော လက်ကျန်ဖြစ်ရန်ရေးဆွဲရပါသည်။ သို့ပါ၍ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်မှ ဘဏ်ခွဲအသီးသီး၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (UFA) မှ ပိုငွေများနှင့် လိုငွေလက်ကျန်များကို စုစည်းပေါင်းချုပ်ပြီး ၎င်း၏ ပိုငွေ (သို့မဟုတ်) လိုငွေ လက်ကျန်စုစုပေါင်းကို ရေးဆွဲပြီးသည့်နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် အပတ်စဉ်စာရင်းရှင်းခြင်း လစဉ်ရှင်းခြင်းများကို ဆောင်ရွက်ရပါသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရှိ ပြည်ထောင်စု အစိုးရ အပ်ငွေစာရင်းသို့ ဝင်ထွက်မှုများမှာ


- ပြည်ထောင်စု ဘဏ္ဍာရေး ရန်ပုံငွေစာရင်း လယ်ဂျာ (၁) မှ (၆)၏ အသာတင် ပိုငွေ/လိုငွေ
- နိုင်ငံတော်စီးပွားရေးလုပ်ငန်းများ၏ နိုင်ငံတော်သို့ ထည့်ဝင်ငွေ/ ပြန်အမ်းငွေ
- အစိုးရငွေတိုက် လက်မှတ်ရောင်းချခြင်း/ရွေးနှုတ်ခြင်း
- အစိုးရငွေတိုက်စာချုပ်များရောင်းချခြင်း/ရွေးနှုတ်ခြင်း
- တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရသုံးခန့်မှန်းချေ ငွေစာရင်း လိုငွေအတွက် ထောက်ပံ့ခြင်း
- အစိုးရငွေတိုက်ရုံးများ၏ အသာတင် ပိုငွေ/လိုငွေ ကိစ္စများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် စာရင်းများ ဖွင့်လှစ်ထားပါသည်။

Diagram of the operation of Union Fund Accounts






Monthly Consolidated A/C of UFA




Monthly Received & Payment Accounts (From Saya 1- 5 parts)

**မြန်မာနိုင်ငံတွင်ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲခြင်း**

**ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု (Public Finance Management - PFM) ၏ ရည်ရွယ်ချက်မှာ မြန်မာ့ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုစနစ်များကို ခေတ်မီအောင်ဆောင်ရွက်ခြင်းနှင့် ဌာနဆိုင်ရာများ၏ စွမ်းဆောင်ရည်ကို ခိုင်မာအားကောင်းစေခြင်းမှတစ်ဆင့် ပြည်သူ့ဝန်ဆောင်မှုများကို အချိန်တိုအတွင်း ထိရောက်စွာတာဝန်ခံမှုရှိသော၊ တုန့်ပြန်မှုရှိသော နည်းလမ်းများဖြင့် ပေးအပ်ရန် ဖြစ်ပါသည်။**

PFM တွင်

- ၂၀၁၁ခုနှစ်မှစ၍ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုမှုဘောင်နှင့်အညီ ဘဏ္ဍာရေးကဏ္ဍ ပြုပြင် ပြောင်းလဲမှု ကို စတင်ဆောင်ရွက်ခဲ့ပါသည်။
- ၂၀၁၂ခုနှစ်တွင် PFMကို ဘက်စုံပြန်လည် သုံးသပ်ရေးအတွက် PEFA စီမံကိန်းတွင် ပါဝင်ခဲ့ပါသည်။
- ကမ္ဘာ့ဘဏ်ဖြင့် ၂၀၁၃ခုနှစ် မေလတွင် ပြည်သူ့ ဘဏ္ဍာစီမံခန့်ခွဲမှု စွမ်းဆောင်ရည် အစီရင်ခံစာ (Public Financial Management Performance Report - PEFA Report) ကိုဖြန့်ဝေပေးခဲ့ပါသည်။
- ကမ္ဘာ့ဘဏ်ဖြင့် ပြည်သူ့အသုံးစရိတ် ပြန်လည် သုံးသပ်ချက်ကို ဆောင်ရွက်ခဲ့ပြီး ပထမအဆင့်တွင် ကနဦး တွေ့ရှိချက်များကို ကဏ္ဍကြီး(၆)ခုအတွက် တွေ့ရှိခဲ့ပါသည်။
- (၁)မက်ခရို ဘဏ္ဍာရေး အခြေအနေ၊
- (၂) ကျယ်ပြန့်သော ရငွေနှင့် အသုံးစရိတ်၊
- (၃) အစိုးရအချင်းချင်း ဘဏ္ဍာရေးဆက်နွယ်မှု
- (၄) လျှပ်စစ်ဓာတ်အားနှင့် စွမ်းအင်၊
- (၅) ကျန်းမာရေးနှင့် (၆) ပညာရေးတို့ဖြစ်ပါသည်။

- PFM စနစ်ကို ပိုမိုခိုင်မာအားကောင်းစေရန်၊ ငွေတိုက်ဌာန၏ လုပ်ဆောင်ချက်များကို ပိုမိုခိုင်မာအားကောင်း စေရန်နှင့် ဘက်ဂျက်ရေးဆွဲခြင်းကို ပြန်လည်သုံးသပ်ရာခြင်းကို ပိုမိုခိုင်မာ အားကောင်းစေရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF) နှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။
- နေပြည်တော်သဘောတူညီချက်အရ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များထဲတွင် PFMကဏ္ဍခွဲအတွက် ပြည်သူ့စီမံ အုပ်ချုပ်မှု လုပ်ငန်းအဖွဲ့အတွင်း ဖွဲ့စည်းထားပါသည်။
- PEFA အစီရင်ခံစာနှင့် PER တို့တွင် PFM ပြုပြင် ပြောင်းလဲရေး မဟာဗျူဟာကို ရေးဆွဲထားပါသည်။
- မြန်မာနိုင်ငံ၏ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ခေတ်မီတိုး တက်ရေး စီမံကိန်းကို အကောင်အထည် ဖော်ဆောင်ထားပါ သည်။ (MMPFM စီမံကိန်း) (၂၀၁၄မှ ၂၀၁၉ ခုနှစ်အထိ)

PFM ခေတ်မီတိုးတက်ရေးလုပ်ငန်းစဉ်ကို ကဏ္ဍကြီး ၅ခုဖြင့် အကောင်အထည်ဖော်ဆောင်သွားမည် ဖြစ်ပါသည်။
- ဝင်ငွေ
- ဘက်ဂျက်ပြင်ဆင်ခြင်းနှင့် စီစဉ်ခြင်း
- ဘက်ဂျက်သုံးစွဲခြင်း
- ပြင်ပမှ ကြီးကြပ်ကွပ်ကဲခြင်းနှင့်
- စွမ်းဆောင်ရည် တည်ဆောက်ခြင်းတို့ ဖြစ်ပါသည်။

### ဝင်ငွေတိုးလာအောင် ဆောင်ရွက်ခြင်း

အောက်ပါပြုပြင်ပြောင်းလဲမှုများကို ဆောက်ရွက်ဆဲဖြစ်ပါသည်။
- အခွန်မူဝါဒနှင့် အခွန်စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲမှုများ ဆောက်ရွက်ခြင်း
- အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(LTO) နှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (MTO 1, 2, 3) တို့ကို တည်ထောင်ခြင်း
- အခွန်စည်းကြပ်ရာတွင် ရုံးမှကြီးကြပ်သည့် စနစ် (OAS) မှနေ၍ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ် (SAS)သို့ ပြောင်းလဲခဲ့ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (LTO)နှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတို့တွင် စတင်ကျင့်သုံးခဲ့ပါသည်။
- ၂၀၁၅ခုနှစ်တွင် အထူးကုန်စည်ခွန်နှင့် အထူးကုန် စည်ခွန်ဥပဒေ (၂၀၁၅)ကို ဖော်ထုတ်၍ပြဌာန်းခဲ့သည်။
- ကုန်သွယ်စီးပွားခွန်ကို တန်ဖိုးထပ်ဆောင်ခွန်နှင့် အထူးကုန်သွယ်စီးပွားခွန်အဖြစ်ပြောင်းလဲခဲ့သည်။
- ကွန်ပြူတာနည်းပညာစနစ်များကို နောက်ခေတ်နှင့် ကိုက်ညီအောင် ပြုပြင်မွမ်းမံခဲ့ပါသည်။
- IT နည်းပညာစက်ပစ္စည်းများကို တပ်ဆင်ခဲ့သည်။
- နှစ်စဉ်နှစ်တိုင်း အခွန်မှ GDP အချိုးအစားကို တိုးအောင် ဆောင်ရွက်ခဲ့သည်။

### ဘက်ဂျက်ကြိုတင်ပြင်ဆင်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း

ဘက်ဂျက်ကြိုတင်ပြင်ဆင်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း အပိုင်းတွင် အောက်ပါပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်လျှက်ရှိပါသည်။
- စုစည်းပေါင်းစည်းထားသော နိုင်ငံတော်ရံပုံငွေ စာရင်း (State Fund Account) ကိုပြည်ထောင်စု ဘဏ္ဍာ ရံပုံငွေစာရင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ရံပုန်ငွေစာ ရင်းသို့ ၂၀၁၁ ခုနှစ်မှစ၍ သီးခြားထားရှိပါသည်။
- ၂၀၁၅ - ၂၀၁၆ခုနှစ်မှစ၍ ကာလလတ် ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework (MTFF) ကို ရေးဆွဲပြီး ဆောင်ရွက်လျှက်ရှိပါသည်။ ဤသို့ လုပ်ရသည်မှာ နှစ်စဉ်နှစ်တိုင်း နိုင်ငံတကာ စံနှုန်းနှင့်အညီ မက်ခရိုစီးပွားရေး တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပေးရန် ဖြစ်ပါသည်။ ကာလလတ်ဘဏ္ဍာရေးမူဘောင်ကို ဘက်ဂျက်ပြင်ဆင်မှုအား ပိုမိုခိုင်မာအားကောင်းစေရန်အတွက် လက်ရှိ ကြိုးစားအားထုတ်လုပ်ဆောင်မှုများအနေဖြင့် ပြင်ဆင်ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ ကာလလတ်ဘဏ္ဍာရေး မူဘောင်ဆိုသည်မှာ ဗဟိုကစ၍ အောက်သို့သွားသော ဘဏ္ဍာရေးအရ စုစည်းမှုများရငွေ၊ အသုံးစရိတ်၊ ငွေကြေးပံ့ပိုးပေးခြင်း တို့နှင့် ဝန်ကြီးဌာနများမှ အောက်ခြေကစ၍ ဦးစားပေးလုပ်ငန်း များဖြင့် ပူးပေါင်းပေးသည့် ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ် သည့် ယန္တရားနည်းလမ်းတစ်ခုဖြစ်ပါသည်။ ပြည်ထောင်စု အစိုးရဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အထွေ ထွေရည်ရွယ်ချက်အတွက် လွှဲပေးသောငွေများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အပါအဝင် ပြည်ထောင်စု အစိုးရဌာနများ လည်း အကြုံးဝင်သည်။
- ကာလလတ်ဘဏ္ဍာရေးမူဘောင်လုပ်ငန်းစဉ်ကိုစီမံ ကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဌာနမှ နေ၍ ဦးဆောင်ဆောင်ရွက်နေသော်လည်း ပြည်သူ့အသုံး စရိတ်ပြန်လည်ခွဲခြမ်းစိတ်ဖြာသုံးသပ်မှု (Public Expenditure Review – PER) အား ကမ္ဘာ့ဘဏ်နှင့်အတူ ဆောင်ရွက်ထားပါသည်။
- နိုင်ငံ၏ ဦးစားပေးသော ကဏ္ဍများကို လေးစားလိုက်နာ သည့်

အနေဖြင့် အသုံးစရိတ်မူဝါဒများတွင် ထိပ်ဆုံး မူဝါဒအဖြစ် လူမှုကဏ္ဍဘက်ဂျက်သို့ပို၍ အသုံးစရိတ်များချပေးခြင်း (ဥပမာ ပညာရေးနှင့် ကျန်မာရေးဌာနကဲ့သို့)

- ကာလလတ်မူဘောင်ကို ကျင့်သုံးရာတွင် အလေ့ အထရှိသော တိကျသော စီးပွားရေးညွှန်းကိန်းများ (စုစုပေါင်း လူဦးရေ၊ ဆင်ရဲနွမ်းပါးမှု အညွှန်းကိန်း၊ တဦးခြင်း အလိုက် GDP၊ မြို့ပြ လူဦးရေသာမက ပြည်နယ်တစ်ခုလုံး၏ လူဦးရေရာခိုင်နှုန်း၊ လူဦးရေအလိုက် အခွန်ကောက်ခံရရှိမှု) စသည့် အညွှန်းကိန်းများအပေါ် အခြေခံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ငွေများနှင့် ဘဏ္ဍာငွေ လွှဲပြောင်းပေးပါသည်။

-ဗဟိုမှ အောက်ခြေသို့ချပေးသည့် ဘက်ဂျက် ရေးဆွဲနည်းနှင့် အောက်ခြေမှစသည့် စီမံကိန်းရေးဆွဲနည်းစနစ်ကို ဖော်ဆောင်ထားပါသည်။

- ဘက်ဂျက်မူဝါဒနှင့် ဘဏ္ဍာရေး မူဝါဒတာဝန်များနှင့် လိုအပ်သည့် စွမ်းဆောင်ရည်များကို ရေးဆွဲခြင်း။

- ဘဏ္ဍာရေးအရ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခဲ့သည်။

- ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။ (ပြဌာန်းထားသော ရသုံးမှန်းချေ ငွေစာရင်း ဥပဒေကို သတင်းစာနှင့် ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ကြေညာခြင်း၊ Citizen ဘက်ဂျက်ကို ၂၀၁၅ - ၂၀၁၆ ခုနှစ်မှစ၍ အများပြည်သိရှိစေရန် ပုံနှိပ်ထုတ်ဝေခြင်း။)

-ပြင်ဆင်မွမ်းမံထားသော ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများကို ထုတ်ပြန်ခြင်းတို့ဖြစ်ပါသည်။

## ပြည်တွင်းအခွန်များဦးစီးဌာန (ပတခ) ၏မဟာဗျူဟာ အစီအစဉ် ၂၀၁၄ – ၂၀၂၀

ပတခ၏ မဟာဗျူဟာ အစီအစဉ် ၂၀၁၄ - ၂၀၂၀တွင် အောက် ပါ ဦးတည်ချက်များကို ချမှတ်ထားပါသည်။

| | |
|---|---|
| ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ခိုင်မာသော ဥပဒေ မူဘောင်တစ်ရပ်ဖော်ဆောင်ခြင်း | ကိုယ်တိုင်စည်းကြပ်ခြင်းကဲ့သို့သော အုပ်ချုပ်မှုနည်းလမ်းအသစ်များကို ပံ့ပိုးမှုပေးနိုင်ရန် လုပ်ထုံးလုပ်နည်းများဆိုင်ရာ နည်းလမ်း ညွှန်ကြားချက်တစ်ရပ်ကို ရေးဆွဲရန်နှင့် အခွန်ဥပဒေများကို ပြန်လည်ရေးဆွဲခြင်း ၊ တန်ဖိုးဖြည့်ခွန်နှင့် အထူးကုန်စည်ခွန် ဥပဒေတို့ကို ရေးဆွဲကျင့်သုံးခြင်း။ |
| စီမံအုပ်ချုပ်ပုံနည်းလမ်းအသစ်များနှင့် ကိုက်ညီစေရန် ပြည်တွင်းအခွန်များ ဦးစီးဌာနကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း | ဌာနတစ်ခုလုံးကို အခွန်ထမ်း အမျိုးအစားအလိုက် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး၊ အခွန်ထမ်းငယ်များဆိုင်ရာ အခွန်ရုံး စသည်ဖြင့် ဦးတည်ပြီး လုပ်ငန်းနယ်ပယ်များ (အခွန်ထမ်းဝင်ဆောင်မှု၊ ကြေညာလွှာတင်သွင်းခြင်းနှင့် အခွန်ပေးဆောင်ခြင်း၊ ကြေညာလွှာတင်သွင်းမှုအပေါ် လိုက်နာဆောင်ရွက်ခြင်းနှင့် အခွန်ကြွေးကျန်ကောက်ခံမှု ဆောင်ရွက်ခြင်း၊ စာရင်းစစ်ဆေးခြင်း၊ အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် အခွန်ဆိုင်ရာ စီရင်ထုံးများအပေါ် မူတည်၍ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း)။ ဌာနတစ်ခုလုံးကို ပိုမိုဦးဆောင်လမ်းညွှန်မှုပေးနိုင်ရန် ရုံးချုပ်ကိုလည်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း။ |
| အခွန်စည်းကြပ်ခြင်း လုပ်ငန်းစဉ်ကို ခေတ်မီအောင်ပြုပြင်ပြောင်းလဲခြင်း | ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် အခွန်ရုံးမှ တွက်ချက်စည်းကြပ်သည့် စနစ်(OAS)မှ တိကျခိုင်မာသော လမ်းညွှန်ချက် များအတိုင်း လိုက်နာလျှပ် အခွန်ထမ်းကိုယ်တိုင် မိမိပေးဆောင်ရမည့် အခွန်ကိုတွက်ချက် စည်းကြပ်သည့် (SAS) စနစ်သို့ ပြောင်းလဲခြင်း၊ တဝက်ခွန်ပုံစံဖြစ်သော တန်ဖိုးဖြည့်ခွန်ပုံစံစနစ်ကို စတင်ကျင့်သုံးခြင်းနှင့် အခွန်အမှတ်တံဆိပ်ကို နယ်ပယ်ချဲ့ထွင် ကျင့်သုံးခြင်း။ |

| | |
|---|---|
| လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို အစီစဉ်တကျ ဖြစ်စေပြီး ရိုးရှင်အောင်ပြုလုပ်ရန်နှင့် နည်းပညာကို အပြည့်အဝ အသုံးချခြင်း။ | မိမိတို့အနေဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြန်လည်သုံးသပ်ပြီး အခွန်စီမံအုပ်ချုပ်မှု လုပ်ငန်းနယ်ပယ်အားလုံးတွင် နည်းပညာကို အသုံးပြုသွားမည်။<br>ဆက်သွယ်မှုနည်းဗျူဟာကိုလည်း စီမံခန့်ခွဲမှု လုပ်ငန်းဆောင်ရွက်ချက် အခြေအနေ တစ်ခုလုံးအတွက် အထောက်အကူဖြစ်စေရန် အသုံးပြုခြင်း။ |
| ဆုံးရှုံးနိုင်ခြေ risk များကို ဖြေရှင်းနိုင်ရန် ဝန်ဆောင်မှုနှင့် အရေးယူဆောင်ရွက်ခြင်း နည်းလမ်းများကို မျှတစွာ အသုံးချခြင်း။ | မိမိတို့အနေဖြင့် စနစ်အရသော်လည်းကောင်း ကဏ္ဍအလိုက်သော်လည်းကောင်း ဖြစ်ပေါ်လာသည့် ဆုံးရှုံးနိုင်ခြေ risk များကို စီမံခန့်ခွဲရန်အလို့ငှာ အာရုံစိုက်ပြီး စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး အလေးပေးဆောင်ရွက်ခြင်း။ အခွန်ထမ်းနှင့် အခွန်ထမ်း၏ လိုအပ်ချက်များအပေါ် အခြေခံ၍ အခွန်ထမ်းဝန်ဆောင်မှု အမျိုးမျိုးကို ဖော်ဆောင်သွားခြင်း၊ အခွန်ဥပဒေများကို လေးစားလိုက်နာခြင်း မရှိသူများအား ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း။ |
| ဝန်ထမ်းများကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ၎င်းတို့၏ အစွမ်းအစရှိသမျှကို အစွမ်းကုန် အသုံးချနိုင်စေချင်း။ | လူသားအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းစဉ်များ၊ စနစ်များနှင့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ပြီး စီမံအုပ်ချုပ်မှု နည်းလမ်းအသစ်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခြင်း။ ကဏ္ဍအလိုက် လုပ်ငန်းနယ်ပယ်အလိုက် ၊ တဦးချင်းအလိုက် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ချမှတ်ဖော်ဆောင်ခြင်း။ |
| အပြောင်းအလဲများကို စီမံခန့်ခွဲနိုင်စေရန် ခေါင်းဆောင်မှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ အစီအစဉ်များ ရေးဆွဲ အကောင်အထည်ဖော်ခြင်း | ပြည်တွင်း အခွန်များ ဦးစီးဌာနအနေဖြင့် မိမိတို့၏ စနစ်၊ မိမိတို့၏ ဝန်ထမ်းများနှင့် ဆက်စပ်ပတ်သက်သူများ အပေါ်သက်ရောက်မှု ရှိနိုင်မည့် အဆိုပါ သိသာထင်ရှားသည့် အပြောင်းအလဲများကို စီမံခန့်ခွဲရန် လိုအပ်သည့် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း။ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရှိခြင်း။ ဝန်ထမ်းများနှင့် အဓိက ဆက်စပ်ပတ်သက်သူများအကြား ချိတ်ဆက်ဆောင်ရွက်မှုရှိစေရန် လုပ်ငန်းစဉ်များ သတ်မှတ်ထားခြင်း။ |
| စီမံအုပ်ချုပ်မှု ကဏ္ဍအားလုံးတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရေး ဆောင်ရွက်ခြင်း | ဌာနအတွင်းနှင့် ဌာနပြင်ပ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု စနစ်များ တည်ထောင်ခြင်း။ အဆိုပါစနစ်ဖြင့် အခွန်စနစ်၏ သမာသမတ်ရှိမှုအပေါ်အများပြည်သူ၏ ယုံကြည်ကိုးစားမှုရရန် ဆောင်ရွက်ခြင်း။ |

ပ တ ခ သည် အောက်ပါနည်းလမ်းများကို အသုံးပြု၍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို စီမံခန့်ခွဲသွားပါသည်။

- ပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ခုလုံးကို ပြည်ထောင်စု - မြန်မာနိုင်ငံတော် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ စီမံဦးဆောင်သွားရန်
- ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အဖွဲ့အစည်း၏ စွမ်းဆောင်ရည်နှင့် အပြောင်းအလဲအတွက် စနစ်အသစ်ဖြစ်မှုနှင့် အညီ စဉ်ဆက်မပြတ်တိုးတက်မှုရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရန်
- အားလုံးသော ပြုပြင်ပြောင်းလဲမှုများကို ပြည်တွင်းအခွန်များ ဦးစီးဌာန တစ်ခုလုံးတွင် ဖော်ဆောင်ခြင်းမပြုမီ ကနဦးအနေဖြင့် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတွင် စတင်ဖော်ဆောင်ဆောင်ရွက်ရန်။
- ဆောင်ရွက်ပုံနည်းလမ်းအသစ်များကို ဖော်ဆောင်နိုင်စေရန် လည်ကောင်း၊ ဌာနကို ဦးဆောင်လမ်းညွှန်မှုပေးနိုင်ရန် လည်ကောင်း ရုံးချုပ်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ရန်
-ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတွင် နိုင်ငံတကာမှ အကောင်းဆုံး လုပ်နည်းလုပ်ဟန်များကို မြန်မာ့ရေမြေသဘာဝနှင့် လိုက်လျောညီထွေဖြစ်အောင်ပြင်ဆင်ပြီး အသုံးချရန်
- စီမံချက်နှင့် လုပ်ငန်းများ အားလုံးကို အစီအစဉ်ချမှတ်ဆောင်ရွက်သွားရန်။
- လုပ်ငန်းအားလုံးတွင် စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများကို အသုံးပြုလျက် တည်ဆဲ ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်။
- သင်ခန်းစာများ ထုတ်ယူရရှိစေရန် အလို့ငှာ စီမံချက်အားလုံး အပေါ် အလုပ်ပြီးစီးသည်နှင့် အကောင်အထည်ဖော်မှုပြီးသည့် နောက် ပြန်လည်ဖော်ထုတ် သုံးသပ်ခြင်း ပြုလုပ်သွားရန် ဖြစ်ပါသည်။

## ပ တ ခ ၏ ပြုပြင်ပြောင်းလဲရေး ခရီးစဉ် – ၂၀၁၇ – ၁၈ မှ ၂၀၁၂ – ၂၂ အထိပြည်တွင်းဝင်ငွေများကို ပိုမိုတိုးတက်စေမည့်အစီအစဉ်

- ရုံးချုပ်ကို လုပ်ငန်းပိုင်းအရ ဖွဲ့စည်းပုံပြောင်းလဲခြင်း
- ပြုပြင်ပြောင်းလဲမှုအစီအစဉ် စီမံအုပ်ချုပ်မှုယန္တရား တစ်ခုကို စတင်ဆောင်ရွက်ခြင်း
- အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးကို တည်ထောင်၍ အမြင့်ဆုံးအခွန်ပေးသည့် အခွန်ထမ်းများအား ကိုယ်တိုင်စည်းကြပ်သည့် စနစ်အောက်တွင် စီမံခန့်ခွဲခြင်း။
- ကျွန်ုပ်တို့၏ အလယ်အလတ်အခွန်ထမ်းများ ရုံးအတွင်းမှ ပထမရုံးအတွက် ပြင်ဆင်မှုများစတင်ပြီး ကိုယ်တိုင် ဆန်းစစ်သည့် စနစ်များ၊ အခွန်ထမ်းများ များစွာသုံးနိုင်အောင် ဆောင်ရွက်သွားခြင်း။
- အခွန်မူဝါဒနှင့် ဥပဒေမူဘောင်နှင့် ပတ်သက်ပြီး ပြောင်းလဲမှုများကို လုပ်ဆောင်ခဲ့ပြီး ဖြစ်ပါသည်။ ယစ်မျိုးခွန် (အထူးကုန်စည်ခွန် (specific goods tax - SGT))၊ ပေါင်းစည်းထားသော အခွန်စီမံအုပ်ချုပ်မှုနှင့် လုပ်ထုံးလုပ်နည်း များ(TAPL) ကိုလည်း မူကြမ်းရေးဆွဲထားပြီး ဝင်ငွေခွန်ဥပဒေကို ခေတ်မီအောင် ဆောင်ရွက်ရန်အတွက် အဆိုပြုချက်များသည် စတင်လုပ်ဆောင်နေပြီဖြစ်ပါသည်။
- ကြားကာလ ကွန်ပြူတာစနစ်တစ်ခုကိုလည်း ရေးဆွဲထားပြီး (အခွန်ဝင်ငွေ စီမံခန့်ခွဲမှု စနစ်((Tax Revenue Management System))ကိုလည်း အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးကို ပံ့ပိုးပေးရန်အတွက် ရေးဆွဲဖော်ဆောင်ထားပြီးဖြစ်ပါတယ်။
- အဓိက ပြည်တွင်းအခွန်များဦးစီးဌာန ရုံးများကြား email, desktop applicationsနှင့် စာရွက်စာတမ်းမျှဝေပေးမှုများကို ကွန်ယက်ချိတ်ဆက်ရန်အတွက် အချက်အလက်ဌာန (data center) တစ်ခုကို တည်ဆောက်နေသည်မှာ ပြီးစီးခါနီး အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါသည်။
- အခွန်ထမ်းများအတွက် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နေပါသည်။
- အရေးယူဆောင်ရွက်သည့် အပိုင်းတွင် တိုးတက်မှု များရှိလာပါသည်။
- အကျင့်ပျက်ခြစားမှုကိုတိုက်ဖျက်ရန်အတွက် လုပ် ဆောင်ထားသည်များလည်း ရှိပါသည်။

ပ တ ခ၏ ပြုပြင်ပြောင်းလဲရေး ခရီးစဉ်တွင် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ မဟာဗျူဟာမြောက်ရည်မှန်းချက်များကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

| ရည်မှန်းချက် | ရှင်းလင်းချက် |
|---|---|
| အခွန်ပမာဏကို အမြင့်ဆုံးမြှင့်တင်ရန် | ဥပဒေနှင့်အညီ အခွန်ကောက်ခံရရှိမှုကို အမြင့်ဆုံးအနေအထား ရောက်စေရန်၊ အပိုအလိုမရှိ အတိအကျ ဆောင်ရွက်ရန်ဖြစ်သည်။ |
| အခွန်အခြေကို ချဲ့ထွင်ရန် | ပါဝင်သင့်သူများအားလုံးစနစ်အတွင်း ပါဝင်လာစေရန် ဆောင်ရွက်ရန် ဖြစ်ပါသည်။ တန်ဖိုးဖြည့် အခွန်ပုံစံအတွင်းတွင် ပါဝင်သော သွယ်ဝိုက်ခွန်များမှာ အနာဂတ်အခွန်စနစ်၏ သွင်ပြင်လက္ခဏာပင်ဖြစ်ပါသည်။ |
| လိုက်နာဆောင်ရွက်မှုကို တိုးတက်စေရန်နှင့် တိုးတက်မှုဖြစ်အောင်ဆောင်ရွက်ရန် | အခွန်ထမ်းမှ ၎င်းတို့၏ အခွန်ထမ်းဆောင်ရမည့် တာဝန်ကို နားလည်လက်ခံပြီး မိမိတို့ သဘောဆန္ဒ အလျောက် လိုက်နာဆောင်ရွက်လာရေး ဖြစ်ပါ သည်။ လိုအပ်ပါက အခြားမိတ်ဖက်အဖွဲ့အစည်း များနှင့် ညှိနှိုင်းလျှက် အခွန်ဥပဒေကို မလိုက်နာပါက အခြားအယွင့်အရေးများကို တားမြစ်ကန့်သတ် ထားရန် ကန့်သတ် ညှိနှိုင်းသွားပါမည်။ နည်းစနစ်များနှင့် လုပ်ငန်းစဉ်များအားလုံးသည် အခွန်ထမ်းများအပေါ် သာတူညီမျှ ဖြစ်စေရန်နှင့် သတင်းအချက်အလက်များကို တန်းတူညီမျှ ဖြစ်အောင် ပံ့ပိုးပေးနိုင်ရပါမည်။ မလိုက်နာသူများ အရေးယူဆောင်ရွက်မည့် လုပ်ငန်းစဉ်ကို ထိုသူများအတွက် ဦးတည်ထားပါသည်။ |
| အခွန်စနစ်ကို ခေတ်မီအောင်ဆောင်ရွက်ရန် | မြန်မာနိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီမည့် နည်းပညာနှင့် အကောင်းဆုံးနိုင်ငံတကာ လုပ်နည်း လုပ်ဟန်များကို အခြေခံ၍ အခွန်စီမံအုပ်ချုပ်မှုကို ခေတ်မီ ပြုပြင်ပြောင်းလဲနိုင်ရေး ဖြစ်ပါသည်။ |

**ရိုးသားဖြောင့်မတ်မှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု**

ဌာနတွင်း စာရင်းစစ်၏ အာရုံစိုက်မှုကို တိုးချဲ့ခြင်းနှင့် ဌာနတွင်းရေးရာ ကိစ္စများကို တိုင်ကြားနိုင်သည့် ဌာနခွဲတို့ကို တည်ထောင်ခြင်းတို့သည် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ၎င်း၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် ရိုးသားဖြောင့်မတ်မှုကို သေချာစေရန်အတွက် ဆောင်ရွက်နိုင်သည့် ခိုင်မာသော လုပ်ဆောင်ချက်များ ဖြစ်ပါသည်။

**၂၀၂၂တွင် ရမည်ဟု ခန့်မှန်းထားသော ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

**– ဌာနတွင်း စာရင်းစစ်ခြင်း ဦးစီးဌာနကို တည်ထောင်၍ စာရင်းများ၊ လုပ်ငန်းလုပ်ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၏ ရိုးသားဖြောင့်မတ်မှုကို သေချာစေရန်နှင့် လုပ်ငန်းပိုင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန်ကို အလေးထားဆောင်ရွက်ပါမည်။**

**– အကျင့်ပျက်သော အပြုအမူများကိုဖော်ထုတ်က အရေးယူရန်ဌာနတွင်း တိုင်ကြားရေးဌာနခွဲကို တည်ထောင်သွားပါ မည်။**

**–အကျင့်ပျက်ခြစားသောအပြုအမူများအတွက် အခွင့်အလမ်းများကို အနိမ့်ဆုံးဖြစ်အောင်လျှော့ချရန်အတွက် တာဝန်များ ကိုခွဲခြားထားခြင်း**

**– ဌာန၏ရိုးသားဖြောင့်မတ်မှုအပေါ် ပြည်သူတို့၏ အမြင်များပိုမိုကောင်းမွန်လာခြင်း။**

**– လုပ်ငန်းလည်ပတ်မှုဆိုင်ရာလုပ်ဆောင်ချက်များကို သဘောတူညီထားပြီး သတ်မှတ်ထားသည့် အဓိကစွမ်းဆောင်ရည်ညွှန်းကိန်းများဖြင့် နှိုင်းယှဉ်၍ လေ့လာစောင့်ကြည့်သည်။**

**– ပြည်တွင်းအခွန်များဦးစီးဌာန၏ ပင်မအခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များကို စောင့်ကြည့်လေ့လာရန် ကိန်းဂဏန်း အချက်အလက်များကို ကျယ်ပြန့်စွာ အသုံးပြုသည်။**
**– အခွန်ထမ်းများ လိုက်နာရမည့်ကျင့်ဝတ်များနှင့် ဝန်ထမ်းများ၏ ကျင့်ဝတ်စည်းကမ်းများကို ချမှတ်ထားသည်။**

### ခေတ်မီသော အခွန်ဥပဒေများ

အခွန်စီမံအုပ်ချုပ်ရေးတွင် ကောင်းမွန်သော အလေ့အထများကို ပြည့်မီစေရန်နှင့် အခွန်ထမ်းကိုယ်တိုင်ဆန်းစစ် သည့် စနစ်ကို ပံ့ပိုးပေးရန်အတွက် ဥပဒေများကို ခေတ်နှင့် အညီ ပြင်ဆင်ရေးဆွဲရန်လိုအပ်သည်။ အခွန်ထမ်းများအနေဖြင့် ထမ်းဆောင်ရမည့်တာဝန်များနှင့် လိုက်နာကျင့်သုံးရမည့် ဝတ္တရားများကို နားလည်အောင် ဥပဒေများက ကာကွယ်ပေးရန် လိုအပ်သည်။ ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့်လည်း ဥပဒေ၏ အောက်တွင် အခွန်များကိုကောက်ခံရန် လုပ်ပိုင်ခွင့်ရှိကြောင်းကိုလည်း သေချာစွာ သိရှိအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ တူညီသော အခွန်လုပ်ထုံးလုပ်နည်း ဥပဒေတစ်ရပ်ကိုပြဋ္ဌာန်းခြင်း၊ ပြန်လည်ပြင်ဆင်ထားသော ဝင်ငွေခွန်ဥပဒေနှင့် တန်ဖိုးမြှင့်အခွန်ဥပဒေတို့ကို အချိန်မီပြဋ္ဌာန်းနိုင်လျှင် မြန်မာနိုင်ငံသည် ခေတ်မီသည့် အခွန်စနစ်တစ်ခုသို့ ရောက်ရှိပေလိမ့်မည်။

**၂၀၂၂တွင် ရမည်ဟု ခန့်မှန်းထားသော ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**
**– အခွန်စီမံအုပ်ချုပ်မှုနှင့် လုပ်ထုံးလုပ်နည်းများ ဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ရမည်။**
**– ဝင်ငွေခွန်ဥပဒေကို ပြန်လည်ရေးဆွဲပြီးဖြစ်ရမည်။**
**– တန်ဖိုးဖြည့်အခွန်မူဝါဒကို ရေးဆွဲပြီး ဖြစ်ရမည်။**

### လုပ်ငန်းတာဝန်အပေါ် မူတည်၍ သီးခြားပိုင်းဖြတ်ထားသည့် ရုံးအဖွဲ့ဖွဲ့စည်း ပုံ

ခေတ်မီ အခွန်စီမံခန့်ခွဲမှုများတွင် ဗဟိုရုံးချုပ်မှနေ၍ ခိုင်မာ သည့် ညွှန်ကြားမှုနှင့် စီမံခန့်ခွဲမှု ရှိကြသည်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မိမိတို့၏ရုံးချုပ်ကို လုပ်ငန်းတာဝန်ပိုင်းအရ ပြန်လည်ဖွဲ့စည်းရန်အတွက် အရေးကြီးသော ပြောင်းလဲမှုများကို လုပ်ထားပါသည်။ ဦးစီး ဌာနအသစ်များအနေဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်များနှင့် လုပ်ကိုင်နိုင်စွမ်းများကို တည်ဆောက်နေကြသည်။ ထို့အပြင် ဌာနခွဲများ ဦးစီးဌာနများကိုလည်း ရုံးချုပ်သို့ ထပ်ထည့်သွား မည်ဖြစ်ပြီး လက်ရှိလုပ်ငန်းများ ဝန်ဆောင်မှုနှင့်သာမကပဲ ဤအစီအစဉ်တွင်ပါဝင်သည့် ပြောင်းလဲမှုများကိုပါ အကောင် အထည်ဖော်ဆောင်သွားရန် ကျွန်ုပ်တို့၏ စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်သွားမည်ဖြစ်သည်။

**၂၀၂၂တွင် ပြည့်မီမည်ဟု ခန့်မှန်းထားသော ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**
**– ရုံးချုပ်ဖွဲ့စည်းပုံနှင့် စီမံအုပ်ချုပ်မှု ယန္တရားများ ပိုမိုခိုင်မာ အားကောင်းအောင်ဆောင်ရွက်ပြီးဖြစ်ရမည်။**
**– DDG ပြုပြင်ပြောင်းလဲရေး၊ ဌာနတွင်းရေးရာ၊ ဆက်သွယ်ရေး၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ဆုံးရှုံးနိုင်ခြေနှင့် သတင်းအချက်အလက်ဌာနခွဲတို့ဖြစ်သည့် ရုံးချုပ်ဌာနခွဲ အသစ်များကို တည်ထောင်ပြီး ဖြစ်ရမည်။**
**– အခွန်ထမ်းကဏ္ဍများကိုလည်း မှန်ကန်စွာ ဖော်ထုတ် ပြီး**
**– အခွန်ထမ်းကိုယ်တိုင် ဆန်းစစ်ချက်ကို အသေးစား နှင့် အငယ်စားအခွန်ထမ်းများအတွက်ကိုပါ တိုးချဲ့သွားရန် အဆိုပြုလွှာကို ရေးသားပြီး ဖြစ်ရမည်။**

### အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး

ပြည်တွင်းအခွန်များဦးစီးဌာနသည် ရန်ကုန်တွင် အခြေစိုက်သည့် အခွန်ထမ်း ကြီး များဆိုင်ရာ အခွန်ရုံး (Large Taxpay-er Office – LTO) ကို တည်ထောင်ခဲ့ပါသည်။ ဤရုံးမှနေ၍ ကုမ္ပဏီကြီးများ ပါဝင် သည့် ရွေးချယ်ထားသော အုပ်စုတစ်ခုကို ကိုယ်တိုင် အခွန် စည်းကြပ်သည့် စနစ်အား အကောင်အထည်ဖော်ဆောင်ရန် စတင် လမ်းဖွင့်လိုက်ခြင်း ဖြစ်ပါသည်။ ဤရုံးတွင်လည်း အခွန် ဥပဒေများကို စီမံခန့်ခွဲရာတွင် လုပ်ငန်းစဉ်သစ်များနှင့် လုပ်ထုံး လုပ်နည်းအသစ်များကို ရေးဆွဲထားပါသည်။ ဤလုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်း အသစ်များသည် အလယ်အလတ် စား အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးအတွက် အခြေခံဖြစ်လာပါမည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးအနေဖြင့်လည်း မြန်မာနိုင်ငံတွင် တန်ဖိုးအမြင့်အမားဆုံးသော အခွန်ထမ်းများ၏ အခွန်တာဝန်ရှုထောင့်အားလုံးကို တာဝန်ယူသည့် အုပ်စုဖြစ်အောင် တိုးတက်ပြောင်းလဲရန်လည်း လိုအပ်ပါသည်။

**၂၀၂၂ ခုနှစ်တွင် ရရှိမည်ဟု မျှော်မှန်းထားသည့် ရလဒ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**
**– အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (Large Taxpayer Office – LTO) ကို ပိုမိုခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်းအားဖြင့် အားလုံးသော အဓိကအခွန်အမျိုးအစားများအတွက် အခွန်ထမ်းကြီးများအားလုံးကို စီမံခန့်ခွဲရမည်။**

### အလယ်အလတ်စား အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (Medium Taxpayer Office)

အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးလုပ်ငန်းများ၏ အောင်မြင်မှုအပေါ် ဆက်လက်၍ ပတခအနေဖြင့် အခြေပြုကာ အလယ်အလတ်စား အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးကို တည်ထောင်နေပါသည်။ အလယ်အလတ်စား အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများထဲမှ ပထမရုံးအနေဖြင့် ၂၀၁၇/၁၈ အခွန်စည်းကြပ်သည့် နှစ်တွင် (၂၀၁၆/၁၇ ဝင်ငွေနှစ်) များအတွက် LTO ရုံးကဲ့သို့ အခြေခံနည်းလမ်းကို အခြေပြု၍ အခွန်ကြေညာလွှာများကို စတင်ဆန်းစစ်မည်ဖြစ်ပါသည်။

**၂၀၂၂တွင် ရမည်ဟု ခန့်မှန်းထားသော ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**

**– အလယ်အလတ်အစား အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးသည် ရန်ကုန်၊ မန္တလေးနှင့် အခြားအဓိကနေရာများတွင် လုပ်ငန်းကောင်းစွာ လည်ပတ်နေပြီး ဖြစ်ရမည်။**

### ခေတ်မီသော အခွန်စီမံခန့်ခွဲမှု စနစ်များ၏ အဓိကအင်္ဂါရပ်တစ်ခုမှာ အခွန်ထမ်းကိုယ်တိုင် ထိရောက်သော ပြောင်းလဲမှု ကို စီမံခန့်ခွဲခြင်း

ရှေ့ဆတ်လက်ဆောင်ရွက်သွားသည့် အခါတွင် ပ တ ခ ၏ ရိုးသားဖြောင့်မတ်မှုအတွက် ချမှတ်ထားသော ပြောင်းလဲမှုများကို စနစ်တကျနှင့် မှန်ကန်သော အချိန်မှီဆောင်ရွက်သွားရန်မှာ အလွန်အရေးကြီးပါသည်။

**၂၀၂၂တွင် ရမည်ဟု ခန့်မှန်းထားသော ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**

**–ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ၊ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ အစီအစဉ်နှင့် အဓိကစွမ်းဆောင်ရည်ညွှန်းကိန်းများသည် လိုအပ်နေသည့် ပြောင်းလဲမှုများကို ထင်ဟပ်နေ သည်။**

**– ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကူညီပေးရန်အတွက် တိုးတက်မှုကို စောင့်ကြည့်လေ့လာ၍ အသုံးပြုသည်။**

**– ဝန်ထမ်းများနှင့် အဓိကဆက်စပ်ပတ်သက်သူများ (လွှတ်တော်ကိုယ်စားလှယ်များ၊ အခွန်အေးဂျင့်များနှင့် အခွန်ထမ်း ပြည်သူများ) အားကူညီပေးရန် တိုးတက်မှုကို စောင့်ကြည့် လေ့လာ၍အသုံးပြုသည်။**

### လူထုနှင့် လူ့စွမ်းအားအရင်းအမြစ်

လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးသည် အဓိက အားရုံစိုက်ရမည့်အပိုင်းဖြစ်သည်။ ပြည်တွင်းအခွန်များဦးစီးဌာန အနေဖြင့် ပို၍ ခေတ်မီသော အခွန်စီမံအုပ်ချုပ်ရေး ဖြစ်လာသည်နှင့်အမျှ ဝန်ထမ်းများ၏ လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်များသည်လည်း ပြောင်းလဲသွားမည်ဖြစ်သည်။ ဝန်ထမ်းသစ်များကို ခန့်အပ်ခြင်း၊ ရှိပြီး သားဝန်ထမ်းများ၏ အရည်အသွေးများကို ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ခြင်းနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနဝန်ထမ်းများ၏ အခန်းကဏ္ဍများနှင့် တာဝန်များနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ မျှော်မှန်းချက် များကို ရှင်းလင်းသော ဖော်ပြချက်များ ပေး ခြင်းသည် နောက် တဆင့်သို့သွားမည့် ပြုပြင်ပြောင်းလဲရေးအတွက် အလွန်အရေးကြီးသော အပိုင်းများ ဖြစ်ပါသည်။

**၂၀၂၂တွင် ရမည်ဟု ခန့်မှန်းထားသော ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**

**– ဝန်ထမ်းခန့်အပ်ရေးနှင့် ကျွမ်းကျင်သော ဝန်ထမ်းများကို ဆက်လက်ထိန်းထားနိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် မဟာဗျူဟာ၊ အကျင့်ပျက်ခြစားမှုကို လျှော့ချနိုင်မည့် လုပ်ခလစာမူဝါဒများနှင့် သင့်တော်သော အလေ့အထများကို ရေးဆွဲ၍ အကောင်းအထည်ဖော်ဆောင်ခြင်း။**

**– လုပ်သားအင်အားစုများအတွက် စီမံကိန်း ရေးဆွဲခြင်းနှင့် လေ့ကျင့်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ခြင်းတို့ ဖြစ်ပါသည်။**

### လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို ရိုးရှင်း၍ လွယ်ကူအောင် စီစဉ်ဆောင်ရွက်ခြင်း

ပြည်တွင်းအခွန်များဦးစီးဌာန အနေဖြင့် စာရွက်စာတမ်းကို အခြေခံသည့် လုပ်ငန်းစဉ်များမှဝေးရာ နည်းပညာမှပေးလာသည့် အခွင့်အလမ်းအား လုံးကို ပ တ ခ အတွက် ထိရောက်စွာ အသုံးချနိုင်ရန် လိုအပ် သည်။ လုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူ၍ ချောမွေ့စွာ ဆောင်ရွက်ခြင်းအားဖြင့် ပ တ ခ အနေဖြင့် ပို၍ အကျိုးရှိမည့် အလုပ်များကိုလုပ်နိုင်ပြီး ၎င်း၏ ဝန်ဆောင်မှုများ လုပ်ငန်းများ သည်လည်း ထိရောက်၍ အကျိုးရှိပေမည်။

**၂၀၂၂ခုနှစ်တွင် ရရှိမည်ဟုမျှော်မှန်းထားသည့် ရည်မှန်းချက် များမှာ အောက်ပါအတိုင်း ဖြစ်သည်။**

**– အခွန်ထမ်းဝန်ဆောင်မှု ဌာနခွဲ တည်ထောင်ခြင်း၊ ဗဟိုမှ ထိန်းချုပ်သော ကိန်းဂဏန်းစာရင်း အချက်အလက်များ ရယူ သည့်အဖွဲ့နှင့် အကြီးစားအခွန်ထမ်းများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ်စား အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတို့အတွက် တယ်လီဖုန်းဝန်ဆောင်မှုများစသည့် အဓိကနေရာများတွင် ကျွမ်းကျင် ထိရောက်မှုများ။**

**– ကောင်းမွန်သော နိုင်ငံတကာ လုပ်နည်းလုပ်ငန်းများနှင့် အဆင့်မြင့်နည်းပညာများကို ထင်ဟပ်နေသည့် လုပ်ငန်း စဉ်များနှင့် လုပ်ထုံးလုပ်နည်းများ။**

**– ပြည်တွင်းအခွန်များဦးစီးဌာန ဌာနတစ်ခုလုံးတွင် စည်ကမ်း လိုက်နာအောင်**

**ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို လိုက်နာ ကျင့်သုံးမှုနှင့် စောင့်ကြည့်လေ့လာသည့်ရှုံးချုပ်များ ဖြစ်ပါ သည်။**

### ဆုံးရှုံးနိုင်ခြေ risk ကို အခြေခံသည့် ဝန်ဆောင်မှုနှင့် အခွန်ထမ်းများအနေဖြင့် လိုက်နာဆောင်ရွက်စေရန် အရေးယူ ဆောင် ရွက်ခြင်း

အခွန်ထမ်းကိုယ်တိုင် ဆန်းစစ်သည့် အခွန်စနစ်ကို အမှန်အတိုင်း လုပ်ကိုင်လိုစိတ်ရှိသော အခွန်ထမ်း ပြည်သူများအား အသိပညာပေးခြင်းဖြင့် ပံ့ပိုးပေးပြီး အခွန်ထမ်းများမှနေ၍ ၎င်းတို့၏ ဥပဒေအရရှိသော တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်မှုမရှိသောအခါတွင် ဥပဒေအရ ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်ခြင်းတို့ဖြင့် အထောက်အကူပေးရပါသည်။ လိုက်နာကျင့်သုံးမှုကို တိုက်တွန်းအားပေးရန် ပ တ ခ အနေဖြင့် ဝန်ဆောင်မှုနှင့် အရေးယူဆောင်ရွက်ခြင်းအကြား ဟန်ချက်ညီမှု ရှိရန်လိုပါသည်။ ၎င်းသည် အခွန်ထမ်းကိုယ်တိုင် ဆန်းစစ်သည့် စနစ်၏ အဓိက အင်္ဂါရပ်ဖြစ်ပါသည်။ အခွန်ထမ်းပြည်သူများ လိုက်နာဆောင်ရွက်မှု ပိုမိုကောင်းမွန်စေသည့် မဟာဗျူဟာတစ်ရပ်ကို ပ တ ခ သို့ တိုက်ရိုက်ရရှိသည့် ကိန်းဂဏန်း အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာမှုအပေါ် အခြေခံပြီး ထိုကိန်းဂဏန်း အချက်အလက်များကို တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများမှ ၎င်းမြစ်အဖြစ်ရယူထားသည့် မဟာဗျူဟာသည် ကျွန်ုပ်တို့၏ဝန်ဆောင်မှုနှင့် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာများကို လမ်းညွှန်ပေးပါလိမ့်မည်။

**၂၀၂၂ခုနှစ်တွင် ရရှိမည်ဟုမျှော်မှန်းထားသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။**

**– စွန်စားမှုကို အခြေခံသည့် လိုက်နာဆောင်ရွက်ခြင်း ပိုမိုတိုးတက်ရေး မဟာဗျူဟာများ (မှန်ကန်သော အချက် အလက်များအပေါ် အခြေခံသည်) ကိုအသုံးပြု၍ အချိန်မီ ကြေညာလွှာများ ထုတ်ခြင်း၊ အချိန်မီအခွန်ပေးသွင်းခြင်းနှင့် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်အခါတွင် အခွန်ပေးရန်တာဝန်များကို မှန်ကန်စွာ တင်ပြခြင်းတို့ကို ပိုမိုကောင်းမွန် စေရန်အတွက် မှန်ကန်တိကျသော စာရင်းကိန်းဂဏန်း အချက်အလက်များအပေါ် အခြေခံသည့် စုဆောင်းမှုကို အခြေခံသော အခွန်လိုက်နာဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရေး မဟာဗျူဟာများ။**

### နည်းပညာ

နည်းပညာတိုးတက်မှုများသည်လည်း ပြုပြင်ပြောင်းလဲရေး ခရီးစဉ်၏ ယခုအဆင့်အတွက် အဓိကအင်္ဂါရပ်တစ်ခု ဖြစ်ပေမည်။ **Data centre** အကောင်အထည်ဖော်ဆောင်ခြင်း နှင့် ကွန်ပြူတာများကို ကွန်ယက်ချိတ်ဆက် ခြင်းတို့သည် ဝန်ထမ်းများအနေဖြင့် ဌာနတွင်း **internal email domain (name@ird.gov.mm)** ကိုအသုံးပြုနိုင်ပြီး စာရွက်စာတမ်းများကိုမျှဝေခြင်းနှင့် **email** စနစ်ဖြင့် ဆက်သွယ်နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ပေမည်။ ပင်မနည်းပညာစနစ်သစ်ကို အကောင်အထည်ဖော်ဆောင်ခြင်း **(ITAS)** သည်လည်း မှတ်ပုံတင်ခြင်း၊ လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ စာရင်းသွင်းခြင်းနှင့် ဖြစ်ရပ်များကိုကိုင်တွယ်နိုင်သည့် စင်မြင့်တစ်ခုကို ပံ့ပိုးပေးပါလိမ့်မည်။

**၂၀၂၂ခုနှစ်တွင် ရရှိမည်ဟုမျှော်မှန်းထားသည့် ရည်မှန်းချက် များမှာ အောက်ပါအတိုင်း ဖြစ်သည်။**

**– နည်းပညာအခြေပြု ဘက်စုံပေါင်းစည်းထားသည့် အခွန်စနစ်ကို အဓိကနေရာများဖြစ်သည့် ရုံးချုပ်များ၊ ရန်ကုန်နှင့် မန္တလေးတို့တွင် လည်ပတ်အသုံးပြုနေပြီ ဖြစ်သည်။**

**– အသစ်နှင့် အချိန်နှင့်တပြေးညီ အချက်အလက် သစ်များကို ပြုပြင်မွမ်းမံထားသည့် အီလက်ထရောနစ် ဝင် ဆောင်မှုများ (e-services) – ပြည်တွင်းအခွန်များဦးစီးဌာနအတွင်း အင်ထရာ နက် (intranet) နှင့် email domain၊ ဝက်ဘ်ဆိုက်၊ ဖုန်းဝင်ဆောင်မှုများ၊ e-fileESifh e-pay တို့ကို အကြီးစား အခွန်ထမ်းကြီးများနှင့် အလယ်အလတ် အခွန်ထမ်းများ အတွက် လုပ်ဆောင်ပြီး ဖြစ်ရမည်။**

### အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်

ဆန်းစစ်သည်သို့ ပြောင်းလဲခြင်းဖြစ်သည်။ ဤသည်ကို ကျွန်ုပ်တို့၏ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့်စတင်ထားပြီး လက်ရှိတွင် ကျွန်ုပ်တို့၏ အလယ်အလတ်စား အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများသို့ စတင်တိုးချဲ့နေသည့် လုပ်ငန်းစဉ်သို့ တိုးချဲ့နေပါသည်။ နောင်တွင်ဆောင်ရွက်မည့် တန်ဖိုးမြင့် အခွန်များသည်လည်း ကျွန်ုပ်တို့အနေဖြင့် အခွန်ကိုကိုယ်တိုင်စည်းကျပ်သောစနစ်ကို ကောင်းမွန်သည့်ကွန်ပြူတာသတင်းနည်းပညာစနစ်တို့ဖြင့် တွဲ၍သုံးရာတွင် စီမံခန့်ခွဲနိုင်သည့် စွမ်းရည်အပေါ်မူတည်ပါလိမ့်မည်။

**၂၀၂၂ခုနှစ်တွင် ရရှိမည်ဟုမျှော်မှန်းထားသည့် ရည်မှန်းချက် များမှာ အောက်ပါအတိုင်း ဖြစ်သည်။**

**– အခွန်ကောက်ခံခြင်း၏ ၈၀မှ ၉၀ ရာခိုင်နှုန်းသော အခွန်ထမ်းများသည် ကိုယ်တိုင်စည်းကြပ် မှုများဖြစ်ရမည်။**

**– မီဒီယာ (သတင်းစာစောင်များနှင့် ဝက်ဘ်ဆိုက်) တွင် ယခုထက်၍ အများပြည်သူဆိုင်ရာ သတင်းအချက် အလက်များကို အလွယ်တကူရရှိနိုင်မည်။**

**အကောက်ခွန် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီအောင် ဆောင်ရွက်ခြင်း မဟာဗျူဟာ ၂၀၁၇–၂၀၂၂**

မြန်မာ့ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ၎င်းတို့၏ မျှော်မှန်းချက်များနှင့် တာဝန်များကို ပြည့်ဝစွာထမ်းဆောင်နိုင်စေရန်နှင့် နိုင်ငံတော်အတွက် မျှော်မှန်းချက်များကို ဆောင်ရွက်ရာတွင် ထည့်ဝင်နိုင်ရန်အတွက် လမ်းညွှန်ပေးရန် ဤပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီအောင်ဆောင်ရွက်ရေး မဟာဗျူဟာကို ရည်ရွယ်ပါသည်။ မဟာဗျူဟာသည် ဌာနမှတာဝန်ရှိသည့် လုပ်ငန်းများအားလုံးတွင် အဖွဲ့အစည်းပိုင်ဆိုင်ရာ စွမ်းဆောင်ရည်ကို တဖြေးဖြေးတစစ ပြောင်းလဲတိုးတက်လာအောင် မြှင့်တင်ပေးသည်။ စနစ်များကို ခေတ်မီအောင်ဆောင်ရွက်ခြင်း၊ ရင်းမြစ်များနှင့် ကောင်းမွန်သော လုပ်ငန်းလုပ်ဆောင်သည့် အလေ့အထများကို ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ ရိုးသားဖြောင့်မတ်မှုနှင့် ပြည်သူ့ဝန်ဆောင်မှု၏ အမြင့်မားဆုံးသော စံနှုန်းများကို ပြည့်မီသည့် ကောင်းစွာလေ့ကျင့်ထားသော ပြင်လွယ်ပြောင်းလွယ်သော လုပ်သားအင်အားစုမှတဆင့် အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ဤမဟာဗျူဟာသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ ပြုပြင်ပြောင်းလဲရေး ရည်မှန်းချက်များကို ထင်ဟပ်နေပြီး အားလုံးသော သက်ဆိုင်ဆက်စပ်နေသည့် ဥပဒေ မူဘောင်များနှင့်လည်း ကိုက်ညီသည်။

မဟာဗျူဟာနှင့် မဟာဗျူဟာဆိုင်ရာ လုပ်ငန်းစီမံချက်ကို နစ်ခုတွဲ၍ မြန်မာ အကောက်ခွန် ဦးစီးဌာနအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပေမည်။

– အခွန်များကောက်ခံရာတွင် ပိုမိုကောင်းမွန်စေခြင်း နှင့် အခွန်ရှောင်ခြင်းနှင့် အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးခြင်းတို့ကို တားဆီးကာကွယ်ရန်၊ တဖက်မှထိရောက်သော ဘဏ္ဍာရေးထိန်းချုပ်သည့် စနစ်များကို ဆောင်ရွက်သလို တဖက်မှနေ၍လည်း ကုန်သွယ်ရေးကို ပိုမိုလွယ်ကူစေမည့် နည်းလမ်းများကို စတင်လုပ်ဆောင်ခြင်းအားဖြင့် အခွန်အကောက်များ ကောက်ခံခြင်းကို ပိုမိုကောင်းမွန်စေပြီး အခွန်ရှောင်ရှားခြင်းနှင့် အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးခြင်းတို့ကို တားဆီးကာကွယ်ရန်။

– တားမြစ်ထားသော (သို့မဟုတ်) ကန့်သတ်ထား သောကုန်ပစ္စည်းများကို မှောင်ခိုကူးခြင်းမှ တားဆီးကာကွယ်ရန် ထိရောက်သောထိန်းချုပ်သည့် နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ခြင်းအားဖြင့် လူ့ဘောင်အဖွဲ့အစည်းနှင့် ဝန်းကျင်ကို ကာကွယ်ပေးရန်။

– နိုင်ငံတကာ စံနှုန်းများနှင့် အကောင်းဆုံးသော လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီစေရန် အကောက်ခွန် လုပ်ထုံး လုပ်နည်းများကို ခေတ်မီအောင်ဆောင်ရွက်ရန်နှင့် စံအဖြစ်ဆောင်ရွက်ရန်။

**- To collect data for compilation of statistics on foreign trade;**

**- To co-operate and co-ordinate with other customs administrations and law enforcement agencies; and**

**- To promote public trust by enhancing the integrity of Customs personnel.**

– အကောက်ခွန် အမှုထမ်းအရာထမ်းများ၏ ရိုးသားဖြောင့်မတ်မှုကိုမြှင့်တင်ခြင်း၊ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းအား ဖြင့် ပြည်သူ့ယုံကြည်မှုကို မြှင့်တင်ရန် ဖြစ် ပါသည်။

အကောက်ခွန်ပြုပြင်ပြောင်းလဲခြင်းနှင့်ခေတ်မီအောင် ဆောင်ရွက်ခြင်း မဟာဗျူဟာတွင် ချမှတ်ထားသည့် အဓိကကဏ္ဍများနှင့် မဟာဗျူဟာမြောက်ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

– ခေတ်မီနိုင်ငံတကာ အကောက်ခွန် လုပ်ထုံးလုပ် နည်းများကို အကောင်အထည်ဖော်ဆောင်ခြင်း။

● ပြန်လည်ပြင်ဆင်ထားသည့် ကျိုတိုစာချုပ်ပါ စံနှုန်းများကို လိုက်နာဆောင်ရွက်မှု ရရှိရန်

● Authorised Economic Operator Scheme ကို စတင်မိတ်ဆက်ရန်

● အကောက်ခွန်ရှင်းလင်းရေးနောက်ပိုင် စာရင်းစစ်ခြင်း (Post Clearance Audit) ကို စတင်ဆောင်ရွက်ရန်

● အကောက်ခွန်ထိန်းချုပ်သည့် နေရာများအားလုံးတွင် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု ဆိုင်ရာ ဘက်စုံလွှမ်းခြုံသည့် ရှေ့နောက်ညီပြီး တသတ်မတ်တည်းဖြစ်သော စနစ်တစ်ခုကို ရေးဆွဲ၍ လိုက်နာကျင့်သုံးရန်

● တားဆီးကာကွယ်ခြင်း၊ မလုပ်အောင်ဟန့်တားခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့၏ ထိရောက်သောစနစ်တစ်ခုကို စတင်၍ လုပ်ဆောင်ရန် ဖြစ်ပါသည်။

● တင်သွင်းလာသည့် ကုန်စည်များ၏ တန်ဖိုးသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၏ တန်ဖိုးဖြတ်ရေး သဘောတူညီချက်နှင့် အပြည့်အဝနှင့် တသတ်မတ်တည်း ကိုက်ညီမှုရှိစေရန် ထိန်းချုပ်မှုများကို ဆောင်ရွက်ခြင်း။

● WTO ကုန်သွယ်ရေး အဆင်ပြေချောမွေ့အောင် ပံ့ပိုးကူညီရေး သဘောတူညီချက် (WTO Trade Facilitation

Agreement) တွင်ပါဝင်သည့် အကောက်ခွန်စံနှုန်းများကို ပြည့်မီရန်၊

● အကောက်ခွန် ပစ္စည်းသိုလှောင်ရေး ခေတ်မီသော စနစ်တစ်ခုကို ရေးဆွဲ၍ စတင်ရန်

- ခေတ်မီသော ကွန်ပြူတာ နည်းပညာ ဝန်းကျင်တစ်ခုကို တည်ဆောက်ခြင်း

●ဌာနအတွင်း ကွန်ပြူတာ (IT) ဌာနခွဲတစ်ခုကို တည်ထောင်ရန် ဝန်ထမ်းများနှင့် လိုအပ်သော စက်ပစ္စည်းများကို တက်ဆင်ရန်၊

●MACCS နှင့် MCIS တို့ကို စတင်အကောင်အထည်ဖော်ခြင်းကို ဆက်လက်ဆောင်ရွက်ရန်

● အမျိုးသားအဆင့် တနေရာတည်းတွင် အကောက်ခွန်ရှင်းလင်း လုပ်ဆောင်ခြင်း (National Single Window) ဖြစ်ပေါ်လာအောင်ဆောင်ရွက်မှုတွင် ပါဝင်ပံ့ပိုးပေးရန်

● မြန်မာအကောက်ခွန်ဦးစီးဌာန၏ ဝက်ဘ်ဆိုက်ကို အဆင့်မြှင့်တင်ရန်

● IT စနစ်အသစ်များနှင့် Applications များကိုရေးဆွဲ၍ စတင်အသုံးပြုရန်

● မြန်မာ့အကောက်ခွန် ဌာနတွင်း ကွန်ယက်တစ်ခုကို တည ဆောက်ရန်။

- ဌာနဆိုင်ရာ အဖွဲ့အစည်းကို ပြုပြင်ပြောင်းလဲရေးနှင့် လူ့စွမ်းအား အရင်းအမြစ်များကို ဖွံ့ ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး

● ဌာန၏ ဖွဲ့စည်းပုံအသစ်ကို စတင်မိတ်ဆက်ရန်နှင့် ဝန်ထမ်းများကို တဖြေးဖြေးခြင်း စနစ်သစ်ဖြင့်သွားရန်။

● ထိုစနစ်များသည် မဟာဗျူဟာနှင့် ဌာနဖွဲ့စည်းပုံကို ပံ့ပိုးပေးမည့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု စနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန်နှင့် စတင်အသုံးပြုရန်၊

- ထိရောက်သော မိတ်ဖက်ဆောင်ရွက်မှုများကို ဖန်တီးခြင်းနှင့် ပျိုးထောင်ခြင်း

● ပုဂ္ဂလိကကဏ္ဍနှင့် ထိရောက်သော ဆက်ဆံရေးများကို တည်ဆောက်ရန်။

● အခြားအစိုးရဌာနများနှင့် အကောက်ခွန် စီမံအုပ်ချုပ်ရေးများနှင့် ပူးပေါင်းဆောင်ရွက်သည့် ထိရောက်သော သဘောတူညီချက်ကို တည်ဆောက်ရန်။

# မြန်မာ့ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP)

မြန်မာ့ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan - MSDP) မူကြမ်းကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အစိုးရအတွက် ကမ္ဘာ့အဆင့် ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ ရည်မှန်းချက်အစီအစဉ် (global SDG agenda)ကို မြန်မာနိုင်ငံ၏ အခြားသော ဒေသတွင်းနှင့် ကမ္ဘာဆိုင်ရာ ကတိကဝတ်များနှင့်အညီဖြစ်စေရန် အစိုးရအတွက် အထက်မှလွှမ်းခြုံနေသည့် အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒ မူဘောင်အဖြစ်ကြိုကို ရေးဆွဲပါသည်။ ၎င်းသည် ပြည်သူ့ရင်းနှီးမြှုပ်နှံမှု စီမံကိန်း (Public Investment Program - PIP)ဟူသော လုပ်ဆောင်ချက်အသစ်၏ အောက်တွင် အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများအတွက် အထွေထွေ စီမံကိန်းကို ဇကာတင်စစ်ဆေးခြင်းနှင့် ဦးစားပေးသတ်မှတ်ခြင်း မူဘောင်တစ်ခုရေးဆွဲမှုနှင့်လည်း မဟာဗျူဟာမြောက်စွာ ချိတ်ဆက်နေပါသည်။

မြန်မာ့ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) ကို စစ်မှန်၍ပါဝင်မှုရှိသော အသွင်းကူးပြောင်းနေသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အောင်မြင်စေရန်အတွက် လိုအပ်သည့် မူဝါဒများနှင့် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကျိုးကြောင်း ညီညွတ်မှုရှိစေရေးဟူသည့် ရည်ရွယ်ချက်ကို အခြေခံ၍ ရေးဆွဲထားပါသည်။ ၎င်းစီမံကိန်းသည် ဌာနပေါင်းများစွာနှင့် လူပုဂ္ဂိုလ်ပေါင်းများစွာတို့၏ မြောက်မြားစွာသော ဆက်စပ်ပတ်သက်သူများမှ တက်ကြွစွာ ဆွေးနွေးညှိနှိုင်း အကြံဉာဏ်ရယူခဲ့ခြင်းမှ ပေါ်ထွက်လာသည့် ထွက်ကုန်ဖြစ်ပါသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (MoPF)သည် MSDP ကို အကောင်အထည်ဖော်ဆောင်မှုအတွက် ကြီးကြပ် ကွတ်ကဲပေးရန် အဓိကဌာနဆိုင်ရာ အဖွဲ့အစည်းဖြစ်ပြီး၊ MSDP အကောင်အထည်ဖော်ဆောင်ရေးဌာနခွဲ (MSDP-IU) ကိုလည်း လက်ခံနေရာပေးထားပါသည်။ ထိုဌာနခွဲသည် လိုအပ်သည့် အကောင်အထည် ဖော်ဆောင်ရေး ဆိုင်ရာ ဖွဲ့စည်းပုံများ၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးမူဘောင်များနှင့် စောင့်ကြည့်လေ့လာသည့် ယန္တရားများဖန်တီးမှုကို ကြီးကြပ်ကွတ်ကဲပေးသွားမည်ဖြစ်ပါသည်။
MSDP တွင် မြေယာအုပ်ချုပ်မှုနှင့် ရင်းမြစ်ကို အခြေခံသည့် စက်မှုလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစွာ စီမံခန့်ခွဲခြင်းတို့အတွက် လုပ်ငန်းစီမံချက်တစ်ခုကို သတ်မှတ်ပေးထားပါသည်။ EITI စည်းကမ်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်မှုကို ပိုမိုမြန်ဆန်စေရန်ဆောင်ရွက်ခြင်းကို အကောင်အထည်ဖော်ဆောင်ရမည့် လုပ်ငန်းများထဲမှ တစ်ခုအဖြစ် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု အကူအညီပေးရေး မူဝါဒ (Myanmar Development Assistant Policy - MDAP) ကို ပြန်ကြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှတဆင့် အွန်လိုင်းပေါ်တွင် ရနိုင်ပါသည်။ MDAP ကို ဖွံ့ဖြိုးတိုးတက်မှု အကူအညီပေးရေး ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုဌာန (Development Assistance Coordination Unit) မှနေ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ နိုင်ငံခြားစီးပွားရေးဆက်ဆံရေးဌာနတို့မှ ပူးပေါင်း၍ ရေးဆွဲထားခြင်း ဖြစ်ပါသည်။ MDAP သည် ရေရှည်တည်တံခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို အကောင်အထည် ဖော်ဆောင်ပေးမည့် မူဝါဒဖြစ်ပါသည်။ ၎င်းကိုလည်း မြန်မာရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် ထည့်သွင်းဖော်ပြထားပါသည်။

## ၃.၅။ ဘဏ္ဍာရေးအာဏာခွဲဝေပေးခြင်း (Fiscal devolution)

လက်ရှိစနစ်တွင် ပြည်ထောင်စုအစိုးရ အသုံးစရိတ်များကို ဝန်ကြီးဌာနအလိုက်ဘက်ဂျက်များအဖြစ် ကုန်ကျစရိတ်မှတ်တမ်းများရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ပြည်ထောင်စုအစိုးရ အသုံးစရိတ်များကို မရနိုင်ပါ။[52]

မြန်မာနိုင်ငံမှ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများကို ၂၀၀၈ အခြေခံဥပဒေဖြင့် ၂၀၁၁ မတ်လတွင် ဖွဲ့စည်းခဲ့သည်။ လက်ရှိတွင် ပြည်နယ် ၇ ခု၊ တိုင်းဒေသကြီး ၇ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၅ ခု၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့ဖြင့် ဖွဲ့စည်းထားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများကို ဝန်ကြီးချုပ်က ဦးဆောင်သည်။ ဝန်ကြီးချုပ်ကို သမ္မတကပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်အမတ်များမှ ရွေးချယ်ခန့်အပ် သည်။

၂၀၀၈ အခြေခံဥပဒေအရ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများသည် တူးဖော်ရေးကဏ္ဍ ဥပဒေများကို ပြဌာန်းနိုင်သည်။ အခွန်ကောက်ယူနိုင်သည်။ သို့သော်လည်း အလွန်သေးငယ်သည့် လုပ်ငန်းများတွင်သာ အာဏာကျင့်သုံးနိုင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးတိုင်းတွင် လွှတ်တော်တခုစီရှိသည်။ (မြို့နယ် တစ်ခုမှလွှတ်တော် ကိုယ်စားလှယ် ၂ ဦးစီနှင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းထားသည်) ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ကိုလည်းဖွဲ့စည်းထားသည်။ ဝန်ကြီးချုပ်ကို သမ္မတက ရွေးချယ်ပြီး၊ လွှတ်တော်က အတည်ပြုသည်။ ပြည်ထောင်စု တစ်နှစ်အသုံးစရိတ်၏အနိမ့်ဆုံးသတ်မှတ်ချက်ပေါ်အခြေခံပြီး တိုင်းနှင့်ပြည်နယ်မှ လွှတ်တော်များသည် ၎င်းတို့ဘတ်ဂျတ်ကို ရေးဆွဲနိုင်ခွင့်ရှိသည်။ (ပုဒ်မ ၂၅၂ အရ)

၂၀၀၈ အခြေခံဥပဒေအရ သဘာဝ သယံဇာတစီမံမှု နှင့် အခွန်ကောက်ခြင်းတွင် ပြည်နယ်နှင့်တိုင်းဒေသပြီး အစိုးရများ၏ ပါဝင်နိုင်မှုမှာ အကန့်အသတ်ရှိသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး အခွင့်အာဏာများကို ၂၀၀၈ အခြေခံဥပဒေ ဇယား ၂ တွင်ပြဌာန်းထားသည်။ ရေနံနှင့်ဓာတ်ငွေ့၊ သတ္တုလုပ်ငန်းများသည် ဇယား ၂ တွင်ပါဝင်ခြင်းမရှိပါ။ ဆား၊ ထင်း၊ ကျောက်မျက် ဖြတ်ခြင်း နှင့် အရောင်တင်ခြင်းများကဲ့သို့သော ကိစ္စများသာပါဝင်သည်။

ပြည်နယ် ၇ ခု၊ တိုင်းဒေသကြီး ၇ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၅ ခု၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့ဖြင့် မြန်မာနိုင်ငံကို ဖွဲ့စည်းထားသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် များအောက်တွင် ခရိုင်၊ မြို့နယ်၊ မြို့၊ ရွာနှင့် ရပ်ကွက်များ အစရှိသဖြင့် အုပ်ချုပ်ရေးအဆင့်ဆင့်ရှိသည်။ အောက်ခြေအဆင့် အုပ်ချုပ်ရေးပိုင်း၏ လုပ်ပိုင်ခွင့်များမှာ ရှင်းရှင်းလင်းလင်းမရှိပါ။ ၎င်းတို့ကို ဗဟိုအစိုးရ လက်အောက်ခံ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဌာနမှ ထိန်းချုပ် စီမံသည်။[53]

၂၀၀၈ အခြေခံဥပဒေ ဇယား ၅ တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ ကောက်ခံနိုင်သည့် အခွန်များကို ဖော်ပြထားသည်။ ထွေအုပ်ဌာနက ကောက်ယူသည့် မြေနှင့် တွင်းထွက်အခွန်များ၊ သစ်တောရေးရာ ဦးစီးဌာနက ကောက်ယူသည့် သတ်မှတ်ထားသည့် သစ်အမျိုးအစားနှင့် သစ်တောထွက်ပစ္စည်းအတွက် အခွန်များ၊ အသေးစားရေအားလျှပ်စစ်စက်ရုံများမှ ဓာတ်အားခွန်များကို ဇယား ၅ တွင် ထည့်သွင်းထားသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသည် ယစ်မျိုးခွန်များ၊ မြေခွန်များ၊ ရေခွန်များ၊ လမ်းတံတားကြေး နှင့် အခွန်အခများ၊ ငါးလုပ်ငန်းမှ အခွန်များကောက်ယူနိုင်သည်။ တွင်းထွက်ကဏ္ဍတွင်မူ ကျောက်စရစ်နှင့် သဲထုတ်လုပ်သူများမှ တွင်းထွက်ခွန်ကောက်ယူနိုင်သည်။ ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီး အစိုးရပိုင်ဆိုင်မှု များကို ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း ပြုလုပ်နိုင်သည်။ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အစိုးရပိုင် လုပ်ငန်းများမှ အမြတ်အစွန်းရှာဖွေနိုင်သည်။ လက်တွေ့တွင် တူးဖော်ရေးကဏ္ဍမှ အခွန်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်က ကောက်ခံခြင်းမရှိပါ။[54]

[52] တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများက ခွဲဝေပေးသည့် လမ်းကြောင်းကို နိုင်ငံရသုံးမှန်းခြေ စာရင်းတွင်ဖော်ပြထားခြင်းမရှိပါ။ မိခင်ပြည်ထောင်စုဝန်ကြီးဌာနသည် အဓိကဘတ်ဂျတ်ယူနစ်ဖြစ်ပြီး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသုံးစရိတ်ကို ပြည်ထောင်စုအဆင့်တွင် ရှင်းလင်းစွာခွဲခြားပြသသည့် ဒုတိယအဆင့်ဘတ်ဂျတ်အမျိုးအစား သတ်မှတ်ထားချက် လက်ရှိ အချိန်တွင်မရှိသေးပါ။ ထိုသို့သောအခြေအနေများကြောင့် ဘဏ္ဍာရေးအာဏာလွှဲပြောင်းမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ အသုံးစရိတ်ပမာဏမည်မျှကို ခွဲဝေလုပ်ပိုင်ခွင့်ပေးနေသည်၊ မည်သည့်အဆင့်ထိ လုပ်ပိုင်ခွင့်လွှဲအပ်ပေးနေသည်ဟူသော အခြေခံမေးခွန်းကိုပင် ဖြေရန် ခက်ခဲနေဆဲဖြစ်သည်။ (Nixon and Joelene, 2014)

[53] World Bank (2015) Myanmar Public Expenditure Review 2015. World Bank Group, September 2015

[54] Discussions with General Administration Department representatives

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့်တိုင်းတို့သည်၂၀၀၈ အခြေခံဥပဒေ ဇယား ၃ ပါသတ်မှတ်ချက်များအတိုင်း လည်ပတ်လျက်ရှိသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများအတွက် အသုံးစရိတ်ကို ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်ဂျတ်များမှ ချထားပေးသည်။

၂၀၀၈ အခြေခံဥပဒေတွင်ဖော်ပြထားသည့် အာဏာခွဲဝေပေးမှုအပြင် ၂၀၁၁ ခုနှစ်မှ စပြီး ပြည်ထောင်စုအစိုးရ သည် ဘဏ္ဍာရေးအာဏာဖြေလျော့ခြင်းကိုဦးတည်သည့် ပြုပြင်ပြောင်းလဲမှုများစွာပြုလုပ်ခဲ့သည်။ ဥပမာ ပြည်နယ်နှင့်တိုင်းဒေသကြီး၏ ပြည်သူ့ဝန်ဆောင်မှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ဘတ်ဂျတ်များကို သိသိသာသာ တိုးမြင့်ပေးခဲ့သည်။ ၂၀၁၃/၁၄ တွင် ပြည်ထောင်စုအစိုးရသည် နိုင်ငံဘတ်ဂျတ်၏ ၃.၄ ရာခိုင်နှုန်း ကို ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွက် ချေးငွေ၊ ထောက်ပံ့ငွေအဖြစ်ချထားပေးခဲ့သည်။ ၂၀၁၄/၁၅ ဘဏ္ဍာရေးနှစ်တွင် ၇.၆ ရာခိုင်နှုန်းထိရှိလာပြီး ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်တွင် ၈.၇ ရာခိုင်နှုန်း သို့မဟုတ် ကျပ်ငွေ ၁.၈ ထရီလီယံထိ တိုးမြင့်ပေးခဲ့သည်။[၅၅]

သဘာဝ သယံဇာတနှင့် ဆက်စပ်ပြီး ပြည်ထောင်စု ဝန်ကြီးဌာန သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန ကိုပေးသွင်းရမှုများ ပြုလုပ်ရာတွင် ထုတ်လုပ်ရာဒေသအလိုက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသို့ ပေးသွင်း လေ့မရှိပါ။ ဥပမာကုမ္ပဏီတခုသည် ၄င်းရုံးချုပ်တည်နေရာရှိ ပြည်တွင်းအခွန်များဦးစီးဌာနမြို့နယ် အရာရှိ ထံသို့ ကုမ္ပဏီ၏ အမြတ်ခွန်ကို ပေးသွင်းမည်ဖြစ်သည်။ သယံဇာတ ထုတ်ယူရာ ဒေသတွင် ပေးသွင်းမှုမပြုလုပ်ပါ။

ပြည်နယ် နှင့်တိုင်းဒေသကြီးများသို့ လွှဲပြောင်းပေးရာတွင် ဘဏ္ဍာရေးမျှဝေခြင်းသတ်မှတ်ချက်အချိုးအစား အတိုင်းခွဲဝေခြင်းမဟုတ်ပါ။ အချိုးအစားနှင့်ခွဲဝေပေးသည့် တခုတည်းသော လွှဲပြောင်းမှုမှာ ဖွံ့ဖြိုးရေး ရန်ပုံငွေ အဖြစ် လွှဲပြောင်းပေးမှု၏ ၅ ရာခိုင်နှုန်းကို သတ်မှတ်ပေးခြင်းဖြစ်သည်။ ဆင်းရဲမွဲတေမှုနှုန်းပေါ်မူတည်ပြီး ခွဲဝေပေးခြင်းဖြစ်သည်။ [၅၆]

## ၃.၆။ အခွန်ကောက်ခြင်း၊ ခွဲတမ်းချပေးခြင်းနှင့် စိုက်ထုတ်ပေးခြင်း (Revenues collection, revenues allocation and subsidies)

### ၃.၆.၁။ ပြည်သူ့ဘဏ္ဍာရေးစီမံမှု (Public financial management)

**ပြည်ထောင်စု လွှတ်တော်နှင့် ပြည်ထောင်စုအစိုးရသည် နိုင်ငံတော် ဘဏ္ဍာရေးစနစ် စီမံမှုကို အဓိကစောင့်ကြည့်သည့် အစုအဖွဲ့များဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ဝင်ငွေနှင့် အသုံးစရိတ်ခန့်မှန်းချက်ကို တစ်နှစ်တာရသုံးစရိတ်တင်ပြချက်တွင် ထည့်သွင်းတွက်ချက်ပြီး လွှတ်တော်သို့တင်ပြသည်။**

ရသုံးမှန်းခြေငွေစာရင်းဥပဒေ (Budget Law) အရ အမျိုးသားရသုံးမှန်းခြေငွေစာရင်းတွင် အခွန်နှင့်အခွန်မဟုတ်သည့်ဝင်ငွေများပါဝင်သည်။ အခွန်မဟုတ်သည့် ဝင်ငွေများမှာ

- နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရရှိမှု
- သာမန်ရငွေ (Current Receipts)
- အမြတ်အစွန်းမှ ရရှိမှု (Interest receipts)
- ထောက်ပံ့ငွေရရှိမှု (Grant receipt)
- အစိုးရပိုင်ပစ္စည်းများ ရောင်းချရာမှ ငွေလုံးငွေရင်းလက်ခံရရှိမှု (Capital receipts)
- နိုင်ငံခြား အထောက်အပံ့လက်ခံရရှိမှု
- ရင်းနှီးမြှုပ်နှံမှုများမှရရှိမှု (Receipts from Investment in Organizations)
- စုဆောင်းငွေမှ ရရှိမှု (Receipts from saving)

ပြည်သူ့ဘဏ္ဍာစီမံမှုအတွက် သီးသန့်စနစ်မရှိပါ။ အစိုးရဌာနများနှင့် အစုအဖွဲ့တခုခြင်းစီ သည် မတူညီသည့်စနစ်များကို အသုံးပြုကြသဖြင့် စာရင်းထပ်မှုများကို ဖြစ်ပေါ်စေသည်။ ဥပမာ ဝန်ကြီးဌာနအများစုတွင် ဌာနတွင်းစာရင်းစစ် စနစ်မရှိသောကြောင့် လုပ်ငန်းစဉ် နှင့် ငွေအပြောင်းအလွှဲသည် သတ်မှတ်ထားသည့် အတိုင်းလိုက်နာလျက်ဖြစ်ပေါ်နေခြင်းရှိ မရှိ ဆန်း

[၅၅] https://www.mmtimes.com/national-news/13864-u-thein-sein-govt-s-last-budget-approved.html
[၅၆] https://asiafoundation.org/publication/local-development-funds-in-myanmar/

စစ်နိုင်သည့် နည်းလမ်းမရှိပါ။ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများကိုလည်း လွှဲပြောင်းပေးမည့်ငွေပမာဏကို ကြိုတင်အကြောင်းကြားထားခြင်းမရှိသဖြင့် ၎င်းတို့အနေဖြင့်လည်း ဘတ်ဂျတ်များကို ကြိုတင်ပြင်ဆင်နိုင်ခြင်းမရှိပဲဖြစ်နေသည်။ ကမ္ဘာ့ဘဏ်၏ ပြည်သူ့အသုံးစရိတ်နှင့် ဘဏ္ဍာရေးတာဝန်ခံမှု ဆန်းစစ်ချက် Public Expenditure and Financial Accountability (PEFA) နှင့် International Budget Partnership's Open Budget Survey ရလဒ်များအရ မြန်မာ့ရသုံးမှန်းခြေလုပ်ငန်း စဉ်သည် ကမ္ဘာပေါ်တွင် ပွင့်လင်းမှု အနည်းဆုံးဖြစ်သည်။ ဝင်ငွေ နှင့် အသုံးစရိတ်၊ ကြွေးမြီ (debt stocks) ဘဏ္ဍာရေး ရပိုင်ခွင့်များ (financial assets)၊ ရသုံးမှန်းခြေ ရလဒ်များကို ပြည်သူများကို ထုတ်ပြန်ခြင်းမရှိပါ။ စာရင်းစစ်ရလဒ်များ၊ ငွေအရင်းအနှီးများပြားသည့် စီမံကိန်းများ၏ စာချုပ်များကိုလည်း လျှို့ဝှက်ထားလေ့ရှိသည်။

ကမ္ဘာ့ဘဏ်၊ ဩစတေးလျ နှင့် ယူကေအစိုးရများ၏ အကူအညီဖြင့် ဆောင်ရွက်နေသည့် ပြည်သူ့ဘဏ္ဍာစီမံမှု အဆင့်မြင့်တင်ရေးစီမံကိန်းသည် ဖော်ပြခဲ့ပါပြဿနာများကို ဖြေရှင်းရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ ဆောင်ရွက်နေသည့် လုပ်ငန်းများမှာ

- အခွန်ထမ်းပြည်သူများနှင့်ဆိုင်သည့်ရုံးတစ်ခုဖွဲ့စည်းခြင်း (Taxpayers' Office)
- ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပါဝင်သည့် ကာလလတ်ဘဏ္ဍာရေးမူဘောင် အကောင်အထည်ဖော်ခြင်း
- တနိုင်ငံလုံးမှ အချက်အလက်များ တနေရာတည်းတွင် စုစည်းရန်၊ အမျိုးအစား အလိုက်ခွဲခြားရန်အတွက် ကွန်ပြူတာဖြင့် အသုံးပြုနိုင်သည့် ဘဏ္ဍာရေးစီမံမှု စနစ်တခု ရေးဆွဲခြင်း
- တစ်နိုင်ငံလုံးသို့သက်ရောက်မှုရှိစေမည့် ဝယ်ယူရေးဆိုင်ရာ နည်းဥပဒေများ နှင့် စည်းကမ်းများ သတ်မှတ်ခြင်း
- ဘတ်ဂျတ်သုံးသပ်မှုများပြုလုပ်ရန် ပြည်သူ့ငွေစာရင်းကော်မတီရုံး (Public Account Committee Office) ဖွဲ့စည်းခြင်း
- စာရင်းစစ်ချုပ်ရုံး၏ စွမ်းဆောင်ရည်မြင့်တင်ခြင်း

## ၃.၆.၂။ အခွန်ကောက်ခံခြင်း (Revenues collection)

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် အခွန်ကောက်ယူပုံ အမျိုးမျိုးရှိသည်။ စားသုံးမှုပေါ်တွင်ကောက်ယူသည့် ကုန်သွယ်ခွန်နှင့်၊ နိုင်ငံပိုင်လုပ်ငန်းရော ပုဂ္ဂလိက လုပ်ငန်းများပေါ် ကောက်ခံသည့် ဝင်ငွေခွန်တို့သည် အရေးအကြီးဆုံးအခွန်များဖြစ်သည်။ ယင်းအခွန် ၂ မျိုး မှ ရရှိမှုသည် သည် စုစုပေါင်း အခွန်၏ ၉၀ ရာခိုင်နှုန်းဖြစ်သည်။

လက်ရှိအခြေအနေတွင် အစိုးရ၏ အခွန်အများစုကို သဘာဝသယံဇာတမှ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ကောက်ခံရာမှ ရရှိသည်။ အထူးသဖြင့် ဓာတ်ငွေ့နှင့် ကျောက်စိမ်းရောင်းချရာမှ ရရှိသည့်ဝင်ငွေများ မှရရှိသည်။ လုပ်ကွက်ချထားပေးခြင်း၊ တွင်းဝခွန်များ၊ ရှယ်ယာ၊ သယ်ပို့အခွန်အခ၊ ခရီး တထောက်ဖြတ်သန်းခ၊ လေ့ကျင့်ရေး နှင့် ပညာရေး ရန်ပုံငွေများ နှင့် ဝင်ငွေ အခွန် အစရှိ သဖြင့် တူးဖော်ရေးလုပ်ငန်းများမှ အခွန်အမျိုးမျိုးကို ရရှိသည်။ ယင်းဝင်ငွေများမှ စုစုပေါင်း တန်ဖိုးကို အစီရင်ခံစာ အခန်း ၅ တွင်ဖော်ပြထားပါသည်။

တူးဖော်ရေးကဏ္ဍမှ အခွန်အခများကို ငွေသားဖြင့်ကောက်ယူသည်။ တူးဖော်ရေးစီမံကိန်းများမှ အချို့သောအခွန်များကို ပြည်ထောင်စုအစိုးရသို့သွင်းရပြီး အချို့ကို MOGE ME1 ME2 ME ကဲ့သို့သော နိုင်ငံပိုင်လုပ်ငန်းများက အောက်တွင်ဖော်ပြထားသည့် အတိုင်း လက်ခံသည်။

တူးဖော်ရေးကဏ္ဍတွင် နိုင်ငံပိုင်လုပ်ငန်းများမှ တိုက်ရိုက်ကောက်ခံသည့် အခွန်များမှအပ ကျန်အခွန်အားလုံးကို အမျိုးသားရသုံးစရိတ်စာရင်းသို့ ထည့်သွင်းသည်။ ပြည်ထောင်စုအစိုးရအခွန်ကို မျှော်မှန်းထားသည့် အခွန်ပမာဏ အလျောက် ကောက်ခံခြင်းမဟုတ်ပဲ အရင်းအမြစ်အလိုက် ကောက်ခံ သည့် ဌာန၊ အဖွဲ့အလိုက်ခွဲခြားကောက်ခံ သည်။


နိုင်ငံပိုင်လုပ်ငန်းများသည် ပြည်ထောင်စုဘတ်ဂျတ်ကို ဘဏ္ဍာရေးသတ်မှတ်ချက်ကြီး ၂ ခု ပေါ်အခြေခံပြီး ထည့်ဝင်ခြင်းများပြုလုပ်သည်။ ပထမတခုမှာ လုပ်ငန်းများအားလုံး (နိုင်ငံပိုင်ရော ပုဂ္ဂလိကကိုပါ ကောက်ခံ) ပေါ်တွင် ၂၅ ရာခိုင်နှုန်းဖြင့်ကောက်ခံသည့် အမြတ်ခွန်ဖြစ်သည်။ ဒုတိယမှာ ပြည်ထောင်စုအတွက် အမြတ်ခွဲဝေပေးခြင်း (Union Dividend) နည်းဖြစ်သည်။

နိုင်ငံပိုင်လုပ်ငန်းများမှ အမြတ် ၂၅ ရာခိုင်နှုန်းကို အစိုးရဘတ် ဂျတ်သို့ တိုက်ရိုက်ထည့်ပေးခြင်းဖြစ်သည်။ ကျန်ရှိ သည့် အမြတ်အစွန်းများကို ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် ပြည်ထောင်စု သို့လွှဲပြောင်းပေးခြင်းပြုလုပ်သည်။

### (ဂ) ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍထည့်ဝင်မှု


| | | | | |
|---|---|---|---|---|
| ဝင်ငွေခွန် | | | | |
| လုပ်ငန်းခွန် | | | | |
| တံဆိပ်ခေါင်းခွန် | | | အကောက်ခွန် | |
| ရင်းနှီးမတည်ခွန် | | | ပြည်တွင်းအခွန် | |
| ပိုင်ဆိုင်မှုခွန် | | | | |
| ပင်ရင်းဖြတ်တောက်ပေးသွင်းခွန် | | | | |
| ပုဂ္ဂလိက ရေနံ နှင့် ဓာတ်ငွေ့ကုမ္ပဏီများ | DMO | MOGE | အကောက်ခွန် | လုပ်ငန်းဝင်ငွေခွန် ၂၅ ရာခိုင်နှုန်း |
| | နိုင်ငံတော်ပါဝင်မှု | | ဓာတ်ငွေ့နှင့် လောင်စာ ပြည်တွင်း ရောင်းချမှု | နိုင်ငံတော်စာရင်း |
| | ထုတ်လုပ်မှုခွဲဝေခြင်း | | MOGE အမြတ်များ ခွဲဝေခြင်း | နိုင်ငံတော် ဝေစု ၂၀ ရာခိုင်နှုန်း |
| | အချက်အလက် အသုံးပြုခ | | | |
| | လေ့ကျင့်ရေးစရိတ် | | ရေနံနှင့် ဓာတ်ငွေ့ စီမံကိန်းဌာန | ငွေတိုက်စာရင်း ဦးစီးဌာန |
| | သုတေသနနှင့် ဖွံ့ဖြိုးရေး | | | |
| | လက်မှတ်ထိုး အပိုဆုကြေး | | အခြား ခွဲဝေမှုများ ၅၃ ရာခိုင်နှုန်း | MOGE စာရင်း |
| | တွင်းဝခွန်များ | | CSR လွှဲပြောင်းပေးမှု ၂ ရာခိုင်နှုန်း | CSR အသုံးစရိတ် |
| | ထုတ်လုပ်မှုအပိုကြေး | | | |

**ငွေသားစီးဆင်းမှု**
**In kind ပေးသွင်းမှု**




## (ခ) ရေနံနှင့် ဓာတ်ငွေ့သွယ်တန်းခ ပေးသွင်းမှုစာရင်း


| | | |
|---|---|---|
| ပုဂ္ဂလိက ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီ သွယ်တန်းခ ပေးသွင်းမှု | လုပ်ငန်းဝင်ငွေခွန် | ပြည်တွင်းအခွန် |
| | အမြတ်များ | |
| | ပိုက်လိုင်းအသုံးပြုခ | အကောက်ခွန် |
| | လမ်းအသုံးပြုခ | |



## (ဂ) သတ္တုတွင်းကဏ္ဍပေးသွင်းမှု
## ကျောက်စိမ်းနှင့် ကျောက်မျက်

အခြားတွင်းထွက်များ
ပုဂ္ဂလိက သတ္တုတူးဖော်ရေးကုမ္ပဏီနှင့် အကျိုးတူဖက်စပ်

| | | |
|---|---|---|
| သွင်းကုန်များအတွက် ကုန်သွယ်ခွန် | အကောက်ခွန် | |
| သွင်းကုန်များအတွက် အကောက်ခွန် | | |
| တွင်းဝခွန်များ – ထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်း | သတ္တုတွင်းဦးစီးဌာန | ပြည်တွင်း အခွန် |
| ကုန်သွယ်ခွန် အရိုင်းအတွက် ၁၅ ရာခိုင်နှုန်း<br>အချောအတွက် ၅ ရာခိုင်နှုန်း | | ငွေတိုက်စာရင်းဌာန |
| ထုတ်လုပ်မှုခွဲဝေခြင်း | စီးပွားဖြစ်ဆောင်ရွက်ခြင်း | |
| တွင်းဝခွန် အရောင်းပမာဏ၏ ၇ ရာခိုင်နှုန်း | မြန်မာ့ကျောက်မျက် လုပ်ငန်း | လုပ်ငန်းဝင်ငွေခွန် ၂၅ ရာခိုင်နှုန်း |
| ထုတ်လုပ်မှုပေါ်ခွဲဝေခံစားခြင်း –<br>စုစုပေါင်း ထုတ်လုပ်မှု၏ ၂၅ ရာခိုင်နှုန်း | MGE လုပ်ငန်း အမြတ် | နိုင်ငံတော် သို့ထည့်ဝင်မှု ၂၀ ရာခိုင်နှုန်း |
| ဝန်ဆောင်ခ ကုန်ကြမ်း ၃ ရာခိုင်နှုန်း<br>ကုန်ချော ၁ ရာခိုင်နှုန်း | | အခြားခွဲဝေ ထည့်သွင်းမှု ၅၅ ရာခိုင်နှုန်း |
| အပိုဆုကြေး (အကျိုးတူများသာ) | | |
| ကျောက်မျက်ပြပွဲတွင် ယူရှိဖြင့် ရောင်းရခွန်<br>ကျောက်စိမ်းအတွက် ၁ ရာခိုင်နှုန်း၊<br>ကျောက်မျက်အတွက် ၀.၁၅ ရာခိုင်နှုန်း | | SEE များ၏ သီးသန့်စာရင်း ၁၊ ၂ |
| ကျပ်ငွေဖြင့်ရောင်းရခွန်<br>ကျောက်စိမ်းနှင့် ကျောက်မျက်အတွက် ၁ ရာခိုင်နှုန်း | ဗဟိုကော်မတီ | |





**အခြားတွင်းထွက်များ**
**ပုဂ္ဂလိက သတ္တုတူးဖော်ရေးကုမ္ပဏီနှင့် အကျိုးတူဖက်စပ်**

| | |
|---|---|
| ဝင်ငွေခွန် | |
| လုပ်ငန်းခွန် | |
| တံဆိပ်ခေါင်းခွန် | အကောက်ခွန် |
| ရင်းနှီးမတည်ခွန် | ပြည်တွင်းအခွန် |
| ပိုင်ဆိုင်မှုခွန် | |
| ပင်ရင်းဖြတ်တောက်ပေးသွင်းခွန် | |

| | | |
|---|---|---|
| အခွန်တော်များ၊လက်မှတ်ထိုးကြေး၊ နှုန်းသေမြေငှားရမ်းခ၊လိုင်စင်ကြေး | သတ္တုတွင်းဦးစီးဌာန – လုပ်ငန်းဝင်ငွေခွန် ၂၅ရာခိုင်နှုန်း – | ငွေတိုက်ဦးစီးဌာန |

| | | |
|---|---|---|
| လက်မှတ်ထိုးကြေး (လျှောက်လွှာကြေး) – | DGSE | ငွေတိုက်ဦးစီးဌာန |
| ထုတ်လုပ်မှုခွဲဝေခြင်း<br>လက်မှတ်ထိုးဆုကြေး (လျှောက်လွှာကြေး)<br>ထုတ်လုပ်မှုခွဲဝေခြင်း<br>တွင်းဝခွန်များ | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ –<br>နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အမြတ်ခွဲဝေမှု –<br>နိုင်ငံတော်သို့ပါဝင်မှု ၂၀ ရာခိုင်နှုန်း –<br>အခြားအသုံးပြုမှု ၅၅ ရာခိုင်နှုန်း | နိုင်ငံပိုင်တူးဖော်ရေးလုပ်ငန်းများ၏ သီးသန့်စာရင်း |
| မြေငှားရမ်းခ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန |
| ပတ်ဝန်းကျင်ထိန်းသိမ်းခ | | |
| | ပြည်နယ်/တိုင်းဒေသကြီးဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ | တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရသို့ |

**ငွေသားစီးဆင်းမှု**
**In kind ပေးသွင်းမှု**



## ၃.၆.၃။ အခွန်ခွဲဝေပေးခြင်း (Revenues allocation)

အထက်ဖော်ပြပါပုံများတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ MONREC တို့မှ ရရှိသည့်အခွန်၊ အခွန်မဟုတ်သည့် ဝင်ငွေ အမျိုးအစားများအလိုက် အချက်အလက်များကို စုစည်းထား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ခံ ရသုံးမှန်း ခြေငွေစာရင်း ဦးစီးဌာနနှင့် ငွေတိုက်ဦးစီးဌာနက စာရင်းပြုစု ထားခြင်းဖြစ်သည်။

ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်မှ ပြည်တွင်းအခွန်နှင့် အကောက်ခွန်ဦးစီးဌာနတို့သည် ဝင်ငွေခွန် (ပင်ရင်း ဖြတ်တောက်ခွန်အပါအဝင်)၊ ကုန်သွယ်ခွန်၊ ရပိုင်ခွင့်များ ရောင်းချမှုခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အကောက်ခွန်တို့ကို ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေဖြင့် ကောက်ခံသည်။

MOGE အပါအဝင် သတ္တုတွင်းလုပ်ငန်း ၁၊ ၂၊ ၃ နှင့် မြန်မာ့ ကျောက်မျက်ရတနာလုပ်ငန်းတို့သည် နှစ်စဉ်ဘတ်ဂျက် သုံးသပ်သည့်အချိန်တွင် ၎င်းတို့၏ဝင်ငွေအရင်းအမြစ်များ၊ အသုံးစရိတ်များကို ငွေသားနှင့်ရော Inkindပါ တင်ပြရန် လိုအပ်သည်။

နိုင်ငံပိုင်လုပ်ငန်းများသည်ထုတ်လုပ်မှုခွဲဝေမှု၊ မြေငှားရမ်းခ၊ လက်မှတ်ထိုးအပိုဆုကြေးနှင့် တူးဖော်ရေး လုပ်ငန်းတခုခြင်းစီ အလိုက် ချုပ်ဆိုထားသည့် စာချုပ်တွင်သတ်မှတ်ထားသည့် သတ်မှတ်ထားသည့်ပေးသွင်းမှုများကဲ့သို့သော အခွန်မဟုတ် သည့် ဝင်ငွေများ ကောက်ခံရာတွင်အဓိကဖြစ်သည်။

ငွေသားဖြင့်ပေးသွင်းသည့် ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတွင်း ပေးသွင်းမှုများကို အခွန်ပေးဆောင်သူသို့မဟုတ် စာချုပ်တွင် ဖော်ပြထားသည့် တာဝန်ရှိအဖွဲ့အစည်းက ကျပ်ငွေဖြင့်ဆိုပါက မြန်မာ့စီးပွားရေးဘဏ် Myanmar Economic Bank (MEB)သို့၊ နိုင်ငံခြားငွေဖြင့်ဆိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဘဏ်သို့ Myanmar Foreign Trade Bank (MFTB) ပေးသွင်းရမည်ဖြစ်သည်။ MEB နှင့် MFTB နှစ်ခုလုံးသည် နိုင်ငံပိုင်ကုန်သွယ်ရေးဘဏ်များဖြစ်ပြီး မြန်မာနိုင်ငံဗဟိုဘဏ် လက်အောက်ခံဖြစ်ပြီး လုပ်ငန်းသဘောအရ စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာနသို့ အစီရင်ခံရသည်။

### နိုင်ငံပိုင်လုပ်ငန်းများ၏ သီးသန့်စာရင်းများ (Allocation of SOE other accounts)

EITI အချက်အလက်များအရ တူးဖော်ရေးလုပ်ငန်းများမှ ဝင်ငွေ ၇၉ ရာခိုင်နှုန်းကို နိုင်ငံပိုင်လုပ်ငန်းများ၏ သီးသန့်စာရင်း များမှ ရရှိသည်။

၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်နောက်ပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကြေညာစာအမှတ် ၅၄၇/၂၀၁၃ ဖြင့် သီးသန့်စာရင်းများ ဖွင့်ရန်ခွင့်ပြုပေးခဲ့သည်။ ထိုအချိန်မှစပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် နိုင်ငံပိုင်တူးဖော်ရေး လုပ်ငန်းစာရင်း SEE Accounts နှင့် သီးသန့်စာရင်း Other Accounts – OA ဖွင့်ခွင့်ရခဲ့သည်။ မူဝါဒ ၂ ခုပေါ်တွင်အခြေခံ ကာခွင့်ပြုခဲ့ခြင်းဖြစ်သည်။ မူဝါဒတခုမှာ လုပ်ငန်းများကို ပို၍ သွက်လက်စွာဆောင်ရွက်ပြီး၊ ဝင်ငွေတိုး၍ရှာဖွေနိုင်ရန်၊ နောက်တခုမှာ ဘဏ္ဍာရေးအရလွတ်လပ်စွာ ရပ်တည်စေနိုင် ရန်ဖြစ်သည်။ နိုင်ငံပိုင်တူးဖော်ရေးလုပ်ငန်းများအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေ ဆောင်ရွက် နိုင်ပြီး နိုင်ငံတော်ပေါ်တွင် ဘဏ္ဍာရေးဝန်ထုတ်ဝန်ပိုးမရှိစေရန် ယင်းမူဝါဒများကိုရေးဆွဲ အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ကွာခြားမှု အနေဖြင့် SEE account များသည် ငွေအပြောင်း အလွှဲလုပ်ရာတွင် တင်းကျပ်သည့်စည်းကမ်းကို လိုက်နာရပြီး SOE OA များသည် ငွေအပြောင်းအလွှဲကို လွယ်ကူစွာ ဆောင်ရွက်နိုင်ကြသည်။

SOE other account ကို မြန်မာ့စီးပွားရေးဘဏ်တွင်ဖွင့် ထားသည်။ အရှုံးအမြတ်တွက်ချက်ရာတွင် ရေနံနှင့် ဓာတ်ငွေ့၊ သတ္တုတူးဖော်ရေးစာချုပ်များမှရရှိလာသည့် ဝင်ငွေများ၊ ယင်း စာချုပ်နှင့်ဆက်နွယ်သည့် ကုန်ကျစရိတ်များအားလုံးကိုလည်း ထည့်သွင်းတွက် ချက်သင့်သည်။ MOGE ၏ အသုံးစရိတ်များ တွင် ပြည်တွင်းဈေးကွက်သို့ ရေနံနှင့် ဓာတ်ငွေ့ရောင်းချပေးရမှု ပါဝင်သည်။

SOE other account မှ ထုတ်ယူသည့် အသုံးစရိတ်များကို မထုတ်ယူမီ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုလွှတ်တော် တွင် ခွင့်ပြုပေးရန်လိုအပ်သည်ဟု နားလည်ထားပါသည်။ SOE များအနေဖြင့် ၎င်းတို့လုပ်ငန်းများအရ ခန့်မှန်းတင်ပြထား သည့် အသုံးစရိတ်ကို ပြင်ဆင်ရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရ သဘောတူညီချက်ဖြင့်၊ ပြည်ထောင်စုလွှတ်တော်သို့တင်ပြကာ

ပြင်ဆင်အတည်ပြုနိုင်သည်။ SOEs other accounts များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်တွင် အသုံးပြုနေကြောင်းကိုလည်း နားလည်ထားပါသည်။

ဝင်ငွေခွန်ဥပဒေနှင့်အညီ နိုင်ငံတော်သို့ပေးသွင်းမှုများ၊ ဝင်ငွေခွန်များပေးသွင်းပြီးပါက SOE “Other Accounts” မှ ကျန်ရှိသည်များကို နောက်ထပ်ဘဏ္ဍာရေးနှစ်သို့ သယ်ယူသွားနိုင်သည်။ SOE များတွင် ငွေပိုလျှံသဖြင့် ဘဏ္ဍာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည်ဆိုပါက ငွေတိုက်စာချုပ်များတွင်သာ ရင်းနှီးမြှုပ်နှံနိုင်သည်။ အခွန်များ၊ နိုင်ငံတော်သို့ ထည့်ဝင်မှုများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ချေးယူထားသည့်၊ သို့မဟုတ် လုပ်ငန်းမတည်ငွေကို အကြေအလည်ဆပ်ပြီးမှသာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သည်။ စီးပွားရေးလုပ်ငန်းတခုသည် အခြားသူများကို ငွေချေးနိုင်ခွင့်မရှိပါ။


စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနထုတ်ပြန်မှုအရ SOE များ၏ other account များသည် ပြည်ထောင်စုရန်ပုံငွေ၏ အစိတ်အပိုင်းဖြစ်သောကြောင့် ပြည်ထောင်စု ဘတ်ဂျက်၏ အစိတ်အပိုင်းဖြစ်သည်။ ထို့ကြောင့် SOEs other account များသည် ဘတ်ဂျက်စာရင်းတွင်ပါဝင်ပြီး ဘတ်ဂျက်လိုငွေများတွင်အသုံးပြုသည်။ ဆိုလိုသည်မှာ Other accounts မှ ပိုလျှံငွေများကို SOEများအတွက် အသုံးပြုသကဲ့သို့ ဝင်ငွေဖန်တီးနိုင်ခြင်းမရှိသည့် ပညာရေး၊ ကျန်းမာရေးနှင့် အားကစား၊ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ချထားရေးကဲ့သို့သော နေရာများတွင်အသုံးပြုသည်။


တူးဖော်ရေးကဏ္ဍမှရရှိသည့် ဝင်ငွေများခွဲဝေပုံကို အောက်တွင် ဖော်ပြထားပါသည်။

## (က) ရေနံနှင့်ဓာတ်ငွေ့ပေးသွင်းမှု

| အခွန် | | | ပြည်တွင်းအခွန်/အကောက်ခွန် | | | | ပြည်ထောင်စုရန်ပုံငွေစာရင်း Union fund account | ပြည်သူ့ဘဏ္ဍာအသုံးစရိတ် –ပုံမှန်အသုံးစရိတ် –ငွေလုံးငွေရင်းအသုံးစရိတ် |
|---|---|---|---|---|---|---|---|---|
| | | ရေနံနှင့်ဓာတ်ငွေ့စီမံကိန်းဦးစီးဌာန | ငွေတိုက်ဦးစီးဌာန | | | | | |
| ငွေသား<br>ဆုကြေး<br><br>အခွန်မဟုတ်သည့်ဝင်ငွေများ<br><br>တွင်းဝခွန်များ<br><br>In kind ပေးသွင်းမှု<br><br>ကုန်ကျစရိတ်ခုနှိမ်ခြင်း<br>အမြတ်ခွဲဝေခြင်း | In Kind ရောင်းရငွေ | MOGE | ဝင်ငွေခွန် ၂၅ရာခိုင်နှုန်း | ကုန်သွယ်ခွန် | အကောက်ခွန် | နိုင်ငံတော်သို့ပါဝင်မှု ၂၀ရာခိုင်နှုန်း | | ဘတ်ဂျက်လိုငွေပံ့ပိုးခြင်း |

| MOGEစာရင်း | ၅၅ရာခိုင်နှုန်း | သီးသန့်စာရင်း | MOGE အသုံးစရိတ် |
|---|---|---|---|
| | | | ကုန်ကြမ်း၊ POL ၊ ထုတ်လုပ်မှုစရိတ်၊ ရင်းနှီးငွေ၊ ရေနံနှင့် ဓာတ်ငွေ့စိုက်ထုတ်မှု၊ CSR |







| အခွန် | | | ပြည်တွင်းအခွန်/အကောက်ခွန် | | | | ပြည်ထောင်စုရန်ပုံငွေစာရင်း Union fund account | ပြည်သူ့ကဏ္ဍအသုံးစရိတ်<br>-ပုံမှန်အသုံးစရိတ်<br>-ငွေလုံးငွေရင်းအသုံးစရိတ် |
|---|---|---|---|---|---|---|---|---|
| | | ဗဟိုကော်မတီ | ငွေတိုက်ဦးစီးဌာန | | | | | |
| ငွေသား<br>ဆုကြေး<br><br>အခွန်မဟုတ်သည့်ဝင်ငွေများ<br><br>တွင်းဝခွန်များ<br><br>In kind<br>ပေးသွင်းမှု<br><br>ထုတ်ကုန်ခွဲဝေခြင်း | In Kind ရောင်းရငွေ | MGE | ဝင်ငွေခွန် ၂၅ရာခိုင်နှုန်း | ကုန်သွယ်ခွန် | အကောက်ခွန် | နိုင်ငံတော်သို့ပါဝင်မှု ၂၀ရာခိုင်နှုန်း | | ဘတ်ဂျက်လိုငွေဖုံးခြင်း |

| MGEစာရင်း | ၅၅ရာခိုင်နှုန်း | သီးသန့်စာရင်း | MGE အသုံးစရိတ် |
|---|---|---|---|
| | | | ကုန်ကြမ်း၊ထုတ်လုပ်မှုစရိတ် |

အခြားတွင်းထွက်များ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အခွန် | | | ပြည်တွင်းအခွန်/အကောက်ခွန် | | | | ပြည်ထောင်စုရန်ပုံငွေ စာရင်း Union fund account | ပြည်သူ့ဘဏ္ဍာအသုံးစရိတ်<br>-ပုံမှန်အသုံးစရိတ်<br>-ငွေလုံးငွေရင်း အသုံးစရိတ် |
| | | | သတ္တုတွင်းဦးစီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး | | | | | |
| ငွေသား<br>ဆုကြေး<br>အခွန်မဟုတ်သည့် ဝင်ငွေများ<br>တွင်းဝခွန်များ<br>In kind ပေးသွင်းမှု<br>ထုတ်ကုန်ခွဲဝေခြင်း | In Kind ရောင်းရငွေ | နိုင်ငံပိုင်လုပ်ငန်းများ<br>ME 1<br>ME 2<br>ME 3 | ဝင်ငွေခွန် ၂၅ရာခိုင်နှုန်း | ကုန်သွယ်ခွန် | အကောက်ခွန် | နိုင်ငံတော်သို့ပါဝင်မှု ၂၀ရာခိုင်နှုန်း | | ဘတ်ဂျက်လိုငွေပံ့ပိုးခြင်း |

| နိုင်ငံပိုင်လုပ်ငန်းစာရင်း | ၅၅ရာခိုင်နှုန်း | သီးသန့်စာရင်း | MGE အသုံးစရိတ် |
|---|---|---|---|
| | | | ကုန်ကြမ်း၊ထုတ်လုပ်မှုစရိတ် |



## ၃.၆.၄။ ပြည်တွင်းရေနံ နှင့် ဓာတ်ငွေ့စိုက်ထုတ်ရောင်းချရမှု (Oil and Gas Subsidy)

ပြည်တွင်းသုံး ရေနံနှင့် ဓာတ်ငွေ့များစိုက်ထုတ်ရောင်းချပေးသည့် ရေနံနှင့် ဓာတ်ငွေ့ဝင်ငွေများကို နိုင်ငံသားများနှင့် ခွဲဝေသည့်နည်းလမ်းတခုဖြစ်သည်။ စားသုံးသူများအနေဖြင့် မြင့်မားသည့်နှုန်းထားဖြင့် လောင်စာ၊ စွမ်းအင်အသုံးပြုနေရခြင်းမှ ကာကွယ်ပေးရန်၊ ရေနံမှရသည်များကိုခွဲဝေခံစားနိုင်ရန် အတွက်ဆောင်ရွက်သည့် ရေနံနှင့် ဓာတ်ငွေ့စိုက်ထုတ်ရောင်းချပေးမှုသည် လောင်စာအတွက် စုစုပေါင်းကုန်ကျစရိတ် အချို့တဝက်ကိုကာမိစေသည်။

ရေနံနှင့် ဓာတ်ငွေ့စိုက်ထုတ်ရောင်းချပေးမှုကို ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် အစိုးရကပါဆောင်ရွက်သည်။ ရေနံနှင့် ဓာတ်ငွေ့စာချုပ်များအရ ကန်ထရိုက်တာ၏ဝေစုမှ ရေနံစိမ်း ၂၀ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၂၅ရာခိုင်နှုန်းကို ပြည်တွင်းဈေးကွက်သို့ ပုံမှန်ပေါက်ဈေး၏ ၉၀ရာခိုင်နှုန်းဖြင့် ရောင်းချပေးရမည် ဟု ဖော်ပြထားသည်။

အစိုးရသည် ဓာတ်ဆီနှင့် အခြားလောင်စာများကို ပြည်တွင်းဈေးကွက်တွင် နိုင်ငံတကာပေါက်ဈေးထက် လျော့သောနှုန်းဖြင့် စိုက်ထုတ်ရောင်းချပေးသည်။ စိုက်ထုတ်ရောင်းချမှုကို MOGE မှ တဆင့်ဆောင်ရွက်သည်။

ပြည်တွင်းစားသုံးသူများအတွက် သဘာဝဓာတ်ငွေ့ 250–300 MMCFD ကို MOGE က ရောင်းချပေးသည်။ ယင်းအနက်မှ 60 MMCFD သည် MOGE ကုန်းတွင်းထုတ်လုပ်မှုမှ ဖြစ်သည်။ ကျန်ရှိသည့်ပမာဏကို Total E&Pကတူးဖော်သည့် ရတနာဓာတ်ငွေ့၊ Daewoo Internationalက တူးဖော်သည့် ရွှေဂက်စ်၊ PTT Internationalကတူးဖော်သည့် ဇောတိကတို့မှရယူသည်။ ရတနာဂက်စ်ဈေးနှုန်းသည် ထိုင်းနိုင်ငံသို့ပို့သည့် ဈေးနှုန်းအတိုင်းဖြစ်ပြီး၊ ရွှေ နှင့် ဇောတိကသည် ပြည်တွင်းဈေးကွက်အတွက် သတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်းဖြစ်သည်။ ပြည်တွင်းဈေးကွက်သတ်မှတ်ဈေးနှုန်းမှာ နိုင်ငံခြားဝယ်လက်များသို့ရောင်းချသည့် ဈေးနှုန်းမှ ၁၀ ရာခိုင်နှုန်းလျော့ပြီး ရောင်းချပေးရန်သတ်မှတ်ထားသည်။ ဝယ်ယူသူများတွင် ဓာတ်အားပေးစက် ရုံများအတွက် ဝယ်ယူသည့် EPGE (EPGE စက်ရုံ၊ ပုဂ္ဂလိကဓာတ်အားထုတ်လုပ်သူများ၏ စက်ရုံများနှစ်ခုလုံး) ၊ အစိုးရလုပ်ငန်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ စီအန်ဂျီ သုံးယဉ်များပါဝင်သည်။

## ၃.၇။ အကျိုးခံစားခွင့်ရှိသူ (Beneficial ownership)

### ၃.၇.၁။ ကုမ္ပဏီများကို ကြီးကြပ်သည့် ဥပဒေဆိုင်ရာ၊ စည်းမျဉ်းဆိုင်ရာ သတ်မှတ်မှုများ

မြန်မာနိုင်ငံရှိ ကုမ္ပဏီများကြီးကြပ်ခြင်းနှင့်ဆိုင်သည့် ဥပဒေများတွင် ကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ နှင့် လုပ်ငန်းဆိုင်ရာဥပဒေ၊ မြန်မာကုမ္ပဏီနည်းဥပဒေများ ၁၉၄၀၊ မြန်မာကုမ္ပဏီများ စည်းမျဉ်းများ ၁၉၅၇နှင့် အထူးကုမ္ပဏီများ အက်ဥပဒေ (၁၉၅၀) (အစိုးရလုပ်ငန်းများနှင့် အကျိုးတူဆောင်ရွက်ပါက) (ကုမ္ပဏီများ ဥပဒေနှင့် တွဲလျက်) များပါဝင်သည်။

ကုမ္ပဏီများဥပဒေတွင် လုပ်ငန်းများဖွဲ့စည်းခြင်း၊ စီမံခြင်း၊ ဖျက်သိမ်းခြင်းနှင့်ဆိုင်သည်များကို လမ်းညွှန်ထားသည်။ ကုမ္ပဏီများဥပဒေတွင် ပွင့်လင်းမြင်သာမှုဆိုင်ရာ ပြဌာန်းချက်များ၊ ဖွင့်ပြမှုဆိုင်ရာ ပြဌာန်းချက်များပါဝင်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများကို မကြာမီပြုလုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်ဖွဲ့စည်းနိုင်သည့် ကုမ္ပဏီအမျိုးအစား အမျိုးမျိုးရှိသည်။ ရှယ်ယာဖြင့်ကန့်သတ်ကုမ္ပဏီ (limited by shares)၊ အာမခံဖြင့် ကန့်သတ်ကုမ္ပဏီ (limited by guarantee)နှင့် ပေးရန်တာဝန်ကန့်သတ်ထားခြင်းမရှိသည့် ကုမ္ပဏီများ (unlimited companies) ကိုဖွဲ့စည်းနိုင်သည်။ ဆက်လက်ပြီး ကုမ္ပဏီကိုပုဂ္ဂလိကပိုင်နှင့် အများပိုင်အဖြစ် ခွဲခြားနိုင်သည်။ ပုဂ္ဂလိကပိုင်ဆိုသည်မှာ ရှယ်ယာများဖြင့် ကန့်သတ်ထား၊ အာမခံဖြင့်ကန့်သတ်ထား သို့မဟုတ် ကန့်သတ်ထားခြင်းမရှိသည့် ကုမ္ပဏီဖြစ်သည်။ အများပိုင်ကုမ္ပဏီဆိုသည်မှာ ဖော်ပြပါနည်းလမ်းများဖြင့် ဖွဲ့စည်းထားသည့်ကုမ္ပဏီတခုဖြစ်ပြီး ကုမ္ပဏီများ အက် ၁၉၁၄ ပုဒ်မ ၁၃ က နှင့်အညီဖွဲ့စည်းထားသည့်ကုမ္ပဏီဖြစ်သည်။

### ၃.၇.၁။ အကျိုးခံစားခွင့်ရှိသူ နှင့်ဆိုင်သည့် ဥပဒေ၊ စည်းမျဉ်းဆိုင်ရာ သတ်မှတ်မှုများ

ပုဂ္ဂလိကကုမ္ပဏီများအတွက် သတ်မှတ်ထားသည့် ဖွင့်ပြမှုဆိုင်ရာပြဌာန်းချက်များ (Disclosure requirements)

အကျိုးခံစားခွင့်ရှိသည့် ပိုင်ဆိုင်မှုကို အဓိပ္ပာယ်ဖွင့်ရာတွင် ရှယ်ယာပိုင်ဆိုင်မှုနှင့်ချိတ်ဆက်ရန်မလိုပါ။ ရှယ်ယာရာခိုင်နှုန်း တခုထက် ပို၍ပိုင်ဆိုင်သည်ဆိုပါက အကျိုးခံစားခွင့်ရှိပိုင်ဆိုင်သူဖြစ်ကြောင်းကို ထင်ရှားစေသည်။ သို့သော်လည်း အမှန်တကယ်အကျိုးခံစားရသူကို ဖော်ထုတ်မည်ဆိုပါက စာချုပ်ဆိုင်ရာသဘာတူညီချက်နှင့် နားလည်မှုနှင့်ရယူထားသည့် သဘောတူညီချက်များကို အဓိကထားရန်ဖြစ်သည်။

ကုမ္ပဏီများဥပဒေတွင် အကျိုးခံစားခွင့်ရှိ သို့မဟုတ် ထိန်းချုပ်ခွင့်နှင့်ဆိုင်သည်များကို ဖော်ပြထားခြင်းမရှိပါ။ အမှန်တကယ်အကျိုးအမြတ်ရယူနေသူပိုင်ရှင်များနှင့် ဆိုင်သည့်အချက်အလက်များထုတ်ပြန်ရန်လည်း သတ်မှတ်ထားခြင်းမရှိပါ။

### သတ္တုတွင်းကုမ္ပဏီများအတွက် ဖွင့်ပြမှုဆိုင်ရာပြဋ္ဌာန်းချက်များ

သတ္တုတွင်းဥပဒေအရ နိုင်ငံပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ အကျိုးခံစားခွင့်ရှိသူနှင့်ဆိုင်သည့် အချက်အလက်များဖွင့်ပြခြင်းနှင့်ပတ်သက်ပြီး အစိုးရက တားမြစ်ခြင်းမရှိသကဲ့သို့ဖော်ပြရမည်ဟု သတ်မှတ်ထားခြင်းလည်းမရှိပါ။ လက်ရှိကာလတွင် MONREC နှင့် သတ္တုတွင်းကုမ္ပဏီများသည် ယင်းအချက်အလက်များကို အများပြည်သူသိစေရန် ထုတ်ပြန်ခြင်းမရှိပါ။

အကျိုးခံစားခွင့်ပိုင်ဆိုင်သူနှင့်ဆိုင်သည့် အသေးစိတ်အချက်အလက်များသည် ပုဂ္ဂလိကကုမ္ပဏီများအဖို့ လူသိမခံနိုင်သေးသည့် အချက်အလက်များ ဖြစ်နေနိုင်သည်ကို သတိပြုရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံ သတ္တုတွင်းလုပ်ငန်းတွင် ပွင့်လင်းမြင်သာမှုဆိုင်ရာစံနှုန်းများနှင့်ပတ်သက်ပြီး အတွေ့အကြုံအနည်းငယ်သာရှိသည့် အသေးစားပုဂ္ဂလိကပိုင်လုပ်ငန်းများက အများစုဖြစ်သည်။

### ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီများအတွက် ဖွင့်ပြမှုဆိုင်ရာပြဋ္ဌာန်းချက်များ

သတ္တုကဏ္ဍကဲ့သို့ပင် နိုင်ငံပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ အကျိုးခံစားခွင့်ရှိသူနှင့်ဆိုင်သည့် အချက်အလက်များဖွင့်ပြခြင်းနှင့်ပတ်သက်ပြီး အစိုးရကတားမြစ်ခြင်းမရှိသကဲ့သို့၊ ဖော်ပြရမည်ဟု ရေနံနှင့် ဓာတ်ငွေ့ ဥပဒေတွင် ဖော်ပြထားခြင်းမရှိပါ။

မြန်မာနိုင်ငံမှ ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်နေသည့် ပုဂ္ဂလိကလုပ်ငန်းအများအပြားကို (beneficial ownership)BOဖွင့်ပြရန် မလိုသည့်ကုမ္ပဏီများက အပြည့်အဝချုပ်ကိုင်ထားကြသည်။ မြန်မာ့ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍတွင် အဓိကကျသည့် အုပ်စုနောက်တခုမှာ နိုင်ငံခြားအစိုးရများပိုင်ဆိုင်သည့် လုပ်ငန်းများဖြစ်သည်။ ၄င်းတို့အဖို့ပိုင်ဆိုင်မှုဆိုင်ရာအသေးစိတ်အချက်လက်များ ထုတ်ပြန်ရန်မှာ များစွာခက်ခဲလှသည့်ကိစ္စမဟုတ်ပါ။ ဖော်ပြရန်သတ်မှတ်ထားချက်ကြောင့် သက်ရောက်မှုများအဓိက ခံစားရမည့်အစုအဖွဲ့မှာ နိုင်ငံခြားကုမ္ပဏီများနှင့်ဖက်စပ်၍ ကုန်းတွင်းနှင့် ကမ်းလွန်ရေတိမ်လုပ်ကွက်များတွင် တူးဖော်ရန်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိက ကုမ္ပဏီများဖြစ်သည်။

### အစိုးရဝန်ထမ်းများအတွက် ဖွင့်ပြမှုဆိုင်ရာပြဋ္ဌာန်းချက်များ

အစိုးရဝန်ထမ်းများ၏ တွင်းထွက်ကဏ္ဍရှိ ပိုင်ဆိုင်မှု၊ ဝင်ငွေ၊ သို့မဟုတ် လုပ်ငန်းများကို ဖွင့်ပြရမည်ဟု သီးသန့်သတ်မှတ်ထားသည့် ဥပဒေလက်ရှိတွင်မရှိသေးပါ။

လာဘ်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များသည်သာ ၄င်းတို့၏ မိသားစုများ၏ ငွေကြေး၊ ပိုင်ဆိုင်မှု၊ အိမ်ခြံနှင့် အခြားရပိုင်ခွင့်များ၊ အကျိုးခံစားခွင့်ရှိ ပိုင်ဆိုင်မှုများကို သမ္မတသို့ ၂၀၁၃ လာဘ်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ အစီရင်ခံရသည်။

## ၃.၈.၃။ အကျိုးခံစားခွင့်ရှိပိုင်ဆိုင်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်

အကျိုးခံစားခွင့်ရှိပိုင်ဆိုင်သူ အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် ဖွင့်ပြမှုနှင့်ဆိုင်သည့် ပြဋ္ဌာန်းချက်များ ပါဝင်မှုမရှိသည့် မြန်မာနိုင်ငံမှ ဥပဒေများပေါ်သုံးသပ်ချက် နှင့် EITI သတ်မှတ်ချက် ၂.၅ တို့ကိုအခြေခံပြီး MSG ညွှန့်ပေါင်းအဖွဲ့အကျိုးခံစားခွင့်ရှိပိုင်ဆိုင်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါအတိုင်း သဘောတူသတ်မှတ်ခဲ့သည်။

### *အကျိုးခံစားခွင့်ရှိပိုင်ဆိုင်မှု အဓိပ္ပာယ်သတ်မှတ်ချက်အတွက် တင်ပြချက် (Proposal for a definition of beneficial ownership)*

*အကျိုးခံစားခွင့်ရှိပိုင်ဆိုင်သူ (A beneficial owner) ဆိုသည်မှာ အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းကို တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍၊ ပိုင်ဆိုင် သို့မဟုတ် ထိန်းချုပ်မှုများပြုလုပ်နိုင်သူကို ဆိုလိုပါသည်။ ပုဂ္ဂိုလ်တစ်ဦးသည် အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းကို ၅ ရာခိုင်နှုန်းနှင့် အထက် ပိုင်ဆိုင်၊ ထိန်းချုပ်သည်ဆိုပါက အကျိုးခံစားခွင့်ရှိ ပိုင်ရှင်အဖြစ် အလိုအလျောက်သတ်မှတ်ခံရမည်ဖြစ်သည်။*

- ၂၀၁၅ – ၂၀၁၆ အစီရင်ခံစာ ပြုစုသည့်ကာလအတွင်း အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်း ရှယ်ယာ၅ ရာခိုင်နှုန်းနှင့်အထက်ကိုတိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပိုင်ဆိုင်ထားသည့် ပုဂ္ဂိုလ်
- ၂၀၁၅ – ၂၀၁၆ အစီရင်ခံစာ ပြုစုသည့်ကာလအတွင်း အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်း တွင်မဲပေးခွင့် ၅ ဒခိုင်နှုန်းနှင့်အထက်ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပိုင်ဆိုင်ထားသည့် ပုဂ္ဂိုလ်။ ပုဂ္ဂလိကပိုင် သို့မဟုတ် အများပိုင်ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းက ချုပ်ကိုင်ထားသည့် မဲပေးခွင့်များကို ထည့်သွင်းတွက်ချက်ခြင်းမရှိပါ
- ၂၀၁၅ – ၂၀၁၆ အစီရင်ခံစာ ပြုစုသည့်ကာလအတွင်း အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်း တွင်မဲပေးခွင့်ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပိုင်ဆိုင်ထားသည့် ပုဂ္ဂိုလ်။ ပုဂ္ဂလိကပိုင် သို့မဟုတ် အများပိုင်ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းက ချုပ်ကိုင်ထားသည့် မဲပေးခွင့်များ ကို ထည့်သွင်းတွက်ချက်ခြင်းမရှိပါ
- အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်း၏ ဒါရိုက်တာအဖွဲ့အများစုကို ခန့်အပ် သို့မဟုတ် ပယ်ဖျက်နိုင်ခွင့်ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ကိုင်စွဲထားသည့် ပုဂ္ဂိုလ်
- အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းတွင် သိသာသည့်လွှမ်းမိုးမှု သို့မဟုတ် ထိန်းချုပ်မှုများကို ကျင့်သုံးခွင့်ရှိ သို့မဟုတ် အမှန်တကယ်ကျင့်သုံးနိုင်သည့် ပုဂ္ဂိုလ်

  အလုံးစုံပိုင်ဆိုင် သို့မဟုတ် ထိန်းချုပ်သည်ဟူသော စကားရပ်သည် ပိုင်ဆိုင်မှုစုဖွဲ့ပုံ သို့မဟုတ် တိုက်ရိုက်ထိန်းချုပ်မှု မဟုတ်သည့် နည်းလမ်းဖြင့် ပိုင်ဆိုင်မှု/ထိန်းချုပ်မှုကို ကျင့်သုံးခြင်းကိုဆိုလိုပါသည်။ ပုဂ္ဂိုလ်တဦး သို့မဟုတ် ရင်းနှီးမြုပ်နှံမှုတခု၏ အကျိုးခံစားခွင့်ဟူသောစကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်း အကျုံးဝင်သည်။

| *နိုင်ငံရေးအဆက်အသွယ်ရှိသူ Politically Exposed Persons (PEPs)* |
|---|
| *အောက်ဖော်ပြပါ အမျိုးအစားများအနက် တခုနှင့်ကိုက်ညီသောသူကို PEC ဟုသတ်မှတ်ပါသည်။*<br>• ပြည်တွင်း နိုင်ငံရေးအဆက်အသွယ်ရှိသူ (Domestic PEPs) – အရေးပါသည့် ပြည်သူ့ကဏ္ဍလုပ်ငန်းများအတွက် အာဏာအပ်နှင်းထားခြင်းခံခဲ့ရသည့် ပုဂ္ဂိုလ် သို့မဟုတ် လက်ရှိတာဝန်ယူထားဆဲပုဂ္ဂိုလ်များ။ ဥပမာ – ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင်များ၊ အဆင့်မြင့်အစိုးရအရာရှိများ (ဒုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စာရင်းစစ်ချုပ်၊ ဗဟိုဘဏ်စသည်တို့)၊ တရားရေး သို့မဟုတ် စစ်တပ် အရာရှိများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ အဆင့်မြင့်ခေါင်းဆောင်များနှင့် အရာရှိများ၊ နိုင်ငံပိုင်လုပ်ငန်းများမှ အဆင့်မြင့်အရာရှိများ၊ အရေးပါသည့်နိုင်ငံရေးပါတီမှ ဗဟိုကော်မတီဝင်များနှင့် သြဇာကြီးမားသူများ<br>• နိုင်ငံခြားသား PEP များ (Foreign PEPs) – နိုင်ငံခြားတိုင်းပြည်တခုမှ ပြည်သူ့ကဏ္ဍလုပ်ငန်းများအတွက် အာဏာအပ်နှင်းခြင်းခံခဲ့ရသည့် ပုဂ္ဂိုလ်သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပမာ နိုင်ငံအကြီးအကဲ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲ၊ ဝါရင့်နိုင်ငံရေးသမားများ၊ အဆင့်မြင့်အစိုးရအရာရှိများ၊ တရားရေး သို့မဟုတ် စစ်တပ်အရာရှိများ၊ နိုင်ငံပိုင်လုပ်ငန်းများမှ အဆင့်မြင့်အရာရှိများ၊ အရေးပါသည့် နိုင်ငံရေးပါတီမှ အရာရှိများ၊ သံတမန်များ<br>• နိုင်ငံတကာအဖွဲ့အစည်းမှ PEPs: နိုင်ငံတကာအဖွဲ့ ့အစည်းများမှ လုပ်ငန်းတာဝန်ပေးခြင်းခံထားရသူများ၊ အဆင့်မြင့်စီမံမှုပိုင်း သို့မဟုတ် အလားတူ လုပ်ငန်းမျိုးတွင်တာဝန်ပေးခံရသူ ဆိုလိုသည်မှာ ဘုတ်အဖွဲ့ဝင်၊ ဒါရိုက်တာ၊ ဒုတိယ ဒါရိုက်တာ သို့မဟုတ် အလားတူတာဝန်များဆောင်ရွက်နေသူ၊ နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့ ့အစည်းများ၏ခေါင်းဆောင်နှင့် အဆင့်မြင့်ဝန်ထမ်းများ<br><br>PEPs ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်တွင်<br>• အထက်ဖော်ပြခဲ့ပါ အမျိုးအစားများတွင် ပါဝင်သည့် PEP တစ်ဦးနှင့် တိုက်ရိုက်ဆက်နွယ်နေသည့်သို့မဟုတ် လက်ထပ်ထိမ်းမြားခြင်းဖြင့် သို့မဟုတ် အလားတူဆက်စပ်မှုရှိသည့် PEP မိသားစုဝင်များ၊ သွယ်ဝိုက် ဆက်စပ်နေသူများ<br>• အထက်ဖော်ပြခဲ့ပါ အမျိုးအစားများတွင်ပါဝင်သည့် PEP တစ်ဦးနှင့် လုပ်ငန်းသဘောအရ သို့မဟုတ် လူမှုရေးအရ ဆက်စပ်နေသူများလည်း အကျုံးဝင်သည်။ |

EITI သတ်မှတ်ချက်များအတိုင်းဆောင်ရွက်နေရာတွင် MSGက အကျိုးခံစားခွင့်ရှိသည့်ပိုင်ဆိုင်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဆိုင်သည်များကိုလည်းဖော်ပြထားသည့် လမ်းပြမြေပုံတခုကို ပြုစုထားသည်။ အနိမ့်ဆုံးသတ်မှတ်ချက် သို့မဟုတ် ပိုင်ဆိုင်မှုရာခိုင်နှုန်းကို သတ်မှတ်သွားမည်ဖြစ်သည်။ လမ်းပြမြေပုံအသေးစိတ်ကို https://eiti.org/sites/default/files/documents/bo_roadmap_-_myanmar.pdf တွင်လေ့လာနိုင်ပါသည်။

## ၃.၇.၄။ အကျိုးခံစားခွင့်ရှိပိုင်ဆိုင်မှုထုတ်ပြန်ခြင်း (Beneficial ownership declaration)

အထက်တွင်ဖော်ပြခဲ့သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ EITI တွင်ပါဝင်သည့် ကုမ္ပဏီများသည် ဆန္ဒအလျောက် အကျိုးခံစားခွင့်ရှိပိုင်ဆိုင်မှု ထုတ်ပြန်ချက်ကို MSG က အတည်ပြုထားသည့် ပုံစံနှင့်အညီ ထုတ်ပြန်နိုင်သည်။ အောက်ဖော်ပြပါအချက်အလက်များကို ထုတ်ပြန်ရမည်။

အကျိုးခံစားခွင့်ပိုင်ဆိုင်သူ၏ အမည်။ ။ ကုမ္ပဏီ၏အကျိုးခံစားခွင့်ပိုင်ဆိုင်သူ (များ) ၏အမည်၊ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်(များ)

- နိုင်ငံရေးအရ ဆက်နွယ်မှုရှိသူ၏ အမည်။ ပိုင်ရှင်သည် နိုင်ငံရေးတွင်ပါတ်သက်သည့်သူဖြစ်ပါက ပါဝင်ကြောင်းကိုလည်း ထည့်သွင်းဖော်ပြရမည်။
- အသေးစိတ်အချက်အလက်များ။ အကျိုးခံစားခွင့်ပိုင်ဆိုင်သူကို ဖော်ထုတ်နိုင်ရန်အတွက် အသေး စိတ်အချက်အလက်များလိုအပ်ပါသည်။
- လိပ်စာ။ အကျိုးခံစားခွင့်ပိုင်သူကို ဆက်သွယ်နိုင်သည့်

နည်းလမ်း။ ဥပမာ လုပ်ငန်းလိပ်စာ

- ထိန်းချုပ်သည့် နည်းလမ်းများ။ အကျိုးခံစားခွင့်ရှိသူနှင့် နိုင်ငံရေးတွင် ပါဝင်နေသူများသည်ကုမ္ပဏီကို မည်သို့ထိန်းချုပ်နေကြောင်းဖော်ပြချက်။ အကျိုးခံစားခွင့်ရှိသူနှင့် သဘာဝ သယံဇာတထုတ်လုပ်မှု လုပ်ငန်းစဉ်ကြားတွင် ကုမ္ပဏီများ ကြားခံပါဝင်နေသည်ဆိုပါက ယင်းလုပ်ငန်းအဆက်အစပ်တလျောက်ပါဝင်သမျှ ကုမ္ပဏီများ၏အမည်များကို ဖော်ပြထားရမည်။ ထပ်တိုးလုပ်ငန်းများ ကြားဝင်ပတ်သက်နေသည့်အခြေအနေမျိုးလည်းပေါ်ပေါက်နိုင်သည်။ ဥပမာ အကျိုးခံစားခွင့်ရှိသူနှင့် လုပ်ငန်းစဉ်အတွင်း နောက်ဆုံးပါရှိသည့် ကုမ္ပဏီကြားမှ ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီချက်များရှိပါကလည်း ထပ်တိုးချိတ်ဆက်နေမှုကို တပါတည်းကြေညာရန်လိုအပ်သည်။ ရှယ်ယာရှင်များစာရင်းတွင်ဖော်ပြထားသည့် အချို့သောအချက်အလက်များကို စစ်ဆေးရန်အတွက် ကြားနေအဖွဲ့အစည်းများကို ခန့်ထားရန်လိုအပ်သည်။

- မှန်ကန်ကြောင်း လက်မှတ်။ ကုမ္ပဏီမှ အဆင့်မြင့်အရာရှိသည် ထုတ်ပြန်ထားသည့် အချက်အလက်များ သည်စစ်မှန်ကြောင်းကို လက်မှတ်ထိုးထုတ်ပြန်ပေးရမည်။

ရွေးချယ်ခံရသည့် ကုမ္ပဏီများတွင် အကျိုးခံစားခွင့်ရှိသည့် ပိုင်ဆိုင်မှု ကိုထုတ်ပြန်ခဲ့သည့် ကုမ္ပဏီမရှိပါ။

၂၀၁၄ ဖေဖော်ဝါရီတွင် Global Witness သည် ၂၀၁၃ အောက်တိုဘာလက ချထားပေးခဲ့သည့် ကုန်းတွင်းရေနံနှင့် ဓာတ်ငွေ့လုပ်ကွက်ရရှိခဲ့သည့် ကုမ္ပဏီများ၏ အမှန်တကယ် အကျိုးခံစားခွင့်ရှိသူနှင့်ဆိုင်သည့် အချက်အလက်များကို တောင်းခံခဲ့သည်။ ကုမ္ပဏီ ၄၇ ခုကို ဆက်သွယ်ခဲ့ရာ ၁၈ ကုမ္ပဏီက ပိုင်ဆိုင်မှုဆိုင်ရာ မေးခွန်းများကို ဖြေကြားပေးခဲ့သည်။ မေးမြန်းမှုစစ်တမ်းရလဒ်ကို https://www.globalwitness.org/fr/archive/real-winners-myanmars-oil-and-gas-blocks-remain-hidden/ တွင် လေ့လာနိုင်ပါသည်။

## ၃.၈။ စာရင်းစစ်နှင့် အာမခံလုပ်ငန်းဆောင်ရွက်မှုများ (Audit and assurance practices in Myanmar)

### ၃.၈.၁။ ပုဂ္ဂလိက ကုမ္ပဏီများ

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (Myanmar Companies Act (MCA) အရ ကုမ္ပဏီများသည် ၎င်းတို့ မှတ်ပုံတင်ရာရုံးတွင် စာရင်းစာအုပ်ပြုစုထားရမည်ဖြစ်သည်။ ဘဏ္ဍာရေးရှင်းတမ်းကို မြန်မာနိုင်ငံစာရင်းစစ်စံနှုန်းများ Myanmar Accounting Standards (MAS) နှင့်အညီ ဆောင်ရွက်ရန် လိုအပ်သည်။

မြန်မာနိုင်ငံ၏ စာရင်းစစ်လုပ်ငန်းဆောင်ရွက်မှုသည် ဗြိတိလျှစာရင်းစစ်စံနှုန်းများ နှင့် Generally Accepted Accounting Principles (GAAP) အတိုင်းဆောင်ရွက်သည်။ စာရင်းထုတ်ပြန်ခြင်းအတွက် နိုင်ငံတကာစာရင်းစစ် စံနှုန်းများအတိုင်း နှစ်ပေါင်းများစွာဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံစာရင်းစစ်ကောင်စီ Myanmar Accountancy Council (MAC) သည် လက်မှတ်ရစာရင်းကိုင်အဖွဲ့ Myanmar Institute of Certified Accountants (MICPA) မှတစ်ဆင့် ၂၀၀၃၊ ၂၀၀၄ကာလတွင် ထွက်ပေါ်ခဲ့သည့် နိုင်ငံတကာစာရင်းစစ်စံနှုန်းများအတိုင်း ဆောင်ရွက်ခဲ့သည်။

၂၀၁၀ ခုနှစ်တွင် MAC သည် နိုင်ငံတကာ စာရင်းစစ်စံနှုန်း အခု ၃၀ ကိုပယ်ဖျက်ခဲ့ပြီး ၂၀၁၀ International Financial Reporting Standards (IFRS) နှင့်ထပ်တူဖြစ်သော မြန်မာ့စာရင်းစစ်စံနှုန်းအသစ် ၂၉ ခု၊ မြန်မာ့ဘဏ္ဍာရေး အစီရင်ခံမှုစံနှုန်း ၈ ခုတို့ဖြင့် အစားထိုးခဲ့သည်။ ယင်းစံနှုန်းများကို တရားဝင်ပြန်တမ်းတွင်ဖော်ပြခဲ့ပြီး ၂၀၁၁ ဇန်နဝါရီ ၄ရက်မှ စတင်အသက်ဝင်ခဲ့သည်။

အများပိုင်ကုမ္ပဏီများနှင့် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများသည် မြန်မာ့ဘဏ္ဍာရေးအစီရင်ခံမှုစံနှုန်း MFRS (Myanmar Financial Reporting Standards, IFRS နှင့် တထပ်တည်းဖြစ်သည်) နှင့် အညီစာရင်းတင်ပြရန်လိုအပ်သည်။ SMEsများသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် MFRS ကို အသုံးပြုရသည်။ (IFRS for SMEs နှင့် တထပ်တည်းဖြစ်သည်။)

မြန်မာနိုင်ငံတွင် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံမှုစံနှုန်းများ International Financial Reporting Standards (IFRS) ကျင့်သုံးနိုင်ရန်အတွက် မြန်မာ့စာရင်းစစ်ကောင်စီနှင့် IFRS Foundation Cooperation ကြားတွင် အချက်အလက်ထုတ်ပြန်ပေးရေး၊ IFRS စံနှုန်းများ အသုံးပြုရေးကို သဘောတူလက်မှတ်ရေးထိုးခဲ့ သည်။ IFRS စံနှုန်းများကို

အသုံးပြုမည်ဖြစ်ကြောင်းကြေညာချက်ကို နောက်ပိုင်းတွင် ထုတ်ပြန်ခဲ့သည်။ ကြေညာချက်ထုတ်ပြန်ပြီးသည်နှင့် ပြည်သူ့ရေးရာအစုအဖွဲ့များ (Public Interest Entities (PIEs) အားလုံးသည် စံနှုန်းအသစ်အတည်ပြုသည့်နေ့မှစ၍ IFRS အတိုင်းလိုက်နာရမည်ဖြစ်သည်။

အခွန်တွက်ချက်ရာတွင် ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်နေ့ထိကို တွက်ချက်သည်။ ယင်းသတ်မှတ်ချက်သည် ဘဏ္ဍာရေးနှစ် သတ်မှတ်မှုမတူညီသည့် နိုင်ငံခြားကုမ္ပဏီခွဲများအတွက် အခက်အခဲများဖြစ်စေသည်။

လက်ရှိမြန်မာနိုင်ငံမှ ကုမ္ပဏီများနှင့် ကုမ္ပဏီလုပ်ငန်းများ ဆောင်ရွက်မှုကို ၁၉၁၄ကုမ္ပဏီများ အက်ဥပဒေ၊ လုပ်ငန်းများ ဥပဒေ (မြန်မာကုမ္ပဏီများ နည်းဥပဒေ ၁၉ ၄၀၊ မြန်မာကုမ္ပဏီများ အစီရင်ခံမှုအသေးစိတ်သတ်မှတ်ချက်များ ၁၉၅၇) (ကုမ္ပဏီများ ဥပဒေနှင့်အတူ)နှင့် ထိန်းကျောင်းသည်။ ကုမ္ပဏီများဥပဒေတွင် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများအတွက် အစီရင်ခံမှုနှင့်ဆိုင်သည့် သတ်မှတ်ချက်များပါဝင်သည်။ မတည်ငွေရှယ်ယာ၊ ကုမ္ပဏီ၏ဝင်ငွေနှင့် ပေးသွင်းမှု အသေးစိတ်ပါဝင်သည့် ဥပဒေအရသတ်မှတ်ထားသည့် အစီရင်ခံစာ (ကုမ္ပဏီများအက် ပုဒ်မ ၇၇)နှင့် ရသုံးစာရင်း၊ အရှုံးအမြတ်ရှင်းတမ်းများပါဝင်သည့် ဘဏ္ဍာရေးအစီရင်ခံစာ (ကုမ္ပဏီများ အက် ၁၃၁) ထုတ်ပြန်ခြင်းအပါအဝင် အစီရင်ခံခြင်းနှင့်ဆိုင်သည့် ကိစ္စများကိုဖော်ပြထားသည်။ ယင်းကဲ့သို့သော အစီရင်ခံစာများကို စာရင်းစစ်ခံရန်လိုအပ်ပြီး၊ ကုမ္ပဏီများမှတ်တမ်းရုံးနှင့် ကုမ္ပဏီများမှ ပါဝင်သူများဆီသို့ပေးပို့ပေးရန် သတ်မှတ်ထားသည်။ အစိုးရ ရှယ်ယာ ပါဝင်သည့် ကုမ္ပဏီများအတွက် စာရင်းစစ်လုပ်ငန်းသတ်မှတ်ချက်များကိုလည်း ကုမ္ပဏီများဥပဒေတွင်ဖော်ပြထားသည်။ (ပုဒ်မ ၁၄၅ က ကုမ္ပဏီများအက်) ကုမ္ပဏီများအနေဖြင့် စာရင်းစစ်ခန့်ထားရန်၊ စာရင်းစစ်ဝင်ထားသည့် ဘဏ္ဍာရေးရှင်းတမ်းကို နှစ်စဉ် ဖွန်လ ၃၀ ရက်တွင် အခွန်အာဏာပိုင်များထံသို့ ပေးပို့ရန် ကုမ္ပဏီများအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည်။

မြန်မာကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၄၅ (၁) တွင် စာရင်းစစ်သည် ကုမ္ပဏီအဖွဲ့ဝင်များသို့ စာရင်းစစ်ထားသည့် ဘဏ္ဍာရေးရှင်းတမ်းကို နှစ်စဉ်ပြုလုပ်သည့် အထွေထွေအစည်းအဝေးတွင် အစီရင်ခံပြရမည်ဟု သတ်မှတ်ထားသည်။ စာရင်းစစ်၏ အစီရင်ခံစာတွင် ငွေစာရင်းရှင်းတမ်း၊ အရှုံးအမြတ် စာရင်းတို့ကို ဥပဒေနှင့်အညီပြုစုထားမှုရှိမရှိ၊ ငွေစာရင်းရှင်းတမ်းတွင် ကုမ္ပဏီ၏ အခြေအနေများကိုစစ်မှန်မျှတစွာ ဖော်ပြထားနိုင်ခြင်းရှိမရှိကို ဖော်ပြသဘောထားပေးရမည်။ ကုမ္ပဏီ၏ စာရင်းစစ်မှတ်တမ်းများကို ဥပဒေသတ်မှတ်ချက်နှင့်အညီ စုစည်းထားခြင်းရှိမရှိကိုလည်း သုံးသပ်ပေးရမည်။

မည်သို့ပင်ဖြစ်စေ လက်တွေ့တွင် ကုမ္ပဏီများဥပဒေတွင်ပါသည့် ဘဏ္ဍာရေးအစီရင်ခံခြင်းနှင့် စာရင်းစစ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကို အပြည်အဝ သို့မဟုတ် တသမတ်တည်း လိုက်နာမှုမရှိပါ။ မြန်မာနိုင်ငံမှ ကုမ္ပဏီများ၏ ဘဏ္ဍာရေးအခြေအနေနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုအားနည်းသည်။

မြန်မာကုမ္ပဏီများဥပဒေကို ၂၀၁၇ ဒီဇင်ဘာ ၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည်။ ၁၉ ၁၄ မြန်မာကုမ္ပဏီများ အက်ဥပဒေကို အစားထိုးခြင်းဖြစ်သည်။ ဘဏ္ဍာရေး အစီရင်ခံစာများ၊ စာရင်းစစ် ခြင်းနှင့်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဥပဒေအခန်း ၂၄ တွင်ဖော်ပြထားသည်။ တည်ဆဲစည်းမျဉ်းများပေါ် တွင် အယူခံခြင်း၊ ဆက်လက်သက်ရောက်မှုရှိမည့် ပြဋ္ဌာန်းချက်များကို ပုဒ်မ ၄၇၁ ၊ ၄၇၂ တွင်ဖော်ပြထားသည်။

EITI တွင်ပါဝင်သည့် ကုမ္ပဏီများကို အစီရင်ခံစာပြုစုနေသည့် ကာလအတွင်း ၎င်းတို့၏ဘဏ္ဍာရေးရှင်းတမ်းကို စာရင်းစစ်မှုရှိမရှိ အတည်ပြုနိုင်ရန်မေးမြန်းခဲ့ပါသည်။ အတည်ပြုမှုနှင့် သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ ၁ တွင်ဖော်ပြထားပါသည်။

## ၃.၈.၂။ ပြည်သူ့ ပိုင်ကဏ္ဍနှင့် နိုင်ငံပိုင်လုပ်ငန်းများ (Public sector and SOEs)

မြန်မာနိုင်ငံတွင် သမ္မတနှင့် လွှတ်တော်သို့ တိုက်ရိုက် အစီရင်ခံသည့် အစိုးရဌာနသည် မြန်မာနိုင်ငံ၏ အဆင့်အမြင့်ဆုံး စာရင်းစစ်အဖွဲ့အစည်းဖြစ်သော စာရင်းစစ်ချုပ်ရုံးဖြစ်သည်။ နိုင်ငံတော်ဘတ်ဂျတ်သုံးစွဲခြင်း၊ အခွန်ပေးသွင်းခြင်း၊ အခြားသတ်မှတ်ထားသည့် ပေးသွင်းမှုများ၊ နိုင်ငံပိုင်လုပ်ငန်းများနှင့် အကျိုးတူများမှ ပေးသွင်းမှုများ အဝင်အထွက်ကို ထိန်းချုပ်စစ်ဆေးသည်။

စာရင်းစစ်ချုပ်ရုံးကို ၂၀၀၈ အခြေခံဥပဒေနှင့်အညီ လွတ်လပ်သည့် ဌာနအဖြစ်ဖွဲ့စည်းခဲ့သည်။ စာရင်းစစ်ချုပ်ကို သမ္မတက ခန့်အပ်ပြီး လွှတ်တော်ကအတည်ပြုပေးသည်။

စာရင်းစစ်ဆေးမှုများကို International Organisation of Supreme Audit Institutions (INTOSAI) စံနှုန်းနှင့် အဆင့်တူဖြစ်သော Generally Accepted Auditing စံနှုန်းအတိုင်းစစ်ဆေးသည်။

နိုင်ငံပိုင်လုပ်ငန်းများအားလုံးသည် နှစ်ဝက်ဘဏ္ဍာရေးအစီရင်ခံစာကိုk Generally Accepted Accounting Standards နှင့်အညီ ပြင်ဆင်ပြီး စာရင်းစစ်ချုပ်ရုံးသို့ပေးပို့ရသည်။ နှစ်ပတ်လည် စာရင်းစစ်ဆေးမှုတွင် တူးဖော်ရေးလုပ်ငန်းစီမံကိန်းများတွင် ပါဝင်နေသူများပေးသွင်းသည့် အခွန်၊ အခွန်မဟုတ်သည့်ဝင်ငွေများ အားလုံးပါဝင်သည်ဟု စာရင်းစစ်ချုပ်ရုံးအဆိုအရ သိရသည်။ နိုင်ငံပိုင်တူးဖော်ရေး လုပ်ငန်းများ၏ သီးသန့်စာရင်းများသည် နိုင်ငံတော်ရန်ပုံငွေစာရင်းများဖြစ်ပြီး၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်ထားသည့် စာရင်းများဖြစ်သောကြောင့် စာရင်းစစ်ချုပ်ရုံးက စာရင်းစစ်ဝင်သည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ စာရင်းစစ်အစီရင်ခံစာများကို အောက်ပါအတိုင်း ရရှိထားပါသည်။

| SOE | ကာလ | |
|---|---|---|
| | ၂၀၁၅ ဧပြီမှ စက်တင်ဘာ | ၂၀၁၅ အောက်တိုဘာမှ ၂၀၁၆ မတ်လ |
| MOGE | ☐ | ☐ |
| MGE | ☐ | ☐ |
| ME 1 | ☐ | ☐ |
| ME 2 | ☐ | ☐ |
| ME 3 | ☐ | ☐ |

စာရင်းစစ်အစီရင်ခံစာများကို အများပြည်သူသိစေရန် ထုတ်ပြန်ခြင်းမရှိသည်ကိုလည်း မှတ်တမ်းတင်လိုပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်သည် အစိုးရဝန်ကြီးဌာနများနှင့် နိုင်ငံပိုင်လုပ်ငန်းများကို စာရင်းစစ်နိုင်သည့် အာဏာရှိသည်။ အကျိုးတူဖက်စပ်လုပ်ငန်းအတွက် စာရင်းစစ်ခန့်ထားမှုများပေါ်တွင် မှတ်ချက်ပေးနိုင်သည်။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ ပြင်ဆင်မှု (၂၀၁၈) အရ အစိုးရကတစိတ်တပိုင်းပိုင်ဆိုင်သည့် အကျိုးတူကုမ္ပဏီများကို လိုအပ်ပါက စာရင်းစစ်ရန် တာဝန်ရှိသည်။ စစ်တပ်နောက်ခံကုမ္ပဏီ ဖြစ်သော Myanmar Economic Corporation (MEC) သည် စာရင်းစစ်မဝင်နိုင်သကဲ့သို့ အခွန်ဆောင်ခြင်းလည်းမရှိပါ။ လိုအပ်ပါက CPA လက်မှတ်ရစာရင်းစစ်က စစ်ဆေးထားပြီးဖြစ်သည့် ပုဂ္ဂလိကကုမ္ပဏီ၏ အခွန်နှင့် ပေးသွင်းမှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်က ထပ်မံစစ်ဆေးနိုင်သည်။ သို့သော်လည်း လက်ရှိအနေအထားတွင် ထိုသို့ဆောင်ရွက်နိုင်သည့် ကျွမ်းကျင်မှု၊ အရင်းအမြစ်များမရှိပါ။ အစိုးရဌာနများ၊ နိုင်ငံပိုင်တူးဖော်ရေး လုပ်ငန်းများနှင့် လွှတ်တော်၏ တာဝန်ခံမှုကို ဖော်ဆောင်မည့် စာရင်းစစ်ချုပ်ရုံး၏ စွမ်းရည်၊ ထိရောက်မှုကို ဆုံးဖြတ်၍မရသေးပါ။ ၎င်း၏အစီရင်ခံစာများကိုလည်း အများပြည်သူထံသို့ ထုတ်ပြန်ပေးခြင်းမရှိပါ။

စာရင်းစစ်ချုပ်ရုံးသည် နှစ်ဝက်အကျဉ်းချုပ် အစီရင်ခံစာများ ကို သမ္မတနှင့် လွှတ်တော်သို့ တိုက်ရိုက်အစီရင်ခံသည်။ အစီရင်ခံစာနောက်ကျမှုများအတွက် ပြစ်ဒဏ်များသတ်မှတ်ထားခြင်းမရှိပါ။

ပြည်ထောင်စု စာရင်းစစ်ချုပ်သည် စာရင်းစစ်စံနှုန်းများသတ်မှတ်သည့် မြန်မာနိုင်ငံစာရင်းကောင်စီ၏ ဥက္ကဋ္ဌလည်းဖြစ်သည်။ စီးပွားဖြစ်လုပ်ငန်းများအတွက် စာရင်းစစ်စံနှုန်းများကို ဖော်ထုတ်ထားပြီး၊ နိုင်ငံပိုင်လုပ်ငန်းများ၏ စီးပွားဖြစ်လုပ်ငန်းစာရင်းများကို ယင်းစံနှုန်းဖြင့် စစ်ဆေးသည်။ နိုင်ငံပိုင်လုပ်ငန်းများ၏ လုပ်ငန်းများကို ရငွေ၊ သုံးငွေအခြေပြုစနစ်ဖြင့် အစိုးရ၏ ဘဏ္ဍာရေးရှင်းတမ်းတွင်ထည့်သွင်းရန် စံနှုန်း သို့မဟုတ် စံနှုန်းကျင့်သုံးမှုများ မရှိသေးပါ။

အစိုးရဌာနများ၏ စာရင်းစနစ်သည် အမှန်တကယ် ရငွေ၊ သုံးငွေပေါ် (cash basis) အခြေခံပြီး SOE သည် စာရင်းရှိရငွေ၊ သုံးငွေ (accrual basis) ကိုစာရင်းသွင်းသည့် စနစ်ကို အသုံးပြုသည်။ မည်သို့ပင်ဖြစ်စေကာမူ လက်ရှိအသုံးပြုနေသည့် ဘဏ္ဍာရေးရှင်းတမ်းပုံစံသည် IPSAS သတ်မှတ်ချက်များ ပြည့်မီမှုမရှိပါ။

## ၃.၉ ။ စီးပွားရေးသို့ ထည့်ဝင်မှု (Contribution to the Economy)

### ၃.၉ .၁။ စုစုပေါင်းပြည်တွင်းထုတ်ကုန်တွင်ပါဝင်မှု (GDP Contribution)

နိုင်ငံတခု၏ စီးပွားရေးအခြေအနေကို တိုင်းတာရာတွင် အသုံးအများဆုံး အညွှန်းကိန်းမှာ စုစုပေါင်းပြည်တွင်း ထုတ်ကုန် Gross Domestic Product (GDP) ဖြစ်သည်။ တစ်နှစ်အတွင်း တိုင်းပြည်တစ်ခုက ထုတ်လုပ်ခဲ့သည့် ကုန်စည်နှင့် ဝန်ဆောင်မှု စုစုပေါင်းတန်ဖိုးကို GDP ဟု သတ်မှတ်သည်။

၂၀၁၅/၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံမှ ထုတ်လုပ်ခဲ့သည့် ကုန်စည်နှင့် ဝန်ဆောင်မှုစုစုပေါင်းတန်ဖိုးမှာ ကျပ်ငွေသန်းပေါင်း ၇၁,၇၁၄,၀၂၁.၂[58] ဖြစ်သည်။ ယင်းအနက် ၆.၁ ရာခိုင်နှုန်း သို့မဟုတ် ကျပ်ငွေ သန်းပေါင်း ၄,၄၄၇,၄၉၈[59] သည် တူးဖော်ရေးကဏ္ဍမှဖြစ်သည်။ ထိုပမာဏတွင် ရေနံနှင့်ဓာတ်ငွေ့များသယ်ပို့ခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းမှဝင်ငွေများ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ အကျိုးဖြစ်ထွန်းစေမှုများကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ။ ရရှိလာသည့်အချက်အလက်များမှ ကဏ္ဍခွဲမှဝင်ငွေများကို စနစ်တကျခွဲခြားလေ့လာ၍မရနိုင်ပါ။ (ဥပမာ ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း၊ သန့်စင်ခြင်း၊ ရေနံဓာတု၊ ဆားဗစ်ကန်ထရိုက်တာ၊ သယ်ပို့၊ ဖြန့်ဖြူးခြင်းနှင့် ထုတ်လုပ်ခြင်း)

### ၃.၉ .၂။ အခွန်ဝင်ငွေ (Revenues contribution)

အစိုးရလက်ခံရရှိသည့် အခွန်ငွေအများအပြားသည် တူးဖော်ရေးကဏ္ဍမှ ဝင်ငွေဖြစ်သည်။ အစိုးရက EITI သို့ ထုတ်ပြန်သည့် အချက်အလက်များအရ ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်တွင် တူးဖော်ရေးကဏ္ဍမှ စုစုပေါင်းအစိုးရဝင်ငွေ ၂၀ ရာခိုင်နှုန်း၊ ကျပ်ငွေသန်း ၃,၄၀၄,၄၆၉ သန်းရရှိခဲ့သည်။ ကဏ္ဍအလိုက်ဝင်ငွေအသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

| | ပမာဏ<br>ကျပ်ငွေသန်းပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| ရေနံနှင့်ဓာတ်ငွေ့ | 2,579,917 | 15.18% |
| ကျောက်မျက်နှင့်ကျောက်စိမ်း | 707,808 | 4.16% |
| အခြားတွင်းထွက်များ | 98,583 | 0.58% |
| ပုလဲ | 18,161 | 0.11% |
| တူးဖော်ရေးကဏ္ဍမှစုစုပေါင်းရရှိမှု | 98,583 | 0.58% |
| ပြည်ထောင်စု၏စုစုပေါင်းဝင်ငွေ | 18,161 | 0.11% |

[58] ဗဟိုစာရင်းအင်းအဖွဲ့

[59] ဗဟိုစာရင်းအင်းအဖွဲ့

ဖော်ပြခဲ့ပါ ဝင်ငွေများသည် ၂၀၁၅ - ၂၀၁၆ ပြည်ထောင်စု ဘတ်ဂျတ်အခြေခံဖြင့် တွက်ချက်ခြင်းဖြစ်သည်။ ၂၀၁၅ - ၂၀၁၆ တွင် အမှန်တကယ်အသုံးပြုခဲ့သည့် ပမာဏကိုမရရှိနိုင်သောကြောင့် ဘတ်ဂျတ်ဝင်ငွေကို အခြေခံတွက်ချက်ခြင်းဖြစ်သည်။ ၂၀၁၅ - ၂၀၁၆ တွင် အမှန်တကယ်အသုံးပြုခဲ့သည့် စာရင်းအချက်အလက်များကို အင်တာနက်ပေါ်တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ထားခြင်းမရှိကြောင်းကိုလည်း ဖော်ပြ လိုပါသည်။

မြန်မာနိုင်ငံ၏ ပြည်ထောင်စုဘတ်ဂျတ်အရ ဝင်ငွေများကို ဝန်ကြီးဌာနအလိုက်၊ ဦးစီးဌာနအလိုက်၊ နိုင်ငံပိုင်လုပ်ငန်းများအလိုက်၊ နေပြည်တော် ဖွံ့ဖြိုးရေးကော်မတီ အစရှိသဖြင့်ခွဲခြားထားပြီး ကဏ္ဍအလိုက်ခွဲခြား ထားခြင်းမရှိပါ။ တူးဖော်ရေးကဏ္ဍမှ နိုင်ငံတော်ဝင်ငွေသို့ ထည့်ဝင်သည့် ပမာဏနှင့်ပတ်သက်ပြီး အချက်အလက်များမရှိပါ။ ၂၀၁၅ - ၂၀၁၆ ပြည်ထောင်စု ဘတ်ဂျတ် အမျိုးအစားလိုက် အသေးစိတ်ကို အောက်တွင် ဖော်ပြထားပါသည်။

| ကောက်ခံသည့်အစိုးရဌာန | ပမာဏ<br>ကျပ်ငွေသန်းပေါင်း | ရာခိုင်နှုန်း |
|---|---|---|
| ဝန်ကြီးဌာနများ နှင့် ဦးစီးဌာနများ ဝင်ငွေ<br>(Ministries and department revenues) | 8,639,129 | 50.82% |
| ဝင်ငွေခွန် နှင့် ပိုင်ဆိုင်မှုခွန်<br>Of which tax on income and ownership | 2,135,435 | 12.56% |
| ကုန်သွယ်ခွန်<br>Of which Commercial Tax | 2,324,565 | 13.67% |
| နိုင်ငံတော်၏ ပိုင်ဆိုင်မှုများ<br>Of which tax on State Owned Properties | 857,846 | 5.05% |
| နိုင်ငံပိုင်လုပ်ငန်းများ မှ ဝင်ငွေ<br>State Owned Enterprises Revenues | 7,874,871 | 46.32% |
| စွမ်းအင်ကဏ္ဍ SOE<br>Of which SOE Energy | 3,635,188 | 21.38% |
| သတ္တုတွင်းကဏ္ဍ SOE<br>Of which SOE Mines | 320,341 | 1.88% |
| အခြား SOE<br>Other SOE | 3,919,341 | 23.05% |
| နေပြည်တော်ဖွံ့ဖြိုးရေးကော်မတီ | 49,787 | 0.29% |
| မြန်မာနိုင်ငံ ဗဟိုဘဏ် | 388,853 | 2.29% |
| လူမှုဖူလုံရေး<br>Social Security Board Employment and Social Security | 43,477 | 0.26% |
| အခြား Others | 3,935 | 0.02% |
| စုစုပေါင်း Total | 17,000,051 | 100% |

ကိုးကား ၂၀၁၅ ရသုံးမှန်းခြေဥပဒေ

## ၃.၉.၃။ ပြည်ပပို့ကုန်မှရရှိငွေ (Export contribution)

တူးဖော်ရေးကဏ္ဍမှ ရရှိငွေသည် ၂၀၁၅ - ၂၀၁၆ ခုနှစ် ပြည်ပ ပို့ကုန်၏ ၄၇.၆ ရာခိုင်နှုန်းနီးပါးရှိသည်။ ရေနံ နှင့် ဓာတ်ငွေ့ကဏ္ဍမှ ဝင်ငွေသည် အများစုဖြစ်ပြီး၊ ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍခွဲသည် စုစုပေါင်း ပြည်ပပို့ကုန်၏ ၃၉ ရာခိုင်နှုန်းဖြစ်သည်။

| | ပမာဏ<br>အမေရိကန်ဒေါ်လာသန်းပေါင်း | ပမာဏ<br>(ကျပ်ငွေသန်းပေါင်း) | ရာခိုင်နှုန်း |
|---|---|---|---|
| စုစုပေါင်းပြည်ပပို့မှု | 11,136.88 | 13,626,811 | 100% |
| တူးဖော်ရေးကဏ္ဍမှပြည်ပတင်ပို့မှု | 5,304.03 | 6,489,880 | 47.6% |
| ရေနံနှင့်ဓာတ်ငွေ့ | 4,343.27 | 5,314,318 | 39% |
| ကျောက်မျက်နှင့်ကျောက်စိမ်း | 586.34 | 717,431 | 5% |
| အခြားတွင်းထွက်များ | 374.42 | 458,131 | 3% |

ကိုးကား - ဗဟိုစာရင်းအင်းအဖွဲ့

ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်သည့် ပြည်ပပို့ကုန်စာရင်းများသည် SOE များ ကိုယ်ပိုင်ပုံစံနှင့် ထုတ်ပြန်သည့်စာရင်းများနှင့် ကွဲလွဲနေသည်။ ပြည်ပပို့ကုန် အသေးစိတ်ကို အခန်း ၆.၁ တွင်ဖော်ပြထားပါသည်။

## ၃.၉.၄။ အလုပ်သမားခန့်ထားမှု (Labour Contribution)

အစီရင်ခံစာပြုစုနေသည့် ကာလအတွင်း မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက် လုပ်သားစာရင်းအင်းနှင့်ဆိုင်သည်များကို စုံစမ်း၍မရပါ။ (အကြံပြုချက် ၇ ကိုကြည့်ပါ) ၂၀၁၅ - ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံမှ လုပ်သား ခန့်ထားမှုကိုသာရရှိပါသည်။ စုစုပေါင်း လုပ်သားခန့်ထားမှု တန်ဖိုးမှာ သန်း ၂၁၇၉ ဖြစ်သည်။

MSG မှ အတည်ပြုထားသည့် အစီရင်ခံစာလမ်းညွှန်ချက်အရ EITI တွင်ပါဝင်သည့် ကုမ္ပဏီများသည် ခန့်ထားသည့် လုပ်သားအရေအတွက်ကို ဖော်ပြရမည်ဖြစ်သည်။ ကဏ္ဍခွဲအလိုက် ခန့်ထားမှုများကို အောက်တွင်ဖော်ပြထားပါသည်။

| ကဏ္ဍခွဲ | တိုက်ရိုက်ခန့်ထားသည့် ပျမ်းမျှဝန်ထမ်းပမာဏ Average number of direct local employees | တိုက်ရိုက်ခန့်ထားသည့် ပျမ်းမျှနိုင်ငံခြားသားဝန်ထမ်း ပမာဏ average number of direct foreign employees | တိုက်ရိုက်ခန့်ထားသည့် ပျမ်းမျှဝန်ထမ်း Average number of direct employ-ees |
|---|---|---|---|
| တူးဖော်ရေးကုမ္ပဏီများ | 23,068 | 1,390 | 25,119 |
| ရေနံနှင့်ဓာတ်ငွေ့ | 1,547 | 263 | 1,810 |
| ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်း | 261 | 26 | 287 |
| ကျောက်မျက်နှင့်ကျောက်စိမ်း | 9,632 | - | 10,185 |
| အခြားတွင်းထွက်များ | 11,628 | 1,101 | 12,837 |
| SOEများ | - | - | 10,484 |
| MDGE | - | - | 8,971 |
| MGE | - | - | 616 |
| ME 1 | - | - | 349 |
| ME 2 | - | - | 548 |
| စုစုပေါင်း | 23,068 | 1,390 | 35,603 |

အချက်အလက်များမရှိသဖြင့် ပါဝင်သည့် ကုမ္ပဏီများမှ ပေးပို့သည့် အချက်အလက်များကိုသာအသုံးပြု၍ တူးဖော်မှုကဏ္ဍ လုပ်သားအရေအတွက်ကို ခန့်မှန်းခဲ့ပါသည်။ ပါဝင်သည့် ကုမ္ပဏီများသည် ဝန်ထမ်း ၃၅၆၀၃ ဦးခန့်ထားပြီး၊ ၂၀၁၅ - ၂၀၁၆ စုစုပေါင်း လုပ်သားအင်အား၏ ၀.၂ ရာခိုင်နှုန်းဖြစ်ပါသည်။

# ၄။ တိုက်ဆိုင်စစ်ဆေးမှု နယ်ပယ် အတိုင်းအတာ သတ်မှတ်ခြင်း

## ၄.၁ ပေးချေမှုစီးဆင်းမှုများကို ရွေးချယ်ခြင်း

တိုက်ဆိုင်စစ်ဆေးမှုထဲတွင်ပါဝင်မည့် ငွေကြေးဆိုင်ရာ စီးဆင်းမှုများ၊ အစီရင်ခံရန်လိုအပ်သည့် အစိုးရဌာနများနှင့် ကုမ္ပဏီများအား MSGအဖွဲ့မှ တိုက်ဆိုင်စစ်ဆေးမှု လုပ်ငန်းမစတင်မီ ဆောင်ရွက်သည့် နယ်ပယ်အတိုင်းအတာ လေ့လာဆန်းမှု အပေါ်တွင် အခြေခံ၍သတ်မှတ်ခြင်းဖြစ်ပါသည်။

အောက်တွင်ဖော်ပြထားသည့် ပေးချေမှု စီးဆင်းမှုတစ်ခုချင်းစီ၏ ဖော်ပြချက်များအား ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ ၉ တွင် ဖော်ပြထားသည်။

### ၄.၁.၁ ဥပဒေအရ ပုံမှန်ပေးချေရသည့် အခွန်များ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (MoPF) အောက်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန (IRD)နှင့် အကောက်ခွန်ဦးစီးဌာန (CD) တို့သည် အခွန်ဝင်ငွေလမ်းကြောင်းများ ကောက်ခံရန် တာဝန်ရှိသည်။ IRD နှင့် CD တို့၏ သယံဇာတတူးဖော်ရေး ကဏ္ဍ (ရေနံနှင့် သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်း) ထံမှရရှိသည့် အခွန်စာရင်းမှာ စည်းမျဉ်းများသုံးသပ်ခြင်း နှင့် အစိုးရဌာနများနှင့် တွေ့ဆုံမေးမြန်းမှုပြုလုပ်ခြင်းတို့ဖြင့် အောက်ပါအတိုင်းတွေ့ရှိရပါသည်။

| စဉ် | ပေးချေမှု၊စီးဆင်းမှု(IRD) |
|---|---|
| ၁ | ကုန်သွယ်လုပ်ငန်းခွန် |
| | ဝင်ငွေခွန် |
| ၂ | ၂.၁ အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ်ကောက်ခံသည့် အခွန် |
| | ၂.၂ ပင်ရင်းမှနုတ်ယူပေးသွင်းသောအခွန် |
| **စဉ်** | **ပေးချေမှု၊စီးဆင်းမှု(CD)** |
| ၁ | အကောက်ခွန် |
| ၂ | ကုန်သွယ်လုပ်ငန်းခွန် |

MSGအဖွဲ့သည် တွေ့ရှိရသည့် အခွန်ဝင်ငွေလမ်းကြောင်းများ အားလုံးအား Materiality Threshold ကန့်သတ်ချက်ကို အသုံးမပြုဘဲ ၂၀၁၅-၂၀၁၆ EITI အစီရင်ခံစာ၏ နယ်ပယ် အတိုင်းအတာထဲတွင် ထည့်သွင်းရန်အတွက် ဆုံးဖြတ်ချက် ချထားပါသည်။

### ၄.၁.၂ ဥပဒေအရ ပုံမှန်ပေးချေရသည့် အခွန်များ

၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာ၏ နယ်ပယ်အတိုင်းအတာ ထဲတွင် အခွန်မဟုတ်သည့် ဝင်ငွေလမ်းကြောင်းများပါဝင်ရန် သတ်မှတ်ထားပြီး ၎င်းတို့မှာ MOGE အားပေးချေသည့် ပေးချေမှုများဖြစ်သည်။ MSG သည် ၂၀၁၅-၂၀၁၆ EITI အစီရင်ခံစာထဲတွင် အခွန်မဟုတ်သည့် ဝင်ငွေလမ်းကြောင်း များအား Materiality Threshold ကန့်သတ်ချက်ကိုအသုံး မပြုဘဲ အားလုံးပါဝင်ရန်ဆုံးဖြတ်ထားသည်။

အထက်ပါအကြောင်းကို အခြေခံ၍ ၂၀၁၅-၂၀၁၆ အစီရင်ခံစာ တွင် အောက်ပါတို့ကို ရွေးချယ်ထားပါသည်။

| စဉ် | ပေးချေမှု၊စီးဆင်းမှု |
|---|---|
| ၁ | လက်မှတ်ရေးထိုးဆုကြေးငွေ |
| ၂ | ခိုင်ကြေး(Royalties) |
| ၃ | ထုတ်လုပ်မှုခွဲဝေယူမှု |
| ၄ | ထုတ်လုပ်မှုဆုကြေးငွေ |
| ၅ | နိုင်ငံတော်၏ပါဝင်မှု |
| ၆ | အခြေခံပေးချေမှု(IPR/PCC) |
| ၇ | ဆုံးရှုံးမှုလျော်ကြေး(IPR/PCC) |
| ၈ | ထုတ်လုပ်မှုမှ ပေးချေခြင်း |
| ၉ | အမြတ်ခွဲဝေမှု |
| ၁၀ | လေ့လာသင်ကြားမှုရန်ပုံငွေ |

| | |
|---|---|
| ၁၁ | သုတေသနနှင့်ဖွံ့ဖြိုးရေးရန်ပုံငွေ |
| ၁၂ | ပြည်တွင်းဈေးကွက်ဆိုင်တာဝန်ယူမှု(DMO) |
| ၁၃ | ဒေတာဝန်ဆောင်ခ |
| ၁၄ | မြေခွန် / ပုံသေမြေငှားရန်းခ |

## ၄.၁.၃ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပို့ဆောင်ရေးကဏ္ဍ အတွက် အခွန်မဟုတ်သည့်ဝင်ငွေလမ်းကြောင်းများ

၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာ၏ နယ်ပယ်အတိုင်း အတာထဲတွင် အခွန်မဟုတ်သည့် ဝင်ငွေလမ်းကြောင်း များပါဝင်ရန်သတ်မှတ်ထားပြီး ၎င်းတို့မှာ MOGE အား ပေးချေသည့် ပေးချေမှုများဖြစ်သည်။ MSG သည် ၂၀၁၅-၂၀၁၆ EITI အစီရင်ခံစာထဲတွင် အခွန်မဟုတ် သည့် ဝင်ငွေလမ်းကြောင်းများအား Materiality Threshold ကန့်သတ်ချက်ကိုအသုံးမပြုဘဲ အားလုံး ပါဝင်ရန်ဆုံးဖြတ်ထားသည်။

အထက်ပါအကြောင်းကို အခြေခံ၍ ၂၀၁၅-၂၀၁၆ အစီရင်ခံစာတွင် အောက်ပါတို့ကို ရွေးချယ်ထားပါ သည်။

| စဉ် | ပေးချေမှုစီးဆင်းမှု |
|---|---|
| ၁ | အကျိုးအမြတ်ခွဲဝေယူသည့်ရေနံနှင့်သဘာဝဓာတ်ငွေ့ပို့ဆောင်ရေး |
| ၂ | ဖြတ်သန်းခ(Transit fees)ကောက်ခံယူသည့်ရေနံနှင့် သဘာဝဓာတ်ငွေ့ပို့ဆောင်ရေး |
| ၃ | လမ်းပိုင်ဆိုင်မှုအခွင့်အရေးရယူသည့်ရေနံနှင့်သဘာဝဓာတ်ငွေ့ ပို့ဆောင်ရေး |

## ၄.၁.၄ ကျောက်စိမ်းကဏ္ဍအတွက် အခွန်မဟုတ်သည့် ဝင်ငွေလမ်းကြောင်းများ

၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာ၏ နယ်ပယ်အတိုင်း အတာထဲတွင် အခွန်မဟုတ်သည့် ဝင်ငွေ လမ်းကြောင်း များ ပါဝင်ရန်သတ်မှတ်ထားပြီး ၎င်းတို့မှာ မြန်မာ့ ကျောက်မျက်လုပ်ငန်း (MGE)အား ပေးချေသည့် ပေးချေမှုများ ဖြစ်သည်။ MSG သည် ၂၀၁၅-၂၀၁၆ EITI အစီရင်ခံစာထဲတွင် အခွန်မဟုတ်သည့် ဝင်ငွေ လမ်းကြောင်းများအား Materiality Threshold ကန့် သတ်ချက် ကိုအသုံးမပြုဘဲ အားလုံးပါဝင်ရန် ဆုံးဖြတ် ထားသည်။

အထက်ပါအကြောင်းကို အခြေခံ၍ ၂၀၁၅-၂၀၁၆ အစီရင်ခံစာတွင် အောက်ပါတို့ကို ရွေးချယ်ထားပါ သည်။

| စဉ် | ပေးချေမှုစီးဆင်းမှု |
|---|---|
| ၁ | ကုန်သွယ်လုပ်ငန်းခွန်(*) |
| ၂ | ရောင်းချမှုခွဲဝေခြင်း |
| ၃ | ရောင်းချမှုအပေါ်ယူသည့်ခိုင်ကြေး-၇%-၁၀% |
| ၄ | ထုတ်လုပ်မှုအပေါ်ယူသည့်ခိုင်ကြေး-၂၀% |
| ၅ | ပါမစ်ကြေး(*) |
| ၆ | ဝန်ဆောင်ခများ-၃% |
| ၇ | ကျောက်မျက်ပြပွဲကြေး-၁% |
| ၈ | မက်လုံးပေးချေမှု-၁%-၂%(*) |

(*) ပေးချေမှု စီးဆင်းမှုအသစ်ဖြစ်သည်။ ၂၀၁၃-၂၀၁၄ MEITI တိုက်ဆိုင်စစ်ဆေးပြီး အစီရင်ခံစာထဲ တွင် မပါဝင်ပါ။

## ၄.၁.၅ ကျောက်စိမ်း ကဏ္ဍအတွက် အခွန်မဟုတ်သည့် ဝင်ငွေလမ်းကြောင်းများ

၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာ၏ နယ်ပယ်အတိုင်း အတာထဲတွင် အခွန်မဟုတ်သည့် ဝင်ငွေလမ်းကြောင်း များ ပါဝင်ရန်သတ်မှတ်ထားပြီး ၎င်းတို့မှာ အမှတ် ၁၊ အမှတ် ၂ နှင့် အမှတ် ၃ သတ္တုတွင်းလုပ်ငန်းများ (ME1, ME2 and ME3) အားပေးချေသည့် ပေးချေမှုများဖြစ် သည်။ MSG သည် ၂၀၁၅-၂၀၁၆ EITI အစီရင်ခံစာ ထဲတွင် အခွန်မဟုတ်သည့် ဝင်ငွေလမ်းကြောင်းများ အား Materiality Threshold ကန့်သတ်ချက်ကိုအသုံး မပြုဘဲ အားလုံးပါဝင်ရန် ဆုံးဖြတ်ထားသည်။

အထက်ပါအကြောင်းကို အခြေခံ၍ ၂၀၁၅-၂၀၁၆ အစီရင်ခံစာတွင် အောက်ပါတို့ကို ရွေးချယ်ထားပါ သည်။

| စဉ် | ပေးချေမှု စီးဆင်းမှု |
|---|---|
| ၁ | ခိုင်ကြေးများ |
| ၂ | လက်မှတ်ရေးထိုးဆုကြေးငွေ / လျော်ကြေးများ (*) |
| ၃ | ထုတ်လုပ်မှုခွဲယူခြင်း |
| ၄ | ပုံသေမြေငှားရမ်းခများ |
| ၅ | မြေခွန်များ |
| ၆ | သစ်တောဦးစီးဌာနသို့ပေးချေမှုများ |
| ၇ | လိုင်စင်ကြေးများ |

(*) ပေးချေမှု စီးဆင်းမှုအသစ်ဖြစ်သည်။ ၂၀၁၃-၂၀၁၄ MEITI အစီရင်ခံစာထဲတွင် မပါဝင်ပါ။

## ၄.၁.၆ ငွေသားဖြင့်မဟုတ်သော ပေးချေမှုများ

EITI Standard အရ နိုင်ငံတော်၏ ထုတ်လုပ်မှုဝေစု ရောင်းချမှု သို့မဟုတ် ပစ္စည်းကဲ့သို့သော ငွေသားမဟုတ်ဘဲ ကောက်ခံရရှိသည့် အခြားဝင်ငွေများကိုလည်း ဖော်ပြရန်လို အပ်ပါသည်။ ဤတွင် နိုင်ငံပိုင်လုပ်ငန်းများနှင့် အခြားအစိုးရ ဌာနများအကြား လွှဲပြောင်းမှုများလည်း ပါဝင်သည်။

Standard ၏အကြံပြုချက်အရ MSG မှထိုစီးဆင်းမှုများအား တိုက်ဆိုင်စစ်ဆေးမှု၏ အစိတ်အပိုင်းအဖြစ်ပါဝင်ပါသည်။ အချက်အလက် ပုံစံ (templates) များကိုလည်း အစိုးရ၊ နိုင်ငံပိုင်လုပ်ငန်းများနှင့် ကုမ္ပဏီများထံ ပေးပို့ပြီးဖြစ်သည်။ အကျိုးအမြတ်ခွဲဝေမှုစာချုပ်များ (PSC) များအရ ရေနံနှင့်သဘာဝ လုပ်ငန်းနှင့် သတ္တုတွင်းလုပ်ငန်းသည် အစိုးရအား ငွေသား မဟုတ်သည့် သို့မဟုတ် ငွေသားဖြင့်အချိုးသောပေးချေမှုများကို အောက်ပါအတိုင်း ရရှိစေပါသည်။

- နိုင်ငံတော်၏ ထုတ်လုပ်မှုဝေစုကို ရောင်းချခြင်း သို့မဟုတ် ငွေသားမဟုတ်ဘဲ ကောက်ခံရရှိသည့် အခြား သော ဝင်ငွေများနှင့်ရေနံနှင့် သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းလုပ်ငန်း ခိုင်ကြေး
- လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ MOGE၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်ရှိ ME များသည် ထုတ်လုပ်သည့် ကုမ္ပဏီထံမှ ငွေသား မဟုတ်ဘဲဖြစ်စေ သို့မဟုတ် သဘောတူစာချုပ်အရ ရရှိသည့် ခိုင်ကြေးအား ပမာဏတစ်ခုသတ်မှတ်၍ ဖြစ်စေရရှိနိုင်သည်။

၂၀၁၅-၂၀၁၆ ခုနှစ် MEITI အစီရင်ခံစာထဲတွင်ပါဝင်သည့် ငွေသားမဟုတ်သော အခြားပေးချေမှုများမှာ

| စဉ် | ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ အတွက် ငွေသားမဟုတ်သော ပေးချေမှုများ | သတ္တုတွင်းလုပ်ငန်းကဏ္ဍ အတွက် ငွေသားမဟုတ်သော ပေးချေမှုများ |
|---|---|---|
| ၁ | နိုင်ငံတော်၏ ထုတ်လုပ်မှုရပိုင်ခွင့် | ထုတ်လုပ်မှုခွဲယူခြင်း |
| ၂ | (အစိုးရနှင့် နိုင်ငံပိုင် လုပ်ငန်းများ၏ဝေစု) | |
| ၃ | ခိုင်ကြေးများ | ခိုင်ကြေးများ |
| ၄ | အခြေခံပေးချေမှု (IPR/PCC) | |
| ၅ | ဆုံးရှုံးမှုလျော်ကြေး (IPR^PCC) | |
| ၆ | ထုတ်လုပ်မှုမှ ပေးချေခြင်း (–) | |

နိုင်ငံတော်၏ ထုတ်လုပ်မှုဝေစု ရောင်းချခြင်းအတွက် SOE များမှရရှိခဲ့သော ဝင်ငွေများအားကုန်သွယ်လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများနှင့် တိုက်ဆိုင်စစ်ဆေးမှု မပြုလုပ်ဘဲ ဖော်ပြရန် MSG မှ ဆုံးဖြတ်ခဲ့ပါသည်။

## ၄.၁.၇ နိုင်ငံပိုင်လုပ်ငန်းများမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းမှုများ

MSG၏ ဆုံးဖြတ်ချက်အရ တိုက်ဆိုင်စစ်ဆေးမှုအတွက် နယ်ပယ်အတိုင်းအတာ သတ်မှတ်ချက်အတွင်းရှိ ဝင်ငွေ လမ်းကြောင်းများတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းရှိ နိုင်ငံပိုင်လုပ်ငန်းများမှ ပြုလုပ်သည့် သို့မဟုတ် တင်ပြသည့် လွှဲပြောင်းမှုများအားလုံးနှင့် အစိုးရအေဂျင်စီများမှ ရရှိသည့် သို့မဟုတ် ၎င်းတို့ထံတင်ပြသည့် ဝင်ငွေများပါဝင်သည်။ တိုက်ဆိုင်စစ်ဆေးမှု နယ်ပယ်အတိုင်းအတာထဲတွင် အောက်ပါ ပေးချေမှုများကို ရွေးချယ်ထားပါသည်။

| စဉ် | MOGEမှလွှဲပြောင်းမှုများ |
|---|---|
| *ရသုံးငွေစာရင်းများသို့လွှဲပြောင်းမှု* | |
| ၁ | ဝင်ငွေခွန်(IT) |
| ၂ | ကုန်သွယ်လုပ်ငန်းခွန် |
| ၃ | အကောက်ခွန်များ |
| ၄ | တံဆိပ်ခေါင်းခွန် |
| ၅ | အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ်ကောက်ခံသည့်အခွန် |
| ၆ | ပင်ရင်းမှဖြတ်တောက်နှုတ်ယူသည့်အခွန် |
| ၇ | နိုင်ငံတော်သို့ထည့်ဝင်ငွေ |
| ၈ | လက်မှတ်ရေးထိုးဆုကြေးငွေ |
| ၉ | ခိုင်ကြေးများ |
| ၁၀ | ထုတ်လုပ်မှုဆုကြေးငွေ |
| ၁၁ | အခြားသောအရေးပါသည့်လွှဲပြောင်းမှုများ (ဒေါ်လာ၅၀၀၀၀အထက်) |
| *အခြားစာရင်းများ – MOGE၏အခြားစာရင်းများ* | |
| ၁၂ | MOGE ၏အခြားစာရင်းများ(+)လွှဲပြောင်းမှုများ |
| ၁၃ | MOGE ၏အခြားစာရင်းများ(–)လွှဲပြောင်းမှုများ |

| စဉ် | MGEမှလွှဲပြောင်းမှုများ |
|---|---|
| *ရသုံးငွေစာရင်းများသို့လွှဲပြောင်းမှု* | |
| ၁ | ဝင်ငွေခွန်(IT) |
| ၂ | ကုန်သွယ်လုပ်ငန်းခွန် |
| ၃ | ရောင်းရငွေအပေါ်ခိုင်ကြေးများ |
| ၄ | ထုတ်လုပ်မှုအပေါ်ခိုင်ကြေးများ |
| ၅ | နိုင်ငံတော်သို့ထည့်သွင်းငွေ |
| ၆ | အခြားသောအရေးပါသည့်လွှဲပြောင်းမှုများ (ဒေါ်လာ၅၀၀၀၀အထက်) |
| *အခြားစာရင်းများ – MGE၏အခြားစာရင်းများ* | |
| ၇ | MGE ၏အခြားစာရင်းများ(+)လွှဲပြောင်းမှုများ |
| ၈ | MGE ၏အခြားစာရင်းများ(–)လွှဲပြောင်းမှုများ |

| စဉ် | ME1 , ME 2 , ME 3 မှလွှဲပြောင်းမှုများ |
|---|---|
| *ရသုံးငွေစာရင်းများသို့လွှဲပြောင်းမှု* | |
| ၁ | ဝင်ငွေခွန်(IT) |
| ၂ | ကုန်သွယ်လုပ်ငန်းခွန် |
| ၃ | နိုင်ငံတော်သို့ထည့်သွင်းငွေ |
| ၄ | ခိုင်ကြေးများ |
| ၅ | လက်မှတ်ရေးထိုးဆုကြေးငွေ / လျှော်ကြေးများ |
| ၆ | ထုတ်လုပ်မှုခွဲယူခြင်း |
| ၇ | ပုံသေငှားရမ်းခများ |
| ၈ | လိုင်စင်ကြေးများ |
| ၉ | အခြားသောအရေးပါသည့်လွှဲပြောင်းမှုများ (ဒေါ်လာ၅၀၀၀၀အထက်) |
| *အခြားစာရင်းများ – MOGE၏အခြားစာရင်းများ* | |
| ၁၀ | အခြားစာရင်းများသို့(+)လွှဲပြောင်းမှုများ |
| ၁၁ | အစိုးရမှသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိသတ္တုတွင်းဝန်ကြီးဌာနများဖြစ်သော ME1, ME2, ME3များသို့လွှဲပြောင်းမှုများ(–) |

## ၄.၁.၈ အခြားအချက်အလက်များ

**လူမှုရေးဆိုင်ရာ ပေးချေမှုများနှင့် အခြေခံအဆောက်အဦးဆိုင်ရာ ထောက်ပံ့မှုများ**

လူမှုရေးဆိုင်ရာအသုံးစရိတ်များနှင့် အခြေခံအဆောက်အဦဆိုင်ရာထောက်ပံ့မှုများကို ကုမ္ပဏီများအားဖော်ပြစေခဲ့ပါသည်။ MSG၏ ဆုံးဖြတ်ချက်အရ၊ ထိုပေးချေမှုများကို ကုမ္ပဏီများက ဖော်ပြကြေညာပြီး ငွေသားစီးဆင်းမှုများတွင် တိုက်ဆိုင်စစ်ဆေးမှု အတွက် ထည့်သွင်းမှု မပြုလုပ်ခဲ့ပါ။

**အခြားသော အရေးပါသည့် ပေးချေမှုဆိုင်ရာစီးဆင်းမှုများ**

အရေးပါသည်ဟု ယူဆနိုင်သည့်ပျက်ကွက်မှုများ မဖြစ်ပေါ်စေရန်အတွက် MSG သည် သီးသန့်စာကြောင်း တစ်ခုဖြစ်သည့် "အခြားသော အရေးပါသည့် ပေးချေမှုဆိုင်ရာ စီးဆင်းမှုများ"ကို သယံဇာတတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီများ ဒေါ်လာ ၅၀၀၀၀ ထက်ကျော်လွန်သည့် ပေးချေမှုများ ထည့်သွင်း ဖော်ပြရန်အတွက် အစီခံစာပုံစံတွင် မပြသထားသော်လည်း ၎င်းတွင် ထည့်သွင်းမှုပြုရန် ဆုံးဖြတ်ခဲ့သည်။

**ဘဏ္ဍာရေးတစ်ပိုင်းအသုံးစရိတ်များ (Quasi fiscal expenditures)**

MSG ၏ ဆုံးဖြတ်ချက်အရ နယ်ပယ်အတိုင်းအတာထဲတွင် ရွေးချယ်ထားသည့် အစိုးရအေဂျင်စီများနှင့် နိုင်ငံပိုင်လုပ်ငန်းများအား ဘတ်ဂျင်ပြင်ပအသုံးစရိတ်များကို ဖော်ပြစေခဲ့သည်။ ထိုပေးချေမှုများကို အစိုးရအေဂျင်စီများနှင့် နိုင်ငံပိုင်လုပ်ငန်းများက ဖော်ပြကြေညာပြီး ငွေသားစီးဆင်းမှုများတွင် တိုက်ဆိုင်စစ်ဆေးမှု အတွက် ထည့်သွင်းမှုမပြုလုပ်ခဲ့ပါ။

**သယံဇာတ ရှာဖွေတူးဖော်ရေးလုပ်ငန်းကဏ္ဍအတွင်း လည်ပတ်နေသည့် ကုမ္ပဏီများအား ကြွေးမြီများ / ကြွေးမြီအာမခံ ခွင့်ပြုခြင်း**

EITI requirement အပိုဒ် ၃.၆(ဂ) တွင် အစိုးရနှင့် နိုင်ငံပိုင်လုပ်ငန်းများသည် နိုင်ငံအတွင်းရှိ သတ္တုတူးဖော်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများအား ကြွေးမြီ သို့မဟုတ် ကြွေးမြီအာမခံများပံ့ပိုးပေးထားပါက ထိုသို့ပံ့ပိုးပေးထားမှု အသေးစိတ်ကို EITI အစီရင်ခံစာတွင် ဖော်ပြရမည်ဟုပါရှိသည်။ အလားတူ MSG သည်လည်း နိုင်ငံပိုင်လုပ်ငန်းများမှ သယံဇာတ ရှာဖွေတူးဖော်မှုကဏ္ဍအတွင်း လည်ပတ်နေသည့် လုပ်ငန်းများအားခွင့်ပြုထားသည့် ချေးငွေများ / ချေးငွေအာမခံများကို ထည့်သွင်းဖော်ပြရန် ဆုံးဖြတ်ထားပါသည်။

## ၄.၂ အစီရင်ခံတင်ပြရမည့် အဖွဲ့အစည်းများအား ရွေးချယ်ခြင်း

### ၄.၂.၁ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာကုမ္ပဏီများအား ရွေးချယ်ခြင်း

**ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများ**

MSG သည် ထုတ်လုပ်မှုလုပ်ကွက်များရှိ အော်ပရေတာနှင့် ပူးပေါင်းဆောင်ရွက်သူများနှင့် ရှာဖွေတူးဖော်ရေး ကုမ္ပဏီများအား Materiality Threshold ကန့်သတ်ချက် ကိုအသုံးမပြုဘဲ အားလုံးပါဝင်ရန် ဆုံးဖြတ်ထားသည်။

ဤသည်ကိုအခြေခံ၍ ၂၀၁၅ - ၂၀၁၆ EITIအစီရင်ခံစာအတွက် တိုက်ဆိုင်စစ်ဆေးမှု နယ်ပယ်အတိုင်းအတာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီပေါင်း ၃၆ ကုမ္ပဏီကို ထည့်သွင်းခဲ့ပါသည်။

| | | ကုမ္ပဏီ |
|---|---|---|
| နိုင်ငံပိုင်လုပ်ငန်း | ၁ | MOGE(*) |
| | | |
| ထုတ်လုပ်ရေးလုပ်ကွက်များရှိအော်ပရေတာများ | ၂ | Petronas Carigali Hong Kong Ltd (PCML) (*) |
| | ၃ | TOTAL (*) |
| | ၄ | Daewoo International Corporation (*) |
| | ၅ | Goldpetrol Co Ltd (*) |
| | ၆ | MPRL E&P Pte Ltd (*) |
| | | |
| ထုတ်လုပ်ရေးလုပ်ကွက်များရှိ လုပ်ငန်းပူးပေါင်းဆောင်ရွက်သူများ | ၇ | Nippon Oil (*) |
| | ၈ | PTTEP International Ltd. |
| | ၉ | ONGC Videsh Ltd (*) |
| | ၁၀ | Gail JJ India Ltd(*) |
| | ၁၁ | Korea Gas Corporation (*) |
| | ၁၂ | Unocal Myanmar Offshore Co., Ltd (*) |
| | | |

| | | |
|---|---|---|
| ရှာဖွေတူးဖော်ရေး ဆောင်ရွက်သည့် အော်ပရေတာများ | ၁၃ | Petronas Carigali Myanmar Inc (PCMI) (*) |
| | ၁၄ | Geopetrol International Holding Inc |
| | ၁၅ | Jubilant Oil & Gas Pte Ltd |
| | ၁၆ | PTTEP South Asia Ltd |
| | ၁၇ | IsTech Energy EP5 Pte |
| | ၁၈ | Asia Orient International |
| | ၁၉ | CNPC International Ltd |
| | ၂၀ | SNOG Pte Ltd (*) |
| | ၂၁ | Eni Myanmar BV |
| | ၂၂ | Central Asia Oil and Gas (CAOG) Pte. Ltd |
| | ၂၃ | Pacific Hunt Energy Corporation |
| | ၂၄ | Bashneft International B.V |
| | ၂၅ | Brunei National Petroleum Co |
| | ၂၆ | Petrovietnam Exploration Production Corporation |
| | | |
| ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်များ ရရှိထားသည့် အော်ပရေတာများ (လေ့လာဆန်းစစ်သည့် အဆင့်) | ၂၇ | Oil India Ltd |
| | ၂၈ | Ophir Myanmar Ltd |
| | ၂၉ | Barlanga Myanmar Pte. Ltd. |
| | ၃၀ | Shell Myanmar Energy Pte. Ltd |
| | ၃၁ | BG Exploration & Production Myanmar Pte. Ltd. |
| | ၃၂ | Wooside Energy (Myanmar) Pte. Ltd. |
| | ၃၃ | CFG Energy Pte.Ltd. |
| | ၃၄ | Reliance Industries Ltd |
| | ၃၅ | Staoil Myanmar Pte. Ltd. |
| | ၃၆ | Tap Energy Pte. Ltd. |

(*) 2013-2014 MEITI တိုက်ဆိုင်စစ်ဆေးမှု နယ်ပယ် အတိုင်းအတာတွင် ထည့်သွင်းခဲ့သည်။

### ရေနံနှင့်သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေးကုမ္ပဏီများ

ရေနံနှင့်သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုမ္ပဏီအရေအတွက်နည်းသောကြောင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ထိုကဏ္ဍအတွက် ယုတ္တိတန်မှု စံသတ်မှတ်ချက် မထားဘဲ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းတွင် အော်ပရေတာ အားလုံးပါဝင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် ၂၀၁၅-၁၆ ဘဏ္ဍာနှစ် EITI အစီရင်ခံစာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေးကုမ္ပဏီ (၅) ခု ပါဝင်ခဲ့ပါသည်။ ၎င်းကုမ္ပဏီများအား အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| Noº | Company |
|---|---|
| 1 | Andaman Transportation Limited (ATL) |
| 2 | Moattama Gas Transportation Company (MGTC) |
| 3 | Taninthayi Pipeline Company (TPC) |
| 4 | South-East Asia Gas Pipeline Co (SEAGP) |
| 5 | South East Asia Crude Oil Pipeline Co, Ltd (SEACOP) |

## ၄.၂.၂ သတ္တုကုမ္ပဏီများ ရွေးချယ်ခြင်း

### ကျောက်မျက်နှင့် ကျောက်စိမ်းကုမ္ပဏီများ

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ၂၀၁၅-၁၆ ဘဏ္ဍာနှစ် MEITI အစီရင်ခံစာ၏ တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်တွင် ကုမ္ပဏီပေါင်း (၅၁) ခုပါဝင်ရန်သဘောတူသတ်မှတ်ခဲ့ပါသည်။ ယုတ္တိတန်ခြင်းသတ်မှတ်ချက်အဖြစ် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း အခွန်ဘဏ္ဍာငွေကျပ်သန်းပေါင်း ၁.၀ ဘီလီယံ ကျပ်ကောက်ခံရရှိသည့် ကုမ္ပဏီများကို အောက်ပါဇယားတွင် ဖော်ပြထားပြီး တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်တွင် ထိုကုမ္ပဏီများပါဝင်ခဲ့ပါသည်။

| ၂၀၁၅–၁၆ | စံသတ်မှတ်ချက် (ဘီလီယံကျပ်) | အစိုးရဘဏ္ဍာလွှမ်းခြုံမှု | အလုံးစုံလွှမ်းခြုံမှု | ကုမ္ပဏီအရေအတွက် |
|---|---|---|---|---|
| MONREC | ၁.၀ | ၇၂% | ၆၈% | ၅၁ |
| IRD | ၁.၀ | ၄၀% | | |
| CD | ၁.၀ | ၇၄% | | |

အခွန်ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၁.၀ ဘီလီယံအောက် ပေးချေသည့် ကုမ္ပဏီများအတွက်မူ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ အစိုးရအဖွဲ့အစည်းများအနေဖြင့် ကုမ္ပဏီများမှ ပေးချေသည့် အခွန်ဘဏ္ဍာဆိုင်ရာ အချက်အလက်များကို တဖက်သတ်ထုတ်ဖော်မှုပြုလုပ်သည့် စာရင်းများပါဝင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ငွေစာရင်းအကောင့်များ၊ အဝင်အထွက်စာရင်းများမှသော်လည်းကောင်း၊ လွှဲပြောင်းမှုများနှင့် ပေးချေမှုများ အားလုံးပါဝင်ရန်လည်း ဆုံးဖြတ်ခဲ့ပါသည်။

| Gems and Jade companies proposed for the reconciliation scope 2015-2016 | |
|---|---|
| Great Genesis Gems Co; Ltd. (*) | Jade Mountain Gems Co;Ltd. (*) |
| Sein Lom Taung Tan Gems Ltd. (*) | Phyo Thiha Kyaw Gems |
| Wai Aung Gabar Gems Co; Ltd. (*) | Silver Elephant Gems |
| Ayar Jade Co; Ltd. | Yadanar Yaung Chi Gems Co;Ltd. (*) |
| Shwe Pyi Tha Gems Trading & Faceting | Myanmar Sithu Jewellery (*) |
| Kyaing International Gems (*) | Pang Huke Duwa Co; Ltd. |
| Linn Lett Win Yadanar Gems (*) | Kyay Sin Phyu |
| Richest Gems Co;Ltd. (*) | SEIN THURA SAN GEMS COMPANY |
| Myat Yamon Gems Co;Ltd. (*) | Lucky Star |
| Yadanar Taung Tann Gems | San Taw Win Gems & Jewellery |
| Khin Zaw Aung & Brothers Gems & Jewellery(*) | Yadanar Kaung Kin Gems &JewelleryCo;Ltd |
| Yar Za Htar Ne Gems Co;Ltd. (*) | Mega Stone Co;Ltd |
| Kachin National Development | Yadanar San Shwin Gems Co., Ltd |
| Myanmar Imperial Jade(Gems & Jewellery) (*) | Golden Wallet Jewellery Co.,Ltd |
| Myo Nwe Gems & Jewellery | SHWE BYAIN PHYU CO |
| Shining Star Light Gems & Jewellery (*) | NILAR YOMA TRADING |
| Khun Pa-Oh Gems & Jewellery | Kyay Lin |
| Myanma Gon Yi Gems & Jewellery | Ayar Yadanar |
| Kan Pwint Oo Gems & Jewellery | Kaung Myat Thukha |
| Green Comet Gems | Unity Gems Co;Ltd. |
| Thi Raw Mani Gems & Jewellery (*) | Thiha & Three Brothers Gems & Jewellery |
| Myanma Seinn Lei Aung Gems | Emerald Garden |
| Nay La Pwint Gems Co; Ltd. (*) | Shwe Gaung Gems |
| Myanmar Win Gate Gems & Jewellery Mining | Green Light Treasure Co., Ltd. |
| Khaing Lon Gems Co;Ltd. | Xie Family Co.,Ltd (*) |
| Chaow Brothers Gemstone | |

(*) 2013-2014 MEITI တိုက်ဆိုင်စစ်ဆေးမှု နယ်ပယ် အတိုင်းအတာတွင် ထည့်သွင်းခဲ့သည်။

## အခြားသတ္တုများ

သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့၏ ယုတ္တိတန်မှုစံနှုန်းသတ်မှတ်ချက်အရ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အစီရင်ခံစာအတွက် အစိုးရသို့ ပေးချေမှုများအစီရင်ခံရန်လိုအပ်သည့် ကုမ္ပဏီ(၂၈)ခု ပါဝင်ရန်လိုအပ်ပါသည်။ ဤကုမ္ပဏီများအနေဖြင့် အောက်ပါစံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီရပါသည်။

- ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် အစိုးရဌာနအဖွဲ့အစည်းများမှ ကောက်ခံရရှိသည့် စုစုပေါင်းဘဏ္ဍာငွေ မြန်မာကျပ်ငွေ ၀.၂၅ ဘီလီယံ ပြည့်မီခြင်း၊ သို့မဟုတ်
- ၂၀၁၅-၁၆ဘဏ္ဍာနှစ်အတွင်း အမှတ်(၂)သတ္တုတွင်း လုပ်ငန်းမှ ပစ္စည်းဖြင့် ပေးချေမှု ၁၇ (သန်းတန်) ရှိခြင်း။

ထို့အပြင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသို့ ပစ္စည်း(ရွှေ)ဖြင့် ပေးချေသည့် ကုမ္ပဏီအရေအတွက်နည်းသောကြောင့် စံနှုန်းသတ်မှတ်ချက်များအသုံးမပြုဘဲ အော်ပရေတာအားလုံးပါဝင်ရန် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ ဆုံးဖြတ်ခဲ့ပါသည်။

အထက်ဖော်ပြပါ ယုတ္တိတန်ခြင်း သတ်မှတ်ချက်များအပြင် ဘဏ္ဍာငွေပေးချေသည့်ကုမ္ပဏီများအတွက် EITI လိုအပ်ချက် ၄.၂ (ခ)နှင့်အညီ ကုမ္ပဏီများမှပေးချေသည့် ဘဏ္ဍာငွေအချက်အလက်များကို အစိုးရအဖွဲ့အစည်းများမှ တစ်ဖတ်သတ်ထုတ်ဖော်မှုလည်းပါဝင်ရန် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ ဆုံးဖြတ်ခဲ့ပါသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (အမှတ် ၁ သတ္တုတွင်းလုပ်ငန်း၊ အမှတ် ၂ သတ္တုတွင်းလုပ်ငန်းနှင့် အမှတ်၃သတ္တုတွင်းလုပ်ငန်း)မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ငွေစာရင်းအကောင့်များ၊ အဝင်အထွက်စာရင်းများမှသော်လည်းကောင်း၊ လွှဲပြောင်းမှုများနှင့် ပေးချေမှုများ အားလုံးပါဝင်ရန်လည်း သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ ဆုံးဖြတ်ခဲ့ပါသည်။

၂၀၁၅-၁၆ ဘဏ္ဍာနှစ် MEITI အစီရင်ခံစာ၏ တိုက်ဆိုင်စစ်ဆေးခြင်းနယ်ပယ်တွင် အောက်ပါကုမ္ပဏီများကို ရွေးချယ်ခဲ့ပါသည်။

| Nº | Company | Type of mineral |
|---|---|---|
| 1 | San Na DiCo. Ltd. | Iron Ore |
| 2 | Myanmar CNMC Nickel Co; LTD (*) | Ferronickel |
| 3 | Ruby Dragon Mining Co., Ltd. | Antimony |
| 4 | Thein Than Mining Co.,Ltd. | Lead Zinc |
| 5 | Shwe Sapar Mining Co., Ltd. | Antimony Mineral |
| 6 | Cornerstone Resources Myanmar Co. | Zinc |
| 7 | Myanmar Golden High Land Mining Co., Ltd. | Lead Ore |
| 8 | Win Myint Mo Industries Co., Ltd. (*) | Lead /Zinc concentrate |
| 9 | Ngwe Yi Pale Mining Co., Ltd (*) | Lime Stone |
| 10 | Shwe Taung Mining Co., Ltd. | Lime Stone / Coal |
| 11 | Tha Byu Mining Co., Ltd (*) | Antimony Ore |
| 12 | Myanmar Golden Point Family Co., Ltd | Gold |
| 13 | Myanmar Economic Corporation | Gypsum |
| 14 | Max Myanmar Co., Group. (*) | Lime Stone |
| 15 | Than Taw Myat | Lime Stone |
| 16 | Myanmar Yang Tse Copper Ltd (*) | Copper |
| 17 | Swan Min Htet Mining Co., Ltd | Gold |
| 18 | Sea Sun Mining Production & Marketing Co., Ltd | Gold |
| 19 | Eastern Mining Co., Ltd | Tin & Tungsten |
| 20 | National Prosperity Gold Production Group Ltd. | Gold |

| | | |
|---|---|---|
| 21 | Shwe Moe YanCo., Ltd. | Gold |
| 22 | Eternal Mining Co., Ltd (*) | Gold |
| 23 | Geo Asia Industrial and Mining Co., Ltd. | Gold |
| 24 | Myanmar Pongpipat Co., Ltd (*) | Tin/ Tungsten mixed Ore |
| 25 | Delco Co.,Ltd (*) | Tin/ Tungsten Mixed Ore |
| 26 | Kayar Mine Production  Co., Ltd | Tin/Tungsten Sheelite/ Mixed |
| 27 | Ye Htut Kyaw Mining Co., Ltd | Tin/Tungsten Sheelite/ Mixed |
| 28 | A&A, Natural Resources Development Co, Ltd | Tin/ Tungsten Mixed Ore |

(*) 2013-2014 MEITI တိုက်ဆိုင်စစ်ဆေးမှု နယ်ပယ် အတိုင်းအတာတွင် ထည့်သွင်းခဲ့သည်။

## ၄.၂.၃ အစိုးရဌာနအဖွဲ့အစည်းများအား ရွေးချယ်ခြင်း

လုပ်ငန်းနယ်ပယ်ပါ ကုမ္ပဏီများမှ ပေးချေသည့် ဘဏ္ဍာငွေ လက်ခံရရှိသည့် တွင်းထွက်ဆိုင်ရာဘဏ္ဍာငွေများစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ အစိုးရဌာနများ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန တို့၏လက်အောက်ရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းတွင်ပါဝင်ရန် သုံးပွင့်ဆိုင်ညှိနှိုင်းအဖွဲ့မှ သဘောတူဆုံးဖြတ်ခဲ့ပါသည်။ ထိုသတ်မှတ်ချက်အတိုင်း သုံးပွင့်ဆိုင်ညှိနှိုင်းအဖွဲ့မှ MEITI တိုက်ဆိုင်စစ်ဆေး ခြင်းနယ်ပယ်တွင် အောက်ပါ အစိုးရဌာနအဖွဲ့အစည်းများပါဝင်ရန် သတ်မှတ်ခဲ့ပါသည်။

| အစိုးရအဖွဲ့အစည်းများ |
|---|
| လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (MoEE) |
| ၁။ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံခန့်ခွဲရေးဌာန (OGPD) (ယခင်လျှပ်စစ် စွမ်းအင်ဌာန) |
| သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန (MONREC) |
| ၂။ သတ္တုတွင်းဦးစီးဌာန |
| ၃။ ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန (DGSE) |
| ၄။ သစ်တောဦးစီးဌာန |
| စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (MoPF) |
| ၅။ ပြည်တွင်းအခွန်များဦးစီးဌာန (IRD) |
| ၆။ အကောက်ခွန်ဦးစီးဌာန |
| ၇။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| ၈။ ငွေတိုက်ဌာန |
| နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SOEs) |
| ၁။ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) |
| ၂။ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း (ME1) |
| ၃။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း(ME2) |
| ၄။ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း(ME3) |

၅။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE)

၆။ မြန်မာ့ပုလဲရောင်းဝယ်ရေးလုပ်ငန်း (ကြာန)

ဗဟိုဘဏ်ကော်မတီ

# ၅။ ကိုက်ညှိစစ်ဆေးခြင်းရလဒ်များ

ကိုက်ညှိစစ်ဆေးခြင်းလေ့ကျင့်ခန်း (လုပ်ငန်း)၏အသေးစိတ်ရလဒ်များကိုလည်းကောင်း၊ သယံဇာတတူးဖေါ်ထုတ်လုပ်သည့်ကုမ္ပဏီများက ပေးသွင်းသည့်ငွေပမာဏနှင့် အစိုးရအေဂျင်စီများကရရှိခဲ့သည့် ငွေပမာဏတို့အကြား မှတ်သားတွေ့ရှိခဲ့သည့်ခြားနားချက်များကိုလည်းကောင်း၊ အောက်တွင်ကျွန်ုပ်တို့တင်ပြထားပါသည်။ ကနဦးအစီရင်ခံသည့်သင့်ငွေပမာဏနှင့် ကျွန်ုပ်တို့ကိုက်ညှိ စစ်ဆေးခြင်းလုပ်ငန်းပြီးဆုံးပြီးနောက်ပြုလုပ်ခဲ့သည့်ညှိနှိုင်းမှုများကိုလည်းကောင်း၊ အပြီးသတ် သင့်ငွေပမာဏနှင့် ကိုက်ညှိစစ်ဆေးခြင်းမပြုနိုင်သည့်ခြားနားချက်များကိုလည်းကောင်း ကျွန်ုပ်တို့မီးမောင်းထိုးပြ (ထောက်ပြ) ထားပြီးဖြစ်ပါသည်။

## ၅.၁။ ရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီများ၏ပေးဆောင်ငွေများ

### ၅.၁.၁ ကုမ္ပဏီများမှ ကိုက်ညှိစစ်ဆေးခဲ့သည့်ငွေသားစီးဆင်းမှုများ

အောက်တွင်ဖော်ပြပါဇယားကသယံဇာတတူးဖေါ်ထုတ်လုပ်သည့် ကုမ္ပဏီများကပေးဆောင်ခဲ့သည်ဟု အစီရင်ခံသည့်ပေးဆောင်ငွေများနှင့် အစိုးရအေဂျင်စီများက ရရှိသည်ဟုအစီရင်ခံသည့်ရရှိငွေများ အကြားခြားနားချက်များကို အကျဉ်းချုပ်ဖော်ပြပါသည်။

ဇယားများ၌သယံဇာတတူးဖေါ်ထုတ်လုပ်သည့်ကုမ္ပဏီတစ်ခုချင်းနှင့်အစိုးရအေဂျင်စီတစ်ခုချင်း က ပြုစုခဲ့သည့်အစီရင်ခံခြင်းပုံစံကားချပ်များ၊ ကျွန်ုပ်တို့၏ကိုက်ညှိစစ်ဆေးသည့်လုပ်ငန်းပြီးစီးပြီးနောက် ကျွန်ုပ်တို့ပြုလုပ်ခဲ့သည့် ညှိနှိုင်းချက်များနှင့်ကြွင်းကျန်သည့် ကိုက်ညှိစစ်ဆေးခြင်းမပြုခဲ့ရသော ခြားနားချက်များအပေါ်တွင် အခြေခံသည့်ခိုင်မာသောကိန်းဂဏန်းများပါဝင်ပါသည်။

| Company | Original | Per Company Adjust | Final | Original | Per Government Adjust | Final | Final Difference |
|---|---|---|---|---|---|---|---|
| Petronas Carigali Hong Kong Ltd (PCML) | 454,420,727,870 | (9,536,036,823) | 444,884,691,047 | 447,796,108,166 | (2,911,417,322) | 444,884,690,844 | 203 |
| TOTAL | 716,759,294,795 | (740,840,210) | 716,018,454,585 | 464,472,972,253 | 279,896,939,741 | 744,369,911,994 | (28,351,457,409) |
| Daewoo International Corporation | 424,768,170,170 | 151,849,089,262 | 576,617,259,431 | 424,921,006,428 | 151,723,673,916 | 576,644,680,344 | (27,420,913) |
| Goldpetrol Co Ltd | 661,026,147 | - | 661,026,147 | 533,494,990 | 5,173,627 | 538,668,617 | 122,357,530 |
| MPRL E&P Pte Ltd | | | | | | | |
| Nippon Oil | - | - | - | 8,226,969,741 | - | 8,226,969,741 | (8,226,969,741) |
| PTTEP International Ltd. | 436,975,740,097 | (119,271,408,870) | 317,704,331,227 | 22,109,758,716 | 295,594,572,515 | 317,704,331,231 | (4) |
| ONGC Videsh Ltd | 4,524,624,797 | - | 4,524,624,797 | 4,519,885,649 | - | 4,519,885,649 | 4,739,148 |
| Gail JJ India Ltd | - | - | - | - | - | - | - |
| Korea Gas Corporation | - | - | - | - | - | - | - |
| Unocal Myanmar Offshore Co., Ltd | 18,402,064,280 | - | 18,402,064,280 | 18,269,604,254 | - | 18,269,604,254 | 132,460,026 |
| Petronas Carigali Myanmar Inc (PCMI) | - | 6,117,876,448 | 6,117,876,448 | 24,266,303,596 | (18,148,427,148) | 6,117,876,448 | - |
| Geopetrol International Holding Inc | 62,070,751 | - | 62,070,751 | - | 5,157,370 | 5,157,370 | 56,913,381 |
| Jubilant Oil & Gas Pte.Ltd | - | - | - | - | - | - | - |
| PTTEP South Asia Ltd | 8,910,666,089 | - | 8,910,666,089 | 8,910,666,089 | - | 8,910,666,089 | - |
| IsTech Energy EP5 Pte | - | - | - | - | - | - | - |
| Asia Orient International Ltd | - | - | - | - | - | - | - |
| CNPC International Ltd | 16,699,239 | - | 16,699,239 | - | - | - | 16,699,239 |
| SNOG Pte Ltd | - | - | - | - | - | - | - |
| Eni Myanmar BV | 3,548,948,813 | - | 3,548,948,813 | 3,548,948,813 | - | 3,548,948,813 | - |

| Company | Original | Per Company Adjust | Final | Original | Per Government Adjust | Final | Final Difference |
|---|---|---|---|---|---|---|---|
| Central Asia Oil and Gas (CAOG) Pte. Ltd | 2,600,335,090 | - | 2,600,335,090 | 2,677,657,735 | - | 2,677,657,735 | (77,322,646) |
| Pacific Hunt Energy Corporation | - | - | - | - | - | - | - |
| Bashneft International B.V | 6,246,279 | - | 6,246,279 | - | 6,246,279 | 6,246,279 | - |
| Brunei National Petroleum Co | 3,665,990,065 | - | 3,665,990,065 | 3,665,990,065 | - | 3,665,990,065 | - |
| Petrovietnam Exploration Production Corporation | - | - | - | - | - | - | - |
| Oil India Ltd | - | - | - | 25,514,240 | - | 25,514,240 | (25,514,240) |
| Ophir Myanmar Ltd | 1,362,412,800 | 73,439,463 | 1,435,852,263 | 1,435,852,264 | - | 1,435,852,264 | (1) |
| Barlanga Myanmar Pte. Ltd. | 514,002,901 | - | 514,002,901 | 525,692,768 | - | 525,692,768 | (11,689,867) |
| Shell Myanmar Energy Pte.Ltd | 319,815,013 | - | 319,815,013 | 319,815,013 | - | 319,815,013 | - |
| BG Exploration & Production Myanmar Pte. Ltd. | 3,386,172,024 | - | 3,386,172,024 | 3,386,172,024 | - | 3,386,172,024 | - |
| Woodside Energy (Myanmar ) Pte. Ltd. | 663,354,709 | - | 663,354,709 | 660,662,079 | - | 660,662,079 | 2,692,630 |
| CFG Energy Pte.Ltd. | - | - | - | 446,964,138 | - | 446,964,138 | (446,964,138) |
| Reliance Industries Ltd | - | - | - | 1,294,095,997 | - | 1,294,095,997 | (1,294,095,997) |
| Statoil Myanmar Pte. Ltd. | 59,041,783 | - | 59,041,783 | - | - | - | 59,041,783 |
| Tap Energy Pte. Ltd. | - | - | - | 448,441,219 | - | 448,441,219 | (448,441,219) |
| Total payments | 2,081,627,403,712 | 28,492,119,270 | 2,110,119,522,982 | 1,442,462,576,236 | 706,171,918,978 | 2,148,634,495,214 | (38,514,972,232) |

## ၅။၁၊၂၊ ရရှိငွေ ငွေစီးကြောင်းမှ ကိုက်ညှိစစ်ဆေးခဲ့သည့် ငွေသားစီးဆင်းမှုများ

အောက်တွင်ဖော်ပြပါဇယားက ညှိနှိုင်းချက်အားလုံးကို ထည့်သွင်းစဉ်းစားပြီးဖြစ်သည့်၊ သယံဇာတတူးဖော်ထုတ်လုပ် သည့်ကုမ္ပဏီများနှင့် အစိုးရအေဂျင်စီများက အစီရင်ခံခဲ့သော အခ – ခြခံပေးဆောင်ငွေအားလုံးကိုဖော်ပြပါသည်။

| NO | Description of Payment | Per Company | | | Per Government | | | Final Difference |
|---|---|---|---|---|---|---|---|---|
| | | initial | Adjust | Final | initial | Adjust | Final | |
| Payments in cash | | | | | | | | |
| MoPF-IRD-Customs Department | | 93,268,296,207 | (26,709,010,828) | 66,559,285,379 | 90,816,864,039 | (18,046,358,616) | 72,770,505,423 | (6,211,220,043) |
| 8 | Income Tax (IT) | 55,273,101,158 | (22,627,135,724) | 32,645,965,434 | 80,127,754,721 | (39,387,279,572) | 40,740,475,149 | (8,094,509,715) |
| 9 | Commercial Tax | - | - | - | 533,494,990 | (533,494,990) | - | - |
| 10 | Stamp Duties | 2,652,445,076 | - | 2,652,445,076 | - | 2,619,827,259 | 2,619,827,259 | 32,617,817 |
| 11 | Capital Gains Tax | - | - | - | - | - | - | - |
| 12 | Withholding tax | 34,843,013,723 | (4,081,875,103) | 30,761,138,620 | 10,128,193,415 | 18,754,852,437 | 28,883,045,852 | 1,878,092,768 |
| 13 | Commercial Tax on Imports | 499,736,250 | - | 499,736,250 | - | 499,736,250 | 499,736,250 | - |
| 14 | Customs Duties on imports | - | - | - | 27,420,913 | - | 27,420,913 | (27,420,913) |
| 15 | Other significant payments (> 50,000 USD) | - | - | - | - | - | - | - |
| MOGE | | 1,988,359,107,505 | 55,201,130,097 | 2,043,560,237,602 | 1,351,645,712,198 | 724,218,277,594 | 2,075,863,989,792 | (32,303,752,189) |
| 16 | Signature Bonus | 23,370,898,800 | 6,117,876,448 | 29,488,775,248 | 29,488,775,248 | - | 29,488,775,248 | - |
| 17 | Royalties | 387,219,281,538 | 32,928,137,964 | 420,147,419,501 | 467,523,364,043 | (41,930,726,749) | 425,592,637,294 | (5,445,217,793) |
| 18 | Production Split (State share-Gas&Oil sales) | 1,212,317,987,721 | (99,182,369,281) | 1,113,135,618,440 | 305,627,315,325 | 827,996,341,099 | 1,133,623,656,424 | (20,488,037,984) |

| NO | Description of Payment | Per Company | | | Per Government | | | Final Difference |
|---|---|---|---|---|---|---|---|---|
| | | initial | Adjust | Final | initial | Adjust | Final | |
| 19 | Production Bonus | - | - | - | - | - | - | - |
| 20 | MOGE share (Profit and Cost- G&O sales) | 356,778,863,427 | 116,384,218,999 | 473,163,082,426 | 539,288,257,530 | (61,847,336,756) | 477,440,920,774 | (4,277,838,348) |
| 21 | Dividend | - | - | - | - | - | - | - |
| 22 | Training Fund | 550,608,880 | (428,251,351) | 122,357,529 | - | - | - | 122,357,529 |
| 23 | Research and Development Fund | - | - | - | - | - | - | - |
| 24 | Domestic Market Obligation (DMO) (-) | - | - | - | - | - | - | - |
| 25 | Data fee | 7,502,984,459 | - | 7,502,984,459 | 9,718,000,052 | - | 9,718,000,052 | (2,215,015,593) |
| 26 | Land fees/Dead rent fee | - | - | - | - | - | - | - |
| 27 | Dividend/Profit Sharing on Oil & Gas transportation | - | - | - | - | - | - | - |
| 28 | Transit fees on Oil & Gas transportation | - | - | - | - | - | - | - |
| 29 | Road right fee Oil & Gas transportation (Right of way) | - | - | - | - | - | - | - |
| 30 | Other material payments (> 50,000 USD) | 618,482,681 | (618,482,681) | - | - | - | - | - |
| Total payments in cash | | 2,081,627,403,712 | 28,492,119,270 | 2,110,119,522,982 | 1,442,462,576,236 | 706,171,918,978 | 2,148,634,495,214 | (38,514,972,232) |

## ၅။၁။၃။ ကိုက်ညှိစစ်ဆေးမှုမပြုနိုင်သောခြားနားကွာဟခြင်းများ

ကျွန်ုပ်တို့၏ ညှိနှိုင်းမှုများပြုလုပ်ပြီးနောက် (နောက်ဆက်တွဲ ၃ ကိုကြည့်ပါ) ကိုက်ညှိစစ်ဆေးခြင်းမပြုနိုင်သည့် ခြားနားကွာဟချက်များမှာ မြန်မာကျပ်ငွေ (၃၈,၅၁၄,၉၇၂,၂၃၂) ဖြစ်ပြီး အစိုးရဌာနများက အစီရင်ခံသောစုစုပေါင်းပေးငွေ၏ (၁.၇၉ ％) ကိုကိုယ်စားပြုပါသည်။ ဤငွေပမာဏသည် အပေါင်းလက္ခဏာ (အပြုသဘော)ဆောင်သည့်ခြားနားချက်(၂,၀၃၃,၀၆၈,၁၁၄) နှင့် အနုတ်လက္ခဏာ(အဆိုးသဘော) ဆောင်သည့်ခြားနားချက် (၄၀,၅၄၈,၀၄၀,၃၄၆)များ၏ ရလဒ်ဖြစ်ပါသည်။ ဤကိုက်ညှိစစ်ဆေးခြင်းမပြုလုပ်နိုင်သည့် ခြားနားချက်များကို အောက်တွင် အကျဉ်းချုပ်ဖော်ပြအပ်ပါသည်။

| Reasons for differences | Amount in MMK |
|---|---|
| Cut-off error | (30,211,094,325) |
| Reporting template not submitted by the extractive company | (10,441,985,335) |
| Tax not reported by the extractive company | (116,433,426) |
| Tax not confirmed by the Govt Agency | 2,247,108,874 |
| Not material difference | 7,431,978 |
| Total Differences | (38,514,972,232) |

### (က) Cut-Off အမှားများ

အမှန်အားဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများသည် ၎င်းတို့၏ အခွန်ငွေကို မတ်လမတိုင်မီပေးကြရပြီး လွှဲပြောင်းပေးသည့် ရက်စွဲနှင့် ရရှိသည့်ရက်စွဲတို့အကြား ကြာမြင့်သောလုပ်ငန်းစဉ်ကြောင့်အမှန်တကယ်ရရှိကြောင်းပြေစာအား ဧပြီလတွင်ထုတ်ပေးခဲ့ကြပါသည်။ အမေရိကန်ဒေါ်လာဖြင့် မြန်မာ့စီးပွားရေးဘဏ် (အမ်အီးဘီ) သို့လွှဲပေးလိုက်သည့်ငွေများကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အမ်အိုဂျီအီး)သည် ၎င်းတို့၏ ကိုယ်ပိုင်ဘဏ်စာရင်းမှ မြန်မာကျပ်ငွေနှင့်ညီမျှသော ငွေကို ရရှိသည်ဟုရှင်းပြသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ယင်းနှင့်လျော်ညီစွာ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အပြီးသတ်အခွန်ငွေများကို ၂၀၁၅ခုနှစ် မတ်လတွင် ပေးဆောင်ခဲ့ပြီးဖြစ်ကြောင်း ကုမ္ပဏီများက အစီရင်ခံခဲ့ကြပါသည်။ သို့ရာတွင် မြန်မာ့စီးပွားရေးဘဏ်မှ လွှဲပြောင်းပေးမှုအတွက် ထုတ်ပေးသည့် ပြေစာရက်စွဲအရ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အမ်အိုဂျီအီး) က ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်၏ အပြီးသတ်အခွန်ပေးဆောင်မှုဟု အစီရင်ခံတင်ပြခဲ့ပါသည်။ ဤခြားနားကွာဟချက်များသည် စုစုပေါင်းဟူသောစာလုံးနှင့် ဆက်နွယ်နေပြီး အောက်တွင်ဖော်ပြပါ အခွန်ငွေအားဖြင့် အသေးစိတ်ဖော်ပြထားပါသည်။

| Tax | Amount in MMK |
|---|---|
| Production Split (State share- Gas&Oil sales) | (20,488,038,202) |
| Royalties | (5,445,217,805) |
| MOGE share (Profit and Cost- G&O sales) | (4,277,838,318) |
| Total Differences | (30,211,094,325) |

### (ခ) သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီက အစီရင်ခံခြင်းပုံစံကားချပ်ကို တင်ပြမှုမရှိခြင်း

ဤခြားနားချက်သည်အစိုးရအဖွဲ့အစည်းများမှ အစီရင်ခံ သည့် အခွန်ငွေများနှင့် ဆက်စပ်မှုရှိနေပါသည်။ သို့ရာတွင်ကုမ္ပဏီများသည် ယင်းပေးဆောင်ငွေများကို ၎င်းတို့၏အစီရင်ခံခြင်းပုံစံကားချပ်များတွင် အစီရင်ခံခဲ့ခြင်းမရှိပါ။ ကုမ္ပဏီများအလိုက် အခွန်ငွေပေးဆောင်ခြင်း အပြီးသတ်ခြားနားချက်များကို အောက်တွင်အသေးစိတ်ဖော်ပြပါသည်။

| Companies | Total | Income Tax | Data fee |
|---|---|---|---|
| Nippon Oil . | (8,226,969,741) | (8,226,969,741) | |
| Reliance Industries Ltd | (1,294,095,997) | | (1,294,095,997) |
| Tap Energy Pte. Ltd. | (448,441,219) | | (448,441,219) |
| CFG Energy Pte.Ltd. | (446,964,138) | | (446,964,138) |
| Oil India Ltd | (25,514,240) | | (25,514,240) |
| Total | (10,441,985,335) | (8,226,969,741) | (2,215,015,594) |

## (ဂ) သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီက အခွန်ပေးဆောင်ခြင်းကိုအစီရင်ခံတင်ပြမှုမရှိခြင်း

ဤခြားနားချက်သည် အစိုးရအဖွဲ့အစည်းများမှ အစီရင်ခံသည့် အခွန်ငွေများနှင့်ဆက်စပ်မှုရှိနေပါသည်။ သို့ရာတွင်ကုမ္ပဏီများသည် ယင်းပေးဆောင်ငွေများကို ၄င်းတို့၏အစီရင်ခံခြင်းပုံစံကားချပ်များတွင် အစီရင်ခံခဲ့ခြင်းမရှိပါ။ ကုမ္ပဏီများအလိုက် အခွန်ငွေပေးဆောင်ခြင်း အပြီးသတ်ခြားနားချက်များကို အောက်တွင်အသေးစိတ်ဖော်ပြပါသည်။

| Companies | Total | Withholding tax | Customs Duties on imports |
|---|---|---|---|
| Central Asia Oil and Gas (CAOG) Pte. Ltd | (77,322,646) | (77,322,646) | - |
| Daewoo International Corporation | (27,420,913) | - | (27,420,913) |
| Barlanga Myanmar Pte. Ltd. | (11,689,867) | (11,689,867) | - |
| Total | (116,433,426) | (89,012,513) | (27,420,913) |

## (ဃ) အစိုးရအေဂျင်စီက အခွန်ပေးဆောင်မှုကို အတည်မပြုခြင်း

ဤခြားနားချက်သည် ရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီများက အစိုးရအေဂျင်စီများသို့ အခွန်ငွေပေးဆောင်ခြင်းဟု ဖွင့်ဟကြေညာခဲ့သည့် ပေးဆောင်မှုများနှင့် ဆက်စပ်မှုရှိနေပါသည်။ သို့ရာတွင် အစိုးရသည် ယင်းပေးဆောင်ငွေများကို ၄င်းတို့၏အစီရင်ခံခြင်းပုံစံကားချပ်များတွင် အစီရင်ခံရန် ပျက်ကွက်မှုရှိခဲ့ပါသည်။ ကုမ္ပဏီများအလိုက် အခွန်ငွေပေးဆောင်ခြင်း အပြီးသတ်ခြားနားချက်များကို အောက်တွင်အသေးစိတ် ဖော်ပြအပ်ပါသည်။

| Companies | Total | Withholding tax | Income Tax (IT) | Training Fund | Stamp Duties |
|---|---|---|---|---|---|
| TOTAL | 1,859,636,916 | 1,859,636,916 | - | - | - |
| Unocal Myanmar Offshore Co., Ltd | 132,460,026 | - | 132,460,026 | - | - |
| Goldpetrol Co Ltd | 122,357,529 | - | - | 122,357,529 | - |
| Other Companies | 132,654,403 | 107,468,364 | - | - | 25,186,039 |
| | 2,247,108,874 | 1,967,105,280 | 132,460,026 | 122,357,529 | 25,186,039 |

အခြေပစ္စည်းမှဖြတ်ယူပေးဆောင်သည့်အခွန်ငွေ (withholding Tax)နှင့် ဆက်စပ်သည့် ခြားနားချက်ကို ဖော်ပြရလျှင် တိုတယ်လ်ကုမ္ပဏီက ပေးဆောင်ခဲ့သည့် အခြေပစ္စည်းမှ ဖြတ်ယူပေးဆောင်သည့် အခွန်ငွေသည် ကုန်ပစ္စည်းပေးသွင်းသူများနှင့် တစ်ဆင့်ခံ (ဆပ်) ကန်ထရိုက်တာများကိုယ်စား အခွန်အေးဂျင့် (အကျိုးဆောင်)အဖြစ် ပေးဆောင်ခြင်းဟု ရှင်းပြပါသည်။ ပြည်တွင်းအခွန်ဦးစီးဌာနသည် ဤအခြေပစ္စည်းမှ ဖြတ်ယူပေးဆောင်သည့် အခွန်ပေးဆောင်သည့်ကုမ္ပဏီ၏ ရပ်တည်မှုကို မှတ်တမ်းတင် ထိန်းသိမ်းထားခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ဤသင့်ငွေပမာဏသည် တိုတယ်လ်ရေနံကုမ္ပဏီက ပေးဆောင်ခဲ့ခြင်းဖြစ်သည်ဟု အတည်ပြုနိုင်ခြင်းမရှိပေ။ ပေးဆောင်သည့် ပြေစာအထောက်အထား (ချလန်)တွင် ကုန်ပစ္စည်းတင်သွင်းသူများ သို့မဟုတ် ဆပ်-ကန်ထရိုက်တာ အမည်ကိုသာဖော်ပြထားပြီး ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးဆောင်ရန်ဖြတ်ယူပြီး၊ အခွန်ပေးဆောင်ခဲ့သည့် ကုမ္ပဏီ၏ အမည်ပါဝင်ခြင်းမရှိပါ။

### (င) ရှယ်ယာပိုင်ဆိုင်ရာ ကွာဟချက်မဟုတ်ခြင်း

ဤခြားနားကွာဟချက်များသည် အထက်ဖော်ပြပါ (အခန်း) ၂.၃တွင်ဖော်ပြခဲ့သည့်အတိုင်း ကိုက်ညှိစစ်ဆေးခြင်းလုပ်ငန်းအတွက်သတ်မှတ်ခဲ့သည့် လျာထားချက်တန်ဖိုး မြန်မာကျပ်ငွေ (၅,၀၀၀,၀၀၀) အထက် ရှယ်ယာပိုင်ဆိုင်ရာခြားနားချက်များနှင့် လိုက်လျောညီထွေမှုမရှိပါ။

## ၅၁၁၄။ ကုန်ပစ္စည်းအားဖြင့်ကိုက်ညှိစစ်ဆေးခြင်း

အောက်ဖော်ပြပါဇယားက သယံဇာတတူးဖော်ထုတ်လုပ် သည့် ကုမ္ပဏီများကအစီရင်ခံခဲ့ကြသော အခွန်ငွေအဖြစ် ကုန်ပစ္စည်း အားဖြင့် ပေးဆောင်မှုများနှင့် အစိုးရအေဂျင်စီများက အစီရင်ခံခဲ့သည့် ရရှိမှုများနှင့်ဆက်နွယ်သည့် ခြားနားချက်များကို အကျဉ်းချုပ်ဖော်ပြအပ်ပါသည်။

| NO | Description of Payment | Per Company | | | Per Government | | | Final Difference |
|---|---|---|---|---|---|---|---|---|
| | | initial | Adjust | Final | initial | Adjust | Final | |
| Payments in kind | | | | | | | | |
| In Barils | | 1,143,912 | - | 1,143,912 | 1,143,912 | - | 1,143,912 | - |
| 1.1 | State production entitlement | - | - | - | - | - | - | - |
| 2.1 | MOGE production entitlement | 160,919 | - | 160,919 | 160,919 | - | 160,919 | - |
| 3.1 | Royalties | 58,516 | - | 58,516 | 58,516 | - | 58,516 | - |
| 4.1 | Baseline payment (IPR/PCC) | 566,844 | - | 566,844 | 566,844 | - | 566,844 | - |
| 5.1 | Risk compensation (IPR/PCC) | 354,342 | - | 354,342 | 354,342 | - | 354,342 | - |
| 6.1 | Payment out of production (-) | - | - | - | - | - | - | - |
| 7.1 | Domestic Market Obligation (DMO) | 3,292 | - | 3,292 | 3,292 | - | 3,292 | - |
| In Mscf | | 137,066 | - | 137,066 | 713 | - | 713 | 136,353 |
| 1.2 | State production entitlement | 115,441 | - | 115,441 | - | - | - | 115,441 |
| 2.2 | MOGE production entitlement | 38,322 | - | 38,322 | - | - | - | 38,322 |
| 3.2 | Royalties | 36,774 | - | 36,774 | - | - | - | 36,774 |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 4.2 | Baseline payment (IPR/PCC) | 618 | - | 618 | 618 | - | 618 | - |
| 5.2 | Risk compensation (IPR/PCC) | 95 | - | 95 | 95 | - | 95 | - |
| 6.2 | Payment out of production (-) | - | - | - | - | - | - | - |
| 7.2 | Domestic Market Obligation (DMO) | (54,184) | - | (54,184) | - | - | - | (54,184) |

## ၅.၁.၅ ကိုက်ညှိစစ်ဆေးခဲ့ခြင်းမရှိသည့်ခြားနား ကွာဟချက်များ

ကျွန်ုပ်တို့ပြုလုပ်ခဲ့သည့် ကိုက်ညှိစစ်ဆေးရေးလုပ်ငန်း နောက်မှလိုက်၍ ကိုက်ညှိစစ်ဆေးခြင်း မရှိခဲ့သည့် ကုန်ပစ္စည်းအားဖြင့် ခြားနားကွာဟချက်များ၏တန်ဖိုးမှာ (၁၃၆,၃၅၃) (အမ်အက်စ်စီအက်ဖ်) (Mscf) ဖြစ်ပြီး အစိုးရဌာနအဖွဲ့အစည်းများက အစီရင်ခံခဲ့သည့် ကုန်ပစ္စည်းအားဖြင့် ပေးဆောင်သည့် တန်ဖိုးစုစုပေါင်း၏ (၁၉%)ရှိပါသည်။ ယင်းသို့ကိုက်ညှိစစ်ဆေးခဲ့ခြင်းမရှိသော ခြားနားချက်များကို ကုမ္ပဏီများကဖွင့်ဟကြေညာခဲ့သော်လည်း အစိုးရဌာနအဖွဲ့အစည်းများက ဖွင့်ဟကြေညာခဲ့ခြင်းမရှိခဲ့ပါ။ ယင်းတို့ကိုအောက်တွင် အကျဉ်းချုပ်ဖော်ပြအပ်ပါသည်။

| Company | MSCF |
|---|---|
| PTTEP International Ltd. | 49,559 |
| TOTAL | 86,793 |
| Total discrepancies | 136,353 |

## ၅.၂ ကျောက်မျက်နှင့်ကျောက်စိမ်းကုမ္ပဏီများ၏ ပေးဆောင်ငွေများ

### ၅.၂.၁ ကုမ္ပဏီများကကိုက်ညှိစစ်ဆေးခဲ့သော ငွေသားစီးဆင်းမှုများ

အောက်ဖော်ပြပါဇယားများက သယံဇာတတူးဖေါ်ထုတ်လုပ်သည့်ကုမ္ပဏီများက အစီရင်ခံခဲ့သည့် ပေးဆောင်ငွေများနှင့် အစိုးရအေဂျင်စီများက အစီရင်ခံခဲ့သည့် ရရှိငွေများအကြားခြားနားမှုများကို အကျဉ်းချုပ် ဖေါ်ပြအပ်ပါသည်။

ဇယားများ၌ သယံဇာတတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုချင်းနှင့် အစိုးရအေဂျင်စီတစ်ခုချင်းက ပြုစုတင်ပြခဲ့သည့်အစီရင်ခံခြင်းပုံစံကားချပ်များ၊ ကျွန်ုပ်တို့၏ကိုက်ညှိစစ်ဆေးသည့်လုပ်ငန်းပြီးစီးပြီးနောက် ကျွန်ုပ်တို့ပြုလုပ်ခဲ့သည့် ညှိနှိုင်းချက်များနှင့် ကြွင်းကျန်သည့် ကိုက်ညှိစစ်ဆေးခြင်းမပြုခဲ့ရသော ခြားနားချက်များအပေါ်တွင် အခြေခံသည့် ခိုင်မာသော ကိန်းဂဏန်းများပါဝင်ပါသည်။

| NO. | Company | Templates originally lodged | | | Adjustments | | | Final Amounts | | |
|---|---|---|---|---|---|---|---|---|---|---|
| | | Extractive company (a) | Government (b) | Difference (c) =(a - b) | Extractive company (d) | Government € | Difference (f) = (d-e) | Extractive company (g) = (a+d) | Government (h) = (b+e) | Difference (i) = (g-h) |
| 1 | Great Genesis Gems Co; Ltd. | 14,916,676,411 | 21,098,640,417 | (6,181,964,006) | - | (6,158,550,026) | 6,158,550,026 | 14,916,676,411 | 14,940,090,391 | (23,413,980) |
| 2 | Sein Lom Taung Tan Gems Ltd. | 13,161,379,656 | 20,333,269,021 | (7,171,889,365) | 1,219,501,489 | (5,947,344,826) | 7,166,846,315 | 14,380,881,145 | 14,385,924,195 | (5,043,050) |
| 3 | Wai Aung Gabar Gems Co; Ltd. | 11,968,903,983 | 16,287,964,921 | (4,319,060,937) | 23,477,400 | (3,946,895,503) | 3,970,372,903 | 11,992,381,383 | 12,341,069,418 | (348,688,035) |
| 4 | Ayar Jade Co; Ltd. | 10,913,025,729 | 14,997,043,690 | (4,084,017,961) | - | (3,490,269,064) | 3,490,269,064 | 10,913,025,729 | 11,506,774,626 | (593,748,897) |
| 5 | Shwe Pyi Tha Gems Trading & Faceting | 9,836,101,552 | 9,967,597,106 | (131,495,554) | 131,495,554 | - | 131,495,554 | 9,967,597,106 | 9,967,597,106 | - |
| ၃ | မန်းရေနံမြေ | ၅၀၀ | ၄၁.၂၀ | ၄၀.၇၀ | ၂၃၅.၀၆ | ၀ | ၃၁၆.၉၇ | ၁၈၃.၀၃ |
| ၄ | ပြည်ရေနံမြေ | ၄၇၂.၃၇ | ၆၄.၁၁ | ၃၇.၉၀ | ၁၅.၉၆ | ၀ | ၁၁၇.၉၇ | ၃၅၄.၄၀ |
| ၅ | မြန်အောင်ရေနံမြေ | ၄၇၂.၃၇ | ၃၄.၀၁ | ၂၁.၂၇ | ၁၃၀.၃၃ | ၀.၁၉ | ၁၈၅.၈၀ | ၂၈၆.၅၇ |
| ၆ | ထောက်ရှာပင်/ကမ်းနီ ရေနံမြေ | ၆၈၂.၃၁ | ၂၁၂.၅၇ | ၂၇.၆၃ | ၇၀.၇၀ | ၀ | ၃၁၀.၉၁ | ၃၇၁.၄၀ |
| ၇ | ကျောက်ကွက်၊လက်ပံတို၊ အရာတော်ရေနံမြေ | ၇၈၇.၂၈ | ၁၇၄.၁၆ | ၁၉.၈၈ | ၁၃၇.၇၂ | ၀.၁၁ | ၃၃၁.၈၇ | ၄၅၅.၄၁ |
| ၈ | ရွှေပြည်သာရေနံမြေ | ၄၇၂.၃၇ | ၃၅.၇၁ | ၂၁.၃၈ | ၄၄.၉၂ | ၀.၀၈ | ၁၀၂.၀၉ | ၃၇၀.၂၈ |
| ၉ | ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ | ၄၁၉.၈၈ | ၁၆၀.၃၂ | ၇.၃၅ | ၁၁၀.၈၂ | ၀ | ၂၇၈.၄၉ | ၁၄၁.၃၉ |
| ၁၀ | အဖျောက်သဘာဝဓာတ်ငွေ့မြေ | ၄၁၉.၈၈ | ၅၁.၂၈ | ၃၀.၁၄ | ၅၅.၆၅ | ၀ | ၁၃၇.၀၆ | ၂၈၂.၈၂ |
| ၁၁ | သာကြီးတောင် – စံပယ်ရေနံမြေ | ၄၇၂.၃၄ | ၆၅.၈၁ | ၀ | ၄၉.၀၇ | ၀.၀၇ | ၁၁၄.၉၅ | ၃၅၇.၃၈ |
| ၁၂ | ထန်းကိုင်ရေနံမြေ | ၄၁၉.၈၈ | ၁၀၀.၃၅ | ၆.၁၉ | ၂၈.၉၀ | ၀ | ၁၃၅.၄၄ | ၂၈၄.၃၇ |
| ၁၃ | ပိုက်လိုင်း | ၁၄၆၉.၅၉ | ၂၄၁.၇၃ | ၆၃.၈၀ | ၁၄၆.၂၃ | ၀.၀၁ | ၄၅၁.၇၇ | ၁၀၁၇.၈၂ |
| ၁၄ | သာကေတ | ၄၁၉.၈၁ | ၀ | ၀ | ၀ | ၀ | ၀ | ၄၁၉.၈၈ |
| ၁၅ | စီအင်ဂျီ(ရန်ကုန် + မန္တလေး) | ၆၂၉.၈၂ | ၀ | ၀ | ၁၆၉.၀၃ | ၀ | ၁၆၉.၀၃ | ၄၆၀.၈၀ |
| ၁၆ | ဌာနချုပ် | ၁၇၄.၆၇ | ၀ | ၀ | ၃.၇၈ | ၀.၈၄ | ၄.၆၂ | ၁၇၀.၀၅ |
| ၁၇ | ရှာဖွေရေး | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | (က) ရှာဖွေရေး | ၁၂၅၉.၆၄ | ၁၅၅.၆၃ | ၃၂.၃၁ | ၂၁၁.၄၈ | ၀ | ၃၉၉.၄၂ | ၈၆၀.၂၃ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | (၁) လက်တွေ့သုတေသန | ၀ | ၀ | ၂၃.၄၆ | ၀ | ၀ | ၂၃.၄၆ | –၂၃.၄၆ |
| | (၂) ဘူမိဗေဒ | ၀ | ၀ | ၀ | ၄၀.၉၀ | ၀ | ၄၀.၉၀ | ၀ |
| | (၃) ရေနံရှာဖွေရေးအဖွဲ့ (၁) | ၀ | ၉၆.၈၆ | ၂.၀၀ | ၅.၇၁ | ၀ | ၁၀၄.၅၇ | –၁၀၄.၅၇ |
| | (၄) ရေနံရှာဖွေရေးအဖွဲ့ (၂) | ၀ | ၄၂.၆၁ | ၅.၆၁ | ၂၄.၂၄ | ၀ | ၇၂.၄၅ | –၇၂.၄၅ |
| | (၅) ရေနံရှာဖွေရေးအဖွဲ့ (၃) | ၀ | ၃.၅ | ၁.၂၅ | ၁.၃ | ၀ | ၆.၀၅ | –၆.၀၅ |
| | (၆) ရေနံရှာဖွေရေးအဖွဲ့ (၄) | ၀ | ၁၂.၆၆ | ၀ | ၁၃၉.၃၃ | ၀ | ၁၅၁.၉၉ | –၁၅၁.၉၉ |
| | (ခ) အစမ်းတွင်းရေနံမြေ | ၅၇၇.၃၈ | ၁၉၂.၆၂ | ၁၆.၈၇ | ၁၂၁.၈၆ | ၀ | ၃၃၁.၃၅ | ၂၄၆.၀၃ |
| | (၁) ပထိုးလုံးအစမ်းတွင်းရေနံမြေ | ၀ | ၇၇.၇၈ | ၄.၇၉ | ၇၇.၉၅ | ၀ | ၁၆၀.၅၂ | ၀ |
| | (၂) ညောင်တုန်းအစမ်းတွင်း ရေနံမြေ | ၀ | ၁၈.၃၉ | ၈.၂၂ | ၀ | ၀ | ၂၆.၆၁ | ၀ |
| | (၃) မြင်ကကုန်းအစမ်းတွင်း ရေနံမြေ | ၀ | ၀.၂၈ | ၃.၈၅ | ၀ | ၀ | ၄.၁၃ | ၀ |
| | (၄) မအူပင် (တောင်) အစမ်းတွင်း ရေနံမြေ | ၀ | ၉၆.၁၈ | ၀ | ၄၃.၉၁ | ၀ | ၁၄၀.၀၉ | ၀ |
| | စုစုပေါင်း | ၁၀၄၉၆.၆၈ | ၁၆၃၀.၉၆ | ၃၈၆.၃၉ | ၁၉၃၆.၃၈ | ၁.၃၀ | ၃၉၅၅.၀၂ | ၆၅၄၁.၉၆ |

# ၄.၈ ကြွေးမြီနှင့် ကြွေးမြီအာမခံများ

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် အစိုးရဌာနများအား ကြွေးမြီ နှင့် သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအပေါ်ပေးထားသော ကြွေးမြီအာမခံချက်များအား ထုတ်ဖော်ပေးရန်တင်ပြခဲ့ပါသည်။ စီမံဘဏ္ဍာဝန်ကြီးဌာနအောက်ရှိ ငွေတိုက်ဦးစီးဌာနမှ အောက်ပါအချက်အလက်များများအားထုတ်ဖော်တင်ပြလာပါသည်။

**ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ**

| ရရှိသည့်အဖွဲ့အစည်းများ (ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ) | သဘောတူထားသည့်အချက်များ | | | | | | |
|---|---|---|---|---|---|---|---|
| | လက်မှတ်ရေးထိုးသည့်ရက်စွဲ | ကာလ | အတိုးနှုန်း | ငွေကြေးအမျိုးအစား | စုစုပေါင်းကြွေးမြီ | ၂၀၁၆ ခုနှစ်မတ်လအထိ-လက်ကျန်ကြွေးမြီ | ယင်းနှစ်အတွင်းကြွေးမြီပြန်ဆပ်သည့်ပမာဏ |
| မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | | | | | | | |
| တရုတ်ချေးငွေ | | | | အမေရိကန်ဒေါ်လာ | ၈၀.၅၅ | ၅၂.၃၃ | |
| | | | | ယူရို | ၆၃၈.၃၆ | ၅၈၀.၃၃ | |
| | | | | တရုတ်ယွမ် | ၇၃၅၈.၄၁ | ၅၄၈၁.၄၉ | |
| (က) ရေနံတူးစင်၊ရေနံမြေသုံးကိရိယာများနှင့်လုပ်ငန်းသုံးစက်ပစ္စည်းများ | ၉/၂၇/၂၀၀၇ | ၁၅(၅) | ၃% | အမေရိကန်ဒေါ်လာ | ၈၀.၅၅ | ၅၂.၃၃ | |
| (ခ) ရတနာ-ရန်ကုန် ၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း | ၉/၂၀/၂၀၁၇ | ၂၀(၅) | ၄.၅% | ယူရို | ၁၈၅.၆၁ | ၁၇၃.၆၃ | |
| (ဂ) ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း (ရွှေဓာတ်ငွေ့စီမံကိန်း) | ၁၁/၃၀/၂၀၁၀ | ၂၀(၅) | ၄.၅% | ယူရို | ၃၃၄.၀၉ | ၃၂၃.၃၂ | |
| (ဃ) ကုန်းတွင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်း (ရေဓာတ်ငွေ့စီမံကိန်း) | ၁၁/၃၀/၂၀၁၀ | ၂၀(၅) | ၄.၅% | ယူရို | ၁၁၈.၆၆ | ၈၃.၃၈ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| (င) ရန်ကုန်ပိုက်လိုင်းစီမံကိန်း | ၁၁/၁၀/၂၀၁၀ | ၂၀(၅) | ၄.၅% | တရုတ်ယွမ် | ၇၃၅၈.၄၁ | ၅၄၈၁.၄၉ | |
| (၂) အိန္ဒိယချေးငွေ | | | | အမေရိကန်ဒေါ်လာ | ၇ | ၀.၉၂ | |
| (က) ရန်ကုန် –ညောင်တုန်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း | ၁၀/၂၄/၂၀၀၃ | ၁၄(၅) | ၁.၂၂% | အမေရိကန်ဒေါ်လာ | ၇ | ၀.၉၂ | |
| (၃) ထိုင်းချေးငွေ | | | | ထိုင်းဘတ် | ၆၆.၄၄ | ၂.၈၅ | |
| တူးဖော်ရေးပြုပြင်ထိန်းသိမ်းရန် ကိရိယာနှင့်စက်ပစ္စည်းများဝယ်ယူမှု | ၆/၂၅/၂၀၀၄ | ၁၂(၅) | ၃% | ထိုင်းဘတ် | ၆၆.၄၄ | ၄.၆၀ | |
| (၄) ဂျပန်ချေးငွေ | | | | ဂျပန်ယန်း | ၁၇၀၀၀.၅၈ | ၁၁၈၈၀.၂၈ | |
| (က) ကမ်းလွန်ရေနံရှာဖွေရေးနှင့် ရေနံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MY-CI, JICA) | ၁/၁၅/၂၀၀၃ | ၄၀(၁၀) | ၀.၀၁% | ဂျပန်ယန်း | ၁၁၆၂၉.၇၃ | ၁၁၆၂၃.၈၈ | |
| (ခ) ရေနံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း | ၁၀/၁၀/၁၉၉၄ | ၁၅(၀) | ၁% | ဂျပန်ယန်း | ၅၁၇၀.၈၆ | ၂၅၆.၄၀ | |
| စုစုပေါင်း | | | | အမေရိကန်ဒေါ်လာ | ၈၀.၅၅ | ၅၂.၁၃ | |
| | | | | ယူရို | ၆၁၈.၁၆ | ၅၈၀.၁၃ | |
| | | | | တရုတ်ယွမ် | ၇၃၅၈.၄၁ | ၅၄၈၁.၄၉ | |
| | | | | ထိုင်းဘတ် | ၆၆.၄၄ | ၄.၆၀ | |
| | | | | ဂျပန်ယန်း | ၁၇၀၀၀.၅၈ | ၁၁၈၈၀.၂၈ | |

**<u>အခြားတွင်းထွက်ပစ္စည်းများ</u>**

| ရရှိသည့်အဖွဲ့အစည်းများ (သတ္တုတူးဖော်ရေးကဏ္ဍတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ) | သဘောတူထားသည့်အချက်များ | | | | | | |
|---|---|---|---|---|---|---|---|
| | လက်မှတ်ရေးထိုးသည့်ရက်စွဲ | ကာလ | အတိုးနှုန်း | ငွေကြေးအမျိုးအစား | စုစုပေါင်းကြွေးမြီ | ၂၀၁၆ခုနှစ် မတ်လအထိ ကြွေးမြီလက်ကျန် | ယင်းနှစ်အတွင်း ကြွေးမြီပြန်ဆပ်သည့်ပမာဏ |
| (၁) အမှတ်(၃) သတ္တုတွင်းလုပ်ငန်း | | | | | | | |
| (က) ဂျပန်ချေးငွေ | | | | | | | |
| (ခ) သံမဏိစက်ရုံပြင်ဆင်မှု (MY-CI,JICA) | ၁/၁၅/၂၀၁၃ | ၄၀(၁၀) | ၀.၀၁% | ဂျပန်ယန်း | ၃၀၅၁.၀၈၆ | ၃၀၄၉.၅၅၂ | |
| စုစုပေါင်း | | | | ဂျပန်ယန်း | ၃၀၅၁.၀၈၆ | ၃၀၄၉.၅၅၂ | |

ထိုချေးငွေများသည် ငွေသားစီးဆင်းမှုကောင်းမွန်သေချာပြီး တူးဖော်ရေးစာချုပ်ဖြင့် ရှယ်ယာထည့်ဝင်မှုမရှိသော လုပ်ငန်းများအတွက် ချထားပေးခြင်းဖြစ်သည်ဟု မိမိတို့နားလည်သိရှိရပါသည်။ ထိုလုပ်ငန်းများသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ကန်ထရိုက်တာတို့မှ ရှယ်ယာပိုင်ဆိုင်မှုကြွေးမြီ သဘောတူစာချုပ်များ ချုပ်ဆိုပြီးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသဘောတူညီချက်များသည် အများပြည်သူတို့ထုတ်ပြန်ခြင်းမရှိသည့်အတွက် မည်ကဲ့သို့ခွဲဝေမှုများနှင့် ဆောင်ရွက်လျက်ရှိသည်ကို ရှင်းလင်းစွာမသိရပေ။

## ၆.၉ အခြေခံအဆောက်အဦများတည်ဆောက်ပေးမှုများနှင့် ကုန်ပစ္စည်းဖလှယ်မှုအစီအစဉ်များ

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် အစိုးရဌာနများအား ကြွေးမြီနှင့် သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၏ အခြေခံအဆောက်အဦများတည်ဆောက်ပေးမှုများနှင့် ကုန်ပစ္စည်းဖလှယ်မှုအစီအစဉ်များအား ထုတ်ဖော်ပေးရန် တင်ပြတောင်းဆိုခဲ့ပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် အစိုးရဌာနများအားလုံး ထိုအချက်အလက်များအား ထုတ်ဖော်ခဲ့ခြင်းမရှိပေ။

# ၇။ အကြံပြုချက်များ

အောက်ပါ အကြံပြုချက်များသည် ၂၀၁၄-၂၀၁၅ခုနှစ် EITI အစီရင်ခံစာအတွက် လုပ်ငန်းနယ်ပယ် သတ်မှတ်ခြင်းနှင့် စာရင်းများတိုက်ဆိုင်စစ်ဆေးသည့် အဆင့်များတွင် မှတ်သားထားသည့် တွေ့ရှိချက်များနှင့် အားနည်းချက်များအပေါ် အခြေခံ၍ အကြံပြုထားပါသည်။ တချိန်တည်းမှာပင် မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများစွာကို အကောင်အထည် ဖော်ဆောင်ထားခဲ့ပြီးဖြစ်ရာ အချို့သော ပြုပြင်ပြောင်းလဲမှုများသည် အောက်တွင် အသေးစိတ်ဖော်ပြထားသည့် အကြံပြုချက်များကိုပါလွှမ်းခြုံထားနိုင်ပါသည်။ အကောင်အထည်ဖော်ဆောင်ထားပြီးသားနှင့် လက်ရှိ ဆောင်ရွက်ဆဲ ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ဤအစီရင်ခံစာ၏ အပိုင်း(၃.၄.၂)တွင် ဖော်ပြထားပါသည်။ ထို့ကြောင့် အောက်ပါအကြံပြုချက်များကို လက်ရှိအကောင်အထည် ဖော်ဆောင်နေသည့် အမျိုးမျိုးသော ပြုပြင်ပြောင်းလဲမှုများနှင့် အတူယှဉ်တွဲ၍ ထည့်သွင်း စဉ်းစားရပေမည်။

## ၇.၁။ သယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှ ရရှိသော အခွန်ဘဏ္ဍာငွေများကို စီမံအုပ်ချုပ်ခြင်း

### ၇.၁.၁။ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဌာနတွင်း စွမ်းဆောင်ရည်ကို တိုးတက်အောင် မြှင့်တင်ပေးရန်

မြန်မာနိုင်ငံတွင် မြောက်များစွာသောသတ္တုနှင့် သဘာဝသယံဇာတ အရင်းအမြစ်များရှိပြီး ယင်းတို့ကို အမြောက်အများ ထုတ်ယူသုံးစွဲနေပါသည်။ သို့သော် ယင်းအရင်းအမြစ်များမှ ရရှိသောအခွန်ငွေမှာ ၂၀၁၅-၂၀၁၆ခုနှစ်တွင် စုစုပေါင်းအခွန်ငွေ၏ ၁၇.၈% ခန့်သာရှိပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ ခန့်မှန်းချက်အရ ယင်းအခွန်ငွေမှာ ၂၀၁၁-၂၀၁၂ခုနှစ်တွင် စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး(GDP)၏ ၄% ရှိပြီး ယင်းပမာဏမှာဒေသတွင်း ပျမ်းမျှရာခိုင်နှုန်းထက် အလွန်နိမ့်နေပြီး ထိုရလွယ်သောနိုင်ငံများ၏ ပျမ်းမျှဖြစ်သော ၂၂% အောက်ပင်ရောက်လျက်ရှိပါသည်။

သယံဇာတများမှရရှိရန် အလားအလာရှိသော အခွန်ငွေများ ဆုံးရှုံးရသည့် အကြောင်းရင်းများ မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- ပြည်တွင်းအခွန်များဦးစီးဌာန(IRD)တွင် သယံဇာတနှင့် အခြားတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ ရရှိသော အခွန်ငွေများ စည်းကြပ်ကောက်ခံမှုဆိုင်ရာ စွမ်းဆောင်ရည်များ အားနည်းခြင်း၊
- စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် သယံဇာတနှင့် အခြားတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများမှရရှိသော အခွန်ငွေမူဝါဒများ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ခြင်း (extractive industry revenue policy analysis)နှင့် အခွန်ငွေများအား ကြိုတင်တွက်ချက်မှန်းဆခြင်း (revenue forecasting) ဆိုင်ရာ စွမ်းဆောင်ရည်များ အားနည်းခြင်း၊
- ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သတ္တုတူးဖော်ရေး လုပ်ငန်းစာချုပ်စာတမ်းများကို စည်းကမ်းလိုက်နာ ဆောင်ရွက်မှု ကိုစောင့်ကြည့်ခြင်းနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOEs) တွင် ထုတ်လုပ်မှုပမာဏများ၊ ပြည်ပတင်ပို့မှုများနှင့် ကမ္ဘာ့ဈေးနှုန်းများအား အထောက်အထားနှင့်တကွ စစ်ဆေးခြင်းဆိုင်ရာ စွမ်းဆောင်ရည်များ အားနည်းခြင်း၊
- တူးဖော်ထုတ်လုပ်ရေး စက်မှုလုပ်ငန်းများအား စီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုများ မြှင့်တင်ရန် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများဆိုင်ရာ ထိရောက်သော အုပ်ချုပ်မှုပုံစံ (effective governance structure) တစ်ရပ်မရှိခြင်း။

<u>အကြံပြုချက်</u>

ထို့ကြောင့် အောက်ပါတို့ကို အကြံပြုလိုက်ပါသည် -

- ပြည်တွင်းအခွန်များဦးစီးဌာန(ပတခ)အတွင်း၌ တူးဖော်ထုတ် လုပ်ရေး လုပ်ငန်းများဆိုင်ရာ အခွန်ဌာနခွဲ (Extractive Industries Revenue Unit) တည်ထောင်ရန်၊ ထိုဌာနခွဲတည်ထောင်ခြင်းဖြင့် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများမှ ရရှိသင့်သောအခွန်ငွေများအား ကောက်ယူနိုင်ရန် ပြည်တွင်း

အခွန်များဦးစီးဌာန၏ ဌာနတွင်းစွမ်းဆောင်ရည် ပိုမိုကောင်းမွန်အောင် တိုးမြှင့်ပေးလိမ့်မည်။

● အခွန်စာရင်း စစ်ဆေးခြင်း (tax audit)၊ စွန့်စားမှု (ဆုံးရှုံးနိုင်ခြေ)ကို အခြေပြုသည့် အခွန်စာရင်းစစ်ဆေးခြင်းများ (risk-based tax audits)၊ အချက်အလက်များဖလှယ်ခြင်း (data exchange)နှင့် လွှဲပြောင်းဈေးနှုန်းများ (transfer pricing)စသည့် နယ်ပယ်များကို လွှမ်းခြုံစေမည့် လေ့ကျင့်ရေးနှင့် သင်တန်းလိုအပ်ချက်များကို လေ့လာဆန်းစစ်ဖော်ထုတ်ရန်။

● တူးဖော်ထုတ်လုပ်ရေး စက်မှုကဏ္ဍအခွန်ငွေများကို ကြီးကြပ်ရန်အတွက် ဆန်းစစ်ခြင်းနှင့် စာရင်းစစ်ဆေးခြင်း မဟာဗျူဟာ တစ်ရပ်အပါအဝင် လုပ်ထုံးလုပ်နည်းများနှင့် စနစ်များတည်ဆောက်ခြင်း။

● အခွန်ကောက်ယူမှုအတွက် ရည်ရွယ်ပြီး တွင်းထွက်ကဏ္ဍအတွင်းရှိ ကုမ္ပဏီများနှင့် အခြားအဖွဲ့အစည်းများအားလုံး၏ အချက်အလက်အခြေပြုစနစ် (Database) တည်ဆောက်ခြင်း။

● သုတေသနပြုခြင်းနှင့် မူဝါဒဆိုင်ရာ စာရွက်စာတမ်းများ ပြုစုခြင်း လုပ်ငန်းများ တာဝန်ယူလုပ်ဆောင်ရန်အတွက် သုတေသနအဖွဲ့တစ်ခု တည်ထောင်ခြင်း။

● သယံဇာတ အခွန်ကောက်ခံမှု စနစ်များ ဟန်ချက်ညီအောင် ဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာရေးစည်းမျဉ်းများ ပေါင်းစည်းခြင်း (Harmonisation of Mineral Taxation Regimes and the consolidation of fiscal regulations) ကို လေ့လာမှုတစ်ရပ် ပြုလုပ်ခြင်း။

## ပြည်တွင်းအခွန်များဦးစီးဌာန (ပတခ)၏ မှတ်ချက်များ

EITI အစီရင်ခံစာပါ အကြောင်းပြချက်များမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် မှန်ကန်သော်လည်း၊ ဖြစ်စဉ်တစ်ရပ်လုံးကို ကိုယ်စားပြုခြင်းမရှိပါ။ အရေးအကြီးဆုံးသော အခြေခံဥပဒေတစ်ရပ်မှာ အစိုးရအနေဖြင့် သယံဇာတတူးဖော်ထုတ်လုပ်ရေးနှင့် ပတ်သက်သည့်အချက်အလက်များ စုဆောင်းကောက်ယူခြင်း၊ လုပ်ငန်း/စာရင်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာဥပဒေများကို ကျင့်သုံး၍ အရေးယူခြင်းတို့ကို ဆောင်ရွက်နိုင်စွမ်းရှိရပါမည်။ ထိုသို့သော စွမ်းဆောင်ရည်မျိုး မရှိထားပါက၊ အခွန်ကောက်ခံသည့်ဌာနများအနေဖြင့် သက်ဆိုင်ရာ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှရရှိသင့်သည့် အခွန်ပမာဏကို ကောက်ခံရန် အလွန်ပင် ခက်ခဲပါလိမ့်မည်။ ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍတွင်မူ အစိုးရ၌ ထိုသို့သော စွမ်းဆောင်ရည်ကောင်းများ ရှိထားပါသည်။ သတ္တု၊ ကျောက်မျက်နှင့် သစ်တောသယံဇာတများ အတွက်မူ ထိုစွမ်းဆောင်ရည် အားနည်းပြီး၊ အထူးသဖြင့် သယံဇာတများစွာ ထွက်ရှိသည့် နယ်စပ်ဒေသများတွင် အစိုးရ၏ အရေးယူနိုင်စွမ်းမှာ အလွန်နည်းပါးသည်။

သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးအတွက်၊ အခွန်ဦးစီးဌာနတွင် မြင့်မားသော စွမ်းဆောင်ရည်ရှိထားရန် လိုအပ်သကဲ့သို့၊ ထိုလုပ်ငန်းများ တည်ရှိသည့်နေရာများတွင်လည်း ဥပဒေသက်ရောက်မှု၊ အရေးယူမှုများ ဆောင်ရွက်နိုင်စွမ်းရှိရန် လိုအပ်ပါသည်။ နောက်ထပ် အရေးကြီးသော အချက်တစ်ချက်မှာ သက်ဆိုင်ရာ အစိုးရဌာနများအချင်းချင်း သတင်းအချက်အလက် မျှဝေမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ များစွာလိုအပ်နေခြင်းဖြစ်သည်။ လက်ရှိ သတင်းအချက်အလက်မျှဝေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများမှာ စိတ်ကျေနပ်ဖွယ်အဆင့်အထိ မရောက်ရှိသေးပါ။

ပတခအနေဖြင့် အခွန်မူဝါဒနှင့် အခွန်စီမံအုပ်ချုပ်ရေးပိုင်းတွင် ဌာနတွင်း စွမ်းဆောင်ရည် အားနည်းမှုရှိသည်ကို အသိအမှတ်ပြုပါသည်။

ပတခသည် ထိုနယ်ပယ်နှစ်ခုလုံးတွင် အခြေခံပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်နေပါသည်။ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအား စီမံခန့်ခွဲရာတွင် ဌာနတွင်း စွမ်းဆောင်ရည် တည်ဆောက်ပေးနိုင်ရန်အတွက် ထိုပြုပြင်ပြောင်းလဲရေးလုပ်ငန်းများက ကူညီပေးပါလိမ့်မည်။ သို့သော် စွမ်းဆောင်ရည်တည်ဆောက်မှုများကို လျင်မြန်စွာ ဆောင်ရွက်နေသော်လည်း၊ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများအား ထိရောက်စွာ စီမံခန့်ခွဲနိုင်သည့်အဆင့်အထိ ရောက်ရှိရန်မှာ အချိန်ယူရမည် ဖြစ်ပါသည်။

## EITI နှင့်ဆက်စပ်နေသော အကြံပြုချက်များ

ပတခတွင် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအား အခွန်ကောက်ခံရေးဌာနခွဲ တစ်ခုတည်ထောင်ရန်၊ ထိုသို့ တည်ထောင် ဆောင်ရွက်ခြင်းဖြင့် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှရရှိသင့်သည့် အခွန်အကောက်များ ကောက်ခံနိုင်မည့် ဌာနတွင်း စွမ်းဆောင်ရည် တိုးတက်စေပါမည်။

ပြည်တွင်းအခွန်များဦးစီးဌာန (ပတခ)၏တုန့်ပြန်ဖြေကြားချက်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် ခေတ်မီပြီးစွမ်းဆောင်ရည် မြင့်မားသော အခွန်ဆိုင်ရာစီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်စေရေး၊ ပြုပြင်ပြောင်းလဲမှုအစီအစဉ်၏ ကနဦးဆောင်ရွက်သည့် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် (Self-Assessment System)ဖြင့် ဆောင်ရွက်သော အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးခေါ် LTO (Large Taxpayer Office) ကို ဖွင့်လှစ်ဆောင်ရွက်ရန် ၃၀.၈.၂၀၁၃ ရက်နေ့တွင် ခွင့်ပြုမိန့်ရရှိခဲ့ပြီး ၁.၄.၂၀၁၄ ရက်နေ့မှစ၍ အခွန်စည်းကြပ်ခြင်း ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင်အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ ရုံး(၁)သည်လည်း ၁.၄.၂၀၁၇ ရက်နေ့မှ စတင်၍ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်သို့ စတင်ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါ အခွန်ရုံးများသည် မြန်မာနိုင်ငံတွင် အခွန်အများဆုံး ပေးဆောင်သော အခွန်ထမ်းကြီးများဖြစ်ပါသဖြင့် တူးဖော် ရေးလုပ်ငန်းများသာမက ကုန်သွယ်မှုလုပ်ငန်းများ၊ ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း စည်းကြပ်ဆောင်ရွက်လျက် ရှိပါသည်။

တူးဖော်ထုတ်လုပ်ရေးကဏ္ဍရှိ ကုမ္ပဏီကြီးအများစုမှာ ပတခ၏ ရန်ကုန်မြို့ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (LTOရုံး)တွင် ရှိနေပါသည်။ ဤ LTO ရုံးတွင် စာရင်းစစ်အဖွဲ့ (၃)ဖွဲ့ဖွဲ့စည်းထားကာ၊ အဓိကအားဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍအတွက် စွမ်းဆောင်ရည်တည်ဆောက်ရေး သင်တန်းများပေးနေပါသည်။ ထိုသင်တန်း များကို NORADအဖွဲ့မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ လက်ရှိအနေအထားအရ ပတခတွင် တူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများအားလုံးကို စီမံခန့်ခွဲရန်ဝန်ထမ်းရင်းမြစ် အလုံအလောက်မရှိပါ။ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ စွမ်းဆောင်ရည် တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်အမျှ ရေရှည်တည်တံ့စွာ ဆောင်ရွက်သွားရန် စီစဉ်ထားပါသည်။ စွမ်းဆောင်ရည်နည်းပါးနေသော ဤအခြေအနေတွင် ဝန်ထမ်းများ၊ အကူအညီအထောက်အပံ့များအား (ကဏ္ဍများစွာသို့) ဖြန့်ကြဲဆောင်ရွက်လိုက်ခြင်းဖြင့် ရေရှည်တွင်ဆုတ်ယုတ်မှုများပင် ဖြစ်လာနိုင်သည်ဟု သုံးသပ်ပါသည်။

EITIဆိုင်ရာအကြံပြုချက်ငယ် (၁)

အခွန်စာရင်းစစ်ဆေးခြင်း၊ စွန့်စားရမှု(ဆုံးရှုံးနိုင်ခြေ) အခြေခံသည့် အခွန်စာရင်းစစ်ဆေးခြင်း (risk-based tax auditing)၊ အချက်အလက်များဖလှယ်ခြင်းနှင့် လွှဲပြောင်းဈေးနှုန်း (transferred pricing)စသည့် နယ်ပယ်များကို လွှမ်းခြုံမိစေမည့် လေ့ကျင့်ရေးနှင့် သင်တန်းလိုအပ်ချက်များကို လေ့လာဆန်းစစ်ဖော်ထုတ်ရန်။

ပြည်တွင်းအခွန်များဦးစီးဌာန(ပတခ)၏တုန့်ပြန်ဖြေကြားချက်

ပြည်တွင်းအခွန်များဦးစီးဌာနသည် မိမိတို့၏ဝန်ထမ်းများကို ရာထူးအဆင့်အလိုက် တတ်သိနားလည်စေရန် ခေတ်နှင့်လျော်ညီသော အခွန်စည်းကြပ်မှုဆိုင်ရာ သင်တန်းများကို လုပ်ငန်းခွင်အတွင်းကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေရေးအတွက် အခွန်ဆိုင်ရာစာရင်းစစ်ဆေးခြင်း၊ စွန့်စားရမှုကို အခြေခံသည့် အခွန်စာရင်းစစ်ဆေးခြင်း၊ အချက်အလက်ဖလှယ်ခြင်း၊ လွှဲပြောင်းဈေးနှုန်း၊ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး စီမံခန့်ခွဲမှုသင်တန်း၊ အခွန်နှစ်ထပ် ရှောင်ရှားရေး သဘောတူစာချုပ်များနှင့်စပ်လျဉ်း၍ သင်တန်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ အခွန်စီမံခန့်ခွဲမှု၊ အခွန်မူဝါဒနှင့် အခွန်ဆိုင်ရာအသုံးစရိတ်အလုပ်ရုံဆွေးနွေးပွဲ၊ မူဝါဒနှင့် ဆောင်ရွက်ချက်များသင်တန်း၊ နည်းပညာဆိုင်ရာ အထောက်အကူပြုသင်တန်းနှင့် ပိုမိုထိရောက်ကောင်းမွန်သည့် အခွန်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း (Integrated Tax Administration System (ITAS) သင်တန်းများကို လေ့လာသင်ယူရန် ချမှတ်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

ဤသင်တန်းများအားလုံးကို World Bank၊ OTA၊ IMFနှင့် NORAD စသော အဖွဲ့အစည်းများ၏ နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များမှ သင်ကြားပို့ချပေးထားပြီးဖြစ်ပါသည်။

အထက်ပါ သင်တန်းများကို သင်ကြားပို့ချပြီးသောအခါ ဝန်ထမ်းများသည် ယင်းသင်တန်းများမှ လေ့လာသင်ယူထားသည့် စွမ်းရည်များနှင့် ကျွမ်းကျင်မှုများကို လက်တွေ့အသုံးပြုနိုင်ပြီး တစ်ချိန်တည်းမှာပင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကိုလည်း ပိုမိုကောင်းမွန်စေပါသည်။

လေ့ကျင့်ရေးနှင့် သင်တန်းလိုအပ်ချက် ဆန်းစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အကောင်အထည် ဖော်ဆောင်ရွက်ရန်လည်း အတည်ပြုထားပြီးဖြစ်ပါသည်။ လိုအပ်ချက်ဆန်းစစ်ခြင်းလုပ်ငန်း၏ ရလဒ်တစ်ခုအဖြစ် စွန့်စားရမှု အခြေခံသည့်အခွန် စာရင်းစစ်လုပ်ငန်းများ (risk-based tax auditing work)ကို အဓိကဦးတည်

ဆောင်ရွက်ရန်လည်း သတ်မှတ်ပြီးဖြစ်ပါသည်။ NORAD အဖွဲ့မှ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများအတွက် သင်တန်းများပေးနေပြီး စာရင်းစစ်လုပ်ငန်းများကိုလည်း လက်တွေ့ဆောင်ရွက်နေပြီဖြစ်ပါသည်။ ထို့အတူပင် ကမ္ဘာ့ဘဏ်ကလည်း လွှဲပြောင်းဈေးနှုန်း (transfer pricing)ဆိုင်ရာ သင်တန်းများကို ထောက်ကူပံ့ပိုးပေးနေပါသည်။ ထိုသင်တန်းများ၏ ရည်ရွယ်ချက်မှာ စာရင်းစစ်လုပ်ငန်း ဆောင်ရွက်မည့် ဝန်ထမ်းများ၏ အရည်အချင်းနှင့် ကိုက်ညီစွာစာရင်းစစ်နိုင်ရန် (သို့မဟုတ်) ဝန်ထမ်းအရည်အချင်းကို ချဲ့ထွင်ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။

## EITI ဆိုင်ရာအကြံပြုချက်ငယ် (၂)

တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ အခွန်အကောက်များကို စီမံခန့်ခွဲ၊ ကောက်ခံနိုင်ရေးအတွက် အခွန်စည်းကြပ်မှုနှင့် အခွန်စာရင်းစစ် မဟာဗျူဟာအပါအဝင် လုပ်ထုံးလုပ်နည်းများနှင့်စနစ်များကို တည်ထောင် ဆောင်ရွက်ရန်။

## ပြည်တွင်းအခွန်များဦးစီးဌာန (ပတခ)၏ တုန့်ပြန်ဖြေကြားချက်

စာရင်းစစ် မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲထားပြီးဖြစ်ရာ၊ အထွေထွေလုပ်ငန်းများ စာရင်းစစ်ဆေးခြင်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍစာရင်း စစ်ဆေးခြင်းတို့ကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(LTO)တွင် NORAD အဖွဲ့နှင့် ပူးပေါင်း တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေသည့်အပြင် စာရင်းစစ်ဆေးခြင်းကို ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု (risk management) အရ ဆောင်ရွက်ခြင်း၊ စာရင်းစစ်လက်စွဲ (audit manual) ချမှတ်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ဤအဆင့်များအားလုံးသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (Reform Process) တွင်ပါဝင်သည့် အခန်းကဏ္ဍဖြစ်၍ ဆောင်ရွက်ဆဲဖြစ်ပါသည်။

ပတခအနေဖြင့် သယံဇာတတူးဖော်ထုတ်လုပ်ရေး ကဏ္ဍမှာ ရှုပ်ထွေးပြီး၊ စီမံခန့်ခွဲရေးအတွက် စွမ်းဆောင်ရည်မြင့်မားစွာ ရှိထားရန်လိုအပ်ကြောင်း ထပ်မံပြောကြားလိုပါသည်။ လက်ရှိအခြေအနေအရ ပတခတွင် ထိုသို့သောစွမ်းဆောင်ရည်မျိုး မရှိသေးပါ။

စာရင်းစစ်သည့် မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲထားပြီးဖြစ်ရာ အထွေထွေလုပ်ငန်းများ စာရင်းစစ်ဆေးခြင်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့စာရင်းစစ်ခြင်းတို့အတွက် လုပ်ထုံးလုပ်နည်းများကိုလည်း သတ်မှတ်ထားပြီးဖြစ်ပါသည်။ ဤအပိုင်းတွင်လည်း စွမ်းဆောင်ရည်အကန့်အသတ်များ ရှိနေခြင်းကို နားလည်ထားရန် အရေးကြီးပါသည်။ ဝန်ထမ်းတစ်ဦးချင်း၏ အရည်အချင်းကို မြှင့်တင်ရမည်ဖြစ်ပြီး၊ အလွန်ရှုပ်ထွေးသော ကဏ္ဍများနှင့် တစ်ခါတစ်ရံစတင်ပါက အချိန်နှင့်အမျှ အခက်အခဲများ ပိုမိုကြုံတွေ့ရနိုင်ပါသည်။

## EITI ဆိုင်ရာအကြံပြုချက်ငယ် (၃)

သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍတွင် အခွန်ကောက်ခံရေးအတွက် ကုမ္ပဏီများနှင့် အဖွဲ့များအားလုံး၏အချက်အလက် အခြေပြုစနစ် (Data Base)တစ်ခု တည်ထောင်ဆောင်ရွက်ရန်။

## ပြည်တွင်းအခွန်များဦးစီးဌာန (ပတခ)၏ တုန့်ပြန်ဖြေကြားချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ၂၀၂၀မှ၂၀၂၄အထိ ဆောင်ရွက်သွားမည့် အစီအစဉ်တွင် သယံဇာတတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများသာမက အခြားသော လုပ်ငန်းများအပေါ် တိကျမှန်ကန်သော ကိန်းဂဏန်းများအပေါ်အခြေခံသည့် ဘက်စုံအခွန် စီမံခန့်ခွဲရေးစနစ် (Integrated Tax Administration System - ITAS) ဖြင့် အခွန်ကောက်ခံရရှိနိုင်ရေးအတွက် အချက်အလက်စနစ် (data center) တည်ထောင်ခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Myanmar Modernization for Public Financial Management – MMPFM)အရ နေပြည်တော်နှင့် ရန်ကုန်တို့တွင် အငယ်စားအချက်အလက်စနစ်များ (mini data center)ဝယ်ယူဆောင်ရွက်ခဲ့ပြီး ယင်းအစီအစဉ်ကို ၂၀၁၉ခုနှစ် ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပတခတွင် လက်ရှိလည်ပတ်နေသောစနစ်မှာ စာရွက်စာတမ်းအခြေခံသည့်စနစ်ဖြစ်ပါသည်။ အခွန်ထမ်းကြီးဆိုင်ရာ အခွန်ရုံးတွင် ကွန်ပျူတာစနစ်ငယ်တစ်ခုဖြင့် ဆောင်ရွက်နေပြီး၊ သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍရှိ အဖွဲ့အစည်းများအားလုံးကို မှတ်တမ်းတင်ထားပါသည်။ လက်ရှိတွင် ဘက်စုံအခွန်စီမံခန့်ခွဲရေးစနစ် ခေါ် Integrated Tax Administration System (ITAS)ကို ဝယ်ယူနေဆဲဖြစ်ပါသည်။ ဤစနစ်ကို တစ်နိုင်ငံလုံးတွင် အသုံးပြုနိုင်ရန် နှစ်အနည်းငယ်ကြာမြင့်မည်ဖြစ်သော်လည်း၊ မူဝါဒရည်ရွယ်ချက်များအတွက် အချက်အ-

လက်စနစ် (data base)တစ်ခုကို ရေးဆွဲ၍အသုံးပြုနိုင်မည် ဖြစ်ပါသည်။

EITI ဆိုင်ရာအကြံပြုချက်ငယ် (၄)

သုတေသနနှင့် မူဝါဒစာတမ်းများ/ အစီရင်ခံစာများ ပြုစုနိုင်ရေး အတွက် တာဝန်ယူဆောင်ရွက်မည့် သုတေသနအဖွဲ့ (ဌာနခွဲ) တစ်ခုကို တည်ထောင်ဆောင်ရွက်ရန်။

ပြည်တွင်းအခွန်များဦးစီးဌာန (ပတခ) မှ တုန့်ပြန်ဖြေကြားချက်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီး ဌာနသည် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ခေတ်နှင့်အညီလိုက်လျောညီထွေဖြစ်စေမည့် အဓိကအခန်း ကဏ္ဍဖြစ်သော ဌာန၏ဖွဲ့စည်းပုံအား ၁၉.၆.၂၀၁၄ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၂/၂၀၁၄)အရ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ယင်း ပြင်ဆင်ဖွဲ့စည်းပုံအရ ဌာနခွဲ(၁၁)ခုတွင် အခွန်မူဝါဒနှင့် သုတေ သနဌာနခွဲအား ပါဝင်ဖွဲ့စည်းခဲ့ပါသည်။

လတ်တလောတွင် မူဝါဒဌာနခွဲတစ်ခုကို တည်ထောင်ထားပြီး ဖြစ်ပါသည်။ IMF အဖွဲ့နှင့် NORADအဖွဲ့တို့ကလည်း ထိုဌာန ခွဲတွင် သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍနှင့် ပတ်သက် သည့် စွမ်းဆောင်ရည်တည်ဆောက်ပေးရန် ကူညီပေးနေပါ သည်။ ထိုအကူအညီများတွင် သယံဇာတတူးဖော်ထုတ်လုပ် ရေးကဏ္ဍအား ထိရောက်စွာ အခွန်ကောက်ခံနိုင်မည့် ဥပဒေ အခြေခံတည်ဆောက်ရန် ဝင်ငွေခွန်ဥပဒေကို ပြန်လည် ရေးသားခြင်းနှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်းလုပ်ငန်း များပါဝင်သည်။ ဝင်ငွေခွန်ဥပဒေသစ်ကို ပြန်လည်ရေးသား ရာတွင် (လက်ရှိဝင်ငွေခွန်ဥပဒေတွင် ပါဝင်ခြင်းမရှိသေးသော) လွှဲပြောင်းဈေးနှုန်း (transfer pricing) စသည့် နိုင်ငံတကာ အခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များ ထည့်သွင်းရေးဆွဲပါထားမည်။ ဤရေရှည်လုပ်ငန်းကြောင့် အခွန်ထမ်းနှင့် ပြည်တွင်းအခွန် များဦးစီးဌာန (ပတခ) နှစ်ဦးလုံးအတွက် အချိန်နှင့်အမျှသေချာ မှုနှင့် ရှင်းလင်းတိကျမှုတို့ကို ပေးစွမ်းနိုင်ပါသည်။

EITI ဆိုင်ရာအကြံပြုချက်ငယ် (၅)

တွင်းထွက်သတ္တုများအား အခွန်ကောက်ခံခြင်းကို ဟန်ချက်ညီ ဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းများကို စုစည်း ဆောင်ရွက်နိုင်ရေးအတွက် လေ့လာဆန်းစစ်မှုတစ်ရပ် ပြုလုပ် ရန်။

ပြည်တွင်းအခွန်များဦးစီးဌာန (ပတခ) ၏ တုန့်ပြန်ဖြေကြားချက်

လက်ရှိ ရေးဆွဲနေသည့် ဝင်ငွေခွန်ဥပဒေသစ်တွင် သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများအတွက် သီးသန့်စနစ် တစ်ခုကို မူကြမ်းရေးဆွဲလျက်ရှိပါသည်။ ယင်းဥပဒေသစ် ထုတ်ပြန်ပြီးပါက သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ အတွက်ပို၍ အကျိုးသက်ရောက်ကာ ပိုမိုထိရောက်လာမည် ဖြစ်ပါသည်။

## ၇.၁.၂။ သယံဇာတထုတ်ယူရေး လုပ်ငန်းများကို မှတ်သားဆောင်ရွက်နိုင်ရေးအတွက် အစိုးရဌာနများ အားလုံး အသုံးပြုသော သီးခြားအခွန်ထမ်းမှတ်ပုံတင် အမှတ် (Taxpayer Identification Number - TIN) မရှိခြင်း

နယ်ပယ်လေ့လာသတ်မှတ်သောအဆင့်တွင် လျှပ်စစ်နှင့်စွမ်း အင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနမှရရှိသော ဝင်ငွေကြေညာလွှာများ တွင် ကုမ္ပဏီလုပ်ငန်းတစ်ခုချင်း၏ သီးခြားအခွန်ထမ်း မှတ်ပုံတင်အမှတ် မရှိကြောင်းမှာမှတ်သားမိပါသည်။ အချို့ ကုမ္ပဏီများ၏ အမည်စာလုံးပေါင်းများမှာ အစိုးရဌာနတစ်ခုနှင့် တစ်ခု စာလုံးပေါင်းသတ်ပုံခြင်း မတူညီကြချေ။ ယင်းခြားနား ချက်များသည် ထိုဝင်ငွေကြေညာလွှာများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆို ရခြင်းကြောင့် ဖြစ်ပေါ်နိုင်ပါ သည်။

ယင်းအပြင် ပတခနှင့်အကောက်ခွန်ဦးစီးဌာနတို့သည် တူးဖော် ထုတ်လုပ်ရေး ကုမ္ပဏီများအားလုံး အပြည့်အစုံပါဝင်သော စာရင်းပြုစုထားကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တုတူး ဖော်ရေး ကုမ္ပဏီများ၏ သီးခြားမှတ်ပုံတင်အမှတ်များကိုလည်း ပြုစုထားခြင်းမရှိကြောင်း သိရှိရပါသည်။

ဤအခြေအနေကြောင့် အောက်ပါတို့ ဖြစ်ပေါ်လာခဲ့ပါသည် -

- ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီး ဌာနတို့သည် လုပ်ငန်းအမည်များကို ကုမ္ပဏီအမည်ကိုသာ အခြေခံ၍ မှတ်တမ်းတင်ထားသဖြင့် အခွန်ကြေညာလွှာစာရင်း ပြည့်စုံမှုရှိရေးနှင့်စပ်လျဉ်း၍ အလွန်အမင်းစွန့်စားမှုယူနေပါ သည်။

- ယင်းအမည်များကို မှတ်တမ်းတင်ရာတွင် စာလုံးပေါင်းမတူညီမှုများကြောင့် ကိန်းဂဏန်းပိုင်းဖြတ်မှုခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းဆောင်ရွက်ရန် သက်ဆိုင်ရာကုမ္ပဏီတစ်ခုချင်းပေးဆောင်ထားသော စုစုပေါင်းအခွန်ထမ်းငွေပမာဏအပေါ်အခြေခံ၍ ဤအစိုးရဌာနများမှ ရရှိသော ဝင်ငွေကြေညာလွှာများကို ပေါင်းစည်းရန်မလုပ်နိုင်ပေ။ ကိန်းဂဏန်းပိုင်းဖြတ်မှုခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းကို အချက်အလက်များ အားလုံးစုပေါင်းတွက်ချက်ခြင်းမရှိဘဲ အစိုးရဌာနတစ်ခုချင်းအတွက်သီးခြား ဆောင်ရွက်ခဲ့ပါသည်။

- ပတခနှင့် အကောက်ခွန်ဦးစီးဌာနတို့သည် တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ ပေးအပ်ခဲ့ သော ပေးချေမှုအချို့ကို မှတ်တမ်းတင်နိုင်ခြင်းမရှိသဖြင့် ၎င်းတို့၏ အစီရင်ခံစာအတွက်အချက်အလက်ပေးပို့သည့် စာပုံစံများနှင့်ကုမ္ပဏီများ၏ အစီရင်ခံစာအတွက် အချက်အလက်ပေးပို့သည့် စာပုံစံများအကြားကွာခြားချက်များ ရှိလာပါသည်။ ဤကွာခြားချက်များကို စာရင်းတိုက်ဆိုင်စစ်ဆေးမှုအဆင့်တွင် ဖော်ထုတ်သိရှိခဲ့ပါသည်။

<u>အကြံပြုချက်</u>

ထို့ကြောင့် အစိုးရဌာနအားလုံးအနေဖြင့် ကုမ္ပဏီများမှာ ရရှိသော ငွေပေးချေမှုများကို မှတ်တမ်းပြုထားနိုင်ရန် သီးခြားအခွန်ထမ်းအမှတ် TIN တစ်ခုသာအသုံးပြုရန် အကြံပြုလိုက်ပါသည်။ လက်ရှိကုမ္ပဏီများ၏ အခြေအနေကို ဖြေရှင်းနိုင်ရန်အစိုးရဌာနများသည် ဆက်လက်၍နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

ကုမ္ပဏီအသစ်များနှင့်စပ်လျဉ်း၍ ၎င်းတို့ကုမ္ပဏီ စတင်တည်ထောင်လိုက်သည်နှင့် တစ်ပြိုင်နက် TINအမှတ်များချမှတ်ပေးထားသင့်ပါသည်။ TINအမှတ်များကို သက်ဆိုင်ရာအစိုးရဌာနများအားလုံးသို့ ဖြန့်ဝေပေးထားသင့်ပြီး ကုမ္ပဏီတိုင်းမှ ထိုနံပါတ်ကို ကိုးကားခြင်းအားဖြင့် ကုမ္ပဏီများအကြား မည် သည့်မရေရာ၊ မကွဲပြားခြင်းကိုမဆို ရှောင်ရှားနိုင်ပေမည်။

<u>ပြည်တွင်းအခွန်များဦးစီးဌာန(ပတခ)၏ မှတ်ချက်များ</u>

ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတွင် အသေးစားကွန်ပျူတာစနစ်တစ်ခုဖြင့် အခွန်ထမ်းများအား သီးခြားအခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN)ချမှတ်အသုံးပြုဆောင်ရွက်လျက်ရှိပြီး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတွင်လည်း တစ်ဆင့်ပြီးတစ်ဆင့်တိုးချဲ့ကာ အဆိုပါရုံးများရှိအခွန်ထမ်းများအား TINနံပါတ်ချမှတ်အသုံးပြု ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန တစ်ခုလုံးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နည်းပညာအခြေပြုအခွန်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်သစ်တစ်ရပ်ကို ၂၀၁၉ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် စတင်ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများသာမက ပတခ(IRD)နှင့် ဆက်စပ်နေသည့် အခြားသော အစိုးရဌာနများသည်လည်း ပတခမှအသုံးပြုသော TINနံပါတ်ကို အသုံးပြုသင့်ပါသည်။

သီးခြားအခွန်ထမ်းမှတ်ပုံတင်အမှတ်(TINနံပါတ်)တစ်ခုတည်းကိုသာ အသုံးပြုရန်နှင့် ထိုသို့အသုံးပြုသည့် ကွန်ပျူတာနည်းပညာစနစ်ကို တည်ဆောက်ရန်အတွက် ကွန်ပျူတာသတင်းနည်းပညာနှင့် ကွန်ရက်စနစ်ကို တည်ထောင်ရန် လိုအပ်သလိုနိုင်ငံတကာတွင် အသုံးပြုသော စံချိန်စံညွှန်းအရ ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၇.၁.၃။ သယံဇာတတူးဖော်ထုတ်လုပ်ရေးမှ ရရှိသည့် ဝင်ငွေများအတွက် သယံဇာတအခွန်ဘဏ္ဍာငွေ မျှဝေပေးသည့်စနစ်တစ်ခု တည်ထောင်ရေး စဉ်းစားရန်။

မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းအားလုံးနီးပါးတွင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုမှဘဏ္ဍာငွေများရရှိပြီး အကြီးမားဆုံးသော ကုန်းတွင်းသယံဇာတ အကျိုးအမြတ်များသည် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်ရှိပါသည်။ ဤဒေသများနှင့် အခြားဒေသများတွင် သယံဇာတတူးဖော်ထုတ်ယူမှုလုပ်ငန်းများကြောင့် ဒေသခံများ၏ အသက်မွေးဝမ်းကြောင်းနှင့် ဒေသန္တရပတ်ဝန်းကျင်ကို ဆိုးဝါးစွာ ထိခိုက်ပျက်စီးလျက်ရှိသည်။

သယံဇာတ တူးဖော်ထုတ်ယူရေး ကုမ္ပဏီများမှ ကောက်ခံရရှိသည့် အခွန်အခများကို နိုင်ငံတော်ဘဏ္ဍာငွေစာရင်းထဲသို့ ထည့်သွင်းပြီးနောက် တစ်နိုင်ငံလုံးရှိ အသုံးစရိတ်များနှင့် စီမံကိန်းများတွင် ပြန်လည်သုံးစွဲရန် စီစဉ်ထားပါသည်။ သတ္တုတူးဖော်ရေး ကုမ္ပဏီများထံမှ ကောက်ခံရရှိသည့် အခွန်ဘဏ္ဍာငွေများကို တိကျသေချာစွာခွဲဝေချပေးသော သတ်မှတ်ထားသည့် စီမံကိန်းများဟူ၍ မရှိပေ။

အကြံပြုချက်

ဒေသခံများသည် သယံဇာတထုတ်ယူမှုလုပ်ငန်းများ၏ အကျိုးဆက်ကိုတိုက်ရိုက်ခံစားရသူများဖြစ်သဖြင့် အစိုးရသည် သယံဇာတတူးဖော်ထုတ်ယူရေး ကုမ္ပဏီများမှရရှိသည့်အခွန်ဘဏ္ဍာငွေများမှ အထူးရန်ပုံငွေတစ်ရပ် (သို့မဟုတ်) ဘဏ္ဍာငွေခွဲဝေမှုယန္တရားထူထောင်ခြင်းမှတစ်ဆင့် ထိုဘဏ္ဍာငွေများကို အောက်ပါအတိုင်း အကျိုးပြုမည့် စီမံကိန်းများအတွက် ရန်ပုံငွေများ ခွဲဝေပေးနိုင်သည် -

- သယံဇာတတူးဖော်ထုတ်ယူသည့် လုပ်ငန်းများကြောင့် ထိခိုက်သည့် ဒေသခံများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေး၊
- အကြမ်းဖက်သော ပဋိပက္ခများလျှော့ချရန် (သို့မဟုတ်) တားဆီးကာကွယ်ရန်၊
- ဒေသခံများ၏ ပိုင်ဆိုင်မှုဟူသော အတွေးအမြင်များအပေါ် အခြေခံသည့်ဒေသခံများ၏ အကျိုးအမြတ်ရရေး တောင်းဆိုမှုများကို တုန့်ပြန်ဖြေကြားခြင်းရန်နှင့်
- သယံဇာတကြွယ်ဝသောဒေသများနှင့် သယံဇာတမကြွယ်ဝသော ဒေသများအတွင်း ဒေသဝင်ငွေညီမျှမှုရှိအောင် မြှင့်တင်လုပ်ဆောင်ရန်။

ပွင့်လင်းမြင်သာမှုနှင့် ထိရောက်မှုပိုရှိရေးအတွက် ဘဏ္ဍာငွေခွဲဝေသည့်စနစ်သည် မည်သည့်ဘဏ္ဍာငွေခွဲဝေသည့် ပုံသေနည်းကို ကျင့်သုံးမှုအပေါ် သက်ဆိုင်ရာအကျိုးသက်ဆိုင်သူများအားလုံး၏ ဘုံသဘောတူညီချက်ရရှိရန်သာမက ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းခြင်းပါလိုအပ်သည်။

## ၅.၁.၄။ နိုင်ငံပိုင်လုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု မရှိခြင်း

အခြားအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲမှုများဖြစ်သည့် နိုင်ငံတော်မှ (နိုင်ငံပိုင်လုပ်ငန်းများ) ပိုင်ဆိုင်မှုကို ဗဟိုမှချုပ်ကိုင်ခြင်း၊ စတော့ရှယ်ယာဈေးကွက်သို့ လုပ်ငန်းများကို စာရင်းသွင်းခြင်း၊ စီမံအုပ်ချုပ်သော ဘုတ်အဖွဲ့ကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ခြင်းများနှင့် ဘဏ္ဍာရေးပြန်လည်ဖွဲ့စည်းခြင်း စသည်တို့နှင့်အတူတွဲ၍ နိုင်ငံပိုင်လုပ်ငန်းများတွင် သတင်းအချက်အလက် ထုတ်ပြန်ကြေညာနှင့် စံနှုန်းမြင့်မားသော တာဝန်ခံမှုတို့သည် နိုင်ငံပိုင်လုပ်ငန်းများ၏ ပိုမိုကောင်းမွန်လာသော ထိရောက်မှုနှင့် စွမ်းဆောင်ရည်ကို တိုးတက်အောင် ထောက်ကူပေးနိုင်သည်။ အစိုးရအနေဖြင့် စစ်မှန်ထိရောက်သော ပိုင်ရှင်ဖြစ်စေရန်၊ လွှတ်တော်အနေဖြင့် ပိုင်ရှင်ဖြစ်သည့် နိုင်ငံတော်၏ စွမ်းဆောင်မှုကို သုံးသပ်အကဲဖြတ်နိုင်ရန်၊ မီဒီယာများအနေဖြင့် နိုင်ငံပိုင်လုပ်ငန်းများ၏ ထိရောက်မှုကို အများပြည်သူ နားလည်သဘောပေါက်လာအောင် လုပ်ဆောင်ရန်၊ အခွန်ထမ်းပြည်သူများနှင့် အများပြည်သူများအနေဖြင့် နိုင်ငံပိုင်လုပ်ငန်းများ၏ လုပ်ဆောင်ချက်နှင့် ပတ်သက်ပြီး ပြီးပြည့်စုံစွာ နားလည်သဘောပေါက်စေရန်အတွက် ဘဏ္ဍာရေးဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာမဟုတ်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာခြင်းသည် အစိုးရအတွက်မရှိမဖြစ် အရေးကြီးသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ကမ်းလွန်လုပ်ကွက်တစ်ခုချင်း၊ ပြည်ပတင်ပို့သောနှင့် ပြည်တွင်းသုံးသောပမာဏများ၊ လက်ရှိစာချုပ်ချုပ်ထားသည့် လုပ်ကွက်များနှင့်လုပ်ကိုင်နေသည့် ကုမ္ပဏီများစသည့် စုစုပေါင်းထုတ်လုပ်မှုပမာဏကို စတင်ထုတ်ပြန်ကြေညာနေကြောင်းသိရပါသည်။ သို့သော်လည်း ပွင့်လင်းမြင်သာမှုနှင့် ကုမ္ပဏီလုပ်ငန်းများ၏ စီးပွားရေးစီမံအုပ်ချုပ်မှုတို့တွင် ယခုထက်ပိုကောင်းအောင် လုပ်ဆောင်စရာများ ကျန်နေပါသေးသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများအတွက် စံသတ်မှတ်ချက်များကို ဖော်ဆောင်ရန် ယခုနှစ်တွင်များစွာ လုပ်ဆောင်နေသည်ဟုပြောကြသော်လည်း ယင်းဝန်ကြီးဌာနအောက်မှ နိုင်ငံပိုင်လုပ်ငန်းများသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံပိုင်လုပ်ငန်းများထက် ပွင့်လင်းမြင်သာမှု နည်းပါးလှပေသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်လုပ်ငန်းများသည် ယင်းတို့ပါဝင်လုပ်ကိုင်နေသည့် ဖက်စပ်လုပ်ငန်းများ၊ ဝင်ငွေများ၊ အသုံးစရိတ်များ သို့မဟုတ် တစ်ဆင့်ခံကန်ထရိုက်တာများနှင့် ဆက်ဆံရေးအခြေအနေများအကြောင်း ထုတ်ပြန်ကြေညာမှု အလွန်နည်းပါးလှသည်။ ထို့အပြင်စစ်ဘက်နှင့် ပတ်သက်ဆက်နွယ်နေသော လုပ်ငန်းများကို ပို၍ပွင့်လင်းမြင်သာမှုရှိအောင် ဖြစ်စေ၊ တာဝန်ခံစေရန်ဖြစ်စေ လုပ်ဆောင်နေမှုမရှိပေ။

ထို့အပြင် အများပြည်သူများရရှိထားသည့် သတင်းအချက်အလက်အရ နိုင်ငံပိုင်လုပ်ငန်းများ၏ ဥပဒေရေးရာ သဘောသဘာဝ၊ အာဏာများနှင့် လုပ်ငန်းတာဝန်များမှာ ရှင်းလင်းမှုမရှိပေ။ အချို့မှာလုပ်ငန်းလည်ပတ်ရာတွင် စီးပွားဖက်အဖြစ်နှင့် စည်းကြပ်သူအဖြစ်ဟူ၍ တာဝန်နှစ်ခုရှိနေသည်။

အကြံပြုချက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှစ်ခုလုံးကို နိုင်ငံပိုင် လုပ်ငန်းများအားလုံးကို လွှမ်းခြုံသည့် စုပေါင်းအစီရင်ခံစာ နှစ်စဉ်ထုတ်ပြန်နိုင်ရန် လိုအပ်သည့် လုပ်ဆောင်မှုများ ဆောင်ရွက်ရန်နှင့် ထိုအစီရင်ခံစာကို သက်ဆိုင်ရာအကျိုးသက်ဆိုင်သူများဖြစ်သည့် လူထု၊ လွှတ်တော်နှင့် မီဒီယာသို့ဦးတည်သော သတင်းအချက်အလက် ထုတ်ပြန်ကြေညာ၊ အသိပေးသည့် ယန္တရားဖြစ်အောင် ဆောင်ရွက်ရန်အကြံပြုပါသည်။ နှစ်စဉ်စုပေါင်းအစီရင်ခံစာတွင် အောက်ပါအချက်အလက်များကို ပါဝင်ထည့်သွင်းနိုင်သည် -

● နိုင်ငံ၏ ပိုင်ဆိုင်မှုဆိုင်ရာမူဝါဒနှင့် ထိုမူဝါဒကို နိုင်ငံတော်အနေဖြင့် မည်သို့အကောင်အထည် ဖော်ဆောင်နေကြောင်း သတင်းအချက်အလက်ဆိုင်ရာ အထွေထွေထုတ်ပြန်ချက် (ဥပမာ - ပိုင်ဆိုင်မှုပိုင်းဆိုင်ရာ ဖွဲ့စည်းထားပုံ သတင်းအချက်အလက်နှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ တိုးတက်မှုအနှစ်ချုပ်တင်ပြချက်၊ နိုင်ငံပိုင်လုပ်ငန်းများ အချင်းချင်းကြားနှင့် အစိုးရကြားဆက်ဆံရေး၊ နိုင်ငံပိုင်လုပ်ငန်းများ၏ လုပ်ပိုင်ခွင့်၊ လိုင်စင်ထုတ်ပေးရာတွင် ပါဝင်သောအခန်းကဏ္ဍ၊ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခ စီမံခန့်ခွဲမှု)

● စုပေါင်းဘဏ္ဍာရေး သတင်းအချက်အလက်များနှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ ဘုတ်အဖွဲ့များ အပြောင်းအလဲများကို အစီရင်ခံခြင်း

● ကောက်ခံရရှိသည့် ဝင်ငွေများ၊ အမြတ်များ၊ လုပ်ငန်းလည်ပတ်မှုများမှ ငွေသားစီးဆင်းမှု၊ အသားတင် ရင်းနှီးမြှုပ်နှံမှု၊ အစိုးရသို့ လွှဲအပ်သောငွေများ၊ သုံးစွဲမှုစသည်တို့ ပါဝင်သော အဓိက ဘဏ္ဍာရေး ညွှန်းကိန်းများနှင့်

● နိုင်ငံပိုင်လုပ်ငန်းများအပေါ် တစ်ခုချင်း အစီရင်ခံခြင်းဆိုင်ရာ သတင်းအချက်အလက်များ ဖြစ်ပါသည်။

နိုင်ငံပိုင်လုပ်ငန်းများကို ပုံစံပြောင်းလဲခြင်းကို အပြီးသတ်လုပ်ဆောင်ရန်နှင့် လက်ရှိစည်းကြပ်ကွပ်ကဲမှုတာဝန်ကို သယံဇာတတူးဖော်ထုတ်ယူမှုကဏ္ဍအတွက် ရေရှည်စည်းကြပ်မှု ပိုမိုကောင်းမွန်စေရေးသို့ ဦးတည်၍ အကျိုးစီးပွားပဋိပက္ခဖြစ်မှုဖယ်ရှားရန် နိုင်ငံပိုင်လုပ်ငန်းများ၏ လက်ရှိစည်းကြပ်သောတာဝန်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန/ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့၏ အခြားသော ဌာနတစ်ခုသို့ သီးခြားရွှေ့ထားရန်လည်း အကြံပြုပါသည်။

သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနသည် နိုင်ငံပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများအတွက် စံသတ်မှတ်ချက်များကိုဖော်ဆောင်ရန် ယခုနှစ်တွင်များစွာ လုပ်ဆောင်နေသည်ဟုပြောကြသော်လည်း ယင်းဝန်ကြီးဌာနအောက်မှ နိုင်ငံပိုင်လုပ်ငန်းများသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံပိုင်လုပ်ငန်းများထက် ပွင့်လင်းမြင်သာမှုနည်းပါးလှပေသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်လုပ်ငန်းများသည် ယင်းတို့ပါဝင်လုပ်ကိုင်နေသည့် ဖက်စပ်လုပ်ငန်းများ၊ ဝင်ငွေများ၊ အသုံးစရိတ်များ (သို့မဟုတ်) တစ်ဆင့်ခံကန်ထရိုက်တာများနှင့် ဆက်ဆံရေးအခြေအနေများအကြောင်းထုတ်ဖော်ချပြမှု အလွန်နည်းပါးလှသည်။ ထို့အပြင် စစ်ဘက်/တပ်မတော် (လက်နက်ကိုင်တပ်ဖွဲ့များ)နှင့် ပတ်သက်ဆက်နွယ်နေသော လုပ်ငန်းများကို ပို၍ ပွင့်လင်းမြင်သာမှုရှိအောင်ဖြစ်စေ၊ တာဝန်ခံစေရန်ဖြစ်စေ လုပ်ဆောင်နေမှုမရှိပေ။

ထို့အပြင် အများပြည်သူများရရှိထားသည့် သတင်းအချက်အလက်အရ နိုင်ငံပိုင်လုပ်ငန်းများ၏ ဥပဒေရေးရာသဘောသဘာဝ၊ အာဏာများနှင့် လုပ်ငန်းတာဝန်များမှာ ရှင်းလင်းမှုမရှိပေ။ အချို့မှာလုပ်ငန်းလည်ပတ်ရာတွင် စီးပွားဖက်အဖြစ်နှင့် စည်းကြပ်သူအဖြစ်ဟူ၍ တာဝန်နှစ်ခုရှိနေသည်။

နှစ်ပတ်လည်စုပေါင်းအစီရင်ခံစာတွင် အောက်ပါအချက်အလက်များကို ထည့်သွင်းနိုင်၊ ပါဝင်နိုင်ပါသည် -

(က) နိုင်ငံ၏ပိုင်ဆိုင်မှုဆိုင်ရာမူဝါဒနှင့် ထိုမူဝါဒကို နိုင်ငံတော်အနေဖြင့် မည်သို့အကောင်အထည်ဖော်ဆောင်နေကြောင်း သတင်းအချက်အလက်ဆိုင်ရာ အထွေထွေထုတ်ပြန်ချက် (ဥပမာ - ပိုင်ဆိုင်မှုပိုင်းဆိုင်ရာဖွဲ့စည်းထားပုံ သတင်းအချက်အလက်နှင့် နိုင်ငံပိုင်လုပ်ငန်းများ၏တိုးတက်မှု အနှစ်ချုပ်တင်ပြချက်၊ နိုင်ငံပိုင်လုပ်ငန်းများ အချင်းချင်းကြားနှင့် အစိုးရကြားဆက်ဆံရေး၊ နိုင်ငံပိုင်လုပ်ငန်းများ၏လုပ်ပိုင်ခွင့်၊ လိုင်စင်ထုတ်ပေးရာတွင် ပါဝင်သောအခန်းကဏ္ဍ၊ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခ စီမံခန့်ခွဲမှု)၊

(ခ) စုပေါင်းဘဏ္ဍာရေး သတင်းအချက်အလက်များနှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ ဘုတ်အဖွဲ့များ အပြောင်းအလဲများကို အစီရင်ခံခြင်း၊

(ဂ) ကောက်ခံရရှိသည့်ဝင်ငွေများ၊ အမြတ်များ၊ လုပ်ငန်းလည်ပတ်မှုများမှ ငွေသားစီးဆင်းမှု၊ အသားတင် ရင်းနှီးမြှုပ်နှံမှု၊ အစိုးရသို့ လွှဲအပ်သောငွေများ၊ သုံးစွဲမှုစသည်တို့ ပါဝင်သော အဓိကဘဏ္ဍာရေး ညွှန်းကိန်းများနှင့်

(ဃ) နိုင်ငံပိုင်လုပ်ငန်းများအပေါ် တစ်ခုချင်းအစီရင်ခံခြင်းဆိုင်ရာ သတင်းအချက်အလက်များ။

## ၇.၂။ ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍ စီမံခန့်ခွဲမှု

### ၇.၂.၁။ မှတ်ပုံတင်ခြင်း၊ နောက်ကြောင်းခြေရာခံလိုက်ခြင်းနှင့် ကျောက်မျက်တန်ဖိုးသတ်မှတ်ခြင်းများ မရှိခြင်း

ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍနှင့် ပတ်သက်၍ NGO များက အဓိကဝေဖန်ကြသည့်ကိစ္စများထဲမှတစ်ခုမှာ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းစဉ်တစ်လျှောက် မပြည့်မစုံ စစ်ဆေးမှုများပင် ဖြစ်သည်။ အကျိုးသက်ဆိုင်သူ အများအပြားကို ယခုအစီရင်ခံစာ ရေးသားပြုစုရန် တွေ့ဆုံမေးမြန်းမှုများအရ မြန်မာနိုင်ငံတွင် ထုတ်လုပ်သောကျောက်မျက် ထက်ဝက်ကျော်မှာ ထုတ်ပြန်ကြေညာခြင်း(မှတ်ပုံတင်ခြင်း) မရှိဘဲ (တစ်နည်းအားဖြင့် အစိုးရကိုတင်ပြခြင်းမရှိဘဲ) တရားဝင်ပြဋ္ဌာန်းထားသောစနစ်ကို ကျော်လွှန်လုပ်ဆောင်လျက်ရှိကြောင်းခန့်မှန်းကြသည်။

အထက်ပါ အပိုင်း(၃.၃.၆)တွင် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာများ၏တန်ဖိုးကို မြန်မာကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ အခြားသော အစိုးရဌာနများ (ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ လွှတ်တော်)၊ မြန်မာနိုင်ငံကျောက်မျက်နှင့် ကျောက်စိမ်းလုပ်ငန်းရှင်များအသင်း (MGJEA)တို့မှ ကိုယ်စားလှယ်များနှင့် ပြင်ပကျွမ်းကျင်သူတစ်ဦးတို့ပါဝင်သော ကျောက်မျက်တန်ဖိုးဖြတ် ကော်မတီကတန်ဖိုးသတ်မှတ်သည်။ ယင်းကော်မတီ၏ ဥက္ကဋ္ဌမှာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ အရာရှိတစ်ဦးဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံမှုများနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ဒေသဆိုင်ရာရုံးခွဲသို့ ကွင်းဆင်း သွားရောက်လေ့လာမှုအရ ထိုသို့ကျောက်မျက်များကို တန်ဖိုးဖြတ်ခြင်းပြီးသွားသောအခါ ကျောက်မျက်တန်ဖိုးကို လွတ်လပ်သောစာရင်းစစ်ခြင်းများ (သို့မဟုတ်) ပြန်လည်စစ်ဆေးခြင်းများ မရှိကြောင်း သိရှိရပါသည်။

လက်ရှိကျင့်သုံးနေသောစနစ်များသည် ကျောက်မျက်တန်ဖိုးသတ်မှတ်ရာတွင်အသုံးပြုသော နိုင်ငံတကာကောင်းမွန်သောစံ၊ အလေ့အထများနှင့် ကွာဟနေပါသည်။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် အခြားအစိုးရဌာနများမှ ကိုယ်စားလှယ် (တာဝန်ရှိသူ)များတွင် ကျောက်မျက်တန်ဖိုးကို လွတ်လပ်၍ အမှီအခိုကင်းစွာတန်ဖိုးဖြတ်ရန် လျော်ကန်သင့်တော်သော ကျွမ်းကျင်မှုနှင့် ဈေးကွက်အနေအထား သိရှိမှုရှိ၊ မရှိမှာ မရှင်းလင်းပေ။ တန်ဖိုးဖြတ်ခြင်းကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြင်ပကျွမ်းကျင်ပညာရှင်တစ်ဦးတို့၏ ကိုယ်ပိုင်လုပ်ပိုင်ခွင့်ပေါ်တွင်သာ ကန့်သတ်ထားပေသည်။

ထို့အပြင် ကျောက်မျက်များထုတ်လုပ်ကြောင်း ထုတ်ပြန်ကြေညာခြင်း (မှတ်ပုံတင်ခြင်း)လုပ်ငန်းစဉ်သည် လျော်ကန်၊ ထိရောက်သော လုပ်ထုံးလုပ်နည်းများကို မလိုက်နာကြောင်း မှတ်သားရပါသည်။ ဤကိစ္စရပ်နှင့်ပတ်သက်၍ တစ်ခုတည်းသော ဥပဒေပြဋ္ဌာန်းချက်မှာ ကျောက်မျက်ဥပဒေတွင် “ထုတ်လုပ်ထားသော ကျောက်မျက်အရိုင်းတုံးများကို မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းသော်လည်းကောင်း၊ အမှန်တကယ်ထုတ်လုပ်ထားသော ကျောက်မျက်အရိုင်းတုံးများကို မှတ်ပုံတင်ရန် ပျက်ကွက်ပြီး အစားထိုးကျောက်မျက်အရိုင်းတုံးကို မှတ်ပုံတင်ခြင်းသော်လည်းကောင်းကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထောင်ဒဏ်အနည်းဆုံး၇နှစ်မှ အများဆုံး၁၅နှစ်နှင့် ငွေဒဏ်လည်းချမှတ်ခံရမည်”ဖြစ်ကြောင်း၊ မှတ်ပုံမတင်ထားသော ကျောက်မျက်များကို ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချခွင့်မရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

မြန်မာနိုင်ငံတွင် ကျောက်တွင်းမှဈေးကွက်အထိ နောက်ကြောင်း ခြေရာခံလိုက်နိုင်မှုသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန် ကောင်းမွန်အောင်လုပ်ရန် လိုအပ်သည်။ နိုင်ငံတကာစံနှုန်းများတွင် ကျောက်မျက်အရင်းအမြစ်များ၊ ကျောက်မျက်တူးဖော်ထုတ်လုပ်သော ကုန်စည်ကွင်းဆက်၊ ကျင့်ဝတ်သိက္ခာနှင့်ညီသော၊ ရေရှည်တည်တံ့ခိုင်မြဲသည့် လုပ်ငန်းပုံစံများ၏ ပို၍တာဝန်ယူမှုရှိရန်လိုအပ်သည်။ ကျောက်မျက်ကဏ္ဍတွင် ပွင့်လင်းမြင်သာမှု၊ နောက်ကြောင်းခြေရာခံလိုက်နိုင်မှုနှင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းတို့သည် အလွန်အရေးကြီးပြီး စီးပွားရေးလုပ်ငန်းကဏ္ဍအားလုံးတွင် ပိုမိုကျယ်ပြန့်သော

တာဝန်ခံမှုဘက်သို့သွားနေသည့် ကမ္ဘာ့ခေတ်ရေစီးကြောင်း တိုးမြင့်လာခြင်းကို ထင်ဟပ်နေပါသည်။

ထို့အပြင်နောက်ကိစ္စတစ်ရပ်မှာ ကျောက်မျက်များကို နိုင်ငံတကာစံနှုန်းများနှင့် အညီလွတ်လပ်စွာ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်သော အစိုးရနှင့် ပုဂ္ဂလိကဓာတ်ခွဲခန်း အရေအတွက်မှာ မြန်မာနိုင်ငံတွင် ယခုအထိအလွန်နည်းပါးနေသေးသည်။

## အကြံပြုချက်များ

### ၁။ စွမ်းဆောင်ရည် တည်ဆောက်ခြင်း

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ပြန်လည်သုံးသပ်ချက်တစ်ခုကို ဆောင်ရွက်ပြီး ဝန်ထမ်းများ၏ ကျွမ်းကျင်မှုမြှင့်တင်ရေးကို ထည့်သွင်းစဉ်းစားရန်နှင့် နည်းပညာပိုင်းကျွမ်းကျင်ပြီး အတွေ့အကြုံရှိသည့် ကျောက်မျက်ကျွမ်းကျင်ပညာရှင်များကို ငှားရမ်းရန် အကြံပြုလိုပါသည်။

စောင့်ကြည့်လေ့လာမှုနှင့် ကြီးကြပ်ကွပ်ကဲမှုအားနည်းခြင်းကြောင့် ဘဏ္ဍာငွေများစွန့်လွှတ်ရခြင်းနှင့် တရားမဝင်ကျောက်မျက်ကဏ္ဍ ကြီးထွားလာခြင်းဖြစ်စေသဖြင့် ထိုအားနည်းချက်များကို စတင်ကိုင်တွယ်ဖြေရှင်းရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့၏ စွမ်းဆောင်ရည်နှင့် နည်းပညာဆိုင်ရာကျွမ်းကျင်မှုတို့ကို အားကောင်းအောင် ဆောင်ရွက်ရမည်။ အစိုးရဌာနများမှဝန်ထမ်းများ၏ စောင့်ကြည့်လေ့လာခြင်းနှင့် ဥပဒေကိုလိုက်နာစေရန် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်များကိုလည်း တည်ဆောက်သင့်ပါသည်။

### ၂။ ကျောက်မျက်ကဏ္ဍ စီမံအုပ်ချုပ်မှု မူဘောင်

ကျောက်မျက်ထုတ်လုပ်မှုသာမက လိုင်စင်များချပေးခြင်း၊ တန်ဖိုးဖြတ်ခြင်း၊ ပြည်ပတင်ပို့ခြင်း၊ ရောင်းချခြင်း တို့အပါအဝင် ကျောက်မျက်ကဏ္ဍ စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်စေရန် အမျိုးသားအဆင့် ကျောက်မျက်ကဏ္ဍမူဝါဒတစ်ခုကို ရေးဆွဲခြင်း၊ ဆက်စပ်နေသည့် ကျောက်မျက်ဥပဒေမူဘောင်အား ပြန်လည်သုံးသပ်ခြင်း၊ ကျောက်မျက်ထုတ်လုပ်မှုအား စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်းတို့အတွက် သင့်တော်သည့် စနစ်များ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းတို့ကို လုပ်ဆောင်ရန် အကြံပြုလိုက်ပါသည်။

### ၃။ တန်ဖိုးဖြတ်သည့် လုပ်ထုံးလုပ်နည်းများ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို အောက်ပါအတိုင်း အကြံပြုလိုက်ပါသည် –

- ကျောက်မျက်တန်ဖိုးဖြတ်ခြင်း လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ပြီး ကဏ္ဍဈေးကွက်များနှင့် တန်ဖိုးဖြတ်သည့် နည်းစနစ်များကို ကျယ်ပြန့်နက်နဲစွာသိရှိနားလည်သော ပြင်ပတန်ဖိုးဖြတ်ပညာရှင်များ ထည့်သွင်းဆောင်ရွက်စေခြင်းနှင့် မျှတသော တန်ဖိုး/ ဈေးကွက်ပေါက်ဈေးတို့ဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ရန် သတ်မှတ်ခြင်းအားဖြင့် တန်ဖိုးဖြတ် လုပ်ငန်းစဉ်ကို ပိုမိုခိုင်မာအားကောင်းအောင် လုပ်ဆောင်ရန်။
- တန်ဖိုးဖြတ်ကော်မတီ၏ အစည်းအဝေးမှတ်တမ်းများတွင် တန်ဖိုးဖြတ်နည်းစနစ်ကို ရှင်းလင်းတိကျစွာ ဖော်ပြခြင်းကို ရွေးချယ်ဆောင်ရွက်ရန်၊ စာရင်းစစ်ဆေးမှုများနှင့် ကျောက်မျက်များ၏ တန်ဖိုးဖြတ်မှုနှင့် ကျောက်မျက်ရတနာပြပွဲတွင် ယင်းကျောက်မျက်များ၏ ရောင်းဈေးများအကြား စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများ အလျဉ်းသင့်သလို ဆောင်ရွက်ပြီး ထုတ်လုပ်မှုအပေါ် ခိုင်ကြေးများကောက်ယူရာတွင် လိုငွေများ တစ်စုံတစ်ရာရှိ၊မရှိကို ဆုံးဖြတ်ရန်။

### ၄။ တာဝန်ခံမှုရှိသော သတ္တုတူးဖော်မှုနှင့် နောက်ကြောင်းခြေရာခံလိုက်နိုင်မှု

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား အောက်ပါအချက်များကို စဉ်းစားဆောင်ရွက်သွားရန် အကြံပြုပါသည် –

- တာဝန်ခံမှုရှိစွာတူးဖော်ထုတ်ယူသည့် ကျောက်မျက်များအတွက် နိုင်ငံတကာမှဝယ်လိုအား တိုးလာခြင်းကို ပြည့်မီစေရန် တာဝန်ခံမှုရှိသော တူးဖော်ထုတ်လုပ်ရေးအတွက် နိုင်ငံတကာ စံချိန်စံညွှန်းများကို ကျောက်တွင်းများ စတင်လိုက်နာကျင့်သုံးမှုကို တိုက်တွန်းအားပေးရန်။
- ကျောက်တွင်းမှ ဈေးကွက်အထိ နောက်ကြောင်းခြေရာခံလိုက်နိုင်စွမ်းရှိသော စနစ်တစ်ခုကို တည်ထောင်နိုင်မည့် အနာဂတ်အလားအလာများကို စူးစမ်းရှာဖွေခြင်း၊ ဤစနစ်သည် အခြားသော ပေါ်ထွန်းစပြုနေသည့်အလားတူ နိုင်ငံတကာ လုပ်ဆောင်ချက်များနှင့်လည်း ကိုက်ညီရပါမည်။ (သာဓကများကိုလေ့လာရန် အခန်းအဆုံးမှတ်စုကိုကြည့်ပါ။) ကင်ဘာလေလုပ်ငန်းစဉ်(Kimberley Process)သည် စိန်ထုတ်လုပ်သော နိုင်ငံများတွင် “ပဋိပက္ခ” ဖြစ်စေသည့် စိန်ရိုင်း

တုံးများစီးဆင်းမှုကို တားဆီးရန်အတွက် တည်ထောင်ထားသည့် နိုင်ငံတကာအကျိုးသက်ဆိုင်သူပေါင်းစုံ ပါဝင်သည့် အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့် ယန္တရားတစ်ခုဖြစ်ပါသည်။ အခြားသော နိုင်ငံတကာ လုပ်ဆောင်ချက်များသည်လည်း ပေါ်ထွန်းလျက်ရှိပြီး အများစုသည် (အရောင်စုံသော ကျောက်မျက်များမဟုတ်ဘဲ) စိန်နှင့် တန်ဖိုးမြင့်သော သတ္တုများကို များသောအားဖြင့်အဓိကထားပါသည်။ မြန်မာနိုင်ငံသည် ဒေသန္တရအကျိုးသက်ဆိုင်သူများ၊ ကျောက်မျက်တင်ပို့နေသည့် နိုင်ငံများနှင့် ဆွေးနွေးပြီးအလားတူ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်ပေးသည့် လုပ်ငန်းစဉ်တစ်ခုကို အကောင်အထည်ဖော်ဆောင်ခြင်းအားဖြင့် ကျောက်မျက်ရတနာများသည် တရားဝင်ဈေးကွက်သို့ ဝင်ရောက်ခြင်းမှ ကာကွယ်နိုင်သည်ကို ထည့်သွင်းစဉ်းစားရန် စတင်ဆွေးနွေးသင့်ပါသည်။ နိုင်ငံတကာအသိအမှတ်ပြုသည့် မှတ်ပုံတင်လက်မှတ်တစ်ခုကို ဖန်တီးခြင်းအားဖြင့် တရားမဝင် ကျောက်မျက်ကဏ္ဍကိုတိုက်ဖျက်ရာတွင် ထောက်ကူပေးနိုင်သလို ကျောက်မျက်အရိုင်းတုံးများ တရားမဝင် မှောင်ခိုရောင်းချခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအကြား ချိတ်ဆက်မှုကိုလည်း ဖြတ်တောက်ရာတွင် ထောက်ကူပေးနိုင်ပါသည်။ သို့သော်မည်သို့လုပ်ဆောင်ချက်မျိုးမဆို ဌာနဆိုင်ရာများ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းစွာခွဲခြားသတ်မှတ်ခြင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ကဏ္ဍအလိုက်စီမံအုပ်ချုပ်မှု မူဘောင်တစ်ခုတို့ကို ထူထောင်ခြင်းတို့အပါအဝင် ဤအစီရင်ခံစာတွင် ပါဝင်သည့် အခြားသောအကြံပြုချက်များကို အကောင်အထည် ဖော်ဆောင်ခြင်းများ ဦးစွာလုပ်ဆောင်ပြီးမှသာလျှင် ဆောင်ရွက်သင့်ပါသည်။

## ၅.၂.၂။ ကျောက်မျက်ကဏ္ဍ ဌာနဆိုင်ရာနှင့် ဖွဲ့စည်းလည်ပတ်ပုံ ပြုပြင်ပြောင်းလဲရေး

အထက်ပါ အခန်း(၃.၃.၆)တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ အဓိကအခန်းကဏ္ဍမှာ ကျောက်မျက်အရိုင်းထုတ်လုပ်မှုနှင့် ကျောက်မျက်ကန်ချောထုတ်လုပ်မှုတို့အတွက် သတ္တုတွင်းဥပဒေနှင့် ကျောက်မျက်ဥပဒေတို့နှင့်အညီ အခွန်များစည်းကြပ်ရန် ဖြစ်သည် ။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်ကိုယ်စား ဖက်စပ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သလို၊ ကျောက်မျက်ရတနာပြပွဲများ ကျင်းပပြီး၊ ကျောက်မျက်နှင့် ကျောက်စိမ်းပါမစ်များ ထုတ်ပေးပါသည်။ ထိုကြောင့်မူဝါဒချမှတ်သူ၊ စည်းကြပ်အုပ်ချုပ်သူသာမက ဖက်စပ်လုပ်ငန်းတွင် မိတ်ဖက်အဖြစ်ဆောင်ရွက်သည့် ယင်း၏အခန်းကဏ္ဍအတွင်း ပင်ရင်းစွဲအကျိုးစီးပွားပဋိပက္ခ ရှိနေပါသည်။

တည်ဆဲလုပ်နည်းကိုင်နည်းပုံစံများသည် နိုင်ငံတော်ပိုင်လုပ်ငန်းများကို စီမံအုပ်ချုပ်ရာတွင် နိုင်ငံတကာအကောင်းဆုံး စံချိန်စံညွှန်းများနှင့်မမီပါ။ ဤတာဝန်များအားလုံး စုပေါင်းခြင်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ အနည်းအကျဉ်းသာရှိသော လုပ်နိုင်ကိုင်နိုင်စွမ်းနှင့် တွဲလိုက်သောအခါ အကျိုးစီးပွားပဋိပက္ခဖြစ်ရန် ကြီးမားသောအန္တရာယ်ဖြစ်ပေါ်လာပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ များစွာသော အခန်းကဏ္ဍတို့ကို စီမံခန့်ခွဲရန်ဝန်ထမ်းများတွင် နည်းပညာကျွမ်းကျင်မှုနှင့် အတွေ့အကြုံအလုံအလောက်ရှိသော ဝန်ထမ်းများရှိရန်လိုအပ်ခြင်းကြောင့် လူ့စွမ်းအားရင်းမြစ်စွမ်းဆောင်ရည်သည်လည်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအတွက် ပြဿနာတစ်ရပ်ဖြစ်သည်။ လုံးခင်တွင်ရှိသော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ဒေသဆိုင်ရာရုံးခွဲသို့ ကွင်းဆင်းလေ့လာစဉ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းစဉ်က မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ထုတ်လုပ်ရေးလုပ်ကွက်တစ်ခုတိုင်းတွင် ဝန်ထမ်းသုံးဦးခန့်ထားလေ့ရှိခဲ့ကြောင်းသိရှိခဲ့ရပါသည်။ လက်ရှိတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ဝန်ထမ်းဦးရေနည်းပါးမှုကြောင့် ထုတ်လုပ်ရေးလုပ်ကွက်တစ်ခုတွင် ဝန်ထမ်းတစ်ဦးသာ ခန့်ထားနိုင်ကြောင်းတွေ့ရသည်။

### အကြံပြုချက်

မြန်မာနိုင်ငံကျောက်မျက်ကဏ္ဍအတွင်း ဌာနဆိုင်ရာနှင့် ဖွဲ့စည်းလည်ပတ်ပုံ ပြုပြင်ပြောင်းလဲရေးအတွက် အစိုးရမှထည့်သွင်းစဉ်းစားသည့်အခါတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏အခန်းကဏ္ဍများကို ပြန်လည်သုံးသပ်ရန်နှင့် ယင်းတို့ကို နိုင်ငံတကာအကောင်းဆုံး လုပ်ထုံးလုပ်နည်းများနှင့်ညီအောင် လုပ်ဆောင်ရန်အကြံပြုလိုပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်

အောက်ရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် အခြားဦးစီးဌာနများ၏ (သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနစသည်)တို့၏ အခန်းကဏ္ဍကို ဥပဒေ၊ နည်းဥပဒေများတွင် ရှင်းလင်းစွာ သတ်မှတ်ဖော်ပြထားသင့်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ အခန်းကဏ္ဍများဖြစ်သော စည်းကြပ်၊ စောင့်ကြည့်အုပ်ချုပ်သူအဖြစ် လုပ်ဆောင်ခြင်းနှင့် ဖက်စပ်လုပ်ငန်းများတွင် မိတ်ဖက်အဖြစ် လုပ်ဆောင်ခြင်းကို သီးခြားခွဲခြားရန် စဉ်းစားသင့်ပေသည်။

## ၇.၃။ EITI implementation လုပ်ငန်းစဉ် အကောင်အထည်ဖော်ရေး

### ၇.၃.၁။ လိုင်စင်မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော အချက်အလက်များ ပြီးပြည့်စုံမှု

EITI စံနှုန်းအရ အကောင်အထည်ဖော်သည့် နိုင်ငံများသည် EITIအစီရင်ခံစာပါ ကုမ္ပဏီများနှင့်ပတ်သက်သည့် လိုင်စင်တစ်ခုချင်းအတွက် ပြည့်စုံ၊ ကျယ်ပြန့်သည့်အချက်အလက်များ အပါအဝင် မှတ်ပုံတင်ထားသည့်စနစ် (သို့မဟုတ်) အများပြည်သူအချက်အလက်ရယူနိုင်သည့် လိုင်စင်စာရင်းမှတ်တမ်းများထားရှိရမည်။ ထိုမှတ်တမ်းတွင် အောက်ပါအချက်အလက်များ ပါဝင်သင့်သည် -

(၁) လိုင်စင်ကိုင်ဆောင်ထားသူ(များ)၊
(၂) လုပ်ငန်းထုတ်လုပ်ခွင့်ရနယ်မြေ နယ်ခြားအမှတ်အသားများ၊
(၃) လျှောက်လွှာတင်သည့် ရက်စွဲ၊ လိုင်စင်ရသည့်ရက်စွဲနှင့် လိုင်စင်သက်တမ်း နှင့်
(၄) ထုတ်လုပ်မှုလိုင်စင်ဆိုပါက ထုတ်လုပ်သည့် ကုန်စည်အမျိုးအစား ဖြစ်ပါသည်။

ထိုကဲ့သို့ မှတ်တမ်းများမရှိပါက (သို့မဟုတ်) မပြည့်စုံပါက EITI အစီရင်ခံစာတွင် အထက်ပါအချက်အလက်များ ထည့်သွင်းပေးရပါမည်။

အချို့သောကိစ္စရပ်များတွင် ခွင့်ပြုထားသည့် သတ္တုလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စာချုပ်များ/ ခွင့်ပြုချက်များ၏စာရင်းတွင် လျှောက်လွှာတင်သည့် ရက်စွဲ၊ ခွင့်ပြုချက် (သို့မဟုတ်) လိုင်စင်ရသည့် ရက်စွဲနှင့် လိုင်စင်သက်တမ်းနှင့် လုပ်ငန်း ထုတ်လုပ်ခွင့်ရ နယ်မြေနယ်ခြားအမှတ်အသားများ မပါဝင်ကြောင်း သိရှိထားပါသည်။

အကြံပြုချက်

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့အား ဝန်ကြီးဌာန ဝက်ဆိုက်မှတဆင့် သတင်းအချက်အလက်များကို အများပြည်သူရယူနိုင်စေရန် မှတ်တမ်းများတွင် ထိုအချက်အလက်များကို စနစ်တကျ ထည့်သွင်းရန် အကြံပြုလိုက်ပါသည်။

သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ

သတ္တုကဏ္ဍ၏ လိုင်စင်ဆိုင်ရာအချက်အလက်များကို လျှောက်လွှာတင်သည့် နေ့စွဲမှလွဲ၍ အခြားအချက်အလက်များကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.mining.gov.mm ၏ သတ္တုတွင်းဦးစီးဌာန ခေါင်းစဉ်အောက်တွင်ဖော်ပြထားပြီး လစဉ်အချက်အလက်သစ်ကို ထည့်သွင်းပေး (update ပြုလုပ်ပေး) လျက်ရှိပါသည်။

### ၇.၃.၂။ မရှင်းလင်းသော လိုင်စင်ထုတ်ပေးမှု လုပ်ငန်းစဉ်

သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှရရှိသော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုထုတ်လုပ်ရန် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ သတင်းအချက်အလက်များအရ လိုင်စင်လျှောက်ထားခြင်းကို သုံးသပ်အကဲဖြတ်ရာတွင် အသုံးပြုသောနည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ စံသတ်မှတ်ချက်များကို ပြည်သူလူထုသို့ ထုတ်ပြန်ကြေညာ၊ ရှင်းပြထားခြင်းမရှိပါ။ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် တင်ဒါစနစ်ကိုကျင့်သုံးသော်လည်း အကဲဖြတ်သုံးသပ်သည့် စံသတ်မှတ်ချက်များအကြောင်းနှင့် လိုင်စင်တစ်ခုချင်းအတွက် လျှောက်ထားသူများအကြောင်း သတင်းအချက်အလက်များမရှိခြင်းကြောင့် ပွင့်လင်းမြင်သာမှု လျော့ကျစေပြီး အလွဲသုံးစားပြုရန် တံခါးဖွင့်ပေးထားသလို ဖြစ်စေသည်။

နိုင်ငံခြား ရင်းနှီးမြုပ်နှံသူများအား ကျောက်မျက်နှင့် ကျောက်စိမ်းလိုင်စင်များရယူခြင်း၊ နိုင်ငံပိုင်နှင့် ဒေသခံ ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ခြင်းမှပင် ဥပဒေအရတားမြစ်ထား

သော်လည်း လက်တွေ့တွင်သတ္တုတွင်းများစွာတို့၏ အမှန်တကယ် အကျိုးအမြတ်ခံစားရသော ပိုင်ရှင်များမှာ အမှန်တကယ်တွင် နိုင်ငံခြားသားများဖြစ်နေခြင်းက လိုင်စင်ထုတ်ပေးရေးလုပ်ငန်းစဉ်တွင် အားနည်းချက်များစွာ ရှိနေကြောင်း ဖော်ထုတ်ပြသနေသည်။

အကြံပြုချက်

သတ္တုတူးဖော်ရေးကဏ္ဍတွင် "ဦးရာလူစနစ်"ကို လိုင်စင်ထုတ်ပေးရာတွင် အခြေခံအဖြစ်သုံးသင့်ကြောင်း အကြံပြုပါသည်။ အသေးစိတ် ဘူမိဗေဒအချက်အလက်များ ရရှိနိုင်သည်ဖြစ်စေ၊ သတ္တုသိုက်များရှိကြောင်း သက်သေပြထားပြီးလျှင်ဖြစ်စေ ထိုသို့သောဖြစ်ရပ်များတွင် ယှဉ်ပြိုင်မှုရှိသော လုပ်ထုံးလုပ်နည်းများကိုသာ အသုံးပြုသင့်ပါသည်။ ထိုသို့သော ဖြစ်ရပ်များတွင် လေလံဆွဲသူတို့ကို တန်ဖိုးဖြတ်ရာတွင် ရှင်းလင်းတိကျသော နည်းပညာနှင့်ဘဏ္ဍာရေး စံသတ်မှတ်ချက်များအပေါ် အခြေခံသင့်သကဲ့သို့ လျှောက်ထားသူများအားလုံး မည်သူမည်ဝါဖြစ်ကြောင်းနှင့် အမှန်တကယ် အကျိုးခံစားခွင့်ရှိသော ပိုင်ရှင်များ(beneficial owners) စသည်တို့ကိုပါ ဖော်ထုတ်သင့်ပါသည်။

သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ

သတ္တုကဏ္ဍတွင် နိုင်ငံခြားကုမ္ပဏီများအား သတ္တုရှာဖွေခွင့်၊ စမ်းသပ်တိုင်းတာခွင့်၊ အကြီးစားတူးဖော်ထုတ်လုပ်ခွင့်ကို ၁၀၀% ရင်းနှီးမြှုပ်နှံခြင်း၊ ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ခွင့်ပြုထားပါသည်။ အခြားအသေးစားနှင့် လက်လုပ်လက်စားထုတ်လုပ်ခွင့်များအား နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှု ခွင့်မပြုပါ။

ယနေ့အထိ ဝန်ကြီးဌာန၏ မူဝါဒသည် First come, first serve ဦးရာလူစနစ်ဖြစ်၍ Known Deposit သိထားသော သတ္တုသိုက်များဖြစ်ခြင်း၊ လုပ်ငန်းဆောင်ရွက်လိုသူ တစ်ဦးထက်မကရှိခြင်း၊ အများစိတ်ဝင်စားခြင်းစသည့် အချက်များနှင့် ကိုက်ညီပါက တင်ဒါခေါ်ယူဆောင်ရွက်သွားရန် နည်းဥပဒေသစ်တွင် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ နည်းဥပဒေသစ်အရ သတ္တုရှာဖွေ/ စမ်းသပ်/ တူးဖော်ခွင့် လျှောက်ထားခြင်းကို ဝန်ကြီးရုံးနှင့် သတ္တုတွင်း ဦးစီးဌာနတွင်သာ လက်ခံဆောင်ရွက်ပေးသွားပါမည်။

သတ္တုတူးဖော်ရေးလုပ်ငန်းများ မှတ်ပုံတင်စာရင်း (Mineral Cadastre) တည်ဆောက်ပြီးပါက License Information လိုင်စင် သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာစွာ အများပြည်သူများ ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ပါသည်။

## ၇.၃.၃။ သတင်းအချက်အလက်များ အသင့်ရရှိနိုင်ခြင်းနှင့် အသုံးပြုနိုင်ခြင်း – ပတခ

ပြည်တွင်းအခွန်များဦးစီးဌာန၏ အောက်ရှိအသိအမှတ်ပြုထားသည့် အခွန်စီးဆင်းမှုများအနက်တစ်ခုမှာ အခြေချနေထိုင်ခြင်း မပြုသူ နိုင်ငံခြားသားများသို့ပေးသည့် အတိုးနှုန်းများနှင့် ပိုင်ရှင်များထံသို့ပေးရသည့် ခိုင်ကြေး (Royalty Payments)နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများရောင်းဝယ်မှုများမှ ပေါ်ပေါက်လာသည့် ပင်ရင်းမှနုတ်ယူပေးသွင်းငွေ (Withholding Tax)တို့ ဖြစ်သည်။ သို့သော်အပြီးသတ် ပင်ရင်းမှနုတ်ယူပေးသွင်းငွေ (Final withholding tax)ကို မည်သည့် တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ ပင်ရင်းမှနုတ်ယူပေးသွင်းငွေအတွက် နုတ်ယူထားသည်ဖြစ်စေ လက်ရှိအခွန်ပေးဆောင်သည့် စနစ်အောက်တွင် အားလုံးကိုစုပေါင်း၍မှတ်တမ်းတင်သည်။ ထို့ကြောင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ ထုတ်ပြန်ချက်များသည် ပင်ရင်းမှနုတ်ယူပေးသွင်းငွေဆိုင်ရာ အသေးစိတ်အချက်အလက်များ (မည်သည့်နေရာ၊ မည်သည့်ကုမ္ပဏီမှ၊ မည်မျှနုတ်ယူပေးသွင်းကြောင်း အသေးစိတ်ခွဲခြားဖော်ပြခြင်း) ကို ချက်ချင်း ထုတ်နုတ်ယူနိုင်ခြင်းမရှိသောကြောင့် ယင်းထုတ်ပြန်ချက်များသည် များသောအားဖြင့်ရှိသင့်သည်ထက် ပိုနည်းရန်သာရှိသည်။

အကြံပြုချက်

အကျိုးဆက်အားဖြင့် ပြည်တွင်းအခွန်ဦးစီးဌာနသည် လက်ရှိစနစ်မှ ထွက်လာသည့် အချို့သောအစီရင်ခံစာများကို လိုအပ်သည့် အခြေအနေနှင့်ကိုက်ညီအောင် ပြောင်းလဲရန်စဉ်းစားခြင်းအားဖြင့် နောင်အစီရင်ခံစာများအတွက် စာရင်းတိုက်ဆိုင်စစ်ဆေးမှုကို အဆင်ပြေချောမွေ့စေရန် သတင်းအချက်အလက်များကို ထို့ထက်မကခွဲခြားကြည့်ရန် ဆောင်ရွက်ပေးနိုင်မည်။

ပြည်တွင်းအခွန်များဦးစီးဌာန၏ မှတ်ချက်

ပြည်တွင်းအခွန်များဦးစီးဌာနသည် နည်းပညာအခြေပြု အခွန်ဆိုင်ရာစီမံခန့်ခွဲမှုစနစ် (Integrated Tax Administration System - ITAS)ကို စတင်ဆောင်ရွက်နေပြီဖြစ်သည့်အတွက်

အဆိုပါစနစ်အကောင်အထည်ဖော် ပြီးစီးသည့်အချိန်တွင်မူ နောင်EITI အစီရင်ခံစာများအတွက် လိုအပ်သောအချက်အလက်များကို ပြည့်စုံစွာပေးနိုင်မည်ဖြစ်ပါသည်။ ဤစနစ်ကို ၂၀၁၉ခုနှစ်၊ ဧပြီလတွင် ပတခဌာနတစ်ခုလုံး အသုံးပြုနိုင်မည်ဟုခန့်မှန်းထားပြီး ယခုလက်ရှိ၌ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (LTO)နှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (MTO)များတွင် အသုံးပြုနိုင်ပြီဖြစ်ပါသည်။ ထို့ကြောင့် ပတခသည် EITIမှ တောင်းခံသည့်အချက်အလက် အသေးစိတ်များကိုပံ့ပိုးပေးနိုင်မည့် ကွန်ပျူတာစနစ်တစ်ခုကို ဝယ်ယူပြီးဖြစ်ပါသည်။

## ၅.၃.၄။ အစီရင်ခံစာ အချက်အလက်ပေးသည့် စာပုံစံများ ပေးပို့ရာတွင် နှောင့်နှေးခြင်း

စုစုပေါင်းကုမ္ပဏီ(၇၀)ခုသည် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ သတ်မှတ်ထားသော နောက်ဆုံးရက်ဖြစ်သည့် ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ၂၇ရက်နေ့နှင့် ထို့နေ့မတိုင်မီ ယင်းတို့အစီရင်ခံရသည့် စာပုံစံများကိုရေးသားပြီးစီး၍ ပေးပို့ခဲ့သည်။ (ပါဝင်ဆောင်ရွက်ခြင်းမရှိသည့်ကုမ္ပဏီများ၏ အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ (၁၄)တွင် ကြည့်ပါ)

အနည်းငယ်သော တုန့်ပြန်ဖြေကြားသူကုမ္ပဏီများအား နောက်ဆက်တွဲ တယ်လီဖုန်းခေါ်ဆိုခြင်းများ၊ အီးမေးလ်ပို့ခြင်းများဖြင့် မကြာခဏနှိုးဆော်ရန်လိုအပ်ခဲ့ပါသည်။

အချို့သော ကုမ္ပဏီများမှအစီရင်ခံရသည့် စာပုံစံများမပေးပို့ခြင်းကြောင့် အစိုးရဌာနများမှ ပေးပို့သည့် အချက်အလက်များကိုအတည်မပြုနိုင်ခဲ့ပေ။ ဤသို့ဖြစ်ခြင်းကြောင့် ကုမ္ပဏီများမှ အစိုးရသို့ပေးသည့် စုပေါင်းပေးချေမှုများကို တိကျမှန်ကန်စွာနှင့် ပြည့်စုံစွာထင်ဟပ်သည့် အချက်အလက်ပြည့်စုံသော အစီရင်ခံစာရေးသားပြုစုနိုင်ရေးကို ဟန့်တားခဲ့ပေသည်။

အကြံပြုချက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုများအပေါ်တိကျသော စည်းကမ်းချက်များထုတ်ပြန်နိုင်သဖြင့် EITI အစီရင်ခံစာအရကုမ္ပဏီများ ထုတ်ပြန်ကြေညာရမည့် အချက်အလက်များဆိုင်ရာ စည်းကမ်းချက်များကို ပြဌာန်းရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကဲ့သို့သော စည်းကြပ်ကွပ်ကဲသည့် ယန္တရားများကို နောင်တွင် အသုံးပြုနိုင်ပေမည်။

## ၅.၃.၅။ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များအတွက် လေလံတင်သည့် လုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း

EITIလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် အစိုးရသည် ဆုံးဖြတ်ချက်ချရာ ပိုမိုကျယ်ပြန့်သောပွင့်လင်းမြင်သာမှုနှင့် ပိုမိုကောင်းမွန်သည့် ကြီးကြပ်ကွပ်ကဲရေး ယန္တရားများကို စတင်လုပ်ဆောင်ရန်ရည်ရွယ်ကြောင်း ဖော်ပြပြီးသားဖြစ်ပါသည်။ မကြာသေးမီက ကမ်းလွန်နှင့် ကုန်းတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ကို လေလံပွဲများတွင်တင်ဒါများကို အင်္ဂလိပ်ဘာသာဖြင့် အများသိရှိစေရန် ကြော်ငြာပေးခြင်းအပါအဝင် သိသာထင်ရှားသည့် တိုးတက်မှုရှိလာသော်လည်း ရွေးချယ်သည့် စံသတ်မှတ်ချက်များ၊ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP)တို့နှင့် စပ်လျဉ်းသော သတင်းအချက်အလက်များသည် ယခုအထိ ပွင့်လင်းမြင်သာမှု မရှိသေးပေ။

အောက်ပါ ထပ်ဆောင်းသတင်းအချက်အလက်များကို စနစ်တကျ ထုတ်ပြန်ခြင်းအားဖြင့် လေလံတင်ခြင်းနှင့် ရွေးချယ်ခြင်း လုပ်ငန်းစဉ်၏အုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေမည် -

- လေလံပေးခြင်းအတွက် ဆုံးဖြတ်ချက်ချရာတွင် လုပ်ပိုင်ခွင့်ပေးအပ်ထားသော ပုဂ္ဂိုလ်(များ)၊
- လေလံအောင်မြင်သူများအား ရွေးချယ်ရာတွင် စံသတ်မှတ်ချက်များနှင့် ဦးစားပေးအချက်များ (သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ လူ့အခွင့်အရေးများ၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု၊ ဒေသခံများနှင့် ညှိနှိုင်းပူးပေါင်းလုပ်ကိုင်ခြင်းများအတွက် မူဝါဒများနှင့် စီမံခန့်ခွဲမှုစနစ်များအကြောင်း သတင်းအချက်အလက်များကို ပေးအပ်စေခြင်းမှတစ်ဆင့် လေလံဆွဲသူများ၏ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးရည်တည်တံ့ခိုင်မြဲရေးအတွက် ကတိကဝတ်များကိုသိရှိနိုင်ရန် ဤစံသတ်မှတ်ချက်များကို ပြန်လည် သုံးသပ်ရေးဆွဲသင့်ပါသည်)၊
- လက်မှတ်ထိုး ဆုကြေးပေးအပ်ခဲ့ခြင်း ရှိ၊ မရှိ၊
- ရွေးချယ်ထားသော လုပ်ငန်းဆောင်ရွက်သူများ၏ ရွေးချယ်မှုအတွက် အကြောင်းပြချက်အကျဉ်းချုပ်နှင့်အတူ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကျင့်သုံးနေသည့် အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့် အမှတ်ပေးစနစ်တို့ဖြစ်ပါသည်။

## ၇.၃.၆။ ကျောက်မျက်လုပ်ပိုင်ခွင့်များအတွက် လေလံလုပ်ငန်းစဉ်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း

ကျောက်မျက်လုပ်ကွက်များ၊ လုပ်ပိုင်ခွင့်များကို ပြိုင်ဆိုင်မှုရှိသော လေလံလုပ်ငန်းစဉ်မှတဆင့် ရွေးချယ်ပေးသည်။ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် တင်ဒါဆွဲရန် အခွင့်အလမ်းသစ်များကို ပြည်တွင်းသတင်းစာများတွင် ကြော်ငြာပြီး အလားအလာရှိသော ရင်းနှီးမြှုပ်နှံမည့်သူများအား လုပ်ကွက်ပေးမည့်နေရာကို လေ့လာဆန်းစစ် (survey)ရန် တစ်လအချိန်ပေးသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် တင်ဒါလျှောက်ထားရသည့် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ထပ်ဆောင်းသတင်းအချက်အလက်များကို ယင်းဝန်ကြီးဌာနဝက်ဆိုဒ်ပေါ် တင်ပေးထားခြင်းမရှိပေ။ သတ္တုတူးဖော်ထုတ်လုပ်ခွင့် လိုင်စင်များကို လက်ရှိတွင် ဦးရာလူစနစ်ဖြင့်ချပေးနေသော်လည်း ကျောက်မျက်ဥပဒေသည် နောင်တွင်တင်ဒါများကိုခေါ်ယူသွားရန် တံခါးဖွင့်ပေးလိုက်ပါသည်။ ဤဖြစ်စဉ်နှစ်ခုလုံးတွင် ရွေးချယ်သည့် စံသတ်မှတ်ချက်များနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်နှင့်ပတ်သက်သည့် အချက်အလက်များကို ထုတ်ပြန်၊ ပုံနှိပ်ထုတ်ဝေမှု အလွန်နည်းပါးလှသည်။

### အကြံပြုချက်

ပွင့်လင်းမှုနှင့် မျှတမှုကိုမြှင့်တင်ပေးရန် သက်ဆိုင်ရာသတ္တုတူးဖော်ထုတ်လုပ်ရေးရှိသော ပြည်နယ်များမှ အကျိုးသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးပြီး သတ္တုတူးဖော်ထုတ်လုပ်ခွင့်များအတွက် လေလံဆွဲသည့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ပြီး ပြန်လည်ရေးဆွဲရန် အကြံပြုလိုက်ပါသည်။ ယင်းသို့လုပ်ဆောင်ရာတွင် အောက်ပါအချက်များ ထုတ်ပြန်ကြေညာခြင်းတို့ ပါဝင်နိုင်ပေသည် –

- လိုအပ်သည့် အဆင့်များအားလုံးပါဝင်သည့် လျှောက်ထားသည့် လုပ်ထုံးလုပ်နည်းများ၊
- လေလံပေးခြင်းအတွက် ဆုံးဖြတ်ချက်ချရာတွင် လုပ်ပိုင်ခွင့်ပေးအပ်ထားသော ပုဂ္ဂိုလ်(များ)၊
- လေလံအောင်မြင်သူများအား ရွေးချယ်ရာတွင် စံသတ်မှတ်ချက်များနှင့် ဦးစားပေးအချက်များ (သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ လူ့အခွင့်အရေးများ၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု၊ ဒေသခံများနှင့် ညှိနှိုင်းပူးပေါင်းလုပ်ကိုင်ခြင်းများအတွက် မူဝါဒများနှင့် စီမံခန့်ခွဲမှုစနစ်များအကြောင်း သတင်းအချက်အလက်များကို ပေးအပ်စေခြင်းမှတစ်ဆင့်လေလံဆွဲသူများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရည်တည်တံ့ခိုင်မြဲရေးအတွက် ကတိကဝတ်များကိုသိရနိုင်ရန် ဤစံသတ်မှတ်ချက်များကို ပြန်လည် သုံးသပ်ရေးဆွဲသင့်ပါသည်)၊
- တိုင်းနှင့်ပြည်နယ်အလိုက် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော သတ္တုတူးဖော်ထုတ်လုပ်ရေးလိုင်စင်များဆိုင်ရာ အချက်အလက်များ၊
- လေလံဆွဲသူ၏ မည်သူမည်ဝါဖြစ်ကြောင်းနှင့် နောက်ကြောင်းရာဇဝင်များကို ထည့်သွင်းစဉ်းစားထားသော အကျိုးစီးပွားပဋိပက္ခများနှင့် လာဘ်စားမှုဖြစ်စဉ်များ ဖြစ်ပေါ်လာပါက လိုက်နာရမည့် လမ်းညွှန်ချက်များ။

## ၇.၃.၇။ အလုပ်အကိုင် ခန့်အပ်မှုအချက်အလက်နှင့် ပတ်သက်သည့် အစီရင်ခံသည့် စနစ်တစ်ခုကို ဖန်တီးခြင်း

EITIစံနှုန်းနှင့်အညီ၊ အကောင်အထည်ဖော်သည့် နိုင်ငံများသည် သယံဇာတတူးဖော်ထုတ်ယူသည့် စက်မှုလုပ်ငန်းများတွင် အလုပ်အကိုင်ခန့်ထားမှုနှင့်ပတ်သက်သည့် အချက်အလက်များကို ကိန်းဂဏန်းအတိအကျနှင့် စုစုပေါင်း အလုပ်အကိုင်ခန့်ထားမှု၏ ရာခိုင်နှုန်းအဖြစ်နှင့်ပါ ထုတ်ပြန်ပေးရမည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနနှစ်ခုလုံးတွင် တူးဖော်ထုတ်ယူရေးလုပ်ငန်းများမှရသည်ဟု မှတ်ယူနိုင်သော အလုပ်အကိုင်များမှတစ်ဆင့် တိုင်းတာထားသော တိုက်ရိုက်အကျိုးသက်ရောက်မှုသတ်မှတ်ပေးမည့် အစီရင်ခံသည့် စနစ်တစ်ရပ်မရှိကြောင်း သိရှိထားပါသည်။ ထို့ကြောင့် ဤအစီရင်ခံစာတွင် ကောက်ယူပြီး ဖော်ပြထားသည့် အလုပ်အကိုင်ခန့်အပ်မှု အချက်အလက်သည် အနည်းငယ်မျှသာဖြစ်ပြီး ကျယ်ပြန့်သော တူးဖော်ထုတ်လုပ်ရေးကဏ္ဍတစ်ခုလုံးကို မထင်ဟပ်နိုင်ပေ။

### အကြံပြုချက်

ကဏ္ဍအခြေအနေဆိုင်ရာ သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှုနှင့် အချက်အလက်များ အလွယ်တကူ ရယူနိုင်မှုပိုမိုကောင်းမွန်စေရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့အား ၎င်းတို့၏ (အင်တာနက်စာမျက်နှင့်အခြား) စနစ်တွင် ဤစက်မှုကဏ္ဍမှ အလုပ်သမားနှင့် အလုပ်အကိုင်ရရှိမှုဆိုင်ရာ

သတင်းအချက်အလက်သစ်များ (အနည်းဆုံးနှစ်စဉ်) ထည့်သွင်း (update)သင့်ပါသည်။

သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ

သတ္တုတူးဖော်ထုတ်လုပ်ရေး ဝန်ထမ်းများခန့်အပ်ခြင်းနှင့် အလုပ်များတာဝန်ပေးအပ်ခြင်း၊ အသက်အရွယ်၊ လုပ်ခလစာနှင့် အခကြေးငွေများ၊ အခြားသောစရိတ်များနှင့် ခံစားခွင့်များနှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကို ၁၉၉၆ခုနှစ်၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေ၊ အခန်း(၁၇)တွင် ဖော်ပြထားသော်လည်း လက်ရှိအခြေအနေကိုထင်ဟပ်သည့် မှန်ကန်သော အချက်အလက်များနှင့် အချက်အလက်များ ပိုမိုရရှိရေးအတွက် မိမိကိုယ်ပိုင်စနစ်အတွင်း အလုပ်သမားနှင့် အလုပ်ခန့်ထားမှု ကွန်ရက်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ကောက်ယူရန် အစီအစဉ်ကိုဆောင်ရွက်သွားပါမည်။

## ၇.၃.၈။ ထုတ်လုပ်မှု အချက်အလက်များ မမှန်ကန်၊ မတိကျမှု

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်လုပ်ငန်းများနှင့် ဌာနများမှ ပေးသည့် ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များသည် သတ္တုကုမ္ပဏီများမှ ပေးပို့ချက်များ၊ ကြေညာချက်များအပေါ် အခြေခံထားကြောင်း သိရှိရပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှပေးပို့သည့် ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များကို ကောက်ခံရန်နှင့်ထိန်းချုပ်ရန် ကိုယ်ပိုင်လုပ်ထုံးလုပ်နည်းများနှင့် စနစ်များမရှိပေ။

အကြံပြုချက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများအနေနှင့် ထုတ်လုပ်မှုအချက်အလက်များကို ကောက်ခံရန်နှင့် ထိန်းချုပ်ရန် မိမိတို့၏ ကိုယ်ပိုင်ယန္တရားများ၊ လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များတည်ဆောက်ရန် အကြံပြုပါသည်။ ထို့အပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများအား သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ ကြေညာထားသည့် ထုတ်လုပ်မှုပမာဏများနှင့် ဌာနမှ တိုင်းတာချက်များကို အစီရင်ခံစာတင်ရသည့် တစ်နှစ်ချင်းအတွက် ပုံမှန်စာရင်းတိုက်ဆိုင်စစ်ဆေးမှုများ ပြုလုပ်ရန် အကြံပြုပါသည်။

သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ

၂၀၁၇ခုနှစ်၊ မေလမှစ၍ ထုတ်လုပ်မှုလုပ်ငန်းမစတင်မီကပင် ထုတ်လုပ်မှုလျာထားချက်ကို သက်ဆိုင်ရာကုမ္ပဏီနှင့် နှစ်ဖက်ညှိနှိုင်းသတ်မှတ်ပြီး လစဉ်အစီရင်ခံသည့်စနစ်နှင့် အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးသည့်စနစ်များကို ကျင့်သုံးလျက်ရှိပါသည်။

## ၇.၃.၉။ ကုမ္ပဏီများ၏ လူမှုပတ်ဝန်းကျင်ဆိုင်ရာ ကတိကဝတ်များအကြောင်း သတင်းအချက်အလက်များ အသင့်မရရှိနိုင်ခြင်းနှင့် အသုံးမပြုနိုင်ခြင်း

ကုမ္ပဏီများနှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းများတွင် (လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာကတိကဝတ်များအတွက်) မဖြစ်မနေ / မိမိစိတ်ဆန္ဒအလျောက် အသုံးစရိတ်များနှင့် ရန်ပုံငွေများကို တိတိကျကျထည့်သွင်းပေးရန် သတ်မှတ်ထားသည့်စည်းမျဉ်းများ ယနေ့အထိမရှိသေးကြောင်း သိရှိထားပါသည်။

အကြံပြုချက်

ကုမ္ပဏီများနှင့် နိုင်ငံပိုင်လုပ်ငန်းများသည် ၎င်းတို့၏ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကတိကဝတ်များနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုအပြည့်ရှိကြောင်း ပြသနိုင်ရန် မဖြစ်မနေ/ဆန္ဒအလျောက်သုံးစွဲငွေများနှင့် ရန်ပုံငွေများကို ပြည်သူများသို့ ထုတ်ဖော်တင်ပြခြင်းပြုလုပ်ရန် ထည့်သွင်းစဉ်းစားနိုင်ပါသည်။ ထိုသုံးစွဲငွေများနှင့် ရန်ပုံငွေများထဲမှ အားလုံးမဟုတ်သည့်တိုင်အများစုကို အစိုးရဌာနများသို့ ထုတ်ဖော်တင်ပြထားပြီးသောကြောင့် အများပြည်သူသိရှိရန် ဆောင်ရွက်ရာတွင် ကြီးမားသော စိန်ခေါ်မှု မဖြစ်ပေါ်နိုင်ချေ။ နှစ်ပတ်လည် အစီရင်ခံစာများ၊ သတင်းထုတ်ပြန်ချက်များနှင့် ဘဏ္ဍာရေး ရှင်းတမ်းများစသည့် အများပြည်သူသိရှိနိုင်သော အဓိကစာရွက်စာတမ်းများတွင် ယခုသတင်းအချက်အလက်ကို ထည့်သွင်းခြင်းအားဖြင့် ထုတ်ဖော်ကြေညာချက်များအပေါ် အများယုံကြည်လက်ခံနိုင်စွမ်းနှင့် စိတ်ချယုံကြည်နိုင်စွမ်းများ နောက်တစ်လှမ်း ထပ်တိုးလာပေသည်။

သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ

ကုမ္ပဏီများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ နှစ်စဉ်ဘဏ္ဍာ

ရေးရှင်းတမ်းများတွင် (လူမှုရေးနှင့်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကတိကဝတ်များအတွက်) မဖြစ်မနေ (သို့မဟုတ်) ဆန္ဒအလျောက်သုံးစွဲသည့် အသုံးစရိတ်များနှင့် ရန်ပုံငွေ၊ ဘဏ္ဍာငွေများကို ထည့်သွင်းဖော်ပြရန် သတ်မှတ်ထားသည့် စည်းမျဉ်းများ မရှိသေးပါ။

ကုမ္ပဏီများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက သူတို့၏ လူမှုပတ်ဝန်းကျင်း ကတိကဝတ်များနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုအပြည့်ရှိကြောင်းပြသနိုင်ရန် (လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကတိကဝတ်များအတွက်) မဖြစ်မနေ (သို့မဟုတ်) မိမိတို့၏သဘောဆန္ဒအလျောက် အသုံးစရိတ်များနှင့် ရန်ပုံငွေ၊ ဘဏ္ဍာငွေများနှင့် လူထုသို့တင်ပြနိုင်ပါသည်။

နှစ်စဉ်အစီရင်ခံစာများ၊ သတင်းထုတ်ပြန်ချက်များ၊ ဘဏ္ဍာရေးရှင်းတမ်းများစသည့် အများပြည်သူဆိုင်ရာ စာရွက်စာတမ်းများတွင် ယခုအချက်အလက်များကို ထည့်သွင်းဖော်ပြသွားပါမည်။

## ၇.၃.၁၀။ သယံဇာတတူးဖော်ထုတ်ယူရေး ကုမ္ပဏီများမှ လှူဒါန်းသည့် စီမံကိန်းများအကောင်ထည်ဖော်နေမှု ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း

သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ လှူဒါန်းမှုများနှင့် အဆောက်အအုံစီမံကိန်းများကို နောက်ဆုံးအကျိုးခံစားမည့်သူများအား တိုက်ရိုက်ပေးကြောင်းသိရှိထားပါသည်။ ယင်းတို့ကိုအကျိုးခံစားသူရော၊ ကုမ္ပဏီကပါ သက်ဆိုင်ရာတိုင်း၊ ပြည်နယ်များသို့ အမြဲတမ်းအကြောင်းကြားလေ့မရှိသည့်အတွက် သယံဇာတထုတ်ယူခံနေရသည့်ဒေသများအတွက် ကုမ္ပဏီများမှ ပြန်လည်ဖြည့်ဆည်းပေးနေမှုများကို စည်ပင်သာယာရေးဌာနများ (ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ - municipalities)နှင့် ဒေသ(ဆိုင်ရာ)များက အပြည့်အဝသတိမပြုမိကြပေ။

အကြံပြုချက်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့သည် အဆိုပါစီမံကိန်းများ၏ တန်ဖိုးနှင့်ကူညီထောက်ပံ့၊ ထည့်ဝင်မှုများကို စနစ်တကျစာရင်းအင်းများ ပြုစုမှတ်ထားနိုင်ရေးအတွက် ထိုစီမံကိန်းများကို မှတ်တမ်းတင်ထားရန် ဗဟိုအစိုးရမှ ဆောင်ရွက်နေသည့် (ဖွံ့ဖြိုးရေးဆိုင်ရာ) ကြိုးစားအားထုတ်မှုများနှင့် လုပ်ပြီးသားကို မလိုအပ်ဘဲ ထပ်လုပ်ခြင်းမှ ရှောင်ရှားနိုင်ရေး ထိုစီမံကိန်းများကို တူးဖော်ထုတ်လုပ်ရေးဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွင် ထည့်သွင်းရန်အတွက် တိုင်းနှင့်ပြည်နယ် မှ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေး အကြံပြုထားပါသည်။

သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ

သယံဇာတကုမ္ပဏီများ၏ လှူဒါန်းမှုများနှင့် အဆောက်အဦစီမံကိန်းများကို နောက်ဆုံးအကျိုးခံစားသူများထံ တိုက်ရိုက်ပေးကြောင်း သိရှိထားပါသည်။ ယင်းတို့ကို အကျိုးခံစားသူရော ကုမ္ပဏီကပါ သက်ဆိုင်ရာတိုင်း၊ ပြည်နယ်များသို့ အမြဲတမ်းအကြောင်းကြားလေ့မရှိသည့်အတွက် သယံဇာတ ထုတ်ယူခံရသည့်ဒေသများအတွက် ကုမ္ပဏီများမှ ပြန်လည်ဖြည့်ဆည်းပေးနေမှုများကို စည်ပင်သာယာရေးဌာနများနှင့် ဒေသများက အပြည့်အဝသတိမပြုမိကြပေ။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် တိုင်းနှင့်ပြည်နယ်မှဌာနများနှင့်ပူးပေါင်းကာ ထိုစီမံကိန်းများ၏ တန်ဖိုးပမာဏများကို သင့်တော်သည့်တွက်ချက်မှုများ ထည့်သွင်းမှတ်တမ်းတင်ထားစေပြီး ဗဟိုအစိုးရမှ ထိုသယံဇာတထုတ်ယူခံရသည့် ဒေသများတွင်ပြုလုပ်သည့် ဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် လုပ်ငန်းများထပ်မှုကို ရှောင်ရှားနိုင်သည်။

သက်ဆိုင်ရာကုမ္ပဏီများသို့ သီးခြားတောင်းခံ၍ ဝဘ်ဆိုက် (Website)တွင် ဖော်ပြသွားပါမည်။

## ၇.၃.၁၁။ စီမံကိန်းအဆင့်၌ အစီရင်ခံတင်ပြမှုမရှိခြင်း

အခန်း(၄.၇)တွင် ဖော်ပြထားသည့်အတိုင်း EITI စံညွှန်းသည် အချို့သောအခြေအနေများတွင် စီမံကိန်းအဆင့် အစီရင်ခံတင်ပြခြင်း ဆောင်ရွက်ရန်လိုအပ်သည်။

အစိုးရဌာနများ၊ နိုင်ငံပိုင်လုပ်ငန်းများနှင့် ကုမ္ပဏီများသည် စီမံကိန်းများအကြား ဝင်ငွေစီးဆင်းမှုများကို မခွဲဝေ၊ မချထားသောကြောင့် MEITI အစီရင်ခံစာတွင် ဤအဆင့်အထိ စီမံကိန်းအလိုက်ခွဲခြားဖော်ပြထားခြင်း မပါဝင်ပေ။

အကြံပြုချက်

ထို့ကြောင့် အစိုးရဌာနများ၊ နိုင်ငံပိုင်လုပ်ငန်းများသာမက

သယံဇာတတူးဖော်ထုတ်ယူရေး ကုမ္ပဏီများပါ အခွန်ဘဏ္ဍာငွေစီးဆင်းမှုများကို စီမံကိန်းတစ်ခုချင်းအဆင့်တွင် အစီရင်ခံတင်ပြနိုင်ရန် စီမံကိန်းများအကြားဖြစ်နိုင်သည့်နေရာတိုင်းတွင် အခွန်ဘဏ္ဍာငွေစီးဆင်းမှုများကို မည်သို့ခွဲခြားဖော်ပြနိုင်မည်ဖြစ်ကြောင်း ဆန်းစစ်လေ့လာရန် အကြံပြုပါသည်။

သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ

အစိုးရဌာနများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီများသည် စီမံကိန်းအဆင့်ဘဏ္ဍာငွေများ (ဘဏ္ဍာရေးရာများ)ကို အစီရင်ခံလျက်ရှိပါသည်။

## ၇.၃.၁၂။ ကိန်းဂဏန်း အချက်အလက်များနှင့် သတင်းအချက်အလက်များ ထုတ်ယူရရှိခြင်း

EITIအစီရင်ခံစာ ရေးသားပြုစုခြင်း၏ ရည်ရွယ်ချက်မှာ အများပြည်သူများအား ရည်ညွှန်းကိုးကားစရာ ပေးအပ်ရန်နှင့် စာရင်းတိုက်ဆိုင်စစ်ဆေးမှု လုပ်ငန်းစဉ် (reconciliation process)ကို နားလည်သိရှိမှုပိုကောင်းစေရေး ပံ့ပိုးပေးရန် ဖြစ်သည်။ ထိုကဲ့သို့ ရည်မှန်းလုပ်ဆောင်ရာတွင် သယံဇာတတူးဖော်ထုတ်လုပ်ရေးဆိုင်ရာ စီမံအုပ်ချုပ်မှုတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေသော ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များနှင့် ရှင်းလင်းဖြေကြားချက်များကို ပြည်သူလူထုအနေနှင့် ရယူသိရှိနိုင်ရန်မှာ အလွန်အရေးကြီးလှသည်။

စာရင်းတိုက်ဆိုင်စစ်ဆေးသူများ (Reconcilers)အဖွဲ့သည် ကိန်းဂဏန်းအချက်အလက်များနှင့် အတည်ပြုချက်များ ရယူရာတွင် အောက်ပါတို့ကြောင့် များစွာသောအခက်အခဲများ ကြုံတွေ့ခဲ့ရသည် -

- ကိန်းဂဏန်း အချက်အလက်များ ကောက်ယူ စုဆောင်းခြင်းကို အဟန့်အတားဖြစ်စေသော ကြိုးနီစနစ်၊
- အစီရင်ခံစာတွင် ပါဝင်သော ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများမှတင်ပြသော ကိန်းဂဏန်းများနှင့် သတင်းအချက်အလက်များသည် အစီရင်ခံရမည့် စာပုံစံဖြင့် ရှေ့နောက်မညီညွတ်ခြင်း။

ရလဒ်အဖြစ် EITIအစီရင်ခံစာသည် မျှော်မှန်းထားသည့် အရည်အသွေးမရခဲ့ပါ။ ကြုံတွေ့နေရသော အခက်အခဲများကြောင့် ဤအစီရင်ခံစာကို အသုံးပြုသူများအတွက် အသိအမြင်ပေးနိုင်မည့် ကိန်းဂဏန်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုကို စနစ်တကျ ဆောင်ရွက်ရန် အချိန်အလုံအလောက် မရှိခဲ့ပေ။

အကြံပြုချက်

အစီရင်ခံတင်ပြသောဌာနများနှင့် ကုမ္ပဏီများမှ အဓိက တာဝန်ရှိသူများကို ကိန်းဂဏန်းနှင့် သတင်းအချက်လက်များ ထုတ်ပေးရာတွင် ပိုမိုတက်ကြွသော အခန်းကဏ္ဍများမှ ဆောင်ရွက်ရန်သာမက EITI အစီရင်ခံစာတွင် ပိုမိုပြည့်စုံကျယ်ပြန့်သော ရှင်းလင်းချက်များပေးအပ်ရန်နှင့် အစီရင်ခံစာတွင်ပါဝင်သော အချက်အလက်များကို အတည်ပြုပေးနိုင်ရန် တိုက်တွန်းအားပေးသင့်ပါသည်။ လွတ်လပ်သော စာရင်းတိုက်ဆိုင်စစ်ဆေးသူ (Independant Administrator)မှ ကွင်းဆင်းလုပ်ငန်းမစတင်မီ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (MSG)က အသုံးပြုရန် ရွေးချယ်ထားသော အစီရင်ခံစာပုံစံကို ကိန်းဂဏန်းအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းစဉ်ကို စတင်ရန်အသုံးပြုနိုင်ပါသည်။

## ၇.၃.၁၃။ နောင် ပြုအစီရင်ခံစာ၏ နယ်ပယ်အတိုင်းအတာကို တိုးချဲ့ရေး သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ ထည့်သွင်းစဉ်းစားရန်။

MEITI၏ ကနဦးအစီရင်ခံစာနှစ်စောင်မှာ Upstream entity ဟုခေါ်သောလုပ်ငန်းများ (ဥပမာ - အမှန်စင်စစ် သတ္တုနှင့် အခြားတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများ)နှင့် သာ သက်ဆိုင်နေပြီး တူးဖော်ထုတ်လုပ်ရေး စက်မှုကဏ္ဍတွင် အဓိကအချက်ဖြစ်သော တစ်ဆင့်ခံကန်ထရိုက်တာများမပါဝင်ချေ။

ကျောက်မျက်ကဏ္ဍ၏ လွှမ်းခြုံမှုသည် ပြီးခဲ့သောအစီရင်ခံစာနှစ်စောင်တွင် တိုးချဲ့ထားသော်လည်း အလွန်ကြီးမား၊ များပြားသော တရားမဝင်မှောင်ခိုလုပ်ငန်းကြောင့် အစီရင်ခံစာများ တွင်ပါဝင်မှုသည် ကဏ္ဍတစ်ခုလုံး၏ အနည်းငယ်မျှကိုသာ လွှမ်းခြုံထားနိုင်သေးသည်။

အကြံပြုချက်

နောင်အစီရင်ခံစာများတွင် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အနေ - ဖြင့် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အကြံပြုပါသည် -

- သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍတွင် တူးဖော်ထုတ်လုပ်ရေးပိုင်း တစ်ဆင့်ခံကန်ထရိုက်တာများ (upstream sub-contractors) ကိုထည့်သွင်းခြင်း။ ဤလုပ်ငန်းရှင်များကို ထည့်သွင်းရသည့် အဓိကရည်ရွယ်ချက်မှာ ဤစက်မှုကဏ္ဍ

များ၏ တန်ဖိုးကွင်းဆက်ကို ပိုမိုပြည့်စုံကျယ်ပြန့်စွာ ဆန်းစစ်ချက်နှင့် ယင်းတို့၏စီးပွားရေးသို့ ထည့်ဝင်ပံ့ပိုးမှုတို့ကို ပိုမိုပြည့်စုံကျယ်ပြန့်စွာ ပေးအပ်ရန်ဖြစ်ပါသည်။

● ကျောက်မျက်ကဏ္ဍ ပြုပြင်ပြောင်းလဲရေး အစီအစဉ် (Gemstone Sector reform plan)အပေါ် အခြေခံ၍ လိုက်လျောညီထွေရှိအောင် ဆောင်ရွက်ထားသော အကောင်အထည်ဖော်ဆောင်မှု (Adapted Implementation)ကို ကျင့်သုံးခြင်းအားဖြင့် ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍ၏ လွှမ်းခြုံမှုကိုချဲ့ထွင်ခြင်းနှင့် စာရင်းတိုက်ဆိုင် စစ်ဆေးခြင်းလုပ်ငန်းစဉ်တွင် ရောင်းဝယ်ရေးကုမ္ပဏီများ (trading companies)ကို ထည့်သွင်းခြင်း။

● စစ်ဘက်ဦးပိုင်ကုမ္ပဏီများနှင့် ယင်းတို့၏ လုပ်ငန်းခွဲများသည် ဆုံးရှုံးနိုင်ခြေ၊ အန္တရာယ်ရှိသောလုပ်ငန်းများအတိအကျ ဖြစ်နေသောကြောင့် စာရင်းစစ်များ၏ သေချာတိကျသော ထောက်ခံချက်၊ စနစ်တကျ တွေ့ဆုံမေးမြန်းမှုများနှင့်/ (သို့မဟုတ်) ခွဲခြမ်းစိတ်ဖြာသုံးသပ်များနှင့် ယင်းတို့စာရင်းများထဲမှ သတ်မှတ်ထားသော အချို့လုပ်ဆောင်ချက်များကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုများနှင့် စာရင်းစစ်ခြင်းများစသည်ဖြင့် ပို၍မြင့်မားသော စစ်ဆေးမှုခံယူသင့်ပါသည်။

## ၅.၃.၁၄။ နိုင်ငံတော်မှရရှိသည့် ထုတ်လုပ်မှုဝေစုကို ရောင်းချခြင်း

EITI စည်းကမ်းချက် (၄.၂) အရ "နိုင်ငံတော်မှရရှိသည့် ထုတ်လုပ်မှုဝေစု ရောင်းချခြင်းများ (သို့မဟုတ်) ကုန်စည် (in kind) အားဖြင့်ရရှိသော အခြားဝင်ငွေများမြင့်မားသောအခါ နိုင်ငံပိုင်လုပ်ငန်းများအပါအဝင် အစိုးရကရောင်းချသည့် ပမာဏများနှင့်ရရှိသည့် ဝင်ငွေများကိုထုတ်ပြန်ကြေညာပေးရမည်။ ထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များကို ဝယ်ယူသည့်ကုမ္ပဏီတစ်ခုချင်းအလိုက် ခွဲခြားထားရမည်။ အစီရင်ခံတင်ပြခြင်းသည် ထုတ်ပြန်ကြေညာချက်များကို ထွက်ကုန်အမျိုးအစား၊ ဈေးနှုန်း၊ ဈေးကွက်နှင့် ရောင်းချသည့် ပမာဏအလိုက် ခွဲခြားထုတ်ပြန်ပေးနိုင်သည်။"

မြန်မာနိုင်ငံအတွက်ဆိုလျှင် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုခွဲဝေယူသည့် စာချုပ်များ (PSCs)အရ လုပ်ကွက်မှ ထုတ်လုပ်သော စုစုပေါင်းပမာဏကို အခြေခံပြီး နိုင်ငံတော်၏ ထုတ်လုပ်မှုအပေါ် နိုင်ငံတော်ဝေစုကို တွက်ချက်ကြောင်း သိရှိပါသည်။ ဖက်စပ်မိတ်ဖက်များသည် ရေရှည်သဘာဝဓာတ်ငွေ့ ရေရှည်အရောင်းစာချုပ်များနှင့်အညီ အားလုံးသော သဘာဝဓာတ်ငွေ့ဝင်ငွေများကို ရောင်းချပြီးရရှိသောဝင်ငွေများကို ငွေသားအားဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မိတ်ဖက်များသို့ ထုတ်လုပ်မှုခွဲဝေယူသည့် စာချုပ်ပါစည်းကမ်းချက်များနှင့်အညီခွဲပေးပါသည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ဝယ်ယူသည့်ကုမ္ပဏီ တစ်ခုချင်းအလိုက် ရောင်းချသည့် ပမာဏနှင့် ရရှိသည့် ဝင်ငွေများကို ခွဲခြားမထုတ်ပြန်ပေးခဲ့ပေ။ ဈေးနှုန်းနှင့် နောက်ဆုံးရောက်ရှိမည့် ဈေးကွက်နှင့်ပတ်သက်သည့် အချက်အလက်များကိုလည်း မထုတ်ပြန်ပေးခဲ့ချေ။

အကြံပြုချက်

နိုင်ငံတော်၏ ထုတ်လုပ်မှုဝေစုနှင့် ပတ်သက်သည့် ပထမရောင်းဝယ်မှုနှင့်စပ်လျဉ်း၍ လိုအပ်သော သတင်းအချက်အလက်များ အားလုံးကို ထုတ်ပြန်ကြေညာရန် အကြံပြုလိုက်ပါသည်။ ဤသတင်းအချက်အလက်များတွင် အောက်ပါတို့ ပါဝင်ရမည် -

- အရောင်းတစ်ခုချင်း၏ ပမာဏနှင့် တန်ဖိုး၊
- ရက်စွဲ၊
- ရောင်းချသည့် တွင်းထွက်သယံဇာတ အမျိုးအစား၊
- ဝယ်ယူသည့် ကုမ္ပဏီ မည်သူမည်ဝါဖြစ်ကြောင်း၊
- နိုင်ငံတကာစီးပွားရေးဆိုင်ရာ အသုံးအနှုန်းများ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး စကားအသုံးအနှုန်းများ (Incoterms)၊
- တစ်ဦးချင်း ရောင်းဈေးနှင့်
- ရောင်းချသည့် ဈေးကွက်/ ရောင်းချကုန်များ နောက်ဆုံး ရောက်မည့်နေရာ။

## ၅.၃.၁၅။ ပထမအကြိမ် MEITI အစီရင်ခံစာမှ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်း

ပထမအကြိမ် MEITIအစီရင်ခံစာပါ အကြံပြုချက်များသည် ဥပဒေများနှင့် တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကိုပြင်ဆင်ခြင်းများနှင့် ကိန်းဂဏန်း အချက်အလက်များ၏ အရည်အသွေးကိုပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရာမှ တစ်ဆင့် ပိုမိုကောင်းမွန်သောပွင့်လင်းမြင်သာမှု မြှင့်တင်ပေးရန် တည်ဆဲအစီရင်ခံသည့် ယန္တရားပုံစံများတွင် ပြုပြင်ပြောင်းလဲမှုများပြုရန်လိုအပ်ကြောင်း အလေးထားအကြံပြုထားသည်။

ပထမအကြိမ် MEITI အစီရင်ခံစာပါအကြံပြုချက်များနှင့် တွေ့ရှိချက်များကို အကောင်ထည်ဖော်နိုင်ရန် စောင့်ကြည့် လေ့လာရေး လုပ်ငန်းစီမံချက်များ၏ လက်ရှိပုံစံဒီဇိုင်းကို ခိုင်မာ အားကောင်းစေရန်လုပ်ဆောင်နေဆဲ ဖြစ်ကြောင်းသိရပါ သည်။

အကြံပြုချက်

သို့ဖြစ်၍ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ (MSG)သည် အကောင် အထည်ဖော်ရမည့် အကြံပြုချက်များတွင်ပါဝင်သော လုပ်ငန်း များနှင့် အစိုးရဌာနများကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်းကို မှတ်တမ်းတင်သည့် တရားဝင် ထုံးနည်းစံကျလုပ်ငန်းစဉ် တစ်ရပ် - ဥပမာ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ လစဉ်အစည်း အဝေးများ၏ အစီအစဉ်တွင်ထည့်သွင်းခြင်းကို အကောင် အထည်ဖော်ရန် အကြံပြုလိုက်ပါသည်။ ထို့အပြင် ပြန်လည် သုံးသပ်သည့် လုပ်ငန်းများကို ပို၍စနစ်တကျခိုင်မာစွာ ဖွဲ့စည်း ထားသော တာဝန်ခံမှုနှင့် အစီရင်ခံလမ်းကြောင်းများကို ဆောင်ရွက်ခြင်းသာမက အကောင်အထည်ဖော်ရန် အတိ အကျသတ်မှတ်ထားသည့် အချိန်ဇယားမှတစ်ဆင့်လည်း ယခု ထက်ပို၍ ခိုင်မာအားကောင်းအောင် ဆောင်ရွက်နိုင်ပါသည်။

# ၁.၁။ ယခင်အကြံပြုချက်များ အပေါ် နောက်ဆက်တွဲ လေ့လာခြင်း

| ထောက်ခံအကြံပြုချက်များ | အကောင်အထည် ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| အစီရင်ခံစာထဲတွင် ထည့်သွင်းဖော်ပြထားသော အချက်အလက်များ အားယုံကြည်စိတ်ချနိုင်မှု<br><br>EITI၏ သတ်မှတ်ချက်များအရ အချက်အလက်များ၏ ယုံကြည်စိတ်ချနိုင်မှုသည် နိုင်ငံတစ်နိုင်ငံ၏ ပွင့်လင်းမြင်သာမှုကို အကဲဖြတ်သုံးသပ်ရာတွင် အဓိကကျသောအချက်များထဲမှ တစ်ခုဖြစ်ပြီး EITI စည်ကမ်းများနှင့် ကိုက်ညီမှုရှိ ဆုံးဖြတ်သည့်လုပ်ငန်းစဉ်တွင်လည်း ထည့်သွင်း စဉ်းစားရသော အရေးကြီးသည့်အချက်တစ်ခုလည်း ဖြစ်ပါသည်။<br><br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် အစိုးရဌာနများအား စာရင်းစစ်မှုများနှင့် ပတ်သက်၍ မည်သည့်အစီရင်ခံစာကိုမျှ ပုံနှိပ်ထုတ်ဝေခြင်းမရှိပါ။ တွင်းထွက်သယံဇာတတူးဖော်ရေး စက်မှုကဏ္ဍတွင် ပါဝင်လုပ်ကိုင်နေသော အစိုးရဌာနဆိုင်ရာများနှင့်ပတ်သက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးထံမှ စာရင်းစစ်အစီရင်ခံစာများကို တောင်းခံခဲ့ပြီး ဤအစီရင်ခံစာများသည် အများပြည်သူအတွက် ဖတ်ရှုလေ့လာ၍မရပေ။<br><br>*နိုင်ငံတကာစံနှုန်းများနှင့်အညီ တွင်းထွက်သယံဇာတတူးဖော်ရေး စက်မှုကဏ္ဍနှင့်စပ်လျဉ်းသည့် ဘဏ္ဍာရေးအချက်အလက်များ၏ ယုံကြည် စိတ်ချနိုင်မှု ရှိစေရန်ဟူသော ရည်ရွယ်ချက်ဖြင့်* | တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး | ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှနေ၍ ၂၀၁၄–၁၅နှင့် ၂၀၁၅–၁၆ ဘဏ္ဍာရေးနှစ်များအတွက် EITIလုပ်ငန်းစဉ်တွင်ပါဝင်သော အစိုးရဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စာရင်းစစ် အစီရင်ခံစာများကို ပို့ပေးခဲ့ပါသည်။<br><br>သို့ရာတွင် ဤအစီရင်ခံစာများသည် အများပြည်သူများ အနေဖြင့် ဖတ်ရှုလေ့လာနိုင်ခြင်း မရှိပေ။ |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည် ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| *ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ထုတ်ပြန်သည့် အစီရင်ခံစာများက အများပြည်သူများ အလွယ်တကူရရှိနိုင်ရန် စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများကို ပြန်လည်သုံးသပ်ရန် အကြံပြုတိုက်တွန်းပါသည်။ သို့မှသာလျှင် မြန်မာနိုင်ငံအတွင်းရှိ တွင်းထွက်သယံဇာတ တူးဖော်ရေးစက်မှုကဏ္ဍနှင့်ပတ်သက်၍ အသိအမြင် ပိုဖွင့်ပေးနိုင်မည်ဖြစ်ပြီး ယင်းကဏ္ဍ၏အရေးကြီးမှုကိုလည်း ပိုမိုသိရှိလာမည်။* | | |
| ကုမ္ပဏီဝင်ငွေခွန် ပြေစာများကိုထုတ်ပေးရာတွင် နှောင်နှေးကြန့်ကြာမှု<br><br>ပြည်တွင်းအခွန်များဦးစီးဌာနမှ ကုမ္ပဏီဝင်ငွေခွန်ပြေစာများကို ထုတ် ပေးသည်မှာ အတော်ပင် နှောင်နှေးကြန့်ကြာပါသည်။ အမှန်စင်စစ် တွင်းထွက်သယံဇာတတူးဖော်သော ကုမ္ပဏီများသည် ငွေလွှဲလိုက်သော်လည်း ပြေစာများမရကြပေ။ ပြည်တွင်း အခွန်များဦးစီးဌာနမှ ပြေစာထုတ်ပေးရာတွင် ကြန့်ကြာမှုသည် တစ်လအထိရှိနိုင်သည်။<br><br>တွင်းထွက်သယံဇာတတူးဖော်သောကုမ္ပဏီများမှငွေပေးချေသော/ ငွေလွှဲပေးသောရက်နှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ စာရင်းမှတ်တမ်းများအကြား ကွာခြားမှုသည်လည်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသော အချက်အလက်များအတွင်း ကြီးမားသောခြားနားမှုများကိုဖြစ်စေပါသည်။ ကုမ္ပဏီအချို့မှ ၂၀၁၃–၁၄ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီဝင်ငွေခွန် နောက်ဆုံး ပေးချေမှုကို ပြုလုပ်ခဲ့ကြောင်း အစီရင်ခံခဲ့ကြပြီး ၂၀၁၄ခုနှစ် မတ်လအတွင်း ငွေလွှဲပေးခဲ့ကြောင်း သက်သေအထောက်အထားများ တင်ပြခဲ့ကြပါသည်။ ဤပေးချေမှုများ၏ ပြေစာများကို ၂၀၁၄ခုနှစ် ဧပြီလမှာထုတ်ပေးသဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနကမူ ဤပေးချေမှုများအတွက် ပြေစာများကို စာရင်းတိုက်ဆိုင်စစ်ဆေးသောကာလ ကျော်လွန်သော ၂၀၁၄ခုနှစ် ဧပြီလမှ ထုတ်ပေးခဲ့သဖြင့် အစီရင်ခံစာတွင် မထည့်သွင်းခဲ့ပေ။<br><br>*ကုမ္ပဏီများမှ ငွေလွှဲမှု ရရှိသည်နှင့် တစ်ပြိုင်နက် ကုမ္ပဏီဝင်ငွေခွန်* | ဆောင်ရွက်ဆဲ | ပြည်တွင်းအခွန်များဦးစီးဌာနသည် ဝင်ငွေခွန်ပေးမှုနှင့် ဆက်စပ်သည့် ပြေစာများနှောင့်နှေးမှုပြဿနာကို ဖြေရှင်းရန် အချို့သောလုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ဤလုပ်ဆောင်ချက်များကို ပြည်တွင်းအခွန်များဦးစီးဌာနမှ ပေးပို့လာသည့် မှတ်ချက်ထဲတွင် ထည့်သွင်းဖော်ပြထားပါသည် –<br><br>ပြည်တွင်းအခွန်များဦးစီးဌာန၏မှတ်ချက် –<br>ကုမ္ပဏီများကို အခွန်များကို စည်းကမ်းနှင့်အညီ လိုက်နာပေးသွင်းရန် အောက်ပါအချက်များကို ကြိုးစားလုပ်ဆောင်ထားပါသည် –<br>– ဝင်ငွေကြေညာလွှာ တင်သွင်းရန် အသိပေးခဲ့သည်၊<br>– နှစ်စဉ်အခွန်ဆောင်ခြင်းနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းနိုင်ရန် ဖိတ်ခေါ်ခဲ့သည်၊<br>– တင်သွင်းလာသော ကြေညာလွှာများကို စစ်ဆေးခဲ့ပါသည်၊<br>– လိုအပ်ပါကထပ်ပြီး အချက်အလက်များ ပေးပါရန် တောင်းခဲ့ပါသည်၊<br>– အချက်အလက်များ ပြည့်စုံပါက ပေးရမည့်အခွန်ပမာဏကို တွက်ချက်ပေးခဲ့ပါသည်၊ (ဤအဆင့်တွင် ဌာနဆိုင်ရာအဆင့်ဆင့်ကို ဖြတ်သွားရန်လိုပါသည်၊)<br>– အခွန်ဆောင်ရမည့် ပမာဏကို တွက်ချက် |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
| --- | --- | --- |
| *ပြေစာများကို ထုတ်ပေးရန်အကြံပြုလိုပါသည်။ ဤသို့ဆောင်ရွက်ခြင်းအားဖြင့် အစီရင်ခံစာတွင် ပါဝင်သည့်အချက်အလက်များကို မည်သည့်အထိပါဝင်မည်ဟု သတ်မှတ်ရာတွင် မှားယွင်းမှု ပြဿနာများကို ရှောင်ရှားနိုင်မည်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့်လည်း လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်သင့်ပြီး ပြေစာများထုတ်ပေးရာတွင် ကြန့်ကြာမှုဖြစ်စေသည့် အားနည်းချက်များကို ဖော်ထုတ်သင့်ပါသည်။* | | ပြီးပါက မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်၊ e-RTS တွင် ထည့်သွင်း၊ ဝင်ငွေခွန်ဥပဒေပုဒ်မ (၅၃)အရ (ပတခ အိုစီ–၈) အခွန်တောင်းခံလွှာနှင့် အခွန်ဆောင်ရန် သုံးခေါက်ချိုး ချလန်ကို ထုတ်ပေးခဲ့သည်၊<br>– ကုမ္ပဏီများသည် ချလန်ရသည်နှင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် အခွန်များကို ပေးဆောင်ရမည်။ ချလန်တစ်ရွက်ကို အခွန်ထမ်းသူမှ သိမ်းထားရန် ဖြစ်ပြီး အခြားတစ်ရွက်ကို သက်ဆိုင်ရာဘဏ်နှင့် ကျန်သည်ကို သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာနရုံးမှ သိမ်းဆည်းရမည်ဖြစ်ပါသည်။<br><br>အခွန်ထမ်းသည် ၂၀၁၃–၁၄နှစ်အတွင်း နိုင်ငံခြားငွေဖြင့် အခွန်ဆောင်ခဲ့ပါက ၎င်းတို့သည် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB)ဖြစ်စေ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဘဏ် (MICB)တွင်ဖြစ်စေ အခွန်ဆောင်ခဲ့ရသည်။ ထို့နောက် P.Oကို သက်ဆိုင်ရာအခွန်ဦးစီးရုံးများသို့ ဆက်လက်၍ ပို့ပေးခဲ့ရသည်။ ဤသို့ဆောင်ရွက်ခဲ့ရသည်မှာ ထိုစဉ်က သက်ဆိုင်ရာ အခွန်ဦးစီးရုံးများတွင် နိုင်ငံခြား ငွေကြေးငွေစာရင်းများ မဖွင့်နိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။ P.O ရမှသာလျှင် ပြည်တွင်းအခွန်များဦးစီးဌာနရုံးမှ ဆောင်ရမည့် ကုမ္ပဏီဝင်ငွေခွန်ကို တန်ဖိုးညီမျှသောကျပ်ဖြင့် ဖော်ပြထားသော ချလန်ထုတ်ပေးသည်။ ထိုအခါ အခွန်ထမ်းသည် ချလန်မှာပါသည့်အတိုင်း အခွန်ပမာဏကို နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် ဆောင်နိုင်ပါသည်။ အမှန်တကယ်အခွန်ဆောင်သည့်ရက်နှင့် ချလန်ထုတ်ပေးသည့် ရက်တို့ ကွဲပြားရသော အဓိကအကြောင်းရင်း ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ အကြီးစားအခွန်ထမ်းများရုံးကို ၂၀၁၅ခုနှစ်တွင် တည်ထောင်ခဲ့သည့် နောက် အခွန်ထမ်းများအနေဖြင့် အလွယ်တကူ အခွန်ဆောင်နိုင်ရန် မလိုအပ်သော ပြုရိုကရေစီဆန်သော |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| | | လုပ်ထုံးလုပ်နည်းများကိုဖြတ်ပစ်လျက်ရှိပါသည်။ |
| အစီရင်ခံစာတင်ပို့ရန် နောက်ဆုံးရက် သတ်မှတ်ချက်များ<br><br>အစီရင်ခံစာ တင်သွင်းရမည့် အဖွဲ့အစည်းများအတွက် အစီရင်ခံစာ ပုံစံတင်သွင်းရန် နောက်ဆုံးရက်ကို ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ(၆)ရက် ဟုသတ်မှတ်ခဲ့ပါသည်။ တွင်းထွက်သယံဇာတ တူးဖော်ရေးကုမ္ပဏီ (၄)ခုနှင့် အစိုးရဌာန (၂)ခု (ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာန)တို့သည် ၎င်းတို့၏ အစီရင်ခံစာပုံစံများကို အချိန်မီ မတင်ပေးနိုင်ခဲ့ကြပေ။<br><br>ဤအခြေအနေကြောင့် စာရင်းတိုက်ဆိုင်စစ်ဆေးသော လုပ်ငန်းစဉ်တွင် အတော်ကြီးမားသော နှောင့်နှေးကြန့်ကြာမှုများဖြစ်စေခဲ့ပြီး အဖွဲ့အစည်းများကို ဆက်သွယ်ရန်နှင့် အစီရင်ခံစာပုံစံများကို ကောက်ခံရန် ထပ်လောင်း၍ရင်းမြစ်များကို သုံးစွဲခဲ့ရသည့်အထိ ရောက်ခဲ့ပါသည်။<br><br>*အစီရင်ခံစာ တင်သွင်းမည့် အဖွဲ့အစည်းများအတွက် အစီရင်ခံစာပုံစံများ တင်သွင်းရန် နောက်ဆုံးရက်အချိန်နည်းမှုကိုရှောင်ရှားရန်နှင့် ယင်းတို့၏ အစီရင်ခံစာပုံစံများ ကြိုတင်ပြင်ဆင်ရန် လုံလောက်သော အချိန်ရစေရန် စာရင်းတိုက်ဆိုင်စစ်ဆေးမှု လုပ်ငန်းစဉ်အတွက် အချိန်ဇယားကို သေသေချာချာ ကြိုတင်စီစဉ်ရန် အကြံပြုလိုက်ပါသည်။ ဤသို့လုပ်မှသာလျှင် အစီရင်ခံစာတင်သွင်းရမည့် အဖွဲ့အစည်းများဘက်မှ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းခြင်းကို မြင့်မားစေပြီး စာရင်းတိုက်ဆိုင်စစ်ဆေးမည့်သူများအား ပိုမို ကောင်းမွန်သောပံ့ပိုးမှု ပေးနိုင်ပေမည်။* | ဖော်ဆောင်ထားပါသည်။ | ယေဘုယျအားဖြင့် ၂၀၁၄–၁၅နှင့် ၂၀၁၅–၁၆ EITI အစီရင်ခံစာများအတွက် အစီရင်ခံစာပုံစံများ ပေးအပ်ရမည့် သတ်မှတ်ထားသည့် နောက်ဆုံးရက်များကို လိုက်နာခဲ့ကြပါသည်။<br><br>ပြည်တွင်းအခွန်များဦးစီးဌာန၏မှတ်ချက်–<br>ပြည်တွင်း အခွန်များ ဦးစီးဌာနအနေဖြင့် MEITI အစီရင်ခံစာပုံစံပါ အချက်အလက်များကို အချိန်မီ မပေးနိုင်သည်မှာ အောက်ပါ အကြောင်းရင်းများကြောင့်ဖြစ်ပါသည် –<br><br>(က) ဝင်ငွေခွန်ဥပဒေပုဒ်မ(၄၉)ပါ ပြဋ္ဌာန်းချက်အရ ပြည်တွင်းအခွန်များဦးစီးဌာနသည်ပုဒ်မ(၄၉)ကိုလိုက်နာရပါသည်။<br>ထိုဝင်ငွေခွန် ပုဒ်မ (၄၉)မှာ အောက်ပါအတိုင်းဖြစ်ပါသည် –<br><br>"ဤဥပဒေအရ ဆောင်ရွက်ရသော အမှုတွဲများတွင် ပါရှိသည့် အကြောင်းအချက်များအားလုံးကို လျှို့ဝှက်ကိစ္စအဖြစ်မှတ်ယူရမည်။ ထို့အပြင် သက်သေခံ ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မည်သည့်တရားစီရင်ရေး အဖွဲ့ကမှ အဆိုပါအကြောင်းအချက်များကို တင်ပြစေရန် (သို့မဟုတ်) ယင်းတို့နှင့်စပ်လျဉ်း၍ သက်သေခံစေရန် ပြည်သူ့ဝန်ထမ်းတစ်ဦးအား ဆင့်ဆိုပိုင်ခွင့်မရှိစေရ။"<br><br>သို့ရာတွင် ပြည်ထောင်စုအစိုးရက တရားလို (သို့မဟုတ်) တရားပြိုင်အဖြစ်ပါဝင်သည့် အမှုအတွက် ပြည်ထောင်စုအစိုးရက ဤကိစ္စအတွက် တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့ကသဘောတူညီလျှင် ဆင့်ဆိုပိုင်ခွင့် |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည် ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| | | ရှိသည်။<br><br>(ခ) ပြည်သူ့ဝန်ထမ်းတစ်ဦးသည် အဆိုပါအကြောင်း အချက်များကို ပြည်ထောင်စုအစိုးရကိစ္စမှအပ ထုတ်ဖော်ခြင်းမပြုရ။<br><br>(ဂ) ပုဒ်မခွဲ(ခ)ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်သော ပြည်သူ့ဝန်ထမ်းအားတရားစွဲဆို၍ ပြစ်မှုထင်ရှား ကြောင်းဆုံးဖြတ်လျှင် (၆)လအထိ ထောင်ဒဏ် အပြစ်ပေးနိုင်သည်။<br><br>ထို့အပြင်ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ (၅၃)တွင် ပြဋ္ဌာန်းထားသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည် – “ဤဥပဒေအရ ဆောင်ရွက်ရသည့် အမှုတွဲများတွင် ပါရှိသည့် အကြောင်းအချက်အားလုံးကို လျှို့ဝှက်ကိစ္စ အဖြစ်မှတ်ယူရမည့်အပြင် ထိုလျှို့ဝှက်ထားရမည့် အကြောင်းအချက်များကို တင်ပြစေရန်၊ ယင်းတို့နှင့် စပ်လျဉ်း၍ ပြည်သူ့ဝန်ထမ်းတစ်ဦးအား တင်ပြစေရန် ခိုင်းစေခြင်း၊ ပြည်သူ့ဝန်ထမ်းတစ်ဦးအား သက်သေခံ စေရန် ဆင့်ဆိုခြင်းတို့နှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ (၄၉)သည် ဤဥပဒေအပေါ်လည်း သက်ရောက် ရမည်။”<br><br>အထက်ပါအချက်များအရ ပြည်တွင်းအခွန်များဦးစီး ဌာနသည် MEITIမှတောင်းသော အကြောင်းအချက် များကို ပေးအပ်ရန်တာဝန် ရှိပါသည်။ မည်သို့ပင်ဆိုစေ ကာမူ ပိုမိုကောင်းမွန်သည့် တိကျမှန်ကန်မှုအတွက် ထိုအကြောင်းအချက်များကို အချို့သောဌာနတွင်း လုပ်ထုံးလုပ်နည်းများနှင့် စစ်ဆေးရန်လိုအပ်ခြင်းကြောင့် အချိန်မီ ယင်းတို့ကို မပေးအပ်နိုင်ခဲ့ခြင်းဖြစ်ပေသည်။ |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည် ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| | | အကောက်ခွန်ဦးစီးဌာန၏မှတ်ချက် –<br><br>သတ်မှတ်ထားသည့် MEITIအစီရင်ခံစာပုံစံကို အကြံပြုချက် ၇.၃တွင်ပါဝင်သည့် အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍အကောက်ခွန်ဦးစီးဌာနမှ အချိန်မှီမတင်သွင်းကြောင်းဖော်ပြထားပါသည်။ အစီရင်ခံစာပုံစံ နောက်ဆုံးထားပေးပို့ရမည့် ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၆ရက် မတိုင်မီ အကောက်ခွန်ဦးစီးဌာနသည် ဌာနနှင့်စပ်လျဉ်းသော အကြံပြုချက် ၇.၃အား အကောင်အထည်ဖော်ဆောင်မှု အခြေအနေကို အချိန်မီ မပေးပို့ခဲ့ကြောင်း ဖော်ပြထားပါသည်။<br><br>ထိုအစီရင်ခံစာပုံစံတွင် ဖြည့်သွင်းရမည်မှာ ကျောက်မျက်နှင့် ကျောက်စိမ်းကုမ္ပဏီများ၊ သတ္တုတူးဖော်ရေးကုမ္ပဏီများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများ၏ ပြည်ပပို့ကုန်၊ သွင်းကုန်များနှင့်ပတ်သက်သော အချက်အလက်များကို ဖြည့်ရန်သာဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ အချက်အလက်တောင်းသောစာထဲတွင် ထိုကုမ္ပဏီများနှင့်ပတ်သက်၍ လိုအပ်သော အသေးစိတ်အချက်အလက်များကို မပါရှိသဖြင့် အစီရင်ခံစာ ပုံစံကို ဖြည့်ရန် လိုအပ်သော အချက်အလက်များကို ကြိုတင်ပြင်ဆင်ရာတွင် ဌာနအတွက် အခက်အခဲ ဖြစ်စေခဲ့ပါသည်။ ထို့ကြောင့် ထိုအချက်အလက်များကို ထိုစဉ်ကာလပေးအပ်ရန် နှောင့်နှေးကြန့်ကြာမှုဖြစ်ခဲ့ပါသည်။<br><br>တောင်းလာပါက အကောက်ခွန်ဦးစီးဌာနဆိုင်ရာ အချက်အလက်များကိုပေးရန်၊ MEITI အစည်းအဝေးများတွင် အကောက်ခွန်ဦးစီးဌာန ကိုယ်စားပြု၍ တက်ရောက်ရန်၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကဏ္ဍများနှင့် စပ်လျဉ်းသော မေးခွန်းများကို |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည် ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| | | ပြေကြားပေးရန် ၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၂၁ရက်နေ့စွဲပါ ဌာနဆိုင်ရာ အမိန့်အမှတ် ၃၃၅/၂၀၁၇ဖြင့် MEITI အတွက် အကောက်ခွန်ကော်မတီတစ်ခုကို ဖွဲ့စည်းထားပါသည်။<br><br>ညှိနှိုင်းကြားရေးမှူးချုပ်နှင့် MEITIအကောက်ခွန်ကော်မတီမှ အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ EITI အစီရင်ခံစာရေးသားခြင်းနှင့်ပတ်သက်၍ နယ်ပယ်သတ်မှတ်မှု သုတေသနများဆိုင်ရာ လေ့လာမှုခရီးစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် လွတ်လပ်သော စာရင်းစစ်ဆေးသူအဖွဲ့မှ ကိုယ်စားလှယ်များနှင့် အစည်းအဝေးကို ၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် လက်ခံကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာနမှ အစီရင်ခံစာအတွက် ပေးပို့ရမည့် သတင်းအချက်အလက်များကိုလည်း ဆွေးနွေးခဲ့ပါသည်။ လက်ရှိ ကာလတွင် အကောက်ခွန်ဦးစီးဌာနသည် ကျောက်မျက်နှင့် ကျောက်စိမ်းကုမ္ပဏီပေါင်း (၁၀၁၉)ခု၊ သတ္တုတူးဖော်ရေးကုမ္ပဏီ (၁၂၀၃)ခု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ (၈၆)ခုတို့၏ ကိန်းဂဏန်းများနှင့် အကြောင်းအချက်များကို ၂၀၁၄-၂၀၁၅နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များအတွက် တောင်းခံထားသည့်အတိုင်း ထိုအချက်အလက်များနှင့် ကိန်းဂဏန်းများကို အချိန်မီပေးပို့နိုင်ရန် ပြင်ဆင်နေပါသည်။<br><br>နိဂုံးချုပ်အားဖြင့် အကောက်ခွန် ဦးစီးဌာနသည် ပထမ MEITIအစီရင်ခံစာ၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်မှု အခြေအနေ၊ တောင်းထားသော ကိန်းဂဏန်းများနှင့် အချက်အလက်များကို အချိန်မီ ပေးပို့နိုင်ရန် လက်ရှိဆောင်ရွက်နေပါသည်။ |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| EITI၏အနာဂတ် နယ်ပယ်သတ်မှတ်မှု<br><br>EITIစည်းကမ်းချက်(၄)အရ ပြည့်စုံလွှမ်းခြုံသော EITIအစီရင်ခံစာများထုတ်နိုင်ရန် အစိုးရမှတွင်းထွက်သယံဇာတတူးဖော်ရေးလုပ်ငန်း စက်မှုကဏ္ဍဝင်ငွေများကို အပြည့်အဝ ထုတ်ပြန်ကြေညာခြင်းနှင့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကုမ္ပဏီများမှ အစိုးရသို့ပေးရသော ထုတ်ကုန်ပစ္စည်းများ ပေးချေမှုအားလုံးကို ထုတ်ဖော်ကြေညာပေးရန် လိုအပ်ပါသည်။<br><br>*မြန်မာEITIမှ ဤအခြေအနေတွင် အောက်ပါအကြံပြုချက်များကို ထည့်သွင်းစဉ်းစားရန် အကြံပြုလိုက်ပါသည် –*<br>● *စာရင်းတိုက်ဆိုင် စစ်ဆေးခြင်းလုပ်ငန်းစဉ်တွင် ထုတ်လုပ်မှုအချက်အလက်များကို ထည့်သွင်းရန်၊*<br>● *ကျောက်မျက်အရောင်းပြပွဲမှရသော ဝင်ငွေများသာမဟုတ်ဘဲ ကောက်ယူရရှိသော ဝင်ငွေများအားလုံးကို ထည့်သွင်းခြင်းအား ဖြင့် ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍခွဲတွင် ဝင်ငွေများလွှမ်းခြုံမှုကို မြှင့်တင်ရန်နှင့် ရေအားလျှပ်စစ်၊ သစ်တော၊ ရေလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ထည့်သွင်းနိုင်ခြေကိုပါ သုတေသနပြုလေ့လာသွားရန်၊*<br>● *ကုမ္ပဏီများထံမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရရှိသည့် ဝင်ငွေများနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှ ဘဏ္ဍာရေးဝန်ကြီးဌာန သို့ လွှဲပြောင်းပေးသည့် ငွေပမာဏများအကြား စာရင်းတိုက်ဆိုင်စစ်ဆေးပေးရန်၊*<br>● *ကိန်းဂဏန်းပိုင်းဖြတ်မှုများကို လျှော့ချခြင်းနှင့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အခြား သတ္တုများအတွက် အခြား ဆက်စပ်မှုရှိသော စံသတ်မှတ်ချက်များကို ထည့်သွင်း စဉ်းစားခြင်းအားဖြင့် အစီရင်ခံစာ၏ လွှမ်းခြုံမှုကို တိုးမြှင့်ရန်၊*<br>● *စာရင်းတိုက်ဆိုင်စစ်ဆေးသောအဆင့်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းခြင်း/သယ်ယူပို့ဆောင်ရေး ဝင်ငွေများပါထည့်သွင်းရန်နှင့်*<br>● *စီမံကိန်းအလိုက်လူမှုရေးအတွက် ထည့်ဝင်သောကုန်ကျစရိတ်များကိုစီမံကိန်းအလိုက်နှင့် အကျိုးခံစားသူအလိုက်ခွဲခြားဖော်ပြရန်။* | တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး | မြန်မာနိုင်ငံ၏ ဒုတိယနှင့် တတိယ EITI အစီရင်ခံစာများ၏ နယ်ပယ်သတ်မှတ်မှုကို ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍတွင် ကျောက်မျက်ပြပွဲထက် ကျော်လွန်၍ ငွေပေးချေမှုများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများကို ထည့်သွင်းခြင်းနှင့် ကုန်ထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့ရောင်းချမှု အချက်အလက်များကို စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းတို့ကြောင့် ပိုမိုကျယ်ပြန့်စေခဲ့ပါသည်။ မြန်မာနိုင်ငံသည် ပထမအကြိမ် EITI သစ်တောအစီရင်ခံစာကို ပြင်ဆင်နေကြောင်းလည်း သိရပါသည်။ |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည် ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| *နှစ်စဉ်လုပ်ငန်းအစီအစဉ် ရေးဆွဲသောအခါ MEITIသည် သယံဇာတ ကဏ္ဍတစ်ရပ်လုံးကို အပြည့်အဝလွှမ်းခြုံနိုင်ရန်နှင့် EITI နယ်ပယ်လေ့လာသတ်မှတ်မှုမှာလည်း အဟုန်တရှိန်ရှိန် တိုးမြင့်မှု ရှိရန်ပါထည့်သွင်းစဉ်းစားသင့်ပါသည်။* | | |
| အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု အဓိပ္ပာယ်ဖွင့်ဆိုခြင်း<br><br>၂၀၁၃ခုနှစ် EITIစည်းကမ်းချက်များအရ သယံဇာတစက်မှုလုပ်ငန်းများတွင် ဝင်ရောက်၍ လေ့လံဆဲ၊ လုပ်ငန်းဆောင်ရွက်၊ (သို့မဟုတ်/နှင့်) ရင်းနှီးမြှုပ်နှံသောကုမ္ပဏီများ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများကို အများပြည်သူသိရှိအောင် ထုတ်ဖော်ကြေငြာရန် အကြံပြုထားပါသည်။ (အောက်တွင် ဖော်ပြထားသာ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ EITIစံနှုန်းသတ်မှတ်ချက်များကို လေ့လာနိုင်ပါသည်။) ဤသည်မှာ အစိုးရနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် စည်းကမ်းချက်ဖြစ်ပြီး ၂၀၁၆ခုနှစ်မှ၍ ဖက်စပ်လုပ်ငန်းများမှ မိတ်ဖက်များ အပါအဝင် ပုဂ္ဂလိက (သို့မဟုတ်) စတော့ရှယ်ယာဈေးကွက်တွင် စာရင်းမသွင်းထားသော အများပိုင်ကုမ္ပဏီများအတွက်လည်း စည်းကမ်းချက်တစ်ခု ဖြစ်လာနိုင်ပါသည်။<br><br>လက်ရှိကာလတွင် မြန်မာနိုင်ငံ၌ အဖိုးတန်သယံဇာတ ပိုင်ဆိုင်မှုများတွင် လေလံဝင်ပြိုင်သော၊ လုပ်ငန်းဆောင်ရွက်သော (သို့မဟုတ်) ရင်းနှီးမြှုပ်နှံသောကုမ္ပဏီများ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများကို အများပြည်သူ သိရှိစေရန် စာရင်းသွင်းမှတ်ပုံတင်ထားခြင်း မရှိပါ။ MEITI၏ နယ်ပယ်လေ့လာသတ်မှတ်ရေး အစည်းအဝေးတွင် ဦးဆောင်ကော်မတီအဖွဲ့ဝင်များသို့ အဆိုပြုထားသည့် "အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု"နှင့် "နိုင်ငံရေးအရ အကျိုးအမြတ်အတွက် လွှမ်းမိုးနိုင်သည့် ပုဂ္ဂိုလ်များ" အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အကျဉ်းချုံးတင်ပြမှုအား မျှဝေပေးခဲ့ပြီးသော်လည်း ကော်မတီအဆင့်တွင် အကျယ်တဝင့်ဆွေးနွေးရန် ကျန်နေပါသေးသည်။<br><br>နယ်ပယ်လေ့လာသတ်မှတ်ရေး အစီရင်ခံစာထဲတွင် အဆိုပြုထား | တစ်စိတ်တစ်ဒေသ အကောင်အထည်ဖော်ဆောင်ပြီး | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများနှင့် နိုင်ငံရေးအရ လွှမ်းမိုးပြီး အကျိုးအမြတ်ခံစားနိုင်သော ပုဂ္ဂိုလ်များ (PEP)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ အမ်အီးအိုင်တီအိုင် ဒုတိယနှင့် တတိယအစီရင်ခံစာများအတွက် ရေးဆွဲထားပါသည်။ ဤအစီရင်ခံစာများ၏ စာရင်းတိုက်ဆိုင်စစ်ဆေးမှုတွင် ပါဝင်သည့် သယံဇာတကုမ္ပဏီများအား အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများနှင့် အကျိုးအမြတ်အတွက် နိုင်ငံရေးအရ လွှမ်းမိုးနိုင်သောသူများနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာပေးရန် တောင်းဆိုခံခဲ့ပါသည်။ သို့သော်လည်း သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ဤသို့ ထုတ်ဖော်ကြေငြာချက်သည် မိမိတို့ သဘောဆန္ဒအလျောက်သာ လုပ်ရန်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။<br><br>အားလုံးသောကုမ္ပဏီများသည် (သက်ဆိုင်သောအခါ) အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများနှင့် နိုင်ငံရေးအရ လွှမ်းမိုးပြီး အကျိုးအမြတ်ရယူနိုင်သူများကို ၎င်းတို့၏ အစီရင်ခံစာပုံစံများထဲတွင် မထည့်သွင်း၊ မဖော်ပြကြောင်း မှတ်သားခဲ့ရပါသည်။<br><br>မြန်မာနိုင်ငံတွင်လည်း အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ မှတ်ပုံတင်စာရင်း ဟူ၍မရှိပါ။<br><br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မှတ်ချက် – |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| သည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်၏ သင့်တော်လျော်ကန်မှုကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကြီးမှ ဆုံးဖြတ်ရပါမည်။ ကုမ္ပဏီတစ်ခုတွင် လူတစ်ယောက်အား အကျိုးအမြတ် ရရှိပိုင်ဆိုင်သူအဖြစ် သတ်မှတ်ရေးအတွက် ထိုသူ ပိုင်ဆိုင် (သို့မဟုတ်) ထိန်းချုပ်ရမည့် အစုရှယ်ယာရာခိုင်နှုန်းကိုသတ်မှတ်ရန်နှင့် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုကို အစီရင်ခံရမည့်လုပ်ငန်းစဉ် အကောင်အထည်ဖော်ရာတွင် လိုအပ်သောဆောင်ရွက်ချက်များကို ဆောင်ရွက်ရန်ကို သဘောတူညီကြောင်း အီးအိုင်တီအိုင် ဘက်စုံအကျိုးသက်ဆိုင်သူများ အားလုံး၏ထင်မြင်မှုများကို ပေးပြီးသည့်အပေါ် အခြေခံ၍ ဆွေးနွေးဆုံးဖြတ်ရပါမည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် အကျိုးအမြတ်အတွက် နိုင်ငံရေးအရလွှမ်းမိုးနိုင်သည့် ပုဂ္ဂိုလ်များ၊ ကုမ္ပဏီမှအခြားအကြောင်းကြောင်းဖြင့် ငွေကြေးအကျိုးအမြတ်ရသူများကိုလည်း အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအဖြစ် စဉ်းစားမည်ဟုတ်၊ မဟုတ်ကို သဘောတူညီချက်ယူရမည်။<br><br>ဤချိတ်ဆက်မှုအရ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ယင်းကိုမည်သို့အစီရင်ခံတင်ပြရမည်ဟူသော လုပ်ငန်းစဉ်ကို သဘောတူပြီးသောအခါတွင် MEITI အထွေထွေအတွင်းရေးမှူးရုံးသည် အစီရင်ခံစာတင်သွင်းမည့် အဖွဲ့အစည်းများမှ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ကြေညာချက်၏ အရေးကြီးပုံကို သိရှိအောင် သေချာစွာလုပ်ဆောင်ပေးရန် အကြံပြုလိုက်ပါသည်။ စတော့ရှယ်ယာဈေးကွက်တွင် စာရင်းမသွင်းထားသည့် ကုမ္ပဏီများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ မပိုင်ဆိုင်သော ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုကို အထူးဂရုပြုသင့်ပါသည်။<br><br>ထို့အပြင် ကုမ္ပဏီများအား အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုကို အစီရင်ခံရန် စည်းကမ်းချက်များကို သင်တန်းတစ်ခုပေးရန် အရေးကြီးကြောင်း အထူးအကြံပြုလိုက်ရပါသည်။ သင်တန်းပေးသည့်အခါတွင်လည်း အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အစီရင်ခံစာပုံစံကိုလည်း တင်ပြပြီး အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ထုတ်ပြန်ကြေညာချက်အတွက် ကြိုတင်ပြင်ဆင်ရန် ညွှန်ကြားချက်များနှင့် လမ်းညွှန်မှတ်စု | | ၂၀၁၇ခုနှစ်၊ မတ်လ (၂၃)နှင့် (၂၄)ရက်နေ့များတွင် နေပြည်တော်၌ ညှိနှိုင်းတိုင်ပင်ဆွေးနွေးသော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ပြီး နိုင်ငံတကာ ကုမ္ပဏီများအား အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ၎င်းတို့အနေဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိပါက စိတ်ဝင်စားကြောင်း လျှောက်လွှာတင်ပေးရန်လည်း ဖိတ်ခေါ်ခဲ့ပါသည်။<br><br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီညွှန်ကြားမှုဦးစီးဌာန၏ မှတ်ချက် –<br>– မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် အစည်းအဝေးမှနေ၍ စီမံကိန်းတစ်ခုကို အတည်ပြုပြီးသည်နှင့် ၂၄ နာရီအတွင်း www.dica.gov.mm ဝဘ်ဆိုဒ်တွင် အတည်ပြုလိုက်သော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် ပတ်သက်သည့် အချက်အလက်များကိုထုတ်ဖော်ကြေငြာခြင်း၊ သတင်းစာရှင်းလင်းပွဲ ကျင်းပခြင်းနှင့် ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှု သတင်းအချက်အလက်များကို ကဏ္ဍအလိုက် သာမက နိုင်ငံအလိုက်ပါ တင်ပေးထားပါသည်။<br><br>– ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် အမည်စာရင်းသွင်းထားသော ကုမ္ပဏီများ၏ စာရင်းကို ဌာန၏ဝဘ်ဆိုဒ် (www.dica.gov.mm) တွင်တင်ပေးထားပါသည်။<br>– GIZ၏ ကျေးဇူးတင်ထိုက်သောပံ့ပိုးမှုများဖြင့် ဌာန၏ ဝဘ်ဆိုဒ်ကို ပိုမိုကောင်းမွန်အောင် Mspiral International Design and Web Development Agency နှင့် ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။<br>– လက်ရှိဌာနတွင် ကုမ္ပဏီများ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများကို အမည်စာရင်းသွင်း မှတ်ပုံတင်ရန် |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| များကိုလည်း ပေးအပ်သင့်ပါသည်။<br><br>*ထို့အတူအီးအိုင်တီအိုင် စည်းကမ်းချက် ၃.၁၁နှင့်အညီ အန္တိမ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အကြောင်းအချက်များကို ထုတ်ဖော်ချပြ၊ အခိုင်အမာဖော်ပြ၊ နောက်ဆုံးရလာသည့် အချက်အလက်များကို မွမ်းမံပြင်ဆင်ထည့်သွင်းရန် ကုမ္ပဏီများအတွက် စံနှုန်းပြည့်မီသော ပုံစံတစ်ခုကို သဘောတူညီမှု ရရှိရေးအတွက် သယံဇာတတူးဖော်ရေး ကဏ္ဍကုမ္ပဏီများနှင့်အတူ အစိုးရနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ စတင်ဆောင်ရွက်ရန်လည်း အကြံပြုလိုက်ရပါသည်။ ဤရည်ရွယ်ချက်အတွက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စည်းကြပ်သူ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ ကျွမ်းကျင်ပညာရှင်များနှင့် အခြားသော အကျိုးသက်ဆိုင်သူများကို ကိုယ်စားပြုမည့် ကော်မတီခွဲတစ်ခုကို တည်ထောင်ရန် စဉ်းစားသင့်ပါသည်။ ဤကော်မတီသည် ထုတ်ဖော်ဖွင့်ဟ ကြေညာချက် စည်းမျဉ်းနှင့် စည်းကမ်းများ၏ ထိရောက်မှုနှင့် ရှေ့ဆက်ဖော်ထုတ်ရမည့် စည်းမျဉ်း၊ စည်းကမ်းများ၏ အချက်အလက်များကို ဖလှယ်နိုင်ရန် ပံ့ပိုးပေးပါမည်။* |  | အတွက် သီးခြားကဏ္ဍ ခွဲခြားထားခြင်း မရှိသေးပါ။<br>– ၂၀၁၇ခုနှစ်၊ မတ်လ (၃၀)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ၏ ပုဒ်မ (၃၈)အရ ရင်းနှီးမြှုပ်နှံသူတစ်ဦး (သို့မဟုတ်) ရင်းနှီးမြှုပ်နှံသူနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးစီးပွား သိသာထင်ရှားစွာပါဝင်သော အခြားပုဂ္ဂိုလ်များကိုပါဝင်ရမည် (သို့မဟုတ်) ကော်မရှင်မှ အခါအားလျော်စွာ သတ်မှတ်သည် အခြားသတင်းအချက်အလက်များကို နည်းဥပဒေ ၃၆ (ဂ)အရ တင်ပြသောအဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အကျဉ်းချုပ်တွင် ပါဝင်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။<br>– ထို့အတူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ(၄၅) အရကော်မရှင်သည် အဆိုပြုချက် အကျဉ်းချုပ်ကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်နိုင်သည်ဟုလည်း ပြဋ္ဌာန်းထားပါသည်။<br>– ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ပုဒ်မ (၁၉၉)အရ ရင်းနှီးမြှုပ်နှံသူတစ်ဦး တင်ပြသော နှစ်စဉ် အစီရင်ခံစာကို ကော်မရှင်ထံတင်ပြသည့်နေ့မှစ၍ သုံးရက်အတွင်း ရင်းနှီးမြှုပ်နှံသူ၏ ဝဘ်ဆိုဒ်တွင်ဖြစ်စေ၊ ဦးစီးဌာန၏ ဝဘ်ဆိုဒ်တွင်ဖြစ်စေ၊ အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရန် ပြဋ္ဌာန်းထားပါသည်။<br><br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏မှတ်ချက် –<br>၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၃ရက်နေ့တွင် နိုင်ငံတကာ EITI အထွေထွေအတွင်းရေးမှူးရုံးသို့ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု (beneficial ownership - BO) လမ်းပြမြေပုံတစ်ခုကိုပေးပို့ရန် နိုင်ငံတော်အစိုးရ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (MATA)၊ ပုဂ္ဂလိကကဏ္ဍ(MFMA)နှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု အင်စတီကျု (NRGI) တို့ တက်ရောက်သော |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| | | အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့တွင် နေပြည်တော်ရှိ Royal ACE Hotel ၌ကျင်းပ၍ လမ်းပြမြေပုံတစ်ခုကို မူကြမ်းရေးဆွဲခဲ့ပါသည်။ ထိုအကျိုးအမြတ် ရရှိပိုင်ဆိုင်မှု လမ်းပြမြေပုံ မူကြမ်းကို လွှန်ခဲ့သော မတ်လ (၂၀၁၇ ခုနှစ်၊ မတ်လ (၂၃) မှ (၂၄) ရက်)တွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ နှစ်ရက်တာ ပြန်လည်သုံးသပ်ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကိုကျင်းပ၍ အစိုးရ၊ MATA၊ MFMAနှင့် NRGIကဲ့သို့အရေးကြီးသည့် အကျိုးသက်ဆိုင်သူများနှင့်အတူ EITI အထွေထွေအတွင်းရေးမှူးရုံးမှ Ms. Gay ESifh World Bank မှ Ms. Shona တို့လည်း တက်ရောက်ခဲ့ကြပြီး လမ်းပြမြေပုံကို အပြီးသတ်ရေးဆွဲနိုင်ရန် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပါသည်။ ထို့အပြင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အကြံပေးတစ်ဦး (BO Consultant) ငှားရမ်းနိုင်ရန် ဝန်ကြီးဌာနသည် ကော်မတီခွဲ၊ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့တို့နှင့်လည်း ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။ |
| စစ်ဘက်မှ ထိန်းချုပ်သော ကုမ္ပဏီများ<br><br>EITI စံနှုန်းအရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် လူမှုဝန်ဆောင်မှုများ၊ အများပြည်သူအတွက် အခြေခံအဆောက်အဦများ၊ လောင်စာဆီအတွက်ထောက်ပံ့ငွေများနှင့် နိုင်ငံတော်ကြွေးမြီအတွက် ဝန်ဆောင်မှုပေးခြင်း စသည်တို့လို ငွေပေးချေမှုများကဲ့သို့သော ဘဏ္ဍာရေးနီးပါးအသုံးစရိတ်များကို ထုတ်ဖော်ကြေညာရန်နှင့် အခြားသော ငွေပေးချေမှုများနှင့် ဝင်ငွေစီးဆင်းမှုများနှင့် အချိုးအစားကိုက်ညီသည့် ပွင့်လင်းမြင်သာမှုအဆင့်တစ်ဆင့်ကို ရရှိစေရန် ရည်ရွယ်ချက်ဖြင့် အစီရင်ခံစာတင်သွင်းသည့် လုပ်ငန်းစဉ်တစ်ခုကို ဖော်ထုတ်သွားရန် လိုအပ်ပေသည်။ ၎င်းတို့အထဲတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းခွဲများနှင့် ဖက်စပ်လုပ်ငန်းများလည်း ပါဝင်သင့်ပါသည်။ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများသည်လည်း | ဖော်ဆောင်ထားပါသည်။ | ဤအစီရင်ခံစာ၏ အပိုင်း (၄) တွင်ပါသည့် ကိန်းဂဏန်း ပိုင်းခြားသတ်မှတ်မှုတို့နှင့်အညီ ၂၀၁၄–၂၀၁၅နှင့် ၂၀၁၅–၂၀၁၆ MEITIအစီရင်ခံစာများ၏ စာရင်းတိုက်ဆိုင်စစ်ဆေးမည့် နယ်ပယ်ထဲတွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)ကို ရွေးချယ်ထားပြီး ဖြစ်ပါသည်။<br><br>ဤအစီရင်ခံစာတွင် ဦးပိုင်(UMEHL)မှ လက်ခံရရှိသည့်ငွေများကို အစိုးရဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ တစ်ဘက်တည်း ဖွင့်ဟကြေညာချက်မှတဆင့် ထည့်သွင်းသွားပါမည်။ |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည် ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| နိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုကဏ္ဍများတွင် လုပ်ကိုင်လျက်ရှိသော ယင်းတို့၏လုပ်ငန်းခွဲများနှင့် ဖက်စပ်လုပ်ငန်းများ အပါအဝင် သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများတွင် ယင်းတို့၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု မည်မျှအဆင့်ရှိကြောင်းသာမက အစီရင်ခံစာတင်သည့် ကာလအတွင်းပိုင်ဆိုင်မှုအဆင့် လွှဲပြောင်းခြင်းများ ရှိခဲ့လျှင် ထုတ်ဖော်ကြေငြာရန် လိုအပ်ပေသည်။<br><br>သတ္တုတွင်းနှင့် ကျောက်မျက်ကဏ္ဍအပါအဝင် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် အရေးကြီးသည့်နေရာများတွင် စစ်ဘက်မှထိန်းချုပ်ထားသောကုမ္ပဏီကြီး(၂)ခု ဖြစ်သည့် ဦးပိုင် (UMEL)နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း(MEC) တို့မှနေရာယူထားကြောင်း သိရှိနားလည်ရပါသည်။ ထို့အတူပင်စီးပွားရေးလုပ်ငန်းများစွာကို ပူးပေါင်းတည်ထောင်ထားသည့် ဤကော်ပိုရေးရှင်းကြီးများသည် ကာကွယ်ရေးဝန်ကြီးဌာန၏ ဦးစီးဌာနများသို့ အစီရင်ခံသကဲ့သို့ ယင်းတို့အား နိုင်ငံတော်ကို အခြေပြုသည့်ကုမ္ပဏီများကို ပေးသောအကာအကွယ်များနှင့် အခွင့်ထူးများအပ်နှင်းသော ဥပဒေများအောက်တွင် ဖွဲ့စည်းထားကြောင်းလည်း သိရပါသည်။ ထို့အပြင် ၂၀၁၄ခုနှစ်အထိ ဤကုမ္ပဏီများအား ပုဂ္ဂလိကသတ္တုတူးဖော်ရေး ကုမ္ပဏီများ ပေးဆောင်ရသည့် အချို့သောအခွန်များနှင့် ထည့်ဝင်မှုများမှလည်း ကင်းလွတ်ခွင့် ပေးထားကြောင်းလည်း သိရှိရပါသည်။<br><br>ဦးပိုင်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့ကို နောက် EITI အစီရင်ခံစာတွင် အခြားသောနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကဲ့သို့ ကိုင်တွယ်ရန်၊ မည်သည့်ကိန်းဂဏန်းပိုင်းခြားမှုဖြစ်ဖြစ် နယ်ပယ်လေ့လာသတ်မှတ်မှုတွင် ထည့်သွင်းရန်သင့်၊ မသင့်ဟူသောအချက်ကို ကိုင်တွယ်ဖြေရှင်းရန် အကြံပြုလိုက်ပါသည်။ ထိုသို့ဆိုလျှင် ဤကုမ္ပဏီများသည်လည်း အောက်ပါအချက်အလက်များကို ထုတ်ဖော်ကြေညာ ပေးရပါမည် –<br>● အစိုးရနှင့် ယင်းတို့၏ဘဏ္ဍာရေး ပတ်သက်ဆက်နွယ်မှုနှင့် စပ်လျဉ်း၍ လိုက်နာရသည့် စည်းကမ်းများ၊ အလေ့အထများ၊<br>● သတ္တုတူးဖော်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများ | | |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| အတွင်း အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု အဆင့်၊<br>● နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းသို့ ငွေပေးချေမှုများနှင့် ထည့်ဝင်ငွေများ၊<br>● လူမှုဝန်ဆောင်မှုများ၊ အများပြည်သူအတွက် အခြေခံအဆောက်အဦများ၊ လောင်စာဆီအတွက် ထောက်ပံ့ငွေများနှင့် နိုင်ငံတော်ကြွေးမြီအတွက် ဝန်ဆောင်မှုများစသည့် ငွေပေးချေမှုများပါဝင်သည့် ဘဏ္ဍာရေးနီးပါး ကုန်ကျစရိတ်များ နှင့်<br>● နိုင်ငံအတွင်းလုပ်ကိုင်နေသော သတ္တုတူးဖော်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများအား ပေးထားသည့် ချေးငွေများ (သို့မဟုတ်) ချေးငွေအာမခံချက်များနှင့်စပ်လျဉ်းသည့် လုပ်ဆောင်ချက်များ | | |
| သယံဇာတစက်မှုလုပ်ငန်းများဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် သတင်းအချက်အလက်များကို ပုံနှိပ်ထုတ် ဝေခြင်း<br><br>EITIစံနှုန်းအရ သယံဇာတစက်မှုကဏ္ဍအတွင်း အောက်ပါတို့ အပါအဝင် အခြေအနေဆိုင်ရာအချက်အလက်များနှင့် စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ကြေငြာရန် စည်းကမ်းသတ်မှတ်ထားပါသည် –<br><br>● သယံဇာတစက်မှုလုပ်ငန်းများကို သတ္တုသိုက်များ၊ ဒေသအလိုက်၊ လက်ရှိ လုပ်ဆောင်နေသည်လုပ်ငန်းများနှင့် အရွယ်အစား၊ အရေးကြီးသောစမ်းသပ်တိုင်းတာရေးလုပ်ငန်းများ စသည်တို့အလိုက် ခြုံငုံတင်ပြခြင်း၊<br>● အလုပ်အကိုင်ခန့်ထားမှုနှင့် ပြည်ပပို့ကုန်အဆင့်များဖြင့် စီးပွားရေးကို ထည့်ဝင်ပံ့ပိုးပေးခြင်း၊<br>● သယံဇာတစက်မှုလုပ်ငန်းများမှရရှိသည့် အစိုးရဝင်ငွေများနှင့် စီမံကိန်းများ၊ ပထဝီမြေပြင်အလိုက်ဒေသများနှင့် တိုင်း ဒေသကြီးနှင့် ပြည်နယ်အဆင့်များသို့ ရန်ပုံငွေလွှဲပြောင်းပေးမှုများအတွက် ကြိုတင်သတ်မှတ်ကာ သီးခြား ဖယ်ထားသော ရန်ပုံငွေများနှင့်<br>● လိုင်စင်ချပေးခြင်း၊ လိုင်စင်များမှတ်ပုံတင်ခြင်း၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများနှင့် စာချုပ်ပါ စည်းကမ်းချက်များ အများပြည်သူ | အကောင်အထည် မဖော်ဆောင်ထားပါ။ | ဒုတိယနှင့် တတိယ MEITIအစီရင်ခံစာများ ရေးသားပြုစုရေးရည်ရွယ်ချက်အတွက် ပေးပို့သည့်သတင်းအချက်အလက်များမှအပ တွင်းထွက် သယံဇာတတူးဖော်ရေး စက်မှုလုပ်ငန်းကဏ္ဍနှင့်စပ်လျဉ်း၍ အခြေအနေ၊ အခင်းအကျင်းဆိုင်ရာ သတင်းအချက်အလက်များကို အစိုးရဌာနများမှ ပုံနှိပ်ထုတ်ဝေခြင်းအပိုင်းတွင် မည်သည့် တိုးတက်မှုတစ်စုံတရာကိုမျှမတွေ့ရှိရပါ။<br><br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မှတ်ချက် –<br>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ယင်းဥပဒေထဲတွင် ရင်းနှီးမြှုပ်နှံသူများမှ နိုင်ငံတကာနှင့် ပြည်တွင်းဒေသခံဝန်ထမ်းများအကြား ဟန်ချက်ညီမှုရှိစေရန် မည်သို့အလုပ်ခန့်ထားမှု လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရှင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် တွင်းထွက်သယံဇာတတူးဖော်ရေး စက်မှုလုပ်ငန်း လုပ်ဆောင်သည့် ကုမ္ပဏီများနှင့် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများမှ ရရှိသောအခွန်များကိုလည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လစဉ်ပုံစံသာမကနှစ်စဉ်ပုံစံ |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| သိရှိအောင် အချက်အလက်များထုတ်ပြန်ကြေညာခြင်းတို့ဖြစ်ပါသည်။<br><br>လက်ရှိတွင် MEITI အထွေထွေအတွင်းရေးမှူးရုံးမှာ တွင်းထွက်သယံဇာတတူးဖော်ရေးစက်မှုလုပ်ငန်းများ လုပ်ဆောင်နေသည့်ကုမ္ပဏီများ၊ စက်မှုကဏ္ဍ အပေါ် နောက်ခံအကြောင်းအရာ အခြေအနေ၊ ကိန်းဂဏန်း အချက်အလက်များပါဝင်သော ပြည့်စုံသောအချက်အလက်အခြေပြုစနစ် (ဒေတာဘေ့(စ်)) မရှိချေ။ ဤအစီရင်ခံစာတွင် ပါဝင်သည့်အခြေအနေ သတင်းအချက်အလက်များသည်လည်း အစိုးရဌာနများနှင့် တွေ့ဆုံခဲ့သည့် အစည်းအဝေးများနှင့် များစွာသောရင်းမြစ်များထံမှ စုစည်းကောက်ယူထားခြင်း ဖြစ်ပါသည်။ ယခုကောက်ယူရရှိထားသော အကြောင်းအချက်များကို အများပြည်သူမှမရရှိနိုင်ကြပေ။ အချို့သော လေ့လာဆန်းစစ်သုံးသပ်ချက်များသည် အလုပ်အကိုင်ခန့်ထားခြင်းကဲ့သို့သော ကဏ္ဍအတွင်းတွင် ကိန်းဂဏန်းအချက်အလက်များ မရှိခြင်းကြောင့် ပြည့်စုံမှု မရှိပေ။<br><br>ထို့အတူပင် သတင်းဇစ်မြစ် တစ်ခုနှင့်တစ်ခုကြားတွင် ပြည်ပသို့တင်ပို့ရောင်းချခြင်းနှင့် ကုန်ထုတ်လုပ်မှုကဲ့သို့သော ကိန်းဂဏန်းများစွာသည် ကွာခြားမှုရှိနေကြောင်းကို မှတ်သားတွေ့ရှိခဲ့ရပါသည်။ (ဤအစီရင်ခံစာ၏ အပိုင်း ၃.၁၁ ကို လေ့လာဖတ်ရှုပါရန်)<br><br>*သယံဇာတကဏ္ဍအခြေအနေကို တင်ပြသည့် သတင်းအချက်အလက်များ၏ ဖြောင့်မတ်မှု၊ မှန်ကန်မှု၊ စိတ်ချ ယုံကြည်ရမှုနှင့် ပြည်သူများ လက်လှမ်းမီရရှိနိုင်မှုတို့ကို ပိုမိုကောင်းမွန်စေရန် MEITI အထွေထွေအတွင်းရေးမှူးရုံး၊ သတ္တုတွင်းဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ဗဟိုစာရင်းရုံးတို့အား သယံဇာတစက်မှုကဏ္ဍ၏အလားအလာ၊ စီးပွားရေးသို့ ထည့်ဝင်ပံ့ပိုးမှု၊ ဤကဏ္ဍအတွက်မဟာဗျူဟာနှင့် အခြားသက်ဆိုင်သော ဖြစ်ရပ်များနှင့် အချက်အလက်များ၊ လက်ရှိ စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများ၊ နောက်တွင်ပေါ်ထွက်လာမည့်* | | ဖြင့်ပါပေးသွင်းနေပြီး ထိုကိန်းဂဏန်း၊ အချက်အလက်များကိုလည်း ဗဟိုစာရင်းရုံးမှတဆင့် အများပြည်သူသိရှိအောင် ထုတ်ပြန်ကြေညာလျက် ရှိပါသည်။<br><br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မှတ်ချက် –<br>တွင်းထွက်သယံဇာတတူးဖော်ရေး စက်မှုကဏ္ဍမှ ရရှိသော အစိုးရဝင်ငွေများ၊ သီးခြားအစီအစဉ်များအတွက် ချပေးသောရန်ပုံငွေများ၊ လိုင်စင်ချထားပေးမှုများနှင့် အမည်စာရင်းရေးသွင်းခြင်း၊ ဥပဒေ၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များ၊ စာချုပ်နမူနာများနှင့်စပ်လျဉ်းသည့် ကိန်းဂဏန်းများနှင့် သတင်းအချက်အလက်များကို ဒုတိယ MEITI အစီရင်ခံစာအတွက် လွတ်လပ်သော စာရင်းတိုက်ဆိုင်စစ်ဆေးခြင်း လုပ်ဆောင်မည့် Moore Stephens အဖွဲ့သို့ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ထိုအချက်အလက်များကို သတင်းစာရှင်းလင်းပွဲများ၊ အစီရင်ခံစာထုတ်ဝေခြင်း အခမ်းအနားများမှတဆင့် အများပြည်သူထံသို့ တရားဝင်ထုတ်ပြန်ကြေညာသွားပါမည်။ ထို့အပြင်ဝန်ကြီးဌာန၏ ဝဘ်ဆိုဒ် (www.mining.gov.mm)တွင် ၂၀၁၅ခုနှစ် မေလမှစ၍ ဝန်ကြီးဌာနမှ ထုတ်ပေးထားသော သတ္တုတွင်းများ မှတ်ပုံတင်အမည်စာရင်းကိန်းဂဏန်းများကို နောက်ဆုံးရရှိသည့် အချက်အလက်များ မွမ်းမံ၊ ပြင်ဆင်၊ တင်ပေးလျက်ရှိပါသည်။ |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည် ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| *ပြောင်းလဲမှုများ စသည့်အချက်များစွာပါဝင်သော ကဏ္ဍအခြေအနေသတင်းအချက်အလက်များကို အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ် ပုံနှိပ်ထုတ်ဝေရန် အကြံပြုလိုက်ရပါသည်။*<br><br>*ထို့အတူပင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် စာရင်းမှတ်တမ်းတင်ခြင်းနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ နိုင်ငံတကာညွှန်ကြားချက်များနှင့် ဆင်တူသောအစီရင်ခံစာတင်သွင်းခြင်း စည်းကမ်းချက်များကို အကောင်အထည် ဖော်ဆောင်ခြင်းကို ထည့်သွင်းစဉ်းစားနိုင်ရန် EITI အထွေထွေအတွင်းရေးမှူးရုံးအား လုံလောက်သော ရင်းမြစ်များဖြင့် ပံ့ပိုးကူညီပေးသင့်ကြောင်း အကြံပြုတိုက်တွန်းလိုက်ပါသည်။* | | |
| လိုင်စင်များ မှတ်ပုံတင် အမည်စာရင်းသွင်းခြင်း<br><br>EITIစံနှုန်းအရ EITIအကောင်အထည်ဖော်ဆောင်သော နိုင်ငံများသည် EITI အစီရင်ခံစာတွင် ပါဝင်သောကုမ္ပဏီများနှင့် စပ်လျဉ်းသည့် လိုင်စင်တစ်ခုချင်းနှင့် ပတ်သက်သော သတင်းအချက်အလက်အပြည့်အစုံပါဝင်သည့် အမည်စာရင်းမှတ်ပုံတင်ခြင်း (သို့မဟုတ်) cadastral system ခေါ် အများပြည်သူများ အလွယ်တကူ အချက်အလက်များရယူနိုင်စေသည့် မှတ်တမ်းစနစ်တစ်ခု ရှိရေး အတွက် ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ ဤအမည်စာရင်းသွင်းရာတွင် အောက်ပါအချက်အလက်များ ပါဝင်သင့်ပါသည် –<br>၁။ လိုင်စင် ကိုင်ဆောင်ထားသူ(များ)၊<br>၂။ လုပ်ငန်း ထုတ်လုပ်ခွင့်ရ နယ်မြေ၏ နယ်ခြားအမှတ်အသားများ၊<br>၃။ လိုင်စင် လျှောက်ထားသော ရက်စွဲ၊ လိုင်စင်ချပေးသော ရက်စွဲနှင့် လိုင်စင် သက်တမ်း နှင့်<br>၄။ အကယ်၍ထုတ်လုပ်မှုလိုင်စင်များဆိုပါက ထုတ်လုပ်သည့် ကုန်စည်အမျိုးအစားတို့ ဖြစ်ပါသည်။<br><br>လက်ရှိခွင့်ပြုမိန့်ချပေးသည့် မှတ်ပုံတင်စာရင်းတွင် အောက်ပါ အားနည်းချက်များရှိကြောင်း သိရှိရပါသည် –<br>(က) ခွင့်ပြုချက်များကို အွန်လိုင်းပေါ်တွင် အချက်အလက် မရယူ၊ | ဆောင်ရွက်ဆဲ | Mineral Cadastre System အကောင်အထည်ဖော်ဆောင်ထားမှု၏ တိုးတက်မှု အခြေအနေအား အစီရင်ခံစာ၏ အခန်း ၃.၃.၁၆ တွင် ဖော်ပြထားပါသည်။ |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည် ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| မသိရှိနိုင်ပေ၊ လေ့လာမသိရှိနိုင်ပေ။<br>(ခ) သတ္တုတူးဖော်ခွင့်များ လွှဲပြောင်းပေးမှုများကို ကွန်ပျူတာဖြင့် မှတ်တမ်းတင်ထားနိုင်ခြင်း မရှိပေ။<br>(ဃ) လိုင်စင်ချပေးထားသည့် စာရင်းကိုပြုစုရန် လူအင်အား အများအပြားသုံး၍ အချက်အလက်များကို တစ်ခုချင်း ရှာဖွေနေရသည်။<br>(င) လိုင်စင်များကို စနစ်တကျနံပါတ်ကြိုတင် သတ်မှတ်ပေးထားခြင်း မရှိပေ။<br><br>*ထို့ကြောင့် အများပြည်သူလေ့လာမှတ်သားနိုင်သည့် သတ္တုတွင်းဆိုင်ရာ အမည်စာရင်းမှတ်ပုံတင်ထားသည့် စနစ် (Mining Cadastre)တွင် အားလုံးသောမှတ်တမ်းများကို ကွန်ပျူတာစနစ်ဖြင့်ထားခြင်းနှင့် နောက်ဆုံးရရှိထားသော အချက်များကို ပြင်ဆင်၊ ထည့်သွင်းပေးခြင်းတို့ကို လုပ်ဆောင်ရန် အကြံပြုတိုက်တွန်းလိုက်ပါသည်။ ထို့နောက်လိုင်စင်ရထားသော လုပ်ငန်း ဆောင်ရွက်သူများအားလုံးနှင့်ပတ်သက်၍ သက်ဆိုင်သည့်အသေးစိတ် အချက်အလက်များပါဝင်သည့် အစီရင်ခံစာများကို အလွယ်တကူ ထုတ်ယူနိုင်ပေလိမ့်မည်။*<br><br>*အွန်လိုင်းမှ အများပြည်သူသိရှိလေ့လာနိုင်မည့် အမည်စာရင်းမှတ်ပုံတင်သည့်စနစ် (online cadastral system) တစ်ခုကို အကောင်အထည်ဖော်ဆောင်သင့်ပါသည်။ ထိုစနစ်တွင် လုပ်ကွက်ချပေးသည့် နေရာ၏နယ်ခြားအမှတ်အသားများနှင့် သတ္တုတူးဖော်ခွင့်များကို လွှဲပြောင်းပေးမှုများသာမက ပေးရသော အခကြေးငွေများလည်း ပါဝင်မည်။ သတ္တုတွင်းဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့သည် လိုင်စင်များ၏ အသေးစိတ်အချက်အလက်များ ပါဝင်သည့် တရားဝင်အွန်လိုင်း မှတ်ပုံတင်မြေပုံများ (online cadastre maps)လည်း ထားရှိသင့်ပါသည်။* | | |
| အစိုးရ၏စာရင်းကောက်သည့်စနစ်များ<br><br>အစိုးရ၏ စာရင်းကောက်ယူမှုစနစ်များကို တည်ဆောက်ထားသည့် နည်းလမ်းကြောင့် သက်ဆိုင်ရာ အစိုးရဌာနများမှ | ဆောင်ရွက်ဆဲ | အစိုးရ၏ စာရင်းကောက်ယူ၊ ပြုစုသောစနစ်နှင့် စပ်လျဉ်း၍ အစိုးရဌာနဆိုင်ရာ အမျိုးအမျိုးမှ ပြုပြင်ပြောင်းလဲမှုများစွာကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
| --- | --- | --- |
| EITIရည်ရွယ်ချက်များနှင့် အစီရင်ခံစာကို အချိန်မှီပေးပို့ရန် လိုအပ်သော သတင်းအချက်အလက်များပံ့ပိုးရန်မှာ မလွယ်ကူကြောင်း စာရင်းတိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းလုပ်ဆောင်သည့် ကာလအတွင်း မှတ်သားသိရှိခဲ့ရပါသည်။<br><br>ဘဏ္ဍာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ အောက်တွင်ရှိသောဌာနများနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ မှတ်တမ်းများကို လက်အားသုံး စနစ်များဖြင့်သာ စာအုပ်ထဲ သိမ်းဆည်းထားပါသည်။ ထို့ကြောင့် သတင်းအချက်အလက်များကို ရှာဖွေစုစည်းသည့်အခါတွင် အချိန်အလွန်ကုန်ပြီး အမှားအယွင်းလည်း ပို၍ဖြစ်နိုင်ချေ ရှိသည်။ ထို့အတူပင် အစိုးရ၏ဝင်ငွေများနှင့် သတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်းနှင့် ထိန်းချုပ်ခြင်းကိုလည်း ပို၍ ခက်ခဲစေပါသည်။<br><br>အစိုးရဌာနဆိုင်ရာများသည် အခွန်ထမ်းနံပါတ် (Tax Identification Number)ကို အသုံးမပြုကြပေ။ ငွေပေးချေမှုများကို ဖြစ်ရပ်အများစုတွင် ကုမ္ပဏီအမည်ဖြင့်သာ မှတ်တမ်းတင်ထားသည်။ ကုမ္ပဏီအမည်စာလုံးပေါင်းမှားခြင်း (သို့မဟုတ်) ကုမ္ပဏီအမည်များသည် အခြားကုမ္ပဏီအမည်များနှင့် ဆင်တူခြင်းတို့ကြောင့် ဖြစ်ရပ်အတော်များ များတွင် ငွေပေးချေမှုများကို ကုမ္ပဏီမှားယွင်းပြီး မှတ်တမ်းတင်ထားကြောင်းတွေ့ရသည်။ သို့ဖြစ်၍ ကုမ္ပဏီ၏ကိုယ်စား အခြားသူများမှလည်း ငွေပေးချေမှုများ လုပ်ဆောင်နိုင်သဖြင့် ကုမ္ပဏီများမှ ငွေပေးချေမှုများကို ဖော်ထုတ် သည့် လုပ်ငန်းစဉ်ကို အချိန်ကုန်၍ ပင်ပန်းခက်ခဲစေသည်။<br><br>*သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရမှ အခွန်ကောက်ခံခြင်းနှင့် ဝင်ငွေများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို မှတ်တမ်းတင်နိုင်ရန်နှင့် ထိန်းချုပ်နိုင်ရန်သင့်တော်လျော်ကန်သော ကွန်ပျူတာဖြင့် အသုံးပြုသည့်နည်းပညာစနစ်များကို စတင်မိတ်ဆက် အသုံးပြုပါရန် အကြံပြုအပ်ပါသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံတွင်း အခွန်နှင့်ဆိုင်သော တာဝန်ရှိအဖွဲ့အစည်းများဖြစ်သည့် ပြည်တွင်းအခွန်များ* | | ပြုပြင်ပြောင်းလဲမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–<br><br>ပြည်တွင်းအခွန်များဦးစီးဌာန၏မှတ်ချက် –<br>ပြည်တွင်းအခွန်များ ဦးစီးဌာနသည် ခေတ်မီ၍ ထိရောက်သော အခွန်စီမံခန့်ခွဲသည့် စနစ်တစ်ခုကို တည်ထောင်အသုံးပြုနိုင်ရန် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ခုကို ၂၀၁၂မှ စတင်၍ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၊ ကမ္ဘာ့ဘဏ်(World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ အပြည်ပြည်ဆိုင်ရာအခွန်နှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့(ITIC)၊ JICA၊ OECDနှင့် OTA (USA)ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အခွန်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် မဟာဗျူဟာ(၂)ခုကို ကျင့်သုံးလျက်ရှိပြီး ယင်းတို့မှာ OASမှ SASအခွန်စနစ်သို့ပြောင်းလဲခြင်းနှင့် လက်ရှိကုန်သွယ်လုပ်ငန်းအခွန်စနစ်မှ ကုန်ပစ္စည်း၏ ဝန်ဆောင်မှုအပေါ်စည်းကြပ်သည့် အခွန်စနစ်သို့ ပြောင်းလဲခြင်းတို့ဖြစ်ပါသည်။ အခြားသော နိုင်ငံများကဲ့သို့ပင် အခွန်ထမ်းကြီးများရုံး (LTO)ကို SASစနစ်သို့ အကူးအပြောင်းများ ပိုမိုကောင်းမွန်စေရန် ၂၀၁၄ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စနစ်စတင်ကျင့်သုံးရာတွင် ကူညီပေးနိုင်ရန် USOTAမှ အကြံပေးတစ်ယောက်ကို ခန့်အပ်ထားပါသည်။ အခွန်ဆော့ဖ်ဝဲသည် ယခုအချိန်ထိ အဆင်သင့်မဖြစ်သေးသဖြင့် အခွန်ထမ်းကြီးများရုံးဆိုင်ရာ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များအပေါ် အခြေခံ၍ အခွန်ထမ်းနံပါတ်များ (TINs)ကို အခွန်ဝင်ငွေစီမံခန့်ခွဲမှုဆော့ဖ်ဝဲ (TRMS) ကို အသုံးပြု၍ ထုတ်ပေးထားပါသည်။ ထိုနည်းတူစွာ အခွန်ထမ်းနံပါတ်များ (TINs) |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| *ဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ မလိုလားအပ်သော ရှုပ်ထွေးမှုများ၊ မှားယွင်းမှုများကိုမဖြစ်ပဲ ရှောင်ရှားနိုင်ရန် အခွန်ထမ်းများအားလုံးအတွက် တစ်ခုတည်းသော အခွန်ထမ်းနံပါတ် (Unique Tax Identification Numbers)ကို အကောင်အထည်ဖော်သုံးစွဲခြင်းကိုလည်း အကြံပြုတိုက်တွန်းလိုက်ပါသည်။ TIN ခေါ် အခွန်ထမ်း နံပါတ်တစ်ခုတည်းကိုသာ သုံးစွဲခြင်းအားဖြင့်လည်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနေသည့် အချက်အလက်များ ပို၍စိတ်ချယုံကြည်ရမည့်အပြင် ထိရောက်လျင်မြန်စွာလည်း ရရှိနိုင်ပေမည်။* | | များကို အလတ်စားအခွန်ထမ်းများကိုသာမက အလတ်စားအခွန်ထမ်းများရုံး (MTO)ကိုပါ ထုတ်ပေးထားပါသည်။ ထို့အပြင် ဆောင်ရမည့်အခွန်ပမာဏနှင့်အညီ SASစနစ်ကို စတင်ကျင့်သုံးလိုသော အခွန်ထမ်းများအတွက်ပါ အခွန်ထမ်းနံပါတ်များ (TINs)ကို ထုတ်ပေးနေပါသည်။<br><br>ဒစ်ဂျစ်တယ် အခွန်ကောက်ခံသည့် စနစ်တစ်ခုကို ဖော်ဆောင်နိုင်ရန် ပြည်တွင်းအခွန်များဦးစီးဌာနသည် ဘက်စုံပါဝင်ပေါင်းစည်းထားသော အခွန်စီမံခန့်ခွဲမှုစနစ် (ITAS) ကိုဝယ်ရန် ပြင်ဆင်နေပါသည်။ ယင်းသည်ရှိပြီးသား စနစ်များအပေါ် အခြေခံသည့် စီးပွားလုပ်ငန်းသုံးအဆင့် အခွန်ကောက်ခံသည့် စနစ်တစ်ခုဖြစ်ပြီး နိုင်ငံတကာ အခွန်ကောက်ခံသည့် စံနှုန်းများကို အခြေခံထားပါသည်။ ဤစနစ်ကို ကမ္ဘာ့ဘဏ်၏ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဖွံ့ ဖြိုးတိုးတက်ရေး စီမံကိန်း (M-MPFMp)မှ ချေးငွေ၊ ထောက်ပံ့ငွေများနှင့် ကမ္ဘာ့ဘဏ် (World Bank)နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)တို့မှ အခွန်စီမံအုပ်ချုပ်ရေးနှင့် ကွန်ပျူတာပညာရှင်များ၏ နည်းပညာကျွမ်းကျင်မှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်စနစ်သည် ITAS၏ တစ်စိတ်တစ်ဒေသဖြစ်ပြီး TIN အသုံးပြုခြင်းသို့ ကူးပြောင်းမှုများကိုလည်း အခွန်စနစ်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်နှင့်အညီ စနစ်တကျ အကောင်အထည် ဖော်ဆောင်သွားနိုင်ပေမည်။<br><br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မှတ်ချက် –<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီးရှိ ရုံးချုပ်နှင့် ရုံးများတွင် လစာပေးခြင်း |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| | | များနှင့် ကုန်စည်သိုလှောင်စာရင်း (store accounting) အတွက် ကွန်ပျူတာစာရင်း စနစ်တစ်ခုကို စတင်သုံးစွဲလျက်ရှိပါသည်။ နေပြည်တော် ရုံးချုပ်သည် ကွန်ပျူတာသုံး စာရင်းစနစ်တစ်ခုကို လစဉ်ငွေသားရသုံးမှန်းခြေစာရင်း၊ ကုန်သွယ်လုပ်ငန်း ရသုံးမှန်းခြေစာရင်းနှင့် ငွေစာရင်းရှင်းတမ်းများ စသည်တို့ကို အထက်တာဝန်ရှိသူများထံသို့ လစဉ် ပေးပို့အစီရင်ခံရန်နှင့် နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းများ ပြုစုရန် သုံးစွဲလျက်ရှိပါသည်။ သို့သော် နယ်မြေရုံးခွဲများတွင်မူ လစာပေးခြင်းများနှင့် ကုန်သိုလှောင်စာရင်းများထက် အခြားစာရင်းများအတွက်ကိုသာ ကွန်ပျူတာစာရင်းစနစ်ကို အသုံးပြုနိုင်ပါသေးသည်။<br><br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်ချက် –<br>ဆီလျော်သော ကွန်ပျူတာသုံး စရင်းစနစ်တစ်ခုကို စတင်သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများ၏ သတင်းအချက်အလက်များကို Myanmar Infromation Technology Co.Ltdမှ ရေးဆွဲပေးထားသည့် ကုမ္ပဏီအမည်စာရင်း ရေးသွင်းသည့် ဆော့(ဖ်)ဝဲကို အသုံးပြု၍ မှတ်တမ်းတင်လျက် ရှိပါသည်။<br><br>ဦးစီးဌာနသည် အီလက်ထရောနစ် မှတ်ပုံတင်စာရင်း တစ်ခု အကောင်အထည်ဖော်ဆောင်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။<br><br>ဦးစီးဌာနသည် ၂၀၁၇–၂၀၁၈ဘဏ္ဍာရေးနှစ်မှ စတင်၍ ရင်းနှီးမြှုပ်နှံမှု အချက်အလက် အခြေပြုစနစ် |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| | | (investment database)တစ်ခုကို ထူထောင်နိုင်ရန် Data Focusကုမ္ပဏီလိမိတက်နှင့်အတူ နီးစပ်စွာလက်တွဲဆောင်ရွက်လျက် ရှိပါသည်။<br><br>ထို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကနဦး စစ်တမ်းတစ်ခုကိုလည်း ကောက်ယူနေပြီး EU-ASEAN COMPASS ၏ငွေကြေးပံ့ပိုးမှုများနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏နည်းပညာပံ့ပိုးမှုတို့ဖြင့် ခိုင်မာသည့်သတင်းအချက်အလက်များကိုရရှိနိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။<br><br>မှတ်တမ်းတင်ခြင်းနှင့် အချက်အလက်အခြေပြုစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများအား စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများလည်း ပေးလျက်ရှိပါသည်။<br><br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏မှတ်ချက် –<br>ဒုတိယအကြိမ် MEITI အစီရင်ခံစာတွင် လိုအပ်သော လိုင်စင်ဆိုင်ရာ သတင်းအချက်အလက်များအားလုံးကို တနေရာတည်းတွင်ရနိုင်ရန် မှတ်တမ်းတင်ပေးမည့် ကွန်ပျူတာနည်းပညာသုံး သတ္တုတူးဖော်ရေးလုပ်ငန်းများဆိုင်ရာမှတ်တမ်း (computerized mining cadaster – MCS) နှင့် ပတ်သက်သော သတင်းအချက်အလက်များကို ထည့်သွင်းရန် စီစဉ်ထားပါသဖြင့် ကမ္ဘာ့ဘဏ်မှ ၂၀၁၇–၂၀၁၈ MEITIကောင်အထည် ဖော်ဆောင်နိုင်ရေးအတွက် အမေရိကန် ဒေါ်လာတစ်သန်း ပံ့ပိုးပေးရန် ကတိပြုထားပါသည်။ ထို့ကြောင့် ဝန်ကြီးဌာနသည် MCS အတွက် အမေရိကန် ဒေါ်လာတစ်သန်းကို ကမ္ဘာ့ဘဏ်မှ ယခု |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| | | အခါ ဘတ်ဂျက်ချပေးထားကြောင်း သိရှိရပါသည်။ တစ်ချိန်တည်းမှာပင် သတ္တုတူးဖော်ရေးကျွမ်းကျင်ပညာရှင် Mr. Morten Larsenနှင့် ကမ္ဘာ့ဘဏ်မှ GIS & Cadaster Consultant Mr. Jesus Jose Artieda တို့သည် ဝန်ကြီးဌာနသို့ ၂၀၁၆ခုနှစ် အောက်တိုဘာလတွင် လာရောက်ခဲ့ပြီး MCSကို အကောင်အထည်ဖော်ဆောင်နိုင်ရန် တစ်ပတ်ကြာ ဖြစ်နိုင်ခြေအကြိုဆန်းစစ်မှု သုသေတနတစ်ခုကို ဆောင်ရွက်ခဲ့ကြပါသည်။ ထို့အပြင် Mr. Morten Larsen နှင့် သတ္တုတူးဖော်ရေးမှတ်တမ်းကျွမ်းကျင်ပညာရှင်၊ အတိုင်ပင်ခံ Mr. Chorn Nak တို့သည် သတ္တုတွင်းဦးစီးဌာနသို့ ၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့၌ ထပ်မံ၍လာရောက်ခဲ့ပြီး MCSနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကာ နောက်တစ်ရက်တွင် အသိပညာမျှဝေပေးသော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ပြီးနောက် (၁၁) ရက်နေ့တွင်တာဝန်ရှိသည့် ဝန်ကြီးဌာနမှအရာထမ်း၊ အမှုထမ်းများနှင့် အစည်းအဝေးလုပ်ခဲ့ပါသည်။ ထို့အပြင် ဝန်ကြီးဌာနသည် ယခုအခါတွင်လည်း နိုင်ငံတကာ သတ္တုတူးဖော်ရေး မှတ်တမ်းကျွမ်းကျင်ပညာရှင်တစ်ဦး ခန့်အပ်နိုင်ရန် ကော်မတီခွဲနှင့် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့တွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ |
| ရသုံးမှန်းခြေငွေစာရင်း ပြည့်စုံလွှမ်းခြုံမှုနှင့် ပွင့်လင်းမြင်သာမှု<br><br>EITIစံနှုန်းအရ EITIအစီရင်ခံစာသည် မည်သည့်တွင်းထွက်သယံဇာတ တူးဖော်ရေး စက်မှုလုပ်ငန်းများ ဝင်ငွေများကို အမျိုးသားရသုံးမှန်းခြေငွေစာရင်းထဲတွင် ထည့်သွင်းထားသည်ကို ဖော်ပြရမည့်အပြင် ထိုဝင်ငွေများထဲတွင် ငွေသားဖြစ်စေ၊ သာမကကုန်စည်ဖြင့် ပေးချေမှုများဖြစ်စေ ပါဝင်မှု ရှိ၊ မရှိကိုပါ ထည့်သွင်းဖော်ပြသင့်ပါသည်။ ဝင်ငွေများကို နိုင်ငံတော်ဘက်ဂျက်ထဲ၌ မထည့်သွင်းထား | တစ်စိတ်တစ်ဒေသ အကောင်အထည်ဖော်ဆောင်ပြီး | ပြည်ထောင်စု ရသုံးမှန်းခြေငွေစာရင်း ဥပဒေတွင် သယံဇာတစက်မှုလုပ်ငန်းများမှ ဝင်ငွေများနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို မပါဝင်သကဲ့သို့ အခြားငွေစာရင်းများ “other accounts” နှင့်ပတ်သက်၍ သတင်းအချက်အလက်များ မပါဝင်ပေ။ သို့ရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပေးပို့လာသည့် အောက်ပါမှတ်ချက်များအရ ထိုအချက်အလက်များကို Citizens Budget ခေါ် နိုင်ငံ |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည် ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| သောအခါထိုဝင်ငွေများကိုမည်သို့ခွဲဝေချထားပေးသည်ကို ရှင်းပြရပါမည်။<br><br>၂၀၁၃–၂၀၁၄ခုနှစ် ပြည်ထောင်စုရသုံးမှန်းခြေငွေစာရင်း အရ ဝင်ငွေများကို ဝန်ကြီးဌာနများနှင့် ဌာနများမှ ရသော ဝင်ငွေများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေများနှင့် နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဝင်ငွေများဟူ၍ ဇစ်မြစ်အလိုက် အသေးစိတ်ဖော်ပြထားသည်ကို တွေ့ရပါသည်။<br><br>၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရသုံးမှန်းခြေငွေစာရင်းတွင် သယံဇာတဝင်ငွေများကို သီးခြားလိုင်းတလိုင်းဖြင့် ဖော်ပြထားခြင်းမရှိပါ။ ဝန်ကြီးဌာနတစ်ခုချင်း (သို့မဟုတ်) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုချင်းအတွက် ဖော်ပြထားသည့် ကိန်းဂဏန်းများကို ကဏ္ဍအလိုက် (သို့မဟုတ်) လုပ်ငန်းအလိုက် အသေးစိတ်ဖော်ပြထားပြီး ကဏ္ဍအားလုံးမှ စုစုပေါင်းကောက်ခံရရှိသည့် ဝင်ငွေများကိုပါ ထည့်သွင်းထားပါသည်။ အကျိုးဆက်အားဖြင့် နိုင်ငံတော်၏ ဝင်ငွေများထဲတွင် သယံဇာတကဏ္ဍ၏ ထည့်ဝင်မှုကိုမတွက်ချက်၊ မသတ်မှတ်နိုင်တော့ပေ။ ထို့အပြင် မြန်မာနိုင်ငံ၏ ဘက်ဂျတ်စနစ်ထဲ၌ "other accounts" ဆိုသော "အခြားငွေစာရင်းရှင်များ" ကို အတော်ကျယ်ပြန့်စွာ အသုံးပြုမှုရှိနေပါသည်။ ဤအခြားငွေစာရင်းများဆိုသည်မှာ ဝန်ကြီးဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ မြန်မာ့စီးပွားရေးဘဏ်တွင် ၎င်းတို့၏ရင်းမြစ်များကို စီမံခန့်ခွဲနိုင်ရန် သီးခြားထားရှိသော ငွေစာရင်းများဖြစ်ကြပါသည်။ ဤစာရင်းများ မည်သည့်ပုံစံဖြင့် လုပ်ငန်းဆောင်ရွက်လည်ပတ်နေသည်၊ မည်သို့ အသုံးပြုနေသည် ဆိုသောအချက်များကို လွတ်လပ်သောစာရင်းတိုက်ဆိုင်စစ်ဆေးသူ(IA) အားမပေးအပ်ခဲ့ပေ။ ထို့ကြောင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံတော်ကြား ရန်ပုံငွေများ လွှဲပြောင်းပေးခြင်း၊ ဝင်ငွေများကို ဆက်လက် ထိန်းသိမ်းထားခြင်း၊ ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းနှင့် ကြားခံပုဂ္ဂိုလ်မှ ရန်ပုံငွေပံ့ပိုးပေးခြင်းစသည်နှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများနှင့် အလေ့အထများကို EITIစံနှုန်း ၃.၆ တွင် ပါဝင်သော စည်းကမ်းချက် | | သားများ၏ ဘတ်ဂျက်ထဲတွင် ထည့်သွင်းဖော်ပြထားကြောင်း သိရှိနားလည်ရပါသည် –<br><br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ မှတ်ချက် –<br>နှစ်စဉ်ပြဋ္ဌာန်းသော ပြည်ထောင်စုရသုံးမှန်းခြေငွေစာရင်းဥပဒေတွင်ပါဝင်သည့် သာမန်ရငွေစာရင်းတွင် ဌာနသည် သတ္တုသယံဇာတစက်မှုလုပ်ငန်းများမှ ၎င်း၏ ရငွေများ (ငွေသား – In Cash)နှင့် ကောက်ယူရရှိသော ကုန်စည်များ (ကုန်စည် – In Kind)ကို ထည့်သွင်းပါသည်။<br><br>နှစ်စဉ်ပြည်ထောင်စုရသုံးမှန်းခြေငွေစာရင်းဥပဒေအရ တွင်းထွက်သယံဇာတ စက်မှုလုပ်ငန်းများမှရသော ဝင်ငွေများတွင် သီးခြားခေါင်းစဉ်တစ်ခုဖြင့် ဖော်ပြထားခြင်းမရှိပေ။ မည်သို့ပင်ဆိုစေကာမူ ဆက်စပ်နေသည့် တွင်းထွက်သယံဇာတစက်မှုတူးဖော်ရေး လုပ်ငန်းများမှ ဝင်ငွေများနှင့် အသုံးစရိတ်များကို Citizen's Budget ခေါ် နိုင်ငံသားများ၏ ဘတ်ဂျက်စာစောင်ထဲတွင် အသေးစိတ်ဖော်ပြထားပါသည်။ ထိုစာစောင်မှာ နိုင်ငံသားများအတွက်ရည်ရွယ်ပြီး ဖြောင့်မတ်ပြီး ပွင့်လင်းမြင်သာမှုရှိသော ဘတ်ဂျက်ဖြစ်စေရန်နှင့် တွင်းထွက် သယံဇာတစက်မှုလုပ်ငန်းများ၏ ဝင်ငွေများကို သိရှိစေရန် ဖြစ်ပါသည်။<br><br>အများပြည်သူများ ရှင်းရှင်းလင်းလင်း သိရှိနားလည်စေရန် Citizen's Budget plan (၂၀၁၆–၂၀၁၇) ခေါ် ၂၀၁၆–၂၀၁၇ခုနှစ် နိုင်ငံသားများ၏ ဘတ်ဂျတ်စာစောင်ထဲတွင် အခြားငွေစာရင်းများ ဖွင့်ရသည့် ရည်ရွယ်ချက်အခြေအနေ၊ အခြားငွေစာရင်းဖွင့်သည့်ပုံစံများ၊ အခြားငွေစာရင်းများမှကျခံသည့် အသုံးစရိတ်များ၊ အခြားငွေစာရင်းများသို့ ငွေပေးချေမှုများကို |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| အရရှင်းလင်းပြနိုင်ခြင်းမရှိခဲ့ပါ။<br><br>*ဘတ်ဂျက်ရေးဆွဲရေး လုပ်ငန်းစဉ်ပွင့်လင်းမြင်သာမှုနှင့် ပြည့်စုံလွှမ်းခြုံနိုင်မှုတို့ကို ပိုမိုကောင်းမွန်နိုင်စေရန် ဘဏ္ဍာရေးဝန်ကြီးဌာနသည် သယံဇာတမှရသည့် ကိုယ်ပိုင်ဝင် ငွေများကိုပုံမှန်ရသုံးမှန်းခြေငွေစာရင်းဝင်ငွေများအဖြစ် ပြန်လည် သတ်မှတ်နိုင်ခြင်း ရှိ၊ မရှိ နှင့် ရသုံးမှန်းခြေငွေစာရင်းတွင် မပါဝင်သည့် "အခြားငွေစာရင်းများ"နှင့်ပတ်သက်၍ သတင်းအချက်အလက်များ ပို၍ထုတ်ပြန်ပေးရန် လိုအပ်ခြင်းရှိ၊မရှိကို ထည့်သွင်းစဉ်းစားရန် အကြံပြုလိုက်ပါသည်။* | | နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုများဟူသော ခေါင်းစဉ်ဖြင့်ဖော်ပြထားပြီး ထိုစာရင်းများနှင့်စပ်လျဉ်း၍ အခြားသော အချက်အလက်များကို ထည့်သွင်း ပုံနှိပ်ဖော်ပြထားပါသည်။<br><br>တွင်းထွက် သယံဇာတတူးဖော်ထုတ်လုပ်ရေး စက်မှုလုပ်ငန်းများမှ ရငွေများအပေါ် ထောက်ခံအကြံပြုချက်နှင့်စပ်လျဉ်း၍ ထိုရငွေများကို သီးခြားခွဲခြားထားသင့်ပြီး ပုံမှန်ဘတ်ဂျက်အတွင်း ခေါင်းစဉ်ဖြင့်သာဖော်ပြသင့်ပါသည်။ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးစက်မှုလုပ်ငန်းများ ဆောင်ရွက်နေသော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ ရငွေများကို အတူတကွ ဖော်ပြသော်လည်း ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာနသို့ ပေးပို့ရသောနှစ်စဉ်သာမန် ရသုံးမှန်ခြေစာရင်းပါ ရငွေများ၏ အသေးစိတ် အချက်အလက်များကို အရောင်းရငွေများ၊ မိတ်ဖက်စာချုပ်၏ ဝန်ဆောင်မှုမှ ရသော အမြတ်ငွေရငွေများဟူ၍ စာရင်းပြုစုထားပါသည်။<br><br>ရသုံးမှန်းခြေငွေစာရင်းဌာန၏မှတ်ချက် –<br>တွင်းထွက်သယံဇာတတူးဖော်ရေး စက်မှုလုပ်ငန်းများမှ ရသည့် ငွေသားဖြစ်စေ၊ ကုန်စည်ဖြစ်စေ၊ ဝင်ငွေများကို ပုံမှန်ဝင်ငွေများအဖြစ် ပြည်ထောင်စုရသုံးမှန်းခြေငွေစာရင်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပါသည်။ ထိုဥပဒေကိုလည်း နှစ်စဉ် ပုံနှိပ်ထုတ်ဝေပါသည်။ နှစ်စဉ်ပုံနှိပ်ထုတ်ဝေသော ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာဥပဒေတွင် ယခုအချိန်အထိ တွင်းထွက်သယံဇာတစက်မှုတူးဖော်ရေး လုပ်ငန်းများမှ ရသည့်ဝင်ငွေများကို အသေးစိတ် ခေါင်းစဉ်များဖြင့် ဖော်ပြခြင်းမရှိသေးပေ။ မည်သို့ပင်ဆိုစေကာမူ တွင်းထွက် သယံဇာတစက်မှုလုပ်ငန်းများသည် နိုင်ငံတော်၏ဝင်ငွေများထဲတွင် မည် |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| | | သည့်အခန်းကဏ္ဍမှ ပါဝင်နေသည်ကို မီးမောင်းထိုးပြခြင်းအားဖြင့် ဘတ်ဂျက်ပွင့်လင်းမြင်သာမှု ပိုမိုကောင်းမွန်စေရန် ပုံနှိပ်ထုတ်ဝေသော Citizen’s Budget ခေါ် နိုင်ငံသားများ၏ ဘတ်ဂျက်တွင် တွင်းထွက်သယံဇာတစက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝင်ငွေများနှင့် ကုန်ကျစရိတ်များ အသေးစိတ်ဖော်ပြထားပါသည်။<br><br>အများပြည်သူများ၏ သိမြင်နားလည် ပိုမိုကောင်းမွန်စေရန် အခြားငွေစာရင်းများ“other accounts” နှင့်စပ်လျဉ်း၍ အခြားငွေစာရင်းများ စတင်ဖွင့်ရသည့် ရည်ရွယ်ချက်များ၊ ဖွင့်ထားပြီးသော ထိုစာရင်းများ၏ လက်ရှိအခြေအနေ၊ ၎င်းစာရင်းများမှ အသုံးစရိတ်များကို ကိုင်တွယ်မှုနှင့် ဝင်ငွေများကို ထိုစာရင်းများသို့ မည်သို့ငွေလွှဲပေးသည် စသည့်သတင်းအချက်အလက်များကို ၂၀၁၆–၂၀၁၇ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော Citizen’s Budget ခေါ် နိုင်ငံသားများအတွက် ဘတ်ဂျက်စာစောင်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဟူသော ခေါင်းစဉ်ဖြင့် ရှင်းလင်းစွာဖော်ပြထားပါသည်။<br><br>“တွင်းထွက်သယံဇာတတူးဖော်မှု စက်မှုလုပ်ငန်းများမှ ရသည့်ဝင်ငွေများကိုပုံမှန်ဘတ်ဂျက်ကဲ့သို့သီးခြားအစီရင်ခံမှု ပြုလုပ်ရန်”ဟူသော ထောက်ခံအကြံပြုချက်နှင့် စပ်လျဉ်း၍ တွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် ယင်းတို့၏ စုစုပေါင်းဝင်ငွေများကို ပြည်ထောင်စုဘတ်ဂျက်စာရင်းထဲတွင် ဖော်ပြထားသော်လည်း ၎င်းတို့မှာ အရောင်းဝင်ငွေများ၊ ဖက်စပ်လုပ်ငန်းများမှ အကျိုးခံစားခွင့်ရသည့် ဝေစုများနှင့် ပုံမှန်ဘတ်ဂျက်စာရင်းအတွင်း အခြားဝင်ငွေစာရင်း ကဲ့သို့သော |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည် ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
| --- | --- | --- |
| | | သီးခြားဝင်ငွေများရှိနေသဖြင့် ထိုသည်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ နှစ်စဉ်တင်သွင်းရပါသည်။ |
| အစီရင်ခံသည့်စည်းမျဉ်းစည်းကမ်းများကိုဥပဒေပြဋ္ဌာန်းခြင်း<br><br>*EITIကို ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၁၂)ဖြင့် တည်ထောင်ခဲ့ပါသည်။ ထိုအမိန့်ကြော်ငြာစာသည် EITIကို တရားဝင်တည်ထောင်ပြီး EITI အကောင်အထည်ဖော်ဆောင်ရန် နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်နှင့်ကတိကဝတ်တို့ကိုဖော်ပြထားပါသည်။*<br><br>မည်သို့ပင်ဆိုစေကာမူ EITIအစီရင်ခံစာတင်သွင်းရန် တာဝန်များသည် လက်ရှိဥပဒေများအတွင်းရှိ အကြောင်းအချက် ကောက်ယူခြင်း လုပ်ငန်းစဉ်ဆိုင်ရာ အခြားမည်သည့်ဥပဒေများတွင်မှ ပါဝင်၊ လွှမ်းခြုံထားခြင်းမရှိကြောင်းသိရပါသည်။ ဤအချက်သည် EITI အစီရင်ခံစာ ပုံစံများကိုတင်သွင်းရန် အချို့သောတွင်းထွက် သယံဇာတတူးဖော်ရေးကုမ္ပဏီများ၏ နှောင့်နှေးမှုများ ဖြစ်စေရုံမျှမက မြန်မာနိုင်ငံရှိ တွင်းထွက်သယံဇာတတူးဖော်ရေး စက်မှုလုပ်ငန်းကဏ္ဍဆိုင်ရာ အခြေအနေသတင်းအချက်အလက်များကို မရှိခြင်း၏အဓိကအကြောင်းအရင်းများထဲမှ တစ်ချက်လည်းဖြစ်ပါသည်။<br><br>*သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် EITIအတွက် ဥပဒေမူကြမ်းတစ်ခုကို ရေးဆွဲပြဋ္ဌာန်းပါရန် အကြံပြုလိုက်ရပါသည်။ ထိုဥပဒေမူကြမ်းထဲတွင် တည်ဆဲဥပဒေများနှင့် ဟန်ချက်ညီထိန်းညှိပေးနိုင်မည့် EITI ဥပဒေတစ်ခုကို ထည့်သွင်းသင့်ပါသည်။ ထိုဥပဒေတွင် အောက်ပါတို့နှင့်စပ်လျဉ်းသောပြဋ္ဌာန်းချက်များကိုပါဝင်နိုင်ပေသည် –*<br><br>*– ပေးအပ်ရမည့်အချက်အလက်များကို မည်မျှအထိ အမျိုးအစားခွဲခြားပေးရမည့် အဆင့်များကိုပါ အတိအကျဖော်ပြထားသကဲ့သို့ တွင်းထွက်သယံဇာတတူးဖော်ရေး စက်မှုလုပ်ငန်းကုမ္ပဏီများနှင့် အစိုးရဌာနများ နှစ်ဘက်လုံးအတွက် အစီရင်ခံရမည့်တာဝန်များနှင့်* | အကောင်အထည် မဖော်ဆောင်ထားပါ။ | |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
| --- | --- | --- |
| *– အစီရင်ခံစာတင်သွင်းမည့် အဖွဲ့အစည်းများကို ရွေးချယ်ခြင်း၊ အစီရင်ခံစာပုံစံများကို မွမ်းမံပြင်ဆင်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ညွှန်ကြားချက်များ ပေးခြင်း၊ ထုတ်ပြန်ကြေညာချက်များကို တင်သွင်းခြင်းနှင့် အားလုံးသောစာရင်းတိုက်ဆိုင်စစ်ဆေးသည့် လုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်ခြင်းတို့အတွက် အချိန်ဇယားတစ်ခု ဖြစ်ပါသည်။* | | |
| လိုင်စင်များ ချပေးခြင်း<br><br>*EITIစံနှုန်းအရ EITIအစီရင်ခံစာတွင် ပါဝင်သည့်ကုမ္ပဏီများနှင့် စပ်လျဉ်း၍ လိုင်စင်ချပေးခြင်း (သို့မဟုတ်) လိုင်စင်လွှဲပြောင်းပေးခြင်းနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာပေးရပါသည်။ ထိုအခါ လိုင်စင်ကိုချပေးသည့် (သို့မဟုတ်) လိုင်စင်ကိုလွှဲပြောင်းပေးသည့် လုပ်ငန်းစဉ်ကို အသေးစိတ်ဖော်ပြခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာစံသတ်မှတ်ချက်များ၊ အကျိုးတူကိစ္စအတွက် ယာယီပူးပေါင်းထားသော အဖွဲ့ ဖြစ်လျှင် အဖွဲ့ဝင်များပါ ထည့်သွင်းဖော်ပြခြင်းနှင့် လိုင်စင်များ လွှဲပြောင်းပေးခြင်းနှင့် လိုင်စင်များချပေးခြင်းဆိုင်ရာကို ကြီးကြပ်ကွပ်ကဲသည့် လိုက်နာရမည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းမှုဘောင်မှ အသေးအဖွဲ မဟုတ်သည့် ကွဲပြားခြားနားမှုများ၊ လွဲဖယ်မှုများကို ဖော်ပြရမည်။*<br><br>*သတ္တုတွင်းဥပဒေတွင်လိုင်စင်များ (သို့မဟုတ်) ပါမစ်များကို ချပေးသည့်အခါတွင် လေလံဆွဲသည့်စနစ်ကိုကျင့်သုံးခြင်း (သို့မဟုတ်) "ဦးရာလူ"ချပေးသည့်မူကို ကျင့်သုံးကြောင်းကို အတိအကျမဖော်ပြထားပေ။ မည်သို့ပင်ဆိုစေကာမူ ထုတ်လုပ်ရန်ပါမစ်ကို သတ္တု စူးစမ်းရှာဖွေခွင့်ပါမစ် ကိုင်ဆောင်ထားသူမှ သတ္တုသိုက်တစ်ခုကို ရှာဖွေတွေ့ခဲ့လျှင် ထုတ်လုပ်ခွင့်ပါမစ်ကိုရမည်ဟု အာမခံပေးထားပေသည်။*<br><br>*သို့ဖြစ်ပါ၍ သတ္တုတွင်းဝန်ကြီးဌာနမှ လက်ရှိဥပဒေကို ပြန်လည်သုံးသပ်ပြီးနောက် လိုင်စင်များချပေးခြင်းနှင့် ချပေးသည့်အတွက်* | အကောင်အထည် ဖော်ဆောင်နေဆဲ | (မူကြမ်းရေးဆွဲထားပြီး) ကျောက်မျက်ဥပဒေသစ်တွင် စမ်းသပ်ရှာဖွေရေးနှင့် ထုတ်လုပ်ရေးအတွက် လိုင်စင်များကိုချပေးသည့် လုပ်ထုံးလုပ်နည်းများကို ပါဝင်မည်ဟု သိရပါသည်။<br><br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏မှတ်ချက် –<br>ဦးရာလူ မူဝါဒကို သတ္တုများ စမ်းသပ်တိုင်းတာခြင်း လိုင်စင်များ ချပေးရာတွင် ကျင့်သုံးပါသည်။ မည်သို့ပင်ဆိုစေကာမူ အကယ်၍စမ်းသပ်တိုင်းတာမည်ဟု အဆိုပြုထားသော နယ်မြေများသည် အခြားသော သတ္တုသိုက်တစ်စုံတစ်ရာရှိသည့် ဧရိယာတစ်ခုအတွင်း ရောက်နေပြီး ရင်နှီးမြှုပ်နှံသူများစွာမှ စိတ်ဝင်စားပါက လိုင်စင်ချပေးရာတွင် လေလံစနစ် ကျင့်သုံးလျက် ရှိပါသည်။ သို့သော် ၁၉၉၆ခုနှစ်၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေ အပိုင်း(က)၊ပုဒ်မ ၂၅၊ အပိုဒ်ခွဲ(က)အရ ဝန်ကြီးဌာနသည့် ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ကိုင်ဆောင်ထားသူက လျှောက်ထားခြင်းဖြစ်လျှင် ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ထုတ်ပေးရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ဓာတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ်ရန် လိုင်စင်များချပေးရာတွင် လေလံစနစ်ကို တစ်ချိန်က ကျင့်သုံးခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ လိုင်စင်သက်တမ်းတိုးရန်နှင့် လိုင်စင်များကို ချပေးရန်မှာ လက်ရှိအခြေအနေတွင် ရပ်ဆိုင်းထားပါသည်။ သို့သော် ဝန်ကြီးဌာနသည် ဓာတ်သတ္တုစမ်းသပ် |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| အသုံးပြုသည့်လုပ်ငန်းစဉ်၊ တင်ဒါလျှောက်လွှာများ တစ်ကြိမ်ခေါ်ပြီးသောအခါတွင် အများဆုံးပေးနိုင်သူမှ လုပ်ပိုင်ခွင့်ရရှိသည့် လုပ်ငန်းစဉ်ကို ရှင်းရှင်းလင်းလင်း ဖော်ပြပေးရန်လိုအပ်ကြောင်း အကြံပြုလိုက်ပါသည်။ သို့မှသာလျှင် ပွင့်လင်းမြင်သာမှု ရှိပြီး ပိုမိုမြင့်မားသော ဝင်ငွေများလည်း ရရှိနိုင်ပေမည်။ | | တိုင်းတာရန်နှင့် ထုတ်လုပ်ရန် လိုင်စင်များချပေး သည့် လုပ်ထုံးလုပ်နည်းများကို လက်ရှိရေးဆွဲလျက်ရှိသော ကျောက်မျက် နည်းဥပဒေသစ်များတွင် ထည့်သွင်းရန် စီစဉ်ထားပါသည်။ |
| ထုတ်လုပ်မှု ဝေစုခွဲဝေသော စာချုပ်များတွင်ပါဝင်သည့် လျှို့ဝှက်ထိန်းသိမ်းထားရန် အပိုဒ်များ<br><br>စွမ်းအင်ဝန်ကြီးဌာနမှ အသုံးပြုသည့်ထုတ်လုပ်မှုဝေစု ခွဲဝေယူ သည့် စာချုပ်ပုံစံများတွင် (မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်းဆောင်ရွက်သူများ) နှစ်ဘက်လုံးမှ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အချက်များကို အများပြည်သူများအား ထုတ်ပြန်ကြေညာမှုကို တားဆီးသည့် လျှို့ဝှက်ထိန်းသိမ်းထားရန် စာပိုဒ်များကို ထည့်သွင်းထားပါသည်။ ဤအချက်ကို စာရင်းတိုက်ဆိုင်စစ်ဆေးသည့် အဆင့်မတိုင်မီ နယ်ပယ်လေ့လာသတ်မှတ်မှုတွင်ပါဝင်သည့် ကုမ္ပဏီတစ်ခုချင်းကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးခဲ့ သည့် ငွေပမာဏများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရန် သဘောတူညီကြောင်း စာတစ်စောင်ကို ထုတ်ပေးခြင်းအားဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဖြေရှင်းပေးခဲ့ပါသည်။<br><br>*မည်သို့ပင်ဆိုစေကာမူ EITIရည်ရွယ်ချက်များအတွက် သတင်းအချက်အလက် ထုတ်ပြန်ကြေညာခြင်းကို ခွင့်ပြုရန်နှင့် ထိုစာချုပ်များထဲတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဆောင်ရွက်သူများနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းအကြားEITIအစီရင်ခံစာတင်သွင်းရသည့် တာဝန်တစ်ရပ်ကိုပါ ထည့်သွင်းချုပ်ဆိုရန် ထိုစာပိုဒ်များကို ရေရှည်အတွက်ပြင်ဆင်သင့်ပါသည်။ ဤပြင်ဆင်မှုများကိုလည်း နောင်လာမည့်စာချုပ်များနှင့် ယခုညှိနှိုင်းဆွေးနွေးဆဲစာချုပ်များအတွက်ကိုပါ ထည့်သွင်း စဉ်းစားပေးသင့်ပါသည်။* | အကောင်အထည် ဖော်ဆောင်ထားပါသည်။ | မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မှတ်ချက် –<br>ထုတ်လုပ်မှုဝေစု ခွဲဝေရေးစာချုပ်များတွင် အများပြည်သူသိရှိစေရန် သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာခြင်းကို တားဆီးသည့်စာပိုဒ်များ ထည့်သွင်းချုပ်ဆိုလေ့ရှိသော်လည်း နှစ်ဘက်သော စာချုပ်ချုပ်ဆိုသူများ (မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်းဆောင်ရွက်သူများ)မှ အချက်အလက်များကို ထုတ်ဖော်ကြေညာရန် သဘောတူသည့်အခါတွင် စွမ်းအင်နှင့် လျှပ်စစ်ဝန်ကြီးဌာနသည် လျှို့ဝှက်ထိန်းသိမ်းထားရမည့် စာချုပ်ပါသတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာပေးပါမည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပထမ MEITI အစီရင်ခံစာ ရေးသားပြုစုစဉ်ကလည်း ထိုအချက်အလက်များကို ပံ့ပိုးပေးခဲ့ပါသည်။ |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည် ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင် ပွင့်လင်း မြင်သာမှုကို ပိုမိုခိုင်မာအားကောင်းစေခြင်း<br><br>မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ဒေသခံပြည်သူများသို့ တွင်းထွက်သယံဇာတလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများကို ခွဲဝေပေးရန် ခွင့်ပြုသည့် နည်းဥပဒေ (သို့မဟုတ်) လုပ်ထုံးလုပ်နည်းများမရှိကြောင်း သိရပါသည်။ ထို့အတူပင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း တရားမဝင်သတ္တုတူးဖော်ခြင်း၏ လွှမ်းမိုးမှုများကြောင့် ကျန်းမာရေးထိခိုက်မှုများ၊ သဘာဝပတ်ဝန်းကျင် ပျက်ဆီးမှုများနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှု စံနှုန်းများ နိမ့်ကျခြင်းနှင့် စောင့်ကြည့်လေ့လာနိုင်မှု နည်းပါးခြင်းစသည့်အပိုင်းများတွင် အထူးပြဿနာ ကြီးမားပြီး အချို့သောဖြစ်ရပ်များတွင် လူ့အခွင့်အရေး ချိုးဖောက်သည်အထိ ဖြစ်စေကြောင်း သိရပါသည်။<br><br>တွင်းထွက်သယံဇာတတူးဖော်မှုကဏ္ဍအတွင်း ပွင့်လင်းမြင်သာမှုကို ပိုမိုခိုင်မာအားကောင်းစေရန်နှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်ကိုမြှင့်တင်ပေးရန်အတွက် သတ္တုတွင်းနည်းဥပဒေကို ပြန်လည်သုံးသပ်ပြီး ပြည်ထောင်စုနှင့် ဒေသန္တရအဆင့်ကြား တွင်းထွက်သယံဇာတဝင်ငွေများကို မျှတစွာခွဲဝေပေးသည့် ယန္တရားတစ်ခုကို တည်ထောင်ရန် အကြံပြုလိုပါသည်။<br><br>*မန္တလေးနှင့် မကွေးတိုင်းဒေသကြီး၊ ရခိုင်နှင့် ရှမ်းပြည်နယ်ကဲ့သို့သော သတ္တုတူးဖော်မှုရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် EITIဌာနခွဲများ တည်ထောင်ခြင်းကို စဉ်းစားသုံးသပ်ခြင်းသည် အထောက်အကူ ဤလုပ်ငန်းစဉ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် တွင်းထွက်သယံဇာတဝင်ငွေများကောက်ယူပေးခြင်း၊ ခွဲဝေခြင်းသာမက တွင်းထွက်သယံဇာတလုပ်ငန်းများနှင့် ဆက်စပ်နေသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ပြဿနာများကိုပါ ဆွေးနွေးနိုင်မည့်တန်ဖိုးရှိသော ဖိုရမ်တစ်ခုကို ဤလုပ်ငန်းစဉ်မှ ပံ့ပိုးပေးနိုင်ပါမည်။ ထို့အတူပင်ဒေသန္တရရင်းမြစ်စီမံခန့်ခွဲရာ၌အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန* | ဆောင်ရွက်ဆဲ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏မှတ်ချက် –<br>၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနောက်ဆက်တွဲ ဇယား ၂(စ)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏လုပ်ပိုင်ခွင့်များ ဖော်ပြထားပြီး ပြင်ဆင်ထားသော မြန်မာသတ္တုတွင်းဥပဒေ(၂၀၁၅)၏ ပုဒ်မ(၆) နှင့် (၁၀)တွင် ထိုလုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံ ကျောက်မျက်နည်းဥပဒေများကို ပြင်ဆင်သည့် ဥပဒေကိုလက်ရှိလွှတ်တော်တွင် ဆွေးနွေးလျက်ရှိပြီး ဝန်ကြီးဌာနသည် သတ္တုတွင်းနည်းဥပဒေတစ်ရပ်ကိုလည်း ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ |

| ထောက်ခံအကြံပြုချက်များ | အကောင်အထည် ဖော်ဆောင်ထားမှု (ဖော်ဆောင်ထားသည်၊ မဖော်ဆောင်ထားပါ၊ ဆောင်ရွက်ဆဲ၊ တစ်စိတ်တစ်ဒေသ ဖော်ဆောင်ထားပြီး) | ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များ |
|---|---|---|
| *၏ ပါဝင်ဆောင်ရွက်မှုရှိစေရန်လည်း အကြံပြုလိုက်ပါသည်။ ထိုသို့ ပါဝင်ခြင်းအားဖြင့် ပွင့်လင်းမြင်သာမှုများ ပိုမိုမြင့်မားလာအောင် အောက်ခြေအဆင့်တွင် လုပ်ဆောင်နေသည့် ကြိုးစားအားထုတ်မှုများကိုပို၍ကောင်းမွန်စေနိုင်ပါသည်။* | | |

ယခုအစီရင်ခံစာအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့၏ပူးပေါင်းပါဝင်မှုဖြင့် ထွက်ရှိခြင်းဖြစ်ပါသည်။

MOPF MONREC MOEE

## ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်
## တတိယအကြိမ် မြန်မာနိုင်ငံ EITI
# အစီရင်ခံစာ



ဤအစီရင်ခံစာအား ကမ္ဘာ့ဘဏ်မှစီမံခန့်ခွဲသော Myanmar Partnership Multi-Donor Trust Fund (MDTF) မှတဆင့် အင်္ဂလန်နိုင်ငံ၊ Department for International Development (DFID) နှင့် ဩစတေးလျနိုင်ငံ Department for Foreign Affairs and Trade (DFAT) မှ ရံပုံငွေထောက်ပံ့မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤအစီရင်ခံစာတွင်ဖော်ပြထားသော တွေ့ရှိချက်များ၊ အနက်ကောက်ယူမှုများနှင့် ကောက်ချက်များသည် စာရေးသူ၏အမြင်များသာဖြစ်ပြီး အထက်တွင်ဖော်ပြထားသော အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့ကိုယ်စားပြုသော အစိုးရများ၏အမြင်ကို ထင်ဟပ်ခြင်းမရှိပါ။

UKaid from the British people

WORLD BANK GROUP

Australian Aid